ကျေးဇူးတော်ရှင်
အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်

အမရပူရမြို့ မင်္ဂလာရိပ်သာတိုက်ကျောင်းပေါ်၌
ဟောကြားတော်မူသော

# သစ္စာ(၄)ပါး

## တရားတော်






ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ခေတ်အခြင်း

အမရပူရမြို့၊ မဂ်လာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရှစ်နှစ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်ဆည်းဖက် ကံကြောင့်နှစ်ရှစ်၊ နှစ်ရှစ်ကြောင့်ကံ၊ အဘန်ဘန်၊ ဖြစ်ပြန်နည်းအလျော်။ ဖြတ်ပွာ-သိကြား၊ စသည်များက၊ ထင်ရှားပြမြင်၊ စီရင်ဘန်ဆင်။ အကြောင်းရင်းကြောင့်၊ လူနတ်များနှင့်၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှုစမြော်။

(လင်္ကာဆောင်ပုဒ်) မူလနှစ်ဖြာ၊ သန္ဓာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်နှစ်ရပ်မှလား၊ ဝဋ်သုံးစနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအစ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

# ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့-မင်္ဂလာတိုက်ဟောင်း၊ ဓမ္မာရုံ၌

ဟောကြား-ဆုံးမတော်မူသော

## ( ဝိပဿနာ )

# အလုပ် — တရားတော်

အမှတ်စဉ် ( ၁၄ )

A

မိုးကုတ် ဆရာတော် ဘုရားကြီး၏
ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင် ဖြစ်သည်။

မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။

**အဖွဲ့ကိုယ်စား ထုတ်ဝေဖြန့်ချိသူ**
ဦးဘသောင်း ( အတွင်းရေးမှူး ) မှတ်ပုံတင် ( ၀၁၂၅ )
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

ယောဂီပုံနှိပ်တိုက်၊ ဦးတင် မှတ်ပုံတင်အမှတ် (၀၀၃၇)က
အမှတ် ၂၄၅-လွှစ္စလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ပထမ ရိုက်နှိပ်ခြင်း စာအုပ်ရေ ၅,၀၀၀
( ၉ - ၄ - ၆၆ )

# နိဒါန်း

# နမော ဗုဒ္ဓါယ သိဒ္ဓမ်

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားဟောကြားတော်မူခဲ့သော တရားဒေသနာများကို စုဆောင်း၍ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ယခုစာအုပ်နှင့် ဆိုလျှင် အမှတ်စဉ် ၁၄-အထိရောက်ရှိခဲ့ပြီဖြစ်ရာ တအုပ်နှင့်တအုပ် ဟောပုံ-ပြောပုံမထပ်ဘဲ၊ အမည်တူသော်လည်း တရားသဘော တမျိုးနှင့် တမျိုးမတူ၊ ဟောကွက်မတူ၊ သဘောသွားတမျိုးစီသာ ဖြစ်သည်ဟု တွေ့ရပါမည်။

နောင်ကိုလည်း အကြောင်းညီညွတ်ပါက ထုတ်ဝေမည့်အတွဲတွေ များစွာရှိပါသေးသည်။ အမှတ်စဉ် တအုပ်နှင့် တအုပ်တူလိမ့်မည်မဟုတ်ပါ။ ဟောပုံ-ဟောကွက်တမျိုး၊ သဘောတမျိုး၊ ဝတ္ထုကြောင်းတမျိုး၊ ဥပမာ-ဥပမေယျတမျိုးစီသာ ဖြစ်ရာ ဆရာတော်ဘုရားသည် တသက်ပန်လုံး ဟောကြားတော်မူသော်လည်း ကုန်နိုင်ဘွယ်မရှိနိုင်ပါ။ ဤမျှ ဉာဏ်ပညာ ကြီးတော်မူသည်။ ပိဋကတ်တော်၌ ကြေညက်တော်မူသည်။ ပိဋကတ်တော် ပါဠိ

တော်မျှမကသေး၊ အဋ္ဌကထာကြီးများ၌လည်း အလွန်တရာမှပင် နိုင်နင်းနှံ့စပ်တော် မူပေသည်။

ထူးခြားပုံတချက်မှာ ဤမျှနေ့စဉ်-ညစဉ် တနေ့လျှင် နှစ်ကြိမ်မျှ တနာရီစီ ဟောကြားတော် မူသော်လည်း အချိန်ကျမှပင် ထ၍ ဟောတော်မူခြင်းဖြစ်သည်။ ဘယ်ကျမ်းစာအုပ်ယူခဲ့၊ ဘယ်ပါဠိတော်ရှာခဲ့၊ ဘယ်အဋ္ဌကထာစာအုပ်ယူခဲ့-စသည်ဖြင့် တရားပွဲမစမီ ဘတ်ရှုခြင်း၊ လေ့လာပြင်ဆင်မှုပြုခြင်းမရှိ၊ တရားဟောပလ္လင်ရောက်မှ ကောက်ခါ-ငင်ခါ ဆိုသကဲ့သို့ ဟောတော်မူခြင်းဖြစ်သည်။ ဤမျှ ကျမ်းဂန်၌ နှံ့စပ်နိုင်နင်းတော်မူပါပေသည်။

ရှင်းပြင် ထူးခြားချက်တချက် ဖေါ်ပြလိုပါ သေးသည်။ ဆရာတော်ကြီးသည် များသောအားဖြင့် တနာရီတိတိ ဟောတော်မူလေ့ရှိသည်။ နိဂုံးချုပ်သည်နှင့် တနာရီပြည့်သည်။ အချိန်ကိုက်ညီသည်ကို အမြဲတွေ့ရပေသည်။

မိုးကုတ်မြို့၌ ဟောတော်မူရာ၌ ၄၅-မိနစ်ဟောတော် မူရာ ၄၅-မိနစ်ကျလျှင် နိဂုံး ချုပ်ပြီး ဖြစ်လေတော့သည်။ ဤသို့ တရားနှင့် အချိန်ကို တိတိရိရိပိုင်း၍ ဖြတ်တော်မူနိုင်သည်လည်း အလွန့်အလွန် ထူးခြားလှသော ပါရမီတော်ဟု ဆိုရပေမည်။

( ပဋိစ္စသမုပ္ပါဒ်ဒေသနာ )

မြတ်စွာဘုရားက ရှင်အာနန္ဒာအား....အာနန္ဒာ ငါသည် ဤပဋိစ္စသမုပ္ပါဒ်သဘောတရားကို ထိုးထင်း၍ သိမြင်စေခြင်းငှာ.... အားထုတ်၍ လာခဲ့ရာ လေးသင်္ချေနှင့် ကမ္ဘာတသိန်း လွန်ခဲ့ပြီ၊ ဤတရားကို ထိုးထွင်း၍ သိရန် ငါသည် မပေးလှူခဲ့ဘူးသော ဒါနဟူ၍ မရှိ။ မဖြည့်အပ်ဘူးသော ပါရမီဟူ၍မရှိ။ ငါသည်

ဗောဓိပင် ခြေရင်း၌ ပဌမယံ၌ ပုဗ္ဗေနိဝါသနုဿတိဉာဏ်တော်ကို အောင်မြင်တော်မူသောအခါ၌ ဤ မဟာ ပထဝီ မြေကြီးသည် လက်နှစ်သစ်မျှ မလှုပ်ခဲ့။ မဇ္ဈိမယံ၌ ဒိဗ္ဗစက္ခု ဉာဏ်တော်ကို အောင်မြင်တော်မူသောအခါ၌ လက်နှစ်သစ်မျှ မလှုပ်ခဲ့။

စင်စစ်အားဖြင့် မိုးသောက်ယံ၌ အဝိဇ္ဇာတည်း ဟူသော အကြောင်းခံကြောင့် သင်္ခါရဖြစ်ပေါ်၏။ သင်္ခါရတည်းဟူသော အကြောင်းခံကြောင့် ဝိညာဏ်ဖြစ်ပေါ်၏-စသော အကြောင်း အကျိုးဆက်သွယ်သော တရားများကို မြင်ကာမျှဖြစ်သော ကာလ၌ ဤတသောင်းသော လောကဓာတ်သည် သွက်သွက်ခါမျှ တုန်လှုပ်၏-ဟူ၍ မြတ်စွာဘုရားသခင်သည် အရှင်အာနန္ဒာအား မိန့်ကြားတော် မူပါသည်။ ထို့ကြောင့် သာသနာတော်၌ ဤမျှ အရေးကြီးသော တရားတော်ဖြစ်သည်ဟု စာဘတ်ပရိသတ်များ အား အထူးသတိပြုစေလိုပါသည်။

ငင်းပြင် ဘုရားသခင်သည် နောက်တဖန် ထပ်မံ၍ အာနန္ဒာ ဤပဋိစ္စသမုပ္ပါဒ်တရားသဘောကို လျော်စွာ မသိနိုင်ခြင်းကြောင့် ထိုးထွင်း၍ မသိနိုင်ခြင်းကြောင့် ရက္ကန်းချည်ထွေးကဲ့သို့ငင်း၊ စာပေါင်းသိုက်ကဲ့သို့ငင်းဖြူဆံမြက်ပြိန်းမြက်ကဲ့သို့ငင်း၊ချမ်းသာကင်း ရာဖြစ်သော မကောင်းသဖြင့် လားရာ ပျက်စီးကျရောက်ရာ ဖြစ်သော သံသရာကို မလွန်မြောက်နိုင်ချေ-ဟု ဟောတော်မူသည်။

ဤသည်တို့ကို ထောက်၍ ကျေးဇူးရှင် ဆရာတော်ကြီးသည် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကိုကြံစည်တော်မူ၍ပဋိစ္စသမုပ္ပါဒ်နှင့်ဟပ်၍ သစ္စာဆိုက်အောင် ဟောပြောတိုင်း-ဟောပြောတိုင်း ထိုတရား နှစ်ပါးကို လက်လွှတ်တော်မမူချေ။

ကျေးဇူးရှင် ဆရာတော်ကြီးသည်....

၁။ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ဖြစ်သည်ကိုလည်း သိမှ ပျက်သည်ကို လည်း သိမှ သက္ကာယဒိဋ္ဌိကို သိမှုနှင့်ပြုတ်မည်။

၂။ ဤ ပဋိစ္စသမုပ္ပါဒ်တရား နားလည် သဘောပေါက်မှ သစ္စာကို သိမည်။

၃။ သစ္စာသိမှ သံသရာပြတ်မည်။

၄။ သံသရာပြတ်မှ ဇာတိဘေး၊ ဇရာဘေး၊ မရဏာဘေးကြီးမှ လွတ်မည်။ ။ ဟူ၍ အပေါ်ယံယိက မဟုတ်ဘဲ နှစ် နှစ်ကာကာကြီး ဘာဝနာမယဉာဏ်နှင့် ပဋိဝေဒ ဆိုက်အောင် မြင်တော်မူပြီးမှသာ ဤတရားနှစ်ပါးကို အခြေအမြစ်နှင့် တကွ တပည့်တကာတကာမတို့အား ဟောကြားသင်ပြတော်မူခြင်း ဖြစ် ရာ....တကယ်စေတနာသဒ္ဓါတရား ဇွဲသန်သန်နှင့် အားထုတ်ကြ သော ယောဂီများအား သတိပေးလိုသည်မှာ .... ကလျာဏမိတ္တ အလွန်မှ အရေးကြီးပါသည်။ မြတ်စွာဘုရားသခင်သည် “ယထာ ဘူတညာဏာယ သတ္ထာ ပရိယေသိတဗ္ဗော” ဟုတ်တိုင်း-မှန်စွာ ဟောတတ် ပြောတတ်သော ဆရာကောင်း - သမားကောင်းရှာရ မည်ဟု အထူးဝိသေသအားဖြင့် ၃၂-ကြိမ် သွယ်ဝိုက်သော အား ဖြင့် အကြိမ်များစွာ မိန့်ကြားတော်မူပါသည်။

အရှင်အာနန္ဒာသည် ဘုရားရှင်အား.... အရှင်ဘုရား တပည့် တော်သည် ဆရာကောင်းတွေ့ပါက ကိစ္စဟာ တဝက်ပြီးစီးပြီ.... ထင်ပါသည်ဟု သျှောက်ကြားရာ....မဟုတ်ဘူး-ချစ်သားအာနန္ဒာ ဆရာကောင်းနှင့်တွေ့ရင် ကိစ္စလုံးဝ ပြီးသည်ဟု မိန့်တော်မူပါ သည်။

နှစ်သခေါ်နှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်ခဲ့ရသော အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည်ပင်လျှင် ကလျာဏမိတ္တနှင့် မတွေ့ခင် တိတ္ထိဘဝနှင့် လပေါင်းများစွာ တိတ္ထိဆရာကြီးထံ၌ နေလိုက်ရသေးသည်။ နောက် ရှင်အဿဇိနှင့် တွေ့မှသာ သမ္မာဒိဋ္ဌိတည်းဟူသော အမြင်မှန် တခါတည်းရ၍ သာသနာတော်တွင်းသို့ ဝင်ရောက်လာရခြင်းဖြစ်သည်ကို ထောက်ခြင်းအားဖြင့် ဆရာသမား ဘယ်လောက်အရေးကြီးသည် ဆိုတာ တွေ့ရှိနိုင်ပါသည်။

ရှေးအခါက ဆရာအဖြစ် ဆည်းကပ်ရွေးချယ်မည်ဆိုပါလျှင် သာမည အလွယ်တကူ မရွေးချယ်ကြချေ။ အာစရိယပရံပရ ဆရာ စဉ်ဆက်ကို ပဌမစုံစမ်းသေးသည်။ သိဿာနုသိဿ တပည့် စဉ်ဆက်စသဖြင့် ဆရာက မည်သည့် ဆရာတော်ကြီး ဥပဇ္ဈာယ် ဆရာက မည်သည့်ဆရာတော် မည်သည့် ဂိုဏ်းဂဏစသဖြင့် သေသေချာချာ စုံစမ်းပြီးမှသာ စိတ်ချရမှသာ ကိုးကွယ်သင့်မှ ဆည်းကပ်ကိုးကွယ်ကြသည်။ တသံသရာလုံးကိစ္စဖြစ်၍ စစ်စစ် ဆေးဆေး မေးမေး မြန်းမြန်း ပြုလုပ်ကြသည်။ အရမ်းကာရော ဆရာ မရွေးကြချေ။ ဆရာမှားမည်ကို အလွန်ကြောက်ကြ ချေသည်။

သာသနာတော်မှာလည်း အာစရိယပရံပရဟူ၍ ဆရာစဉ်ဆက် ရှိပါသည်။ တပည့်များဘက်မှလည်း သိဿာနုသိဿဟူ၍ တပည့် အစဉ်အဆက်ရှိပါသည်။ အမှားအယွင်းမရှိ။ ထို့ကြောင့် ပရိယတ် ပဋိပတ်နှစ်ဘက် စွယ်စုံစိတ်ချရသော ဆရာကောင်း-သမားကောင်းကို ဆည်းကပ်၍ နိဿယည်းကို ယူကြရသည်။

အာစရိယပရံပရတည်းဟူသော ဆရာစဉ်မရှိဘဲ တမုဟုတ်ခြင်း ကျော်ကြားလာသော အခြေအမြစ်မရှိသည့် ပုဂ္ဂိုလ်မျိုး၊ ပရိ

ယတ်မရှိ။ ဝိနည်းတော်ကို နားမလည်သော ပုဂ္ဂိုလ်မျိုးကို ရှောင်ကြရာသည်။ ( မည်သူတဦးတယောက်ကိုမျှ မရည်ရွယ် အလျဉ်းသင့်သဖြင့် ဖော်ပြခြင်းသာ ဖြစ်သည် )။

ဝိပဿနာ အလုပ် ဆိုသည်မှာ မဂ္ဂမ ခန္ဓာဖြစ်စဉ် သိဘို့နှင့် နောက်ပိုင်းတွင် ဖြစ်ပျက်မြင်ဘို့နှင့် ဒုက္ခသစ္စာမြင်ဘို့ အဓိကဖြစ်ရာ ဤသို့ သိဘို့ရန်အရေးမှာ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကို သိမှသာလျှင် ဤတရားများကို သိရန်လွယ်ကူ ပေမည်။

ဤသို့ သိရန် ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကို ပြတတ်သော ဆရာ အရေးကြီးပေသည်။

**ရှင်းပြပါဦးအုံ....။ ။**

ပါဠိတော်ကိုပင် ပြပါရစေ။

စက္ခုံ စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ (ပ) .... သမုဒယော ဟောတိ။

၁။ အဆင်းနှင့် ရူပါရုံနှင့် တွေ့၍ မြင်စိတ်ပေါ်သည်ဆိုလျှင် အဆင်းနှင့် ရူပါရုံတို့သည် ရုပ်တရားဖြစ်၍ မြင်စိတ်စက္ခုဝိညာဏ်သည် နာမ်ဖြစ်သည်ဆိုတာ သရုပ်ပေါ်လာပါသည်။

ဤကား ရုပ်နှင့် နာမ်ဖြစ်ပုံကို ရှင်းပြခြင်း ဖြစ်ပါသည်။

၂။ ဤ မြင်စိတ်ကလေးသည် ပေါ်ပြီးမြဲနေသလားဆိုတော့ မြဲပြီးမနေဘဲနှင့် ပျက်သွားတာပါလားဟု သရုပ်ပေါ်ပါသည်၊နောက်ဝေဒနာကလည်းပေါ်ပြီးပျက်တဲ့တရားပင် ဖြစ်သည်။ တဏှာပေါ်သည်။ ထိုတဏှာလဲပေါ်ပြီး ပျက်တတ်တဲ့သဘောတရားပင် ဖြစ်သည်။ ဤအတိုင်း နားလည်သွားပါက အမြဲမရှိဟု ဖြစ်ပြီး ပျက်သွားတာဘဲဟု သရုပ်ပေါ်လာပါသည်။

၃။ ဖြစ်ပေါ်ပြီး ပျက်ပျက်သွားတဲ့တရားဆိုတာ သုခမဟုတ်၊ ဒုက္ခသာ အမှန်ဖြစ်တော့တာဘဲဆိုတာလဲ နောက်ပိုင်းမှာ ရင့်လေ ပေါ်လွင်လေ၊ ဖြစ်ပျက်စိပ်လေ ပေါ်လွင်လေ ဖြစ်ပါသည်။

ထို့ကြောင့် ဝိပဿနာမှာ ရုပ်နာမ်ကို ထင်မြင်လွယ်ဆုံး၊ ဖြစ်ပျက်ကို ထင်မြင်လွယ်ဆုံး၊ ဒိဋ္ဌိကို သိမှုနှင့် ပြုတ်ရန်အရေးမှာ အလွယ်ကူဆုံးစသဖြင့် လက်တွေ့အားဖြင့် ပြသနိုင်သည်မှာ ကျေးဇူးရှင်ဆရာတော်ကြီးတည်ထွင်ခဲ့သောပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း ဒေသနာတော်ဖြစ်ရာ ဤဒေသနာအရ, ဟောတတ် ပြောတတ်သော ဆရာသမား ( ဝါ ) ဆရာတော်ကြီး ဟောတော်မူခဲ့သော တရားတော်များသည် ကလျာဏမိတ္တအစစ်တွေပင် ဖြစ်ပါသည်။ ဆရာကောင်း-သမားကောင်းတွေပင် ဖြစ်ပါသည်။

ထို့ကြောင့် ဆရာမမှားကြရအောင် မိမိတို့ကိုယ်ကို မိမိတို့ အထူးသတိပြုကြစေလိုပါသည်။ သတိပြုရန် ဆရာတော်သည် ချိန်ခွင်ပေးတော်မူခဲ့ပါသည်။

**ဝိပဿနာသည် ဖြစ်ပျက်ရှုမှု။**
**ဖြစ်ပျက်ရှုမှုသာ ဝိပဿနာဖြစ်သည်။**

သို့သော် မိမိတို့စိတ်ထဲက လုပ်ပြီးရှုတဲ့ ဖြစ်ပျက် မဟုတ်ပါ။ အထူးသတိပြုပါ။ ဓမ္မသဘောက ပျက်ပျက်ပြနေတာကို မိမိတို့ ဉာဏ်မျက်စိဖြင့်သာ မြင်အောင် စောင့်၍ရှုရန်ဖြစ်ပါသည်။

ရင်းပြင် သတိချပ်ရန်မှာ ဝိပဿနာအလုပ်သည် သညာအလုပ်ဖြင့် ကိစ္စမပြီး။ ဆုံးခမ်းတိုင် မရောက်နိုင်ပါ။

ထိုနည်းတူစွာ အာရုံတခုကို ထိနေတာကလေးကို သိနေရုံမျှနှင့် မဂ်ဖိုလ်အဆင့်တခု၏ဆုံးခမ်းတိုင်ရောက်လိမ့်မည်ဟု ဘုရားသခင်ဟောတော်မမူပါ သမာဓိတရားတခုတည်းနှင့်လည်း မဂ်ဖိုလ်အဆင့်တခု၏ ဆုံးခမ်းတိုင် ရောက်နိုင်လိမ့်မည်ဟု ကျမ်းဂန်များ၌ မဆိုပါ။

သမ္မာဒိဋ္ဌိသမ္မာသင်္ကပ္ပခေါင်းဆောင်၍သမ္မာဝါယာမ၊ သမ္မာသတိ သမ္မာသမာဓိတည်းဟူသော မဂ္ဂင် ၅-ပါးနှင့် တူးဆွပြီးလျှင် မဂ္ဂင် ၈-ပါးတည်းဟူသော ဓားနှင့်ဖြတ်၍ သက်ဆိုင်ရာ မဂ်သို့ တဆင့်ထက် တဆင့် တက်လှမ်းနိုင်မည် ဖြစ်ပေမည်။ ဝိပဿနာသည် ဉာဏ်အလုပ် ( ဝါ ) ပညာအလုပ်၊ ( ဝါ ) ဝိဇ္ဇာအလုပ် ဖြစ်သည်။ ဖြစ်ပျက်ကိုမြင်လျှင် ဖြစ်ပျက်သည် ဒုက္ခသစ္စာဟု သိလျှင် ဝိဇ္ဇာဥပါဒ်ဖြစ်သည်။ ဝိဇ္ဇာဖြစ်လျှင် အဝိဇ္ဇာပျောက်သည်။ အဝိဇ္ဇာပျောက်လျှင် သင်္ခါရလာနိုင်ရန် အကြောင်းမရှိတော့ချေ။

အဝိဇ္ဇာချုပ်၍ သင်္ခါရချုပ်လျှင် ပဋိစ္စသမုပ္ပါဒ်အစက ပြတ်တော့သည်။

ဝိပဿနာအလုပ် ဆိုသည်မှာ ပဋိစ္စသမုပ္ပါဒ် သံသရာကြီးကို ဖြတ်နေသော အလုပ်ဖြစ်သည်။ ခန္ဓာပဋိစ္စသမုပ္ပါဒ်သဘောတရား ကို သိမှသာလျှင် ဖြတ်သည့်အလုပ်ကို လုပ်တတ်ပေမည် ဖြစ်သည်။ ဤသဘောတရားကို မသိဘဲ ရမ်းရှူ-မှန်းရှူ လုပ်နေလျှင် ရမ်းရှူ-မှန်းရှူအကျိုးမျှ ခံစားရမည်ဖြစ်သည်။

ထိုကြောင့် တကယ်ကို မြင့်မြတ်သော စိတ်စေတနာသဒ္ဓါ တရားနှင့် ဇွဲနှင့် အားထုတ်နေကြသော ယောဂီ သူတော်စင် အပေါင်းတို့အား တိုက်တွန်းလိုသည်မှာ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို သိပြီး နားလည်ပြီး အားထုတ်ကြည့်ကြစမ်းပါ။

နားလည်ပြီး အားထုတ်တာနှင့် နားမလည်ခင်က အားထုတ် တာနှင့် မည်မျှခရီးရောက်သည်ကို အလုပ်သဘောက သက်သေခံ သွားလိမ့်မည် ဖြစ်ပါသည်။

စာရေးသူသည် မည်သည့်ရည်ရွယ်ချက်မျှ မပါရှိပါ၊ တကယ် ဖြူစင်သော စေတနာသဒ္ဓါတရားနှင့်သာ သန့်ရှင်းစွာနှင့် တိုက် တွန်းခြင်းဖြစ်ပါသည်။ အမှန်အတိုင်း ဝန်ခံရသော် ဒိဋ္ဌိကို အသိ နှင့် ပြုတ်သူများလေလေ စူဠသောတာပန်ဖြစ်ကြသူ များလေ လေ၊ စူဠသောတာပန်ဖြစ်ကြသူ များလေလေ၊ ပဋိပတ်သာသနာ ပြုကျိုးနပ်လေလေ၊ ကျေးဇူးတော်ရှင် ဆရာတော်ကြီးအား တရားနှင့် ကန်တော့ရကျိုး နပ်လေလေဆိုသော ရည်ရွယ်ချက်နှင့် ရှင်းလင်းပြတ်သားစွာ ဟောကြားတော်မူ၍ ထင်မြင်လွယ်သော တရားဖြစ်၍ ပဋိပတ် သာသနာတော်ကြီး ပြန့်ပွားစေလိုသော အာသီသထားပြီးလျှင် ဒေါသတရား၊ လောဘတရား၊ မောဟတ

ရား များစွာဖုံးလွှမ်းနေသော ခေတ်မှာ တတ်နိုင်သလောက် ၎င်းတရားများခေါင်းပါးကြပါစေဆိုသော စေတနာသဒ္ဓါတရားနှင့် မိမိလက်လှမ်းမှီသော နေရာမှနေ၍ တတ်နိုင်သမျှ ကြိုးပမ်းခြင်းဖြစ်ပါသတည်း။

ဦးသံဒိုင် ( ဥက္ကဋ္ဌ )
မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့၊
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

# စိတ္တာနုပဿနာ ရှုနည်း

| | |
|---|---|
| ၁။ မြင်စိတ်<br>၂။ ကြားစိတ်<br>၃။ နံ့စိတ်<br>၄။ စားစိတ်<br>၅။ ယားနာကောင်းစိတ်<br>၆။ တွေးစိတ်-တောစိတ် | **အပြင်ဧည့်သည် ၆ ယောက်** |
| ၁။ လောဘစိတ်<br>၂။ ဒေါသစိတ်<br>၃။ မောဟစိတ်<br>၄။ အလောဘစိတ်<br>၅။ အဒေါသစိတ် | **အတွင်းဧည့်သည် ၅ ယောက်** |
| ၁။ လေကိုထုတ်သောစိတ်<br>၂။ လေကိုသွင်းသောစိတ် | **အိမ်သည်စိတ် ၂ခု** |

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
၎င်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းစနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ၊
အိမ်သည် မရှိပါက အပြင် ဧည့်သည်၊အတွင်းဧည့်သည်
ပေါ်ရာကို ရှုပါ၊
ဧည့်သည်မရှိပါက အိမ်သည်ကိုအမြဲရှုပါ၊

( ၁ ) ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ်။

( ၂ ) ဖြစ်ပျက်မှုတွင် ငါကောင်ထင် ခဏ်မင်သမုဒယမှတ်။

( ၃ ) ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း ချုပ်ဆုံးနိဗ္ဗာန်မှတ်။

( ၄ ) ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ်။

( ၅ ) သူတော်ဆည်းကပ် မြတ်တရားနာ လျှော်စွာကျင့်
မဂ်ဖိုလ်ခွင့် ရလင့်ကေန်သာ။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာသတ်ခဏ်း | ညအလုပ်ပေးတရားတော် | ၁ |
| ၂။ | သစ္စာသိမှ သံသရာပြတ်ပုံ | ။ | ၄၁ |
| ၃။ | ။ | ။ | ၈၂ |
| ၄။ | အကြားအမြင်မရှိတဲ့ပုထုဇန်နှင့် အကြားအမြင်ရှိတဲ့ ပုထုဇန် | ညအလုပ်ပေးတရားတော် | ၁၁၃ |
| ၅။ | နဒီသုတ် | ။ | ၁၅၉ |
| ၆။ | ဒိဋ္ဌိစင်မှ နိဗ္ဗာန်မြင်ပုံ | ။ | ၁၉၄ |
| ၇။ | ကံ,ကိုအတ္တလုပ်ပြီး အားမကိုးသင့်ပုံ | ။ | ၂၄၀ |
| ၈။ | သောတာပန်ဖြစ်ကြောင်းနှစ်ပါး | ။ | ၂၈၅ |
| ၉။ | ယမကရဟန်းဝတ္ထု | ။ | ၃၃၁ |
| ၁၀။ | ကုသိုလ်စစ်ကို ရအောင်ရှာပါ | ။ | ၃၇၅ |
| ၁၁။ | ပပဉ္စချုပ်ပျောက်ကြောင်း | ။ | ၄၂၂ |
| ၁၂။ | အနတ္တထင်အောင်ရှုရန် | ။ | ၄၆၅ |
| ၁၃။ | တမဂ်တဖိုလ်ရပုံ အဓိပ္ပါယ်ရှင်းပြခြင်း | ။ | ၅၀၈ |

# ပြင်ဆင်ချက်။

စာမျက်နှာ ၄၃၃-မှ ၄၄၈-အစား ၄၈၁-မှ ၄၉၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## နမော တဿ ဘဂဝတော အရဟတော

## သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော် မူသော
( ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာသတ်ခဏ်း )

# ညအလုပ်ပေး- တရားတော်

( ၁ - ၉ - ၆၂ )

တကာ တကာမတို့ ဘယ်ရောက်ရောက် အခု အစီ အစဉ် အတိုင်း ကြိုးစားမှသာလျှင် ဘုန်းကြီးတို့ တကာ တကာမတွေ သည် လိုရာခရီး အမြန်ကြီး ရောက်မယ် ဆိုတာ မှတ်ရမယ်.... (မှန်ပါ)၊

သက္ကာယဒိဋ္ဌိပြုတ်ချင်ယင် ပဋိစ္စသမုပ္ပါဒ်သိမှ သစ္စာသိမယ်-- (မှန်ပါ) သစ္စာသိမှ သံသရာ ပြတ်မယ် ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောလိုက်တာ မင်းတို့ - သစ္စာမသိလို့ သံသရာရှည်ကြတယ်ကွ၊ ငါလဲ- ရှည်ခဲ့တယ်၊ မင်းတို့လဲ ရှည်လိမ့် ဦးမယ်ဆိုတာ လမ်းဆုံးဟောတာပါ....( မှန်ပါ )။

စင်စစ် ဘုန်းကြီးတို့ တကာတကာမတွေ သိမှုက ဝိပဿနာ အလုပ်ကို လုပ်တော့မယ်ဆိုတော့ သစ္စာဆိုက်အောင် လုပ်ရတဲ့ အလုပ်ဖြစ်နေတော့ သစ္စာမသိခင် ရှေးဦးစွာ သက္ကာယဒိဋ္ဌိပြုတ် ရမယ်....(မှန်ပါ)။

သက္ကာယဒိဋ္ဌိက ဘယ်ပေါ်မှာ စွဲမှီကပ်ပြီး သကာလ နေပါ လိမ့်မတုံးဆိုတော့ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ပေါ်မှာ စွဲမှီကပ်နေတယ်- (မှန်ပါ)။

ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ်ပေါ်မှာ စွဲပြီးသကာလ သက္ကာယဒိဋ္ဌိက ကပ်တော့ ပဋိစ္စသမုပ္ပါဒ်သိလိုက်သည်နှင့် တပြိုင်နက်တည်းသက္ကာယ ဒိဋ္ဌိက ပြုတ်ပါတယ်.... ( ပြုတ်ပါတယ်ဘုရား )။

အဲဒီ သက္ကာယဒိဋ္ဌိပြုတ်တော့မှ ပဋိစ္စသမုပ္ပါဒ်ဟာ ဘာသစ္စာ တွေလဲလို့ တပြုံကြီး ကြည့်လိုက်တဲ့ အခါကျမှ "ဝေဒမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ" ဆိုတဲ့ ဒုက္ခ အစုံကြီးဆိုတဲ့ သစ္စာပေါ် လာတယ်....(မှန်ပါ)။

အဲဒီ ဒုက္ခအစုံကြီး သစ္စာပေါ်လာတော့မှ တကာကြွယ်တို့ ဦးလှဘူးတို့က ဪ .... နောက်- ဒုက္ခသစ္စာကြီး ဒုက္ခက္ခန္ဓကြီး လာယင်ဖြင့် ဒို့သည်ကားလို့ ဆိုယင်ဖြင့် မတော်တော့ပါလား ဆိုတဲ့ဉာဏ် ပေါ်ပေါက်လာတယ်....(မှန်ပါ)။

ဒါ့ကြောင့် ရှေးဦးစွာ သက္ကာယဒိဋ္ဌိခွာရမယ်.... ( မှန်ပါ ) ခွာချင်ယင် ဘာသိအောင် လုပ်ရမယ်....(ပဋိစ္စသမုပ္ပါဒ်သိအောင် လုပ်ရပါမယ်ဘုရား)။

ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်သိအောင် လုပ်ရမယ်.... ( မှန်ပါ ) ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ်သိမှသာလျှင် သစ္စာကို သိမယ်.... ( မှန်ပါ ) သစ္စာ

သိမှုသာလျှင် သံသရာ၏ ဒုက္ခတွေကို မလိုချင်, မရချင်တဲ့ မဂ်-ဉာဏ်ပေါ်မယ်.... ( မှန်ပါ )။

ဒါဖြင့်....တဲ့၊ တကာသစ်တို့၊ ဩော်....ဒီနေ့ ဆရာ ဘုန်းကြီး စ,စချင်း ပြောတဲ့ အရေးဟာဖြင့် သံသရာ ဖြတ်လမ်းမှာဖြင့် အရေးအကြီးဆုံးအချက်ဖြစ်နေပါပေါ့လား-ဆိုတာ သေသေချာချာ မှတ်ပါ....(မှန်ပါ)။

ဘယ်လိုဘဲ တကာတကာမတွေက အနိစ္စတွေမြင်တယ်၊ ဒုက္ခတွေမြင်တယ်၊ အနတ္တတွေမြင်တယ်လို့ ဆိုငြားသော်လဲ သက္ကာယကို ဆရာဘုန်းကြီးက ဖြုတ်မပေး၊ တကာတကာမတွေ ဉာဏ်ထဲမှာလဲ သုတမယဉာဏ်နဲ့ မပြုတ်သေးလို့ ရှိယင် ဝိပဿနာ အားထုတ်ငြားသော်လဲ သက္ကာယဒိဋ္ဌိ အပင်းခံလို့ တကာသစ်ရေ.... မဂ်, ဖိုလ်, မဆိုက်နိုင်ဘူး .... ( မှန်ပါ ) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် သက္ကာယ ဖြုတ်မပေးတဲ့ ဆရာနဲ့ တွေ့ပြီး သကာလ ရောက်လာလို့ ရှိယင် ရှုတဲ့....မှတ်တဲ့....ဆိုရုံနဲ့ဖြင့် အချိန်သာကြာ၍ လိုရာခရီးမပေါက်ပေဘူး....(မှန်ပါ)။

ဒါဖြင့် ရှေးဦးစွာ တကာတကာမတွေ ဘာဖြုတ်ပေးရမယ်-(သက္ကာယဒိဋ္ဌိဖြုတ်ပေးရပါမယ်ဘုရား)။

သက္ကာယဒိဋ္ဌိ ဖြုတ်ပေးရမယ်.... နော်.... ( မှန်ပါ ) အဲ.... သက္ကာယဒိဋ္ဌိဆိုတာက တကာတကာမတို့ " သန္တောကာယော သက္ကာယော " ဆိုတဲ့ အတိုင်း သန္တော=ပရမတ္ထအားဖြင့် ထင်ရှားရှိတဲ့။ ကာယော= ကိုယ်။ သက္ကာယော= ပရမတ္ထ အားဖြင့် ထင်ရှားရှိတဲ့-ကိုယ်။ သက္ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။ ဒီ-ပရမတ္ထ အားဖြင့် ထင်ရှားရှိတာကို ငါ-ငါ့ဉစ္စာထင်နေတယ်....(မှန်ပါ)။

ပရမတ္ထ အားဖြင့် ခန္ဓာထဲ ပေါ်တာတွေကတော့ ပရမတ်တွေပေါ့ဗျာ....(မှန်လှပါ) အဲ့ဒါ-ငါ-ငါ့ဥစ္စာထင်ယင် သက္ကာယဒိဋ္ဌိလို့ မှတ်လိုက်ပါ....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ကြီး ပေါ်နေတာကို ငါ-ငါ့ဥစ္စာ ထင်နေယင်-(သက္ကာယဒိဋ္ဌိပါဘုရား) ကဲ....ဒါဖြင့် သက္ကာယဒိဋ္ဌိကို ခြေဘ်....ပဋိစ္စသမုပ္ပါဒ်ပေါ်နေတာကို အကြောင်းနဲ့အကျိုးနဲ့ဆက်နေတာကို ငါ-ငါ့ဥစ္စာထင်နေလို့ရှိယင် သက္ကာယဒိဋ္ဌိဘဲ၊ အဲ့ဒီ-သက္ကာယဒိဋ္ဌိမပြုတ်ဘဲနဲ့ ၎င်းပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို ဖြစ်ပြီးပျက်တဲ့ အနိစ္စတွေဘဲ၊ ဖြစ်ပြီး-ပျက်တဲ့ အနိစ္စတွေဘဲလို့ တကာကြွယ်တို့၊ ဦးလှဘူးတို့ အာပေါက်အောင် ရှုပြားသော်လဲ့ ဒိဋ္ဌိအပင်းခံနေလို့ မဂ်ဉာဏ် မဝင်နိုင်ပါဘူး....(မှန်ပါ့) မိစ္ဆာဒိဋ္ဌိခံနေလို့ သမ္မာဒိဋ္ဌိဝင်ခွင့် မရပါဘူး....( မှန်ပါ့ )။

ဒါ့ကြောင့် - ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိုရ်ပါဠိတော်ကြီးများမှာခေါဝကဆိုပြီးခေါဝကဆိုတာဆေးလျှော်တဲ့သုတ်ပေါ့ဗျာ(မှန်ပါ့) သက္ကာယဒိဋ္ဌိရှိလျက်နဲ့ ဝိပဿနာရှုယင်သမ္မာဒိဋ္ဌိဟာ ထွက်ပြေးနေတာဘဲ၊ ဘယ်တော့မှ သမ္မာဒိဋ္ဌိမဂ္ဂင်မရှိနိုင်ဘူးကွ....တဲ့....(မှန်ပါ့)။

အဲ့ဒီတော့ သမ္မာဒိဋ္ဌိမဂ္ဂင်ရောက်လာမှသာလျှင် သက္ကာယဒိဋ္ဌိက စင်ကြယ်တယ်ကွ.... တဲ့....( မှန်ပါ့ ) ဒီလိုဟောထားတဲ့ ပါဠိတော်တွေက အထင်အရှား အမြင်သား ဖြစ်ပြီး သကာလနေသောကြောင့် အားလုံးတရားနာလာကြတဲ့ တကာ တကာမတွေဝိပဿနာမလုပ်မီ သက္ကာယဒိဋ္ဌိ အယင်ဖြုတ်ဘို့ အရေးကြီးတယ်ဆိုတာ အကြီးအကျယ်ဆုံးဖြတ်ချက် ချပါ....(မှန်ပါ့) ဝိပဿနာမလုပ်ခင် ဘာလုပ်ရမယ်....( သက္ကာယဒိဋ္ဌိ အယင်ဖြုတ်ရမယ် )။

သက္ကာယဒိဋ္ဌိပြုတ်မယ် ကြံပြန်တော့လဲ ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ် ပေါ်လာတာ မသိပြန်လို့ မပြုတ်တတ်ပါဘူး.... (မှန်ပါ့)။

ဒါဖြင့် ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ် ပေါ်လာတာ သိမှသာလျှင် သက္ကာယဒိဋ္ဌိက ပြုတ်တယ်၊ ကဲ.... ဒါဖြင့် ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ် ပြောကြပါစို့၊ သက္ကာယဒိဋ္ဌိပြုတ်ရအောင်....(မှန်ပါ့)။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ ရှေးက အနုရာဓရဟန်းကလေး ဆိုတာ ရှိတယ်၊ သူဟာ အနိစ္စ, ဒုက္ခ, အနတ္တတွေ လှလှကြီး တကာသစ်ရေ....မြင်သနော်.... ( မှန်ပါ့ ) တကာကြွယ် မြင်သနော်....(မှန်ပါ့)။

မြင်ပင် မြင်ငြားသော်လဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရဘူး.... (မှန်ပါ့) ဘယ့်နှယ်ကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရပါလိမ့် မတုံးဆိုလို့ရှိယင်ဖြင့် သူ့-စိတ်ထဲမှာ သတ္တဝါသေလို့ရှိယင်ဖြင့် ဖြစ်သေးသလား၊ မဖြစ်တော့ဘူးလား....ဆိုတဲ့ သတ္တဝါဟူသော ဒိဋ္ဌိ, သံသယဟူသော ဝိစိကိစ္ဆာ၊ ဒါတွေက ရှိနေတော့ ဖြစ်ပျက် တွေ မြင်ငြားသော်လဲ မဂ်ဉာဏ် မရနိုင်ဘူး.... (မှန်ပါ့) ဘုရား လက်ထက်က၊ ဘုရားလက်ထက်ကနော်....(မှန်ပါ့)။

ပြီးတော့ ဆန္ဒမထေရ်ဟာတဲ့ ဖြစ်ပျက်တွေ သူ အကုန်မြင် တယ်.... ( မှန်ပါ့ ) အနိစ္စအချက်တွေ အကုန်မြင်ငြားသော်လဲ သက္ကာယဒိဋ္ဌိက ကျန်နေတယ်....( မှန်ပါ့ ) ကျန်နေတော့ သူရှူ တယ်၊ ရှူကြည့်တော့ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်မြင်ကို မမြင် ဘူး....(မှန်ပါ့)။

ဘာကျန်နေလို့ပါလိမ့်.... ( သက္ကာယဒိဋ္ဌိ ကျန်နေလို့ပါ ) သက္ကာယဒိဋ္ဌိကျန်နေတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ ဘုရား)။

ဩော်.... ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဆရာသမားတွေက အမျိုးမျိုး-အဖုံဖုံ ဟောကြ-ပြောကြငြားသော်လည်း အစဉ်ကလေးကိုက်ဦးမှလဲ ကောင်းပါတယ်.... (မှန်ပါ့) ဘယ်လိုပါလိမ့်....( အစဉ်ကလေး ကိုက်ဦးမှ ကောင်းပါတယ်ဘုရား ) ရောက်လာ လုပ်ဟဲ့....လုပ်ဟဲ့၊ ရောက်လာ လုပ်ဟဲ့....လုပ်ဟဲ့.... ဆိုလို့ ရှိယင် တကာကြွယ် ကိုယ်ကျိုးနည်းလိမ့်မယ်နော်....(မှန်ပါ့) ကိုယ်ကျိုးနည်းမှာ စိုးရိမ်ရပါတယ်ဆိုတာလဲ ယခု-ပေါ်ပြောပါပြီ....(မှန်ပါ့)။

ရှင်အနုရာဓသည် အနိစ္စ, ဒုက္ခ, အနတ္တ မြင်ပါလျက်သားနဲ့ ဒိဋ္ဌိဝိစိကိစ္ဆာကို ဥာတပရိညာနဲ့ ဖြုတ်မထားလို့ မဂ်မရ, ဖိုလ်မရ ဖြစ်နေတယ်....(မှန်ပါ့)။

ရှင်ဆန္နသည် တကာတကာမတို့ အနိစ္စ, ဒုက္ခ, အနတ္တမြင်ပါလျက်သားနဲ့ နိဗ္ဗာန်မရောက်နိုင်တာ ဒိဋ္ဌိတည်းဟူသော တရားက ခံပြီးသကာလ နေတဲ့အတွက် မရနိုင်ဘူး....(မှန်ပါ့)။

ဒါဖြင့်....ဖြစ်ပျက် အနိစ္စ, ဒုက္ခ, အနတ္တ မြင်မှုထက် ၁-နံပါတ် အရေးကြီးတာ ဒိဋ္ဌိခွာဘို့လို့ မှတ်လိုက်ပါ....(မှန်ပါ့) ၁-နံပါတ် တကာတကာမတို့ ဘာခွာရမယ်.... (ဒိဋ္ဌိခွာရပါမယ်ဘုရား)။

ဒိဋ္ဌိခွာတော့ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်သိမှ ခွာနိုင်တယ်....(မှန်ပါ့) ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်မသိယင်လဲ.... ( မခွာနိုင်ပါဘုရား ) မခွာနိုင်ဘူးဆိုတာ မှတ်ထားပါ.... (မှန်ပါ့) ဒိဋ္ဌိမခွာနိုင်ဘဲနဲ့ အားထုတ်တဲ့ ဝိပဿနာဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဘယ်နည်းနဲ့မှ မရောက်ဘူးဆိုတာ သေသေချာချာ မှတ်ကြပါနော်.... ( မှန်ပါ့ )။

ကဲ....ဒါဖြင့် ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ဘဲ ပြကြပါစို့၊ ဒီမှာ ကြည့်ကြပါတဲ့....(ဤနေရာ၌ စက်ဝိုင်း ပြတော်မူသည်)။

အဝိဇ္ဇာ-သင်္ခါရဆိုတာ နှစ်ခုပါပါတယ်....နော်.... (မှန်ပါ့) တွေ့ကြရဲ့လား....(တွေ့ပါတယ်ဘုရား)။

အဲဒီ-အဝိဇ္ဇာသင်္ခါရဆိုတာ ခင်ဗျားတို့ နောက်-ဘဝက လူဖြစ်ခဲ့သလား၊ နတ်ဖြစ်ခဲ့သလား၊ ဗြဟ္မာ ဖြစ်ခဲ့သလား ဆိုတာတော့ သူတို့ အဘိညာဏ်ရယင် သိမယ်၊ အဘိညာဏ် မရယင် မသိဘူး၊ သို့သော် ပုဂ္ဂိုလ်-သတ္တဝါကတော့ အထူး မဟုတ်ဘူး၊ ပုဂ္ဂိုလ်-သတ္တဝါမှာ ကိန်းနေတဲ့ တရားကသာလျှင် သူ စီမံသလို ခံကြရတာ ဖြစ်နေတော့ ပုဂ္ဂိုလ်-သတ္တဝါ ဘာဖြစ်ခဲ့တယ်ဆိုတာ မသိငြားသော်လဲ အဝိဇ္ဇာနဲ့ နေခဲ့တယ် ဆိုတာတော့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ပုဂ္ဂိုလ် - သတ္တဝါ ဘာ ဖြစ် ခဲ့ တယ်၊ ညာ ဖြစ် ခဲ့တယ်လို့ ဦးကျော်မောင်တို့၊ ဦးဘစောတို့ ဘာမှ စဉ်းစားမနေနဲ့ .... တဲ့၊ ငါ....နော် အတိတ်ဘဝက သစ္စာလေးပါး မသိတဲ့ ပုဂ္ဂိုလ်တဦးတယောက်တော့ ဖြစ်ခဲ့တယ်၊ ဒါသာ ဆုံး ဖြတ် ချက် ချ ...., (မှန်ပါ့)။

နောက်-ဘဝက ဘာဖြစ်ခဲ့ကြသလဲ....(သစ္စာလေးပါ မသိတဲ့ ပုဂ္ဂိုလ်တဦးဖြစ်ခဲ့ပါတယ်ဘုရား)။

သစ္စာလေးပါး မသိတဲ့ ပုဂ္ဂိုလ်တော့ ဖြစ်ခဲ့တာ အမှန်ဘဲ..., (မှန်ပါ့) နတ်ဖြစ်ခဲ့သလား၊ ဗြဟ္မာဖြစ်ခဲ့သလား ဆိုတာ၊ အို..., အဲဒါတွေ အသာထား၊ နတ်တွေ ဗြဟ္မာတွေ ဖြစ်အောင် စီမံတာက ဒီ ဓမ္မက စီမံတာဖြစ်နေတော့ ဓမ္မကို အရင်းကျကျ လက်သည်ဖမ်းလိုက်ယင် ပြီးတာဘဲ.... (မှန်ပါ့)။

နံပါတ် ၁-တဲ့၊ တကာတကာမတွေ နောက်- ဘဝက ဘယ်တရားတွေ ကြီးစိုးပြီးသကာလ ဘယ်တရားတွေနဲ့ အဖေါ် လုပ်

ပြီးသကာလ နေခဲ့ပါလိမ့်မလဲလို့ မေးလို့ရှိယင် သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာကို အဖော်လုပ်နေခဲ့တယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

ဘာနဲ့ နေခဲ့ကြပါသလဲ....(သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာနဲ့ အဖော်လုပ်နေခဲ့ပါတယ်) အဖော်လုပ်ခဲ့တော့ကိုတဲ့ ဩော်.... ငါ-အတိတ်ဘဝက သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာကို အဖော်လုပ်ပြီးသကာလ နေခဲ့တဲ့အတွက် ငါဟာ မသိသလိုဘဲ လုပ်ချင်တာ လုပ်ခဲ့တယ်ဆိုတာလဲ ပြောဘို့မလိုတော့ဘူး....( မှန်ပါ့ )။

မသိတဲ့ ပုဂ္ဂိုလ်ဟာ သွားချင်တဲ့လမ်း သွားတာဘဲ၊ လုပ်ချင်တဲ့ အလုပ်-လုပ်တာဘဲ-ဆိုတာ ပြင်းဘို့ လိုသေးသလား.... (မလိုပါ ဘုရား)။

အဲဒါကြောင့် ကုသိုလ်လဲ ပြုခဲ့ပါတယ်....တဲ့၊ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် ရောက်ကြောင်း ကုသိုလ်လဲ လုပ်ခဲ့ပါတယ်.... (မှန်ပါ့)။

ကုသိုလ်သင်္ခါရ၊ သင်္ခါရဆိုတာ ကုသိုလ် သင်္ခါရ....(မှန်ပါ့) ကုသိုလ်သင်္ခါရလဲ လုပ်ခဲ့ပါတယ်....တဲ့၊ အကုသိုလ်သင်္ခါရလဲ လုပ်ခဲ့ပါတယ်၊ အကုသိုလ် - သင်္ခါရ ကုသိုလ် - သင်္ခါရက တော့ကို ပေးတာ-ကမ်းတာ-စွန့်တာ-ကျဲတာ ကုသိုလ်-သင်္ခါရဘဲ၊ ဟင်.... အ ခု လဲ ကျန်း မာ အောင် နောက် လဲ ချမ်း သာ အောင် နောက်လဲ ချမ်းသာအောင်-ဆိုတာ ဘဝတဏှာ ပါသွားတယ်.... (မှန်ပါ့)။

ပါသွားတော့ ပြုတဲ့ ကုသိုလ်ရယ်၊ နောက် - မျှော်လင့်တဲ့ တဏှာရယ်ဆိုတော့ ကုသိုလ်သင်္ခါရရယ်၊ အကုသိုလ် သင်္ခါရရယ် ဦးညွှန့်မောင် နှစ်မျိုးလုပ်တယ်....(မှန်ပါ့)။

ဒါ....သူ ဘယ့်နှယ်ကြောင့် လုပ်ဖြစ်ပါလိမ့် မတုံးလို့ မေးတဲ့ အခါကျတော့ မသိလို့ လုပ်တယ်....(မှန်ပါ့) ဘယ်လို ဆုံးဖြတ် ချက်ချကြမလဲ....(မသိလို့ လုပ်ပါတယ်ဘုရား)။

မသိလို့ ကုသိုလ်လဲပြုတယ်၊ လူခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာခန္ဓာ ကို ရချင်တဲ့တဏှာလဲပါသွားတော့ တဏှာလဲ သင်္ခါရ-ကုသိုလ် လဲ သင်္ခါရဘဲ၊ တဏှာဆိုတာလဲ စေတနာပါနေတယ်-(မှန်ပါ့) ကုသိုလ်ဆိုတာလဲ စေတနာပါနေတော့ စေတနာ နှစ်ခုတွဲလုပ် တယ်၊ မိဿကကံ သွားလုပ်တယ်.... (မှန်ပါ့) မိဿကဆိုတာ ရောတာ....(မှန်ပါ့)။

ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ်ဟာ " အဝိဇ္ဇာပစ္စယာ မိဿကသင်္ခါ ရာ " သွားဖြစ်တယ်....(မှန်ပါ့) မိဿကဆိုတာ ရောတာနော်.... (မှန်ပါ့) ကုသိုလ်အဖြူကိုလဲ လုပ်တယ်၊ အမဲနဲ့ ဘုံဘဝလဲ ဆု တောင်းတယ်၊ အဖြူ,အမဲ ရောလုပ်တယ်....(မှန်ပါ့) သဘော ပါပလား.... (ပါ-ပါတယ်ဘုရား) ဘာနဲ့ လုပ်ပါလိမ့်.... (အဖြူ အမဲ ရောလုပ်ပါတယ်ဘုရား)။

ကုသိုလ်ကတော့ အဖြူပေါ့ဗျာ....(မှန်ပါ့) ဘုံဘဝရချင်တဲ့ တဏှာက.... ( အမဲပါဘုရား ) ဘုံဘဝရချင်တဲ့ စေတနာကလဲ အမဲဖြစ်နေတော့ အမဲနဲ့အဖြူ ရောလုပ်ထားတယ်တဲ့။

ဒါ.... ဘယ့်နှယ်ကြောင့် ဒီအမဲနဲ့အဖြူ ရောလုပ်ပါလိမ့် မတုံး.... (မသိလို့ပါဘုရား)။

ဒါဖြင့် မသိတာက အဝိဇ္ဇာ၊ အမဲအဖြူရောလုပ်ထားတာက (သင်္ခါရပါဘုရား) ဒါဖြင့် အဝိဇ္ဇာပစ္စယာ.... (သင်္ခါရပါ ဘုရား) သင်္ခါရာ.... (မှန်ပါ့) ကြည့်စမ်းပါဦး ရှင်းပလား.... (မှန်ပါ့)။

ဩော်.... တကာ တကာမတွေ ရောလုပ်တာ ခင်ဗျားတို့က ကုသိုလ်ဟာ သူ့ချည့်သက်သက် အဖြူဘဲ၊ သို့သော်....ဘုံဘဝကို လိုချင်တဲ့ ဆန္ဒတဏှာကလေးနဲ့ ရောလိုက်တော့ ဦးကျော်မောင် အမဲ့အဖြူရောတယ်....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ လုပ်တဲ့ကုသိုလ်ဟာ အမဲ့အဖြူမှ ဟုတ်ကဲ့လား.... (ဟုတ်ပါတယ်ဘုရား) ဒါဖြင့် အမဲ့အဖြူဆိုတာ လုပ်ကောင်းတာလား၊ မလုပ်ကောင်းတာလားလို့ မေးတဲ့အခါ ကျတော့ မေးမနေပါနဲ့တဲ့၊ သူ့ကို ကျေးဇူးပြုနေတဲ့ အဝိဇ္ဇာနဲ့ ပြုလုပ်တာ.... (မှန်ပါ့) ခိုင်းလို့ သူလုပ်နေတာ၊ ကဲ.... လုပ်ကောင်း, မလုပ်ကောင်း စဉ်းစားပါ.... ( မလုပ်ကောင်းပါဘုရား)။

သူ အုပ်ချုပ်နေတဲ့ အဝိဇ္ဇာကြောင့် လုပ်ဖြစ်တာကိုး-(မှန်ပါ့) ဒါဖြင့် အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား)။

နောက်က ဟသ်ာတက တကာမကြီးတွေ မြင်ရဲ့လား.... (မြင်ပါတယ်ဘုရား) အေး....နောက်က ဟို....လူစုတွေ တွေ့ရဲ့ မဟုတ်လား....)တွေ့ပါတယ်ဘုရား)။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ပေါ်ပြီ၊ အဲဒီ တခဏ်းတည်းကို အခု ပြောနေတယ်၊ ဒီ့ပြင်အခဏ်းကို မကြည့်ပါနဲ့.... (မှန်ပါ့ ဘုရား)။

အောက်နား သွားကြည့်တဲ့အခါကျတော့ သူ့အောက်နားက လွန်လေပြီးသော အတိတ်ကာလလို့ မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ လွန်ခဲ့သော ဘဝက မှားချက် နှစ်ခု.... (မှန်ပါ့) အတိတ်အကြောင်းတလွာတဲ့၊ ဒါ-အတိတ်အကြောင်း

ကွတဲ့၊ ဟုတ်လား .... (မှန်ပါ့) အောက်သွားလိုက်တော့ ဘာသစ္စာတဲ့လဲ....(သမုဒယသစ္စာပါဘုရား)။

ကဲ.... ခင်ဗျားတို့က ကုသိုလ်ကို ကောင်းတယ်လို့ ထင်နေတယ်၊ ဘုရားက ဘာသစ္စာတဲ့တုံး.... (သမုဒယသစ္စာပါဘုရား) ကုသိုလ် သမုဒယသစ္စာ.... (မှန်ပါ့) မောင်သစ်- ဘယ်လောက်ဆိုးသွားသတုံး....(ဆိုးပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ကို ဘုန်းကြီးက အတိအလင်း ပြောပါတယ်၊ တကာတကာမတို့ ခင်ဗျားတို့က ကုသိုလ်လုပ်တဲ့ ဥစ္စာကို ဘုန်းကြီးက ကုသိုလ်မကြိုက်လို့ မဟုတ်ပါဘူး၊ သစ္စာဖွဲ့ကြည့်ပါဆိုတော့မှ ပေါ်လာတယ်....(မှန်ပါ့) ဘာပေါ်လာသတုံး.... (သမုဒယသစ္စာပေါ်လာပါတယ်ဘုရား)။

သမုဒယသစ္စာဆိုကတည်းက ဦးဘသော် ဒုက္ခသစ္စာပေးဘို့ဘဲ ရှိတယ်....(မှန်ပါ့)သမုဒယသစ္စာက အကြောင်းကိုးဗျ၊ဒုက္ခသစ္စာ အကျိုးပေးဘို့မှ တပါး ဘာ ရှိသေးသတုံး.... ( ဘာမှ မရှိပါဘုရား)။

ကြည့်လေ....ကုသိုလ်ဗျ၊ သင်္ခါရဟာ ကုသိုလ်နော်-(မှန်ပါ့) ကဲ....ဘုံဘဝ ဆုတောင်းလုပ်တော့ တဏှာက ပါမနေဘူးလား ( ပါ-ပါတယ်ဘုရား ) ပါတော့ သူကလဲ အကုသိုလ်မနေဘူးလား.... (နေပါတယ်ဘုရား) ကုသိုလ်နဲ့ အကုသိုလ် မရောဘူးလား.... (ရောပါတယ်ဘုရား) တဏှာချည့် သက်သက်ဆိုယင်လဲ ခင်ဗျားတို့ လူခန္ဓာဖြစ်ပါ့မလား.... (မဖြစ်ပါဘုရား) ကုသိုလ်ကလေးက ပါနေလို့....(မှန်ပါ့)။

ကဲ.... ဒါဖြင့် လူခန္ဓာဖြစ်အောင် အဝိဇ္ဇာသင်္ခါရဆိုတာ

မိဿကသင်္ခါရ၊ ကုသိုလ်လဲ့ပြုဟယ်ကွ၊ တဏှာလည်း ခြံရံတယ်ကွ....တဲ့....(မှန်ပါ့) မခြံရံဘူးလား....(ခြံရံပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ.... (သင်္ခါရာပါဘုရား) ဘာသစ္စာတဲ့တုံး....(သမုဒယသစ္စာပါဘုရား)။

ကိုင်း....နောက်က တကာမကြီးတို့လူစု သေသေချာချာ စဉ်းစားပါ၊ တွေ့တယ်မဟုတ်လား၊ စာကို သေသေချာချာကြည့်ပါ....(တွေ့ပါတယ်ဘုရား) ဘာသစ္စာတဲ့တုံး.... (သမုဒယသစ္စာပါဘုရား)။

ဘယ်နည်းနဲ့ ကောင်းဦးမှာတုံးဗျ ဒီဥစ္စာ.... (မှန်ပါ့ဘုရား) မကောင်းတော့ပါဘူး....၊ ကံကလဲ အမဲအဖြူ ရောတဲ့ကံဗျ....(မှန်ပါ့) မရောဘူးလား....(ရောပါတယ်ဘုရား)။

သင်္ခါရမှာ အမဲအဖြူ မရောဘူးလား.... ( ရောပါတယ်ဘုရား) ကုသိုလ်လဲ သူပြုပါတယ်တဲ့၊ အခုလဲ ကျမ်းမာစေချင်တယ် ခန္ဓာကိုယ်ကြီးကို၊ အင်း....နောက် ရောက်ရာဘဝလဲ ကျန်းမာစေတော့- ချမ်းသာစေတော့ ဆိုတာလဲ ဒါကလဲ ပါလိုက်သေးတော့ကို စဉ်းစားမိကြပလား မိဿကဖြစ်.... မဖြစ်....(ဖြစ်ပါတယ်ဘုရား)။

မိဿက ဘယ့်နှယ်ကြောင့် လုပ်ဖြစ်တာတုံးဆိုယင် မောင်သစ် အဖြေထွက်စမ်းပါ....(အဝိဇ္ဇာ အုပ်ချုပ်ထားလို့ပါဘုရား)။

အဝိဇ္ဇာအုပ်ချုပ်ထားတယ်.... (မှန်ပါ့) ကဲ....ကုသိုလ်ကောင်းသလား.... မကောင်းဘူးလား ဒီကုသိုလ်မျိုးဘဲ ပြောပါတယ်....(မကောင်းပါဘုရား)။

မကောင်းတာကောင်းတာ ကိုမြမောင်က ဘာမှ ခင်ဗျားတို့က ဆင်ခြေလဲနေဘို့မရှိဘူး၊ သစ္စာဖွဲ့ကြည့်လိုက်....(မှန်လှပါ) ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)။

သမုဒယသစ္စာဆိုတာ ပယ်ရမည့်သစ္စာလား၊ ဆောင်ထားရမည့် သစ္စာလား....(ပယ်ရမည့် သစ္စာပါဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

တရားစစ်ပြောတော့ ဒါ.... ပြောရတော့မယ် ဦးခင်မောင်ရ-(မှန်လှပါ) မပြောထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား)။

ဖုံးကွယ် ဝှက်ပြီး သကာလ ခင်ဗျားတို့ဆီ သာမည တရားနဲ့ သာမညဆရာသမားနဲ့ အလှူခံစားဆိုလို့ရှိယင် ဒီ- သမုဒယသစ္စာ အကောင်းလို့ ခေါ်ရမှာပေါ့....(မှန်ပါ့)။

မောင်သစ် ဘယ့်နှယ်တုံး.... (သမုဒယသစ္စာ အကောင်းလို့ ခေါ်ရမှာပါဘုရား) အကောင်းလို့ ခေါ်ရမယ်.... ( မှန်ပါ့ ) ခင်ဗျားတို့လဲ ကြားနေမှာဘဲ.... (ကြားပါတယ်ဘုရား)။

သမုဒယသစ္စာအကောင်း လုပ်ဟောနေတာ၊ သစ္စာက ဖေါက်ပြန်သလား၊ မဖေါက်ပြန်တာ သစ္စာလို့ ခေါ်သလား.... ( မဖေါက်ပြန်တာ သစ္စာလို့ ခေါ်ပါတယ်ဘုရား ) ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)။

ဖေါက်ပြန်ဦးမှာလား-သူက.... (မဖေါက်ပြန်ပါဘုရား) ဒုက္ခသစ္စာမှ တပါး၊ သူ-အကျိုးပေးပါ့မလား.... ( မပေးပါဘုရား ) ဘာပေးမတုံး၊ သူပေးယင်.... ( ဒုက္ခသစ္စာဘဲ ပေးပါမယ်ဘုရား ) သေချာပလား....(သေချာပါပြီ)။

ကဲ....ခင်ဗျားတို့က ကုသိုလ်ဆိုယင် ကျုပ်-တနေ့က ဥပုသ်နေ့က ပြောသလို နည်းရောင်း, များရောင်း ကုသိုလ်ဆိုတာ စုဟေ့....တောင်းပြည့် ပြီးရောဘဲ....၊ ဦးကျော်မောင် မိုးကြိုးပစ်တာထက် နာသေးတယ်-ဒီဟာ....၊ မနာဘူးလား.... (နာပါတယ် ဘုရား)။

ဘာဖြစ်လို့ တုံးဆိုတော့ မောင်သစ် မိဿက ဖြစ်နေတယ်ကွ- (မှန်ပါ) ဘုံဘဝလိုချင်တာက.... ( အမဲ ) ပြုတဲ့ ကုသိုလ်က.... (အဖြူပါဘုရား) အမဲ-အဖြူကို ရောချထားတယ်....( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီ)။

အမဲ-အဖြူ ရောချထားတော့ကို ဘာသစ္စာ ဖြစ်သွားသတုံး- (သမုဒယသစ္စာဖြစ်ပါတယ်ဘုရား)။

ကဲ.... ဒါဖြင့် ကြည့်လိုက်၊ အဝိဇ္ဇာကလဲ သမုဒယသစ္စာ.... ( မှန်ပါ ) သင်္ခါရကလဲ ဒီမြွားကြည့်ပါ၊ သမုဒယသစ္စာဘဲ.... (မှန်ပါ) ကဲ....ဒီမြွားအတိုင်း လိုက်ကြဦးစို့ ဆိုတော့ အဝိဇ္ဇာက ဆက်ပြီး အထက်ကြည့်လိုက်စမ်း၊ ကိလေသဝဋ္ဋ်လို့ ဆိုထားတယ်- (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ကဲ....သင်္ခါရကနေ အထက်ဆက်ပြီး မြွားအတိုင်းလိုက်၊ သူ ညွှန်ပြလိုက်တဲ့နေရာ ကြည့်လိုက်တော့.... ( ကမ္မဝဋ္ဋ်ပါဘုရား )။

ကိုင်း....ခင်းဗျားတို့ အကောင်းလား၊ အဆိုးလား၊ ဘုန်းကြီး က- ဘာပြောနေစရာ လိုသေးသတုံး....(မလိုပါဘုရား)။

ဒါ....မနေ့ကလဲ ရှင်းပြီးပြီ.... (မှန်ပါ) မရှင်းသေးဘူးလား.... (ရှင်းပါပြီ) ပေါ်ကြရဲ့လား....၊ နောက်က တကာတကာမတွေ- (ပေါ်ပါတယ်ဘုရား) ဘာ-ဝဋ္ဋ်တွေများ ခင်ဗျားတို့ လုပ်နေကြသတုံး....(ကိလေသဝဋ္ဋ်-ကမ္မဝဋ္ဋ်တွေ လုပ်နေပါတယ်ဘုရား)။

အဝိဇ္ဇာ ဝင်ထဲလဲကြည့်လိုက်၊ အထက်ကို မြွှားတွေနဲ့ ကြည့်လိုက်တဲ့အခါကျတော့ မြွှားထောင်ပြတယ် ကိလေသဝဋ်က.... (မှန်ပါ) သင်္ခါရကလဲမြွှားထောင်ပြလိုက်တဲ့ နေရာကြည့်လိုက်တော့ ဘာတဲ့တုံး- (ကမ္မဝဋ်ပါဘုရား)။

ဟော....ဦးဘသော်ကြီး ယောင်ချာချာ လုပ်နေလို့ မတော်ဘူး၊ ယောင်ချာချာ မိဘရိုးရာနဲ့ ခင်ဗျားတို့ တော်ပါ့မလား-- (မတော်ပါဘုရား)။

ဦးမြမောင်တို့ ဒီရောက်လာတာ ကံကောင်းတယ် အောက်မေ့ပါ.... (မှန်ပါ) နို့မဟုတ်ယင် ဒီဥစ္စာ ခင်ဗျားတို့ ကုသိုလ်ဆိုယင် အကောင်းချည့်ဘဲလို့ တခါတည်း ဆုံးဖြတ်ချက်ချမယ်-- (မှန်ပါ) သမုဒယသစ္စာလို့ ဟောတဲ့ပုဂ္ဂိုလ် အလွန်နည်းပါလိမ့်မယ်.... (မှန်ပါ) စင်စစ်တော့ သူဘာသစ္စာတုံး.... ( သမုဒယသစ္စာပါဘုရား) နားကြီးကြီးနဲ့ ထောင်မှ ရမယ်နော်.... ဦးမြမောင်....

သမုဒယသစ္စာတဲ့၊ ဘာကြောင့် သူ့ကို သမုဒယသစ္စာဆိုရပါလိမ့်မတုံးလို့ မောင်သစ်က မေးယင် အဝိဇ္ဇာအုပ်ချုပ်လို့.... (မှန်ပါဘုရား)။

ကဲ....ဦးဘသော် အဝိဇ္ဇာအုပ်ချုပ်သလား၊ မချုပ်ဘူးလား.... (အုပ်ချုပ်ပါတယ်ဘုရား)။

သစ္စာမသိတဲ့ ပုဂ္ဂိုလ်မို့ ဒီကုသိုလ်နဲ့ ဒီဆုတောင်းလုပ်တာပေါ့ဗျ....(မှန်လှပါ) သစ္စာသိတဲ့ ပုဂ္ဂိုလ်ဖြစ်ယင် ဒီကုသိုလ်မျိုးကိုလဲ မလုပ်ဘူး၊ တခြားကုသိုလ်လုပ်တော့မယ်....(မှန်ပါ) ဒီဆုတောင်းလဲ မလာတော့ဘူး....၊ လာပါ့မလား.... ( မလာပါ

ဘုံဘဝ မလိုချင်တဲ့ ကုသိုလ်လုပ်မှာဘဲ၊ မဟုတ်ဘူးလား.... (မှန်ပါ့) ဘုံဘဝဆုတောင်းတဲ့ တဏှာကိုလဲ သတ်ပစ်မှာဘဲ.... (မှန်ပါ့) အခုတော့ သတ်စရာရှိသေးရဲ့လား.... (မရှိပါဘုရား) အခုတော့ အားထုတ်တာဘဲ ရှိတော့တယ်....(မှန်ပါ့)။

ကဲ....ဒါ့ကြောင့် ခင်ဗျားတို့ ဦးကျော်မောင် ခင်ဗျားကလဲ မိတ္ထီလာက လာပြီး ဆရာကောင်း- သမားကောင်းနဲ့ လာတွေ့တယ်၊ ဦးမြမောင်ကလဲ ရမ်းလိုက်လာပြီး လာတွေ့တော့ ဒီလုပ်သ၍ အမှားချည့်ပါလားဆိုတာ ပေါ်လာတယ်.... ( မှန်ပါ့ ) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အမှားချည့်ဘဲဗျ.... (မှန်ပါ့) သမုဒယသစ္စာချည့် လုပ်လာကြတယ် .... (မှန်လှပါ) သမုဒယသစ္စာချည့် လုပ်လာကြတယ်ဆိုယင် ဦးကျော်မောင် ဘာသစ္စာအကျိုးပေးရမှာတုံး.... (ဒုက္ခသစ္စာ အကျိုးပေးမှာပါဘုရား)။

ကဲ....ငြင်းဘို့လိုသေးသလား မောင်သစ်.... (မလိုပါဘုရား) မလိုတော့ပါဘူးဆိုတာ တကာတကာမတွေ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကဲ....ဦးမြမောင် ကျေနပ်ပလား.... ( ကျေနပ်ပါပြီဘုရား ) နောက်ကျတော့ ဘုန်းကြီးက ကုသိုလ်အစစ်လုပ်နည်း ပြောမှာပေါ့ဗျာ....(မှန်ပါ့)။

အခုတော့ ခင်ဗျားတို့ လုပ်လာတဲ့ အမှားတော်ပုံကြီးကိုမှ မှားတာကိုမှမှားမှန်းမသိတော့ အမှားဖော်နေတာလို့ မှတ်ရမယ် (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်....(အမှားဖော်နေတာပါဘုရား) အမှားကို ဖော်ပြောနေတာ.... (မှန်ပါ့) ကဲ....ခင်ဗျားတို့ အခု ဒီနေ့

ကြားရတာဘဲဗျ.... (မှန်ပါ) ဒီ့အပြင်တော့ မကြားရဘူး.... (မကြားရပါဘုရား)။

မကြားရဘူး၊ မင်းတို့'နိဗ္ဗာနပစ္စယော'ဆိုယင် ပြီးတာဘဲကွာ၊ ဒါ-ကုသိုလ်ဘဲ.... အစရှိသည်နဲ့ ဒီလောက်ကလေးနဲ့သာ ကင်းတိမ်နေတာဘဲ....(မှန်ပါ)။

မဟုတ်သေးဘူးတဲ့ ခင်ဗျားတို့က မိဿာ ကုသိုလ်လုပ်ထားတယ်၊ ကုသိုလ်လဲ လုပ်တယ်၊ ဘုံဘဝလဲ နိဗ္ဗာန်မရမိစပ်ကြားလဲ ဆက်လိုက်ချင်သေးတယ်....(မှန်ပါ) နိဗ္ဗာန်မရမိစပ်ကြားဆိုတာ ဒီဘုံဘဝပေါ့ဗျ....(မှန်ပါ)။

၂-နံပါတ်မလိုချင်ပေဘူးလား.... ( လိုချင်ပါတယ်ဘုရား ) လူချမ်းသာ- နတ်ချမ်းသာ- ဗြဟ္မာချမ်းသာ မလာပေဘူးလား.... (လာပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘာသစ္စာတဲ့တုံး....(ဒုက္ခသစ္စာပါဘုရား) ဘယ်တုန်းက လုပ်ခဲ့တာတွေတုံး....(အတိတ်က လုပ်ခဲ့တာပါဘုရား)။

အဲ....လွန်လေပြီးသော အတိတ်က လုပ်ခဲ့တယ်တဲ့၊ ဟာ....ဘာဝဋ်နှစ်ခုများ လုပ်ခဲ့ပါလိမ့်မတုံး.... (ကိလေသာဝဋ်- ကမ္မဝဋ်ပါဘုရား)။

ကိုင်း.... ခင်ဗျားတို့ ဝဋ်ပြတ်မှ နိဗ္ဗာန်ရောက်မည့်ဥစ္စာ ဝဋ်လုပ်နေကတည်းက သွားပြီ.... (မှန်ပါ) ကဲ....ဦးကျော်မောင် ဝဋ်ပြတ်မှ နိဗ္ဗာန်ရောက်တယ်မဟုတ်လား.... (မှန်လှပါဘုရား) နို့-ဘာတွေ လုပ်နေကြသတုံး.... ( ဝဋ်တွေလုပ်နေကြပါတယ်ဘုရား) ဘာဝဋ်နဲ့ ဘာဝဋ်တုံး.... (ကိလေသာဝဋ်နဲ့ ကမ္မဝဋ်ပါဘုရား)။

ဒါ ဘုန်းကြီးက ပြောတာလား....၊ အဝိဇ္ဇာကလဲ ဘုရားက ကိလေသဝဋ်လို့ ဟောတာမှတပါး ဘာမှ မရှိဘူး.... (မှန်ပါ) ဒီကလဲ စေတနာသင်္ခါရကို "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဆိုတော့ ကမ္မဝဋ်မှတပါး ဘာဟောစရာ ရှိသေးသတုံး (မရှိပါဘုရား)။

ခင်ဗျားတို့ ဘုန်းတော်ကြီးတွေ ရွတ်နေတာ ကြားမှာပေါ့ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဆိုတာ ကမ္မဝဋ်ဟောတာ ဘဲ....(မှန်ပါ)။

အဲ....ခင်ဗျားတို့ကတော့ ဒါကို အကောင်းကြီးပေါ့လေ.... (မှန်ပါ) အကောင်းကြီးထင်နေတယ်၊ စင်စစ် ဝဋ်နဲ့တွေးလိုက်တဲ့ အခါကျတော့ ဘာဝဋ်ဖြစ်သွားသတုံး.... ( ကမ္မဝဋ်ပါ ဘုရား)။

ကမ္မဝဋ်ဖြစ်သွားတယ်ဆိုကတည်းက ဩော်.... ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်ပြီ....၊ ကမ္မဝဋ်ဖြစ်လို့ရှိယင် သေသည်၏ အခြားမဲ့၌ ဝိပါကဝဋ်ဆိုတာ လာတော့မှာဘဲ....(မှန်ပါ့ဘုရား) ငြင်းဘိုလိုသေးသလား....(မလိုပါဘုရား) မလိုတော့ဘူး။

ဒါဖြင့် အတိတ်ဘဝက ခင်ဗျားတို့ သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာကြောင့် ပြုချင်သလိုပြုတဲ့ အကုသိုလ်သင်္ခါရနဲ့ ဘုံဘဝ ဆုတောင်းတဲ့ ကုသိုလ်သင်္ခါရနှစ်ခုကို လုပ်ခဲ့တယ်.... (မှန်လှပါ ဘုရား)။

ဦးဘသော် ရိပ်မိပလား-(ရိပ်မိပါပြီဘုရား) အဲဒီတော့-ဒါကို အကြောင်းအကျိုးကင်းပါသလားလို့ မေးတော့ အဝိဇ္ဇာပစ္စယာ

(သင်္ခါရပါဘုရား) ဟုတ်ကော-ဟုတ်ကဲ့လား....(ဟုတ်ပါတယ် ဘုရား) မသိလို့ဆိုတာဘဲ....(မှန်လှပါ) ဦးကျော်မောင် မသိလို့ လုပ်တယ်....(မှန်လှပါ) ထောက်ကြည့်စမ်း....(မသိလို့လုပ်ပါတယ်ဘုရား) ကဲ....မသိလို့ ပြုလုပ်တာဘဲ....(မှန်ပါ့)တယ်လဲ ဆိုးဝါးပါကလား....(ဆိုးဝါးပါတယ်ဘုရား)။

မသိလို့ ပြုလုပ်တာဘဲ....၊ ဒီ့ပြင်ကုသိုလ်တွေ လုပ်စရာတွေ အများကြီးဘဲ.... (မှန်ပါ့) မရောဘဲနဲ့ဗျာ....အမဲမရောဘဲနဲ့ ဆိုတော့ အများသားဘဲ....(မှန်ပါ့)။

အခုတော့ အိမ်သား ကျန်းမာအောင် ဆွမ်းကျွေးဆိုတော့ ခန္ဓာငဲ့တာ.... (မှန်ပါ့) ခန္ဓာခင်တွယ်တဲ့ တဏှာပါသွားပြီ.... (ပါ-ပါတယ်ဘုရား)။

အားလုံး အန္တရာယ်ကင်းအောင် ဆွမ်းကျွေးတယ် ဆိုတော့ သွားပြီ....သွားပြီ....၊ ခင်တွယ်တဲ့ တဏှာကော မပါဘူးလား.... (ပါ-ပါတယ်ဘုရား) ကုသိုလ်ကော မလုပ်ဘူးလား.... (လုပ်ပါတယ်ဘုရား) ဒါဖြင့် ဘာဝဋ်တဲ့တုံး....(ကမ္မဝဋ်ပါဘုရား)။

ကမ္မဝဋ်၊ ဘယ့်နှယ်ကြောင့် လုပ်ဖြစ်တာတုံး၊ ခန္ဓာခင်လို့ ဆိုတာ အဝိဇ္ဇာနဲ့ မသိလို့ခင်တာ.... (မှန်ပါ့) မသိလို့ခင်တော့ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်လုပ်တယ်.... (မှန်ပါ့)။

ဦးဘသော် နှင်ထုတ်ပစ်ဘို့ ကောင်းပြီ၊ နောက်ကပဟာတွေ မှားချက်ကဖြင့် သန်လိုက်တာဆိုတဲ့ဥစ္စာ....(မှန်ပါ့) ဦးမြမောင် ဂျွမ်းထိုးသေဘို့ဘဲ.... (မှန်လှပါ)။

မသိခင်တုန်းကတော့ ကိုယ့်ဟာကိုယ် အတော်ဟုတ်နေတာ ဟင်....(မှန်လှပါ) မသိခင်တုန်းကတော့ ငါလုပ်တာ ဒါအထုပ်

ကြီးကွန့်ပြောနေတာ၊ ဒီအထုပ်ကြီးပေါက်ယင် သေပါလိမ့်ဦးမယ်၊ ဒီအထုပ်ကြီးမှန်လို့....(မှန်ပါ့)။

အင်မတန် ကြောက်စရာ ကောင်းတယ်ဆိုတာ ဒါ့ကြောင့် ဦးမြမောင် ခင်ဗျား ကံကောင်းလို့ ဆရာကောင်းရှာပြီး ခင်ဗျားလိုက်လာတာ....(မှန်ပါ့) တော်....တော်သေးရဲ့.... (မှန်ပါ့)။

ဦးကျော်မောင် သာမည ဆရာသမားတွေနဲ့တွေ့ယင် ငါးပါးမှောက်တယ်....(မှန်ပါ့) မမှောက်ပေဘူးလားဗျာ....(မှောက်ပါတယ်ဘုရား)။

ဟင်....မှောက်လဲ မှောက်ခဲ့ပြီဗျ၊ မှောက်တယ်လို့ ပြောမနေနဲ့တော့၊ မမှောက်ခဲ့ဘူးလား....(မှောက်ခဲ့ပါတယ်ဘုရား)။

မှောက်ခဲ့ပြီးပြီ၊ နည်းတာတွေမဟုတ်ဘူး၊နည်းတာတွေမဟုတ်ဘူး....(များလှပါပြီဘုရား) အကြိမ်များလှပြီ....တဲ့။

ဒါ့ကြောင့် ပြောရတယ်....၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ကို ဒီအတိုင်းနေတော့ ခင်ဗျားတို့က ဘယ်လောက်မှ မသိသေးဘူး၊ သစ္စာကြည့်လိုက်တဲ့အခါကျတော့မှ အရုပ်ဆိုးသွားတယ်....(မှန်လှပါ) ဘာသစ္စာတုံး.... (သမုဒယသစ္စာပါဘုရား)။

သမုဒယသစ္စာဟာ ကောင်းကျိုး ပေးလေ့ရှိသလား....ဆိုးကျိုးပေးလေ့ရှိသလား.... (ဆိုးကျိုးပေးလေ့ရှိပါတယ်ဘုရား)။

ကဲ....မောင်သစ် ပေါ်ပြီဗျ....( ပေါ်ပါပြီ ) ပေါ်ပြီ....တဲ့ ဦးကျော်မောင်-ဒါ....ကုသိုလ်ဘက်က ဟောတာနော်....အကုသိုလ်ချည့် သက်သက်ဆိုယင် ဘုန်းကြီး ဟောစရာတောင် မလိုတော့ဘူး.... ( မှန်ပါ့ ) ကုသိုလ်လုပ်တာတောင် မိဿက ရောနေလို့ အများကြီးဟောနေရတယ်....(မှန်ပါ့)။

ခင်ဗျားတို့ ဆွမ်းကလေး၊ ကွမ်းကလေး ကျွေးချင်လာကြတဲ့ အခါကျတော့ ဘယ်အချိန်တုံး မေးတဲ့အခါကျတော့ စီးပွား ရေး တက်တဲ့အချိန်.... (မှန်လှပါဘုရား) ဆွမ်း၊ ကွမ်းကလေး ကျွေးချင်တယ်.... (မှန်ပါ့) ဘာဖြစ်လို့လဲ တိုးသည်ထက် တိုး အောင်လို့....(မှန်ပါ့) လာပြီ၊ တဏှာက လာပြီ.... ( မှန်ပါ့ ) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ပြီးတော့ စီးပွားရေးကျပြန်တော့လဲ ဒို့အိမ် ဂိုဟ်ဝင် ထင်ပါ ရဲ့ကွာ၊ ဂြိုဟ်ပြေ-နံပြေ ကျွေးကြဦးစို့....တဲ့.... (မှန်ပါ့) သွား ပြန်ပြီ၊ ခန္ဓာချည့်ငဲ့တာဘဲ.... ( မှန်ပါ့ ) ဘာငဲ့ သတုံး.... (ခန္ဓာ ငဲ့ပါတယ်ဘုရား)။

ခန္ဓာကို ငဲ့ကတည်းက ခန္ဓာငဲ့တာသည် ခန္ဓာက ဥပါဒါ နက္ခန္ဓာကိုး....(မှန်ပါ့) တဏှာက ငဲ့တာ.... (မှန်ပါ့) ဒါ့ကြောင့် သူ့ကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်....(မှန်ပါ့) ပေါ်ပလား- (ပေါ်ပါပြီဘုရား)။

ကဲ....သဘောကျကြပလား.... (ကျပါပြီ) ခန္ဓာက ဘာခန္ဓာ တဲ့ဗျာ.... ဥပါဒါနက္ခန္ဓာပါ) ဥပါဒါနက္ခန္ဓာ = ဥပါဒါန်၏အာရုံ ကွ၊ သူ့ကို ငဲ့တယ်ဆိုကတည်းက တဏှာက ငဲ့တာ....(မှန်ပါ့) မငဲ့သေးဘူးလား....(ငဲ့ပါတယ်ဘုရား)။

ငဲ့ကတည်းကိုက ဒါ....ဥပါဒါနက္ခန္ဓာ ငဲ့လိုက် ကတည်းကို က ခင်ဗျားတို့ စဉ်းစားကြည့်ပါလား၊ ဝဋ္ဋထွက်ကြောင်း ပါ သေးရဲ့လား....(မပါ-ပါဘုရား) ဝဋ္ဋကို ပြန်လုပ်တာ....(မှန်ပါ့) ဒါဖြင့် အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား)

အို....ခင်ဗျားတို့ ဒီ ဆွမ်းမျိုးချည့်ကျွေးနေလို့ရှိယင် ဒီဘုရား မျိုးချည့် တည်နေကြမယ်ဆိုယင် ဂြိုဟ်ပြေ - နံပြေကြောင့်ချည့် တည်နေကြမယ်ဆိုယင်တော့ သွားပြီ....(မှန်ပါ့)။

ဒီ ဘုရားတည်မှ ဒီဒေါင့်မှာ တံခွန်-ကုက္ကား မလေးပွား စိုက်ရ မယ်ဆိုတဲ့၊ အာယု, နဂရ, ဘုမ္မိတွေနဲ့များ သွားနေယင်တော့.... သွားပါပြီ....(မှန်ပါ့)။

နို့ဒါတွေကလဲ ခင်ဗျားတို့က မပါ-မပြီးတဲ့ အလုပ်တွေ၊အခု ခေတ်မှာ၊ အခုခေတ်မှာ....( မှန်ပါ့ ) တေဇ အရပ်မှာ ဘာလုပ်ရ မယ်၊ ဘုရားတန်ဆောင်း လုပ်ရမယ်ကိုး၊ ဒါမှ အသက်ရှည်မယ် ကိုး....(မှန်ပါ့) ကဲ....ခန္ဓာ ငါ့-မငါ့.... ငါ့ပါတယ်ဘုရား)။

ခန္ဓာငါ့ကတည်းက ခန္ဓာက ဘာခန္ဓာတုံး....(ဥပါဒါနက္ခန္ဓာ) ဘယ်သူက ငါ့တာတုံး ဆိုတော့ ဥပါဒါန်က ငါ့တာ.... (မှန်ပါ့)။

တဏှာ ဥပါဒါန်က ဘာတုံး....( ငါ့ပါတယ်ဘုရား) ကောင်း သေးရဲ့လား....( မကောင်းပါဘုရား )။

တဏှာ ဥပါဒါန် ဘာ-သစ္စာတုံး၊ ကြည့်လေ- ဒီမှာ.... (သမု ဒယသစ္စာပါ) အဲ....ပေါ်နေပြီ-မဟုတ်ဘူးလား....( မှန်ပါ့ ) ရှင်းပလား....( ရှင်းပါပြီ )။

ဒါဖြင့်....လူပြိန်း-သူပြိန်း ဒီ ကုသိုလ်တွေလုပ်လို့ တယောက် နိဗ္ဗာန်ရောက်ဘို့ ပါသေးရဲ့လား....( မပါ-ပါဘုရား )။

ဒါနရှင်ကြီးတွေဗျာ.... ကဲ၊ ဒါနရှင်ကြီးတွေတဲ့- မောင်သစ် အခု-ပြောနေတာတွေ ကြီးကျယ် လိုက်တဲ့ တိုက်ကြီးတွေ - တာ

ကြီးတွေ တံခွန်တိုင်ကြီးတွေ ဟုတ်လား....( မှန်ပါ့ ) ဒါနရှင်ကြီးတွေ ရောက်ပါ့မလားလို့ မေးကြည့်တော့....(မရောက်ပါဘုရား) စဉ်းစားမိပလား....(မှန်ပါ့)။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" လုပ်နေတာ....(မှန်ပါ့) ပေါ်ကြပလား....( ပေါ်ပါပြီ ) ဦးဘဘော် ခပ်အေးအေး မနေနဲ့-နော်....၊ တရားစစ်တွေ့တဲ့ အခါကျတော့ တွေ့ပြီလို့ ကိုယ့်ဟာကိုယ် နားကြီးကြီးထား....(မှန်ပါ့)နားများသေးကြသေးသလားကြီးလာပြီလား....(ကြီးလာပါပြီ) နားသေးလို့ မဖြစ်ဘူး၊ အစစ်ပြောရမှာ....(မှန်ပါ့)။

သစ္စာဆိုတာက ဦးမြမောင် အမှန်ပြောရမှာ....( မှန်ပါ့ )ဘာသစ္စာချည့် လုပ်ခဲ့ကြသလဲ.... (သမုဒယသစ္စာချည့် လုပ်ခဲ့ပါတယ် ဘုရား)။

ဩော် .... ငါ- သေယင် ဒုက္ခမှ ရောက်ပါ့မလားလို့ ဆိုတာသံသယရှိဘို့ လိုသေးသလား....( မလိုပါဘုရား ) လုပ်တုန်းကတော့ မိဿကကိုး....( မှန်ပါ့ ) ကုသိုလ်လဲပြုတယ်၊ ခန္ဓာလဲ ငဲ့တယ်....(မှန်ပါ့) မငဲ့ဘူးလား....(ငဲ့ပါတယ်ဘုရား)။

ကုသိုလ်လဲပြုတယ်၊ ခန္ဓာလဲငဲ့တယ်ဆိုတော့ အဝိဇ္ဇာပစ္စယာ-(သင်္ခါရာပါဘုရား) အဲ....ကုသိုလ်ပြုတယ် ဆိုတာလဲ သင်္ခါရဘဲ၊ခန္ဓာငဲ့တယ်ဆိုတာကော.... ( သင်္ခါရပါဘုရား ) သိလို့လား....မသိလို့လား....(မသိလို့ပါဘုရား)။

ခန္ဓာဟာ ဒုက္ခသစ္စာကြီးမှန်း မသိလို့ သူငဲ့တာပေါ့....( မှန်လှပါ ) ဒုက္ခသစ္စာမှန်းသိယင် .... (မငဲ့ပါဘုရား)။

မင်း....ဘယ်လိုဘဲ-ကျွေးကျွေး၊ ဘယ်လိုဘဲ-မွေးမွေး၊ ဘယ်လိုဘဲ-ဘုရားရှေ့ ဆုပန်နေနေ၊ မင့်-အတွက်ကတော့ ဒုက္ခသစ္စာဟာ

ဒုက္ခသစ္စာဘဲ၊ မင်းကျွတ်တဲ့ဆီကို ငါ-ရောက်ချင်လို့ ကျွေးတယ်ဆိုတာလဲ ပြီးသွားတာဘဲ....(မှန်ပါ့)။

မင်း-ကျွတ်တဲ့ဆီကို ငါရောက်ချင်လို့ ဘုရားတည်တယ်၊ မပြီးဘူးလား....(ပြီးပါတယ်-ဘုရား)။

အခုတော့....သူ့ကို ငံ့ငံ့နေတယ်.... (မှန်ပါ့) ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း မသိလို့ သုခသစ္စာဖြစ်အောင် မငံ့ဘူးလား.... ငံ့သလား.... (ငံ့ပါတယ်ဘုရား)။

အိမ်မှာ မကျန်းမမာရှိကြတယ်၊ ဒါ့ကြောင့် ဆွမ်းကလေး-ကွမ်းကလေး၊ ပစ္စုပ္ပန်အကူအညီကလေး ပေးကြဦးမှဘဲ-ဆိုတော့ ဒုက္ခသစ္စာသိလို့လား၊ မသိလို့လား.... (မသိလို့ပါဘုရား)။

မသိလို့....သုခသစ္စာဖြစ်မလားလို့ လုပ်ကြတာ.... ( မှန်ပါ့) လုပ်ပင်လုပ်ငြားသော်လဲ ဘယ့်နှယ်နေသတုံး....၊ သုခသစ္စာဖြစ်, မဖြစ်.... ( မဖြစ်နိုင်ပါဘုရား ) ဖေါက်ပြန် ပျက်စီးတာဘဲ.... (မှန်ပါ့)။

ဦးမြမောင် ရိပ်မိပလား.... ( ရိပ်မိပါပြီ ) ဦးဘသော်ကော.... (ရိပ်မိပါပြီ) ကဲ....ဒါဖြင့် အတိတ်ဘဝက ခင်ဗျားတို့ လိမ်မာခဲ့လေသလား....၊ မိုက်ခဲ့လေသလားဆိုတာ ဟောဒီသစ္စာက ပြောနေတယ်....(မှန်ပါ့) သစ္စာက မပြောဘူးလား.... (ပြောပါတယ်ဘုရား) ဘာသစ္စာတုံး....(သမုဒယသစ္စာပါ)။

သမုဒယသစ္စာဆိုတာ အမိုက်သစ္စာလား....၊ အလိမ်မာသစ္စာလား....( အမိုက်သစ္စာပါ ) ကိုင်း....အတိတ်ဘဝက ခင်ဗျားတို့ မိုက်ခဲ့တာကို ဘုန်းကြီးက ထုတ်ပြောနေဘို့ မလိုတော့ဘူး.... (မှန်လှပါ) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့်....ခင်ဗျားတို့ အတိတ်ဘဝက ဒီမသိသလို သစ္စာမသိဘဲနဲ့ ကုသိုလ်သင်္ခါရတွေ ပြုပြီးသကာလ ကုသိုလ် - အကုသိုလ်သင်္ခါရတွေ ပြုသောကြောင့် သေသည်၏-အခြားမဲ့၌ ၂-နံပါတ်သို့ ကူးသွားပြီလို့....ဦးမြမောင် မှတ်လိုက်....(မှန်ပါ)။

ဒီမှာ စပ်သွားပြီနော်....(မှန်ပါ) ၂-နံပါတ် ကူးသွားတော့ ပဋိသန္ဓေနေတဲ့ ဝိညာဏ် ဟုတ်လား....၊ နာမ်ရုပ်တွေမပေါ်ဘူးလား....(ပေါ်ပါတယ်) မျက်စိ, နား, နှာခေါင်း, လျှာ, စိတ်တွေကော....( ပေါ်ပါတယ်ဘုရား ) ဖဿ-ဝေဒနာတွေကော....(ပေါ်ပါတယ်ဘုရား) ပေါင်းလိုက်တော့ ခန္ဓာ-ငါးပါးဆိုလိုက်ပါတော့....(မှန်ပါ) ဘာသစ္စာတဲ့တုံး....( ဒုက္ခသစ္စာပါဘုရား ) ဟော....ပေါ်နေပြီ.... ခင်ဗျားတို့ ကုသိုလ်လုပ်တာ ဒုက္ခရောက်ပြီ (မှန်ပါ) နားကြားလို့တော့ မကောင်းဘူးပေါ့ဗျာ၊ ကုသိုလ်လုပ်လို့ ဒုက္ခရောက်နေတာ....(မှန်ပါ)။

မောင်သစ်....အခုတော့ ရှင်းပလား....(ရှင်းပါပြီ) ကုသိုလ်က ခင်ဗျားတို့က စင်စင်-ကြယ်ကြယ်မှ မလုပ်ဘဲ မိဿက လုပ်ထားတာကိုးဗျ....(မှန်ပါ) မိဿက ဆိုတာ ရောလုပ်ထားတဲ့အတွက် ဘာသစ္စာအကျိုးပေးသလဲ....( ဒုက္ခသစ္စာ အကျိုးပေးပါတယ် )။

ဩော်....ဘယ်တော့မျှ အကျိုးပေးပါလိမ့်မတုံး ဆိုတော့ ဒုက္ခသစ္စာ အထက်နားက ကြည့်လိုက်၊ ပစ္စုပ္ပန်အကျိုး....(မှန်ပါ) ဘာတဲ့တုံး....(ပစ္စုပ္ပန်အကျိုးပါဘုရား)။

ကဲ....အတိတ်အကြောင်း ခင်ဗျားတို့က ကြိုးစားခဲ့လို့ ပစ္စုပ္ပန်အကျိုးတော့-ရပြီတဲ့၊ ဘာသစ္စာရသတုံး....(ဒုက္ခသစ္စာရပါတယ်ဘုရား)။

အဲ....ဒုက္ခသစ္စာရတယ်တဲ့၊ ဒုက္ခသစ္စာဆိုတာ ဘယ်ဟာတုံး.... မသိမှာ စိုးလို့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ကွ-ဟုတ်လား....(မှန်ပါ) အရေအတွက် မသိမှာစိုးလို့ ပစ္စုပ္ပန် အကျိုးခြင်းရာ ငါးပါးကွ....ပြောလိုက်တယ်၊ အရေအတွက်မသိ မှာစိုးလို့....(မှန်ပါ) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ကဲ....ခင်ဗျားတို့ ခန္ဓာငါးပါးကြီး'ရထားတော့ ဒုက္ခသစ္စာ ကြီး....(မှန်ပါ) မောင်နိုင် ရှင်းပလား.... (ရှင်းပါပြီ)။

ဒုက္ခသစ္စာဆိုတော့ကိုတဲ့ .... တကာတကာမတွေ့ ဒုက္ခသစ္စာ ခန္ဓာကြီး ရထားတယ်ဆိုတော့ ဩော်....ဒုက္ခသစ္စာ ခန္ဓာကြီးဟာ သိကြား,ဗြဟ္မာ, ဘုရားလာဖန်ဆင်းလို့ ဒုက္ခသစ္စာပေါ်တာ လား....၊ အဝိဇ္ဇာသင်္ခါရတို့၏ အကြောင်းကြောင့် ပေါ်လာတာ လား....(အဝိဇ္ဇာသင်္ခါရတို့၏ အကြောင်းကြောင့် ပေါ်လာတာ ပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာသင်္ခါရက အကြောင်း ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာက....(အကျိုးပါဘုရား) အကျိုးဆို တော့ မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

အကြောင်း သမုဒယကြောင့် အကျိုးဒုက္ခဖြစ်တယ်၊ အလယ် ချင်း စပ်လိုက်ယင်....( မှန်ပါ ) အကြောင်း သမုဒယကြောင့်.... ( အကျိုးဒုက္ခဖြစ်ပါတယ်ဘုရား ) အကျိုးဒုက္ခဖြစ်တယ်ဆိုတာ ဟာသ်တက တကာမကြီး ပေါ်ပလား....(ပေါ်ပါပြီ)။

တယ်....အကျိုးပေးကောင်းတဲ့ ကုသိုလ်ပါလား....ဦးမြမောင် ရေ.... (မှန်ပါ) ဘာသစ္စာကြီးများ ရ,ထားပါလိမ့်....(ဒုက္ခသစ္စာ ကြီး ရ,ထားပါတယ်ဘုရား)။

ဒါ့ကြောင့် အခု ခင်ဗျားတို့ အအို-စိတ်ချရရဲ့လား၊ အနာ-စိတ်ချရရဲ့လား၊ အသေ-စိတ်ချရရဲ့လာ-.... ( မချရပါဘုရား ) ဘာသစ္စာမို့လဲ....( ဒုက္ခသစ္စာမို့ပါဘုရား ) သူက ပါနေတာ ကိုးဗျ၊ မောင်သစ် မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

ဒီခန္ဓာထဲကဘဲ လေနာ ရင်နာတွေနဲ့ နေ့စဉ်ပူနေရတယ်၊ မပူရဘူးလား....(ပူရပါတယ်ဘုရား) အစာ အာဟာရတွေနဲ့ကော.... ( ပူရပါတယ်ဘုရား ) ကျွေးကန်နေရတယ်- မဟုတ်ဘူးလား.... (မှန်လှပါ)။

အင်း....ဒီ့ပြင် ကျွေးကန်ရတာ အဝတ်-အထည်, အလိပ်တွေနဲ့ကော....( ကျွေးကန်ရပါတယ်ဘုရား ) ကျွေးကန်ရတာဘဲ။ ကောင်းကောင်းထားလို့ကို ရရဲ့လား....( မရပါဘုရား ) ဒီဘက်စောင်းယင်....ဒီဘက်ညောင်းတာဘဲ....(မှန်လှပါ)ဟိုဘက်စောင်းယင်.... (ဟိုဘက် ညောင်းတာပါဘဲဘုရား) အတည့်ထားပြန်ယင် အတည့်ညောင်းတာဘဲ....(မှန်ပါ့)ဘယ်လိုထားလို့မှ ရရဲ့လား-(မရပါဘုရား) ဘာသစ္စာမို့လဲ....(ဒုက္ခသစ္စာမို့ပါဘုရား)။

အဲဒါ....ဒုက္ခသစ္စာမို့ ....တဲ့၊ ဒါဖြင့် ခင်ဗျားတို့ အတိတ်က သိကြား-ဗြဟ္မာ, ဘုရားလာပြီး ဖန်ဆင်းလို့ ဒီ-ဒုက္ခသစ္စာ ရ,တာလား....၊ အဝိဇ္ဇာသင်္ခါရတို့အကြောင်းတရား ဆက်လိုက်လို့ ဖြစ်တာလား....(အဝိဇ္ဇာသင်္ခါရအကြောင်းတရားကြောင့် ရ,တာပါဘုရား)။

အဲဒါ....ဒီနှစ်ခု သိသွားတာ တော်တော်အဘိုးတန်ပြီဗျ။ ငါ-ဘယ်က လာပါလိမ့်မ**လဲ**ဆိုတဲ့ သံသယကုန်သွားတယ်.... (မှန်ပါ့) ဒါ....ဝိစိကိစ္ဆာသတ်လိုက်တာ....( မှန်ပါ့ ) ဝိစိကိစ္ဆာသတ်လိုက်

တာ....(မှန်ပါ့) သောတာပန် တည်တော့မလို့ ဝိစိကိစ္ဆာသတ်လိုက်တာ....(မှန်လှပါ)။

ခင်ဗျားတို့ ဘယ်သူဖန်ဆင်းလို့ ဒီခန္ဓာငါးပါးကြီးရပါလိမ့် မတုံးလို့ ဦးမြမောင်တို့၊ ဦးဘသော်တို့ မေးယင် ဘယ့်နှယ်ဖြေပါ့မလဲ.... ( အဝိဇ္ဇာသင်္ခါရပြုပြင်လို့ရတာပါဘုရား ) ဒါဘဲ.... ဘယ်သူဖန်ဆင်းတာမှ မဟုတ်ဘူး။ သိကြား-ဗြဟ္မာ့ဘုရားလာပြီး ဖန်ဆင်းတာမဟုတ်ဘူး။ ထာဝရဖန်ဆင်းတာ မဟုတ်ဘူး၊ ဟင်.... သဘောကျပလား....(ကျပါတယ်ဘုရား)။

အင်း....ထာဝရ ဖန်ဆင်းတာ မဟုတ်ဘူး၊ မဟာပိန္နဲက ဖန်ဆင်းတာ မဟုတ်ဘူး....(မှန်လှပါ) ဒါ....ဘာ သေသွားသတုံး.... အကြောင်းအကျိုးနားလည်သွားပြီမဟုတ်လား....( မှန်လှပါ ) သမုဒယသစ္စာကြောင့်(ဒုက္ခသစ္စာ ဖြစ်တာပါဘုရား) တိုတိုပြောယင် မဟုတ်ဘူးလား....(မှန်ပါ့)။

ရှည်ရှည်ပြောချင်တော့ အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဖြစ်ပါတယ်ဘုရား.... (မှန်ပါ့) မောင်သစ် ဒါ-ပြောရုံမှတပါး ဘာရှိသေး သတုံး.... (မရှိပါဘုရား) ဒါဖြင့် ခင်ဗျားတို့ အတိတ်နဲ့ ပစ္စုပ္ပန်အကြောင်း အကျိုး ဆက်တတ်ပလား....(ဆက်တတ်ပါပြီဘုရား)။

ဒါဖြင့် သိကြား, ဗြဟ္မာ, ဘုရားလာပြီး ဖန်ဆင်းလို့ ယခု ခန္ဓာကြီး ရတာမဟုတ်ဘူး....၊ အဝိဇ္ဇာ သင်္ခါရ တည်းဟူသော အကြောင်းတရားကြောင့် ပေါ်လာတာ.... (မှန်ပါ့) ဆိုနိုင်ကြရဲ့လား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ငါ-ဘယ်က လာပါလိမ့်မတုံးဆိုတဲ့ တွေးလုံးလာသေးရဲ့လား.... (မလာတော့ပါဘုရား) ဒါဖြင့် ဝိစိကိစ္ဆာသေပြီ.... (သေပါပြီဘုရား) ဝိစိကိစ္ဆာသတ်ပြတာ....(မှန်ပါ) မောင်သစ်ဘာသတ်ပြတာလဲ....(ဝိစိကိစ္ဆာသတ်ပြတာပါဘုရား) ဝိစိကိစ္ဆာသတ်ပြတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ)။

ဩော်....နေရာကျပြီ....တဲ့၊ အဲဒီတော့ ဝိစိကိစ္ဆာ တိုတိုသတ်ချင်တော့ သမုဒယသစ္စာနှစ်ခုကြောင့် ဒုက္ခသစ္စာ ငါးခုဖြစ်တယ် ( မှန်လှပါ ) ပေါ်ပလား.... ( ပေါ်ပါပြီဘုရား )။

သမုဒယသစ္စာ နှစ်ခုကြောင့်....(ဒုက္ခသစ္စာ ငါးခုဖြစ်ပါတယ်ဘုရား) အဲ....အခု ရ-ထားတာက ၁-ကွက်မှာလား....- ၂-ကွက်မှာလား ခင်ဗျားတို့....(၂-ကွက်မှာပါဘုရား)။

အဲ.... ၂-ကွက်မှာ ရ-ထားကြတယ်ဆိုတာ မပေါ်လာသေးဘူးလား....(ပေါ်လာပါပြီဘုရား) ဒါ- အခု ဒီနေ့ကစပြီး နာရီဝက်သာသာ ဟောလိုက်တာ ဘာသတ်တာတုံး မေးတော့မှ ခင်ဗျားတို့ ဝိစိကိစ္ဆာသတ်နေတာ....(မှန်လှပါ)။

ဘာသတ်နေတာတုံး.... ( ဝိစိကိစ္ဆာသတ်နေတာပါဘုရား ) ခင်ဗျား ဘယ်ကလာသတုံး ဦးမြအောင်ရ....(အဝိဇ္ဇာ သင်္ခါရက လာပါတယ်ဘုရား)။

အဝိဇ္ဇာသင်္ခါရက လာတယ်ဆိုတော့.... အမေ- မိဘကြောင့် လာတာမဟုတ်ဘူး....(မဟုတ်ပါဘုရား) ဖန်ဆင်းလို့....(မဟုတ်ပါဘုရား) လာတာမဟုတ်ဘူး၊ တပည့်တော်တို့ နောက်ဘဝက အဝိဇ္ဇာသင်္ခါရဆိုတဲ့ သမုဒယသစ္စာလုပ်ခဲ့လို့ ဒီဘဝမှာ ဝိညာဏ်

နာမ်ရုပ် သင်္ခါယတန ဖဿ ဝေဒနာဆိုတဲ့ ပစ္စုပ္ပန်ကာလမှာ ဒုက္ခသစ္စာဖြစ်တယ်....(မှန်လှပါ့ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကိုယ့်အကြောင်းကိုယ် အခုမှ သိလာတယ်.... ( မှန်လှပါ ) ကိုယ့်အကြောင်းကိုယ် အခုမှ သိလာတယ်ဆိုတော့ သိလာတယ်ဆိုကတည်းကိုက သံသယရှိသေးရဲ့လား.... မရှိတော့ဘူးလား.... (သံသယမရှိတော့ပါဘုရား)။

အဲ.... သံသယမရှိတော့ဘူး၊ သံသယမရှိယင် ဝိစိကိစ္ဆာသေတာ....(မှန်လှပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား) သံသယမရှိယင်.... (ဝိစိကိစ္ဆာသေပါတယ်ဘုရား) ဝိစိကိစ္ဆာသေတာဘဲဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....ဝိစိကိစ္ဆာသေပလား.... (သေပါပြီဘုရား) ခင်ဗျားတို့ဘယ်က လာခဲ့ကြသလဲ.... ( အဝိဇ္ဇာသင်္ခါရက လာခဲ့ပါတယ်ဘုရား) အခု ဘယ်ထဲရောက်နေသတုံး.... ( ဒုက္ခသစ္စာထဲရောက်နေပါတယ်ဘုရား) ဝိညာဏ် နာမ်ရုပ် သင်္ခါယတန ဖဿ ဝေဒနာရောက်နေတယ်....(မှန်ပါ့)။

ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဟုတ်မှ ဟုတ်ကဲ့လား ခန္ဓာကိုယ်ထဲမှာ အိုနာသေ ပါရဲ့လား.... (ပါ-ပါတယ်ဘုရား) ခဏခဏ ပြောင်းရလဲ့ရ ဖြစ်ပျက်တွေကော ပါရဲ့လား.... (ပါ-ပါတယ်ဘုရား) အင်း.... ဒါတွေ ဘာသစ္စာတုံး.... ( ဒုက္ခသစ္စာတွေပါဘုရား )။

အဲ.... ဒါဟာ ခင်ဗျားတို့ လိုချင်လို့ ရ-ထားတဲ့ ဒုက္ခသစ္စာလား....၊ မလိုချင်ဘဲနဲ့ ရ-ထားတာလား....(မလိုချင်ဘဲနဲ့ ရ-ထား

တာပါဘုရား) ဟာ....ဘယ်ဟုတ်မလဲဗျ၊ လိုချင်လို့ ရ-ထားတာ၊ အတိတ်က လိုချင်ခဲ့တယ်.... (မှန်ပါ့) မသိတော့ ကုသိုလ်ပြုပြီး သကာလ ဒီခန္ဓာကြီး လိုချင်ခဲ့တယ်....နော်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် လိုချင်လို့ ရထားတာလား၊ မလိုချင်လို့ ရတာလား (လိုချင်လို့ရတာပါဘုရား)။

ကဲ.... ဦးကျော်မောင် လိုချင်လို့ရယင်တော့ သိပ်တော့ခက်ပြီ....(မှန်ပါ့)လိုချင်လို့ရယင်တော့ သိပ်ခက်ပြီဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

တချို့တကာတကာမတွေက ညည်းသေးတယ်....၊ ဒီသား ဒီသမီးတွေနဲ့ ဒီသားဆိုး၊သမီးဆိုးတွေနဲ့ ဘယ်တော့မျှား ခွဲရပါ့ မတုံး....တဲ့၊ ဆုတောင်းထားတာ ကုန်မှ မကုန်သေးဘဲ၊ ဘယ်ကလာ ခွဲရမှာတုံး.... ( မှန်ပါ့ဘုရား ) ဟင် .... သူ လုပ်ထားတဲ့ အကြောင်းက နည်းနည်းနောနော အကြောင်းလားဗျ....၊ ငှက်ဖြစ်တောင် တကိုင်းတည်းက ပါနေတယ်....(မှန်ပါ့ဘုရား)ထွက်နိုင်ပါ့မလား....(မထွက်နိုင်ပါဘုရား)။

ဒီဘဝကျမှ ဒေါ်မနဿနဲ့ သူ ညည်းလုံးထုတ်တာ.... (မှန်ပါ့) ဟိုတုန်းက ဥစ္စာက ဘယ်အခါကာလမှ မခွဲချင်တဲ့ သဘောမပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် သူ ဒုက္ခသစ္စာကြီး အခု ရ-ထားတော့ ညည်းလုံးထုတ်နေတာ သူ နည်းမှန်ဘဲလား....တဲ့....၊ ဆုတောင်းပြည့်တာ ပြောနေတာလား.... ( ဆုတောင်းပြည့်တာ ပြောနေတာပါဘုရား)။

မောင်သစ် ဘာပြည့်တာတုံး.... (ဆုတောင်း ပြည့်တာပါဘုရား) ဘယ်လောက် ဝန်လေးမှန်းလဲ မသိဘူး....၊ ဒါလောက်

ဝန်လေးမှန်းလဲမသိဘူး၊အခုတော့ဖြင့် လွန်ကျွံကုန်ပြီ....၊ ဖြစ်ပါ တော့လား ဆိုတော့လဲ မဟုတ်သေးဘူးလေ ဦးမြမောင် ဒီလို လာတာ....(မှန်ပါ့)။

မဟုတ်သေးဘူးလေဆိုကတည်းကိုက ဒါလောက် မကြောက်ဘူး....(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ.... ဒါဖြင့် ခင်ဗျားတို့ ဝိစိကိစ္ဆာ သေပလား........ ( သေပါပြီဘုရား ) သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ပါတယ်.... (မှန်ပါ့ဘုရား) အဝိဇ္ဇာ သင်္ခါရကြောင့်.... ( ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဖြစ်ပါတယ်ဘုရား)။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿဝေဒနာကို ပဋိစ္စသမုပ္ပါဒ် လိုဆိုယင် ဒါဘဲ....(မှန်ပါ့) ယခု ရ-ထားတဲ့ ခန္ဓာလို့ ပြောယင် ခန္ဓာငါးပါး ပြောရပါမယ်....(မှန်လှပါ့) ပေါ်ပလား- (ပေါ်ပါပြီ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ.... ဒါက တရားခွဲဟောထားပြီ မောင်သစ်ရဲ့ ဘာသတ်တာကုံး....(ဝိစိကိစ္ဆာသတ်တာပါဘုရား) ဒိဋ္ဌိသတ်ပေးဦးမယ်.... (မှန်ပါ့) ဒါ- ဝိစိကိစ္ဆာကုန်သွားပြီ....(မှန်ပါ့)။

ဒိဋ္ဌိသတ်ပေးဦးမယ်ဆိုတာ တကာတကာမတွေ မှတ်ပါနော် (မှန်ပါ့) ဒိဋ္ဌိသတ်တော့မယ်ဆိုတော့ အတိတ်ဘဝက သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာကြောင့် ပြုချင်သလိုပြုတဲ့ ကုသိုလ်သင်္ခါရ ဘုံဘဝ ဆုတောင်းတဲ့ သင်္ခါရတွေ လုပ်ခဲ့တဲ့ အတွက် ဒီဘဝမှာ ယောကျ်ား, မိန်းမတွေ မွေးဖွား လာသလား.... ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပေါ်လာသလား မေးယင် ဘယ့်နှယ်ပြောကြမလဲ.... ( ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပေါ်ပါတယ်ဘုရား)။

အဲ....ယောကျ်ား, မိန်းမ နဂိုရှိကိုက မပါဘူး...( မပါပါ ဘုရား )ပါသေးရဲ့လား....(မပါပါ) သားသမီးကော....(မပါ ပါဘုရား) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဘဲ.... (မှန်ပါ့) ခန္ဓာငါးပါးဘဲ၊ သစ္စာအားဖြင့်....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဘဲ ပေါ်လာတယ်... (မှန်ပါ့)။

ဒါဖြင့် ပြော်....ဒါကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ တနည်း ခန္ဓာငါးပါး၊ တနည်း ဒုက္ခသစ္စာ.... (မှန်ပါ့)။

ဒီလို သုံးမျိုး သိထားတော့ ပြော်....ယောကျ်ားလဲ မပါလာ၊ မိန်းမလဲ မပါလာပါကလား...၊ ဒီတရားတွေဘဲ ထပ်ပြန်တလဲလဲ ဖြစ်နေတာပါကလား၊ ဒုက္ခသစ္စာတွေထပ်ပြန်တလဲလဲ ဖြစ်နေတာ ပါကလားလို့ မသိရဘူးလား....(သိရပါတယ်ဘုရား)။

ဝိညာဏ် ဖြစ်လိုက်၊ နာမ်ရုပ် ဖြစ်လိုက်၊ သဠာယတန ဖြစ် လိုက်၊ ဖဿ ဖြစ်လိုက်၊ ဝေဒနာ ဖြစ်လိုက် ဟုတ်လား....(မှန်ပါ့ ဘုရား)ဖြစ်လိုက်-ပျက်လိုက်၊ဖြစ်လိုက်-ပျက်လိုက်၊ ဘယ်ကာလတုံး မေးတော့ ပစ္စုပ္ပန် အကျိုးတွေဘဲ ပစ္စုပ္ပန်ကာလ . ( မှန်ပါ့ ) ဘာသစ္စာတွေတုံး....(ဒုက္ခသစ္စာတွေပါဘုရား)။

အဲ ဒုက္ခသစ္စာ ခန္ဓာကြီးဘဲ ရပြီးသကာလ ထားလို့...ဒုက္ခ သစ္စာဆိုတာက စေ့စေ့စီးစီး မှတ်ထားလိုက်တာပေါ့... ဖြစ်မှုနဲ့ ပျက်မှုရှိတာ ဒုက္ခသစ္စာလို့ မှတ်လိုက်....(မှန်ပါ့ဘုရား) ဖြစ်မှုနဲ့ ပျက်မှုရှိတာ....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီတော့ ဒီခန္ဓာငါးပါးဟာ ဦးမြမောင် ဖြစ်မှုနဲ့ ပျက်မှု တပါး ဘာရှိသေးသတုံး...( ဘာမှ မရှိပါဘုရား ) ဒါကြောင့် သူ့ကို ဒုက္ခသစ္စာလို့ ခေါ်တယ်....(မှန်ပါ့)။

ဦးဘသော်... သဘောပါပလား....(မှန်ပါ့ဘုရား) ဟို... ရမ်းဟောနေတဲ့ တရားမဟုတ်ဘူး ဒီဥစ္စာ....(မှန်ပါ့) ရမ်းဟောနေတဲ့ တရား မဟုတ်ဘူး၊ ဘုရားဒေသနာတော်မှာ ဘုရားက ဒီလိုဟောလို့ ဘုန်းကြီးက ဒီလို ပြတာ--(မှန်ပါ့ဘုရား)ဒါက တမျိုး (မှန်ပါဘုရား)ခန္ဓာက ဒီလို ပြောလို့ ဘုန်းကြီးက ဒီလို ပြတာ ဒါက တမျိုး .. (မှန်ပါ့ဘုရား)။

ဘုရားကလဲ ဘုရားယူလာတဲ့ တရားလို့ ခင်ဗျားတို့က မယင်နဲ့....(မှန်ပါ့ဘုရား) ခင်ဗျားတို့ ခန္ဓာကြည့်ပြီး ဘုရားက ပဋိစ္စသမုပ္ပါဒ်လို ပြောတာ .. ( မှန်ပါ့ဘုရား ) သဘောပါပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်နဲ့ ဘုရားနဲ့ ဘယ်သူက အရင်ကျသတုံးလို့ မေးယင် ဘယ့်နှယ် ပြောပါ့မယ်....(ပဋိစ္စသမုပ္ပါဒ်က အရင်ကျပါတယ်ဘုရား)။

ဒါဖြင့် ဘုရားယူလာတာ ဟုတ်သေးရဲ့လား....( မဟုတ်ပါဘုရား) ခင်ဗျားတို့က ဘုရားဟော....ဘုရားဟော ပြောနေလို့.... ပြောပါတယ်၊သူက နာမည်ပေးတာ....(မှန်ပါ့ဘုရား)ရှင်းပလား-(ရှင်းပါပြီဘုရား)။

သူက ဘာပါလိမ့်....(နာမည်ပေးတာပါဘုရား) နာမည်ပေးတာပါတဲ့....၊ ပဋိစ္စသမုပ္ပါဒ်က သူ မရှိယင်လဲ ရှိနေတာဘဲ၊ သူရှိလဲ....(ရှိနေတာပါဘဲဘုရား)။

နို့မဟုတ်လို့ရှိယင် သူ မရှိလို့ရှိယင် ဒုက္ခသစ္စာကြီး ကွယ်ရတော့မယ်၊မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)အခုတော့ သူ မရှိလဲ ဒုက္ခသစ္စာ ပေါ်ပေါက်နေတာဘဲ.... (မှန်ပါ့ဘုရား) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ကိုယ့်ခန္ဓာ ရှိနေယင် ဒုက္ခသစ္စာ ရှိတယ်ဆိုတာ ကောန်မှတ်၊ တကယ်မှတ်ပါ....(မှန်ပါ့ဘုရား)ပေါ် ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီ ဒုက္ခသစ္စာဟာ....ဒါဖြင့် ဝိညာဏ်ဟာလဲ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)နာမ်ရုပ်-(ဒုက္ခသစ္စာပါဘုရား)သဠာယတန ပေါ်ယင်လဲ... (ဒုက္ခသစ္စာပါဘုရား) ဖဿပေါ်လဲ (ဒုက္ခသစ္စာ ပါဘုရား)ဝေဒနာပေါ်လဲ....(ဒုက္ခသစ္စာပါဘုရား) ဦးမြမောင် ... ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ ဉာဏ်နဲ့ ကြည့်ယင် ဒုက္ခသစ္စာချည့်တွေ့ယင် ဒါဟာ ကျုပ်တို့သည် အဝိဇ္ဇာသလား....ဝိဇ္ဇာလား....( ဝိဇ္ဇာပါ ဘုရား)။

အဲ....ဝိဇ္ဇာဖြစ်လို့ရှိယင် ကိစ္စပြီးတာဘဲတဲ့...။အခုတော့ ခန္ဓာ ကြည့်လိုက်ပြန်ယင် ကျုပ်က ဒုက္ခသစ္စာဘဲလို့ မတွေ့သေးဘူး....၊ မောမှ ပန်းမှ ဒုက္ခသစ္စာ၊ သေမှ ကျေမှ ဒုက္ခသစ္စာ၊ ဒီလို ဖြစ် နေသေးတာ မှားနေတာကိုးဗျ... (မှန်ပါ့ဘုရား)။

ခန္ဓာ ကြည့်လိုက်တိုင်း .... ကြည့်လိုက်တိုင်း.... ပြောင်.... ဒုက္ခ သစ္စာလို့ ဆိုလို့ရှိယင် ခင်ဗျားတို့ ဒီ အဝိဇ္ဇာဟာ ချုပ်ပြီးလို့ ကြာလှပြီ၊ မချုပ်သေးဘူးလား....(ချုပ်ပါတယ်ဘုရား)။

အခုတော့ ကြည့်လိုက်ပြန်လဲ ဒုက္ခသစ္စာမမြင်တော့ကို အဝိဇ္ဇာ ဘဲ ဒီဘဝ လာဦးစီးနေတယ်....(မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒီ တကာဘကာမတွေ့ဘဲတဲ့....ယခု ခန္ဓာထဲမှာ ဘာဘဲပေါ်ပေါ် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဦးမြမောင်... မနေ့က အလုပ်စဉ်ကလေး ရတယ်မဟုတ်လား....(မှန်ပါ့) အဲဒါ ဘာပေါ်ပေါ် ဒုက္ခသစ္စာဘဲ...(မှန်ပါ့ဘုရား)။

မြင်စိတ် ပေါ်လဲ ဖြစ်ပျက် ဒုက္ခသစ္စာဘဲ၊ ကြားစိတ် ပေါ်ကော... (ဖြစ်ပျက် ဒုက္ခသစ္စာပါဘုရား) အဲ....ဒုက္ခသစ္စာချည့်လို့ သာ စိတ်ထဲ မှတ်ထားလိုက်၊ ရှုချင်တော့ ဖြစ်ပျက်ရှု....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်ဆိုတာ ဘာတုံး မေးတော့မှ ဒုက္ခသစ္စာလို့....သိ....(မှန်ပါ့) ဖြစ်ပြီ... ပျက်ပြီ၊ ဖြစ်ပြီ....ပျက်ပြီ၊ ဖြစ်ပြီ... ပျက်ပြီ....၊ နောက်က တကာမကြီးတွေ ဒါကို သိနေဘို့ အရေးကြီးတယ်....(မှန်ပါ့ဘုရား)။

သိနေတာကတော့ ဖြစ်ပြီး ပျက်နေတာဘဲ သိနေတယ်၊ ဒုက္ခသစ္စာဘဲ သိတာ၊ ဒီ ဒုက္ခသစ္စာထဲက ခန္ဓာကြီးကို ဘုန်းကြီးက ရေးပေးထားတာ ဒုက္ခသစ္စာထဲက မနာယတနဆိုတဲ့ စိတ်ကို ရေးပေးထားတာ .. (မှန်ပါ့ဘုရား)။

အဲဒီတော့ စိတ်မြင်လိုက်လို့ရှိယင် ဖြစ်ပျက်ဘဲ တွေ့မှာဘဲ....(မှန်ပါ့) ဖြစ်ပျက်ဟာ ဘာသစ္စာတုံး....( ဒုက္ခသစ္စာပါဘုရား ) အဲ... တွေ့လို့ရှိယင် တွေ့တဲ့ ဉာဏ်ကလေးက မဂ္ဂသစ္စာ ဖြစ်သွားတယ်... (မှန်ပါ့ဘုရား)။

မဂ်ဟာ ဆုတောင်း ယူရတာလား....၊ ဒုက္ခသစ္စာသိလို့ ပေါ်လာတာလား . (ဒုက္ခသစ္စာသိလို့ ပေါ်လာတာပါဘုရား)။

အဲ....မဂ်ဟာ ဆုတောင်းလို့ မရဘူး .. (မှန်ပါ့ဘုရား) ဒုက္ခသစ္စာသိမှ ပေါ်လာတယ်... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့သည် ခန္ဓာထဲ ပေါ်လာသ၍ကို ဖြစ်လိုက် .. ပျက်လိုက်၊ ဖြစ်လိုက်....ပျက်လိုက်ချည့် တွေ့နေလို့ ရှိယင်ဖြင့် ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်,သတ္တဝါ, ငါ,သူတပါး ကို မတွေ့တော့ဘူး... (မှန်ပါ့) အဲဒါ ဒိဋ္ဌိ ကွာတာဘဲ....(မှန်ပါ့ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်တွေ့ယင် ဘာကွာသတုံး... ( ဒိဋ္ဌိ ကွာပါ တယ်ဘုရား) ဖြစ်ပျက်မတွေ့ခင်ဘဲ ဩော် .. စိတ်ကလေး ပေါ် လာပြီသိယင်လဲ ဒိဋ္ဌိကွာတာဘဲ... (မှန်ပါ့ဘုရား)။

ဖဿကလေး ပေါ်လာပြီ သိယင်လဲ....( ဒိဋ္ဌိကွာပါတယ် ) ဝေဒနာကလေး ပေါ်လာတာ သိသွားယင်ကော....(ဒိဋ္ဌိ ကွာပါ တယ်ဘုရား) အေး....ပျက်တာ သိယင်ကော....(ဒိဋ္ဌိကွာပါတယ် ဘုရား)။

အဲဒီတော့ ဖြစ်ပျက် ရှုတော့ ဒိဋ္ဌိကွာတယ် .... ( မှန်ပါ့ ) ကြောင်း,ကျိုး ဆက်တတ်တော့ ဝိစိကိစ္ဆာ ကွာတယ် .... (မှန်ပါ့ဘုရား)။

အကြောင်း,အကျိုး ဆက်တတ်တော့...(ဝိစိကိစ္ဆာ ကွာပါ တယ်ဘုရား) ဖြစ်ပျက်သိတော့....(ဒိဋ္ဌိကွာပါတယ်ဘုရား)။

ဒိဋ္ဌိ ကွာတယ်ဆိုတော့ ဩော် .. ယနေ့ ဆရာဘုန်းကြီးက.... တရားနှင့်စ,တယ် အလုပ်ကတော့ ပေးထားပြီ၊ သို့သော်လဲ.... နောက်က ပြန်သိမ်းနေတာနဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ သတ်ပြီးသကာလမှ အရှုခိုင်းတာဘဲ ...( မှန်ပါ့ဘုရား ) ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

ဒိဋ္ဌိဝိစိကိစ္ဆာမသတ်ဘဲနဲ့ ရှုခဲ့လို့ ရှိယင် ခင်ဗျားတို့ အာပေါက် အောင် ရှု၊ ဘယ်တော့မှ နိဗ္ဗာန်မရဘူး... (မှန်ပါ့) ဘယ်တော့မှ

နိဗ္ဗာန်မရဘူးတဲ့၊ ဒိဋ္ဌိဝိစိကိစ္ဆာ မသတ်ဘဲနဲ့ ရှုခဲ့လို့ရှိယင် ဘယ်တော့မှ နိဗ္ဗာန်မရဘူး....( မှန်ပါ့ဘုရား ) သဘောပါလား....(ပါ-ပါပြီဘုရား)။

ကဲ....ဒါဖြင့် ဦးမြမောင်တို့ အရှုခိုင်းတော့ စိတ်ကလေးတွေ အကုန်ရှု၊ ဆဲ့နှစ်မျိုးတောင် ဘုန်းကြီးရေးပေးထားတယ် ....(မှန်ပါ့)ဒါကလေးဟာ ဖြစ်ပျက်ရှုပါ၊ ဒါကလေးဟာ ဖြစ်ပျက်ရှုပါဆိုတော့ ရှုတိုင်း-ရှုတိုင်းဟာ ဘာသတ်နေတယ်လို့ ခင်ဗျားတို့ ထင်သတုံး....(ဒိဋ္ဌိသတ်နေပါတယ်ဘုရား)။

သောတာပန်ဖြစ်ချင်ယင် ဒိဋ္ဌိသတ်ရပါတယ်၊ ပေါ်ပလား....(ပေါ်ပါပြီ) သောတာပန်ဖြစ်ချင်ယင် ဘာမှမသတ်နဲ့၊ ဒိဋ္ဌိသတ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝိစိကိစ္ဆာကို ဒီအထဲ ရောသတ်ချင်ပါသေးတယ် ဘုရား ....ဆိုလို့ရှိယင် ဥပမာမယ် "နာမရူပပစ္စယာ သဠာယတနံ" ဟုတ်လား....နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ် မဆိုဘူးလား....(ဆိုပါတယ်ဘုရား)။

အဲဒီတော့ ဒီစိတ်ကလေး ချုပ်သွားတယ်၊ စိတ်ကလေးက သဠာယတနကိုးဗျ....( မှန်ပါ့ ) အင်း .... အကြောင်းချုပ်လို့ အကျိုးချုပ်တာဘဲလို့ သိလိုက်ယင် ဝိစိကိစ္ဆာပါသေးတယ်....(မှန်ပါ့ဘုရား)။

ဖြစ်တာလဲ သူ့အကြောင်းက ဖြစ်စေလို့ သူ့အကျိုးဖြစ်တာဘဲ... (မှန်ပါ့) ပျက်တာလဲ သူ့အကြောင်းချုပ်လို့ သူ့အကျိုးချုပ်တာဘဲဆိုတော့ အကြောင်းဖြစ်၍ အကျိုးဖြစ်တာဘဲ၊ အကြောင်းချုပ်၍....(အကျိုးချုပ်ပါတယ်ဘုရား)။

အဲဒီလို သိသွားပြန်တော့လဲ အကြောင်းအကျိုး သိမ်းဆည်းပြီးရှုတဲ့ ဝိပဿနာ ဖြစ်လေသောကြောင့် ဒိဋ္ဌိဝိစိကိစ္ဆာ နှစ်ခုစလုံးကို သေစေတဲ့ ဝိပဿနာ....(မှန်ပါ) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒါနဲ့ ဝိပဿနာရှုဆို ရောက်လာ ရှုကွာ-ရှုကွာနဲ့ ဒီနည်းနဲ့ မရဘူး...(မှန်လှပါ) ဒီနည်းနဲ့ မရဘူးတဲ့၊ နှစ်ပေါင်း လေးဆယ် အားထုတ်တာ မြင်းမြီးဆွဲ မောင်ဆန္ဒတို့ သူ အကြောင်းအကျိုး မသိမ်းဆည်းတတ်တာနဲ့ နှစ်ပေါင်းလေးဆယ် အားထုတ်တာ မရဘူး....(မှန်ပါ့ဘုရား)။

ဘုရားဆီမှာ သွားအားထုတ်တယ်(မှန်ပါ့)သူက အကြောင်းအကျိုး မနိုင်တော့ မသိမ်းဆည်းဘူး....( မှန်ပါ့ ) မသိမ်းဆည်းတော့ မရဘူး၊ ဘုရားပရိနိဗ္ဗာန်စံပြီးမှ ရှင်အာနန္ဒာက ဒီပဋိစ္စသမုပ္ပါဒ်ပြသွားတော့မှ နိဗ္ဗာန်ရတယ်....( မှန်ပါ့ ) ဘယ်လောက်များ ဆိုးဝါးသွားတယ်ဆိုတာ ပေါ်ပလား .... ( ပေါ်ပါပြီ ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့တရား ဘယ်နှစ်ခုပြီးသတုံး....ဘာ-ဘာသတ်တုံးလို့ မေးယင် ဘယ့်နှယ်ဖြေမလဲ .... (ဒိဋ္ဌိဝိစိကိစ္ဆာ သတ်ပါတယ်ဘုရား)။

အကြောင်းနဲ့ အကျိုးဆက်တာသိယင် .... (ဝိစိကိစ္ဆာသေပါတယ်ဘုရား) အကြောင်း အကျိုးမှာလဲ ပုဂ္ဂိုလ်သတ္တဝါမပါဘူး၊ ဖြစ်ပျက်သာ ပါတယ်လို့သိယင်.... (ဒိဋ္ဌိသေပါတယ်) ဒိဋ္ဌိသေတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီသေပုံ အခုတရားနာရင်းတော့ စူဠသောတာပန်.... (မှန်ပါ) နောက် ပွားများလာတဲ့အခါ အမှန်မြင်လာလို့ရှိယင် မဟာသောတာပန် ဖြစ်မယ်....(မှန်ပါဘုရား)။

ဖြစ်ပျက်တွေ အမှန်မြင်လာယင်....(မဟာသောတာပန် ဖြစ်ပါမယ်) မဟာသောတာပန် ဖြစ်မယ်ဆိုတာ အခုရိပ်မိသွားပလား....(ရိပ်မိပါပြီဘုရား)။

ကဲ... ရှုတာကတော့ဖြင့် အခုအတိုင်းဘဲ ရှုပါ.... (မှန်လှပါဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု... သာဓု... သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော် မူသော
( သစ္စာသိမှ သံသရာ ပြတ်ပုံ )

# ညအလုပ်ပေး- တရားတော်

( ၂-၉-၆၂ )

ကဲ....တရားကို နာ၊ထောင်ကြ၊မင်းတို့ကွာ....တဲ့၊မင်းတို့ဖြစ်စဉ်ကို ငါပြောခုလို့ရှိယင် မင်းငြီးငွေ့ဘို့ ဒီခန္ဓာကြီး မလိုချင်ဘို့တော့ ကောင်းလှပါပြီဆိုပြီး အနမတဂ္ဂသံယုတ်မှာ ဘုရားက ဟောတယ်နော်....(မှန်ပါ့ဘုရား)။

မင်းတို့ ခန္ဓာကိုယ်ဟာကွာ ...တဲ့၊ ဘုရားတွေလဲ ဂင်္ဂါဝါဠု သဲစုပွင့်သွားတာကို ငါမပြောပါဘူး၊ ဂေါတမဘုရားဆိုတာငါ၊ ငါ့နောင်တော်ကြီးက ဘယ်သူတုံးလို့ မေးလို့ရှိယင်ဖြင့် ကဿပ ဘုရား၊ ကဿပပြီးမှ ဂေါတမကိုးနော်... (မှန်ပါ့ဘုရား)။

မင်းတို့၏ အိုရ,နာရ,သေရတဲ့ ကိစ္စကြီးကို မင်းတို့ငြီးငွေ့ဘို့ ပျင်းဘို့၊ မုန်းဘို့ တော်ပါပြီတဲ့၊ သစ္စာသိမှလဲ ကိစ္စပြီးကြမှာ ဖြစ်နေတော့ မင်းတို့အတွက် ငါစဉ်းစားပြီး ငါသဗ္ဗညုတဉာဏ် တော်ကြီးနဲ့ ကြည့်လိုက်တယ်တဲ့၊ ကဿပဘုရားနဲ့ ဂေါတမ

ဘုရားကြားထဲမှာ မင်းတို့ ဥပမာမယ် ဦးမြမောင်တို့ အရိုးစု၊ လူဖြစ်တဲ့ အရိုးကို မပျောက်မပျက်ဘဲနဲ့စုထား၊ နတ်ဖြစ်တဲ့အရိုးကို မပျောက်မပျက်ဘဲနဲ့ စုထား၊ တိရစ္ဆာန်ဖြစ်တဲ့ အရိုးတွေကို မပျောက်မပျက်ဘဲနဲ့ စုစု-စုစုပြီးထား၊ ဝေပုလ္လတောင်လောက် ရှိတယ်၊ တောင်နဲ့ တိုင်းရတယ်....(မှန်ပါ့ဘုရား)။

ဘုရား တဆူ တဆူကြားမှာ သေလို့ပစ်ခဲ့ရတဲ့ အရိုးတွေ မပျောက်မပျက်ဘဲနဲ့ ဆင့်ဆင့်-ဆင့်ဆင့်ပြီး တောင်ကြီးသဖွယ် ဆင့်ရမှာနော်(မှန်ပါ့)ဒီအတိုင်း ဆင့်တာမဟုတ်ဘူး၊ တောင်ကြီးလို တခါတည်း ဆင့်လိုက်လို့ရှိယင် ဝေပုလ္လတောင်လောက်ရှိပါတယ်ကွာတဲ့... (မှန်ပါ့ဘုရား)

အရိုးတွေ မပျောက်မပျက်ဘဲနဲ့ စုထားလို့ရှိယင် ဝေပုလ္လတောင်လောက်ရှိပါတယ်တဲ့... (မှန်ပါ့) ဝေပုလ္လတောင်က ဘယ်လောက်မြင့်သတုံးကွလို့ မေးလို့ရှိယင် တော်တော်အားကောင်းတဲ့လူ လေးရက်တက်· လေးရက်ဆင်းရှိတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ကျုပ်တို့အရိုးဟာ လေးရက်တက်-လေးရက်ဆင်းပေါ့ (မှန်ပါ့) မပျောက်မပျက်ဘဲနဲ့ တခါတည်း ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိယင် စုံစုံပြီးသကာလ ထားမယ်ဆိုတဲ့ ဥစ္စာဖြင့် လေးရက်တက်- လေးရက်ဆင်းဆိုတော့ ဦးကျော်မောင်၊ ဦးဘသော်၊ ဦးဘသန်းတို့ နည်းသလားး. (မနည်းပါဘုရား)။

အဲဒါဟာကွာ . တဲ့၊ မင်းတို့သည်ကားလို့ဆိုယင် သစ္စာမသိလို့ ဖြစ်ရတဲ့ ဖြစ်တွေလို့သာ မှတ်လိုက်ပေတော့၊ ဒီပြင်ဟာဘာမှ လက်သည်မရှာနဲ့....(မှန်ပါ့) သစ္စာမသိလို့ ဖြစ်တွေလို့သာ တခါတည်းသာ မှတ်လိုက်ပေတော့တဲ့.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သစ္စာမသိလို့ ဖြစ်ရတဲ့ဖြစ်ထွေလို့ တခါတည်းသာမှတ်လိုက် ပါတော့....တဲ့၊ မင်းတို့ အရိုးတွေ,အသားတွေဟာ ဝေပုလ္လတောင် လောက်ရှိတယ်ဆိုတော့ ဦးကျော်မောင် ပျင်းဘို့ မုန်းဘို့ ငြိမ်းဘို့ ဘဝတွေဟာ မလိုချင်ဘို့ကောင်းတယ် .. ( မှန်ပါ့ဘုရား ) မဆို ထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ခင်ဗျားတို့ကတော့ ဘာမှ နောက်လှည့်ကြည့်လို့ မမြင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်နေလို့ ကိုယ့်အသားတွေ ကိုယ့်အရိုးတွေ ကိုယ့် အသွေးတွေ အင်း... လူတွေကစား တိရစ္ဆာန်တွေကစား ငွေ့တ တွေကစား၊ ဒါတွေ ကျန်နေရစ်တဲ့အရိုးတွေ စုပုံပြီးသကာလ ဒီအတိုင်း သေတဲ့အရိုးတွေစုပုံ၊ အဲဒီလိုပုံပြီးသကာလ သေတဲ့ကိစ္စ တွေ စုပုံပြီးထားမယ်ဆိုယင် ဘုရားတဆူတဆူကြားတွင် ဝေပုလ္လ တောင်သောက်ရှိတယ်ဆိုတော့ ဦးကျော်မောင် နည်းသလား.... (မနည်းပါဘုရား)။

အင်မတန်ပျင်းဘို့ ငြီးငွေ့ဘို့ ရွံမုန်းဘို့ ...ဆိုတဲ့ကိစ္စတွေ အင် မတန် ကောင်းသွားပြီ .... ( မှန်ပါ ) မကောင်းဘူးလား.... ( ကောင်းပါတယ် ဘုရား )။

အင်မတန် ကောင်းသွားပြီ...တဲ့၊ ဒါ့ကြောင့် ဒီအဖြစ်ဟာ လဲ ဘာကြောင့်တုံး.... လို့ မေးတဲ့အခါကျလို့ရှိယင်ကွာ....တဲ့ သစ္စာမသိလို့ ဖြစ်ရတာ....(မှန်ပါ)။

နောက်က တကာမကြီးတွေ ဘာဖြစ်လို့တဲ့တုံး.... ( သစ္စာ မသိလို့ ဖြစ်ရတာပါဘုရား) အံ့မာလေး သစ္စာသိဘို့ သိပ်အရေး ကြီးပါကလားဆိုတာ ပေါ်လာတယ် (မှန်ပါ) သစ္စာမသိယင် အရိုးဝေပုလ္လတောင်လောက် ပုံရမှာချည့်ဘဲ.... (မှန်ပါ)။

ဘုရား တဆူတဆူကြားမှာ ဟိုဘက်ဘုရားတွေကို ဦးဘသော် မထည့်သေးဘူးနော်....( မှန်ပါ ) ကဿပနှင့် ဂေါတမမြတ်စွာ ဘုရားကြားတွင် စုပြီးထားမည့်အပုံကိုပြောတာ... (မှန်ပါ)ကျုပ် တို့ ဒီအပုံမျိုးက ဘယ်နှစ်ပုံ· ပုံပြီးပလဲလို့ဆိုယင် ဘုရားနဲ့တိုင်း ရမှာချည့်ဘဲ... (မှန်ပါ)။

ဂင်္ဂါသဲနဲ့အမျှ ဘုရားတွေက ပွင့်သွားတယ်... (မှန်ပါ)သုည ကမ္ဘာတွေက ကြားမှာညှပ်လိုက်သေးတယ်၊ ဘုရားမပွင့်တဲ့ကြား တွေ....(မှန်ပါ)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဗြော်.... ဒီအပြစ်ဟာ အရိုး တောင်နှယ်ပုံအောင် သေခဲ့ရတဲ့အပြစ်ဟာ ဘယ်သူ့အပြစ်ပါလိမ့်မတုံးလို့ မေးတော့မှ သစ္စာမသိတဲ့အပြစ် (မှန်ပါဘုရား) တကာမကြီး ဘာတဲ့တုံး.... (သစ္စာမသိတဲ့အပြစ် ပါဘုရား)။

သစ္စာမသိလို့ ဖြစ်ရတဲ့အပြစ်ဆိုသဖြင့် ဦးမြမောင်တို့ ဦးဘ သန်းတို့ ဒီဘဝမှာ ခင်ဗျားတို့လဲ ဆရာကောင်း သမားကောင်းနဲ့ တွေ့တော့ သိပြီဟေ့... ဆိုတာ လက်ခမောင်းခတ်ဘို့ကောင်း တယ်....(မှန်ပါ)။

သိယင်လဲ မသေတော့ဘူး.... (မှန်ပါ) သေစရာမရှိတော့ဘူး ဆိုတော့ အခု ခင်ဗျားတို့ စိတ်ကလေးတခုရှုလိုက်တယ်၊ဖြစ်ပျက် ဘဲ၊ ဗြော်....မရှိဘူးဆိုတာ ဉာဏ်ထဲမှာသိလိုက်တာဘဲ....(မှန်ပါ ဘုရား) ခုနင်က ရှိတယ်၊ အခု မရှိဘူးလို့ သိလိုက်တာဘဲ.... (မှန်ပါ) ဒုက္ခသစ္စာကလေး သိလိုက်ဘာကိုးဗျ .. (မှန်ပါ)။

ဖြစ်တဲ့ဒုက္ခနဲ့ ပျက်တဲ့ဒုက္ခကလေး သိလိုက်တာဘဲ....(မှန်ပါ) ဖြစ်တဲ့ဒုက္ခနဲ့ ပျက်တဲ့ဒုက္ခကလေး သိလိုက်တော့ ဗြော်....ခန္ဓာ

ငါးပါးစလုံးဟာ သေလဲဖြစ်ပျက်ဘဲ၊ ရှင်တာတွေလဲ ဖြစ်ပျက်ဘဲ၊ အကုန် ဒုက္ခသစ္စာချည့်ပါကလား... ဆိုတာ ရှင်းမနေဘူးလား.... (ရှင်းပါတယ်ဘုရား)။

အခု စိတ်ရှုတုန်းတော့ စိတ်ဖြစ်ပျက်တွေတာကိုး၊ ဝေဒနာရှုတုန်းဝေဒနာဖြစ်ပျက် တွေမှာဘဲ.... (မှန်ပါ့) ရုပ်ရှုခိုင်းယင်.... (ရုပ်ဖြစ်ပျက်တွေပါတယ်ဘုရား)။

အင်း ဒါဖြင့် ဘာတွေချည့်တွေနေတာတုံး... လို့ မေးတော့ ဘယ့်နှယ်ဖြေကြမလဲ.... (ဖြစ်ပျက်တွေချည့်တွေတာပါဘဲဘုရား) ဖြစ်ပျက်ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဖြစ်တာလဲ သေမလို့ဖြစ်လို့ ဒုက္ခသစ္စာ....( မှန်ပါ့ ) ပျက်သွားတာလဲ သေလို့ဒုက္ခသစ္စာ....(မှန်ပါ့) သေမလို့ဖြစ်တာလဲ ဒုက္ခသစ္စာဘဲ.... (မှန်ပါ့) သေသွားတာကော.... (ဒုက္ခသစ္စာပါဘုရား)။

အဲဒီတော့ ဒီတကာတကာမတွေတော့ ဒီလို ဒုက္ခသစ္စာကြီး သိပြီးသကာလနေတော့ ဩော်.... သိတဲ့ မဂ်ဉာဏ်ကလေးဟာ ဝင်လာတော့ ခုနင်က နံပါတ် ၁-ကူးသေးရဲ့လား၊ပဋိစ္စသမုပ္ပါဒ် (မကူးပါဘုရား)။

မကူးတော့ ကျုပ်တို့မှာတော့ ဩော်....ဒီတခါသေပြီး နောက် မသေရတော့ဘူး၊ အရိုးတောင်လိုပုံစရာ မရှိတော့ဘူး....(မှန်ပါ့) နို့....တခြားသောပုဂ္ဂိုလ်များတော့ ဒီလိုဖြစ်ပျက် ဒုက္ခသစ္စာကို မသိသေးဘဲနဲ့ သားရေး သမီးရေး စီးပွားရေးနဲ့ ဒိဋ္ဌိအယူ-ယူပြီး သကာလ အချိန်ကုန်နေကြတာတွေတော့ မောင်သစ်....ပြောဘို့ မလိုတော့ဘူး.... (မှန်ပါ့) လိုသေးသလား... (မလိုပါဘုရား)။

မလိုတော့ဘူး၊ သူတို့မှာ အရိုးပုံပြီးရင်း အရိုးပေါ်အရိုးဆင့်နေတာ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဒီတကာတကာမတွေ သစ္စာသိဘို့ သစ္စာသိဘို့ ရှေးကဟောကြတယ်ဆိုတော့ ဤကား... ဒုက္ခသစ္စာ၊ ဤကား.... သမုဒယသစ္စာ၊ ဤကား.... နိရောဓသစ္စာ၊ ဤကား.... မဂ္ဂသစ္စာလို့ ဒီလိုသာ ဦးမြမောင် ရှောက်ရွတ်တာကိုးဗျ ...( မှန်ပါ့ ) ခင်ဗျားကိုယ်တိုင် မြင်ရဘာမဟုတ်ဘူး... (မှန်ပါမမြင်ပါဘုရား) မမြင်ပါဘူး... တဲ့၊ ခင်ဗျားတို့ ကိုယ်တိုင်မမြင်ရပါဘူးတဲ့၊ အခုတော့ ခင်ဗျားတို့ကိုယ်တိုင်ကိုယ်ဘဲဖြစ်ပျက်ကလေးကို အင်း-စိတ်ကလေးက ဖြစ်သွားတာမရှိဘူး၊မြင်စိတ်ကလေးဟာ ဖြစ်ပြီးပျက်သွားတာမရှိတော့ဘူး၊ ကြားစိတ်ကလေးဟာ ဖြစ်ပြီးပျက်သွားတာမရှိဘူး... ဆိုတော့ မရှိတာတွေကို ကျုပ်တို့က သိပြီး....သိပြီးသကာလနေတော့ မရှိတာဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ.... (မှန်ပါ့) နံပါတ် ၃-ကူးသေးရဲ့လား ... (မကူးပါဘုရား) သိတဲ့မဂ်ကလေးက ဝင်ဖြတ်မသွားဘူးသလား....( မှန်ပါ့ ) မဖြတ်ဘူးလား ... (ဖြတ်ပါတယ်ဘုရား)။

အဲ....သိတဲ့မဂ်ကလေးက ဝင်ဖြတ်လိုက်တော့ ကို သြော်.... ဒို့ သိနေတာသည် အနိစ္စသိတာလား....ဒုက္ခသိတာလား....အနတ္တသိတာလားဆိုတော့ အို....အနိစ္စ ဒုက္ခ အနတ္တ အသာထားပါ၊ သစ္စာထဲဝင်လာတာပါ....(မှန်ပါ့) ဖြစ်ပျက်ဆိုတာ ဒုက္ခသစ္စာ၊ ဒီသစ္စာထဲဝင်လာတာပါ၊ ဒုက္ခသစ္စာသိတာပါ....(မှန်ပါ့)။

အနိစ္စဆိုတာလဲ ဖြစ်ပျက်ဘဲ....(မှန်ပါ့) ဒုက္ခဆိုတာကော.... (ဖြစ်ပျက်ပါဘုရား) အနတ္တဆိုတာကော....(ဖြစ်ပျက်ပါဘုရား)

အဲဒီတော့ ဖြစ်ဒုက္ခ ပျက်ဒုက္ခထဲဝင်မလာဘူးလား....(ဝင်လာပါ တယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကတော့ဖြင့်... တဲ့ အခုတော့သစ္စာသိရ တဲ့အတွက် ငါတို့ကို အသိဉာဏ်က သံသရာဖြတ်တယ်....(မှန်ပါ့ ဘုရား) ဘယ်သူကဖြတ်ပါလိမ့်.... (အသိဉာဏ်က သံသရာဖြတ် ပါတယ်ဘုရား)။

အသိဉာဏ်က သံသရာဖြတ်ပါတယ်ဆိုသဖြင့် ဩော်....သံသ ရာရှည်တာလဲ အသိဉာဏ်မရှိလို့....(မှန်ပါ့)မဂ္ဂသစ္စာမရှိလို့ပေါ့ (မှန်ပါ့၊ သံသရာတိုသွားတာလဲမဂ္ဂသစ္စာနဲ့ ဒုက္ခသစ္စာသိလို့.... (မှန်ပါ့) မပေါ်လာသေးဘူးလား.... (ပေါ်လာပါပြီဘုရား)။

သံသရာရှည်တာ ဘာတုံး.... ဒုက္ခသစ္စာကို.... (မသိလို့ပါ) မဂ်ဉာဏ်နဲ့မသိလို့.... (မှန်ပါ့) သံသရာ တိုသွားတဲ့ပုဂ္ဂိုလ်တွေ ကြည့်လိုက်ပြန်တော့ကော.... (ဒုက္ခသစ္စာကို မဂ်ဉာဏ်နဲ့ သိလို့ ပါဘုရား) သိလို့ဆိုတော့ ရှင်းမနေကြဘူးလား... (မှန်ပါ့)။

ဩော် . ဒါဖြင့် ဦးဘသန်းတို့ ဦးဘသော်တို့ ဒို့ဟာ... ကံ ကောင်းထောက်ပံ့ပြီးသကာလ အခါကောင်းမိတဲ့ပုဂ္ဂိုလ်တွေဘဲ (မှန်ပါ့)ကိုဝ... အခါကောင်းမိတယ်... (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား) ဘာမိတာပါလိမ့် .. ( အခါကောင်းမိတာ ပါဘုရား )။

အခါကောင်းမိတာပါတဲ့၊ အဲဒီတော့ အခါကောင်းဟာက ခင်ဗျားတို့က အခါကောင်းကို မိနေတဲ့အချိန်မှာ ဦးကျော် မောင်တို့က ဒီသစ္စာအလုပ်ဘဲ လုပ်နေရမယ်....(မှန်ပါ့ဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ သားဘို့ မယားဘို့ လူဘို့ တန်းဘို့ ပေးဘို့ ကမ်းဘို့ သာမှု နာမှုတွေ လုပ်ဘို့ဆိုတဲ့ဥစ္စာတွေက အရိုး

တောင်လိုပုံတဲ့ ဘဝတွေက မလုပ်ခဲ့တဲ့ဘဝကို မရှိဘူး....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ....(လုပ်ခဲ့တဲ့ ဘဝချည့်ပါဘုရား) ဒါဖြင့် ရိုးရာတွေပါလား....(မှန်ပါ့) ရိုးရာတွေကြောင့် အရိုးတောင်လို ပုံခဲ့ပြီ.... (မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ....(ရိုးရာတွေကြောင့် အရိုး တောင်လိုပုံခဲ့ပါပြီဘုရား)။

အဲဒီ ပုံခဲ့တဲ့အလုပ်တွေကို ယခုဘဝမှာလဲ ဒါတွေ အရေး ကြီးနေကြဦးမယ် ဆိုလို့ရှိယင်ဖြင့် အရိုးပုံဇာတ် ပြန်ခင်းနေကြ တာဘဲ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုန်းကြီးက ရှင်းရှင်းနဲ့ လင်းလင်းပြောတဲ့ အခါ ကျတော့ ဒီတကာတကာမတွေကို သစ္စာသိတဲ့ အလုပ်မှတပါး အခုအချိန်တော့ ဘာမှမလုပ်စေချင်ဘူး... (မှန်ပါ့ဘုရား)။

ဒါကိုဘဲ အရေးတကြီး လုပ်စေချင်တယ် .... (မှန်ပါ့ဘုရား) ဟော....ဒုက္ခသစ္စာပေါ်ပြီ၊ ပေါ်တိုင်း ပေါ်တိုင်း နောက်က မဂ္ဂသစ္စာနဲ့ သိပေး....( မှန်ပါ့ ) ဟော... သမုဒယသစ္စာသေပြီ၊ ၃-နံပါတ် မကူးဘူးဆိုယင် သမုဒယသစ္စာသေတာဘဲ....(မှန်ပါ့) ၃-နံပါတ်မကူးတော့ ၄-နံပါတ် မရောက်ကတည်းကိုက နိဗ္ဗာန် ရောက်တော့တာဘဲဆိုတော့ ဒုက္ခသိမ်းတဲ့ သဘောဟာလဲ အမြင် အားဖြင့်လဲ ထင်ရှားနေတယ်ဆိုတာ မပေါ်လာသေးဘူးလား (ပေါ်လာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကို ကယ်မည့်ယူမည့်ပုဂ္ဂိုလ်ဟာ ဘယ် သူတုံးမေးတော့ သစ္စာသိတဲ့မဂ်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကို သံသရာ စခန်းသတ်ပေးတာ၊အိုဘေး နာဘေး သေဘေးတွေကို မတွေ့ရအောင် ကယ်တင်ပေးတာဟာ ဦးကျော်မောင် ဘယ်သူဆိုမတုံး... (သစ္စာသိတဲ့မဂ်ပါဘုရား)။

အဲဒီတော့ ဩော်.... ဦးမြမောင်တို့ လုပ်စမ်းပါ၊ ဘုန်းကြီးက တိုက်တွန်းတယ်၊ ဦးကျော်မောင် လုပ်စမ်းပါ.... (မှန်ပါ့) ဘုန်းကြီးကသဲ ဒါချည်းဘဲ ခိုင်းနေတာဘဲ၊ လူဆိုတာက အင်မတန် အရေးကြီးတာ၊ လူမှုကိစ္စက နည်းတာမဟုတ်ဘူး၊ ခင်ဗျား တို့က ဆင်ခြေလဲချင်လဲမယ်.... (မှန်ပါ့) အဲဒီ လူ့ကိစ္စကြောင့် သံသရာရှည်နေတာ... (မှန်ပါ့)ဘယ့်နှယ် ဆိုကြမလဲ....(လူ့ကိစ္စ ကြောင့် သံသရာ ရှည်နေတာပါဘုရား)။

လူ့ကိစ္စကြောင့် သံသရာ ရှည်နေတဲ့ ဥစ္စာကို တကာတကာမ တွေက ဒါနဲ့ ဆင်ခြေလဲပြီး ဦးကျော်မောင်တို့က ရက်ကလေး များလာယင်ဘဲ မပြီး-မပြတ်တာကလေးတွေက ရှိနေသေးတယ် ဒီလိုယင်လဲ ... လာဦးမှာကိုးဗျ....( မှန်ပါ့ဘုရား )မလာပေဘူး လား....(လာပါတယ်ဘုရား)။

သံသရာ ရှည်ပါရစေဦး လျှောက်တာနဲ့ကော....(အတူတူပါ ဘဲဘုရား) အတူတူဘဲဆိုတာ ပေါ်ပလား.... ( ပေါ်ပါပြီ ဘုရား)။

ဦးမြမောင်ကလဲ ကိုယ့်လဘက်စို့ လဘက်ခြောက်တွေနဲ့ ... အင်း....ဒါကလေးတွေက ကုန်သွားတယ်ဆိုယင် သူတို့ဟာ သူတို့ မှာပြီးသကာလ အဆက်မပြတ်အောင် လုပ်ဘို့ရာက လူကြီး လက်မှတ်ထိုးမှ လူကြီးနဲ့ ဆက်သွယ်မှ မိတ်ဆွေသင်္ဂဟတွေက လေးစားသလိုလို.... ဘာလိုလိုနဲ့ သံသရာရှည်တဲ့ အလုပ်တွေကို

ဆင်ခြေလဲပြီးသကာလ ခင်ဗျားတို့ နေလို့ရှိယင်ဖြင့် အရိုးတောင်လိုပုံတဲ့ ဇာတ်ကို ခင်းတာဘဲ....(မှန်ပါ့ဘုရား)။

ဘယ့်နှယ် ဆိုကြမယ်... (အရိုးတောင်လိုပုံတဲ့ဇာတ် ခင်းတာပါဘုရား) ရှင်းပြီနော်... (ရှင်းပါပြီဘုရား) အရိုး တောင်လိုပုံတဲ့ ဇာတ် ခင်းတဲ့ ဥစ္စာသည် မတ်တတ်လဲသွားလို့ရှိယင် မောင်သစ် သေသေချာချာမှတ် အရိုး တောင်လိုပုံတဲ့ ဇာတ် ခင်းတာဘဲ.... မဂ်အလုပ်ကို မလုပ်လို့ရှိယင်....(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

မဂ်အလုပ်ကို မလုပ်တော့ပါဘူး ဆိုလို့ရှိယင်ဖြင့် ခုနင်က ဝေပုလ္လတောင်လောက် ပုံရဦးမှာဘဲ....( မှန်ပါ့ ) ပုံတော့ကို ဒါ သေခြင်းကောင်းပါသလား .. သေခြင်းဆိုးပါသလား .. လို့ မေးဘို့ မလိုပါဘူး....( မလိုပါဘုရား ) သေတယ်ဆိုကတည်းက မချိမဆန့်ခံပြီး သေကြရတာ... (မှန်ပါ့)။

မချိမဆန့်ခံပြီး သေကြရတာ ထောက်လို့ရှိယင်ဖြင့်တဲ့.... ဒီ တကာတကာမတွေဟာ ဘာဖြစ်မလဲလို့ မေးဘို့ လိုတယ်... ( သေခြင်းဆိုးချည့်ပါဘုရား )သဘောပါပလား ... (ပါပါပြီးဘုရား)။

မချိမဆန့်ခံပြီး သေရတဲ့ အသေသည်....(သေခြင်းဆိုးချည့်ပါဘုရား)သေခြင်းဆိုးချည့်ဘဲလို့ ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီ တကာတကာမတွေ မှတ်ဘို့ရာက ဒုက္ခသစ္စ ခန္ဓာကိုယ်ကြီးက ခဏခဏ ဖြစ်လိုက်... ပျက်လိုက်၊ ဖြစ်လိုက်.. ပျက်လိုက်၊ ခန္ဓာကိုယ်ထဲမှာ စိတ်ကလေးတခု ပေါ်လာတယ် - စိတ်ကလေးကလဲ ဖြစ်လိုက် . ပျက်လိုက်၊ ဖြစ်လိုက်....ပျက်လိုက်

စိတ်က ဝိညာဏက္ခန္ဓာဘဲလို့ ဦးကျော်မောင် မှတ်ရမယ်-(မှန်ပါ ဘုရား)။

ဦးမြမောင်ကော ဘာမှတ်မလဲ... (ဝိညာဏက္ခန္ဓာလို့ မှတ်ရ ပါမယ်ဘုရား) ဝိညာဏက္ခန္ဓာဆိုတော့ သူများ ခန္ဓာလား... မိမိ ခန္ဓာလား.... (မိမိခန္ဓာပါဘုရား)။

မိမိခန္ဓာကဘဲ ဖြစ်လိုက်... ပျက်သိုက်၊ဖြစ်လိုက်....ပျက်လိုက်ဆို တော့ ဩော်... ဒုက္ခရောက်နေတာပေါ့....( မှန်ပါ )မဟုတ်ဘူး လား....(ဟုတ်ပါတယ်ဘုရား)။

ဒုက္ခရောက်ပြီးသကာလ ဖြစ်နေတော့ ဒီ ဖြစ်မှု ပျက်မှုကလေး တွေ မြင်နေတာက ဒုက္ခ မြင်နေတာ....(မှန်ပါဘုရား) သဘော ပါကြလား .. (ပါပါတယ်ဘုရား)။

ဖြစ်မှု ပျက်မှုကလေးတွေ မြင်နေတာက ဘာမြင်နေတာတုံး- (ဒုက္ခ မြင်နေတာပါဘုရား) ဒုက္ခ မြင်နေတာပါတဲ့....၊ ဒုက္ခက— ဒုက္ခသစ္စာ၊ မြင်တာက—မဂ္ဂသစ္စာ၊ သဘောပါပလား....(ပါ·ပါ ပြီဘုရား)။

ဒုက္ခက....( ဒုက္ခသစ္စာပါဘုရား ) မြင်တာက ...(မဂ္ဂသစ္စာပါ ဘုရား)မဂ္ဂသစ္စာနဲ့ ဆိုတော့ကို တဏှာ ဥပါဒါန် ကံ လာသေး သလား....(မလာပါဘုရား)။

တဏှာ ဥပါဒါန် ကံ မလာတော့ဘူးတဲ့....၊ တဏှာ ဥပါဒါန် ကံ မလာတော့ကို ဩော်... ဒို့ သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် တဏှာရှိမှသာလျှင် ဥပါဒါန်ရှိ၊ ဥပါဒါန် ရှိမှ ကံရှိ၊ ကံ ရှိမှ... ဇာတိ ဇရာ မရဏ နောက်က ခန္ဓာတွေ လာမှာကိုးဗျ....(မှန်ပါ ဘုရား)။

အဲဒီတော့ .... တဏှာ ဥပါဒါန် ကံ ဇာတိ ဇရာ မရဏတွေ မလာတော့ဘူး ဆိုကတည်းက နောက် ခန္ဓာအဆက် မပြတ်ဘူး လား .. ပြတ်သလား... (ပြတ်ပါတယ်ဘုရား) ၃-နံပါတ် မကူး ကတည်းက ၄-နံပါတ်ဆိုတဲ့ ခန္ဓာ လာသေးရဲ့လား....( မလာ တော့ပါဘုရား)။

မလာတော့ဘူးတဲ့....၊ ထိုကဲ့သို့ မလာတာ ထောက်လိုက်တဲ့ အခါကျတော့ ဘုန်းကြီးတို့...တကာတကာမတွေ့ဦး ဩော်.... ကိုယ့်ဒုက္ခ ကိုယ်မြင်သောကြောင့် လိုချင်တတ်တဲ့ တဏှာ ဥပါ ဒါန် ကံတွေ မသေဘူးလားဗျာ....(သေပါတယ်ဘုရား)။

ကိုယ့်ဒုက္ခ ကိုယ်မြင်လို့ တဏှာ ဥပါဒါန် ကံ သေတယ်.... (မှန်ပါ့) နောက် လာလတ္တံ့ ဖြစ်တဲ့ ဇာတိ ဇရာ မရဏကော.... (မလာတော့ပါဘုရား)။

မလာတော့ပါဘူးဆိုတော့ ဒီဥစ္စာ သစ္စာသိတဲ့ တန်ခိုးပါ လား....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီ)ဘာသိတဲ့ တန်ခိုး ပါလိမ့်... (သစ္စာသိတဲ့ တန်ခိုးပါဘုရား)။

သစ္စာကို မသိခင်တုန်းက ခုနင်က ဘုန်းကြီးက ပြောခဲ့တယ် ဟို....မောင်တင်မြင့်တို့က မကြားရသေးဘူး....( မှန်ပါ့ )သစ္စာ မသိလို့ရှိယင် လူတယောက်တယောက်ရဲ့ အရိုးဟာ ဘုရားတဆူ တဆူကြားမှာ လေးရက်ဘက်, လေးရက်ဆင်း တောင်ကြီး လောက် ရှိသတဲ့....(မှန်ပါ့)။

အရိုးတွေ မပျောက်,မပျက်ဘဲ ပုံပုံ-ပုံပုံပြီး ထားမယ်ဆိုယင် ဖြင့် လေးရက်တက်, လေးရက်ဆင်း တောင်လောက်ဖြစ်မယ်....၊ ဘုရားတဆူတဆူကြားမှာ သေရတဲ့ အရိုးတွေ ပုံထားယင်....

(မှန်ပါ့)ဘယ်လောက် ကြောက်စရာကောင်းသတုံး....( မှန်ပါ့ ) မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

တခါ အရိုးတွေ ပုံထားရတဲ့ ဥစ္စာ ဒါ ပြီးပြီလားလို့....မေးတော့ ဒီ အရိုးလိုဘဲ နောက် ပြန်ထားရဦးမှာဘဲ၊ ပြီးနိုင်တယ်လို့ ရှိရဲ့လား....(မရှိပါဘုရား)။

အဲဒါကြောင့် ကမ္ဘာမြေကြီးကြောင့်ကြာလို့ အိုလို့သာ ဆေးသွားရမယ်၊ ထင်ရှားရှိအောင်လို့ ပုံထားပြီး တိုင်းကြည့်မယ်လို့ဆိုယင် လေးရက်တက်, လေးရက်ဆင်း တောင်လောက် ဆိုတဲ့ လူတယောက်တယောက်ရဲ့ အရိုးဟာ နည်းသလား.... (မနည်းပါဘုရား)။

အဲဒါ ဘယ့်နှယ်ကြောင့် ဒီ အရိုးတွေ ဒါလောက် ပုံရပါလိမ့်မတုံး မေးတော့ ဦးကျော်မောင်တို့ ဦးမြမောင်တို့က ဘယ့်နှယ် ဖြေမလဲ....(သစ္စာမသိလို့ပါဘုရား)သစ္စာမသိလို့...၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

သစ္စာမသိတာ ကိုယ့်သန္တာန်ရှိတဲ့ ဒုက္ခသစ္စာကို ကိုယ့်ဉာဏ် မဂ္ဂသစ္စာနဲ့ မသိဘဲ ဖြစ်သွားတယ်....(မှန်ပါ့ဘုရား)။

သိလိုက်သည်နှဲ့ တပြိုင်နက်တည်း တဏှာ ဥပါဒါန် ကံတွေ သေသောကြောင့် ဇာတိ ဇရာ မရဏ....ဇာတိဆိုဘာ ဖြစ်မှုတွေ ပေါ့ဗျာ၊ ဇရာဆိုတော့ အိုမှု၊ မရဏဆိုဘော့ သေမှုတွေ လာသေးရဲ့လား (မလာပါဘုရား)။

မလာတော့ဘူးဆိုတော့ ဒါဖြင့် ကျုပ်တို့မှာ တရားတကာ့ တရားထဲမှာ နိဗ္ဗာန်ရောက်တဲ့ တရားအစစ်ကို ရှာသိုက်သို့ရှိယင် သစ္စာသိမှုဘဲ....( မှန်ပါ့ဘုရား ) ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

နိဗ္ဗာန်ရောက်တဲ့ တရားအစစ်ဟာ.... (သစ္စာသိမှုပါဘုရား) သစ္စာသိမှုဘဲ၊ ရှင်းပြီနော်....(ရှင်းပါပြီ)။

အဲဒီတော့.. သစ္စာသိမှုတခုကို ခင်ဗျားတို့ ဒီဘဝမှာ အခုဒီခဏမှာ ခင်ဗျားတို့ အရေးတကြီး ကြိုးစားလိုက်မယ်ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ ဟိုဘက်ကြိုးစားတာကတော့ အလွဲချည့်ဘဲလို့.... ဦးကျော်မောင် မှတ်လိုက်စမ်းပါ.... (မှန်ပါ့)။

လောကီကြိုးစားနိုင်သရွေ့ ကြိုးစားတာကတော့ဖြင့် အမှတ်အလွဲ... (မှန်ပါ့) အရိုးကြီးပွားရေးလုပ်တာ....(မှန်ပါ့) ပေါ်ပလား .. (ပေါ်ပါပြီဘုရား) လောကီမှာ ကြီးပွားနိုင်သလောက်ကြီးပွားအောင်လုပ်တာ ဘာဆိုကြမယ်.... (အရိုး ကြီးပွားရေးလုပ်တာပါဘုရား)။

သေလိုက်၊ ဒီပေါ်မှာ တိရစ္ဆာန်ဖြစ်ပြီးသကာလ လူ့ဘဝကသေ၊ လူ့ဘဝက အရိုးတွေစုထား၊ တိရစ္ဆာန်ဖြစ်ပြန်၊ မကြာခင်သေ၊ ဒီအရိုးပေါ် အရိုးဆင့်၊ ဒီလိုချည့်ဘဲ အရိုးတွေဆင့်သွားမယ်ဆိုယင် လေးရက်တက် လေးရက်ဆင်း ဖြစ်ဦးမှာဘဲ.... (မှန်ပါ့)။

ဘုရားတဆူတဆူကြားမှာ ဘယ့်နှယ်ဆိုကြမယ်.... (လေးရက်တက် လေးရက်ဆင်းရှိပါတယ်ဘုရား) လေးရက်တက် လေးရက်ဆင်းချည့် မလာပေဘူးလား.... (လာပါတယ်ဘုရား)။

အဲ.... လေးရက်တက် လေးရက်ဆင်းချည့် လာလို့ရှိယင် ဘယ့်နှယ်ကြောင့် ဒါလောက်တောင် အရိုးတောင်လိုပုံရပါလိမ့်မတုံး... လို့ မေးခွန်းထုတ်တော့မှ ခင်ဗျားတို့က ဒီနေ့အဖြေထွက်လာတယ်.... (မှန်ပါ့) မထွက်သေးဘူးလား.... (ထွက်ပါတယ်ဘုရား)။

ကြည့်.... ခင်ဗျားတို့ စာရွက်ကိုကြည့်ပါ၊ ကိုင်း .. ဒါဖြင့် အတိတ်ဘဝက ခင်ဗျားတို့က အဝိဇ္ဇာသင်္ခါရ လုပ်ခဲ့တဲ့အတွက် ယခုဘဝမှာဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿဝေဒနာကြီးသည် ဘာသစ္စာရထားသတုံး ... (ဒုက္ခသစ္စာကြီး ရပါတယ်ဘုရား)။

အဲဒီ ဒုက္ခသစ္စာကို ခင်ဗျားတို့က ဒီခန္ဓာကြီးအတွက် ဒါ.... ဒုက္ခသစ္စာ ခန္ဓာကြီးပေါ့ဗျာ ... ခင်ဗျားတို့ခန္ဓာကြီး.... (မှန်ပါ့) ဒါကြီးအတွက် တဏှာကခင်ဘယ်၊ ဉပါဒါန်က စွဲလမ်းတယ်၊ သူ့အတွက် စားဘို့သောက်ဘို့ ဒွားထုတ်တယ်ဆိုတာ တဏှာ ဉပါဒါန် ကံ-လုပ်ထားတာ-(မှန်ပါ) အဲဒီတော့ ခန္ဓာကကူးလာ တာဆိုတာ မှားသေးသလား.... (မမှားပါဘုရား)။

ဝေဒနာပစ္စယာ တဏှာ ဉပါဒါန် ကံ၊ ဖဿပစ္စယာ တဏှာ ဉပါဒါန် ကံ ...(မှန်ပါ့)ဟုတ်လား၊ သဠာယတနပစ္စယာ တဏှာ ဉပါဒါန် ကံ ဒီဘက်ချည့် ဆက်မလာဘူးလား.... (ဆက်လာပါ တယ်ဘုရား)။

အဲဒီဘက်ချည့် ဆက်လာတော့ကို သစ္စာသိတာ ဟုတ်သေး ရဲ့လား.... ခန္ဓာကို ကျေးချင် မွေးချင်တဲ့သဘောလား၊ ခင်တဲ့ သဘောပါ... ပါနေတယ်ဆိုတာ မရှင်းသေးဘူးလား.... (ရှင်းပါ ပြီဘုရား)။

ရှင်းတော့ကို ဘုန်းကြီးကပြောတဲ့အတိုင်း ဟောဒီ ခင်ဗျားတို့ ပေးထားတဲ့ စိတ်ဆယ့်နှစ်မျိုးရှိပါတယ်၊ အဲဒီစိတ်ဆယ့်နှစ်မျိုး ကို ခင်ဗျားတို့ဖြစ်ပျက်ရှုစမ်းပါ၊ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာဘဲ၊ ရှုတာဟာ မဂ္ဂသစ္စာဆိုတော့ မဂ်ကလေးက ဒီအစပ်ကလေးဖြတ် လိုက်ပါတယ်....(မှန်ပါ့)။

မဂ်ကလေးကဘာတုံး.... (အစပ်ကလေး ဖြတ်လိုက်ပါတယ် ဘုရား) အစပ်ကလေးဖြတ်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဒီဘက် တဏှာ ဥပါဒါန် ကံ....ဆိုတဲ့ သမုဒယသစ္စာ လာသေးရဲ့လား (မလာတော့ပါဘုရား)။

အဲ....မလာတာ ထောက်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့်....တဲ့ အကြောင်းသမုဒယချုပ်လို့ နောင်အကျိုး ဒုက္ခလာသေးရဲ့ လား....(မလာပါဘုရား) ဒါဖြင့် သံသရာအဝိုင်းကြီးဟာ ပြတ် ထွက်မသွားဘူးလား....(မှန်ပါ)။

ရှေ့ပိုင်းကလဲ သိလို့မပေါ်၊ နောက်ပိုင်းကလဲ ဖြတ်လို့မ လာတော့ဘူး....(မှန်ပါ) ရှေ့ပိုင်းက သိလို့ လာသေးရဲ့လား.... (မလာတော့ပါဘုရား) နောက်ပိုင်းကလဲ မဂ်က ဝင်ဖြတ်လိုက် တာနဲ့ နောက်နှစ်ပိုင်းကလဲ လာသေးရဲ့လား (မလာတော့ပါ ဘုရား) ရှေ့နှစ်ပိုင်းကတော့သိလို့၊ ကျုပ်တို့ ဒုက္ခသစ္စာမှန်း သိသွားတဲ့အတွက် ရှေ့နှစ်ပိုင်းက နောက်ရချင်သေးရဲ့လား.... (မရချင်တော့ပါဘုရား)။

မရချင်တော့ နောက်နှစ်ပိုင်းကလဲ ယခုမဂ်ကဖြတ်လိုက်တော့ နံပါတ် ၃-ဟုတ်လား၊ နံပါတ် ၄-ကလာသေးရဲ့လား....(မလာ တော့ပါဘုရား)။

အဲ....နံပါတ် ၃-နဲ့ နံပါတ် ၄-မလာကတည်းကိုက အို.... ဘယ့်နှယ်ကြောင့် မလာသတုံးဆိုတော့နံပါတ် ၁-ကိုလဲကျုပ်တို့ က သြော်.... အဝိဇ္ဇာသင်္ခါရဒဏ်ချက် တယ်ပြင်းပါကလား.... ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ဒုက္ခ

သစ္စာတွေ ခန္ဓာထဲမှာ ပေါ်နေတယ်....၊ မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

အဲဒီလို ပေါ်ပြီးသကာလနေတော့ကို ကျုပ်တို့က ဒုက္ခသစ္စာလို့ စိတ်ကလေး ဖြစ်ပျက် ကြည့်လိုက်တော့ စိတ်က ဖြစ်ပျက် ဒုက္ခသစ္စာ၊ ရှုတာက မဂ္ဂသစ္စာဆိုတော့ နောက်ပိုင်းက လုံးလုံး ပြတ်၊ ရှေ့ပိုင်းကလဲ ကျုပ်တို့က ဒုက္ခမှန်းသိလို့ အဘိုးတန် သွားပြီနော်... (မှန်ပါ့)။

ဒီနေရာမှာ ယနေ့ ထူးထူးခြားခြား ပြောတာကလေးကိုလဲ သတိထားရမယ် မောင်သစ်တို့နော်....(မှန်ပါ့) ထူးထူးခြားခြား ပြောတာက ဘာတုံးဆိုလို့ရှိယင် ဒီ....ဦးမြမောင်တို့ ဦးကျော် မောင်တို့ ၀တ်ဂ.လေးအရှုခိုင်းတာ.... (မှန်ပါ့) မဂ်ကလေးနဲ့ အရှုခိုင်းတော့ မဂ်က ဝိဇ္ဇာဗျ...( မှန်ပါ့ ) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

မဂ်က ဝိဇ္ဇာဆိုတော့ကို ဒီ....အတိတ်ဘဝက လာတဲ့ အဝိဇ္ဇာ ကြောင့်ဖြစ်တဲ့ ခန္ဓာငါးပါး၊ ဒီဘဝ ဝိဇ္ဇာဉာဏ်နဲ့ စိတ်ကလေး ကို ဖြစ်ပျက်ရှုလိုက်တော့ကို အတိတ်က ပါလာတဲ့ အဝိဇ္ဇာလဲ ကျုပ်တို့မှာ ဝိဇ္ဇာဖြစ်သွားပြီ... (မှန်ပါ့) မဖြစ်သေးဘူးလား.... (ဖြစ်ပါပြီဘုရား) ဒီ အတိတ်ကပါလာတဲ့ သင်္ခါရကလဲ ဒီမှာ ကမ္မဘဝနဲ့ သူ- အလားတူ အကျိုးဆက်တာ မတွေ့ဘူးလား၊ အဲဒီ ကမ္မဘဝကော ပြတ်မသွားဘူးလား... (ပြတ်သွားပါတယ်ဘုရား) ဒါဖြင့် သင်္ခါရလဲပြတ်ပြီ....(မှန်ပါ) မပြတ်ဘူးလား....(ပြတ်ပါ တယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ကိုရှုတဲ့ မဂ်ကလေးသည် ဝိဇ္ဇာလဲဖြစ်သော ကြောင့် သင်္ခါရကို ချုပ်စေတယ်ဆိုယင်ကော လွဲပါ့မလား.... (မလွဲပါဘုရား)။

သင်္ခါရဆိုတာက ဟိုသင်္ခါရချုပ်စေကာမှတ်ဘူး၊ ကမ္မဘဝ ချုပ်ယင် သင်္ခါရချုပ်တာဘဲ.... ( မှန်ပါ့ ) ပေါ်ကြပလား.... (ပေါ်ပါပြီ) ကမ္မဘဝနဲ့ သင်္ခါရဟာ အတူတူမဟုတ်လား.... (အတူတူပါဘုရား)။

အတူတူဘဲ....တဲ့ ကမ္မဝဋ်နှစ်ပါးကို ဆိုတာဘဲ၊ အဲဒီ....တပါး ချုပ်တော့ကို ထူးသေးရဲ့လား....(မထူးပါဘုရား)။

မထူးတာ ထောက်လိုက်တဲ့အခါကျလို့ရှိယင် သြော်....ဒီဘဝ မှာ ၂-နံပါတ်ကိုလဲ ဒုက္ခသစ္စာ.... ( မှန်ပါ့ ) ၁-နံပါတ်ကလဲ အဝိဇ္ဇာက ဝိဇ္ဇာတွေဖြစ်သွားတော့ ဝိဇ္ဇာတည်းဟူသော မဂ်ဖြစ် သွားတော့ ၁-နဲ့ ၂-ကော ရှိသေးရဲ့လား ..(မရှိပါဘုရား)။

၁-နဲ့ ၂-က ကျုပ်တို့အသိဉာဏ်ထဲမှာ လမ်းဆုံးသွားတယ်.... (မှန်ပါ့)။

ဒုက္ခသစ္စာလို့ ဆိုသောကြောင့် သူလဲ ကျုပ်တို့က ဒုက္ခသစ္စာ လို့ သိကတည်းက ပေါ်စရာရှိသေးရဲ့လား (မပေါ်နိုင်ပါ ဘုရား) ၂-နံပါတ်ပေါ်သေးရဲ့လား... (မပေါ်ပါဘုရား)။

ဒီ ပဌမ ၁-နံပါတ်ကလဲ အဝိဇ္ဇာက ဝိဇ္ဇာသွားဖြစ်ကတည်း က သင်္ခါရကလဲ ကမ္မဘဝအဖြစ်နဲ့ ချုပ်ပြီးသကာလ သွား ကတည်းကိုက သြော် .... ပဌမအကွက်တော့ ပြင်ပြီးပြီနော်.... (မှန်ပါ့)အဝိဇ္ဇာက ဝိဇ္ဇာဖြစ်၍ သင်္ခါရက အသင်္ခါရ ဖြစ်သွားပြီ နော် .. (မှန်ပါ့ဘုရား)။

သင်္ခါရက....(အသင်္ခါရ ဖြစ်သွားပါပြီ)အဲ.... အသင်္ခါရ ဖြစ်သွားပြီဆိုတော့ မပြုပြင်တော့ဘူးပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် မဂ်သည် ပဌမအကွက်ကိုလဲ ၄-နံပါတ် အကွက်ကိုလဲ မဂ်က ပြောင်းပြန်လုပ်ပစ်လိုက်တယ်....(မှန်ပါ့) အဝိဇ္ဇာကို ဝိဇ္ဇာလုပ်ပစ်လိုက်တယ်....(မှန်ပါ့) သင်္ခါရကိုလဲ အသင်္ခါရလုပ်ပစ်လိုက်တယ်၊ သဘောပါပလား....(ပါ-ပါပြီဘုရား)။

၂-ကွက်ကိုလဲ ဒုက္ခသစ္စာလို့ သူသိပစ်လိုက်တော့ ၁-ကွက်ရော၊ ၂-ကွက်ရောလဲ သူအလိုရှိတာ ဟုတ်သေးရဲ့လား....(မဟုတ်တော့ပါဘုရား) မဂ်အလိုရှိတာ ဟုတ်သေးရဲ့လား .... (မဟုတ်ပါဘုရား)။

တခါ ၃-ကွက်နဲ့ ၄-ကွက်တော့ သူက ဖြတ်ပစ်လိုက်လို့ ပေါ်သေးရဲ့လား....(မပေါ်ပါဘုရား)ဒါဖြင့် ၄-ခုစလုံးပျောက်ထွက်သွားတယ်....(မှန်ပါ့) ဘယ့်နှယ်ဆိုကြမယ် .... (၄-ခုစလုံးပျောက်ထွက်သွားပါတယ်ဘုရား)။

၄-ခုစလုံး ပျောက်ထွက်သွားတယ် ဆိုတော့ အဝိုင်းကြီးပျောက်ထွက်သွားတယ် .... ( မှန်ပါ့ ) ဘယ့်နှယ်ဆိုကြမလဲ.... ( အဝိုင်းကြီး ပျောက်ထွက်သွားပါတယ်ဘုရား ) အဝိုင်းကြီးပျောက်ထွက်သွားတယ် ဆိုတာက စာအုပ်ထဲမှာ မပါဘူး.... (မှန်ပါ့ဘုရား)။

ဦးကျော်မောင် အခုတော့ အဝိုင်းပျောက်တာ သေချာပလား....( သေချာပါပြီ ) ရှုတဲ့ဉာဏ်ကလဲ ဝိဇ္ဇာဖြစ်သွားတယ်ဆိုတော့ ဒီအဝိဇ္ဇာမချုပ်ဘူးလား.... ( ချုပ်ပါတယ် ) အဝိဇ္ဇာချုပ်ကတည်းကိုက ဒီသင်္ခါရလဲ အသင်္ခါရမဖြစ်ဘူးလား.... (ဖြစ်

ပါတယ်ဘုရား) ပြုပြင်နိုင်သေးရဲ့လား....(မပြုပြင်နိုင်ပါဘုရား) မပြုပြင်နိုင်တာ ဒီမဂ်ကြောင့်လို့ဆိုတဲ့ အဓိပ္ပါယ်ကော မရှင်းဘူးလား....(ရှင်းပါတယ်ဘုရား)။

မဂ်က ဒါကို ဒုက္ခသစ္စာသိသောကြောင့်**လဲ** ရှေးတုန်းက မသိလို့ပေါ်တာ၊ အခု သိလို့ရှိယင် ဒုက္ခသစ္စာချုပ်ရမယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ၁-ကွက်လဲ မပျောက်ဘူးလား....( ပျောက်ပါတယ် ) ၂-ကွက်ကော....(ပျောက်ပါတယ်ဘုရား) အဲဒါ သိလို့ပျောက်တာ .. (မှန်ပါ့) ၃-ကွက်နဲ့ ၄-ကွက်က ပယ်လို့ပျောက်တယ်....(မှန်ပါ့ဘုရား)။

၁-ကွက်နဲ့ ၂-ကွက်က....(သိလို့ပျောက်တာပါ)၃-နဲ့ ၄-က....(ပယ်လို့ပျောက်တာပါဘုရား)အဲ... ပယ်လို့ပျောက်တယ်ဆိုတာ မဂ်က ဒိကြားဝင်လိုက်ကတည်းက ၃-နဲ့ ၄-က ပယ်ပြီးသားဖြစ်နေတော့ လာသေးရဲ့လား... (မလာပါဘုရား)။

ဒါဖြင့် သိလို့ပျောက်တာလား....ပယ်လို့ ပျောက်တာလား (ပယ်လိုပျောက်တာပါဘုရား)ဒီလိုဆိုတော့ အဝိုင်းကြီးကုန်ပြီ....(အဝိုင်းကြီး ပျောက်သွားပါပြီ) အဘိုးတန်ပလား....(တန်ပါပြီဘုရား) ဒါဖြင့် သိမှု သဘောကလေးဟာ ဘယ်လောက်ထိအောင် ခရီးပေါက်တယ်ဆိုတာ မောင်သစ်တို့ ပေါ်ရောပေါ့ကွာ .. (မှန်ပါ့ဘုရား)။

ဒါဖြင့် သံသရာအဝိုင်းကြီးဟာ သေသေချာချာဘဲ ကျုပ်တို့ရှေ့က အဝိုင်းပြေးနေတဲ့ သဘောကြီးဟာဖြင့် အခုအခါလုံးလုံးရပ်ပါပြီ၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဝိုင်းပြေးကြီး ဘာဖြစ်သွားသတုံး .... (ရပ်သွားပါတယ်ဘုရား) အဝိုင်းပြေး ရပ်သွားတယ်ဆိုတော့ ဩော်... ဒါလုံးလုံး ရပ်သွားတယ်ဆိုသလား....သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာလှည့်ပြေးနေတာ ကုန်တာဘဲ....(မှန်ပါ့ဘုရား)။

ဟင်....သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ လှည့်ပြေးနေတာ ဘယ့်နှယ်တုံး....(ကုန်သွားပါတယ်ဘုရား) သမုဒယနဲ့ ဒုက္ခကုန်သွားတော့ ဟာ... ဘယ့်နှယ်ကြောင့် ကုန်ပါလိမ့်မလဲလို့ တကာ တကာမတွေက မေးတဲ့အခါကျတော့ ဟောဒီမှာ မဂ္ဂသစ္စာ လာလို့နော်... (မှန်ပါ့) ဟောဒီ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာချုပ်တယ်ဆိုတော့ သမုဒယချုပ်ယင် နိဗ္ဗာန်.... ( မှန်ပါ့ ) ဒုက္ခချုပ်ကော....(နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ဆိုတော့ မဂ္ဂနဲ့ နိဗ္ဗာန်ပေါ်လို့ ချုပ်တာ....(မှန်ပါ့ဘုရား)။

ဒုက္ခနဲ့ သမုဒယချုပ်သွားတာသည် မဂ္ဂနဲ့ နိရောဓလာလို့ (မှန်ပါ့) ပေါ်ပလား... (ပေါ်ပါပြီ) ဒုက္ခနဲ့ သမုဒယချုပ်တာသည်....(မဂ္ဂနဲ့ နိရောဓလာလို့ပါဘုရား)။

ကဲ... ဒါဖြင့် အင်မတန်အဘိုးတန်တဲ့ သဘောမရောက်သေးဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့အခု ဥပမာမယ် မောင်ထွန်းအောင်တို့ အရှုခိုင်းတယ်၊ ရှုနေတယ်- ရှုသာနေ၊ ဖြစ်ပျက်သွားတာကတော့ဒုက္ခသစ္စာဘဲ၊မြင်လိုက်တဲ့ဉာဏ် ကလေးက မဂ္ဂသစ္စာဘဲ.... (မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့) နောက်က သေတာကတော့ သမုဒယသစ္စာသေလို့ရှိယင် နိဗ္ဗာန်ဘဲ၊ ဒုက္ခသစ္စာချုပ်ယင် .... (နိဗ္ဗာန်ပါဘုရား)။

နိဗ္ဗာန်ဘဲ ဆိုသဖြင့် ပဌမအကွက်ကိုလဲ ကျုပ်တို့ကပြန်လိုက်တယ်၊ ပဌမအကွက်က အဝိဇ္ဇာကို ကျုပ်တို့က ဝိဇ္ဇာမဂ်နဲ့ရှုချလိုက်တယ်....(မှန်ပါ) ဝိဇ္ဇာမဂ်- ဆရာပေးတဲ့ ဝိဇ္ဇာမဂ်နဲ့ ရှုတော့ ပဌမအကွက်က မပျောက်ဘူးလား..(ပျောက်ပါတယ်ဘုရား)။

ဒုတိယ အကွက်ကလဲ ဒုက္ခသစ္စာမှန်း သိကတည်းက နောက်ထပ် ပေါ်စရာရှိသေးရဲ့လား... (မရှိပါဘုရား)။

အဲ... တတိယ အကွက်ကလဲ သမုဒယသစ္စာကို မဂ်ကလေးဝင်လိုက်ကတည်းကိုက ပေါ်သေးရဲ့လား .... (မပေါ်ပါဘုရား)။

ဒါဖြင့် ပယ်သစ္စာက နှစ်ခု.... ( မှန်ပါဘုရား ) သဘောကျပလား....(ကျပါပြီ) သိသစ္စာက....(နှစ်ခုပါဘုရား)။

အဲ .. သိ-သစ္စာက နှစ်ခု၊ ပယ်သစ္စာက နှစ်ခု ကျုပ်တို့အလုပ်-လုပ်တဲ့ပုဂ္ဂိုလ်မှာ ခရီးပေါက်တယ်....(မှန်ပါဘုရား)။

သိ့သစ္စာက... (နှစ်ခုပါဘုရား) ပယ်သစ္စာက.... ( နှစ်ခုပါ ) ဒါဖြင့် ဘာကျန်သေးသတုံး ဒိပဋိစ္စသမုပ္ပါဒ်ကြီး... (ဘာမှမကျန်ပါ ဘုရား)။

ဒါဖြင့် ဘာမှမကျန်ဘူးဆိုတော့ ဩော်.... ဒို့ဖြင့် အဝိုင်းပြေးဇာတ် သိမ်းပြီ (မှန်ပါ) ဘယ့်နှယ်ဆိုကြမလဲ....(အဝိုင်းပြေးဇာတ်သိမ်းပါပြီ) အဝိုင်းပြေး ဇာတ်သိမ်းပြီလို့ မဆိုနိုင်ကြဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ကိုင်း .. ဒါဖြင့် ဒီ့ပြင်ကိစ္စတွေက ခင်းဗျားတို့ ဘုန်းကြီးက အဝိုင်းပြေးဇာတ် သိမ်းတယ်ဆိုတာ ဦးကျော်မောင်တို့၊ ဦးဘစောတို့၊ ဦးမြမောင်တို့ ရှာကြည့်ဦး၊ မတွေ့ဘူး... ဟင်၊ တွေ့ရဲ့လား... (မတွေ့ပါဘုရား)။

မတွေ့ဘူး... တဲ့၊ ဥပမာမယ် ဒါန ကုသိုလ် လုပ်လိုက်တယ်၊ နတ်ဇာတိလာ- မရဏလာ၊ အဝိုင်းလာသေးတာဘဲ....( မှန်ပါ ) နတ်ပြည်ကျတော့ တွေ့ဝေမိန်းမောပြီး မိုက်ပြန်လို့ ရှိယင် အဝိဇ္ဇာသင်္ခါရ ပြန်လှည့်ဦးမှာဘဲ .... (မှန်ပါဘုရား) လှည့်ယင် ပြန်လှည့်လာပြီး နောက် ရုပ်တွေပေါ်ဦးမှာဘဲ၊ ပေါ်ယင် ဒုက္ခသစ္စာ....(မှန်ပါဘုရား)မလာပေဘူးလား .. (လာပါတယ်ဘုရား) ဒုက္ခသစ္စာကြီးနဲ့ တခါ မသိပြန်ဘူးဆိုလို့ရှိယင် တဏှာဥပါဒါန် ကံက ဘယ့်နှယ်နေသလဲ... (ပြန်ပေါ်ပါတယ်ဘုရား) ပြန်ပေါ် လို့ရှိယင် ဇာတိ့ဇရာ့မရဏကော (လာဦးမှာပါဘုရား)။

အဲဒီတော့ ဘာအရေးအကြီးဆုံးလို့ ဆရာဘုန်းကြီးရော၊ဘုရားကော အဓိကထားတယ်ဆိုတာ ခင်ဗျားတို့ ပေါ်ပါပြီ... (ပေါ်ပါပြီဘုရား) ဘာအဓိကတုံး .... (သစ္စာလေးပါးကို သိဘို့ပါဘုရား)သစ္စာလေးပါးသိဘို့၊ သို့သော်လဲ ခင်ဗျားတို့က အကုန် လေးပါးသိမနေနဲ့....(မှန်ပါ) ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ သိယင် ကျန်တဲ့ဥစ္စာ အကုန်ပါသွားတယ်....(မှန်ပါ)။

ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့သိယင်.... ( ကျန်တာ အကုန်ပါ သွားပါတယ်ဘုရား) ကျန်တာ အကုန်ပါသွားတယ်ဆိုတာ ရိပ် မိပလား... (ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ စိတ်ကလေးတွေ ဖြစ်ပျက်က ဘာသစ္စာ တုံး....( ဒုက္ခသစ္စာပါဘုရား ) နောက်က သိသိလိုက်နေတာ ကလေးက....(မဂ္ဂသစ္စာပါဘုရား)။

ဒုက္ခသစ္စာဆိုကတည်းက ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ သိသော ကြောင့် ဟောဒီ ၃ -နံပါတ် သမုဒယသစ္စာသေတယ်....(မှန်ပါ)

၄-နံပါတ် ဒုက္ခတွေ မလာသောကြောင့်"ဒုက္ခနိရောဓေါ နိဗ္ဗာန်" ဆိုတာ ၄-နံပါတ်ကလဲ နိဗ္ဗာန်ပေါ်တယ်... (မှန်ပါ) မပေါ်ဘူး လား....(ပေါ်ပါတယ်ဘုရား) ရှင်းပလား... (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ နေရာကျပါပြီ....တဲ့၊ အရိုးပုံတဲ့ဇာတ်ဆို တာက ၃-လာမှ ၄-အရိုးပေါ်တာ.... (မှန်ပါ)၃-နံပါတ်လာလို့ ရှိယင်တော့ ၄-နံပါတ် ဇာတိ ဇရာမရဏ....ဆိုတဲ့ သေတဲ့အရိုး ပေါ်မလာဘူးလား... (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ၃-ကူးယင် အရိုးကြီးပွါးရေးဇာတ်....(မှန်ပါ) ၃-က ၄-ကူးယင်....( အရိုးကြီးပွါးရေးဇာတ်ပါဘုရား )အရိုးကြီးပွါး ရေးဘဲတဲ့....၊တခါ ၄-က နေပြီး ၁-ပြန်ကူးလို့ ရှိယင်လဲ အရိုးကြီး ပွါးရေးဘဲ....( မှန်ပါ အရိုးကြီးပွါးရေးပါဘုရား )မဟုတ်ဘူး လား....၊ အရိုးကြီးပွားရေးဘဲ၊ ဒီမှာ တခါ သေဦးမှာကိုးဗျ....၊ မသေပေဘူးလား....(သေပါတယ်ဘုရား)။

အဝိဇ္ဇာ သင်္ခါရနဲ့ နေပြီး မစပ်ခင် ဒီကြား သေရဦးမှာဘဲ- (မှန်ပါ) ကဲ....တခါ ၁-က နေပြီး ၂-ကူးပြန်တော့လဲ အရိုးကြီး ပွါးရေးဘဲ ပြန်ဖြစ်တယ်... (မှန်ပါ) ဒီနေရာ မသေရဘူးလား.... သေရမလား....(သေရပါတယ်ဘုရား)။

သေရတော့လဲ ဒီနေရာ အရိုးတပုံ၊သဘောကျပလား-(မှန်ပါ ဘုရား)ဒါက အရိုးဖြစ်ကြောင်း၊ ဒါက အရိုးတပုံ၊ ဟုတ်လား.... (မှန်ပါ)။

ဒီမှာ အရိုးတပုံ....ဒီမှာ အရိုးတပုံ၊ အစပ်ဟူသ၍ အရိုးတပုံ ချည့် ဖြစ်ရမယ်....( မှန်ပါ ) သဘောပါပလား.... ( ပါပါပြီ ဘုရား)။

အစပ်ဟူသရှဲဟာ .... (အရိုးပုံချည့်ဖြစ်ရပါမယ်ဘုရား)အရိုးပုံချည့် ဖြစ်တဲ့အခါကျတော့ ဒီလို လည်ပြေးနေရတာ ဘယ်လောက်ကြာပြီတုံး... လို့ မေးလို့ရှိယင်ဖြင့် ဘုရားတဆူနဲ့တဆူကြားမှာ ခင်ဗျားတို့ ဒီလိုလည်ပြေးတဲ့ အရိုးတွေ ထပ်စုထားမယ်ဆိုလို့ရှိယင် လေးရက်တက်လေးရက်ဆင်းဝေပုလ္လတောင်ကြီးလောက်ရှိတယ်....(မှန်ပါ့ဘုရား) ဘယ်လောက် ကြောက်စရာကောင်းသလဲ....(ကောင်းပါတယ်ဘုရား)။

လေးရက်တက် လေးရက်ဆင်းတဲ့၊ လူတယောက် အရိုးကို မပျောက် မပျက်ဘဲနဲ့ ပုံထားခဲ့လို့ရှိယင်၊ အဲဒါ သေခြင်းဆိုး သေခဲ့တာချည့် မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ်.... ( သေခြင်းဆိုး သေခဲ့တာချည့်ပါဘုရား)ဒီ....အသေတွေ ဒါလောက်များနေလို့ရှိယင်ဖြင့် ကျုပ်တို့မှာ....တဲ့ သူများပါးစပ်ထဲ သေရတာတမျိုး၊ သူများလု ချက်မိလို့သေရတာတမျိုး၊ သူများလက်နက်နဲ့ပစ်လိုက်လို့ သေရတာတမျိုး အိုခြင်းဆိုးနဲ့သေရဘာကတမျိုး မရှိပေဘူးလား- (ရှိပါတယ်) နာခြင်းဆိုးနဲ့ သေရတာတွေကကော (ရှိပါတယ်ဘုရား) ရှိပြီးသကာလနေတာ အခု ဒီနေရာ ၃-နေရာမကူးအောင် မလုပ်တတ်လို့....(မှန်ပါ့ဘုရား)။

လက်သည်တွေ့ပလား.... (တွေ့ပါပြီဘုရား)၃-ကိုကူးအောင် လုပ်နေလို့ ဒီလိုယူယင်ဖြစ်တယ်....(မှန်ပါ့) ၃-ကိုမကူးလို့ရှိယင် (အရိုးပြတ်သွားပါမယ်ဘုရား) အရိုးပြတ်မှာဘဲဆိုတာပေါ်လာပလား....(ပေါ်ပါပြီ)။

ကောင်းပြီ.... ဒါဖြင့် အခုဆရာဘုန်းကြီးက နေ့တိုင်း ဦးမြ

မောင်တို့ ဦးကျော်မောင်တို့ ဟော့....မောင်ရွှေမြင့် မင်းကိုရေး ပေးထားတယ်၊ မင်းကလဲ တပတ်မှတခါလာနိုင်တော့။

ကဲ... ဒါဖြင့် ဖြစ်ပျက်သာ ရှုနေလို့ရှိယင် မဂ်ဘာပေါ်မှာ ဘဲ... (မှန်ပါ့) ပေါ်ယင် ၃-နံပါတ်လာသေးရဲ့လား.... (မလာ တော့ပါဘုရား)မလာလို့ရှိယင်အရိုးကြီးပွားကြောင်းသေတယ်၊ ဟင်....(မှန်လှပါဘုရား) အရိုးကြီးပွားကြောင်း မသေသေးဘူး လား... (သေပါတယ်ဘုရား)။

အရိုးကြီးပွားကြောင်း သေကတည်းကိုက ခင်ဗျား အမိုး အထည်ပေါ်ဘို့ ၄-နံပါတ်လာသေးရဲ့လား.... (မလာတော့ပါ ဘုရား)။

မလာလို့ရှိယင် ၄-နံပါဘ်ကနိဗ္ဗာန်၊ ၃-နံပါတ်ကလဲ နိဗ္ဗာန် (မှန်ပါ့) ၃-နံပါတ်က သမုဒယချုပ်လို့ နိဗ္ဗာန်၊ ၄-နံပါတ်က ဒုက္ခချုပ်လို့....(နိဗ္ဗာန်ပါဘုရား) ပေါ်ပလား.... (ပေါ်ပါပြီ ဘုရား)။

၃-နံပါတ်က ...(သမုဒယချုပ်လို့ နိဗ္ဗာန်ပါဘုရား)၄-နံပါတ် က (ဒုက္ခချုပ်လို့ နိဗ္ဗာန်ပါဘုရား) ဒုက္ခချုပ်လို့ နိဗ္ဗာန်ဘဲ ဆိုတာ ခင်ဗျားတို့အင်မတန်ရှင်းသွားပါပြီ ... (မှန်ပါ့ဘုရား) မရှင်းသေးဘူးလား....(ရှင်းပါပြီဘုရား)။

အဲဒါ ရှင်းတာ ထောက်လိုက်တဲ့အခါကျတော့ ဩော်... အရိုးတောင်နှယ်ပုံတာဟာ ဘာပါလိမ့်မတုံးဆိုတော့ ၃-နံပါတ် ကွက်ကို သစ္စာမသိတာ.... (မှန်ပါ့) မပေါ်သေးဘူးသား.... (ပေါ်ပါပြီ)။

ဘယ်နှစ်နံပါတ်လိမ့်.... (၃-နံပါတ်ကွက် သစ္စာမသိတာပါ ဘုရား) ၃-နံပါတ်ကို သစ္စာမသိတာ၊ အဲ....၄-နံပါတ်ကိုသစ္စာ....

ခင်ဗျားတို့ အခု ကွန်ပါစကေးနဲ့ ချပြလို့သာ ၃-တွေ ၄-တွေ ပါးစပ်က ထွက်လာတာဗျ.. (မှန်ပါ့ဘုရား) နို့မဟုတ်ယင်.... ဘယ်ကဖြစ်ရမှန်းမသိဘူး....ဟင်....(မသိပါဘုရား)။

ဘယ်က ဖြစ်ရမှန်းကိုမသိဘဲနဲ့ တခါတည်းကွာ....နိဗ္ဗာန် ဆိုတာ တစတစရောက်မှာဘဲဆိုတော့ ဖြစ်စရာရှိတာမှ မဖြစ် ဘဲနဲ့ သမုဒယက ချုပ်ပါ့မလား....(မချုပ်ပါဘုရား) မချုပ်လို့ ရှိယင် ဒုက္ခက လာမြဲလာနေမှာဘဲ....(မှန်ပါ့) ဘယ်မှာ နိရောဓ လာနိုင်တာဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

နိရောဓလာနိုင်တာ မဟုတ်ဘူး....တဲ့၊ ဒုက္ခလာတာတွေသာ ထင်ရှားပြီးသကာလနေတော့ ခုတော့ဖြင့် ခင်ဗျားတို့ခလေးတွေ လက်ထောက်ပြသလို ပြပြီးသကာလနေတော့ ဩော်...၂-နံပါတ် ဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ။

အဲဒီတော့ ဆရာဘုန်းကြီးက သိအောင် လုပ်လိုက်စမ်းပါ၊ ဒါကလေးတွေဟာ ဖြစ်ပျက်တဲ့ တရားကလေးတွေပါဘဲလို့ ဆို ပြီး ဦးကျော်မောင်တို့ ဦးဘသော်တို့ ဦးဘသန်းတို့ကို ခိုင်းထား တယ်...(မှန်ပါ့) ခိုင်းထားတော့ ခင်ဗျားတို့က သိအောင်လုပ် တယ်....(မှန်ပါ့ဘုရား)။

သိအောင်လုပ်ထားတော့ ဒီအသိကလေးက ဒီစက်ဝိုင်းထဲ မှာ နဂိုရ်က မပါဘူးဗျ...(မှန်ပါ) ဒါက သံသရာ့ခရီးသည် ပြထားတာ.... (မှန်ပါ့) လည်တတ်ဘဲ့ခရီးသည် ပြထားတာ... (မှန်ပါ့)။

အခုတော့ ခင်ဗျားတို့ပြတာက ဘုရားပွင့်လာတဲ့သဘောကို ပြောတာ...(မှန်ပါ့) ဘုရားပွင့်လာတာဟာ ဒီ ၃-က ၄-မကူးလဲ့

ဥာဏ်ကလေး ပေးချင်လို့ ဘုရားပွင့်လာတာ....(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ) ၃-နံပါတ်က-(၄-မကူးချင်တဲ့)၄-မကူးချင်တဲ့ အဲဒီနေရာ ဉာဏ်ကလေးသွင်းဘို့ ဘုရားပွင့်လာတာပါ....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ဘုရားသည်ကားလို့ဆိုယင် ငါတို့ ကယ်တင်တဲ့ နေရာဟာ ဘယ်နေရာကပါလိမ့်မတုံးဆိုလို့ရှိယင်ဖြင့် ဦးကျော်မောင်တို့ ဦးမြမောင်တို့ တွေ့ပလား....(တွေ့ပါပြီ)ဘယ်နေရာကနေ ကယ်တင်တာတုံး...(၂-ကနေ ၃-ပါဘုရား)။

အဲ.... ၂-က ၃-မကူးအောင် ဉာဏ်ကလေး ပေးတယ်....(မှန်ပါ) မပေးဘူးလား ... (ပေးပါတယ်ဘုရား) ဖြစ်ပျက် ဒုက္ခသစ္စာသိတဲ့ ဉာဏ်ကလေး မပေးဘူးလား.... ( ပေးပါတယ်ဘုရား)။

အဲဒီ့ ပေးတဲ့ဥစ္စာဟာ အခု ဘုန်းကြီးတို့ကအမွေခံပြီးဆက်ယူထားတော့ ခင်ဗျားတို့လဲ ဆက်ပေးမယ် ... ( မှန်ပါဘုရား ) ဆက်ပေးတော့ ခင်ဗျားတို့ ၃-လဲမဖြစ်နိုင်တော့ဘူး.... (မှန်ပါ) ၃-သမုဒယသစ္စာ မချုပ်ဘူးလား .. (ချုပ်ပါတယ်ဘုရား)၄-ဒုက္ခသစ္စာ လာဦးမလား... (မလာတော့ပါဘုရား)။

ဒါတွေ မလာတာထောက်လိုက်တော့ သမုဒယသေယင်လဲ နိဗ္ဗာန်၊ ဟုတ်လား .. (မှန်ပါ) ဒုက္ခချုပ်လဲ....(နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ဆိုတော့ နိဗ္ဗာန်ကနှစ်ကွက်၊ ဟုတ်လား-(မှန်ပါ)ဟိုဘက်က ၁-ကွက်နဲ့ ၂-ကွက်က အသိနဲ့ပယ်တယ် .. (မှန်ပါ) ၃-ကွက်နဲ့ ၄-ကွက်က အလုပ်နဲ့ပယ်တယ်ဆိုတော့ ဒီတဝိုင်းလုံး ပျောက်တယ် ခင်ဗျားတို့ .. (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

ဘာပျောက်တာတုံး မောင်သစ်ရေ.... (အဝိုင်းကြီး ပျောက်ပါတယ်ဘုရား) အဝိုင်းကြီးကိုပျောက်နေတယ်....(မှန်ပါ့)သြော်-ဒါဖြင့် သံသရာ ဒို့-ခရီးလမ်းဆုံးပြီ၊ မောင်သစ်ဆိုနိုင်ကြပလား-(ဆိုနိုင်ပါပြီဘုရား) သံသရာဘယ့်နှယ်တုံး....(ခရီးလမ်းဆုံးပါပြီဘုရား)။

ခရီးလမ်းဆုံးပြီဆိုတော့ ဒီအဝိုင်းကြီးပေါ် ရှောက်ပြေးနေတဲ့ ခရီးဟာ ဦးခင်မောင် ဘယ့်နှယ်တုံး ပြေးဘို့ရှိသေးရဲ့လား.... (မရှိပါဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကသဲ ဟောထားတယ်၊ "ဂတဒ္ဓိနော ဝိသောကဿ...." ဂတဒ္ဓိနော= ခရီးဆုံးပြီးသော ပုဂ္ဂိုလ်အား၊ ဝိသောကဿ= သောကပရိဒေဝ ဒုက္ခဒေါမနဿ မရှိတော့ဘူး... ကွတဲ့....(မှန်ပါ့) ခရီးဆုံးတဲ့ပုဂ္ဂိုလ်မှာ မရှိဘူးတဲ့ .. (မှန်ပါ့) ခရီးမဆုံးသေးဘဲနဲ့ သံသရာမှာ ဒီဘဝ လူဖြစ်လာတယ်ဆိုတော့ သားသေ, မယားသေ, ကိုယ်သေ၊အင်း.... သောက ပရိဒေဝ လာဦးမှာဘဲ....(မှန်ပါ့) နောက်ဘဝ တခါ ပုဂ္ဂိုလ်တမျိုး ဖြစ်ပြန်တော့ကော....(လာဦးမှာပါဘုရား)။

သူတို့တော့ ခရီးမဆုံးသေးတဲ့ ပုဂ္ဂိုလ်မှာ သောက ပရိဒေဝ ဟာ အမြဲလိုက်နေမယ် ...(မှန်ပါ့) မလိုက်ပေဘူးလား....(လိုက်ပါတယ်ဘုရား) ခရီးမဆုံးတဲ့ပုဂ္ဂိုလ်မှာ....(သောက ပရိဒေဝအမြဲလိုက်ပါတယ်ဘုရား)။

အဲဒီတော့ ခရီးဆုံးတဲ့ ပုဂ္ဂိုလ်ကျတော့ကိုတဲ့ ဒီအဝိုင်းပြေးစရာ မရှိတဲ့ ပုဂ္ဂိုလ်ကျတော့ကို တကာတကာမတွေ့ မှတ်လိုက်တာ ပေါ့တဲ့ ဝိပ္ပမုတ္တဿ သဗ္ဗဓိ=အလုံးစုံ ဘေးရန်တွေ လွတ်သွားပြီ၊

သောက ပရိဒေဝတွေ ဘာမှ မရှိတော့ဘူး....(မှန်ပါ့) ဘယ့်နှယ် ကြောင့်တုံးဆိုတော့ 'သဗ္ဗဂန္ထပဟီနဿ'တဲ့... အလုံးစုံ ၃-နံပါတ် ပယ်လိုက်လို့... ကွတဲ့....(မှန်ပါ့)။

ဖြစ်ပျက် ရှုလိုက်တော့ ဘယ့်နှယ် နေသတုံး.... (၃-နံပါတ် ပယ်လိုက်ပါတယ်ဘုရား) "သဗ္ဗဂန္ထပဟီနဿ" ဆိုတော့ သူတို့ဖွဲ့ထားတဲ့ တရားတွေတဲ့၊ တဏှာ ဥပါဒါန် ကံတွေက သံသရာထဲက မထွက်ရအောင် ဖွဲ့ထားတဲ့ တရားတွေ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

တဏှာကလဲ သံသရာထဲက မထွက်ရအောင်....( မှန်ပါ့ ) ဥပါဒါန်ကကော...( သံသရာထဲက မထွက်ရအောင်ပါဘုရား ) ကံကကော....(သံသရာထဲက မထွက်ရအောင်ပါဘုရား)။

သူတို့က ကံက အကျိုးပေးဦးမှာဘဲ၊အကျိုးပေးယင် သံသရာထဲ ပြန်ကျမှာဘဲ...( မှန်ပါ့ )မကျပေဘူးလား....(ကျပါတယ်ဘုရား)။

အဲဒီကဲ့သို့ ကျပြီးသကာလ နေတာ "သဗ္ဗဂန္ထပဟီနဿ"တဲ့၊ အလုံးစုံပေါ့လေ.. ဖွဲ့တတ်တဲ့ တရားတွေ ကျုပ်တို့ ရှုတဲ့ မဂ်က ဖယ်ချလိုက်တယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့် 'ပရိဠာဟော န ဝိဇ္ဇတိ'တဲ့၊ ပရိဠာဟော=ပူပန်သောက ဗျာပါရတွေ အကုန်ငြိမ်းတယ်တဲ့....(မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အလုပ်ပေါ်ကြပလား.... (ပေါ်ပါပြီ) မလုပ်ယင် မဖြစ်ဘူးဆိုတာကော....( ပေါ်ပါပြီ ) မလုပ်ယင်.... (မဖြစ်ပါဘုရား)။

ဒါဖြင့် ထမင်းမစားဘဲနေနေ ထမင်းလျှော့စားစား၊ ကိစ္စမရှိဘူး၊မသေနိုင်ဘူး....(မှန်ပါ့) အလုပ်လျှော့လုပ်၊ ငွေနည်းနည်းဘဲရတယ်၊ ရသ၍နဲ့ဘဲ ရောင့်ရဲ၊ဘာမှ ကိစ္စမရှိဘူး....(မှန်ပါ့)ဒီဟာလျှော့လိုက်လို့ရှိယင် သေလို့ မဆုံးတော့ဘူး....(မှန်ပါ့)။

ဘယ့်နှယ်တုံး မောင်သစ် .... ( သေလို့ မဆုံးပါဘုရား ) ဒီဖြစ်ပျက်ရှုတဲ့ အလုပ်ကို မင်းတို့ မဂ်ဆိုက်အောင် မလုပ်လိုက်လို့ရှိယင်ဖြင့် အရိုးတောင်နှယ် ပုံစရာ ရှိသေးတယ်....(မှန်ပါ့) ဘယ်လောက် ကြောက်စရာ ကောင်းသတုံး....( ကြောက်စရာကောင်းပါတယ်ဘုရား )။

ဒါဖြင့် ခင်ဗျားတို့ ထမင်းလျှော့စားတာလဲ ကိစ္စမရှိဘူး.... (မှန်ပါ့)အလုပ် လျှော့လုပ်တာလဲ....(ကိစ္စမရှိပါဘုရား) ကိစ္စမရှိဘူး၊ ဒီဟာ လျှော့လုပ်ယင်တော့ အရိုး တောင်လို ပုံလိမ့်မယ်.... (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒီဟာ လျှော့လုပ်ယင်....(အရိုး တောင်နှယ် ပုံပါလိမ့်မယ်ဘုရား) အရိုး တောင်နှယ် ပုံမယ်ဆိုတာ သေချာပလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခင်ဗျားတို့ အခုဘုန်းကြီးက သင်ထားတယ်၊ ဒီအလုပ်ဟာ ဘုရားပြောတဲ့အတိုင်း သင်ထားတဲ့ အလုပ် ဖြစ်ပါတယ်၊ ဒီ သင်ထားတဲ့ အလုပ်ကလေးမှ ခင်ဗျားတို့က သားရေးကြောင့်, သမီးရေးကြောင့်, ကိုယ်ရေးကြောင့်,စီးပွါးရေးကြောင့်,ရာထူးရေးကြောင့် အမျိုးမျိုး အဖုံဖုံ ခင်ဗျားတို့ ဒီအလုပ်ကို လက်လွှတ်လိုက်လို့ရှိယင် ခင်ဗျားတို့သည် နောက်ထပ် တပည့်တော် သေလို့ မသာပေါင်း ဘယ်

လောက်ဖြစ်ပြီးတော့ မသာပေါင်း ဘယ်လောက်ဖြစ်ပြီး အရိုးပေါင်း ဘယ်လောက်ပုံမှာတုံးလို့ မေးတော့ကို အခု ဒီဘဝကို မလုပ်ဘဲသာနေ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

မလုပ်ဘဲသာ နေမယ်ဆိုလို့ရှိယင် ငါ့ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောမယ်ကွာ....တဲ့ မင်းတို့ ဒုက္ခတွေဟာ ဒီ သမုဒ္ဒရာ ပင်လယ်ရေလောက် ရှိတယ်နော်....(မှန်ပါ)။

သမုဒ္ဒရာ ပင်လယ်ရေလောက် ရှိပြီးသကာလ နေတော့ မြက်ကလေးနဲ့ အဖျားကလေးနဲ့ သွားတို့၊ ဒီဘက်ခါ၊ တို့လိုက်....ခါလိုက်၊ တို့လိုက်....ခါလိုက်၊ ဘယ်တော့ ကုန်မှာတုံး မေးယင် ဘယ့်နှယ်ပြောမတုံး....(ကုန်နိုင်စရာ မရှိပါဘုရား)။

အဲ....ဒီတချိန် ခင်ဗျားတို့လဲ သစ္စာသိတဲ့ ဉာဏ်ကလေး မလုပ်မိတော့ဘူး ဆိုလို့ရှိယင် အဲဒီ မကုန်သလို ဖြစ်နေတယ်....(မှန်လှပါဘုရား)။

ဘယ်တော့မှ မကုန်ဘူးတဲ့ ဒုက္ခတွေ....(မှန်ပါ) ကုန်နိုင်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဘယ့်နှယ် လုပ်ကြမှာတုံး ခင်ဗျားတို့....(အလုပ်-လုပ်ရမှာပါဘုရား)မလုပ်ယင်....(မဖြစ်ပါဘုရား)မဖြစ်ဘူးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြောတာဟာ ငါ တဆင့်ကြားနဲ့ ပြောတာ မဟုတ်ဘူးတဲ့....( မှန်ပါ ) ဒါလဲ မှတ်ပါဦး....(မှန်ပါ)တဆင့်ကြားနဲ့....(ပြောတာ မဟုတ်ပါဘုရား)။

ကိုယ်တိုင်သိပြီး ပြောတာ....(မှန်ပါ့)သူများလို တဆင့်ကြား မဟုတ်ဘူး....(မှန်ပါ့)ကျုပ်တို့ စာတွေ သင်ရတာက ရှေးလူကြီး တွေက ဒီလို ရေးထားလို့ ဒီလို သင်ရတာ... (မှန်ပါ့)။

သူက ဒီလို မဟုတ်ဘူး၊ ကိုယ်တိုင် မျက်မြင် ဦးမြမောင်ဖြင့် ဦးမြမောင် အကြောင်းကို တခါတည်း ကိုယ်တိုင် မျက်မြင် သိပြီး မင်း နောက်ဘဝက နာမည်က ဘယ်သူ၊ မင့် အမေ ဘယ်လို၊ မင့် အဖေ ဘယ်လို၊ မင်း သင်ထားတဲ့ ပညာက ဘယ် ပညာ....(မှန်ပါ့)။

ဘယ်သူမှ ပြောရတာ မဟုတ်ဘူး၊ သူ့ဟာသူ သိပြီး မင်း ဟောဒါက မှားတယ်၊ ဟောဒါက မှန်တယ်ဆိုတာ သူကိုယ်တိုင် သိပြီး ပြောတာ....(မှန်ပါ့)သူက စ,တာ....(မှန်ပါ့)သူက စ,ပြီး သင်တဲ့ဆရာ ရှိတာ၊ ရှင်းပလား .. (ရှင်းပါပြီ)အဲဒီလို ကိုယ်တိုင် သိပြီး ပြောတာပါတဲ့....(မှန်ပါ့)။

ဒါ့ကြောင့် .... မင်းတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး က ဟောတယ်၊ ဘုရားတဆူ ဂူတလုံးအဖြစ်နဲ့ ငါ့ကို မကိုးကွယ် ချင် နေကွ....၊ လျှော့စျေး .. လျှော့စျေး၊ ဘုရားက... (မှန်လှပါ ဘုရား)။

ဘုရားတဆူ ဂူတလုံး အဖြစ်နဲ့ ငါ့ကို မကိုးကွယ်ချင်နေပါ.... (မှန်ပါ့)သို့သော်... ရန်သူ အဖြစ်နဲ့တော့ ငါ့ကို မပေါင်းနဲ့.... (မှန်ပါ့)။

ငါဟာ မင်းတို့ ဘုရားတဆူ ဂူတလုံး အဖြစ်နဲ့ မကိုးကွယ် ဘဲနဲ့ သြော်.... မိတ်ဆွေကောင်းကြီး တယောက်လို .... ငါ့ကို ကောင်းတာ ပြောနေတယ်လို့ ယုံကြည်ပြီးလုပ်ယင်ကြိုက်ပြီတဲ့.... (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

သူ့ကို ဘုရားတဆူဂူတလုံးအဖြစ်နဲ့ မကိုးကွယ်ချင် နေပါ တဲ့၊ မိတ်ဆွေကောင်းတယောက် ဒိုကိုလမ်းပြနေတယ်....(မှန်ပါ့) လမ်းမှန်ကို ပြနေတယ်ဆိုပြီး မိတ်ဆွေကောင်းကြီး တယောက်က ပြောလို့ ဒို့ လုပ်နေတယ်....(မှန်ပါ့)ဒီလောက်ဆိုယင် သူကျေနပ် ပြီ... (မှန်ပါ့ဘုရား)။

ဒါ ဘယ်သူကပြောတာတုံး....(ဘုရားကပြောတာပါဘုရား) ဒီ့ထက် လျှော့စျေးများ ရှိသေးရဲ့လား....(မရှိပါဘုရား)။

မိတ်ဆွေကောင်းတယောက်က ပြောဆိုတာနဲ့ အမှန်သိတဲ့ မိတ်ဆွေကောင်းတယောက်က ပြောဆိုလို့ ဒို့ဒီအလုပ်- လုပ်နေ ရတယ် ဆိုလို့ရှိယင် ကျေနပ်ပါပြီတဲ့....( မှန်ပါ့ ) သဘောပေါ ပလား....(ပါ-ပါပြီဘုရား)။

ငါ မကျေနပ်တာ တခုတော့ရှိတယ်ကွာ.... တဲ့၊ မကျေနပ် တာကတော့ တခြားမဟုတ်ပါဘူး ... တဲ့၊ ဒီမိတ်ဆွေကောင်း တယောက်က အခုပြောဆိုပြီးသကာလ သူက ဒီအချိန်ဒါလုပ် ပါလို့ဆိုတာ ဒီအချိန် ဒါမလုပ်ဘူးလို့ဆိုတဲ့ ကန့်လန့်တော့ မလုပ်ပါနဲ့တဲ့... (မှန်ပါ့)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကန့်လန့်တော့ (မလုပ်ပါနဲ့)သူက ဒီအလုပ်ကလေးလုပ်ပါ၊ ဖြစ်ပျက်ရှုပါ ကျေးဇူးများပါလိမ့်မယ် ဆိုတာတော့ဖြင့် ပြော ပါတယ်တဲ့....(မှန်ပါ့) ပြောပင် ပြောငြားသော်လဲ....တဲ့၊မင်းတို့က သားကိစ္စကြောင့်၊ သမီးကိစ္စကြောင့်၊ မင်းကိစ္စကြောင့်၊ စိုးကိစ္စ ကြောင့်၊ ဒါကြောင့် လူဆိုယင် မောတာပန်းတာနဲ့ မလုပ်နိုင် ဘူးဆိုတဲ့ သဘောမျိုးဟာတော့ အဲဒါတော့ ငါ့မိတ်ဆွေကြီးကို ကန့်လန့်လုပ်တာဘဲ... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

သူပြောတာ လိုက်နာလို့ရှိယင် သူ့ကိုကျေးဇူးမတင်ချင်နေ သူ့ကျေးဇူးမတင်ချင်နေ၊ မိတ်ဆွေကောင်းတယောက်က လမ်းပြ လို့ လုပ်ရပါတယ်ဆိုယင် ကျေနပ်ပါတယ်....တဲ့၊ ဂုဏ်မယူလိုပါ ဘူးတဲ့... (မှန်ပါ) သဘောပါပလား....(ပါ-ပါပြီ) သူ့ကိုတော့ ဖြင့် ထော်လော် ကန့်လန့်တော့ မလုပ်ပါနဲ့တဲ့....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်တုံး ... ၊ မိတ်ဆွေကောင်းတယောက်က ပြောတာမို့ ခင်ဗျားတို့ ဒီအလုပ်-လုပ်ပါ .. (မှန်ပါ့) ရှင်းပြီခနော်... (ရှင်းပါပြီ ဘုရား)။

ဟာ....ဒီအလုပ်-လုပ်နေလို့ မဖြစ်သေးဘူး၊တပည့်တော်များ စားဘို့,သောက်ဘို့, နေဘို့, ထိုင်ဘို့ကလဲ အရေးကြီးသေးတယ် ဆိုပြီးသကာလ ဒီအလုပ်ကို ဥပေက္ခာထားလို့ရှိယင်လဲ ထော် လော် ကန့်လန့်လုပ်တာဘဲ .... ( မှန်ပါ့ ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် မိတ်ဆွေကောင်းတယောက်က ပြောဆိုတဲ့ အလုပ်မို့ လိုက်နာမယ်....(မှန်ပါ့) ထော်လော်ကန့်လန့်တော့ မလုပ်တော့ ပါဘူးဆိုယင် ဒါ ဘုရားကကြိုက်ပြီ.... (မှန်ပါ့ဘုရား)။

ဘုရားက ဘာဖြစ်လို့ကြိုက်တာတုံး၊ သူ့အရမ်းကြိုက်တာ လားဆိုတော့ ထော်လော်ကန့်လန့် မလုပ်ဘဲပုဂ္ဂိုလ်၏ အရေးကြီး လို့ ခင်ဗျားတို့ အရေးအဘွက်ကို သူ့ဝမ်းသာရှာတာ· (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ဒီဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်အောင် လုပ်တဲ့အလုပ်ဟာ ဘုန်းကြီးဟောတဲ့ အလုပ်လို့လဲဆို၊ဘုရားလို· မိတ်ဆွေကောင်းက ပြောလို့လိုက်နာရတဲ့ အလုပ်လို့လဲ ဆိုပါ.... (မှန်ပါ့) မလိုက်နာလို့ရှိယင်လဲ ၃-၄-၅- လှည့်နေမှာဘဲ(မှန်ပါ့)

မလှည့်ပေဘူးလား....(လှည့်သွားပါတယ်) အင်မတန် ကြောက်စရာ မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့သည် အခု ဘုန်းကြီးပြောပါတယ်၊ ခင်ဗျားတို့မှာ အခု ပဋိသန္ဓေနေတဲ့ အချိန်ကပြီးခဲ့ပြီ .. ( မှန်ပါ ) အခု အိုတဲ့အချိန်ရောက်ရပြီ၊ တနေ့တခြား အိုလာပြီ....(မှန်ပါ) မအိုသေးဘူးလား....(အိုပါပြီဘုရား)။

တော်တော်ကြာ အိပ်ယာထဲမှာ နာတဲ့အချိန် ရောက်မယ်....(မှန်ပါ) သေတဲ့ အချိန်ကော....(ရောက်မှာပါဘုရား)။

အဲဒီတော့ ဘုန်းကြီးက အခုပြောတယ်၊ ဒီအလုပ်· လုပ်ပါဆိုတာ အိုတာက နာတာမရောက်ခင် ကြားထဲမှာလုပ်ရမယ်....(မှန်ပါ)ရှင်းပလား(ရှင်းပါပြီ) တကယ်နာလို့တကယ်သေသွားတဲ့ အခါကျတော့ ဒီအလုပ် လက်လွတ်သွားမယ်.... ( မှန်ပါ ) လက်လွတ်သွားယင် အဝိုင်းပြေး ပြေးရမယ်.... ( ပြေးရမှာပါ ) အရိုးကြီးပွားရေးဘဲ ပြန်လုပ်ရမယ်....(မှန်ပါဘုရား)။

ဘယ်နှယ်တုံး၊ ဘာပြန်လုပ်ရမတုံး .... (အရိုးကြီးပွားရေးဘဲ ပြန်လုပ်ရပါမယ်ဘုရား)။

အရိုးကြီးပွားရေး ဘဲ ပြန်လုပ်ရမယ်ဆိုတာ မောင်သစ် ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)။

ဒါဖြင့် မောင်စိုးမြင့် မင်းဟာ အိုပြီ၊ ဦးမြမောင် ခင်ဗျားကြီးပြီ.. (မှန်ပါ) အအိုနဲ့ အနာမရောက်ခင် ဒီကြားမှာ အလုပ်လုပ်ရမယ်....(မှန်ပါ) ဘယ်အချိန်လုပ်ရမှာတုံး....(အအိုနဲ့ အနာမရောက်ခင်ကြားပါဘုရား)။

အိုတာ တားလို့ မရလို့ဘဲ အိုလာခဲ့ပြီ.... (မှန်ပါ) ဟင်.... အနာမရောက်ခင်ကလေး ကျုပ်တို့ကြိုးစားရမယ် .... ( မှန်ပါ ) သဘောပါပလား.... (ပါ့ပါပြီဘုရား)။

အနာရောက်မှဆိုတော့ ဆရာဝန်ကလဲ လက်လွှတ်၊ အသေဘက်ကူးတော့မယ်ဆိုတော့ ဘုန်းကြီးများကော ဘာတတ်နိုင်သေးသတုံး....(မတတ်နိုင်ပါ)ဘုရားကော(မတတ်နိုင်ပါဘုရား)။

မတတ်နိုင်တော့ ခင်ဗျားတို့ ဒို့ဘယ်အချိန် အလုပ်- လုပ်ရမှာတုံး မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား)။

ဘယ့်နှယ်တုံး၊ နောက်က တကာတကာမတွေ မေးဘို့လိုသေးသလား.... (မလိုပါဘုရား) ဘယ်အချိန် အလုပ်-လုပ်ကြမှာတုံး၊ ကဲ....ပြောကြစမ်းပါဦး....(အနာမရောက်ခင်ပါဘုရား) အိုတော့ အိုနေပြီ၊ အနာမရောက်ခင်ကြားထဲမှာ .... (မှန်ပါ) မြန်မြန်ပြီးအောင် လုပ်လိုက်လို့ရှိယင် ဒီအဝိုင်းပြေးတဲ့ဇာတ်၊ အရိုးတောင်နှယ်ပုံတဲ့ ဇာတ်ခင်းရသေးရဲ့လား....(မခင်းရပါဘုရား)။

ဒါဖြင့် ဒီအလုပ်ဟာ အချိန်ကလဲ ဒီအချိန်ဘဲရှိတယ်၊မဟုတ်ဘူးလား.... (မှန်ပါ) ဒီအချိန်ကလေးကို ဒီအဝိုင်းပြေးပေါ်မှာ သာလျှင်လဲ ဒီအဝိုင်းပြေးဇာတ်က အရိုးတောင်နှယ်ပုံတဲ့ဇာတ်က လွတ်မှာ....(မှန်ပါ) နို့မဟုတ်ယင်....(မလွတ်ပါဘုရား)။

ခင်ဗျားတို့ သိန်းတရာချမ်းသာ၊ ဟုတ်လား .... မီလျံနာသူဌေးကြီးဘဲ ဖြစ်ဖြစ် ဒါ အဝိုင်းပြေးဟာ အဝိုင်းပြေးဘဲ .... (မှန်ပါ)ဘာမှမပါဘူး၊ သူ့နောက်ပါသွားတာ ရှိရဲ့လား .... (မရှိပါဘုရား)။

တနေ့က ဘုန်းကြီးတကာ ဦးမြသေသွားတဲ့ နည်းသလား ပစ္စည်းတွေ....( မှန်ပါ ) နည်းတဲ့ပစ္စည်းတွေ မဟုတ်ပါဘူး ....

( မှန်ပါ့ )မနက်က သူ့အသုဘပစ္စည်းတွေ လာပို့လာတယ် နည်းတာတွေမဟုတ်ဘူး .. ( မှန်ပါ့ ) အကုန် စွန့်ပြေးရတာဘဲ၊ သူ့နောက် ဘာပါသွားသတုံး မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (ဘာမှမပါ-ပါဘုရား)။

အငြိမ်ကောနေတဲ့ အဘိုးကြီးလို့ ထင်ကြရဲ့လား .... (မထင်ပါဘုရား)အခု စက္ကူစက်တည်မည့် တန်းလန်းတဲ့ကွ....(မှန်ပါ့) မနက်ကမှ လာလျှောက်တယ်၊ စက္ကူစက်ဘည်မည့် တန်းလန်း.... (မှန်ပါ့ဘုရား)။

သို့သော် သေခါနီးတော့ ကောင်းသွားပါတယ်....(မှန်ပါ့) သားတွေ့သမီးတွေ မလာခဲ့ကြနဲ့ဟေ့...၊ တနာရီခွဲကနေ အော် လိုက်တယ်၊ အော်ပြီးတော့ ဘုန်းကြီးရိုကော်တာယူခဲ့၊ ဖွင့်ကွာ၊ ဖွင့်ပြီးတော့ ရိကော်တာနာရင်း တနာရီလောက်ကျတော့ ချုပ် သွားတယ်၊ ဝိညာဏ်ချုပ်တယ် .. (မှန်ပါ့ဘုရား)။

အဲဒါတော့ ဟန်ကျသွားတယ်....(မှန်ပါ့) တော်-တော်သေး တယ်၊မောင်သစ် .. (မှန်ပါ့) တော်သေးတယ်....ဟင်....(မှန်ပါ့) အင်း....ကပ်ပြီးတော့ တော်သွားတယ်။

ဒီမှာသဲ အားထုတ်သေးတာ မောင်သစ်တို့နဲ့ အတူတူဘဲ.... (မှန်ပါ့ ရန်ကုန်မြို့မှာလဲ တရားနာပါတယ်ဘုရား) ရန်ကုန်မှာလဲ အမြဲဘဲသူက၊ သူ့ကိုဘဲ တရားနာခံလုပ် ဟောနေတာဘဲ .... (မှန်ပါ့) အဲဒါကြောင့် လောကီကတော့ ခင်ဗျားတို့ထားခဲ့ဘဲ မှတပါး၊ ဘာမှမရှိဘူး....(မှန်ပါ့ဘုရား)။

စားတာကလဲ ကျင်ကြီးဖြစ်ဘို့ဘဲ....(မှန်ပါ့) မစားသွားလို့ ရှိယင်လဲ ထားခဲ့ဘို့ဘဲ၊ ထားခဲ့ဘို့ကလဲ ကိုယ်မဆိုင်တာ အမှန်ဘဲ (မှန်ပါ့)။

ထားတာ ကိုယ် ဆိုင်သေးရဲ့လား....(မဆိုင်ပါဘုရား) စားတာကကော ကိုယ်ကြီးပွါးသလားတဲ့....၊ ကုဋ္ဌိကြီးပွါးသလားလို့ မေးပြန်တော့... (ကုဋ္ဌိကြီးပွါးပါတယ်ဘုရား)။

စားတာကလဲ ကိုယ်ကြီးပွါးတာ မဟုတ်ဘူးကွ.... ဟင် .... (မှန်ပါ)ကိုယ့်မှာတော့ ခေတ္တဘဲ....(မှန်ပါ) ကုဋ္ဌိကြီးပွါးရေးဘဲ၊ သဘောပါပလား....(ပါပါပြီဘုရား)။

အဝတ်တွေ များများကြီး ဝယ်ဝတ်တဲ့ အခါကျတော့ .... ကိုယ်မလျှော်နိုင်၊မဖွတ်နိုင်လို့ ဒိုဘီကြီးပွါးရေး ဖြစ်မှာဘဲ.... (မှန်ပါ) ဒီ့ပြင် ဘာဖြစ်သေးသတုံး....(ဘာမှ မဖြစ်ပါဘုရား)။

ဘာမှ မဖြစ်ဘူးဆိုတော့ ခင်ဗျားတို့က လုပ်သာနေတယ်၊ ကိုယ့်ကြီးပွါးရေးအတွက် မပါဘူး....(မှန်ပါ) ပါသေးရဲ့လား-(မပါပါဘုရား)။

အဝတ်များများဝတ်တော့ ဒိုဘီကြီးပွါးရေး၊ အစားများများစားတော့ ကုဋ္ဌိကြီးပွါးရေး၊ မဟုတ်ဘူးလား....( မှန်ပါဘုရား )ဒီ သူဘော်ကောင်းအလုပ်ခပါ နေတော့ အရိုးကြီးပွားရေး....(မှန်ပါ) ဘယ်ဟာ ကောင်းသေးသတုံး .... (ဘယ်ဟာမှ မကောင်းပါဘုရား)။

ဘယ်ဟာမှ မကောင်းတော့ဘူး၊အကောင်းဆုံးကို ဆရာဘုန်းကြီးက ပေးထားပြီ.... ( မှန်ပါ ) သစ္စာသိဘဲ့အလုပ် လုပ်.... (မှန်ပါ)။

ဖြစ်ပျက် ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒါကခလေးဟာ.... သိလိုက်တယ်.... သိလိုက်တယ်.... ဆိုတာကလေးဟာ .... (မဂ္ဂသစ္စာပါဘုရား)။

အဲဒါကလေးကမှ ခင်ဗျားတို့ အရိုးကြီးပွားရေးလဲ ဇာတ်ကုဋ္ဌိကြီးပွားရေးလဲ ခန္ဓာမရှိလို့ ဇာတ်သိမ်းတာဘဲ၊ ခန္ဓာမရှိလို့ ဒွိဘီကြီးပွားရေးလဲ.... (ဇာတ်သိမ်းပါတယ်ဘုရား)။

ဇာတ်သိမ်းတော့ကို ဩြ....ဒီဥစ္စာဟာ တော်တော်အရေးကြီးတဲ့ အားလုံးကုန်ကို ဇာတ်သိမ်းပေးတဲ့အလုပ်ဟာဖြင့် မဂ်ဘဲရှိတယ်....(မှန်ပါ့ဘုရား)။

အားလုံးကုန်ကို ဇာတ်သိမ်းပေးတာဖြင့် ဘာဘဲရှိသလဲ.... (မဂ်ဘဲရှိပါတယ်ဘုရား)။

မဂ်ဘဲ ရှိတယ်ဆိုကတည်းက ကျုပ်တို့ လုပ်ထိုက်သေးသလား....(မလုပ်ထိုက်ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

မောင်သစ် ဘာတဲ့တုံးကွ....(မဂ်ဘဲရှိပါတယ်ဘုရား) ဒါ.... အားကိုးရာမဟုတ်ပါလား....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့ မဂ်က ဘယ်ပို့သတုံး....မေးဘို့လိုလာတယ်.... ( မှန်ပါ့ ) ဒီအမြင်သားဘဲ၊ ၃-မကူးကတည်းက သမုဒယသစ္စာ မီးငြိမ်းပစ်တယ်.... (မှန်ပါ့) ၄-မကူးကတည်းက ထင်းသိမ်းပစ်တယ်....(မှန်ပါ့)။

ဒါဖြင့်.... ကိလေသာမီးတွေလဲ သိမ်းတယ်၊ ခန္ဓာထင်းတွေကိုလဲသိမ်းတယ်.... ( သိမ်းပါတယ် ဘုရား ) မီးလဲငြိမ်းတယ်၊ ထင်းလဲသိမ်းတယ်....(မှန်ပါ့ဘုရား)မဂ်ဟာ ဒီလိုစွမ်းရည်သတ္တိရှိတယ်....(မှန်ပါ့)။

မောင်သစ် စွမ်းရည်သတ္တိ ဘယ်နှယ်နေသတုံး၊ ကိလေသာမီးကော.... ( သိမ်းပါတယ်ဘုရား ) ခန္ဓာ ထင်းတွေကော....

(သိမ်းပါတယ်ဘုရား)ဒါဖြင့် ခန္ဓာသိမ်း၍ မီးငြိမ်းတာ.... (မှန်ပါ ဘုရား ) ဟုတ်လား.... ထင်းသိမ်း၍ မီးငြိမ်းတာ နိဗ္ဗာန်ဘဲ.... (မှန်ပါ) သဘောကျပလား ...(ကျပါပြီဘုရား)။

ထင်းသိမ်း၍ မီးငြိမ်းတာ ... (နိဗ္ဗာန်ပါဘုရား) ဘယ်သူက ရှက်ဆောင်ပေးသတုံး .... ( မဂ်က ရှက်ဆောင် ပေးပါတယ် ဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့၏ အားကိုးရာအစစ်ဟာ မဂ်ဘဲ... (မှန်ပါဘုရား) ဖြစ်ပျက်ရှုတဲ့မဂ်ဘဲ.... (မှန်ပါ) မောင်စိုးမြင့် ... သဘောကျပလား....(ကျပါပြီ)။

ဒါကြောင့် မင်းကို ငါ စာရေးပေးထားတယ်၊ သေသေ ချာချာလုပ်စမ်းပါ၊ သေသေချာချာ လုပ်စမ်းပါဆိုတာ အရေး ကြီးလို့ ပြောနေတာ....(မှန်ပါ) အရေးကြီးလို့ ပြောနေတာ၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ကဲ.... ယနေ့ ဒီတွင် တော်ကြဦးစို့....

သာဓု .. သာဓု... သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော်မူသော

( သစ္စာသိမှ သံသရာပြတ်ပုံ )

# ညအလုပ်ပေး- တရားတော်

( ၃-၉-၆၂ )

တကာ့တကာမတွေ သန္တာန်၌ရှိတဲ့ဒိဋ္ဌိဟာအဆိုးဆုံးဘဲ... လို့ မှတ်ကြရမယ်နော်.... (မှန်ပါ)။

ဘယ်သူအဆိုးဆုံးပါလိမ့်.... ( ဒိဋ္ဌိဟာ အဆိုးဆုံးပါဘုရား ) ဒိဋ္ဌိအဆိုးဆုံးလို့ မှတ်ရမယ်၊ ဒိဋ္ဌိက ခိုင်တယ်ယူတဲ့ သဿတဒိဋ္ဌိကတမျိုးနော်... (မှန်ပါ)မြဲတယ်ခိုင်တယ်ယူတဲ့.... ( သဿတဒိဋ္ဌိတမျိုးပါဘုရား)။

ရုပ်နာမ်တွေဟာ မြဲတယ်ခိုင်နေတယ်....လို့ယူကြယင်ဘာဒိဋ္ဌိဆိုကြမလဲ....(သဿတဒိဋ္ဌိပါဘုရား) သဿတဒိဋ္ဌိနော်....(မှန်ပါဘုရား)။

ရုပ်နာမ်တရားသည် တခါဖြစ်ပြီး ပြတ်ထွက်သွားတာဘဲလို့ယူလို့ရှိယင်လဲ ဥစ္ဆေဒဒိဋ္ဌိနော်....(မှန်ပါ)။

ရုပ်နာမ်ဟာ ဖြစ်ချီတလှည့်၊ တချို့ ရုပ်နာမ်ဟာ ဖြစ်တယ်၊ တချို့ ရုပ်နာမ်ဟာ မဖြစ်တော့ဘူးလို့ ယူလို့ရှိယင်ဖြင့် ဧကစ္စ သဿတဒိဋ္ဌိ၊ တပိုင်းကြောင့် သဿတဒိဋ္ဌိဖြစ်တယ်နော်....(မှန်ပါ့ ဘုရား)။

ရုပ်နာမ်ဟာ မဖြစ်သည်မဟုတ်၊ ဖြစ်သေးတယ်ယူလို့ရှိယင် အမရာ ဝိက္ခေပဒိဋ္ဌိ.... ( မှန်ပါ့ ) ဒိဋ္ဌိ ဘယ်နှစ်မျိုးရှိပါလိမ့်.... (လေးမျိုးရှိပါတယ်ဘုရား) လေးမျိုး။

ပြန်ပြောပါဦးမယ်နော်....သောတာပတ္တိမဂ်တားတဲ့ ဒိဋ္ဌိလေးမျိုး....(မှန်ပါ့ဘုရား) ခင်ဗျားတို့ အခု ရှေးဦးစွာ အားထုတ်ရမှာက သောတာပတ္တိမဂ် ရအောင် အားထုတ်ရမှာ.... (မှန်ပါ့ ဘုရား)။

အဲဒီ သောတာပတ္တိမဂ်ကိုရအောင်အားထုတ်ရမည့် အလုပ်ကို ဒိဋ္ဌိလေးမျိုးက အမြဲတားနေလို့ တဘဝ တမျိုး၊တဘဝတမျိုး တဘဝတမျိုးဆိုသလိုဘဲ တားနေတဲ့အတွက်....တဲ့ ဝါကာဟကာ မတွေ့ဘဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဝေးခဲ့ကြတာ၊ ကံမကောင်း အကြောင်းမသင့်လို့ ဝေးခဲ့ကြတာ မဟုတ်ပါဘူး၊ ဒိဋ္ဌိလေး မျိုး တမျိုးမျိုး တားနေလို့လို့ မှတ်လိုက်ကြစမ်းပါ....(မှန်ပါ့ ဘုရား)။

ဘယ်နှစ်မျိုးတားသလဲ.... (လေးမျိုး တားပါတယ်ဘုရား ဒိဋ္ဌိလေးမျိုး တမျိုးမျိုးလှည့်တားနေတာနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဆိုဘဲ့ဥစ္စာ မရခဲ့တော့ နိဗ္ဗာန် မရောက်ခဲ့ကြဘူး ... ( မှန်ပါ့ ဘုရား)။

အဲဒီ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတာ မရောက်ခဲ့ကြတာ သည် ပဌမမဂ် မရလို့မှတ်ပါ.. ဦးကျော်မောင်.... ( မှန်ပါ့ ဘုရား)။

ပဌမမဂ်မရတော့ ဒုတိယ၊ တတိယ၊ စတုတ္ထမဂ် ဦးမြမောင် ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား) မရနိုင်ဘူးတဲ့။

ပဌမမဂ် တားတာက ဘယ်သူတုံး....လို့ မေးလို့ရှိယင် ဒိဋ္ဌိလေးမျိုး တမျိုးမျိုးလို့ ဦးဘသန်း မှတ်စမ်းပါ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သို့သော်.... ရှင်းပြပါဦးမယ်.... ခင်ဗျားတို့ကို ရုပ်နာမ်ကို ကျောက်တိုင် ကျောက်ခဲကဲ့သို့ မြဲတယ်လို့ယူယင် သဿတဒိဋ္ဌိ (မှန်ပါ့)။

ရုပ်နာမ်ဟာ ဖြစ်တာ ပျက်တာဘဲ၊ ဒီတခါ ဖြစ်ပြီးယင် နောက် ဘယ်တော့မှ မဖြစ်တော့ဘူး၊ ပြတ်ထွက်သွားတာဘဲလို့ ယူယင် ဥစ္ဆေဒဒိဋ္ဌိ.... (မှန်ပါ့ဘုရား) ဘယ်နှစ်မျိုးရှိသွားပလဲ.... (နှစ်မျိုးရှိသွားပါပြီဘုရား)။

တချို့ ရုပ်နာမ်တော့ ဖြစ်တယ်၊ တချို့ရုပ်နာမ်က နောက် ထပ်ဖြစ်တယ်၊ တချို့ရုပ်နာမ်က မဖြစ်ဘူး... လို့ ယူလို့ရှိယင် တပိုင်းကြောင့် ဧကစ္စ သဿတဒိဋ္ဌိ.... နော်.... (မှန်ပါ့)။

ရုပ်, နာမ်, ဟာ.... မဖြစ်သည်.... မဟုတ်.... ဖြစ်သေး တယ်.... လို့ ယူလို့ရှိယင်လဲ အမရာဝိက္ခေပဒိဋ္ဌိ၊ အဲဒီ့.... ဒိဋ္ဌိလေးမျိုးတို့တွင် တမျိုးမျိုးက တကာတကာမတွေ့ကို တား နေတယ်.... (မှန်ပါ့)။

အဲဒါ ဖြုတ်ပေးတတ်တဲ့ ဆရာသမားနဲ့ မတွေ့ခဲ့လို့ရှိယင် ဘာကြီးလူလူ ဘာကြီးတန်းတန်းနေနေ နိဗ္ဗာန်မရလို့မှတ်လိုက်ပါ...(မှန်ပါ့)။

ဒိဋ္ဌိဖြုတ်ပေးမည့်လူမရှိလို့ ဒိဋ္ဌိမဖြုတ်တတ်လို့ရှိယင် ဘာကြီးလူလို့ ဘာကြီးတန်းနေနေ မရပါဘူး....(မှန်ပါ့)။

ဘာ့ကြောင့်တုံး....လို့ မေးတဲ့အခါကျတော့မှ နိဗ္ဗာန်တားတာကဒိဋ္ဌိ...(မှန်ပါ့) ဒါနထဲလဲ သူကဝင်လိုက်တာဘဲ၊ သီလထဲလဲ သူကဝင်လိုက်တာဘဲ၊ သမထဝိပဿနာထဲကော....(ဝင်လိုက်ပါတယ်ဘုရား) ဝင်လိုက်တာဘဲဆိုတော့ ဒါက တားတဲ့တရားဝင်တာလို့ဆိုတာ ရိပ်မိကြပလား (ရိပ်မိပါပြီ)။

အဲ....တားတဲ့တရားဝင်တာ ဖြစ်ပြီးသကာလနေသောကြောင့် ခင်ဗျားတို့ နိဗ္ဗာန်ဆောက်ကြောင်း ဒါန၊ သီလ၊ သမထဝိပဿနာတွေလုပ်ငြားသော်လဲ မရတာ ဘာ့ကြောင့်ပါလိမ့်မတုံး၊ နိဗ္ဗာနပစ္စယောတွေလဲ ဒို့လုပ်ခဲ့တာ များလှပြီ၊ ဘာ့ကြောင့် ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီး မရပါလိမ့်မလဲ. လို့ ဒိဋ္ဌိလေးမျိုးတမျိုးမျိုးက တားလို့သာ ဦးမြမောင်.... မှတ်သုံက်စမ်း.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ၊ ဒိဋ္ဌိလေးမျိုး တမျိုးမျိုးတားနေလျက်နဲ့ ဘုန်းကြီးသင်တဲ့ တကာတကာမတွေမှာ သတိပဋ္ဌာန်လေးပါးထဲကတပါးပါး ဖြစ်ပျက်ရှုနေစေကာမူ ဝမ်းထဲက ဒိ....ဒိဋ္ဌိလေးမျိုးတမျိုးမျိုး ရှိနေလို့ရှိယင် ဘယ်တော့မှ နိဗ္ဗာန်မရလို့ မှတ်.... ( မှန်ပါ့ဘုရား ) ဖြစ်ပျက်မြင်ဦး မရဘူး... (မှန်ပါ့)မရပါဘူး၊ သဘောပါပလား.... ( ပါပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်တားတဲ့အထဲမှာ ဒိဋ္ဌိအတားဆုံးလို့ မှတ်ပါ... (မှန်ပါ့)။

ပဌမမဂ်မှာတားတာ ဒိဋ္ဌိဘဲ .... (မှန်ပါ့) ပဌမမဂ်မှမရဘဲနဲ့ ဦးဘသန်းကြီး ဒုတိယ, တတိယ, စတုတ္ထမဂ်ရချင်လို့မရနိုင်ဘူး (မှန်ပါ့)။

ဒါဖြင့် ပဌမမဂ် ဘယ်သူတားသတုံး.... ( ဒိဋ္ဌိတားပါတယ် ဘုရား) အဲ... ပဌမမဂ် ဒိဋ္ဌိတားတယ်လို့ဆိုတာ သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

အဲဒီတော့ ဒိဋ္ဌိကိုသိမှုနဲ့စင်ပြီးမှ အားထုတ်ရမယ်....(မှန်ပါ့ ဘုရား)။

ဒါ့ကြောင့် ဒီနေ့တရားကို အားထုတ်ကြမည့် တကာ တကာမတွေ သိမှုစင်ကြယ်အောင် ဘုန်းကြီးက တနာရီလောက် တနာရီလောက် ရှင်းပေးမယ်.... ( မှန်ပါ့ ) အားထုတ်လို့ရှိယင် ခရီးပေါက်အောင်လို့....(မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ရှိယင် သိမှုဂဟ မစင်ကြယ်ဘဲနဲ့ ရောက်လာယင် ဦးမြမောင်ရေ. ဟော... ကမ္မဋ္ဌာန်းကျောင်းထဲ သွားပြီး တရား အားထုတ်၊ ဦးကျော်မောင် သွားအားထုတ်ဆိုတဲ့ ဆရာသမားနဲ့ တွေ့ယင် ခင်ဗျားတို့ ငါးပါးမှောက်မယ်....(မှန်ပါ့ဘုရား)။

ဖြုတ်စရာရှိတာ ဖြုတ်မပေး၊ ရှင်းစရာရှိတာ ရှင်းမပေးဘဲနဲ့ အားထုတ်လို့ရှိယင် နှစ်ပေါင်းလေးဆယ် အားထုတ်တဲ့ ပုဂ္ဂိုလ် ကြီးတွေတောင် မရဘူး၊ ဘုရားနားမှာကို အားထုတ်တာ .... (မှန်ပါ့ဘုရား)။

မရဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ သိမှု, ပွားမှု, ပယ်မှုဆိုတာ ရှိပါတယ်... (မှန်ပါ့) "ဉာတပရိညာ=သိမှု၊ တီရဏပရိညာ =

ပွားမှု၊ ပဟာနပရိညာ=ပယ်မှု” ဘယ်နှစ်ခုရှိသတုံး....(သုံးခုရှိပါတယ်ဘုရား)။

သုံးခုရှိတဲ့အနက်က- နို့ဘယ်သူဟာ ·၁၊ဘယ်သူ-၂၊ ဘယ်သူ ၃-တုံးလို့ ဒီတကာတကာမတွေက မေးလို့ရှိယင် သိမှု ၁ .... (မှန်ပါ့) ပွားမှု-၂၊ပယ်မှု ၃- သဘောပါကြပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် ဘယ်သူ့ရှေ့ထားပြီး ခင်ဗျားတို့ ကြိုးစားရမတုံး.... (သိမှုကိုရှေ့ထားပြီး ကြိုးစားရပါမယ်ဘုရား)။

အဲ . သိမှုရှေ့ထားပြီး ဘုန်းကြီးဆီက သိမှုယူပါ... (မှန်ပါ့) ယူပြီး ခင်ဗျာတို့ ပေးထားတဲ့ နေရာမှာ ပွားများမှသာလျှင် ရမယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရားရှေ့သွားပြီး သကာလ တကာတကာမတွေက ပန်းကလေးခူးလို့ မီးကလေး ဖယောင်းတိုင်ကလေးနဲ့ ဝဋ်ဘဝတိုတိုနဲ့ နိဗ္ဗာန်ရ,ရပါလို၏ ဆိုတော့ သိမှုကိုမပါဘူး.... (မှန်ပါ့) ပွားမှုကော .. (မပါ·ပါဘုရား)အဲဒီတော့ ပယ်မှုဆိုတာတော့ ဝေးရော....(မှန်ပါ့) ရနိုင်ပါ့မလား.... (မရနိုင်ပါဘုရား)။

အဲဒါနဲ့ ချိန်ကြည့်တော့မှ ဘုန်းကြီးတို့က အပြောကြမ်းတယ်လို့ မယူနဲ့၊ ဒီပါဠိတော် ပရိညာသုံးပါးနဲ့ ဝေဘန်လိုက်တော့ အင်္ဂုတ္တိုရ်ပါဠိတော်မှာလာတဲ့ ပရိညာသုံးပါးနဲ့ ဝေဘန်လိုက်တော့မှ သိမှုမရှိဘဲနဲ့ ကျင့်မှုမဖြစ်နိုင်.... (မှန်ပါ့) ကျင့်မှုမရှိဘဲနဲ့ ကိလေသာပယ်မှုမဖြစ်နိုင်၊ ပယ်မှုမှ နိဗ္ဗာန်ရောက်မှာကိုး....(မှန်ပါ့ဘုရား)။

အဲဒီတော့ ၁-နံပါတ် ဦးဘသော် ဘသူပါလိမ့်.... (သိမှုပါ) သိမှုနော်....(မှန်ပါ့ဘုရား)သိမှု၊ ဘာသိရမှာတုံးဆိုတော့ ဒိဋ္ဌိပယ် ခြင်းကိုသိမှု....(မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဒိဋ္ဌိပယ်ခြင်းကို....(သိမှုပါဘုရား)သိမှု၊ ဒါကို ၁-နံပါတ်ထား ရမယ်ဆိုတာတော့ တကာတကာမတွေ သဘောပါ-ပါပြီ....တဲ့။

ကဲ....ဒါဖြင့် ဝတ္ထုနဲ့ ပဋိစ္စသမုပ္ပါဒ်ကပ်ပြားနဲ့ ခင်ဗျားတို့ ကိုက်ပြီးတော့ ယနေ့ဟောမယ် .... (မှန်ပါ့) ခန္ဓဝဂ္ဂသံယုတ်ပါဠိ တော် ဝေသာလီပြည်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သီတင်းသုံးနေတယ်လို့ မှတ်လိုက်ပါ....(မှန်ပါ့ဘုရား)။

အဲဒီမှာ ဘုရားနဲ့ မနီးမဝေးမှာ ကျောင်းကလေး တကျောင်း ဆောက်ပြီးသကာလ အနုရာဓ ဆိုတဲ့ ရဟန်းကလေးက နေပါ တယ်၊ နေတဲ့အခါမှာ တိတ္ထိတွေက တိတ္ထိဆရာကြီးတွေက ဒိဋ္ဌိ အယူဝါဒရှိတဲ့ ပုဂ္ဂိုလ်တပါးက အနုရာဓရဟန်းဆီလာလည်တယ်။

အရှင်အနုရာဓ ဘုရားသခင် ကိုယ် တော် မြတ် ကြီး ဟာ ယောကျ်ားမြတ်ဖြစ်တယ်၊ မြတ်သည်ထက် မြတ်သောပုဂ္ဂိုလ်လဲ ဖြစ်တယ်၊ အသိဉာဏ်မှာလဲ အလွန်လွန်ကဲတဲ့ ပုဂ္ဂိုလ်လဲဖြစ်ပါ တယ်၊ အဲဒီတော့ အရှင်ဘုရား ဘုရားဆိက ဘယ်လိုမျှားကြား ဘူးသတုံး .... တဲ့၊ တပည့်တော် အခုမေးလတ္တံ့ ပုဂ္ဂိုလ်ကို .... (မှန်ပါ့ဘုရား)။

မေးလတ္တံ့ ပုဂ္ဂိုလ်ကို အရှင်ဘုရား ဘယ်လိုကြားဘူးသတုံး.... တဲ့၊ သတ္တဝါသေယင် ဖြစ်သေးသလား....တဲ့၊ ၁-နံပါတ်မေးလိုက် တယ်... (မှန်ပါ့ဘုရား)။

သတ္တဝါသေယင် ( ဖြစ်သေးသလားတဲ့)ဖြစ်သေးသလားလို့ မေးလိုက်တယ်နော်....(မှန်ပါ့ဘုရား)။

ကောင်းပြီ၊ ဒါမေးပြီးတော့ ၂-နံပါတ်က သတ္တဝါသေယင် မဖြစ်တော့ဘူးလား… တဲ့၊ ၂-နံပါတ်မေးလိုက်တယ် …. (မှန်ပါ့) ရှင်းပြီနော်… (ရှင်းပါပြီဘုရား)။

ပြီးတော့မှ ပဋိစ္စသမုပ္ပါဒ်နဲ့ ကိုက်ပြပါ့မယ်၊သတ္တဝါသေယင် အချို့ဖြစ်တယ်၊ အချို့မဖြစ်ဘူးလို့ အရှင်ဘုရားတို့ ဘုရား ဟောသလားတဲ့…. (မှန်ပါ့ဘုရား)။

သတ္တဝါသေယင် မဖြစ်သည်မဟုတ်၊ ဖြစ်သေးတယ်လို့များ ဟောသလားတဲ့… (မှန်ပါ့)အဲဒီ့ အယူဝါဒလေးချက်ကို တပည့်တော်အား အမိန့်ရှိစမ်းပါတဲ့၊ အနုရာဓ ရဟန်းကလေးကို တိတ္ထိတွေက မေးလိုက်ကြတယ် .. (မှန်ပါ့ဘုရား)။

မေးတဲ့အခါကျတော့ မောင်သစ် ကျေကျေလည်သည် မဖြေနိုင်ဘူး ဒီကိုယ်တော်….( မှန်ပါ့ )ကျေကျေလည်လည် မဖြေနိုင်၊ ဘုရားနား ကျောင်းနားမှာ ကမ္မဋ္ဌာန်း အားထုတ်နေတယ်၊ လက္ခဏာရေးသုံးပါး အားထုတ်နေတယ်….(မှန်ပါ့)မဖြေနိုင်ဘူး။

မဖြေနိုင်တော့ သူဖြေလိုက်တာက ဘယ်လိုဖြေလိုက်သတုံး ဆိုတော့ သောင်မတင် ရေမကျဆိုသလိုဘဲ ဖြေလိုက်တယ်၊ ဘုရားကတော့ ဒီလေးပါးကြဉ်ပြီး ဟောတာဘဲ၊ ဒီလေးပါး တော့ မဟောပါဘူး .. (မှန်ပါ့)ဒီလေးပါးကို ကြဉ်ဖယ်ပြီးဟော ပါတယ်….(မှန်ပါ့ဘုရား)။

သူ-ဒီတော့ ဒီလိုဖြေထားတယ်၊ ဒီလေးပါးကို မဟောဘူး၊ ဒီလေးပါး ကြဉ်ဖယ်ပြီး သကာလ ဟောပါတယ် ဆိုတော့ ညြော်….တိတ္ထိတွေက ဒီပုဂ္ဂိုလ်ကလေးဟာ သူဖြေပုံ နားထောင် ရတော့ ဘုရားက ဒီလေးပါးကိုတော့ မဟောဘူး၊ ဘယ်လိုမှ မဟောဘူး ကြဉ်ဖယ်ပြီးသကာလ ဟောတယ်ဆိုတော့ သူဟာ

ဘုရားဟောပေမဲ့လဲ လူငယ်ကလေးဖြစ်နေတော့ နားမလည်သေးဘူး....( မှန်ပါ့ ) လူကြီး ဖြစ်လို့ရှိယင်လဲ လူမိုက်မို့ဘာမှ နားမလည်တဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်ဆိုပြီး သူ့ကို လူငယ်ကလေး အဖြစ်နဲ့ အပြစ်တင်၊ လူကြီးမိုက်အဖြစ်နဲ့ အပြစ်တင်ပြီးပြန်သွားကြတယ်... (မှန်ပါ့ဘုရား)။

သူဖြေပုံကော သဘောကျရဲ့လား...(မှန်ပါ့)သူက ဘုရားတော့ ဒီလိုမဟောပါဘူးတဲ့၊ ဒါလောက်ဘဲ ဖြေလိုက်တယ်၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲ...အခုဟာ အဖြေက သူကိုယ်တိုင် မရှင်းတဲ့အဖြေမကျဘူးလား... (ကျပါတယ်ဘုရား) အဲ... ခင်ဗျားတို့မှာလဲ ယခုပြပါတော့မယ်တဲ့၊ ခင်ဗျားတို့မှာလဲ မရှင်းတဲ့ အဖြေရှိနေလို့ရှိယင် ဒါ ဒိဋ္ဌိရှိနေလို့သာမှတ်လိုက်....( မှန်ပါ့ ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

မရှင်းတဲ့ အဖြေရှိနေယင်....(ဒိဋ္ဌိရှိနေလို့ပါဘုရား) ဒိဋ္ဌိရှိလို့လို့မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား)။

ကဲ... ဒါဖြင့် ဦးမြမောင် ဒီနားတိုး၊ ပဋိစ္စသမုပ္ပါဒ်ကြည့်ကြပါ၊ ဒီလိုဘဲမြင်နေယင်လဲ ကိစ္စမရှိဘူးပေါ့ဗျာ၊ ဒီထဲမှာ အဝိဇ္ဇာသင်္ခါရ၊ ၁-နံပါတ်မှာ ခင်ဗျားတို့ အဝိဇ္ဇာသင်္ခါရပါပါတယ်....(မှန်ပါ့ဘုရား)။

သတ္တဝါပါသလား၊ သမုဒယသစ္စာဘဲ ပါသလား... (သမုဒယသစ္စာလို့ ပါ-ပါတယ်ဘုရား)။

အဲ....သမုဒယသစ္စာပါတော့ အဝိဇ္ဇာသင်္ခါရ အားထုတ်တဲ့အတွက် စုတေသွားတဲ့အခါမှာ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,

ဖဿ, ဝေဒနာဖြစ်တယ်၊ မဆိုနိုင်ဘူးလား .... (ဆိုနိုင်ပါတယ် ဘုရား)။

သတ္တဝါဖြစ်တာလား... ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ ဝေဒနာဖြစ်တာလား....လို့၊ မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဖြစ်တာပါ ဘုရား)။

ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဖြစ်တယ် ဆိုတာ သဘောကျတော့ သူတို့မေးတာက ဒါကိုလဲ ပတ်သက် ပါတယ်( မှန်ပါ့ ) ဒီသတ္တဝါသေယင် ဖြစ်သေးသလားတဲ့.... (မှန်ပါ့)ဒါတွေကို သတ္တဝါလုပ်မေးနေတာ .... ( မှန်လှပါ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ကတော့ ယနေ့ ဆရာဘုန်းကြီးနဲ့ ကောင်းကောင်း မှန်မှန်တွေ့ရတဲ့အတွက် ဩော်....အဝိဇ္ဇာသင်္ခါရသမားဟာ ဒီနေ ရာမှာ သေတာဘဲ၊ သေတဲ့အခါကျလို့ရှိယင် အဝိဇ္ဇာသင်္ခါရတို့ ကြောင့် ယခုပစ္စုပ္ပန်ဘဝ၌ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ ဝေဒနာပေါ်တာဘဲ....(မှန်ပါ့ဘုရား)။

သတ္တဝါသေလို့ဖြစ်တာ ဟုတ်သေးရဲ့လား .... (မဟုတ်ပါ ဘုရား) အကြောင်းကြောင့် ... (အကျိုးဖြစ်တာပါဘုရား) သမု ဒယသစ္စာကြောင့်....(ဒုက္ခသစ္စာ ဖြစ်တာပါဘုရား)။

ကျုပ်တို့က ဒီလိုနားလည်ထားဘယ်... (မှန်ပါ့) ကျုပ်တို့က ဒီလိုနားလည်ထားတယ်၊ အဲဒီတော့ ဟိုက သတ္တဝါသေယင် ဖြစ်သေးသလားလို့ မေးတော့ အကြောင်းမှာလဲ သတ္တဝါမပါ (မှန်ပါ့)အကျိုးမှာကော ...(သတ္တဝါမပါ-ပါဘုရား)။

၁-နံပါတ်မှာလဲ နောက်က တကာတကာမတွေ့ သတ္တဝါ မပါ-ပါဘူး၊ ၂ နံပါတ် အကျိုးတရားမှာကော....(သတ္တဝါမပါ-ပါဘုရား)။

အဲဒီတော့ သတ္တဝါသေယင် ဖြစ်သေးသလား ဆိုတော့ မေးကတည်းက သတ္တဝါလဲ မရှိလို့ ဖြစ်သေးသလား ဆိုတဲ့ စကားလဲ ပြောစရာ ဖြေစရာရှိပါ့မလား....(မရှိပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဝိဇ္ဇာသင်္ခါရကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာဖြစ်တယ်လို့ ဦးကျော်မောင်တို့ ဦးဘသော်တို့က ယူလိုက်....(မှန်ပါ့ဘုရား)သတ္တဝါပါရဲ့လား.... (မပါ-ပါဘုရား) သတ္တဝါသေတာကော ရှိသေးရဲ့လား....(မရှိပါဘုရား)။

မရှိဘူးတဲ့၊ အဝိဇ္ဇာသင်္ခါရကြောင့် စုတိဖြစ်တယ်....(မှန်ပါ့) စုတိဖြစ်ပြီးတော့ ဒီမှာ ပဋိသန္ဓေ မဟုတ်ဘူးလား.... ( မှန်ပါ့ ) ဝိညာဏ်ဆိုတာ ပဋိသန္ဓေဘဲ,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ ဒါဘဲပေါ်တယ်(မှန်ပါ့ဘုရား)။

အဲဒီတော့ သတ္တဝါသေယင် ဖြစ်သေးသလားလို့ မေးလို့ ရှိယင် ခင်ဗျားတို့ကိုယ်တိုင် ရှုပ်နေလို့ရှိယင် သတ္တဝါမရှိလို့ ဖြစ်သေးသလားဆိုတဲ့ မေးခွန်း ကျုပ်တို့မဖြေတတ်ဘူးလို့ ဖြေလိုက်... (မှန်ပါ့)ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

သတ္တဝါမရှိလို့-သတ္တဝါသေယင် ဖြစ်သေးသလားလို့ မေးတဲ့ အမေးလာခဲ့သော်နော်.... ( မှန်လှပါ ) ဖြေစရာမရှိဘူးလို့ သာ ခင်ဗျားတို့က ငြင်းပယ်ပါ... (မှန်ပါ့ဘုရား)။

ဘာ့ကြောင့် ငြင်းပယ်ခိုင်းသတုံးလို့ ဆရာဘုန်းကြီးက မေးယင် ခင်ဗျားတို့ကိုယ်တိုင် ရှင်းနေပြီ....(မှန်ပါ့)အကြောင်း

ထဲမှာလဲ....(သတ္တဝါမပါ-ပါဘုရား) အကျိုးထဲမှာလဲ(သတ္တဝါ မပါ ပါဘုရား)။

အဲဒါကြောင့် တိတ္ထိဆရာကြီးမေးတဲ့ သတ္တဝါသေယင် ဖြစ်သေးသလားဆိုတဲ့ အမေးသည် ခင်ဗျားတို့မေးယင် ဘယ့်နှယ်ဖြေကြမလဲ... (ဖြေစရာမရှိပါဘုရား) ဘာဖြစ်လို့တုံး....(သတ္တဝါ မရှိလို့ပါဘုရား)။

သတ္တဝါမရှိလို့ ဟုတ်လား.... ( မှန်ပါ ) သတ္တဝါသေတယ်ဆိုတာလဲ ရှာမတွေ့ဘူး၊ သတ္တဝါဖြစ်တယ် ဆိုတာလဲ ရှာမတွေ့ဘူး....(မှန်ပါ)ပေါ်ကြပလား....( ပေါ်ပါပြီ ) သဘောပါကြပလား....(ပါ–ပါပြီဘုရား)။

ဒါဖြင့် ပဋ္ဌမပုစ္ဆာ ပြေရောပေါ့ဗျာ.... (မှန်ပါ) မောင်သစ်ပဋိစ္စသမုပ္ပါဒ်နဲ့ ပြလိုက်တော့မှ ရှင်းတယ်....(မှန်ပါ) **ဦး**ကျော်မောင် ရှင်းရဲ့လား.... (ရှင်းပါတယ်ဘုရား)။

အကြောင်းထဲမှာ သတ္တဝါ.... (မပါပါဘုရား) အကျိုးထဲမှာ.... (သတ္တဝါ မပါပါဘုရား)။

အို....သမုဒယ သစ္စာကြောင့် ဒုက္ခသစ္စာ ဖြစ်တယ်.... လို့ ပြောယင် မှန်တယ်... (မှန်ပါဘုရား)။

သမုဒယသစ္စာကြောင့်.... (ဒုက္ခသစ္စာဖြစ်တယ်လို့ ပြောရပါမယ်ဘုရား) ဒုက္ခသစ္စာဖြစ်တယ်လို့ ပြောလို့ရှိယင်အမှန်ဘဲ (မှန်ပါဘုရား)။

သတ္တဝါပါယင် ဖြစ်သေးသလားလို့ မေးလို့ရှိယင် ဒီမှာ သတ္တဝါမပါလို့ ဒီမှာဖြစ်တယ်လို့ သုံးဘို့မလိုဘူး၊ ဒီဟာလဲ သတ္တဝါမဟုတ်ဘူး၊ဒီဘက်က အကျိုးတရားကော.... (သတ္တဝါ

မဟုတ်ပါဘုရား )သတ္တဝါ မဟုတ်ဘူးဆိုတာ ကောင်းကောင်း သေချာပလား- (သေချာပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားတို့ ကောင်းကောင်း သဘော ကျအောင် နားထောင်ပါနော်.... (မှန်ပါ့) ကဲ....ဒါဖြင့် ပဥ္စမ ပုစ္ဆာ အရှင် အနုရာဓကို တိတ္ထိတွေကမေးလို့ ဦးကျော်မောင် တို့ ဦးဘသော်တို့ဟင်....(မှန်ပါ့) သတ္တဝါသေယင် ဖြစ်သေး သလားလို့မေးတော့ ဟိုရဟန်းကလေးက အနုရာဓကဖြေလိုက် တယ်.... ဘုရားတောင် ဒီလိုမဟောပါဘူးဆိုတော့ ကျုပ်တို့လို သူက မရှင်းသေးတဲ့ပုဂ္ဂိုလ်ဖြစ်နေတယ်(မှန်ပါ့)။

မရှင်းသေးတော့ အို...သတ္တဝါမှမရှိဘဲ သတ္တဝါသေယင် ဖြစ်သေးသလား....လို့ မေးဘို့မလိုပါဘူးဆိုတာနဲ့ ပြေသွားတယ် (မှန်ပါ့)။

သူက ဒီလိုလဲ မဖြေတတ်ဘူး၊ ဘုရားကတော့ ဒီလိုမဟော ပါဘူး၊ သူက ဒါလောက်တွင် ဖြေတယ်.... ( မှန်ပါ့ ) ဒီလို ဆိုတော့ သူကိုယ်တိုင် ဒိဋ္ဌိမကွာသေးတဲ့ပုဂ္ဂိုလ်.... ( မှန်လှပါ ဘုရား)။

သူ....ရဟန္တာဖြစ်မယ်၊ နောက် ဒီဟာတွေ ဘုရားက ရှင်း ပေးတော့မှ ဖြစ်ပျက်ရှုပြီး ရဟန္တာဖြစ်မှာကိုး.... ( မှန်လှပါ ဘုရား)။

ကြည့်စမ်း.... ဘုရားကျောင်းနဲ့ ကပ်နေတာ....( မှန်ပါ့ ) ဝိပဿနာလဲ မောင်ချစ်စိန် ရှုနေတာ၊ ရှုပင်ရှုငြားသော်လဲ ဘယ့်နှယ်တုံး....(ဒိဋ္ဌိမကွာပါဘုရား) သိမှုနဲ့မကွာဘူး... (မှန်ပါ့ ဘုရား)။

သိမှုနဲ့ မကင်းတဲ့အတွက် နောက်က တကာ တကာမတွေ မရဘဲဖြစ်နေတယ်....(မှန်ပါ) သဘောပါ့လား.... ( ပါပါပြီ ဘုရား)။

သိမှုနဲ့ မကင်းတဲ့အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို.... (မရဘဲ ဖြစ်နေပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဆရာသမား အရေးကြီးတယ် ဆိုတာ ပေါ်ပါပြီ....(ပေါ်ပါပြီဘုရား) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ... ဦးမြမောင်တို့ကို.... ဦးစံဖေတို့ကို ပြောပါတယ်၊ "ရောက်လာယင် အားထုတ်ဆိုတဲ့ ကမ္မဋ္ဌာန်းတိုက်ကို မသွားနဲ့၊ ရှင်းပေးပြီးမှ အားထုတ်ဆိုတဲ့ ကမ္မဋ္ဌာန်းတိုက်ကိုသွား"-(မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ)။

ကိုယ့်မှာ ဒိဋ္ဌိကြီးတန်းလန်းနဲ့ လုပ်နေတော့ ဒီ....အနုရာဓလို ဖြစ်ခနမှာပေါ့ဗျ....(မှန်ပါ) အနုရာဓရဟန်းကလေးဟာ ကြည့် ဖြေတောင် ဖြေတတ်ကဲ့လား....(မဖြေတတ်ပါဘုရား)။

ဘုရားတော့ ဒီလိုမဟောပါဘူး၊ ဒါလောက်ဘင် ဖြေတတ်တယ်၊ သူ....အကျယ်တဝင့် ဒိဋ္ဌိခွါတဲ့သဘောနဲ့ ဖြေတတ်ကဲ့လား (မဖြေတတ်ပါဘုရား)။

အခု.... ဘုန်းကြီးတို့ ပြောလိုက်တာကတော့ ဟော.... အကြောင်းထဲမှာလဲ သတ္တဝါမပါလို့ အကျိုးထဲမှာလဲ သတ္တဝါ မရှိဘူး....(မှန်ပါ) ဒီလိုဖြေမှ သူက အဖြေတည့်တယ်နော်.... (မှန်ပါ)။

အကြောင်းထဲမှာလဲ.... (သတ္တဝါမပါပါဘုရား) အကျိုးထဲမှာကော.... (အကျိုးထဲမှာလဲ သတ္တဝါမပါပါဘုရား) အဲ.... မပါတော့ကို ဖြေစရာရှိသေးရဲ့လား....(မရှိပါဘုရား)။

သတ္တဝါသေယင် ဖြစ်သေးသလားလို့မေးတော့ အို.... ဒီဥစ္စာ မဖြေကောင်းတဲ့အမေးဘဲ၊ ပေါ်ကြပလား.... ( ပေါ်ပါပြီ ဘုရား)။

ဘယ်လိုအမေးပါလိမ့်.... (မဖြေကောင်းတဲ့အမေးပါဘုရား) မဖြေကောင်းတဲ့ အမေးဘဲဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါ ပြီဘုရား)။

၂-နံပါတ် အမေးကို တိတ္ထိတွေက မေးပြန်တယ်နော်.... (မှန်ပါ့) ဒါဖြင့် အရှင် အနုရာဓ....တဲ့ သတ္တဝါသေယင် မဖြစ်တော့ဘူးလားဆိုတော့ ခင်ဗျားတို့ကတော့ ဖြေတတ်ပြီ၊ ဘယ့်နှယ်ဖြေကြမလဲ.... ( သတ္တဝါ မရှိပါဘုရား ) သတ္တဝါမရှိလို့ မဖြစ်ဘူး- ဖြစ်တယ်လို့ ဖြေစရာမလိုဘူး၊ မဟုတ်ဘူးလား.... (မှန်ပါ့ဘုရား) မဖြစ်ဘူးလို့လဲ ဖြေစရာမလိုဘူး၊ သတ္တဝါနဲ့ မေးထားတာကိုး....(မှန်ပါ့)။

ဟို... ဟသံတက တကာတကာမကြီးတွေ ကျကျနန နားထောင်ပါ....(မှန်ပါ့) ကျကျနနနားထောင်ပါ၊ဒါ... မဂ္ဂသေးလို့ရှိယင် အာပေါက်အောင် အားထုတ်ပါ၊ ဖြစ်ပျက်တွေမြင်ချင်သလောက် မြင်ပါ။ လက္ခဏာရေးသုံးပါး မြင်ချင်သလောက် မြင်ပါ၊ ဦးမြမောင် နိဗ္ဗာန်မရဘူး....(မှန်ပါ့) မဂ်ဉာဏ်မရဘူး၊ ဒိဋ္ဌိအပင်းခံနေတယ်- ဝမ်းထဲမှာ.... (မှန်ပါ့) ဒိဋ္ဌိအပင်းခံနေတယ် မရဘူး....(မှန်ပါ့)။

အဲဒီတော့ ဒိဋ္ဌိကို အယင်ရှင်းပြီးမှ အားထုတ်ရမှာကြောင့် ယနေ့စပြီး ပဋိစ္စသမုပ္ပါဒ်နဲ့ ဒိဋ္ဌိရှင်းပေးတယ်လို့ မောင်သစ်... မှတ်လိုက်စမ်းပါ....(မှန်ပါ)။

အရေးမကြီးဘူးလား.... ( ကြီးပါတယ်ဘုရား ) ဒါဖြင့်.... အယင်လုပ်ရမှာ အယင်လုပ်တာပေါ့၊ အခု ဘုန်းကြီးပြောဘာကတော့ နောက်လုပ်ရမှာ နောက်လုပ်၊ မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

သစ်လုံးကြီး မရွေ့ဘဲနဲ့ တခါတည်း လွှစင်တင်ပြီး တိုက်ချင်လို့ရှိယင်တော့ မဖြစ်ပေဘူး၊ အကိုင်းအခက်တွေ မဖြတ်ဘဲနဲ့ -- ဟင်....(မှန်ပါဘုရား) ဒီအတိုင်းဆိုယင် အလကား ပင်ပန်းရုံဘဲရှိမယ်၊ သစ်ကောင်း ဝါးကောင်းလဲ ရမှာ မဟုတ်ပါဘူး.... (မှန်ပါဘုရား)။

ကဲ....ဒါဖြင့် သတ္တဝါသေယင် မဖြစ်တော့ဘူးလား... လို့ တိတ္ထိတွေက မေးယင် ခင်ဗျားတို့က ဘယ့်နှယ် ဖြေကြမလဲ.... (ဖြေစရာ မလိုပါဘုရား)။

ဘာ့ကြောင့်တုံး....(သတ္တဝါ မရှိလို့ပါဘုရား) သတ္တဝါ မရှိလို့ ဖြေစရာ မလိုဘူးဆိုတာ ပေါ်သွားပြီ....(မှန်ပါ)။

ဒါ ခင်ဗျားတို့ကတော့ အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာသာ ဖြစ်တယ်ဆိုတော့ သတ္တဝါ ဆိတ်သုဉ်းနေသောကြောင့် ခင်ဗျားတို့က သတ္တဝါဟူသော အမှတ် ဆိတ်သုဉ်းနေသောကြောင့် ခင်ဗျားတို့က ဉာဏ်ထဲမှာ ဒိဋ္ဌိပြုတ်နေတယ်လို့ ဖြေစရာ မရှိဘူး ပြောချလိုက်

တာ....(မှန်ပါ) ခင်ဗျားတို့က ဒိဋ္ဌိပြုတ်နေတယ်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဦးဘုသန်းကြီး သိမှုနဲ့ ပြုတ်နေတယ်....( မှန်ပါ ) သိမှုနဲ့ ပြုတ်နေတယ်၊ ဖြေစရာ မရှိဘူးတဲ့...(မှန်ပါ)။

အဲဒီတော့ ခင်ဗျားတို့က အခု ဖြေစရာ မရှိဘူးလို့ ဒီတရားပွဲ ရှိတဲ့ တကာတကာမတွေက သုံးလိုက်ခြင်းသည် ခင်ဗျားတို့မှာ သိမှုနဲ့ ဒိဋ္ဌိပြုတ်နေလို့ ဖြေစရာ မရှိဘူး သုံးတာ....(မှန်ပါဘုရား)။

ဟို ရဟန်းကလေးက ဒီလို သုံးတာ ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား) ဘုရားကတော့ ဒီလို မဟောပါဘူး၊ ဟော....တွေ့ရဲ့လား...၊ တမျိုးစီ....(မှန်ပါ)။

ဘုရားကတော့ ဒီလို မဟောပါဘူးတဲ့..၊ ဒါ ကြည့်ပြီး ဟောပါတယ်တဲ့....၊ ဒီဥစ္စာ အကွက်ကျ ဖြေနိုင်သေးရဲ့လား.... (မဖြေနိုင်ပါဘုရား)။

အဲ... သူကတော့ကိုတဲ့ ဒိဋ္ဌိသိမှုနဲ့ မပြုတ်သေးတဲ့ အနုရာမဖြစ်နေတယ်....( မှန်ပါဘုရား ) သဘောပါပလား... (ပါပါပြီဘုရား)။

သိမှုနဲ့....(မပြုတ်သေးပါဘုရား) ကျင့်မှုနဲ့ နောက် ဖြုတ်ရဦးမှာ၊ ကျင့်မှုနဲ့ ဖြုတ်တော့မှ ပယ်မှု ရောက်မှာကိုး....(မှန်ပါ) သဘောပါကြပလား....(ပါပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတွေ ဩဘာ... ရှေ့နောက်လွဲမှုများ စိုးရိမ်စရာကောင်းတယ်...( မှန်ပါ )မောင်သစ်....

ရှေ့နောက် လွဲမှာများ စိုးရိမ်စရာကောင်းတယ် .... ( မှန်ပါ့ ) မောင်ချစ်စိန်....ဘာ စိုးရိမ်စရာကောင်းသတုံး....(ရှေ့နောက် လွဲမှာ စိုးရိမ်စရာ ကောင်းပါတယ်ဘုရား)။

ရှေ့နောက် လွဲမှာများ စိုးရိမ်စရာကောင်းလိုက်တာ ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)နို့....ရှေ့နောက် လွဲနေလို့ အနုရာဓမှာ ဖြေလဲ မဖြေတတ်ဘူး၊ ဘုရားဆီမှာ အားထုတ်နေတာဘဲ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရဘူး....(မှန်ပါ့)။

ကဲ....ဘယ်လောက် ကြောက်စရာကောင်းသတုံး....၊ ဘုရားနဲ့ တွေ့နေတာဘဲ....(မှန်ပါ့) အလုပ်စဉ် ရှေ့နောက် လွဲနေတယ်.... (မှန်ပါ့)။

ဦးဘသန်းကြီး ရိပ်မိပလား....( ရိပ်မိပါပြီဘုရား ) အဲဒါ ခင်ဗျားတို့က လက်ဦးတော့ ဘုရားကို ဖူးတွေ့ရပါလို၏ ဆိုငြား သော်လဲ မဟုတ်သေးဘူးပေါ့ (မှန်ပါ့) ရှေ့နောက် တည့်မှ၊ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘုရားဖူးရလို့ရှိယင် ဗုဒ္ဓါနုဿတိပေါ့--(မှန်ပါ့)ဗုဒ္ဓါနုဿတိ ဆိုတော့ သမထ ရမှာပေါ့၊ နိဗ္ဗာန် မရပါဘူး....(မှန်ပါ့) သမထ ကုသိုလ်ဘဲ ဖြစ်မယ်၊ ဝိပဿနာကုသိုလ် ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

အဲဒါ တကာတကာမတွေက ရှေ့လောကြီးပြီး ဘုရားနဲ့ တွေ့ယင် ကျွတ်လိမ့်မယ် ထင်နေလို့....၊ မကျွတ်ဘူး....(မှန်ပါ့) ဘုရားနဲ့ တွေ့ယင် တွေ့တာဘဲ၊ ဗုဒ္ဓါနုဿတိ သမထဘဲ ဖြစ်မယ်၊ မကျွတ်ဘူး....(မှန်ပါ့)။

ကျွတ်နိုင်တာက ကိုယ့်သန္တာန် ဒိဋ္ဌိဖြုတ်တတ်တဲ့ ဉာဏ် ရယင်

တော့ ကျွတ်လိမ့်မယ်....(မှန်ပါ့) ကဲ....အခု ဘယ်နှစ်ချက် ပြေသွားပလဲ....(နှစ်ချက်ပြေသွားပါပြီဘုရား) နှစ်ချက် ပြေသွားပြီ၊ သုံးချက် စ-မယ်....(မှန်ပါ့)။

သုံးချက် စ-မယ်၊ ပဋိစ္စသမုပ္ပါဒ်နဲ့ ရှင်းပြလိုက်တော့မှ-နော်-(မှန်ပါ့)ဒါဖြင့် သတ္တဝါသေယင် အချို့ဖြစ်တယ်၊အချို့ မဖြစ်ဘူးလို့ ဘုရား-ဟောပါသလားတဲ့...( မှန်ပါ့ ) ခင်ဗျားတို့က ဘယ့်နှယ် ဖြေမလဲ... (ဖြေစရာ မလိုပါဘုရား)။

ဖြေစရာ မလိုဘူး သတ္တဝါ မရှိလို့....( မှန်ပါ့ )သတ္တဝါမှ မရှိဘဲနဲ့ တချို့ ဖြစ်တယ်၊ တချို့ မဖြစ်ဘူးလို့ဆိုတဲ့ အဖြစ်ဟာ ဦးကျော်မောင်ကြီး ပါးစပ်က ထွက်ရဲပါ့မလား....(မထွက်ရဲပါဘုရား)။

ဒါ ဘာဖြစ်လို့ မထွက်ရဲပါလိမ့်မတုံး မေးယင် မောင်သစ်-ဘယ့်နှယ်ဖြေမတုံး... (သတ္တဝါမရှိလို့ပါဘုရား)။

အဲ....နဂိုရ်ကတည်းက ခင်ဗျားတို့က သတ္တဝါမရှိဘူး၊ ပုဂ္ဂိုလ်မရှိဘူးဆိုတာ ယူထားတော့ ဒိဋ္ဌိက ခင်ဗျားတို့မှာ သိမ့်နဲ့ ပြုတ်နေတယ်....(မှန်ပါ့) ဒါကြောင့် ခင်ဗျားတို့က အဖြေမှန် ထွက်လာတာ (မှန်ပါ့)ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ကိုင်း.. ဒါဖြင့် ၃ နံပါတ်လဲ ပြေသွားပြီပေါ့...( မှန်ပါ့ ) ၄-နံပါတ်က သတ္တဝါသေလို့ရှိယင် မဖြစ်သည်မဟုတ် ဖြစ်သေးသလား... တဲ့၊ အမရာဝိက္ခေပ မေးလိုက်တယ်နော်...၊ ခင်ဗျားတို့က ဘယ့်နှယ်ဖြေမလဲ....(ဖြေစရာ မလိုပါဘုရား)။

ဖြေစရာ မလိုဘူးတဲ့....၊သတ္တဝါနဲ့ သူ မေးတာကိုး....(မှန်ပါ့) ကြည့်... ၁-ကွက်ထဲမှာ သတ္တဝါ ပါသလား....( မပါပါ )စတိုကျပြီးတော့ ၂-ကွက်သို့ ရောက်ပြန်တော့လဲ သတ္တဝါ ပါရဲ့

လား....(မပါပါဘုရား) ၃-ကွက် ရောက်ပြန်တော့ကော....(မပါ ပါဘုရား) ၄-ရောက်ပြန်တော့ကော....(မပါပါဘုရား)။

အို... ခမ္မလည်နေတာ ရှိတယ်၊ ပုဂ္ဂိုလ်မဟုတ်ပါဘူး·(မှန်ပါ့) ဓမ္မနိယာမ ဆက်နေတာဘဲ ရှိတယ်....(မှန်ပါ့)။

ဓမ္မနိယာမ...( ဆက်နေတာဘဲ ရှိပါတယ်ဘုရား ) ပုဂ္ဂိုလ် လည်တာ ဟုတ်ကဲ့လား....( မဟုတ်ပါဘုရား ) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဒီထဲမှာ သတ္တဝါမပါဘူးဆိုတာ သတ္တဝါသုညတ ဖြစ်သွားတယ်တဲ့နော်....(မှန်ပါ့)သတ္တဝါသုညတ ဖြစ်သွားတယ်၊ သတ္တဝါဟူသော အထိမ်းအမှတ် ခင်ဗျားတို့မှာ ဆိတ်သုဉ်းသွား ပြီ....(မှန်ပါ့)။

ဒိဋ္ဌိကွာသွားပြီ ဆိုတာဘဲ၊ သိမှုနဲ့ ကွာသွားပြီလို့ ဆိုလိုက် ပါတယ်....( မှန်ပါ့ဘုရား ) ကျေနပ်ပလား....( ကျေနပ်ပါပြီ ဘုရား )။

လေးလုံးပြည့်သွားပြီနော်....(မှန်ပါ့)အဲ ...ဒါဖြင့် ဒါကလေး အသာချိတ်ထားပြီးတော့ ရှေ့ အနုရာဓအကြောင်း ဆက်ကြဦး စို့....(မှန်ပါ့)။

ဒါနဲ့ အနုရာဓက ဒီ လေးခုကို တိတ္ထိတွေက မေးတော့ သူ ဖြေပုံက ဘုရားသည် ဒီ လေးပါး ကြဉ်ဖယ်ပြီးသကာလ ဖြေ သွားပါတယ်၊ ဒီလိုတော့ မဖြေပါဘူးဆိုတော့ တိတ္ထိတွေက ဩော်....အနုရာဓဆိုတဲ့ ကိုယ်တော်ကလေးဟာ သက်နိုးဝတ်တာ ကြာသေးမထင်ပါဘူး၊ လူငယ်·လူမိုက်ကလေး ရှိသေး ထင်ပါ ရဲ့...၊ အကယ်၍ သူ အသက်ကြီးတဲ့ ပုဂ္ဂိုလ် ဖြစ်ခဲ့လို့ရှိယင်လဲ

မသိတဲ့ လူမိုက် ဖြစ်မှာ ဘဲ၊ ဒါကြောင့် ဘာမှ မဖြေနိုင်ဘူးဆိုပြီး ပြန်သွားကြတယ်... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တိတ္ထိတွေက ပြန်သွားကြပြီနော်....(မှန်ပါ့) တိတ္ထိတွေ ပြန်သွားမှ သူက သံသယ ဖြစ်လာတယ် အနုရာဓက....( မှန်ပါ့ ) အနုရာဓက သံသယဖြစ်လာတယ်၊ ဘယ်လို သံသယဖြစ်လာသတုံးလို့ မေးတဲ့အခါကျတော့မှ ဩော်....တိတ္ထိတွေကလဲ ဒီလိုလေးချက်မေးသွားတယ်၊ ငါကလဲ ဘုရားတော့ ဒီလို ဖြေဘယ်၊ ဒါ ကြဉ်ဖယ်ပြီးတော့ ဖြေတယ်လို့ ပြောလိုက်တယ်၊ သူတို့လဲ မကျေနပ်ဘူး၊ ငါ့ကို လူမိုက်ကလေး- လူကြီး ဖြစ်ခဲ့လို့ရှိယင်လဲ လူမိုက်ကြီး၊ လူငယ် ဖြစ်ခဲ့လို့ရှိယင်လဲ ခလေးကလေးဘဲ။ လူကြီးဖြစ်ခဲ့လို့ရှိယင်လဲ မသိ-မိုက်နေတဲ့ ပုဂ္ဂိုလ် တဦး-တယောက်ဘဲလို့ ငါ့ကို ပြောသွားကြတယ်၊ဒီ့ထက်များ နောက် တခေါက် လာယင် ရှေ့တက်မေးယင် ငါ ခက်မယ်.... ( မှန်ပါ့ဘုရား ) သူ....ဒိဋ္ဌိမပြုတ်တာ သေချာသွားတယ်....(မှန်ပါ့ဘုရား)။

ဒီလေးချက်ထက် ရှေ့တက်မေးလို့ရှိယင်လဲ ငါအရှက်တွေ့တော့မယ်... (မှန်ပါ့) ကဲ....သူ ဒိဋ္ဌိပြုတ်.... မပြုတ် ခင်ဗျားတို့အကဲခတ်ကြည့်စမ်း.... (မပြုတ်ပါဘုရား) အနုရာဓမပြုတ်ဘူး.... (မှန်ပါ့)။

ဒါနဲ့ ဒီလေးချက်ထက် ရှေ့တက်မေးလို့ရှိယင်ဖြင့် ငါခက်မယ်လို့ ရမ်းဖြေပြန်လဲ ဘုရား အလိုတော်ကျမှာမဟုတ်ဘူး.... (မှန်ပါ့) တရားတွေ ဖေါက်ဖျက်ရာ ရောက်မှာဘဲ....(မှန်ပါ့ဘုရား)။

ဒီလို သူကိုယ်သူ အောက်မေ့ပြီး တခါတည်း ဘုရားဆီပြေး တယ်၊ ကျောင်းနဲ့ နီးနီးကလေးကိုး....(မှန်ပါ့)။

ဘုရားဆီ ပြေးတယ် ဦးမြမောင်ရ....(မှန်ပါ့) ဘုရားဆီပြေး ပြီးသကာလ အရှင်ဘုရား တပည့်တော်ဆီ တိတ္ထိတွေလာတယ် ဘုရာ့.... လာပြီး သတ္တဝါသေယင် ဖြစ်သေးသလား၊ အရှင် ဘုရားတို့ ဘုရားက မြတ်တဲ့ပုဂ္ဂိုလ်လဲဖြစ်ပါတယ်၊လွန်တဲ့ပုဂ္ဂိုလ်လဲ ဖြစ်ပါတယ်၊ ထူးခြားတဲ့ပုဂ္ဂိုလ်လဲဖြစ်ပါတယ်၊ အဲဒါ ဒီလေး ချက် ဘယ်လိုမျှားဟောဘူးသတုံးလို့ တပည့်တော်ကို လာမေး တယ်ဘုရာ့.... သတ္တဝါသေယင် ဖြစ်သေးသလား၊ သတ္တဝါသေ ယင် မဖြစ်တော့ဘူးလား၊ သတ္တဝါသေယင် အချို့ဖြစ်တယ်၊ အချို့ မဖြစ်ဘူးလား၊ သတ္တဝါသေယင် မဖြစ်သည်မဟုတ်၊ လုံးဝမဖြစ်တော့ဘူး ဖြစ်သယောင်ယောင်ဆိုတဲ့ သဘောကလေး တော့ လာသေးတယ်၊ ဒီလိုမေးပါတယ်ဘုရား။

အဲဒီတော့ တပည့်တော်ကတော့ ဘုရားတော့ ဒီလိုမဟော ဘူး၊ ဒါလောက်ဘဲ ဖြေလိုက်သေးတယ်ဘုရာ့-ဆိုတော့ ဘုရားက ရိပ်မိတယ်၊ ဒါလိုရင်း....(မှန်ပါ့) မောင်သစ် ဒါ လိုရင်းမှတ် ထား.... (မှန်ပါ) ဘုရားက သူ....လျှောက်ကတည်းက ရိပ်မိ တယ်....။

အဲဒီတော့ တပည့်တော်စိတ်ထဲမှာတဲ့ တိတ္ထိတွေက ဒါတွေ မေးသွားပြီး တပည့်တော်ကို လူမိုက်ကလေး၊လူကြီးဖြစ်လဲမလိမ္မာ သေးတဲ့ပုဂ္ဂိုလ်၊ ငယ်ယင်လဲ လူမိုက်ကလေးမို့ဘဲ၊ တပည့်တော် အပြစ်တင်သွားကြတယ်၊ ဒါကြောင့် ဒီ့ထက်ပိုမေးယင် တပည့် တော်ခက်ချေရဲ့....(မှန်ပါ့)ဆိုတော့မှ ဘုရားက ဪ....ငါ့လူ

ကိုယ်တိုင်က ဒိဋ္ဌိမပြုတ်ပါလား.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ငါ့လူကိုက ဘာတဲ့တုံး.... (ဒိဋ္ဌိမပြုတ်ပါဘုရား) ဒိဋ္ဌိမပြုတ်ဘူး၊ သဘောပါကြပလား....(ပါပါပြီ)။

သူ့တပည့် အနုရာဓကိုက ဘာတဲ့တုံး.... ( ဒိဋ္ဌိမပြုတ်ပါဘုရား)။

ဒိဋ္ဌိမပြုတ်ဘူးသူဟာ၊ အားထုတ်သာနေတယ် ဘုရားကျောင်းတော်နားမှာကပ်ပြီးတော့၊ မဂ်ဖိုလ်မရဘူး....(မှန်ပါ) အားလဲထုတ်နေတယ်....(မှန်ပါ့)။

ကဲ....ဦးဘထွန်းကြီးတို့က အားထုတ်ယင် ခရီးပေါက်တယ်လို့ ထင်ချင်ထင်နေမှာ....(မှန်ပါ့) မသိဘဲနဲ့အားထုတ်တာဟာ အလကားပေါ့.. (မှန်ပါ့)။

ဦးဘသော် မသိဘဲနဲ့ အားထုတ်နေတာသည်....(အလကားပါဘုရား)။

ဒိဋ္ဌိ မပယ်ဘဲနဲ့ အားထုတ်နေရတာ အလကားဘဲဆိုတာကျေနပ်ပလား....(မှန်လှပါ)။

ဒါဖြင့် ကျင့်မှုနဲ့သိမှု ဘယ်ဟာရှေ့ထားကြရမယ်.... (သိမှုရှေ့ထားရပါမယ်ဘုရား)။

အခု ဘုရားက ငါ့လူကိုက ဒိဋ္ဌိမပြုတ်သေးဘူးတဲ့၊ သိမှုနဲ့မပြုတ်သေးဘူးတဲ့၊ ဒါကြောင့် ငါ့ဆီ လာလျှောက်တာဘဲ.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ပေါ်ပြီနော်၊ အဲဒီတော့မှ ဟေ့.... အနုရာဓ.... ဘုရားက.... မေးလိုက်တယ်။

ကဲ....ခင်ဗျားတို့ရှုနေဘာလဲ အဲဒီထဲက အဲဒီလိုဖြစ်သွားပါတယ်နော်၊ ခင်ဗျားတို့ကိုလဲ မေးပါတယ်၊ ခင်ဗျားတို့ကိုလဲ အရှုခိုင်းတားတယ်။

ဦးကျော်မောင်တို့ ဦးဘသော်တို့ မြင်စိတ်ကလေးဟာ အနိစ္စလား....နိစ္စလား....မေးယင် ခင်ဗျားတို့ ဘယ့်နှယ်ဖြေကြမလဲ....(အနိစ္စပါဘုရား)။

အင်း.... ခင်ဗျားတို့ကလဲ အနိစ္စ .. လို့ ဖြေတယ်... (မှန်ပါဘုရား)။

ဒီ....အနိစ္စဖြစ်တဲ့တရားဟာ ဒုက္ခလား... သုခလားမေးယင် ဘယ့်နှယ်ဖြေကြမလဲ... (ဒုက္ခပါဘုရား)ဒုက္ခဘဲ။

အဲဒီ အနိစ္စဒုက္ခဖြစ်တဲ့ မြင်စိတ်ကလေးဟာ... ဟုတ်လား.... ငါ့ကိုယ်... ငါ့ဥစ္စာ... ငါ့ဟာ... လို့ ဆိုနိုင်ပါ့မလား.... (မဆိုနိုင်ပါဘုရား)။

ခင်ဗျားတို့က ဖြစ်ပျက်ရှုသားတော့ ဖြစ်ပြီးပျက်တာဘဲ...တဲ့ အနိစ္စဘဲ၊ ဖြစ်ပြီးပျက်တဲ့ဒုက္ခဘဲ၊ ဟုတ်လား.... (မှန်ပါ့) ဖြစ်ပြီးပျက်တဲ့ဥစ္စာကို ငါ့ကိုယ်လို့လဲ ဆိုလို့မရဘူး၊ ငါ့ဟာလို့ကော ( ဆိုလို့မရပါဘုရား ) ငါ့ဥစ္စာလို့ကော.... ( ဆိုလို့မရပါဘုရား)။

ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာလို့လဲ ဆိုလို့မရဘူး....ဆိုတော့ ခင်ဗျားတို့က သိနေတယ်....(မှန်ပါ့)အဲဒီတော့မှ အနုရာဓ ဟော့ မြင်စိတ်ကလေး ဘယ့်နှယ်တုံးကွ.... အနိစ္စလား.... နိစ္စလားလို့ ဘုရားက အနုရာဓမေးတယ်....(အနိစ္စပါဘုရား) ၎င်းအနိစ္စဖြစ်တဲ့

တရားဟာ ဒုက္ခလား.... သုခလားကွ.... (ဒုက္ခပါဘုရား)။ အဲဒီ့ အနိစ္စ ဒုက္ခဖြစ်တဲ့ မြင်စိတ်ကလေးဟာ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ လို့ ဆိုနိုင်ရဲ့လားကွလို့ မေးလိုက်တယ်.... (မဆိုနိုင်ပါဘုရား)။

အဲဒီကျမှ ဥာဏ်ရောက်လာတယ်.... (မှန်ပါ့) ဥာဏ်ရောက် ပြီးသကာလ ဒီလိုနဲ့ဘဲ ဖြစ်ပျက်တွေမြင်လို့ ဘုန်းကြီးရေးထား တဲ့အတိုင်းပေါ့ဗျာ.... ဦးမြမောင်.... (မှန်ပါ့) ဖြစ်ပျက်တွေမှန်း လာတယ်....(မှန်ပါ့) အားထုတ်ရင်းမတ္တ၊ နာရင်းမတ္တနဲ့ဖြစ်ပျက် တွေမှန်း၊ ဖြစ်ပျက်တွေဆုံးတော့ သူ.... ရဟန္တာ ဖြစ်သွားတယ် (မှန်ပါ့) ရဟန္တာဖြစ်သွားတယ်နော် .... ဘုရားက ဒိဋ္ဌိခွာပေး လိုက်တာကိုး....(မှန်ပါ့)။

ဘုရားက ဒိဋ္ဌိခွာပေးလိုက်တော့မောင်သစ် ကိစ္စပြီးသွားတယ် ဆိုပါတော့ ရဟန္တာဖြစ်သွားတယ်.... ( မှန်ပါ့ ) အဲ... ဒီတွင်မှ ဘုရားက ဟော့.... အနုရာဓ မင်းကို တိတ္ထိတွေက လာမေးတော့ မင်းတို့ဆရာ ဘုရားဟာ မြတ်တဲ့ပုဂ္ဂိုလ် လွန်တဲ့ပုဂ္ဂိုလ် ထူးခြားတဲ့ ပုဂ္ဂိုလ် သတ္တဝါသေယင် ဖြစ်သေးသလား....လို့ မေးလို့ရှိယင် မင်း....ဘယ်နှယ်ဖြေမတုံးတဲ့၊ အဖြေတောင်းတယ်.... (မှန်ပါ့) သူက သောတာပန် တည်ပြီးပြီပေါ့ဗျာ....(မှန်ပါ့)။

တည်ပြီး အဖြေကောင်းတော့ တပည့်တော်ကတော့ ဒီလို ဖြေမှာဘဲဘုရာ့.... ဒုက္ခသစ္စာဖြစ်၍ ဒုက္ခသစ္စာချုပ်တယ်....လို့ ဖြေမှာဘဲ၊ သတ္တဝါမရှိဘူး... တဲ့(မှန်ပါ့)။

ဒုက္ခသစ္စာဖြစ်၍.... (ဒုက္ခသစ္စာ ချုပ်ပါတယ်ဘုရား) ဒုက္ခ သစ္စာချုပ်တာဘဲရှိတယ် .. (မှန်ပါ့)။

သာခု သာခု သာခု....ကွာ....တဲ့....(မှန်ပါ) ခင်ဗျားတို့ရှုနေတာသဲ ဒုက္ခသစ္စာဖြစ်၍ ဒုက္ခသစ္စာပျက်တာဘဲ(မှန်ပါ)ဖြစ်ပျက်တာ....(မှန်ပါ)။

အေး....ဦးဘသန်းကြီး အေးစက်စက်လုပ်မနေနဲ့ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဖြစ်ပျက်ဆိုတာ ဘာတုံး.... ( ဒုက္ခသစ္စာဖြစ်၍ ဒုက္ခသစ္စာချုပ်တာပါဘုရား) ဒုက္ခသစ္စာချုပ်တာ၊ ဒါဘဲရှိတယ်....(မှန်ပါဘုရား)။

နောက်က တကာတကာမအော့ ဘာတဲ့တုံး.... (ဒုက္ခသစ္စာဖြစ်၍ ဒုက္ခသစ္စာချုပ်တာပါဘုရား) ဒါဘဲရှိတာဘဲ၊ မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ကြည့်....ဒီအထဲမှာ ခင်ဗျားတို့ရှုတော့ ဘာသစ္စာတုံး၊ ၂-နံပါတ်ကြည့်ပါ... (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာထဲ စိတ်မပါဘူးလား.... ( ပါပါတယ်ဘုရား ) အဲဒီ စိတ်ကလေးဟာ ဖြစ်ဘယ်ပျက်တယ်လို့ဆိုပြီး ခင်ဗျားတို့က ဉာဏ်ကလေးနဲ့ သိတော့ ဒုက္ခသစ္စာဖြစ်တာဘဲ၊ ပျက်သွားဘာကော... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ ပျက်သွားတာဘဲ၊ ချုပ်သွားတာ၊ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ သတ္တဝါသေလို့ ဖြစ်တာပျက်တာ ရှိသေးရဲ့လား ...(မရှိပါဘုရား)။

သတ္တဝါမှမပါဘဲ .. (မှန်ပါ) ဒုက္ခသစ္စာဖြစ်၍ (ဒုက္ခသစ္စာချုပ်တာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကို အလုပ်ပေးနေတာ ဩော်....ငါတို့ ဘာတွေများ အကြည့်ခိုင်းပါလိမ့်မတုံး.... ဘုရားက .... မေးတဲ့အခါ ကျတော့ ဩော်.... ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာ အကြည့်ခိုင်းတာပါလား....(မှန်ပါ့) ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား) ဘာတဲ့တုံး....(ဒုက္ခသစ္စာဖြစ်၍ ဒုက္ခသစ္စာချုပ်တာကို အကြည့်ခိုင်းတာပါဘုရား) ကြည့်- အကွက်ထဲမှာလဲ ဘယ်နံပါတ်ကို ရှုရမှာတုံး....(၂-နံပါတ်ကို ရှုရမှာပါဘုရား)။

၂-နံပါတ်ရှုတော့ကို ၃-နံပါတ် မကူးအောင်လို့ ကြားထဲ မဂ်ကလေးနဲ့ ဝိပဿနာမဂ်ဝင်ပြီး သကာလ ဒီဘက်က တရားတွေ ဦးမြမောင်တို့၊ ဦးကျော်မောင်တို့ ကြည့်စမ်းပါဆိုတော့ ဖြစ်တာနဲ့ ပျက်တာတွေတယ်....(မှန်ပါ့) ဖြစ်တာလဲ ဒုက္ခသစ္စာဘဲ....(မှန်ပါ့) ပျက်တာကော....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာဖြစ်၍ ဒုက္ခသစ္စာပျက်တာကို ဉာဏ်နဲ့မြင်လိုက်ဘယ် .... ( မှန်ပါ့ ) မြင်တော့ မဂ်မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ပေါ်တော့ ၃-ကူးသေးရဲ့လား (မကူးတော့ပါ) ဩော်-ဒါဖြင့် ဒို့လုပ်နေတာ ပဋိစ္စသမုပ္ပါဒ်နဲ့ အကွက်ကျ ထောက်ကြည့်တော့ မှ ပစ္စုပ္ပန်လဲ တည့်လိုက်တာလွန်လို့ ( မှန်ပါ့ ) ပစ္စုပ္ပန်ကာလ မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ပစ္စုပ္ပန်တည့်ပြန်ပြီတဲ့၊ ဟော့.... ပစ္စုပ္ပန်တည့်အောင်ရှု တည့်အောင်ရှုလို့ ဆိုစရာလိုသေးသလား....(မလိုပါဘုရား) မလိုဘူး၊ ဒီအကွက်ကြည့်ပါ၊ ဘာကာလတုံး....( ပစ္စုပ္ပန်ကာလပါဘုရား ) ပစ္စုပ္ပန်ကာလကို ရှုတာသဲ ဘယ်ကာလကနေ ရှုတာတုံး....

(ပစ္စုပ္ပန်ကာလကဘဲ ရှုပါတယ်)ပစ္စုပ္ပန်- ပစ္စုပ္ပန်ချင်းရှုတာဘဲ.... (မှန်ပါ) တယ်အဘိုးတန်သွားပြီ.. (တန်ပါပြီ) အင်မတန်အဘိုးတန်သွားပြီ....(မှန်ပါဘုရား)။

အဲဒီတော့ ဒါကို အနုရာမကလဲ ခင်ဗျားတို့ ဖြေသလိုဘဲတဲ့ ခင်ဗျားတို့ အခုအသိဉာဏ်နဲ့ ဖြေသလို အနုရာမ ဟော့...မင်းကြားစိတ်ကလေးဟာ နိစ္စလား-အနိစ္စလားမေးယင် ခင်ဗျားတို့ အနုရာမလုပ်ပြီး ဖြေစမ်း....(အနိစ္စပါဘုရား)။

အဲဒီ့ အနိစ္စဖြစ်တဲ့တရား ဒုက္ခလား- သုခလားမေးယင်.... (ဒုက္ခပါဘုရား)ဒုက္ခသစ္စာဘဲ မဟုတ်ဘူးလား....(မှန်ပါဘုရား)။

အနတ္တလား-အတ္တလားလို့ မေးယင်ကော .... ( အနတ္တပါ ) အဲ....အနတ္တကို ကြည့်ချင်တော့ ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာဟုတ်-မဟုတ်ကို ကြည့်လိုက်... (မှန်ပါ)ဟုတ်သေးရဲ့လား... (မဟုတ်ပါဘုရား)ပျက်သွားတာဘဲ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလို့ ဆိုလို့ ရပါ့မလား.... ( မရပါ ) "ဧတံမမ၊ ဧသောဟမသ္မိ၊ဧသောမေ အတ္တာ"ဆိုတဲ့စကား ငင်နိုင်သေးရဲ့လား.... (မဝင်နိုင်ပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒီလို မပါတဲ့ အခါကျတော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ခင်ဗျားတို့ မကိုက်သေးဘူးလား....(ကိုက်ပါပြီဘုရား)။

ကိုက်တော့ကို ဒီအထဲမှာ ခင်ဗျားတို့က ဩော် .... ဒို့အရှုခိုင်းတာဟာ ဒုက္ခသစ္စာဖြစ်တာရယ်၊ ဒုက္ခသစ္စာ ချုပ်တာရယ်၊ ဒို့အရှုခိုင်းတာကိုး ဆရာဘုန်းကြီးက( မှန်ပါ ) ပုဂ္ဂိုလ်သတ္တဝါ အကြည့်ခိုင်းတာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား) ပုဂ္ဂိုလ်သတ္တဝါ နဂိုရ်ကကော ပါရဲ့လား....(မပါ-ပါဘုရား)။

ခင်ဗျားတို့ ဒိဋ္ဌိခွာပြီးမှ အရှုခိုင်းတာ...( မှန်ပါ့ )ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာခွာပြီးမှလဲ.... (ဒိဋ္ဌိခွာပြီးမှပါ) ဒါဖြင့် ဒိဋ္ဌိခွာမပေးဘဲနဲ့ ရှုဟဲ့....ရှုဟဲ့....ဆိုတဲ့ ဆရာတွေနဲ့တွေ့ယင် ခင်ဗျားတို့ ငါးပါး မှောက်တော့မယ်....(မှန်ပါ့ဘုရား)။

ဦးကျော်မောင်- မမှောက်သေးဘူးလား... (မှောက်ပါတယ် ဘုရား)အခုဘုရားက အပြစ်တင်လိုက်တယ်၊ ဩော်....တိတ္ထိတွေက နောက်တခါ ဒီ့ထက်တက်ပြီး ဆင့်မေးခဲ့သည်ရှိသော် ငါ့မှာ ခက်တော့တာဘဲ ဆိုကတည်းက အနုရာဓာ သူကိုယ်တိုင် ပုဂ္ဂိုလ် သတ္တဝါမပျောက်ဘဲ ဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

ဩော်....ငါ့လူကိုက ဒိဋ္ဌိမကွာသေးပါလားဆိုပြီး ဒိဋ္ဌိကွာတဲ့ တရားကိုဟောယူရတယ်....(မှန်ပါ့) မဟောရဘူးလား....(ဟောရ ပါတယ်ဘုရား)။

ကဲ....ခင်ဗျားတို့ကိုလဲ စုံအောင်ဟောပါ့မယ်တဲ့၊ ကဲ....ကြား စိတ်ကလေးဗျာ၊ ဖြစ်ပျက်သွားတာ ဘာပေါ်ကြမယ်.... (အနိစ္စ ပါဘုရား)။

အဲဒီ့ အနိစ္စဖြစ်တဲ့ တရားကလေးကို ဒုက္ခလား- သုခလား မေးယင် .... ( ဒုက္ခပါဘုရား ) ပျက်သွားတာဒုက္ခဘဲ....(မှန်ပါ့ ဘုရား)။

အဲဒီ့ အနိစ္စ ဒုက္ခ ရောက်သွားတဲ့တရားကလေးကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာလို့ ဆိုနိုင်ရဲ့လား.... ( မဆိုနိုင်ပါဘုရား ) မဆို နိုင်ယင် အနတ္တ- (မှန်ပါ့)ဆိုတော့ ခင်ဗျားတို့ကတော့ ရှင်းသွား ပြီ....(မှန်ပါ့ဘုရား)။

အဲဒီတော့ အနိစ္စ, ဒုက္ခ, အနတ္တချည့် ရှုမနေနဲ့ ဦးမြမောင်ရ ဖြစ်ပျက်မြင်ယင် သုံးခုဝင်တယ်....(မှန်ပါ့ဘုရား)။

အနိစ္စလဲ ဖြစ်ပျက်ထဲဝင်သွားတာဘဲ....(မှန်ပါ့) ဒုက္ခကော.... (ဖြစ်ပျက်ထဲ ဝင်သွားဘာပါဘဲ) အနတ္တကော .... (ဖြစ်ပျက်ထဲ ဝင်သွားတာပါဘဲ) ဒုက္ခသစ္စာကော....(ဖြစ်ပျက်ထဲ ဝင်သွားတာ ပါဘဲဘုရား)။

ဒီကြည့်လေ ဒုက္ခသစ္စာလို့ ပြောထားပြီ....(မှန်ပါ့) ခင်ဗျား တို့က သံသယရှိဘိုလိုသေးသလား....(မလိုပါဘုရား) ဘုရားဟော ဒေသနာကြီးက ဒီမှာ တန်းနေတာဘဲ....(မှန်ပါ့) သဘောပါကြ ပလား....(ပါ-ပါပြီဘုရား)။

ကဲ .... တခါသွားပါဦးတဲ့၊ လျှာပေါ်မှာ စားစိတ်ကလေး ပေါ်တယ်၊ မနက်စားကြ သောက်ကြ၊ နေ့လယ် လာက်ရည် သောက်ကြ စားကြနဲ့၊ အဲဒီ စားစိတ်ကလေးဟာ အနိစ္စလား-နိစ္စလားမေးယင် ဘယ့်နှယ်ဖြေမလဲ... (အနိစ္စပါဘုရား)။

အဲဒီ့ အနိစ္စ ဒုက္ခရောက်သွားတဲ့ တရားကလေးကို ဒုက္ခလို့ ဆိုမလား- သုခလို့ဆိုမလား....(ဒုက္ခလို့ဆိုရမှာပါဘုရား)။

အဲဒီ့ အနိစ္စရောက်သွားတဲ့ တရားကလေးကို ငါ့ကိုယ်, ငါ့ဟာ,ငါ့ဉစ္စာလို့ ဆိုနိုင်ရဲ့လား....( မဆိုနိုင်ပါ )မဆိုနိုင်ယင် အနတ္တဘဲ... (မှန်ပါ့ဘုရား)။

အဲ .... ဒီလိုပေါလိုက်တော့မှ အနုရာခ သောတာပန်တည် တယ်၊ သူ့ဟာသူ ဉာဏ်နဲ့ရောက်တယ်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ဘော့ ဆုံးအောင်ဟောရမယ်....တဲ့၊ ကိုယ်ပေါ်မှာ ယားစိတ်, နာစိတ်, ကောင်းစိတ် ပေါ်တယ်မဟုတ်လား .... (မှန်ပါ့ဘုရား)။

အဲဒါကလေးတွေလဲ အနိစ္စလား- နိစ္စလား- မေးယင် .... (အနိစ္စပါဘုရား) ဒါဖြင့် ပေါ်တိုင်းရှု....(မှန်ပါ့) အဲဒီ့ အနိစ္စဖြစ်တဲ့တရား ဒုက္ခလား-သုခလားလို့မေးယင်....(ဒုက္ခပါဘုရား)။

အဲဒီ့ အနိစ္စဖြစ်တဲ့ အနိစ္စ ဒုက္ခကလေးဟာ ငါ့ကိုယ်ငါ့ဟာ ငါ့ဥစ္စာလို့ ဆိုနိုင်ရဲ့လား.... ( မဆိုနိုင်ပါဘုရား ) မဆိုနိုင်ယင် ဘာခေါ်ကြမယ်....(အနတ္တပါဘုရား)အနတ္တဘဲ။

"နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ" ဆိုတာ ဒါကထွက်လာတာ....( မှန်ပါ့ ) မြန်မာလိုပြန်တော့ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်....( မှန်ပါ့ )ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့... ။

သာဓု... သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော် မူသော

( အကြားအမြင်မရှိတဲ့ ပုထုဇန်နှင့် အကြားအမြင်ရှိတဲ့ ပုထုဇန်၊ )

# ညအလုပ်ပေးတရားတော်

( ၄ - ၉ - ၆၂ )

သံသရာရှည်တယ် .... သံသရာရှည်တယ်'ဆိုတာ မှတ်ထားကြပါတဲ့၊ သံသရာရှည်တယ်ဆိုတော့ ပါးစပ်ကပြောတော့ သံသရာရှည်တယ်လို့ ဆိုလို့ဘဲ သက်သက်သာသာနဲ့ ကြားကြရတယ်၊ စင်စစ်တော့ သံသရာရှည်တယ်....ဆိုတဲ့စကားက အင်မတန်ကြီးကျယ်တဲ့စကား ဖြစ်ပါတယ်။

"အသုတဝါ ပုထုဇ္ဇနော" ရှည်တယ်ဆိုတာ ဘာပြောတာပါလိမ့်.... (သံသရာ့ ရေသောက်မြစ် ဖြစ်လို့ပါဘုရား)သံသရာ့ရေသောက်မြစ်ဖြစ်လို့ ပြောတာဘဲဆိုတာရိပ်မိပြီ.... ( မှန်ပါ့ဘုရား)။

အဲဒီတော့ သံသရာ့ ရေသောက်မြစ်ဆိုတာ ဘာတုံးလို့မေးတော့မှ "အသုတဝါ ပုထုဇ္ဇနော"ဖြစ်လို့.... (မှန်ပါ့)။

ဦးဘသန်းကြီး ရိပ်မိပလား.... (ရိပ်မိပါပြီ) ဦးမြမောင်လဲ

ရိပ်မိပြီ....(ရိပ်မိပါပြီ) "အသုတဝါ ပုထုဇ္ဇနော"ဖြစ်လို့ဘဲ.... (မှန်ပါ့)။

သံသရာရှည်ရတယ်.... သံသရာရှည်ရတယ်ဆိုတာ ဘယ့်နှယ် ကြောင့်ပါလိမ့်မတုံး.... ( အသုတဝါ ပုထုဇ္ဇနော ဖြစ်လို့ပါ ဘုရား) အသုတဝါ ပုထုဇ္ဇနောဖြစ်လို့။

အသုတဝါ ပုထုဇ္ဇနော....ဆိုတဲ့ဥစ္စာက အသုတ-က အကြား အမြင်မရှိတာ၊ ပုထုဇ္ဇနော....ဆိုတာ ကိလေသာ ပေါတာ.... (မှန်ပါ့)။

အသုတဝါ....ဆိုတာက အကြားအမြင်မရှိတာ.... (မှန်ပါ့) ပုထုဇ္ဇနောဆိုတာက ကိလေသာပေါတာ....( မှန်ပါ့ဘုရား ) အကြားအမြင်ကလဲမရှိ ကိလေသာကလဲပေါ....ဆိုတော့ ဦးမြ မောင် သွားရောပေါ့ဗျာ....(မှန်ပါ့)။

အကြားအမြင်ကလဲမရှိ၊ ကိလေသာကလဲပေါ.... နော်.... ( မှန်ပါ့ ) ဒါ....ဘာခေါ်ကြမယ်....(အသုတဝါ ပုထုဇ္ဇနော ပါဘုရား)။

ဒါ ကလေး မှတ်ထားပါ.... တဲ့....၊ အသုတဝါ ပုထုဇ္ဇနော ဆိုတာက သစ္စာ... ဆိုတဲ့ စကားကိုလဲ အကြား အမြင်မရှိ ဘူး... (မှန်ပါ့)ပုထုဇ္ဇနောဆိုတာက ကိလေသာပေါတာဆိုတော့ ကို ဒီ....တကာတကာမတွေ့ဘဲစဉ်းစားကြည့်ပါတဲ့...."အသုတဝါ ပုထုဇ္ဇနော" သံသရာ၏ ရေသောက်မြစ် တည်ထောင်တဲ့ ပုဂ္ဂိုလ် ဘဲလို့ဆိုယင် လွဲပါ့မလား.... (မလွဲပါဘုရား)။

မလွဲပါဘူးတဲ့၊ ဒါကြောင့် အသုတဝါပုထုဇ္ဇနော သံသရာ၏ ရေသောက်မြစ် ပုဂ္ဂိုလ်လို့ဆိုပါတယ်။

"အသုတဝါ ပုထုဇ္ဇနော...."သည် ဘာဆိုပါလိမ့်....(သံသရာ၏ရေသောက်မြစ်ကို ဆိုပါတယ်ဘုရား) သံသရာ၏ ရေသောက်မြစ်နော်....(မှန်ပါ)။

အသုတဝါ ဆိုတာက အကြားမြင်မရှိဘူး၊ဘယ်သူ့အပေါ်မှာ အကြား အမြင်မရှိသလဲလို့ မေးတော့မှ တကာ တကာမတွေ မှတ်လိုက်ပါတဲ့၊ သစ္စာအပေါ်မှာ အကြားအမြင်မရှိဘူး....(မှန်ပါ)။

ဘယ့်နှယ်ကြောင့် သူ.... အကြားအမြင်မရှိပါလိမ့်မသဲလို့ မေးတဲ့အခါကျတော့မှ ပုထုဇ္ဇနောဖြစ်လို့၊ ပုထုဇ္ဇနောဆိုတာက ကိစ္စကို မပြီးအောင် အလုပ်ရှုပ်နေတာဟာ ပုထုဇ္ဇနောဘဲ....(မှန်ပါ)။

လောကီကိစ္စတွေ ပေါလွန်းလို့ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ဂုဏ်ယူတာ ကိလေသာ ပေါလွန်းလို့လို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)။

မအားဘူး၊ ဒီ....ဟာက တန်းလန်း ဟိုဟာက မပြီးပြတ်သေးဘူး၊ ကိလေသာက ပြောတဲ့စကားတွေ....(မှန်ပါ)။

အဲဒီတော့ အသုတဝါလဲ သစ္စာမသိတာ၊ ပုထုဇ္ဇနော....က ဟိုကိစ္စ ဒီကိစ္စ ပေါတာ....(မှန်ပါ) အဲဒီတော့ ပေါင်းလိုက်တဲ့ အခါကျတော့ကို သစ္စာကို အကြားအမြင် မရှိဘဲနဲ့ ကိလေသာ ပေါတဲ့ ပုဂ္ဂိုလ်ဟာ သံသရာ့ ရေသောက်မြစ်ကွ.... (မှန်ပါဘုရား)။

ဘယ်လောက် နစ်နာသလဲ....(မှန်ပါ) မနစ်နာဘူးလား....(နစ်နာပါတယ်ဘုရား) ခင်ဗျားတို့က"အသုတဝါ ပုထုဇ္ဇနော"

ဆိုတော့ မောင်ချစ်စိန်တို့က စကားကလေးက တိုနေတော့ သာမည အဓိပ္ပါယ်မှတ်နေတယ်.... (မှန်ပါ့)။

သေသေချာချာ ဆရာဘုန်းကြီးက ဘုရားသခင် ကိုယ်တော်မြတ်ကြီး အလိုတော်ကျ အမှန်ကိုပြောလိုက်တော့ အသုတဝါက သစ္စာလေးပါးမသိတာ.... (မှန်ပါ့)ပုထုဇ္ဇနော က ကိလေသာ ပေါတာ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

အသုတဝါက.... (အကြားအမြင် နည်းတာပါဘုရား) ဘယ်အပေါ်မှာ နည်းတာလဲ....(သစ္စာလေးပါး အပေါ်မှာ အကြားအမြင် နည်းတာပါဘုရား) သစ္စာလေးပါးအပေါ် အကြားအမြင် နည်းတယ်....(မှန်ပါ့)။

ပုထုဇ္ဇနော က ဘာတုံး....( ကိလေသာ ပေါတာပါဘုရား ) ကိလေသာပေါတာ ဦးကျော်မောင်.... (မှန်ပါ့ဘုရား) ဒါဖြင့် သစ္စာလဲမသိ၊ ကိလေသာကလဲပေါ....ဆိုတော့ ဒီပုဂ္ဂိုလ်ဟာ သံသရာ့ ရေသောက်မြစ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဦးဘသန်းကြီး.... ( ရှင်းပါပြီဘုရား ) သစ္စာအပေါ်လဲ.... အကြားအမြင်မရှိဘူး၊ ကိလေသာကလဲပေါ၊ အဲဒါ "အသုတဝါ ပုထုဇ္ဇနော...."ဘဲ....(မှန်ပါ့) အိမ်မာလေး.... ခင်ဗျားတို့ ဂုဏ်ယူနေတာ သိပ်ကြောက်စရာ ကောင်းပါကလား.... ( မှန်လှပါ ဘုရား)။

တရားအားထုတ်တာဘုရား မနည်းလာခဲ့ရတယ်ဘုရာ့၊ကြံဖန်ပြီးတော့ကို မနည်းဒီအချိန်ကလေးမိအောင် မနည်းလာခဲ့ရတယ် ဘုရာ့နဲ့ မောင်သစ်တို့.... (ပြောခဲ့ပါတယ်ဘုရား)။

အတော်ကလေးကို မင်းတို့ဘဲ ပူဇော်ရဦးတော့ မလိုလို.... (မှန်ပါ့) ပြောနေလိုက်တာ အပြီးသတ်တော့ ကိလေသာ ပေါ လွန်းလို့....(မှန်ပါ့ဘုရား)။

ဟိုဟာကလေးကမပြီး၊ ဒီဟာကလေးကမပြီး၊ ရစရာကတန်းလန်း ယူစရာက တန်းလန်း၊ မျက်နှာ မပျက်ချင်တာကတဖုံ.... (မှန်ပါ့) ကိလေသာကပေါတော့ ဒါ.. ရလမ်းကို ရှာတာဘဲ ... (မှန်ပါ့)။

ဒါဖြင့် ကိလေသာ ပေါ....မပေါကော.... သေချာပလား (သေချာပါပြီဘုရား)။

ဒါဖြင့် အလုပ်ကြီးလေလေ ခင်ဗျားတို့ ဘယ့်နှယ်ဆိုကြမလဲ (ကိလေသာ ပေါလေလေပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ကတော့ အလုပ်မကြီးမှာဘဲ စိုးရိမ်နေတယ်.... (မှန်ပါ့)အလုပ်သေးယင် မစားလောက်ဘူး၊အလုပ်ကြီးမှ၊ငွေငွေချင်းရှာမှ....တဲ့၊ အံမာလေး အသားယူနေလိုက်တာ.... (မှန်ပါ့ဘုရား)။

ဦးဘသော်ကြီးတို့ အသားယူနေလိုက်တာဟင်.... ( မှန်ပါ့ဘုရား)။

ဒီအချိန်ကျအောင်ဘဲ အလုပ်တွေ ဘယ်သူတွေရှုပ်နေတာကို ဘာပေါတယ်လို့ ဆိုကြမလဲ.... ( ကိလေသာ ပေါပါတယ်ဘုရား)။

ကိလေသာပေါတော့ မင်းတို့ခန္ဓာကိုယ်မှာ သစ္စာတွေ ခန္ဓာက ပြောပြီးသကာလနေငြားသော်လဲ မောင်ချစ်စိန် သိသေးရဲ့လား....(မသိပါဘုရား)။

ဒါဖြင့် မိမိခန္ဓာကိုယ်မှာ သစ္စာတွေက ပြောပြောသော်လဲ မသိတာက အသုတဝါ... နော်.... (မှန်ပါ) အလုပ်တွေ ပေါ့ လွန်းလို့ ဒီသစ္စာကို မတွေးနိုင်တာ တွေးလုံးကို မထုတ်နိုင်တာ ကလဲ ဘာပေါလို့လဲ.... (ကိလေသာ ပေါလို့ပါဘုရား)။

ဟာ.. ခင်ဗျားတို့ ဥစ္စာက ကြာလေ.... အရုပ်ဆိုးလေပါ လား....(မှန်ပါ) ဘယ့်နှယ်နေကြသတုံး.... ( ကြာလေ အရုပ် ဆိုးလေပါဘုရား )။

အဲဒါ ဘုန်းကြီးတို့ တကာတကာမတွေက မနည်းရုန်းထွက် ခဲ့ရတယ်။ ကိုယ်အရေးကိုယ်တာ ဒါကလေးလုပ်ဘို့ရာ ဟာ.... ဘာဖြစ်လို့ ဒါလောက် မနည်းရုန်းရတာတုံး... ဆိုတော့ အို.... ကိလေသာက ပေါလွန်းလို့ ဟိုဟာလဲ မပြတ်၊ ဒီဟာလဲမစဲ၊ ဒါကြောင့် ကိလေသာပေါလွန်းလို့ သူ....ဒီစကားသုံးနေတာ (မှန်ပါ) ရိပ်မိပလား....( ရိပ်မိပါပြီ)။

ဦးကျော်မောင်ကြီးသုံးမိသေးသလား-(သုံးမိပါတယ်ဘုရား) ဟာ... ခင်ဗျား ဘယ်လိုလူမို့ပါလိမ့်.... (ကိုလေသာပေါလို့ပါ ဘုရား) သွားပြီ၊ မောင်သစ်.... သွားပြီကောကွ.. (မှန်လှပါ ဘုရား)။

ကိလေသာ ပေါလို့ဆိုတာ ဦးမြမောင် သေချာပလား.... (သေချာပါပြီဘုရား)။

အသုတဝါ... ဆိုတဲ့ ဥစ္စာလဲ ကိုယ့်ခန္ဓာထဲမှာ သစ္စာတွေက ဒုက္ခသစ္စာတွေက များလိုက်တဲ့ဖြစ်ခြင်း၊ တွေးလုံးကိုမရဘူး.... (မှန်ပါ) အသုတဝါကလဲ အကြားအမြင်မရှိတော့ ဆရာ သမားနဲ့မတွေ့တော့ ဒုက္ခသစ္စာ လက်ရှိကြီးကိုသဲ နာမှု ကျင်မှု ကိုက်မှုခဲမှု အလိုမကျမှု ဒုက္ခတွေသာ တွေ့တော့တာကိုး ...

(မှန်ပါ) စင်စစ် ပကတိဒုက္ခ သဘာဝဒုက္ခတွေ တွေ့သေးရဲ့လား....(မတွေ့ပါဘုရား)။

အဲဒါက ဘာဖြစ်နေလို့တုံးကွ .. ပြောစမ်းပါဦး ... (ကိလေသာထူလို့ပါဘုရား) အသုတဝါ... (မှန်ပါ အသုတဝါပါဘုရား) အသုတဝါ ပုထုဇ္ဇနော ဖြစ်နေလို့.... (မှန်ပါ)အကြား အမြင်ကမရှိတော့ ဒုက္ခရောက်လျက်နဲ့ ကိလေသာက ပေါ်နေတော့ ဒုက္ခလဲ ဒုက္ခမှန်းမသိဘူး၊ကိလေသာနောက်သာ လိုက်နေတော့တာဘဲ ...(မှန်ပါ) ဘယ့်နှယ်တုံး.... ခင်ဗျားတို့ လူစုတွေ အရုပ်ဆိုး တန်းကုန်နေပါပေါ့လား (မှန်ပါ)။

ဘယ့်နှယ်ဆိုမတုံး.... ဦးဘသော်ကြီး....(အရုပ်ဆိုးတန်းကုန်နေပါဘယ်ဘုရား)အရုပ်ဆိုးတန်းကုန်နေပြီဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အံမာလေး အရုပ်ဆိုး တန်းကုန်နေပြီဆိုတဲ့ဥစ္စာ တကာ တကာမတွေ နည်းနည်းကလေးမှ ဒီဥစ္စာ ဆရာဘုန်းကြီးကဟာ .. ဦးမြမောင် ခင်ဗျားဒီဥစ္စာ လွှတ်လပ်ရေးရတာ၊ ခင်ဗျားတို့ အလုပ်တွေကတော့ကို အကြား အမြင်မရှိအောင် နေ့တိုင်းနေတဲ့အလုပ်၊ ကိလေသာတောထတဲ့အလုပ်၊ အဲဒါ သံသရာရှည်မည့်အလုပ်တွေ အိုဘေး နာဘေး သေဘေးတွေ သူများပါးစပ်ထဲ လမ်းဆုံးရမည့် အရေးတွေကို ခင်ဗျားတို့က မအားလို့ မအားလို့တော့လုပ်မနေနဲ့၊ မပြောထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား)။

ကဲ....သံသရာရှည်တဲ့ လက်သည် တွေ့ပလား ... (တွေ့ပါပြီဘုရား) "အသုတဝါ ပုထုဇ္ဇနော"ဖြစ်နေလို့....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီ)။

သံသရာ ဘယ့်နှယ်ကြောင့်ရှည်.... (အသုတဝါ ပုထုဇ္ဇနော ဖြစ်နေလို့ပါဘုရား) "အသုတဝါ ပုထုဇ္ဇနော" အဲဒါများ မောင်သစ်တို့ လူစုတွေက ဒီ... တလုံး သဘောကျလို့ရှိယင် ဘုန်းကြီးက အတော်ကျေနပ်ပြီ....(မှန်ပါ)။

ခန္ဓာက သစ္စာတွေ ပြောသွားတာ တွေးမိကြရဲ့လား.... (မတွေးမိပါဘုရား) ပုထုဇ္ဇနောကိုးဗျ.... ကိလေသာကလဲ ပေါ တော့ ကိလေသာနောက်က ရစရာ ယူစရာ ပေးစရာ ကမ်းစရာ တွေများနေတဲ့အတွက် မထွက်နိုင်တာကလဲ ပုထုဇ္ဇနော ဖြစ်နေ တယ်....(မှန်ပါ)။

အသုတဝါကလဲ သစ္စာတွေ ပြောငြားသော်လဲ မကြားဘူးတဲ့ (မှန်ပါ) ကြားဘူးနားဝမရှိဘူးတဲ့၊ ခန္ဓာက ပြောတာတောင် ကြားဘူးနားဝ မရှိဘူးတဲ့....(မှန်ပါ) ကပ်ပြောနေတာ·(မှန်ပါ ဘုရား)။

အဝေးကပြောတာလား.... ကပ်ပြောနေတာလား(ကပ်ပြော နေတာပါဘုရား) ကပ်ပြောနေတာတောင် ဘာတဲ့တုံး·(မသိပါ ဘုရား) ကဲ....ဟုတ်ပလား - (ဟုတ်ပါတယ်ဘုရား)။

အသုတဝါဆိုတာ နည်းနည်းမှ မကြားဘူးတဲ့ ခန္ဓာကပြော နေတာ....(မှန်ပါ) အဝေးနေတာလား ... အတူနေတာလား.... (အတူနေတာပါဘုရား)။

ဘုန်းကြီးက ပြောတာများ ကြားမှကြားပါ့မလား၊ အတူ နေကတောင် ပြောလို့မကြားတာ... (မှန်ပါဘုရား) ဒါလောက် ထိအောင် အရှုပ်ဆိုးနေတယ်ဆိုတာ မောင်သစ် ပေါ်ပလားကွ (ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် အသုတဝါဆိုတဲ့ ဥစ္စာ အကြားအမြင် မရှိဘူး ဆိုတာ ခန္ဓာကပြောတာကို မကြားတာ....(မှန်ပါ) ဟသ်ာတက တကာမကြီး ဘယ်သူက ပြောတာ မကြားတာတုံး....(ခန္ဓာက ပြောတာ မကြားတာပါဘုရား)။

ဦးမြမောင်ဆိုးလှချည့်လား.... ( မှန်ပါ ) ခန္ဓာ ဒုက္ခသစ္စာ ကြီးကလဲ ဒါဘဲ၊ ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ တခါတည်းဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်ပြောတာဘဲဗျ၊ အချိန်ရွေး သေးသလား....( မရွေးပါဘုရား )ကြားရဲ့လား.... (မကြားပါ ဘုရား)နိုးလွန်းလို့ ထင်ပါရဲ့.... ဟင်....ဝေးယင်တော့ သွားပြီ၊ ကပ်ပြောတာတောင် ဘယ့်နှယ် နေသတုံး....။

ကပ်ပြောတာတောင် မကြားရဘူးဆိုတော့ ဝေးနေယင်ဖြင့် သွားပြီ ဦးစံဖေ....(မှန်ပါဘုရား) မသွားသေးဘူးလား....(သွား ပါပြီဘုရား)။

ဦးဘသန်းကြီး သဘောကျပလား....( ကျပါပြီ ) ဒါဖြင့် သံသရာရှည်တာ ဘယ်အဖြစ် ရောက်နေသတုံးဆိုတော့ "အသုတ ဝါ ပုထုဇ္ဇနော" ဖြစ်နေလို့....(မှန်ပါ) အခုမှ လက်သည် တွေ့ တယ်ကွ....(မှန်ပါ)။

သံသရာရှည်တာ ဘယ့်နှယ်ကြောင့်-(အသုတဝါ ပုထုဇ္ဇနော ဖြစ်နေလို့ပါဘုရား) ခန္ဓာက ပြောတာ မကြား၊ ကိလေသာက ပေါများ....ဟင်....(မှန်ပါ) ခန္ဓာက ပြောတာကော....(မကြား ပါဘုရား)ကိလေသာကကော....(ပေါများပါတယ် ဘုရား)။

အံ့မာလေး....တကာတကာမတွေ့ တရားဟောချင်စရာတောင် နည်းနည်းတကွက်မှ မရှိဘူး....( မှန်ပါ ) ခန္ဓာပြောတာတောင်

မကြားဘူးဆိုတော့ ဘုန်းကြီးက ပါးစပ်ကလေးနဲ့ ထုတ်ပြော နေတာများ ဝေးပါသေးရဲ့....ဟင်....(မှန်ပါ့)။

ခန္ဓာက တခါတည်း ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ ဒုက္ခသစ္စာတွေက တခါတည်း ရုပ်တွေက လဲပြလိုက်-သေပြလိုက်၊ နာမ်တွေကလဲ လဲပြီး သေပြလိုက်၊ ဦးဘသန်းကြီး မပြဘူးလား.... (ပြပါတယ် ဘုရား)ကြားရဲ့လား....(မကြားပါဘုရား)။

အင်း....ဘာဖြစ်လို့တုံး....အသုတဝါ=အကြားအမြင် မရှိဘဲ ကိုး၊ ကြားတတ်တဲ့နား မပါဘူးတဲ့....(မှန်ပါ့) ဉာဏ်နား မပါ ဘူးတဲ့....(မှန်ပါ့)။

ပကတိနားတော့ ပါတယ်၊ဉာဏ်နား မပါဘူးတဲ့....(မှန်ပါ့) အတော်ဆိုးနေပါကလား....(ဆိုးပါတယ်ဘုရား) ဟော့....မောင် ချစ်စိန် လွန်ကုန်ပြီကွ....(မှန်ပါ့)မလွန်သေးဘူးလား....(လွန်ပါ တယ်ဘုရား)။

ဒါဖြင့် သံသရာထဲမှာ သံသရာရှည်နေတဲ့ ပုဂ္ဂိုလ်များ ဘာ့ကြောင့်ပါလိမ့်မတုံးဆိုတော့ "အသုတဝါ ပုထုဇ္ဇနော"ဖြစ် နေလို့....(မှန်ပါ့) ဦးကျော်မောင် ဘယ်လိုကြောင့်ပါလိမ့်.... (အသုတဝါ ပုထုဇ္ဇနော ဖြစ်နေလို့ပါဘုရား)ခန္ဓာက ပြောတာ လဲ မကြား၊ ကိလေသာကလဲ ပေါများ....(မှန်ပါ့ဘုရား)။

ခန္ဓာက ပြောတာလဲ....(မကြားပါဘုရား)ကိလေသာကလဲ- (ပေါများပါတယ်ဘုရား)အဲဒါ ဘာခေါ်ကြမယ်....(အသုတဝါ ပုထုဇ္ဇနောပါဘုရား) အံမာလေး....သေသေချာချာ စဉ်းစား တော့မှ ဦးဘသန်းကြီးရေ....ကိုယ့်အဖြစ်က ဆိုးလိုက်တာ.... (မှန်ပါ့) မောင်သစ်....ဘယ့်နှယ်နေသတုံးကွ.... (ကိုယ့်အဖြစ်

ဆိုးပါတယ်ဘုရား)မနည်း ရှန်းခဲ့ရတယ်များ ပြောသေး မင်းတို့က....(မှန်ပါ့ဘုရား)။

မနည်း ရှန်းခဲ့တယ်လို့များ ပြောသေးတယ်၊ ဟ.... ဘာတွေ ရှန်းခဲ့တာတုံးကွ....၊ ပြောစမ်းပါ၊ မင်းတို့အပေါ်လဲ ငါ့လဲ တကုံးမှ မမြင်ပါကလားဆိုတော့ အို....အရှင်ဘုရား....ကိလေသာ က ဘယ်ဟာမှ ဖြတ်လို့ မရဘူးဘုရား၊ ပေးစရာရှိတဲ့ဆီလဲ မျက်နှာပျက်မှာစိုးလို့ ပေးချင်တဲ့ ကိလေသာက ရှိတယ်ဘုရား-၊ ရချင်တဲ့ အခါလဲ ရတုန်းယူမှ ရတာဘုရာ့....၊ ပြီးတော့ အရှည် လဲ မျှော်ရသေးတယ်ဆိုတော့ ကိလေသာအရှည်ကြီးက မျှော် လိုက်ရသေးတာကိုး....(မှန်ပါ့ဘုရား

ဘာတွေ မျှော်နေတာတုံး....မောင်သစ်ရ .... (ကိလေသာတွေ မျှော်နေတာပါဘုရား) ကိလေသာ အဆက်မပြတ်အောင် ပေး စရာနဲ့ ယူစရာနဲ့ဟာ အဆက်မပြတ် လည်နေအောင်....(မှန်ပါ့) ဒါတော့ ကိလေသာ ပေါ-မပေါ ပြောဘို့ လိုသေးသလား.... (မလိုပါဘုရား)။

တခါပေး....ရော့....အင့်.... ဖတော်ရော့ကွာလို့....ဒီက တော် ပလား....(မတော်ပါ)မတော်ယင် အဆက်ပြတ်သွား ခက်ချီရဲ့ ဆိုပြီးတော့ ဆောင်ပေးရတာက တမျိုး အပို့ပေးရတာက တမျိုး ဟုတ်လား....(မှန်ပါ) ငွေမျှောထားလိုက်တာက....(တမျိုးပါ) ဘာဖြစ်တာတွေတုံးကွ ပြောစမ်းပါဦး....( ကိလေသာ အဆက် ပြတ်မှာ စိုးလို့ပါဘုရား)။

ကိလေသာ အဆက်ပြတ်မှာစိုးလို့ဆိုတော့ .... ကိလေသာ ကိုယ်က ပေါလွန်းလို့....(မှန်ပါ့) တင်းမတိမ်နိုင်လို့ လုပ်ရတဲ့

အလုပ်တွေဆိုတာ ဦးဘသန်းကြီး ရိပ်မိပလား....( ရိပ်မိပါပြီ ဘုရား )။

ဒါဖြင့် အဲဒီလောက် ခန္ဓာတည်းဟူသော တရားက ဒုက္ခသစ္စာတွေ....ဒုက္ခသစ္စာတွေနဲ့ ခန္ဓာကိုယ်ကြီးက ပူပြလိုက်၊ အိုက်ပြလိုက်၊ ဖေါက်ပြန်ပြလိုက်၊ ပျက်စီးပြလိုက်၊ အိုပြလိုက်၊ နာပြလိုက်၊ သေပြလိုက်၊ ကျင်ကြီး-ကျင်ငယ် စွန့်ချင်တယ်လို့ ပြောပြလိုက် ကြားဘူးသလား....(မကြားဘူးပါဘုရား)။

မကြားဘူးတာ ထုံးစံအလုပ်တွေ။ ဒုက္ခသစ္စာ မဟုတ်ဘူး....(မှန်ပါ့)ဘယ်လိုဖြစ်နေသတုံး....( ထုံးစံအလုပ်တွေပါ ) ထုံးစံအလုပ်တွေထဲ သွင်းပစ်လိုက်တယ်၊ ဒုက္ခသစ္စာရယ်လို့ ဉာဏ်ထဲမှာ ထင်သေးရဲ့လား....(မထင်မိပါဘုရား)။

ဒါဘာဖြစ်နေတာတုံးဆိုတော့ အသုတဝါ....(မှန်ပါ့)ဟာ--ဖြစ်မှာဘဲ ဦးမြမောင်.... မောင်ချစ်စိန်ရ....အသုတဝါ ဖြစ်မှာဘဲ ပုထုဇ္ဇနော ကိလေသာက ပေါနေတော့ ဒါတွေ ဂရုမစိုက်နိုင်ဘူး....(မှန်ပါ့)ကိလေသာ အလိုသာ လိုက်နေရတယ်....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သံသရာရှည်ရတာသည် ဘယ်အဖြစ်နဲ့ ကြုံလို့ပါလိမ့်မတုံး....(အသုတဝါ ပုထုဇ္ဇနောဖြစ်နေလို့ပါဘုရား)။

ကဲ....မောင်သစ် လက်သည်တွေ့ပြီ....( တွေ့ပါပြီ ဘုရား ) လက်သည် သေသေချာချာ မိပြီ....(မှန်ပါ့)လက်သည် သေသေချာချာမိပြီ ဦးဘသန်းကြီး....(မှန်ပါ့) ဦးဘသော်တို့ မမိသေးဘူးလား....(မိပါပြီဘုရား)ခင်ဗျား ဘာဖြစ်နေတာတုံး....(အသုတဝါ ပုထုဇ္ဇနော ဖြစ်နေပါတယ်ဘုရား)။

အသုတဝါက ခန္ဓာက ဒုက္ခသစ္စာ ပြောငြားသော်လဲ မကြား ဘူး....(မှန်ပါ) အသုတဝါဆိုတာက ဘာတဲ့....(ခန္ဓာက ဒုက္ခ သစ္စာပြောနေတာ မကြားပါဘုရား)မကြားဘူး၊ သုတက ကြား တာ၊ ခန္ဓာက ဒုက္ခသစ္စာကို အချိန်တိုင်း ပြောနေတယ်၊ကြားရဲ့ လား....(မကြားပါဘုရား)။

အဲဒါ ဘာဆိုကြမယ်....(အသုတဝါ ပုထုဇ္ဇနော ပါ ဘုရား) အသုတဝါတွင် ဆိုလိုက်ပါဦး....(မှန်ပါ)အသုတဝါတွင် ဆိုလိုက် ပါဦး၊ ကိစ္စတွေက များလွန်းလို့ ဆိုတာက.... (ပုထုဇ္ဇနော ပါ) ပုထုဇ္ဇနော....(မှန်ပါ)။

ဘာကိစ္စတုံး မေးတော့ ကိလေသာကိစ္စတွေ....(မှန်ပါ ကိ လေသာ ကိစ္စတွေပါဘုရား) ဘာကိစ္စတုံး မေးတော့ ဦးကျော် မောင်....(ကိလေသာကိစ္စတွေပါဘုရား)။

ဒါဖြင့် ခန္ဓာက ပြောလဲ မကြား၊ ဘယ်နှယ်ကြောင့်တုံး.... ကိလေသာက ပေါများလို့....(မှန်ပါ)ကိလေသာကလဲ မှောင်ချ တတ်တဲ့ သဘောကိုး ဗျ....( မှန်ပါ )ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် သံသရာရှည်တာသည် ဘယ်ထဲ ရောက်နေလို့တုံး ဆိုတာ ယနေ့ ပေါ်ပါပြီ....( ပေါ်ပါပြီဘုရား )ဘာတဲ့တုံး.... (အသုတဝါ ပုထုဇ္ဇနော ဖြစ်နေလို့ပါဘုရား)။

နို့.... ဘုရားတွေ ဂဂ်ါဝါဠု သဲစုမက ပွင့်သွားတာတွေ ကျုပ်တို့ ကျွတ်တမ်းမပါတာ ဘာကြောင့်တုံးဆိုတော့ ယနေ့ ပေါ်သွားပြီ....(မှန်ပါ)။

ဘာတဲ့တုံး....( အသုတဝါ ပုထုဇ္ဇနော ဖြစ်နေလို့ပါဘုရား ) "အသုတဝါ ပုထုဇ္ဇနော"ဖြစ်နေလို့-(မှန်ပါ)ကဲ....မောင်သစ်ရေ

နေရာကျပြီ....(မှန်ပါ့)မောင်ချစ်စိန်....နေရာမကျသေးဘူးလား--(နေရာကျပါပြီဘုရား)။

အခု တကာတကာမတွေ ဒီ လာပြီးသကာလ ကိလေသာ အနားယူနေရတာ....(မှန်ပါ့) ကိလေသာကိစ္စတွေကို အနားယူနေတာ....(မှန်ပါ့)။

ကိလေသာကိစ္စတွေကို အနားယူပြီးသကာလ နေတော့....ဪ....ဒီဟာ ပုထုဇ္ဇနော အဖြစ်မှတော့ ခေတ္တ လွတ်နေတာ....( မှန်ပါ့ )။

သို့သော်....ခန္ဓာက ပြောတိုင်း မကြားသေးဘူး .... (မှန်ပါ့) အသုတဝါ ဖြစ်နေသေးတယ်....( မှန်ပါ့ )ခန္ဓာက ပြောတိုင်း ကြားရဲ့လား....(မကြားသေးပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့ အလုပ်ဟာက သံသရာအစ "အသုတဝါ ပုထုဇ္ဇနော"က-လို့မှတ်....(မှန်ပါ့) သံသရာအစ....(အသုတဝါ ပုထုဇ္ဇနောက-ပါဘုရား)။

အဲဒီတော့ ဘုရားတွေက ပွင့်ပြီးသကာလ သုတရှိအောင် ဆိုပြီး တရားစည်ကြီးတွေနဲ့ ရိုက်တီးလိုက်တာ အကနိဋ္ဌဗြဟ္မာ့ပြည်က-တောင် ကြားတယ်၊ ကျုပ်တို့ မကြားဘူးဗျ....(မှန်ပါ့)။

ခန္ဓာက ပြောတာမှ မကြားဘဲ၊ တရားစည်ကြီး ဘေးက ရိုက်နေတာ ဘယ်ကလာ ကြားမှာတုံး....(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ခန္ဓာက ပြောတာတောင် မကြားပါဘူးဆိုနေမှကွာ....ဟင်--(မှန်ပါ့)ခန္ဓာက အိုပြလိုက်၊သေပြလိုက်၊ သူက သေပြလိုက်၊ကိုယ်က မကြားဘူး၊ သူသာ သေ, ငါမသေထဲကဘဲ....( မှန်ပါ့ ) တိရစ္ဆာန်ဖြစ်နေတာ....(မှန်ပါ့)။

တိရစ္ဆာန်တကောင် ဟိုနွားက အတောင်ကလေး ယက်ယက် ယက်ယက်နဲ့ ငှက်ကလေးတကောင်က သေတယ်၊ ဟို-တိရစ္ဆာန် က အစားမှ မပျက်ဘဲကိုး....(မှန်ပါ့) ပျက်သလား....(မပျက်ပါ ဘုရား)။

ဒီမှာလဲ တကာတကာမတွေက ဝေးတဲ့ ပုဂ္ဂိုလ်များ သေတဲ့ အခါကျလို့ရှိယင် ကိုယ့်မှာ ထမင်းစားများ ပျက်ကြသေး သလား....(မပျက်ပါဘုရား)အင်း....တိရစ္ဆာန်တွေလို ဖြစ်နေတာ ကိုး....(မှန်ပါ့)။

မရဏ ဒုက္ခသစ္စာ ဟောငြားသော်လဲ ဩော်....ဒီ မရဏ လွတ်အောင် ရှန်းမှဘဲ၊ ကြောက်စရာကြီးပါလား... လန့်စရာကြီး ပါကလား ဆိုပြီး ထမင်းစာ, ဟင်းစားများ ပျက်ကြရဲ့လား.... (မပျက်ပါဘုရား)။

အသုတဝါမို့ ကြားမှ မကြားဘဲ....(မှန်ပါ့)ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဦးဘသန်းကြီး ဘာတဲ့....( အသုတဝါ ဖြစ်နေပါတယ် ) ကြားကို မကြားဘူးဗျ၊ သူသာ ဖြစ်တယ်၊ငါ ဖြစ်မှာမှမဟုတ်ဘဲ ကိုး....တဲ့....(မှန်ပါ့)။

တကယ်လို့ နီးစပ်တဲ့ အထဲက ဖြစ်သွားပြန်တော့လဲ အင်း.... ခဏဘဲ....(မှန်ပါ့) အေး....ဒါချည့် လုပ်နေလို့ မဖြစ်သေးဘူး၊ စားဘို့, သောက်ဘို့ကလဲ အရေးကြီးသေးတယ်ဆို ကိုလေသာက နှိုးဆော်သွားတာနဲ့ အကုန် မေ့ပြန်တာဘဲ....(မှန်ပါ့)မမေ့ဘူး လား....(မေ့ပါတယ်ဘုရား)။

အဲဒီ ကတည်းက ကြားတယ်လို့ ဆိုလို့ ရသေးရဲ့လား....

(ဆိုလို့မရပါဘုရား) ဘာထဲ ဝင်သွားပါလိမ့်....(အသုတာဝါထဲ ဝင်သွားပါတယ် ဘုရား)။

ဦးမြမောင်တို့ အလွန် ဆိုးနေပါပေါ့လား....( မှန်ပါ့ ) နောက်က ဟာသာတက တကာမကြီး အတော်ဆိုးနေတယ် .... (မှန်ပါ့)မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ဦးကျော်မောင်ကြီးတို့များ ခေါင်းသာဖြူတယ်၊ အသုတာဝါ ရှိသေးတယ်....(ရှိပါတယ်ဘုရား) ဘယ်လောက်မျှား ဆိုးသလဲ မောင်သစ်....(မှန်ပါ့ဘုရား)။

ခေါင်းသာ ဖြူနေတယ်ကွ....အသုတာဝါတဲ့ .... ( မှန်ပါ့ ) ပုထုဇ္ဇနော ဇာတ်သိမ်းပြီလားလို့ မေးတော့လဲ မနည်း ရှင်းလင်းပြီး လာခဲ့ရတယ်ဘုရာ့....ဘယ်လို လုပ်ရစ်ဟေ့....၊ ဘယ်လို ကိုင်ရစ်ဟေ့....၊ ဘယ်လို ပြောရစ်ဟေ့....၊ ဘယ်သူ့ကို ဘယ်လို ဆိုရစ်ဟေ့....ဆိုပြီးသကာလ ကိလေသာ တန်းလန်းနဲ့ ထွက်ခဲ့ရ တာကွ....( မှန်ပါ့ )။

မောင်သစ်....မင်း ဈေးက ထွက်လာတာ ဘယ်လိုပါလိမ့်.... (ကိလေသာ တန်းလန်းနဲ့ ထွက်ခဲ့ရပါတယ်ဘုရား)။

ဒါဖြင့် မင်းတို့ဟာ ခုန္ဓက ပြောတာ မကြားတာ ဘာဆို ကြမယ်....(အသုတာဝါပ ဘုရား) အင်း....ကိစ္စတွေ တန်းလန်းနဲ့ မပြီး-မပြတ်နဲ့ နေရတာက....( ပုထုဇ္ဇနောပါဘုရား ) အခုမှ ပေါ်ပေတော့တယ်၊ မပေါ်သေးဘူးလား .... ( ပေါ်ပါတယ် ဘုရား)။

ကဲ....ဦးမြမောင်က ရှေ့နေဘဲဗျာ--လုပ်ပေတော့၊အသုတာဝါ နဲ့ ပုထုဇ္ဇနော ပေါင်းလိုက်တော့ကို....(မှန်ပါ့ နေရာကျပလား-- ဦးဘာသန်းကော....(မှန်ပါ့)။

အသုတဝါက ခန္ဓာက ပြောတာ မကြားတာနော်-(မှန်ပါ့) ဘယ်ခန္ဓာက ပြောပြော မကြားဘူး၊ ဟိုခန္ဓာတွေက အိုပြုလိုက်၊ နာပြုလိုက်၊ သေပြုလိုက်၊ ဘေးခန္ဓာတွေကလေ....(မှန်ပါ့) ကိုယ့်ခန္ဓာကလဲ ခဏ-ခဏ ဒုက္ခရောက်တာတွေ ပြောမနေဘူးလား.... (ပြောနေပါတယ်ဘုရား)ကြားရဲ့လား....( မကြားပါဘုရား )။

ခက်ပြီ....ခက်ပြီဗျ....ဦးဘသန်းရ -- ( မှန်ပါ့ )မခက်သေးဘူးလား....(ခက်ပါပြီဘုရား) ဟာ....ဘယ့်နှယ်ကြောင့် မကြားပါလိမ့်မတုံးဆိုတော့ ပုထုဇ္ဇနော ဖြစ်နေလို့ပါဘုရာ့ .... ဟင် .... (မှန်ပါ့)။

ပုထုဇ္ဇနောဖြစ်နေလို့ဆိုတာကော ရိပ်မိပလား... (ရိမိပါပြီ) နို့....ပုထုဇ္ဇနောဟာ ဘာပေါတာတုံးကွ....(ကိလေသာပေါတာပါဘုရား)။

ကိလေသာကိစ္စတွေက ပေါလွန်းလို့....၊ ရောင်းပြီး ဝယ်ချင်တယ်၊ ဝယ်ပြီးကော....( ရောင်းချင်ပါတယ်ဘုရား ) ရောင်းပြီးပြန်တော့ကော....(ဝယ်ချင်ပါတယ်ဘုရား)။

ကြောက်စရာကြီးပါလား ခင်ဗျားတို့ဥစ္စာကဟင်-ကိလေသာက ရပ်စဲတယ်လို့ ပါရဲ့လား ..(မပါ-ပါဘုရား)ဒါဖြင့် ခန္ဓာက ပြောတာ ကြားသေးရဲ့လား....(မကြားပါဘုရား)။

ခန္ဓာကပြောတာ မကြားခြင်းကြောင့် ကိုယ့်ကိုယ်-ကို နာမည်ပေးလိုက် ဘာတဲ့တုံး .. (အသုတဝါပါဘုရား)

ရောင်းပြီးဝယ်ချင်၊ ဝယ်ပြီးရောင်းချင်၊ သားတို့ သမီးတို့၊ ဆွေတို့မျိုးတို့အတွက်ကလဲ ပူရ ဆွေးရ ဝမ်းမြောက်ရတွေနဲ့ မအားတော့ဘူး၊ ဒါက ဘာဆိုမတုံး.... ( ပုထုဇ္ဇနောပါဘုရား )

ပေါင်းလိုက်တော့ဗျာ....(အသုတဝါ ပုထုဇ္ဇနော ပါ) သံသရာရှည်တာ သူဘဲ....(မှန်ပါ့ဘုရား)။

"အသုတဝါ ပုထုဇ္ဇနော"နဲ့ဘဲ ကျုပ်တို့ ဘုရားရှင်တွေက တရားစည်ကြီး ရိုက်တီးလိုက်တာဗျာ၊ အောက်မျှား တခါတလေ ဘုရားပွင့်မယ်ဆို အဝီစိငရဲတွေတောင် မီးခဏ ငြိမ်းတယ် .... (မှန်ပါ့) လောကန္တရိက်ငရဲကြီးဆိုတာ နေတွေ လတွေအရောင်တွေပေးတာမရောက်ဘူး၊ ဘုရားပွင့်တော်မူမလို့ ဆိုလို့ရှိယင် ဘုရားက နှလုံးသွင်းလိုက်တဲ့အခါ အရောင်တွေ အဲဒီရောက်သွားတယ်... (မှန်ပါ့ဘုရား)။

အကနိဋ္ဌဗြဟ္မာပြည်ကျအောင်လဲ တရားသံမျှားကြားတယ်၊ တရားမျှား ဟောလိုက်တဲ့အခါ.... (မှန်ပါ့) နာလိုတဲ့ပုဂ္ဂိုလ်ရှိယင် ကြားတယ်... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ကြားရဲ့လား .. (မကြားပါ) ဘာဖြစ်လို့တုံး.... ( အသုတဝါ ဖြစ်နေလို့ပါ ) အသုတဝါတဲ့၊ ဘယ်ဘုရားက အဝေးကြီးကနေ ဟောနေတာ တပည့်တော် ကပ်နေတဲ့ခန္ဓာက ဟောဘာတောင်ဘုရား... မကြားပါဘူး (မှန်ပါ့ဘုရား)။

ဘယ့်နှယ်တုံး ဦးဘသော်၊ ကပ်နေတဲ့ခန္ဓာက ဟောတာတောင်....(မကြားပါ) ခွဲနေသလား-အတူနေရသလား... (အတူနေရပါတယ်ဘုရား)အတူတူနေတာမှ မကြားတော့ ခွဲနေတာနဲ့ ထူးသေးရဲ့လား... (မထူးပါဘုရား)။

အံမာလေး....ကြောက်စရာကြီးပါကလား၊ မောင်သစ်၊ ရိပ်မိပလား....(ရိပ်မိပါပြီ)ဒါဖြင့် ဒီပုဂ္ဂိုလ်ဘာတွေ လုပ်နေသတုံးလို့ အသုတဝါ ပုထုဇ္ဇနောသမားကို ဘာတွေလုပ်နေသတုံးလို့မေးဘို့ မလိုတော့ဘူး၊ နိဗ္ဗာန်ဟူသရွှေနဲ့ လွဲဘို့အလုပ်ကို လုပ်နေတယ်....

(မှန်ပါ့) ချမ်းသာယူသရွေ့နဲ့ လွဲဘိုအလုပ်ကို ... (လုပ်နေပါတယ် ဘုရား)။

ပြီးတော့ ခင်ဗျားတို့က မိုးကြိုးပစ် ထန်းလက်ကာ အလုပ်တော့ လုပ်သေးတယ် .... ( မှန်ပါ့ ) မိုးကြိုးပစ် ထန်းလက်ကာဆိုတာ ဒီလိုကလေးလုပ်နေလို့ လှူရတာပေါ့ဘုရား· တန်းရတာပေါ့ဘုရား- ပေးရတာပေါ့ဘုရား... (မှန်ပါ့)။

မိုးကြိုးပစ်တော့....( ထန်းလက်ကာ ) သစ္စာမသိတဲ့ဥာဏ်.... (မှန်ပါ့) ဒါန သီလနဲ့ သွားပြီးဖုံးနေလိုက်သေးတယ်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးပြောတာ စကားမကြီးပါဘူး၊မိုးကြိုးပစ်ဘာ ထန်းလက်ကာလို့ လုံပါ့မလား....(မလုံပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဒါကလေး ဒီလိုဘဲ လျှောက်လွဲဆိုလွဲနဲ့ ဒီ့ပြင် ကုန်ကလေးကြောင့် တပည့်တော် ဦးမြမောင်တို့ လင်မယားက စားသောက်ပြီး လှူဘန်တာလှူ ပေးတန်တာပေးနေရတာဘုရားဆိုတော့ "အသုတဝါ ပုထုဇ္ဇနော" ဖြစ်နေတာ သူမသိဘူး.... (မှန်ပါဘုရား)။

ဘာဖြစ်နေသတုံး....(အသုတဝါ ပုထုဇ္ဇနော ဖြစ်နေပါတယ်ဘုရား) "အသုတဝါပုထုဇ္ဇနော" က နိဗ္ဗာန်ရောက်ဦးမှာလားကွ- (မရောက်ပါဘုရား)။

ပြီးတော့ ဒါကလေးကြောင့် လှူရ, တန်းရ, ပေးရ, ကမ်းရသေးတယ်လို့ ထန်းလက်ကာသေးတယ်....(မှန်ပါ့) ဟုဘ်ကြရဲ့လား....(မဟုတ်ပါဘုရား)။

ဘာဖြစ်နေတာတုံး၊ ကိုယ့်ဖြစ်စဉ်က ပြောပါဦး(အသုတဝေါ ဖြစ်နေပါတယ်) ခန္ဓာကပြောတာကို ကြားရဲ့လား.... (မကြား ပါဘုရား) စိုက်ကြည့်လဲ မမြင်၊ တကယ်ပြောလဲ မကြား.... (မကြားပါဘုရား)။

ဦးကျော်မောင်ရေ- ငါတို့ လူမဟုတ်ဘူးသာ ပြောတို့သာ လိုတော့တယ်....( မှန်ပါ့ ) ဘယ့်နှယ်ဆိုကြမလဲ.... (လူမဟုတ် ဘူးသာပြောတို့ လိုပါတယ်ဘုရား)။

ဒါဘုန်းကြီးက ဖေါ်ပြောလို့ ခင်ဗျားတို့ သြော်....“အသု တဝေါပုထုဇ္ဇနော”ဆိုတာ ဘုရားက ပုပ္ဖဝဂ်မှာ သေသေချာချာ ဟောတယ် ... ( မှန်ပါ့ )မင်း ဘယ်လိုဟောနေပေမဲ့ကွာ....တဲ့၊ သူ့ခန္ဓာက ဟောတာတောင် သူမကြားပါဘူးတဲ့ .... (မှန်ပါ့ ဘုရား)။

မင်းက တရားဟောကောင်းပါတယ်....တဲ့၊ ဘုန်းကြီးတို့ကို ဘုရားက ပြောပါတယ်၊ သို့သော် မင်းဘယ်လိုအပြောကောင်း ကောင်း သူ့ခန္ဓာက ပြောတာတွေက လက်တွေ့ကွ၊ အဲဒါကို မကြားတာကွ....(မှန်ပါ့ဘုရား)။

အံ့မာလေး....ကြောက်စရာကြီးပါကလား၊ ဘယ့်နှယ်ဆိုကြ မလဲ တကာတကာမတို့ ပြောကြစမ်းပါဦး .... (ကြောက်စရာ ကောင်းပါတယ်ဘုရား)။

ဒါခလောက် နားပင်းလုပ်နေတာဗျ....( မှန်ပါ့ ) ဦးဘသန်း ဘာလုပ်နေတာတုံး ခင်ဗျားဥစ္စာ .... (နားပင်း လုပ်နေတာပါ ဘုရား)ဝေးဝေးက ပြောတာလား- နီးနီးက ပြောတာလား .... (နီးနီးကပြောတာပါဘုရား)။

ဘယ့်နှယ်ကြောင့် မကြားပါလိမ့်မတုံး ဆိုလို့ ရှိတဲ့အခါ ကျလို့ရှိယင်ဖြင့် သူတော်ကောင်းနားကို ကပ်ခွင့်မရလို့ဟေ့.... (မှန်ပါ)"အရိယာနံ အဒဿာဝီ" အရိယာတို့ကို မမြင်ကြဘူးတဲ့၊ "အရိယဓမ္မဿ အကောဝိဒေါ" အရိယာတို့ဟောမည့် တရားကို အနားလဲမလာတော့ မကြားရရှာဘူးကွတဲ့ .. (မှန်ပါဘုရား )။

ဒါကြောင့် အရိယာတို့က လက်ညှိုးညွှန်ပြောမှ သူ့ခန္ဓာကို သူဉာဏ်နဲ့ကြည့်ရမှာကိုး .. (မှန်ပါ)အဲဒီ အရိယာနားကိုမကပ်နိုင်တော့ သူ "အဿုတဝါ ပုထုဇ္ဇနော"ဖြစ်နေတာဘဲ ... (မှန်လှပါဘုရား)။

အရိယာဆိုတာက တကယ့်ဘုရား, အရိယာကို ဆိုတာ မဟုတ်ဘူး၊ သစ္စာကိုပြောနိုင်တဲ့ဆရာသမားနား ကပ်နိုင်မှ ကိုယ့်ခန္ဓာကပြောတာ ကိုယ်ကြားမယ်... (မှန်ပါ)။

ဘယ်လောက် ကြောက်စရာ ကောင်းတယ်ဆိုတာ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် မောင်သစ်တို့ဈေးချို တချိုလုံးမှာ တနေ့လုံး အလုပ်လုပ်နေတဲ့ပုဂ္ဂိုလ်တွေ ဘာပုဂ္ဂိုလ်တွေတုန်းသာ ဆုံးဖြတ်ချက်ချစမ်းကွာ.... (အဿုတဝါ ပုထုဇ္ဇနောပါဘုရား)။

နွားတွေနဲ့ လယ်တွေထွန်ပြီး ဟဲ့...ဟဲ့...နဲ့ ကုန်သည်တွေ မီးရထားတွဲချိတ်ပြီး တင်နေကြတဲ့ပုဂ္ဂိုလ်တွေကျတော့ **ဘယ့်**နှယ်ဆိုမတုံးကွ .. (အဿုတဝါ ပုထုဇ္ဇနောပါဘုရား)ရိပ်မိပလား (ရိပ်မိပါပြီ)။

အဿုတဝါလဲ ထည့်လိုက်တယ်၊ ခန္ဓာကလဲ ဒီကြားထဲ မောလှချီရဲ့ ညောင်းလှချီရဲ့ ကိုက်လှချီရဲ့ **ချက်ခြင်းဘဲ** အိုပြ

လိုက်တယ်၊ ချက်ခြင်း ဗိုင်းကနဲလဲပြေလိုက်တယ်၊ မောလွန်းလို့ ချက်ခြင်းဘဲ အစာထိုးပါဆိုတာ ပြောနေတယ်၊ မပြောဘူးလား-(ပြောပါတယ်ဘုရား) ဒုက္ခသစ္စာပါလို့ ခန္ဓာက မပြောဘူးလား.... (ပြောပါတယ်ဘုရား) ကြားရဲ့လား.... (မကြားပါဘုရား) ဝေးဝေးကလား .... နီးနီးကလား.... ( နီးနီးကပါဘုရား )။

ဟာ....ခက်ပြီကော (မှန်ပါ) ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါဘုရား တရားဟောတဲ့အခါ ဘယ်လိုပုဂ္ဂိုလ်ကြားတယ် ဆိုတာငါရှင်းပြမယ်ကွတဲ့ သုတဝါ အရိယသာဝကောကျတော့ ငါဘုရားက တောင်ကျွန်းကနေပြီးဟောတာ မြောက်ကျွန်းကကြားတယ်(မှန်ပါ) သုတဝါအရိယသာဝကောကျတော့ ကြားတယ်. ..(မှန်ပါ)။

"အသုတဝါ ပုထုဇ္ဇနော" ကျတော့ ငါဘုရား၏ ခြေရင်းဝပ်နေကွ.... မကြားဘူးတဲ့.... (မှန်ပါ) သဘောပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဒီတကာတကာမတွေ ဘုရားအဆူဆူနဲ့ လွဲခဲ့တဲ့လက်သည် အရင်းကျကျရှာတော့ "အသုတဝါ ပုထုဇ္ဇနော" ဘဲ (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာတွေ တွေ့ကြသလဲ... (အသုတဝါ ပုထုဇ္ဇနော တွေ့ကြပါတယ်ဘုရား) "အသုတဝါ ပုထုဇ္ဇနော" ဆိုတာက အကြားအမြင်မရှိဘူးတဲ့၊ ဘုရားလဲမမြင်ဘူး၊ ဘုရားဟောတာလဲ မကြားတာဘာဆိုကြမယ် (အသုတဝါ ပုထုဇ္ဇနောပါ) ခန္ဓာလဲမမြင်ဘူး၊ ခန္ဓာပြောတာလဲ မကြားဘူး၊ ဘာဆိုကြမတုံး.... ( အသုတဝါ ပုထုဇ္ဇနောပါဘုရား)။

ဘယ်နှယ်ကြောင့် " အသုတဝါ ပုထုဇ္ဇနော ... " ဆိုတဲ့ နာမည်ကြီးဟာ ခင်ဗျားတို့ နာမည်ဆိုးကြီး ရထားပါလိမ့် မတုံးဆိုတော့ အသုတဝါ ဆိုတဲ့အပေါ်မှာ ပုထုဇ္ဇနောကတက် လာလို့....(မှန်ပါ့)။

ပုထုဇ္ဇနောက ဘယ်လိုတက်သတုံး...ကိလေသာ ကိစ္စတွေ ကြောင့်မအားဘူးဘုရား- (မှန်လှပါ)။

ဦးဘသန်း ဘာကိစ္စတွေလဲ.... ( ကိလေသာ ကိစ္စတွေပါ ဘုရား ) ဆန်မရှိတာလဲ ကိလေသာ၏ ကိစ္စဘဲ၊ ဆားမရှိတာလဲ (ကိလေသာ၏ ကိစ္စပါဘုရား) သားတွေ သမီးတွေနဲ့ မခွဲချင် တာလဲ.... (ကိလေသာ၏ ကိစ္စပါဘုရား) သားတွေ သမီးတွေ ရှိလို့ ဘာသံမှမကြားလို့ ကြားချင်တာကော ... (ကိလေသာ ကိစ္စပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ)။

အင်း.... ဒီကနေ မျှော်တွေးပြီး စိတ်မချစရာကလေးတွေ ကော ဘယ်သူ့ကိစ္စပါလိမ့် .. ( ကိလေသာ ကိစ္စပါဘုရား ) သွားကြည့်တော့ မအားတာတွေကော.... ( ကိလေသာကိစ္စပါ ဘုရား)။

သွားပြီ... ဒါတွေဟာ ဘယ်နှယ်ဆိုကြမတုံး....တဲ့ အသုတဝါ နားကလဲပင်း၊ ·ကိလေသာ ခိုင်းလို့လဲမအား .. (မှန်ပါ့) နားက လဲပင်း၊ ကိလေသာခိုင်းလို့ကလဲ.... (မအားပါဘုရား)။

မောင်သစ်တို့ နားကလဲ . ( ပင်းပါတယ်ဘုရား )ပင်းတယ်၊ မျက်လုံးကကော ... ( ကန်းပါတယ်ဘုရား )ကိလေသာ ကိစ္စက ကော.... ( မအားပါဘုရား ) ကိလေသာကိစ္စက ပေါတယ်.... (မှန်ပါ့)။

မျက်လုံးကန်း၊နားပင်း၊ကိလေသာကိစ္စပေါတာ‘‘အသုတဝါ ပုထုဇ္ဇနော’’ ပေါ်ပလား.... (ပေါ်ပါပြီ) မျက်လုံးကန်း, နားပင်း ကိလေသာပေါတာကို ဘာခေါ်မတုံး.... ( အသုတဝါ ပုထုဇ္ဇနောပါဘုရား ) အယင် ဒီလောက် မခွဲပါဘူးကွဲ့.... မောင်ချစ်စိန်ရဲ့.... ( မှန်ပါ့ ) အခုတော့ တရားက မင်းတို့က နည်းနည်းကလေး အရေးကြီးကြီး·ကြီးကြီးလာတော့ သေခါနီး တွေဖြစ်လာတော့ ဒီတရား ခွဲပေးနေတာ.... (မှန်ပါ့ဘုရား)။

မျက်လုံးကလဲ ဘာတုံး—(ကန်းနေပါတယ်ဘုရား) ကန်းတယ်တဲ့၊ ခန္ဓာကိုယ် ဖြစ်ပျက်တွေကို မျက်လုံးက မမြင်ဘူးနော် (မှန်ပါ့) ခန္ဓာကိုယ် ဖြစ်ပျက်တွေကို တရားဟောပြောသော်လဲ ခဏဘဲ ကြားသယောင်ယောင်နဲ့ ဉာဏ်နားနဲ့မကြားဘဲနဲ့ ပကတိ နားနဲ့သာ ကြားသွားတယ်....(မှန်ပါ့ဘုရား)။

အဲဒီလို အကြားအမြင်မရှိတော့ကို အသုတဝါဖြစ်တယ်၊ ရှင်းကြပလား... (ရှင်းပါပြီ) ဟာ....ဖြစ်လဲ ဖြစ်ပေမှာဘဲဟေ့.... မင်းတို့ဖြစ်စဉ်က ကိလေသာကိစ္စကလဲ နည်းတဲ့ကိစ္စမဟုတ်ဘူးကွ မိုးလင်းကတည်းက ကိလေသာခိုင်းသ၍ လုပ်နေရတဲ့ဥစ္စာ အိပ်ရာဝင်တာတောင် ကိလေသာ အကြွေးခိုင်းတုံးရှိသေးတယ်.... (မှန်ပါ့) ဒါကော ဘာခေါ်ကြမလဲ.... (ပုထုဇ္ဇနောပါဘုရား) ဒါဖြင့် နာမည်ပေါင်းကြစို့၊ ခင်ဗျားတို့နာမည် ဘာတုံး.... ဦးကျော်မောင် မဟုတ်ဘူး....(အသုတဝါ ပုထုဇ္ဇနောပါဘုရား) ရိုပ်မိပလား.... (ရိပ်မိပါပြီ) ဦးမြမောင်တော့ မဟုတ်ပါဘူး.... (အသုတဝါ ပုထုဇ္ဇနောပါဘုရား) ဘာဖြစ်လို့တုံး—မျက်လုံး ကန်း- နားပင်း- ကိလေသာပေါကိုး... (မှန်ပါ့)။

နောက်က တကာတကာမတွေကို ဘယ့်နှယ်ဆိုကြမှာတုံး.... (မျက်လုံးကန်း, နားပင်း, ကိလေသာပေါပါ) တကယ့် ဆိုင်းဘုတ်ကြီး ရ,ထားတာဘဲ... (မှန်ပါ့ဘုရား)။

အေး....ဦးဘသန်းကြီး ရိပ်မိပလား.... ( ရိပ်မိပါပြီ ) အသံ ညက်ညက်နဲ့ လုပ်မနေနဲ့ သေတော့မယ်၊ မြန်မြန်လုပ်မှရမယ်.... (မှန်ပါ့)"သုတဝါ အရိယသာဝကော"ဖြစ်အောင်လုပ်ရလိမ့်မယ် (မှန်ပါ့ဘုရား)ဟုတ်သား.... "သုတဝါ အရိယသာဝကော" ဖြစ်အောင်လုပ်ရမှာ....(မှန်ပါ့ဘုရား)။

"အသုတဝါ ပုထုဇ္ဇနော"ကို "သုတဝါအရိယသာဝကော" ဖြစ်အောင်လုပ်ရမှာ (မှန်ပါ့)ဘယ့်နှယ်ဆိုကြမယ်.... (သုတဝါ အရိယသာဝကော ဖြစ်အောင် လုပ်ရမှာပါဘုရား)ပြောင်းပြန်ကို လှည့်ရမှာ .. (မှန်ပါ့ဘုရား)။

ဘာတဲ့တုံး....(သုဘာဝါ အရိယသာဝကော ဖြစ်အောင်လုပ်ရမှာပါဘုရား)ဦးမြမောင် ခင်ဗျား အတော်ပြင်ရဦးမှာပါကလား (မှန်ပါ့) ဦးဘသန်းကြီးကော .. (ပြင်ရမှာပါ) ပြောင်းပြန်ပြင်ရမှာ၊ နည်းနည်းပြင်ရမှာမဟုတ်ဘူး သူ့ဟာက .. (မှန်ပါ့ဘုရား)။

အေး .. ဦးဘသော်ကြီး ဘယ်လိုတဲ့တုံး ... (သုတဝါ အရိယသာဝကောဖြစ်အောင် ပြင်ရမှာပါဘုရား)အံ့မာလေး....ဦးကျော်မောင် ဘယ်တော့ကမှလဲ ဒီဆိုင်းဘုတ်က မရဘူးဘူး .... (မှန်ပါ့ဘုရား)။

ဂင်္ဂါဝါဠု သဲစုမကပွင့်သွားတဲ့ ဘုရားတွေ ကျုပ်တို့လဲ့ရတာ ဘာဖြစ်လို့ပါလိမ့်မတုံးဆိုယင် မောင်သစ် ကိုယ့်ဆိုင်းဘုတ်ကိုယ်ကြည့်လိုက်....(မှန်ပါ့) ဘာတဲ့တုံး... (အသုတဝါပုထုဇ္ဇနော ဖြစ်နေလို့ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ မင်းတို့ချည်းတော့ မြှောက်နေကြတာပေါ့ကွာ။ ခင်ဗျား ကံကောင်းတယ်၊ ခင်ဗျားက စီးပွား ဥစ္စာရတနာ အကြောင်းညီညွတ်လို့ သားနဲ့သမီးနဲ့ .... တဲ့၊ နားခမ်းပဲ့ချင်း မီးမှုတ်နေသေးတယ်၊ အပြီးသတ်တော့ ဆိုင်းဘုတ်က အတူတူ.... (မှန်ပါ့ဘုရား)။

အခု ဒီမှာရှိနေတဲ့ ပုဂ္ဂိုလ်ကလဲ ဘာတုံး .... (အသုတာဝါ ပုထုဇ္ဇနေ့ပါ)ဒီမှာ မရှိတဲ့ပုဂ္ဂိုလ်ကကော....(အသုတာဝါ ပုထုဇ္ဇ နေ့ပါဘုရား)။

မင်းတို့ချင်း မြှောက်ပြီးသကာလ အံမာလေး.... သူ့မှုံလိုက် ဦးမယ်၊ ငါမှိုလိုက်ဦးမယ်နဲ့များ လုပ်နေသေးတယ်၊ မျက်လုံး ကန်းချင်း....(မှန်ပါ့ဘုရား)။

မျက်လုံးကန်းချင်း နားပင်းချင်း ကိလေသာပေါတဲ့လူချင်း များ တခါတည်း တယောက် တယောက် ဂုဏ်ယူပြီးသကာလ ဆိုင်းဘုတ်များ ဆွဲနေလိုက်သေးတယ်.... (မှန်ပါ့) ဆွဲစရာလား ( ဆွဲစရာမဟုတ်ပါဘုရား ) တတန်းတည်း မဟုတ်လား.... (တတန်းတည်းပါဘုရား)။

ဂင်္ဂါဝါဠု သဲစုမက ဘုရားတွေ ပွင့်သွားတော့ ဘယ်သူ ကြားလို့ ဘယ်သူမြင်လို့ ဘယ်သူ ကိလေသာ ချုပ်ငြိမ်းလို့ ဘယ်သူချမ်းသာသွားပြီလို့ ဒီထဲကလူတွေ ပါပါ့မလား....(မပါ ပါဘုရား)။

ဒါဖြင့် တယောက် တယောက် ချီးမွမ်းပြောဆိုနေကြတာ က နားခမ်းပဲ့ချင်းမီးမှုတ် မျက်လုံးကန်းချင်း တောင်ဝှေးဆွဲ.... (မှန်ပါ့) နာစရာလား ခင်ဗျားတို့ ဟုတ်တာလား.... မှန်တာ လား.... စဉ်းစားပါဦး....(ဟုတ်တာမှန်တာပါဘုရား) ဟုတ်တာ

မှန်တာ ပြောနေတယ်၊ဘယ်သူက တော်တယ်၊ဘယ်သူက သဒ္ဓါတရားကောင်းတယ်၊ဘယ်သူကဖြင့်စေတနာနဲ့ ဝတ္တုပစ္စည်းနဲ့တယ် အကြောင်းညီညွတ်တယ်၊ဘာဟုတ်မလဲ(မှန်ပါ)ခန္ဓာကပြောတာ မကြားသေးယင် ဘာဆိုမလဲ-(အသုတဝါ ပုထုဇ္ဇနေဘပါဘုရား) အလုပ်တွေ မအားသေးလို့ မဖြတ်သေးယင်(အသုဝါ ပုထုဇ္ဇနော ပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ယနေ့ ခင်ဗျားတို့ ဆိုင်းဘုတ်အကုန်ပြင်မှ ရမယ်.... ( မှန်ပါ ) ဘယ်လိုပြင်ရမယ်.... (သုတဝါ အရိယသာ ဝကောပါဘုရား)။

အံမာလေး ဒီနှစ်လုံးရှိသေးတာကွ (မှန်ပါ) ဒီနှစ်လုံးကလဲ သေးသေးကွေးကွေးလား ခေါင်းသစ် ကြီးကြီး ကျယ်ကျယ် လား....ကဲ.... (ကြီးကြီးကျယ်ကျယ်ပါဘုရား) ပုံမှားက သာမ ညမှားဘာလား.... အရိုးတောင်လို ပုံအောင် မှားတာလား.... (အရိုးတောင်လိုပုံအောင် မှားတာပါဘုရား)။

ဒီတရားမျိုး နာရမှခင်ဗျားတို့ ဩော်... ကိုယ်ကျိုးနည်းချက် ပြင်းထန်လှချည့်လား.... (မှန်ပါ)။

ကိုယ်ကျိုးနည်းချက်ဘယ့်နှယ်တုံး ... (ပြင်းထန်လှချည့်လား) ဒါကြောင့် အခုဘဝမှာ ဘယ်သူတော်တယ်၊ဘယ်ဝါတော်တယ် လို့ မချီးမွမ်းပါနဲ့ဦး....( မှန်ပါ ) မချီးမွမ်းပါနဲ့ဦးဘဲ့၊ ဘုရား အဆူဆူ လွှဲခဲ့တာချင်း အတူတူဘဲ.... ( မှန်ပါ ) တူတယ်ဆိုက တည်းက ဆိုင်းဘုတ်တပြေးဇာည်း ...(မှန်ပါ)။

တပြေးတည်းက ဘာပါလိမ့် .. (အသုတဝါ ပုဆုဇ္ဇနေဘပါ ဘုရား) "အသုဘဝါ ပုထုဇ္ဇနော"တွင် ရှိသေးတယ်....(မှန်ပါ) သဘောပါကြပသား....(ပါပါပြီဘုရား)။

အဲဒီတော့ကိုတဲ့.... မင်းတို့ဉစ္စာကွာ....တဲ့ ငါ "အသုတဝါ ပုထုဇ္ဇနော"ကို ပြောရမယ်ဆိုလို့ရှိယင်ဖြင့်တဲ့. "သုတဝါ အရိယသာဝကော" ဖြစ်အောင် ငါကိုယ်တိုင် ပြင်ပေးရမှာဘဲ....၊ သာမညပြင်လို့တော့ မရဘူးတဲ့၊ မင်းတို့က အမှားသက်က ရှည်ခဲ့ပြီတဲ့....(မှန်ပါ့)။

ဘယ်ဘုရားပွင့်လဲ ကျုပ်တို့ "အသုတဝါ ပုထုဇ္ဇနော"အဖြစ်နဲ့ နေရစ်ခဲ့တာဘဲ....(မှန်ပါ့)။

ဘုရားပေါင်း ဘယ်လောက်တုံးဆိုတော့....(မရေတွက်နိုင်ပါ ဘုရား)ဂင်္ဂါသဲမှုန့်နှင့် အမျှ...( မှန်ပါ့ )ဘာနဲ့ နေရစ်ကြသတုံး မေးတော့....( အသုတဝါ ပုထုဇ္ဇနောနဲ့ နေရစ်ပါတယ်ဘုရား ) အို...မျက်ရည်ကျဘို့ ကောင်းတယ်....(မှန်ပါ့)။

မှားချက် ပြင်းထန်လိုက်တာ၊ထူချက် ပြင်းထန်လိုက်တာ၊ကန်းချက်ပြင်းထန်လိုက်တာနော်- (မှန်ပါ့) ကိလေသာ ပေါများမှုလဲ ကြီးကျယ်လိုက်တာ....(မှန်ပါ့ဘုရား) မဆိုနိုင်ကြဘူးလား .. (ဆိုနိုင်ပါတယ် ဘုရား)။

ဘာဖြစ်နေလို့တဲ့တုံး.... (အသုတဝါ ပုထုဇ္ဇနော ဖြစ်နေလို့ပါ)ဒါဖြင့် သံသရာအစ "အသုတဝါ ပုထုဇ္ဇနော" ကမှတ်.... (မှန်ပါ့)ပေါ်ပလားကွ....( ပေါ်ပါပြီ )သံသရာအစ ဘာတဲ့.... (အသုတဝါ ပုထုဇ္ဇနောကပါဘုရား) ဒီနေ့ တရား တော်တော် ပေါ်လာပြီ ခင်ဗျားတို့...( မှန်ပါ့ )ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

ကဲ....ဒါဖြင့် ခင်ဗျားတို့ ဘယ်အခြေအနေရောက်မှ ခင်ဗျားတို့ ဘုရားသံ-တရားသံကလေးများ ကူးစက်လာမတုံးလို့ မေးဘို့ မလိုဘူးလား....(လိုပါတယ် ဘုရား) 'သုတဝါ အရိယသာဝ

ကော’ဖြစ်မှ တော်တော့မယ်....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

သုတဝါ....(အရိယသာဝကော ဖြစ်မှပါဘုရား)အဲ....‘သုတဝါ အရိယသာဝကော’ဖြစ်မှ တော်တော့မယ်....(မှန်ပါ)။

ကောင်းပြီ‘သုတဝါ အရိယသာဝကော’ဖြစ်လို့၊ ဒါ အရိယာ၏ သာဝက ဖြစ်သေးတာနော်....(မှန်ပါ)တကယ့်နိဗ္ဗာန်ရောက်သေးတာ မဟုတ်သေးဘူး(မှန်ပါ)‘သုတဝါ အရိယသာဝကော’ဖြစ်ပြီးတော့မှ ကျင့်ရ ကြံရမှ ရောက်မှာကိုး....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အေး....ဒါကြောင့် ခင်ဗျားတို့အကြောင်းတွေကို ခင်ဗျားတို့ဘုန်းကြီးဆီမှာ လာပြောပြော တပည့်တော်ဖြင့်ဘုရား....ပြန်ပါရစေဦးဘုရား...၊ဥပမာ.. ခင်ဗျားတို့ လျှောက်ချင်လဲ လျှောက်မပေါ့ဗျာ...(မှန်ပါ) လျှောက်မည့် လူချည့်ပေါ့ဗျာ...(မှန်ပါဘုရား)။

ဟ....ဘာကြောင့်တုံးလို့မေးဘို့သိပ်မလိုတော့ဘူး....(မှန်ပါ) လိုသေးသလား ဟသာတက တကာမကြီး.... (မလိုပါ)ပုထုဇ္ဇနော ဘုရား၊ ဒါကလေးနဲ့သာပြန် .... ( မှန်ပါ )ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ပုထုဇ္ဇနောဘုရား ဆိုပြီးတော့ ပြန်တာပေါ့၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘယ်လိုဆုံးဖြတ်မတုံး... (ပုထုဇ္ဇနောပါဘုရား)။

ပုထုဇ္ဇနောဘုရားလို့ဆိုတော့ အင်း....ကိုယ့်ဟာကိုယ်ဗျာဒိတ်ပေးပြီး တပည့်တော်ဟာ တပည့်တော် သံသရာရှည်တော့မယ်ဘုရား...( မှန်ပါ ) တပည့်တော်ဟာ တပည့်တော်နဲ့ ဂျမ်းထိုး

မှောက်ခုံ ဘုရားအဆူဆူနဲ့ လှဲတဲ့အလုပ်- လုပ်တော့မယ် ဆိုတဲ့ အခိပ္ပါယ်ကျ·မကျ....(ကျပါတယ်ဘုရား)။

ကဲ....မောင်သစ် ပေါ်ပလားကွ..( ပေါ်ပါပြီ )နောက်ပြီး ဒီမှာသုတဝါကလေးဖြစ်နေတာကိုလဲ အသုတဝါအဖြစ်နဲ့ အမှု ထမ်းချေဦးမယ်ဆိုတဲ့အခိပ္ပါယ်ကော...(ရောက်ပါတယ်)မနာဘူး လား (နာပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ကို အင်မတန်ကရုဏာကြီးနဲ့ ပြောလို့ အခိပ္ပါယ်ပေါ်လာတာ....( မှန်လှပါဘုရား )မောင်ချစ်စိန် နို့ မဟုတ် ပေါ်ပါ့မလား....(မပေါ်ပါဘုရား)။

ကဲ.. ဒါဖြင့် ပြင်ကြပါစို့....တဲ့၊ ပြင်တော့ ဘယ်အခြေအနေ ရောက်အောင်ပြင်မှာတုံး ဆိုတာကိုလဲတဲ့ ဦးမြမောင် ရှုတ်လိုက် စမ်း ဘာတဲ့တုံး....(သုဘဝါ အရိယသာဝကောပါဘုရား)။

ဒါပြင်ရမယ်... (မှန်ပါ့) ပြင်ပုံကလေးကော သဘောကျပ လား....(ကျပါပြီ) ဘယ်လိုပြင်ရမသဲ.... (သုတဝါ အရိယသာဝ ကော ပြင်ရပါမယ်) နဂိုရ်က ဘာတွေမို့လဲ....(အသုတဝါပုထုဇ္ဇ နော ဖြစ်နေလို့ပါဘုရား)။

အဲဒီတော့ သာမညဆရာသမားနဲ့ တွေ့တော့ မင်းတို့လူဖြစ် လို့ကွာ- ဆရာကောင်း သမားကောင်းနဲ့တွေ့လို့ မင်းတို့တော့ နိဗ္ဗာန်နဲ့ နီး ပြီတဲ့... (မှန်ပါ့ဘုရား)။

ဘယ်နီး လိမ့်ဦးမတုံး ဦးဘာသန်းရ....(မှန်ပါ့) ပြင်ပြီးတော့မှ နီးရမှာ⋯(မှန်ပါ့) မပြင်ခင်နီးနေလို့....(မဖြစ်နိုင်ပါဘုရား)။

ဘုရားနဲ့နီးတာတွေဟာ ပြည့်လို့ပေါ့နော် ...(မှန်ပါ့)နီးပေမဲ့ နိဗ္ဗာန်ရကြရဲ့လား .. (မရပါ) အဲဒီ့ အနီးမျိုးက အလကားဘဲ (မှန်ပါ့)သဘောပါပလား....(ပါပါတယ်ဘုရား)။

အဇ္ဈတ္တသတ်တို့ ဘုရားနဲ့ မနီးဘူးလား....( နီးပါတယ် ) နီးပေမဲ့လဲ လောဟကုမ္ဘီရဲကျတော့ဘဲ.... (မှန်လှပါ) မကျဘူး လား....(ကျပါတယ်ဘုရား)။

အဲဒါ ဘာယိုသွားသတုံးဆိုတော့ မေးဘို့မလိုဘူးလား .... (လိုပါတယ်ဘုရား)"သုဘာဝါ အရိယသာဝကော"မဖြစ်လိုက်ဘူး ကွ....( မှန်ပါ ) သုတဝါ....(အရိယ သာဝကော မဖြစ်လိုက်ပါ ဘုရား)။

ဒါဖြင့်.... ဘုရားနဲ့နီးဘို့မနီးဘို့ကလိုရင်းလား"အသုတဝါ ပုထုဇ္ဇနော"က သုတဝါအရိယသာဝကောဖြစ်ဘို့ လိုရင်းလား.... (အသုတဝါ ပုထုဇ္ဇနောက သုတဝါ အရိယသာဝကော ဖြစ်ဘို့ လိုရင်းပါဘုရား)"သုတဝါ အရိယသာဝကော ဖြစ်ဘို့ကလိုရင်း ( မှန်လှပါဘုရား)။

ဥပကကြီး ဘုရားနဲ့ အယင်တွေ့တယ်မဟုတ်လား...( တွေ့ပါ တယ်ဘုရား ) "အသုဘာဝါပုထုဇ္ဇနော"ဖြစ်နေတော့ ဟုတ်ပေရဲ့ ဆိုပြီး သွားပြန်တာဘဲ.... (မှန်ပါ) ပေါ်ပလား.... (ပေါ်ပါပြီ ဘုရား)။

" သုတဝါ အရိယသာဝကော " ဆိုတော့ တကာတကာမ တို့ ပဥ္စဝဂ္ဂီတွေကျတော့ ဘုရားလဲရောက်ပါရော...၊ ရောက်ပြီး ကျွတ်ဘယ်၊ သူတို့ကျတော့ ဘယ်နှယ်ခနေသလဲ.... ( သုတဝါ အရိ ယ သာဝကော ဖြစ်လို့ပါဘုရား ။

ဥပကကြီးတို့ကျတော့ ပဥ္စဝဂ္ဂီထက် အယင်တွေ့တယ် သူ့ ကျတော့ ဘယ့်နှယ်ဖြစ်နေသလဲ ... (အသုတဝါ ပုထုဇ္ဇနောဖြစ် နေပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က မတွေ့ယျ ဘုရားမျှော်နေပေမဲ့ တွေ့ပေမဲ့ အလားဘဲ ...(မှန်ပါ့ဘုရား) ဒီကပိုအရေးကြီးတာက "သုတဝါ အရိယသာဝကော"က ပိုအရေးကြီးတယ်... (မှန်ပါ့ ဘုရား)"သုတဝါ အရိယသာဝကော"ဆိုယင် မတွေ့ယျ မစောင့် နဲ့၊ ဒီဘဝရမယ်.... (မှန်ပါ့၊ ဒီဘဝမရ၊ နောက်ဘဝရမယ်.... (မှန်ပါ့) မသေချာဘူးလား .. (သေချာပါတယ်ဘုရား) မနီး ဘူးလား .. (နီးပါတယ်ဘုရား)။

ဒါဖြင့် ဘုရားနဲ့ တွေ့မှု မတွေ့မှုထက် "သုတဝါ အရိယ သာဝကော"ဖြစ်ဘို့ မောင်သစ် ပိုအရေးကြီးပါတယ်... (မှန်ပါ့ ဘုရား)။

နောက်က တကာတကာမတွေ့ ဘာတဲ့တုံး (သုတဝါ အရိယ သာဝကောဖြစ်ဘို့က ပိုအရေးကြီးပါတယ်ဘုရား) ဘုရားနဲ့တွေ့မှု မတွေ့မှုက... (အရေးမကြီးပါဘုရား)။

သုတဝါက ဘာကိုသိရမှာတုံး .. (သစ္စာကိုသိရပါမယ်ဘုရား) အရိယသာဝကောဆိုတာက အရိယာတို့၏တပည့် ဖြစ်လို့ရှိယင် ဖြင့် ကိလေသာ ပါးရမယ် .. (မှန်ပါ့)။

ဒါဖြင့် သစ္စာသိပြီး ကိလေသာပါးလို့ ရှိယင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရမယ်... (မှန်ပါ့) သစ္စာသိပြီး ကိလေသာပါးခဲ့ယင်... ( မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပါတယ် ဘုရား )မဂ်ဉာဏ် ဖိုလ်ဉာဏ်ရ မယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ငါကွာ တဲ့ မင်းတို့ကို တရားတခု ဟောပါရစေ... တဲ့ မင်းတို့ "သုတဝါ အရိယသာဝကော"ဖြစ်အောင် ငါပြောပါ့ မယ်....တဲ့ သံယုတ်ပါဠိတော်မှာ....(မှန်ပါ့)။

မင်းတို့ကို ဒီအတိုင်းသာ ငါသည်ကားလို့ဆိုယင် ရင်ဝယ် သားကဲ့သို့ သနားတယ်ဆိုပြီး သနားရုံကလေးနဲ့တော့ ဘာမှ မဖြစ်ဘူးကွ....တဲ့....၊ သုတဝါ ငါကြားအောင် ပြောဦးမယ်.... (မှန်ပါ့)ကြားအောင် ပြောတော့မှ ဟုတ်ပါလားဆိုတာ လိုက် လာမှ သူတို့က အရိယသာဝက ဖြစ်မှာ....(မှန်ပါ့)။

ဘုရားက ကြားအောင်ကို ပြောရဦးမယ်၊ ပြီးတော့မှ ဘာ ဖြစ်လာမလဲ .. (အရိယသာဝက ဖြစ်လာပါမယ်ဘုရား) ပြီးတော့ မှ အရိယသာဝက ဖြစ်မယ်။

ဒါဖြင့် သုတဝါဖြစ်အောင် ငါ လုပ်ပါရစေဦးဆိုတော့ .... သုတဝါဖြစ်အောင်လို့ တရားဟောတာ... ( မှန်ပါ့ ) ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် တရားဟောတာပါလိမ့် .. (သုတဝါ ဖြစ် အောင်လို့ တရားဟောတာပါဘုရား)။

သုတဝါဖြစ်အောင်လို့ တရားဟောတော့ ဟောကဲ့အတိုင်း လိုက်နာတဲ့ ပုဂ္ဂိုလ်ကျတော့ ဘာလာဖြစ်သတုံး... ( သုတဝါ အရိယသာဝက လာဖြစ်ပါတယ်ဘုရား)အရိယသာဝက လာဖြစ် တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အံမာလေး....စာက နည်းနည်း၊ ဘုန်းကြီးက များများလို့.... ခင်ဗျားတို့က အောက်မေ့မနေနဲ့၊ အတော် အရေးကြီးတာ.... ( မှန်ပါ့ဘုရား ) မကြီးဘူးလား ...ကြီးသလား....(ကြီးပါတယ် ဘုရား)။

အင်မတန် အရေးကြီးတယ်ဆိုတာ ပေါ်ပါပြီတဲ့၊စာကတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ “သုတဝါ အရိယ သာဝက

ကော၊ အသုတဝါ ပုထုဇ္ဇနော” ဒါဘဲ ဟောမှာပေါ့၊ သို့သော်-ချလိုက်တော့ နည်းသလား....(မနည်းပါဘုရား)။

မနည်းဘူး၊ ကဲ....ယနေ့ ပြင်ကြပါစို့တဲ့...၊ ဦးမြမောင် ဘာ ပြင်ပေးမှာပါလိမ့်..(သုတဝါ အရိယသာဝကော ဖြစ်အောင် ပြင်ပေးမှာပါဘုရား)။

အဲ....‘သုတဝါ အရိယသာဝကော’ထိအောင် ပြင်ပေးတော့ ကိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ခင်ဗျားတို့ စာအုပ်တွေ ဖြုံကြည့်၊ ကြည့်ပါ မြင်ရပါတယ်....(မြင်ရပါတယ်ဘုရား)။

ငါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး မျက်လုံး ဖွင့်ပေးမယ်ကွ....၊ နားကြားအောင် လုပ်ပေးမယ်ကွ ဆိုတော့ မင်းတို့သည် အတိတ်ဘဝက ကိလေသာ ထူပြောတယ်-မထူပြောတယ်၊သုတဝါ မရှိတယ်–ရှိတယ်ဆိုတော့ မင်းတို့ အတိတ်ဘဝက အဝိဇ္ဇာနဲ့ နေခဲ့တယ် (မှန်ပါ့)။

အဝိဇ္ဇာနဲ့ နေခဲ့တယ်ဆိုကတည်းကိုက ဦးမြမောင်တို့ စဉ်းစား...ဦးဘသန်းတို့ စဉ်းစား အဝိဇ္ဇာနဲ့ နေခဲ့တယ်ဆိုကတည်းကိုက ဘယ်လိုပြောပြော မကြားဘူး၊ မကြားတဲ့ ဘဝ ရောက်နေတယ်...( မှန်ပါ့ )အသုဘဝါ ဖြစ်မနေဘူးလား....(ဖြစ်နေပါတယ်ဘုရား)။

ကိုယ့်ဟာ ကိုယ်ဘဲ အတိတ်ဘဝက အဝိဇ္ဇာ နဲ့ နေခဲ့တယ်လို့ သိရဲ့လား....(မသိပါဘုရား) ကြားဘူးနားဝ မရှိတော့ မသိဘူးတဲ့....၊ ယခုတော့ဖြင့် နောက်ဘဝက ဦးမြမောင်တို့..ဦးကျော်မောင်တို့ ခင်ဗျားတို့ သစ္စာလေးပါး မသိတာနဲ့ နေခဲ့တယ်..(မှန်ပါ့)အဝိဇ္ဇာနဲ့ နေခဲ့တယ်....( မှန်ပါ့ ) ဘာနဲ့ နေခဲ့သတုံး....

(အဝိဇ္ဇာနဲ့ နေခဲ့ပါတယ်ဘုရား) ကဲ....ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

ဒါပြောမှ **သိတာ**၊ နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့ ငါ နောက်ဘဝက ဘာများ ဖြစ်ခဲ့ပါလိမ့်မတုံး လာချင် လာနေမှာ-(မှန်ပါ့)။

နောက်ဘဝက....(ဘာများ ဖြစ်ခဲ့ပါလိမ့် လာချင် လာမှာပါ ဘုရား)ဘာများ ဖြစ်ခဲ့ပါလိမ့်မတုံးလို့ လာချင် လာနေဦးမှာ....(မှန်ပါ့)အခုတော့ ဘာမှ မဖြစ်ခဲ့ဘူး သစ္စာလေးပါး မသိမှုနဲ့ နေခဲ့တယ်( ဝါ )အဝိဇ္ဇာနဲ့ နေခဲ့တယ်....( မှန်ပါ့ ) ဒီတော့ 'အသုတဝါ ပုထုဇ္ဇနော' ဟုတ်-မဟုတ်....(ဟုတ်ပါတယ်ဘုရား)။

အဝိဇ္ဇာက ကိလေသာလဲ ဆိုနိုင်တယ်....(မှန်ပါ့) ဘာပြော ပြော မကြွားတာလဲ သူ့ကြောင့်ဘဲ....(မှန်ပါ့) ဘယ်ဟာပြော ပြော မကြွားတာ....(သူ့ကြောင့်ပါဘုရား) အဝိဇ္ဇာကြောင့် ၊ မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ နောက်ဘဝက ခင်ဗျားတို့ မျက်စိကန်း,နားပင်း နဲ့ နေခဲ့တာပါ (မှန်ပါ့) အင်း .. မျက်စိကန်း, နားကန်း နေခဲ့ တယ်....(မှန်ပါ့)။

နောက်ဘဝက .. နောက်ဘဝက၊ နောက်ဆိုတာ ဘဝပေါင်း များစွာ .. ( မှန်ပါ့ဘုရား )မဟုတ်ဘူးလား....( ဟုတ်ပါတယ် ဘုရား )။

အဲဒီတော့ မျက်စိကန်း,နားကန်းနဲ့ နေခဲ့တဲ့ အခါကျတော့ ရန်သူတွေ ပစ်လိုက် ခတ်လိုက်တာလဲ မကြွား ဟုတ်လား၊မျက်စိ ကလဲ ကန်းတော့ ကိုယ့်သေကွင်း သေကွက်တွေ ဖြစ်လို့ ခုတ်

ကန့်သင်း ကျင်းချိုင့်တွေလဲ သူ မြင်သေးရဲ့လား ...( မမြင်ပါဘုရား )။

အဲဒီမှာ တခါတည်းတဲ့ သင်္ခါရတွေ လုပ်ပါတယ်ကွာတဲ့.... မလုပ်ဘူးလား... (လုပ်ပါတယ်)ကုသိုလ်သင်္ခါရလဲ လုပ်တာဘဲ.... (မှန်ပါ)အကုသိုလ်သင်္ခါရကော...(လုပ်ပါတယ်ဘုရား)။

လုပ်တော့ကွာ....တဲ့ မင်းတို့သည်ကားလို့ဆိုယင် ဘာသစ္စာတွေများ လုပ်ခဲ့ပါလိမ့်မတုံး.... (သမုဒယသစ္စာတွေ လုပ်ခဲ့ပါတယ်ဘုရား)။

မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)ဘာသစ္စာတွေလဲ- ( သမုဒယသစ္စာတွေပါဘုရား )ဟသာ်တက တကာမကြီးတွေ ကြားရဲ့ မဟုတ်လား....(ကြားပါတယ်ဘုရား) မြင်ကော မြင်ရရဲ့လား .. (မြင်ရပါတယ်ဘုရား)ဦးမြမောင်ကြီးကော မြင်တယ် နော်... (မြင်ပါတယ်ဘုရား)ဘာသစ္စာတွေ လုပ်ခဲ့သလဲ-(သမုဒယသစ္စာတွေ လုပ်ခဲ့ပါတယ်ဘုရား)။

အို ခင်ဗျားတို့ သွားပြီ၊ ' အသုတဝါပုထုဇ္ဇနော 'ဟာ သမုဒယသစ္စာချည့် လုပ်ပါသတဲ့....ဆိုတော့ ကိလေသာ ပေါ်-မပေါ် ပြောဘို့ လိုသေးသလား....(မလိုပါဘုရား)။

ဟော့... မောင်သစ် နေရာကျပသားကွ .... (ကျပါပြီဘုရား) ဘယ်လောက် ပေါ်တယ်ဆိုတာ မပေါ်သေးဘူးလား... (ပေါ်ပါပြီဘုရား)။

သစ္စာလေးပါး မသိတာလဲ အဝိဇ္ဇာ....(မှန်ပါ) ပြုချင်သလို ပြုပြီးသကာလ လမ်းသွားလာတာကလဲ သင်္ခါရ....( မှန်ပါ ) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီ လမ်းသွားလာတဲ့ သင်္ခါရနဲ့ လုပ်လိုက်တဲ့အခါကျတော့ စုတေမနေ သေလွန်တော့ ဟောဒီမှာ အကန်းလမ်းသွားလို့ ချော်လဲတယ်ကွ....ဒုက္ခရောက်ပြီတဲ့...( မှန်ပါ )ဒုတိယ အကွက် ရောက်ပြီ....(မှန်ပါ)။

အကန်းလမ်းသွားလို့ .... (ချော်လဲတဲ့ အကွက် ရောက်ပါပြီ ဘုရား) ချော်လဲတော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ ဘုရား)။

အို... ဘယ်လို သွားခဲ့တာတုံး....(အကန်း လမ်းသွားခဲ့တာပါ ဘုရား) ဒါဖြင့် 'အသုတဝါ ပုထုဇ္ဇနော'လမ်းသွားဘာ၊ သူ သွား ပြီးယင် ဒုက္ခရောက်တာချည့်ဘဲ....(မှန်ပါ) ရှင်းပသား....(ရှင်း ပါပြီဘုရား)။

အတိတ်ဘဝက စုတေတော့ ပစ္စုပ္ပန်ဘဝ ဘာသစ္စာကြီးနဲ့ သူ နေရသတုံး....(ဒုက္ခသစ္စာကြီးနဲ့နေရပါတယ်ဘုရား)ဒုက္ခသစ္စာ နဲ့ နေရယင်'အသုတဝါ ပုထုဇ္ဇနော'သွားလို့ ဖြစ်ရတဲ့ ဒုက္ခသစ္စာ (မှန်ပါ)။

ဦးကျော်မောင် ဟုတ်ပလား....(ဟုတ်ပါတယ်) 'အသုတဝါ ပုထုဇ္ဇနော'ဖြစ်နေလို့ ဒုက္ခသစ္စာ ရ-ထားဟယ်...(မှန်လှပါ ဘုရား)။

အဲဒီတော့ ဘယ်သူက ဘယ်သူ့ မကျောကြနဲ့ဟေ့ ...ဒုက္ခ သစ္စာက မလွတ်နိုင်သေးဘူးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ) ဘာနဲ့ လာခဲ့ကြသတုံး....( အသုတဝါ ပုထုဇ္ဇနောနဲ့ လာခဲ့ပါ တယ်ဘုရား)။

အဲ....'အသုတဝါ ပုထုဇ္ဇနော'ဆိုတာက ၁ နံပါတ်အကွက်.... (မှန်ပါ)အဲဒီ အကန်းလမ်းသွားတာကို 'အသုတဝါ ပုထုဇ္ဇနော' ဆိုပါတယ် (မှန်ပါ)။

ကိုင်း .... စုတေ မနေ သေလွန်ပြီးသကာလ ပစ္စုပ္ပန်ဘဝ ရောက်လိုက်စမ်း ဦးမြမောင် ... (ဒုက္ခသစ္စာဖြစ်ပါတယ်ဘုရား) ဒုက္ခသစ္စာ ခန္ဓာငါးပါး မရဘူးလား... (ရပါတယ်ဘုရား) ရလာပြီ— 'အသုတဝါ ပုထုဇ္ဇနော' လမ်းသွားလိုက်တာ ဒုက္ခသစ္စာ ခန္ဓာငါးပါးတည်းဟူသော ချော်လဲမှုကြီးနဲ့ ကြုံရတယ်....(မှန်လှပါဘုရား)။

ဦးဘသန်းကြီး ချော်လဲမှုနဲ့ ကြုံပလား.... (ကြုံပါပြီဘုရား) ဘာဖြစ်လို့တုံး... အသုတဝါ ပုထုဇ္ဇနောက လမ်းသွားတာကိုး.... (မှန်ပါ့)။

ဘယ်အထဲ လဲပါလိမ့်ဗျာ....(ဒုက္ခသစ္စာထဲ လဲပါတယ်ဘုရား) ဒုက္ခသစ္စာဆိုတဲ့ ခန္ဓာငါးပါးကြီးနဲ့ တခါတည်း အိုဘေး - နာဘေး သေဘေးကြီးနဲ့ ရတော့တာဘဲ... (မှန်ပါ့)ရသေးဘူးလား (ရပါတယ်ဘုရား)။

အဲ... ဒါ့ကြောင့် ဒီဘက်က'အသုတဝါ ပုထုဇ္ဇနော' အကန်းလမ်းသွားတယ်... ( မှန်ပါ့ )အကန်းလမ်းသွားလို့ ဒီဘက်မှာ ချော်လဲတယ်... (မှန်ပါ့) ချော်လဲလို့ ဘာသစ္စာရသလဲ....(ဒုက္ခသစ္စာ ရပါတယ်ဘုရား)။

အခု တကာတကာမတွေ ကံကောင်း အကြောင်းသင့်နေတာလား....ချော်လဲထဲ ရောက်နေတာလား....(ချော်လဲထဲ ရောက်နေတာပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အိုဘေး- နာဘေး- သေဘေး လွတ်ပါ့မလား....(မလွတ်ပါဘုရား)တခါတည်း သောက ပရိဒေဝ ဒုက္ခဒေါမနဿဘေးတွေ ကောက္ခ....(မလွတ်ပါ) မလွတ်ဘူးဆိုတာ ရိပ်မိပလား... (ရိပ်မိ

ပါပြီ)ဟ....ဘယ်သူ လမ်းသွားတာတုံးဆိုတော့....(အကန်း လမ်းသွားတာပါဘုရား)။

ပါဠိလို သုံးလိုက်စမ်း...(အသုတဝေါ ပုထုဇ္ဇနော ပါဘုရား) 'အသုတဝါ ပုထုဇ္ဇနော'လမ်းသွားနေတာကွ .. ဆိုတော့ ဩော်.... အခု ကိုယ်လာခဲ့တဲ့လမ်း ကိုယ်သိတော့ကို သုတဝါကလေးတော့ ဖြစ်သွားပြီ....(မှန်ပါ)။

အင်း.... ကိုယ်လာခဲ့တဲ့လမ်း ကိုယ်သိတော့ အတိတ်ဘဝက ငါ့ကို အဝိဇ္ဇာ သင်္ခါရ အုပ်ချုပ်လာတာပါလား၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဘာအုပ်ချုပ်လာသတုံး(အဝိဇ္ဇာသင်္ခါရအုပ်ချုပ်လာတာပါ) အင်း ကိုယ်လာတဲ့လမ်း မကောင်းကာတော့ သိပြီ...(သိပါပြီ) သုတဝါကြောင့် သိတယ် .(မှန်ပါ)။

ဘာကြောင့် သိပါလိမ့်....( သုတဝါကြောင့် သိပါတယ် ) သုတဝါကြောင့် သိတာနော်.... နို့မဟုတ်ယင် သိပါ့မလား.... (မသိပါဘုရား)။

ကဲ....ရောက်တဲ့ နေရာသဲ မကောင်းကြောင်း သိကယ်.... (မှန်ပါ) ရောက်တဲ့ နေရာလဲ ချော်လဲနေရပြီဟ....၊ အိုဘေး-နာဘေး-သေဘေးထဲကို ချော်လဲတာဘဲ....(မှန်ပါ)။

'အသုတဝါ ပုထုဇ္ဇနော'လမ်းလျှောက်လာလိုက်တာ....ဟင်.... အိုဘေး-နာဘေး-သေဘေးထဲ ချော်လဲနေပါပေါ့လား.... ဒုတိယဘဝမှာ....(မှန်ပါ)မလဲသေးဘူးလား ... (လဲပါပြီဘုရား) အင်း.... ဒုက္ခသစ္စာဖြစ်နေသတုံး .. (ဒုက္ခသစ္စာ ဖြစ်နေပါဘယ်ဘုရား)။

ဩော်....ဒါဖြင့် မှားချက်ကဖြင့် အတော် ပြင်းထန်နေပြီဆိုတာ မောင်သစ် ပေါ်နေတယ်....(ပေါ်ပါတယ်ဘုရား)။

ကဲ....အခုတော့ဖြင့် အကန်းလမ်းသွားတာလဲ သိခဲ့ပြီ၊အကန်း လမ်းသွားတာကလဲ သမုဒယသစ္စာ လုပ်ခဲ့လို့ ဟုတ်လား.... (မှန်ပါ့)။

အကန်းလမ်းသွားလို့ ရောက်ရာဌာန ချော်လဲရတာလဲ ဒုက္ခ ရောက်တာဘဲ....(မှန်ပါ့ဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါ ပြီဘုရား)။

ကဲ....အခုတော့ဖြင့် နှစ်ချက်စလုံး သိသွားတဲ့အတွက် အကန်း လမ်းသွားတာ သိသွားတာလဲ သုတဝါဖြစ်သွားပြီ....( မှန်ပါ့ ) ချော်လဲတာ သိရခြင်းသည်လဲ အင်း....'အရိယသာဝကော 'ဖြစ် လို့ ဩော်... အရ မတော်ပါလားလို့ သိပြီ...( မှန်ပါ့ဘုရား ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အရ မတော်ဘူး....(မှန်ပါ့)တော်လို့လား....( မတော်ပါ ) ဘာသစ္စာ ရ-ထားသတုံး....(ဒုက္ခသစ္စာ ရ-ထားပါတယ်ဘုရား) ဒါဖြင့် အရကော တော်ရဲ့လား....(မတော်ပါဘုရား)။

အရလဲ မတော်ဘူးဆိုတာ ဘုန်းကြီးတို့ တကာတကာမတွေ့ သိထားတော့ အခုဖြင့် ကိုယ်လာတဲ့ လမ်းလဲ သိပြီ၊ ရောက်ရာ ဌာန မကောင်းကြောင်းလဲ....(သိပါပြီဘုရား) လာခဲ့တဲ့ လမ်းလဲ မကောင်းတာကို( သိပါပြီဘုရား) ရောက်ရာဌာနလဲ မကောင်း ကျိုး ပေးနေတာလဲ....(သိပါပြီဘုရား)သိပြီလို့ သဘောပါရဲ့ လား....(ပါပါပြီဘုရား)။

ဒီအချိန်ကလေးမှာ ဘာပုဂ္ဂိုလ် ဖြစ်သွားသတုံး... (သုတဝါ အရိယသာဝကော ဖြစ်သွားပါတယ်) အဲ.... 'သုတဝါ အရိယ

သာဝကော’သာ ဖြစ်သေးတယ်၊ အရိယာ မဖြစ်သေးဘူး၊ အရိယာတို့၏ တပည့်ဘဲ ဖြစ်သေးတယ်....( မှန်ပါ့ ) ပေါ်ပလား.... (ပေါ်ပါပြီ) အရိယာတို့၏ ....(တပည့်သာ ဖြစ်ပါသေးတယ်ဘုရား)။

အကြားအမြင်ရှိသော အရိယာပုဂ္ဂိုလ်တို့၏ တပည့်ဘဲ ဖြစ်ပါသေးတယ် တဲ့၊ ကိုယ်ကိုယ်တိုင် အရိယာ မဖြစ်သေးဘူး.... (မှန်ပါ့)ရှင်းပလား ...(ရှင်းပါ့ပြီဘုရား)။

မောင်သစ် ဘာတုံးကွ....(ကိုယ်ကိုယ်တိုင်အရိယာ မဖြစ်သေးပါဘုရား) ကိုယ်ကိုယ်တိုင် အရိယာ မဖြစ်သေးပါဘူးဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ) အဲဒီတော့ကိုတဲ့ အကန်း လမ်းသွားလို့ချော်လဲတယ်နော်....(မှန်ပါ့)။

အကန်းလမ်းသွားလို့.... (ချော်လဲပါတယ်ဘုရား) ချော်လဲတဲ့အပေါ်မှာတဲ့ ဒီအကန်းကို ဒီက သုဘာဝါ အရိယာသိနဲ့ကိုယ်လာတဲ့လမ်းလဲမသိ၊ ကိုယ် ချော်လဲနေတာလဲ မသိတဲ့ပုဂ္ဂိုလ်ကြောင့် ကိုယ့်ကိုယ် ကိုယ်ခင်တဲ့ ခန္ဓာငါးပါးကို တဏှာနဲ့ခင် ဥပါဒါန်နဲ့စွဲလမ်း ...(မှန်ပါ့) ခန္ဓာကိုယ် ကျွေးမွေးရေး အားထုတ် ...(မှန်ပါ့)ကမ္မဘဝဘွေ့ မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား)။

ဒါ(ဂ) ဘာဖြစ်တာတုံးလို့ မေးဘဲ့အခါကျတော့“အသုတဝါ ပုထုဇ္ဇနော”ဖြစ်သွားတယ်....(မှန်ပါ့)။

အကန်းလမ်းသွားဟာသဲ မသိဘူးဆိုတော့ သမုဒယသစ္စာလဲမသိဘူး....(မှန်ပါ့) ချော်လဲတာကော ... ( မသိပါဘုရား ) မသိတော့ကို...တဲ့ ဒီခန္ဓာကြီးကိုဘဲ ပြန်ခင်တဲ့ ခန္ဓာနဲ့ ပစ္စည်း

တွေခင်တဲ့ တဏှာ ဥပါဒါန် ကံတွေနောက်ထပ် မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား)။

အဲ... လုပ်တဲ့အခါကျတော့ အကန်းဘဲ လမ်းသွားပြန်ပြီ.... (မှန်ပါ့) ချော်လဲတာမသိဘူး....(မှန်ပါ့ဘုရား) ချော်လဲအောင် နောက်ထပ်လုပ်ပြန်ပြီ....(မှန်ပါ့ဘုရား) မဆိုနိုင်ဘူးလား-(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် တတိယအကွက်က ဘာတုံးလို့ မေးလို့ရှိယင်ဖြင့် ချော်လဲအောင် နောက်ထပ်လုပ်ပြန်ပြီ၊ အယင်လဲတာအားမရလို့... (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်....(အယင်လဲတာ အားမရလို့ နောက်ထပ်လဲအောင် လုပ်တာပါဘုရား) နောက်ထပ်လဲအောင် ကြိုးစားပြန်တယ်... (မှန်ပါ့) ဘာသစ္စာသူလုပ်ပြန်သလဲ.... (သမုဒယသစ္စာ ထပ်လုပ်ပြန်ပါတယ်ဘုရား) ဟာ....ဒါဖြင့် အနာဂတ်ဘဝမှာ ဇာတိ ဇရာမရဏရတော့ ချော်လဲပြန်ပြီ .. ( မှန်ပါ့ ) မလဲနိုင်ဘူးလား....(လဲနိုင်ပါတယ်ဘုရား)။

ချော်လဲရာက ထသွားပြန်တော့ ချော်လဲကြောင်း လုပ်တယ်-(မှန်ပါ့) ချော်လဲကြောင်းလုပ်ပြီး ဒီကျတော့ဘာဖြစ်လာသတုံး (ချော်လဲပြန်ပါတယ်ဘုရား) ချော်လဲရာက ထသွားပြန်တော့ ဘာတွေလုပ်ပြန်သလဲ .. (ချော်လဲကြောင်း နောက်ထပ်လုပ်ပြန်ပါတယ်ဘုရား)။

ချော်လဲကြောင်း ထပ်လုပ်ပြီး နောက် ဘာဖြစ်ပြန်သတုံး ... ( ချော်လဲတဲ့အကြောင်းဘဲ လုပ်ပါတယ်ဘုရား ) ဒါဘဲကွ.... သူ့ဟာက အကောင်းကို ပါသေးရဲ့လား.... (မပါပါဘုရား) အဲဒါက "အသုတဝါ ပုထုဇ္ဇနော...."ကွ... တဲ့ ရှင်းပလား....

(ရှင်းပါပြီ) "သုတဝါ အရိယသာဝမကော"ယနေ့ရှင်းပြမယ်တဲ့ "သုတဝါ အရိယသာဝကော"က ခင်ဗျားတို့ ဘယ်ကလာခဲ့သတုံးဆိုတော့.... (အဝိဇ္ဇာသင်္ခါရက လာခဲ့ပါတယ်ဘုရား) အခုဘာဖြစ်နေသတုံးမေးတော့... (ခန္ဓာငါးပါးရနေပါတယ်ဘုရား) ခန္ဓာငါးပါးက ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးရနေတယ်... (မှန်ပါ့)။

အရိယ သာဝကဖြစ်လို့ လာရာကိုလဲသိတယ်....( မှန်ပါ့ ) ရောက်ရာကိုကော....(သိပါတယ်ဘုရား) လာရာကိုသိတာလဲ.... (အရိယာ သာဝကပါ) ရောက်ရာကို သိတာလဲ... ( အရိယာ သာဝကပါဘုရား) ဒါဖြင့် မကောင်းတာ မကောင်းမှန်းသိတာ လူလိမ်မာကိုးဗျ... (မှန်ပါ့)။

မကောင်းတာကို... ( မကောင်းမှန်းသိယင် လူလိမ်မာပါဘုရား) မကောင်းတာ မကောင်းမှန်းသိပြီးသကာလ ထပ်လုပ်နေယင် လူမိုက်ကိုး.... ( မှန်ပါ့ ) အခုတော့ မကောင်းတာ မကောင်းမှန်းသိလို့ လာရာလဲမကောင်း၊ ရောက်ရာလဲ မကောင်းမှန်းသိတော့ "သုတဝါ အရိယသာဝကော"... (မှန်ပါ့ဘုရား) လာရာလဲသိ၊ ရောက်ရာလဲသိသွားတော့ ဘာဆိုမယ်....(သုတဝါ အရိယသာဝကောပါဘုရား)။

လာရာက သမုဒယသစ္စာကလာတာ....(မှန်ပါ့) ရောက်ရာက ဒုက္ခသစ္စာထဲ ရောက်နေတယ်... (မှန်ပါ့) ဒါဖြင့် မကောင်းထဲက လာပြီး မကောင်းတာ ဖြစ်နေတော့ ဒီပုဂ္ဂိုလ် ရှေ့ဘော့ဖြင့် မကောင်းတာတော့ မလုပ်တော့ဘူးဟေ့... (မှန်လှပါ) ဒီစိတ်မွေးမလား ... မမွေးဘူးလား.... (မွေးပါတယ်ဘုရား) မွေးမယ်

ဆိုတာ သေချာတော့ ဒီမှာ ခင်ဗျားတို့ နေ့တိုင်း အရှုခိုင်းတဲ့ စိတ္တာနုပဿနာ ဒီကနေရှုတော့ မကောင်းတာ ထပ်လုပ်သေးရဲ့ လား....(မလုပ်ပါဘုရား)။

အဲ... မကောင်းတာ ထပ်မလုပ်တော့ စိတ်ကလေးတွေက ဖြစ်ပြီးပျက်တာကို ခင်ဗျားတို့က ဉာဏ်နဲ့ကြည့်လိုက်တော့မမြင်ဘူးလား... (မြင်ပါတယ်ဘုရား) မြင်လိုက်တဲ့အခါကျလို့ရှိယင် ဖြင့် မကောင်းတာ ထပ်လုပ်သေးရဲ့လား၊ မကောင်းတာ ပယ်တာလား....(မကောင်းတာ ပယ်ပါတယ်ဘုရား)။

ဒါ.... ဘာဖြစ်သွားလို့ ပယ်တာတုံးဆိုတော့ "သုတဝါ အရိယသာဝကော".... (မှန်ပါ) ဒါဖြင့် ဝိပဿနာ လုပ်နေတဲ့ ပုဂ္ဂိုလ်များကျတော့ ဘယ်လိုဆိုကြမယ်.... ( သုတဝါ အရိယသာဝကော ဖြစ်သွားပါတယ်ဘုရား) "သုတဝါ အရိယသာဝကော"ဖြစ်သွားတယ်နော်....(မှန်ပါဘုရား)။

အဲဒီတော့ ဖြစ်ပျက်မြင်လို့ရှိယင် အရိယသာဝကောတော့ ဖြစ်ပြီ၊ "သုတဝါ အရိယသာဝကော"ဖြစ်ပြီနော်.... (မှန်လှပါဘုရား) ဖြစ်ပျက်တွေမုန်းလို့ ဖြစ်ပျက်တွေဆုံးအောင် ဒီတကာ တကာမတွေ လုပ်နိုင်မယ် ဆိုလို့ရှိယင် အရိယာသာဝကမှက တော့ဘူး၊ အရိယာအစစ်ဖြစ်မယ်.... (မှန်ပါ) ကိုယ်ကိုယ်တိုင် အရိယာဖြစ်တယ်၊ တပည့် မဟုတ်တော့ဘူး .. (မှန်လှပါဘုရား) ဆရာဖြစ်သွားပြီ ... ( မှန်ပါ ) သာဝကဆိုတာ တပည့်ကိုး.... (မှန်ပါ)။

ကိုယ်ကိုယ်တိုင် ဖြစ်ပျက်မြင်လို့ ဖြစ်ပျက်မုန်းလို့ မောင်သစ် ဖြစ်ပျက်အဆုံးမြင်လို့ရှိယင် ဘာဆိုကြမယ်....(အရိယာဖြစ်သွား

ပါတယ်ဘုရား)အရိယာဖြစ်သွားတော့ကိုတဲ့ ဘယ့်နှယ်ကြောင့် အရိယာဖြစ်သွားသတုံးဆိုတော့ အို....မျက်လုံးမြင်သွားပြီကွ.တဲ့ လားရာ မကောင်းကြောင်း, ရောက်ရာ မကောင်းကြောင်း သိသွားတဲ့အတွက်တဲ့ သူသည် မကောင်းတဲ့အလုပ် မလုပ်တော့ဘူး၊ မကောင်းတဲ့အလုပ်ကို ပယ်ရှားပြီဆိုတာ ၃-နံပါတ်အလုပ်ကို ဖယ်ရှားလိုက်တယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာဖယ်ရှားလိုက်သလဲ.... (၃-နံပါတ်ကို ဖယ်ရှားလိုက်ပါတယ်ဘုရား)။

၃-နံပါတ် ဖယ်ရှားနိုင်တာသည် ဘယ့်နှယ်ကြောင့် ဖယ်ရှားနိုင်တာတုံး မေးလို့ရှိယင် ဘယ့်နှယ်ဖြေကြမယ်.... ( သုတဝါ အရိယသာဝကော ဖြစ်လို့ပါဘုရား )။

"သုတဝါ အရိယသာဝကော"ဖြစ်လို့ ဖယ်ရှားနိုင်တယ်.... (မှန်ပါ့) ဒါကြောင့် ခင်ဗျားတို့ ဒီအလုပ်မှတပါး အရိယာစစ်ဖြစ်တဲ့အလုပ်မရှိဘူးနော် .. (မှန်ပါ့)။

အဲဒီတော့ကို အခုတော့ဖြင့် ယနေ့နာရီကလဲ စေ့နေတော့ ပြော်....သုတဝါ ဖြစ်တာကော သဘောကျပလား .. (ကျပါပြီဘုရား) ခင်ဗျားတို့ ဘယ်ကလာခဲ့သတုံးဆိုတော့.... ( အဝိဇ္ဇာ သင်္ခါရကလာခဲ့ပါတယ်) ဘာသစ္စာတုံး.... ( သမုဒယသစ္စာပါဘုရား)။

ယခု ဘယ်အထဲရောက်နေသလဲ .. (ဒုက္ခသစ္စာထဲ ရောက်နေပါတယ်ဘုရား) အဲ.... ဒုက္ခသစ္စာထဲရောက်လို့ ဒုက္ခသစ္စာမှန်း သိအောင်လုပ်နေတော့ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်ဆိုတာ ဘာတုံး....(ဒုက္ခသစ္စာ သိအောင် လုပ်နေတာပါဘုရား) ဒုက္ခသစ္စာ

သိအောင်လုပ်နေတဲ့ဥစ္စာသည် ဒါဟာ အရိယာသာဝကအလုပ်ပါ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အရိယာတို့၏ သာဝကတို့၏အလုပ်ပါဆိုတော့ "သုတဝါ အရိယသာဝကော"ဖြစ်လို့ ဖြစ်ပျက်မဂ်ကိုလုပ်တာ(မှန်လှပါ) သုတဝါ အရိယသာဝကော မဖြစ်သော်....(ဖြစ်ပျက်မဂ်ကိုမလုပ်ပါဘုရား)။

ဒါ....ဒုက္ခသစ္စာလို့ မသိတော့ သုတဝါ ဖြစ်သေးရဲ့လား.... (မဖြစ်ပါဘုရား) အခုတော့ ဒုက္ခသစ္စာလို့ ခန္ဓာကြီးထဲက ဘာပေါ်ပေါ် ဘာသစ္စာဆိုမလဲ....(ဒုက္ခသစ္စာပါ) အဲ....ဒုက္ခသစ္စာဆိုတော့ သုတဝါ မဖြစ်သေးဘူးလား... (ဖြစ်ပါတယ်ဘုရား) ပြီးတော့ ဘုန်းကြီးများကခိုင်းတဲ့ လက္ခဏာရေးကိုလုပ်ဆိုတော့ ခင်ဗျားတို့က ဖြစ်ပျက်မဂ် ဖြစ်ပျက်မဂ် ကိုက်အောင်မလုပ်ဘူးလား... (လုပ်ပါတယ်ဘုရား) အဲဒီတော့ကို သူတပည့်မို့လုပ်တာပေါ့....(မှန်ပါ့)။

ဒါဖြင့် ဒုက္ခသစ္စာလို့သိတာက သုတဝါ(မှန်ပါ့)လုပ်တာက ဆရာသမားပြောတဲ့အတိုင်း လုပ်သောကြောင့် အရိယသာဝကော....(မှန်ပါ့) အခုအချိန်မှာ 'သုတဝါ အရိယသာဝကော' ဖြစ်ပြီ.... (မှန်ပါ့) နောက် အလုပ်ခရီးပေါက်သွားတဲ့အခါကျတော့ အရိယာအစစ်ဖြစ်ပြီလို့ မဆိုဆိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြပါဦးစို့။

သာဓု....သာဓု....သာဓု....။

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော်မူသော
( နုဒိသုတ် )

# ညအလုပ်ပေး- တရားတော်

( ၅ - ၉ - ၆၂ )

မနေ့က ပြောခဲ့တာက 'အသုတာဝါ ပုထုဇ္ဇနော' ဆိုတဲ့နာမည်ဟာ အင်မတန်ဆိုးပါတယ်၊ မဆိုးကြဘူးလား ... (ဆိုးပါတယ်ဘုရား)။

'အသုတာဝါ ပုထုဇ္ဇနော' ဆိုတဲ့ဥစ္စာက အကြားအမြင် မရှိတော့ဘူး၊ အကြားအမြင်မရှိဆိုတဲ့ဥစ္စာ သစ္စာတရား အကြားအမြင်မရှိ၊ အကောင်းအဆိုးမရွေးတတ်၊ အဲဒီကဲ့သို့ မရွေးတတ်တာကို 'အသုတာဝါ ပုထုဇ္ဇနော' လို့ ဆိုပါတယ်။

ကိလေသာက ထူပြော- အကြားအမြင်ကမရှိဆိုတော့ လုပ်ချင်တာလုပ် သွားချင်သလို သွားဆိုတော့ ၁-နံပါတ်အကွက်ပဋိစ္စသမုပ္ပါဒ်မှာ ဒါ 'အသုတာဝါ ပုထုဇ္ဇနော အကွက်ဘဲ....လို့ မှတ်ရမယ်....(မှန်ပါ)။

'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ'... ဆိုတာသည် အသုတာဝါ ပုထုဇ္ဇနော' တို့၏ ဖြစ်ရာဌာနလို့ မှတ်ထားလိုက်ပါ.. (မှန်လှပါဘုရား)။

အဲဒီ 'အသုတာဝါ ပုထုဇ္ဇနော'သည် အကြားအမြင်ကလဲမရှိ သူက အတိတ်သံသရာကနေပြီးသကာလ ပစ္စုပ္ပန် သံသရာကြီး မျောလာတယ်လို့ ဦးမြမောင် မှတ်ရမယ်... (မှန်ပါ) အတိတ် သံသရာက ပစ္စုပ္ပန် သံသရာကြီး မျောလာတယ်.... ( မှန်လှပါ ဘုရား)။

ဘာဖြစ်လို့ ဒီသံသရာထဲမှာ လှည့်ပြီး မျောလာပါလိမ့် မတုံးဆိုတော့ အို...အသုတာဝါ ပုထုဇ္ဇနောခို့ သွားချင်သလို သွားတာကွ... (မှန်ပါ)။

သစ္စာမသိတော့ ပြုချင်သလိုပြုပြီးသကာလ စုတေ၊ စုတေ မနေသေလွန်တော့ အကြားအမြင်မရှိတဲ့ ပုထုဇန် ကိလေသာက ပေါ- ဘုံဘဝ ခင်တွယ်တဲ့ ကိလေသာကပေါ။ ဘုံဘဝရောက် ကြောင်းတွေလုပ်၊ ထိုကဲ့သို့ လုပ်တဲ့အခါကျလို့ရှိယင်ဖြင့် သူ့မှာ အသုတာဝါ ပုထုဇ္ဇနောက သမုဒယသစ္စာ အဲဒီ့သမုဒယသစ္စာ ကြီးကို အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်လုပ်ပြီးသကာလ နေတော့ စုတေမနေသေလွန်တော့ ၂-နံပါတ်အကွက်ဆိုတာကို တကာ တကာမတွေ့ ရောက်လာတယ်လို့ကြည့်ပါနော်.... ( မှန်ပါ ) ၂-နံပါတ်ရောက်လာတယ်။

ရောက်လာတော့ သူ့မှာသံသရာထဲမျောလာတာ၊တဘဝမှ တဘဝသို့ သူမျောလာတယ် မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ် ဘုရား) အတိတ်ဘဝက ပစ္စုပ္ပန်ဘဝမျောလာတယ်။

တကာတကာမတို့ ဘယ်ကဘယ်မျောလာပါလိမ့် (အတိတ် ဘဝက ပစ္စုပ္ပန်ဘဝကို မျောလာပါတယ်ဘုရား)။

အတိတ်ဘဝက ပစ္စုပ္ပန်ဘဝကို မျောပြီးသကာလလာတယ်၊ ဩော်....မျောလာပြန်တော့လဲ သူသည်ကားလို့ဆိုလို့ရှိယင်ဖြင့်

ဒုက္ခရောက်နေတဲ့အဖြစ်ပါဘဲ … (မှန်ပါ့ဘုရား) ဒုတိယကွက်မှာ ဒုက္ခသစ္စာလို့ ပြောလိုက်ပါတယ်….(မှန်ပါ့)။

အတိတ် ဘဝက မျှောလာလိုက်တာ၊ ယခု ပစ္စုပ္ပန်ဘဝ ရောက်လာပြီ၊ ရောက်လာတော့ သူကောင်းကောင်း နေရသလား…. ဆိုးဆိုးနေရသလား….လို့ မေးလိုက်တဲ့အခါကျတော့ ဒုက္ခသစ္စာကွက်ထဲ ရောက်နေတယ်….(မှန်ပါ့)ဒါဖြင့်အဆိုးဒုဋ္ဌ ရောက်နေတာပေါ့ (မှန်ပါ့)။

အဆိုး ဒုက္ခရောက်ပြီးသကာလနေပြန်တော့ မျှောလာတုန်း ကလဲ သူ…အသုတဝါ ပုထုဇ္ဇနော၊ ဒီဘဝမှာ ခင်ဗျားတို့ဆရာ သမားနဲ့ မတွေ့ဘဲ နေလို့ရှိယင် အသုဘဝါ ပုထုဇ္ဇနောဘဲ ဖြစ်နေဦးမယ်ဆိုလို့ရှိယင် ဆွဲမိဆွဲရာ ကိုင်မိကိုင်ရာ ဆွဲဦးမယ်…. (မှန်ပါ့)။

ဆွဲမိဆွဲရာ ကိုင်မိကိုင်ရာဆိုတာက မိမိခန္ဓာကြီးယင်လဲအားကိုး လိုက်လိမ့်မယ်၊ သူကမျှောလာတာကို….(မှန်ပါ့) ရေထဲမျှောပြီး သကာလ လာတော့ ရောက်ရာမှာ ခန္ဓာငါးပါးတည်းဟူသော သစ်ကိုင်းတွေရှိတဲ့ဥစ္စာ သိပြီးသားအတိုင်းထားပါတော့၊ အဲဒါကို အသုတဝါ ပုထုဇ္ဇနော ဖြစ်နေတော့ အကြား အမြင် မရှိတဲ့ ပုထုဇဉ်ဖြစ်နေတော့ တဏှာနဲ့ ဆွဲလိုက် ဥပါဒါန်နဲ့ ဆွဲလိုက် ကံနဲ့ဆွဲလိုက်ဆိုတော့ ဩော်-ဒါဘယ့်နှယ်ကြောင့်ကိုယ့်ခန္ဓာကြီး ကိုယ်ခင်၊ သားမယား ခန္ဓာကိုယ်ခင်၊ သားသမီးတွေ အားကိုး၊ ပစ္စည်းတွေ အားကိုးနေပါလိမ့်မတုံးလို့ တတိယကွက်က တဏှာနဲ့ ဒုတိယကွက်ကိုဆွဲယူတယ်….(မှန်ပါ့ဘုရား)။

ဒုတိယခန္ဓာကိုယ်ကြီးကို ခင်တယ်- မင်တယ်ဆိုတဲ့ အဓိပ္ပါယ် မရဘူးလား….(ရပါတယ်) သားသမီး ခန္ဓာကိုယ်ခင်တယ်၊ ကိုယ်

ရှာထားတဲ့ ပင့်ညည်းကလေးတွေကို ခင်တယ်ဆိုတော့ ဆဲ့မိဆဲ့ရာ ဆဲ့ပြန်တယ်....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ဆဲ့မိဆဲ့ရာ ဆဲ့ပြန်တာတုံးလို့ မေးတဲ့အခါ ကျတော့ ဒုက္ခသစ္စာမသိလို့ဘဲ ဆဲ့ပြန်တယ်.... (မှန်ပါ့ဘုရား)။

ဒါက ဒုက္ခသစ္စာမဟုတ်လား....( မှန်ပါ့ ) ဒါတွေခင်နေပြန် တော့ ဆဲ့မိဆဲ့ရာ ဆဲ့တဲ့အမိပ္ပါယ်....(မှန်ပါ့)ဒါတွေ မရ-ရအောင် မလွတ်-လွတ်အောင် ပြင်ထားပြန်တော့ ဒီပစ္စည်းတွေကို လွတ်တဲ့ သဘောလား၊ ဆဲ့ငင်တဲ့သဘော ရောက်သလားလို့ မေးယင် ဘယ့်နှယ် ပြောကြမယ် .... (ဆဲ့ငင်တဲ့သဘော ရောက်ပါတယ် ဘုရား)။

ဟာ .. ဘယ့်နှယ်ကြောင့် ဒုက္ခသစ္စာကြီး-အနိစ္စဒုက္ခသစ္စာကြီး ဒုက္ခဒုက္ခသစ္စာကြီး· အနတ္တ ဒုက္ခသစ္စာကြီးကို ဘယ့်နှယ်ကြောင့် ဆဲ့ပြန်ပါလိမ့်မလဲလို့ မေးဘို့မလိုဘူးလား.... (လိုပါတယ်ဘုရား)။

ဒီဘဝမှာ ကလျာဏမိတ္တနဲ့ မတွေ့တော့ "အသုတဝါ ပုထုဇ္ဇနော" ဘဲပြန်ဖြစ်နေတယ်....( မှန်ပါ့ ) ဘယ့်နှယ် ဆိုကြမယ်.... (အသုဘဝါ ပုထုဇ္ဇနောဘဲ ပြန်ဖြစ်နေပါတယ်ဘုရား)။

"အသုတဝါ ပုထုဇ္ဇနော" ဘဲ ပြန်ဖြစ်ပါတယ်၊ ဘယ့်နှယ် ကြောင့် ပြန်ဖြစ်ပါလိမ့်မတုံးလို့ အမေးထုတ်လို့ရှိယင်ဖြင့် တဲ့ ဒီဘဝ ကလျာဏမိတ္တမရဘူး .. (မှန်ပါ့ဘုရား)။

ဒီဘဝ ကလျာဏမိတ္တမရတော့ ဒုက္ခသစ္စာလို့ သူသည် သိ သေးရဲ့လား....(မသိပါဘုရား) မသိတော့ ဟာကျာနဲ့ ဒီခန္ဓာကြီး၊ ခင်တယ်၊ တကျာနဲ့ပင့်ညည်းတွေခင်၊ တကျာနဲ့ သားသမီးတွေခင် တော့ကို တတိယကွက် မကူးဘူးလား·ကူးသလား.... (ကူးမှာပါ ဘုရား)ကူးနေပြီ။

ဘယ့်နှယ်ကြောင့် ဦးကျော်မောင် ကူးပါလိမ့်မတုံး လို့ ဘုန်းကြီးကမေးတော့ ဘယ့်နှယ်ဖြေပါ့မတုံး.... (ဒုက္ခသစ္စာမှန်း မသိလို့ပါဘုရား)။

မသိတော့ သူ့ဘယ့်နှယ်ဆိုမလဲနာမည်ပေးလိုက်(အသုတဝါ ပုထုဇ္ဇနော ပါဘုရား)။

လာတုန်းကလဲ "အသုတဝါ ပုထုဇ္ဇနော" မျောလာတယ်.... (မှန်ပါ့) မျောပြီးသကာလ ခန္ဓာငါးပါး ဒုက္ခသစ္စာကြီးနဲ့တကွ မျောပြီးသကာလ လာပြန်တော့ ဆွဲမိဆွဲရာဆိုတဲ့ ကန္တာရသစ်ပင်တွေကို မောင်သစ် ဆွဲပြန်ပြီ (မှန်ပါ့ဘုရား)။

ကိုယ့်ခန္ဓာခင်တယ်၊ သားသမီးခန္ဓာခင်တယ်၊ ပစ္စည်းခန္ဓာကော .... ( ခင်ပါတယ် )ခင်တော့ ဒါဆွဲတာဘဲမဟုတ်လား.... (မှန်ပါ့)တဏှာနဲ့ဆွဲလိုက်၊ ဥပါဒါန်နဲ့စွဲလမ်းလိုက်၊ ဒီလိုနေတော့ ဟ... ဘယ့်နှယ်ကြောင့် ပြန်ဆွဲနေပြန်ပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့မှ ဦးဘသန်း အဖြေပေးစမ်းပါ.... (ကလျာဏမိတ္တနဲ့ မတွေ့ရလို့ပါဘုရား)။

မတွေ့ရတော့ သူ့နာမည်ကို ဘယ်လိုပြန်ပေးမတုံး . (အသုတဝါ ပုထုဇ္ဇနော ပါဘုရား)။

ကဲ .. ပုထုဇန်စွမ်းရည်သတ္တိ သိပလား....(သိပါပြီ) ခုနင်ကလဲ ပုထုဇန်... ( မှန်ပါ့ ) ပုထုဇန်မို့ ဒီဒုက္ခအကျိုးပေးတယ်၊အကျိုး ပေးပြီးဒီဒုက္ခဘဲပြန်ဆွဲပြန်တယ်၊ ဒီဒုက္ခဘဲ ပြန်မဆွဲကြဘူးလား .... (ဆွဲပါတယ်ဘုရား)။

မောင်သစ် ဘယ်လောက်ကြောက်စရာ ကောင်းသတုံး .... ( ကောင်းပါတယ် ) ကြောက်စရာ အင်မတန်ကောင်းပါတယ်

ဆိုတဲ့ဥစ္စာဘဲ တကာတကာမတို့ အမြင်နဲ့ပြနေတယ် .... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါ သူများပြောနေတာလား-ဦးမြမောင်တို့၊ဦးကျော်မောင်တို့၊ ဦးဘသန်းကြီးတို့ ပြောနေတာလားလို့ မေးတော့ ဒီဘဝမှာ ခင်ဗျားတို့ ကိုယ့်အားကိုးကလေးနဲ့ ကိုယ်ရှိကြတယ်- (မှန်ပါ့ဘုရား)။

အရောင်းအဝယ်ကလေး အားကိုးလို့၊ ကိုယ့် သားသမီးကလေးအား ကိုးလို့ ကိုယ့်ပစ္စည်းကလေး အားကိုးလို့၊ ဟာ.... ဒါတွေက ဘာတွေတုံးမေးတော့ ဒါတွေက သားသမီးနဲ့ပစ္စည်းထားလိုက်ပါတော့ ဒုတိယအကွက်က .. (မှန်ပါ့) ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)၊

ဒုက္ခသစ္စာဆိုငတည်းက ဖြစ်ပျက်မို့ ဒုက္ခသစ္စာပေါ့ (မှန်ပါ့) ဒုက္ခသစ္စာဆိုတာ ဘယ့်နှယ်ကြောင့် သူ့ကိုဒုက္ခသစ္စာဖွဲ့ရပါလိမ့် (ဖြစ်ပျက်မို့လို့ပါဘုရား) ဖြစ်ပြီး ပျက်တတ်တဲ့မမို့ ဒုက္ခသစ္စာဆိုတာပေါ်ပလား .. (ပေါ်ပါပြီဘုရား)။

ဖြစ်ပြီး ပျက်တတ်တဲ့မမို့ ဒုက္ခသစ္စာဆိုတာ တကာတကာမတွေက "အသုတဝါ ပုထုဇ္ဇနော" ဖြစ်နေတော့ ဒုက္ခသစ္စာဖြစ်ပျက်ဒုက္ခသစ္စာလို့ မသိပြန်တော့ ကိုယ့်ခန္ဓာအားကိုး၊ ကိုယ့်ပစ္စည်းအားကိုး၊ ကိုယ့်သားသမီး မြေးမြစ်တွေ အားကိုးပြီးသကာလ နေပြန်တော့ ဟာ .... ဘာဖြစ်နေပြန်ပါလိမ့်မတုံး လို့ မေးတဲ့အခါကျတော့ ဆဲ့မိဆဲ့ရာဆဲ့နေပြန်ပြီ၊ ရေထဲမျောလာတဲ့ပုဂ္ဂိုလ်ကန္ဒားသစ်ပင်ကို ဆွဲမိဆွဲရာဆွဲနေပြန်ပြီ ဆိုလို့ရှိယင် လွဲပါ့မလား (မလွဲပါဘုရား)။

ရေထဲလဲ မျောလာသေးတယ်....( မှန်ပါ့ )ဆွဲမိဆွဲရာကော.... (ဆွဲရပါသေးတယ်)ဆွဲတော့ ဒီဥစ္စာတွေဟာ အနိစ္စ,ဒုက္ခ,အနတ္တ သစ္စာတွေဆိုတော့ကို ခိုင်ပါ့မလား-မြဲပါ့မလား....(မခိုင်ပါ-မြဲလဲ မမြဲပါဘုရား)။

ခိုင်လဲမခိုင် မြဲလဲမမြဲကို ခင်ဗျားတို့က လက်ကမလွှတ်တဲ့အခါ ကျတော့ကန္နားသစ်ပင်ကိုရေထဲမျောလာတဲ့ သံသရာ့ချီးသည်က ဆွဲပြန်တော့ ကန္နားသစ်ပင်ဆွဲတော့ကို ကိုယ့်အပေါ်ဘဲ ပြုတ်ကျတယ်....(မှန်ပါ့)မကျဘူးလား....(ကျပါတယ်ဘုရား)။

ဟ....ဘယ့်နှယ်ကြောင့် ကိုယ့်အပေါ် ပြုတ်ကျပါလိမ့်မဘုံး ဆို အို....“အသုတဝါ ပုထုဇ္ဇနော”ပြုတ်ကျလိမ့်မယ် မသိဘူးကွ- (မှန်ပါ့)ဒီတော့ အနိစ္စ,ဒုက္ခ,သစ္စာသိသေးရဲ့လား.... (မသိပါ) ဒုက္ခဒုက္ခသစ္စာကော .... ( မသိပါ ) အနတ္တ,ဒုက္ခသစ္စာကော.... (မသိပါဘုရား)။

ကဲ....မောင်သစ်တို့၊ မောင်ချစ်စိန်တို့ ဆွဲမိဆွဲရာ ဆွဲနေကြ ပြန်ပြီ မင်းတို့ဖြစ်တွေက .... ( မှန်ပါ့ ) ကိုယ့်ရက်ကန်းကလေး အားကိုးလိုက်၊ဆိုင်ကလေး အားကိုးလိုက်၊ အင်း .... ကျောက် ကုန်သည်ကလဲ ကျောက်ကလေး အားကိုးလိုက်ဟင် ... (မှန်ပါ့ ဘုရား)။

အမြဲတမ်းကို အားကိုးနေတာ၊ ဘာတွေတုံးကွလို့ မေးသို့ ရှိယင်ဖြင့် ဦးမြမောင် ဖြေတတ်ပလား ... (ဖြေတတ်ပါပြီဘုရား) ဘယ်လိုဖြေပါ့မလဲ“အသုတဝါ ပုထုဇ္ဇနော”မို့ ဆွဲချင်တာဆွဲနေ တာဘုရာ့ .. (မှန်ပါ့)ပြုတ်ကျမယ်လို့ မသိဘူးဘုရာ့ .... (မှန်ပါ့ ဘုရား)။

ပြုတ်ကျမည့် ပစ္စည်းတွေတော့ မသေချာဘူးလား.... (သေချာပါတယ်ဘုရား) အဲဒါကို သူတို့က တခါတည်း အားကိုးတုံး.... (မှန်ပါ့ဘုရား)။

ဘာလုပ်ကြသတုံး... (အားကိုးလုပ်ပါတယ်) အားကိုးလုံးကြီး လုပ်ပြီးသကာလနေတော့ တော်တော်ကြာ ရှုံးသွားလိုက်-တော်တော်ကြာ ဖေါက်ပြန်သွားလိုက်၊ တော်တော်ကြာ မီးလောင်သွားလိုက်၊ တော်တော်ကြာ ရေကဖျက်သွားလိုက်တော့ ကိုယ်ကျိုးကြီးနည်းကုန်ပြီ .. (မှန်ပါ့) မလာဘူးလား- (လာပါတယ်) ကိုယ်ကျိုးကြီးနည်းပြီလို့ ပါးစပ်တွေက မပြောကြဘူးလား... (ပြောပါတယ်ဘုရား)။

ခဲလေသမျှ သဲရေကျဖြစ်ပြီဟ.... (မှန်ပါ့) နဂိုရ်ကတည်းက သူ့ဟာမခိုင်ပါဘူးဆိုတာ မခိုင်တာလဲ ဆွဲထားသေးရဲ့ ကံမကောင်း အကြောင်းမသင့်လို့လဲ ပြောသေးရဲ့ ဆိုတော့ "အသုတဝါ ပုထုဇ္ဇနော" သေချာတယ်... (မှန်ပါ့ဘုရား)။

ဒါ ကံမကောင်းလို့ ပြုတ်ကျတာလား၊ ပြုတ်ကျမည့်ပစ္စည်းမို့ ပြုတ်ကျတာလား.... (ပြုတ်ကျမည့်ပစ္စည်းမို့ ပြုတ်ကျတာပါဘုရား)။

အို....ကျုပ်တို့ကံများဟာ စုမိရင်း သမင်မွေးရင်း ကျားစားရင်း ဖြစ်နေတယ်လို့ ခင်ဗျားတို့က ပြောချင် ပြောနေတာ.... (မှန်ပါ့) မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ဘာမှ သခင်မွေးရင်း ကျားစားယင်း မဟုတ်ပါဘူး တကာ တကာမတို့ ပြုတ်ကျတတ်တဲ့ပစ္စည်း ပျက်စီးတတ်တဲ့ ပစ္စည်းမို့ ပျက်စီးတဲ့သဘော ပြောတာပါဘဲ၊ ခင်ဗျားတို့ ကံမကောင်းလို့ မဟုတ်ပါဘူး . (မှန်ပါ့ဘုရား)။

သူ့ သဘောက ဒုက္ခသစ္စာပါတဲ့၊ ဒုက္ခသစ္စာ မသိတော့ ကံပေါ် ချလိုက်ပါတယ်....(မှန်ပါ့)ဒီအလွဲဟာ အတော်ဆိုးတယ် (မှန်ပါ့) ဦးမြမောင် သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒီခန္ဓာကိုယ်ကြီးနဲ့ ပစ္စည်းတွေဟာ ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါ) ဒုက္ခသစ္စာဆိုတာ အနိစ္စ,ဒုက္ခသစ္စာဆိုတာ ဒါတွေ စွဲလမ်းတော့ ဒါတွေက ဖေါက်ပြန် ပျက်စီး ကုန်တာပေါ့ .... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဖေါက်ပြန် ပျက်စီးသွားတဲ့ အခါကျတော့ ခင်ဗျားတို့က အိုအောင်, မင်းအောင် မပေါင်းရဘူး၊ ကံက မကောင်းဘူး....(မှန်ပါ့) မှန်ကြရဲ့လား....(မမှန်ပါဘုရား)။

ခင်ဗျားတို့စွဲချက်က ခင်ဗျားတို့က အိုအောင်, မင်းအောင် ပေါင်းချင်တယ်၊ အဲဒီမှာ သားနဲ့,သမီးနဲ့,ဆွေနဲ့,မျိုးနဲ့ ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ဒီဘဝမှာ သားနဲ့, သမီးနဲ့, ဆွေနဲ့, မျိုးနဲ့ ဒုတိယ ကွက်ထဲဖြစ်နေတာ....(မှန်ပါ့) ဘာသစ္စာတွေ ရှိထားသတုံး..., (ဒုက္ခသစ္စာတွေ ရှိထားပါတယ်)အနိစ္စမှဟုတ်ကဲ့လား... (ဟုတ်ပါတယ်ဘုရား) ဒုက္ခမှကော....(ဟုတ်ပါတယ်) အနတ္တမှကော...., (ဟုတ်ပါတယ်ဘုရား)။

အနတ္တတော့ ဟုတ်နေတာဘဲ....(မှန်ပါ့) အဲဒါတွေ ခင်ဗျား တို့က ငါ့သားဘဲ, ငါ့သမီးဘဲ, ငါ့မြေးဘဲ, ငါ့ပစ္စည်းဘဲဆိုပြီး သကာလ ခင်ဗျားတို့က တဏှာ,ဉပါဒါန်တွေနဲ့ မဆွဲကြဘူးလား ( ဆွဲကြပါတယ် ) 'အသုတဝါ ပုထုဇ္ဇနော' ဗျာ .... (မှန်ပါ့ ဘုရား)။

'အသုတဝါ ပုထုဇ္ဇနော'ဖြစ်နေတော့ ဆွဲမိဆွဲရာ ဆွဲတာပေါ့ ( မှန်ပါ့ ) နောက်က ဆွဲလို့လဲ မြုပ်တာတွေများလှပါပြီ....

(မှန်ပါ့) အခုထပ်ပြီးသကာလ ရောက်ရာဘဝမှာဘဲ စွဲကြဆွဲကြ ပြန်ပြီဆိုယင်ကော လွဲသလား....(မလွဲပါဘုရား)။

အဲဒီတော့ မလွဲတော့ကို ဒါ 'အသုတဝါပုထုဇ္ဇနော' မို့ ရောက်ရာဆွဲတာ၊ ကန္ဒာသစ်ပင်တွေ ဆွဲတာဘဲ....(မှန်ပါ့ဘုရား)။

ကိုယ်က သံသရာကမျှောလာတယ်၊ ပဌမသံသရာကမျှောလို့ ဒီရောက်လာတယ်၊ ရောက်လာတော့ ဒီပုထုဇန်တွေ ဒီကျတော့ ကို ဒါတွေ ကန္ဒာသစ်ပင်တွေကို ခိုင်တယ် - မြဲတယ် ထင်ပြီး သကာလ အားကိုးကြပြန်တယ်.... ( မှန်ပါ့ ) အားမကိုးကြဘူး လား....(အားကိုးကြပါတယ်ဘုရား)။

အားကိုးကြတာက ဘယ့်နှယ်ကြောင့် အားမကိုး ကောင်း တာကို အားကိုးပါလိမ့်မလဲလို့ အမေးထုတ်ယင် ဘယ့်နှယ် ဆိုကြမယ်... (အသုတဝါ ပုထုဇ္ဇနော ဖြစ်နေလို့ပါဘုရား)။

ကိုင်း .. ခင်ဗျားတို့ဘဲ စဉ်းစားကြပါ ....( မှန်ပါ့ )ငါ့ လယ် ရှိသားဘဲ၊ ယာရှိသားဘဲ-ဟင် .. (မှန်လှပါ) အစိုးရဘဏ္ဍာတော်နဲ့ သိမ်းလိမ့်မယ်ဆိုတာလဲ မသိဘူးဟုတ်လား(မှန်ပါ့)မိုးခေါင်ယင် ဘာမှမရဘူးဆိုတာလဲ မသိဘူး၊ မိုးရေဖျက်သွားလို့ရှိယင် ဘာမှ မရဘူး အနိစ္စတွေဆိုတာလဲ ဘာမှမသိဘူး... (မှန်ပါ့ဘုရား)။

ငါ့ ဒါရှိနေမှ ဘာပူစရာရှိသတုံးဆိုတော့ နဂိုရ်က'အသုတဝါ ပုထုဇ္ဇနော' မျှောလာသို့ ဒုက္ခတွေ ရ,ထားတဲ့ဥစ္စာ ဒုက္ခအားကိုး နေပြန်တယ်....(မှန်လှပါဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ.... (ဒုက္ခအားကိုး နေပါတယ်) ဒုက္ခဘဲ အားကိုးနေတယ်ဆိုတော့ ကြည့်ပါ ၂-နံပါတ်ဟာ ဘာသစ္စာ တွေတုံး....(ဒုက္ခသစ္စာတွေပါဘုရား)။

ဒုက္ခသစ္စာတွေကို ၃-နံပါတ်မှာ 'အသုတဝါ ပုထုဇ္ဇနော' ဖြစ်နေတဲ့အတွက် အားကိုးမြဲဘဲ အားကိုးနေပြန်တယ် ဆိုတော့ ဒါတွေဟာ အနိစ္စ, ဒုက္ခသစ္စာတွေဖြစ်တော့ ခဏခဏဖောက်ပြန် ပျက်စီးတဲ့သဘော မပြဘူးလား....( ပြပါတယ် )ဒုတိယအကွက်ကလေး....(ပြပါတယ်ဘုရား)။

ပြတဲ့အခါ ခင်ဗျားတို့က မဂ်ရသလား....တဲ့၊သောတ ပရိဒေဝ ရသလား၊မေးယင် ဘယ့်နှယ်ဖြေမလဲ-(သောကပရိဒေဝ ရပါတယ် ဘုရား)။

ဟာ ...ကံမကောင်း အကြောင်းမသင့်လို့ သောကပရိဒေဝ ရတာလား၊ ဒုက္ခသစ္စာမသိလို့ အဆွဲမှားလို့ ရတာလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... ( အဆွဲမှားလို့ ရတာပါ ဘုရား)။

ဒုက္ခသစ္စာသဲမသိဘူး၊ အဆွဲက မှားပြီးသကာလနေတော့ ဒါတွေက ခိုးသွား, ဝှက်သွား,လုံမ်သွားကောက်သွား,ပျက်သွား ကိုးဗျ....ဟင်.... (မှန်ပါ့ဘုရား) ပျက်စီးတတ်တဲ့တရားတွေဆိုတာ တားသို့ ဆီးလို့ ရရဲ့လား....(မရပါဘုရား)။

အဲဒီ့ မရတာကိုပင်လျှင် ခင်ဗျားတို့က ဒုက္ခသစ္စာတွေပါ ခဏခဏ ဖောက်ပြန်ပျက်စီးပါတယ်လို့ ဆိုတာ တရားသဘော အတိုင်းက ကေန်ရှိပါလျက်သားနဲ့ ခင်ဗျားတို့ချင်း နားခမ်းပဲ့ ချင်း မီးမှုတ်တဲ့အခါကျတော့ ကျုပ် ကံမကောင်းဘူး၊ ပျက်စီး တယ် .. (မှန်ပါ့) လုပ်လိုက်ပျက်စီးသိုက်၊ မောင်သစ် ဘာဖြစ် တာတုံးကွ.... ဒုက္ခသစ္စာ သူသိတာလား.... (မသိတာပါဘုရား)။

မသိတော့ သူဆွဲကတည်းက အားကိုးကတည်းက မလွဲဘူး လား....လွဲသလား ...(လွဲပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး ... ဘာသစ္စာ သူ အားကိုးထားသတုံး.... (ဒုက္ခသစ္စာ အားကိုးလို့ပါဘုရား) ဒုက္ခသစ္စာကို သူအားကိုး ထားတော့ ဒုက္ခသစ္စာက ဒုက္ခသစ္စာဘဲပြောရမှာဘဲ....( မှန်ပါ့ ) သုခသစ္စာတော့....(မပြောပါဘုရား)။

မပြောနိုင်တာကို ဒီတကာတကာမတွေက ဒုက္ခသစ္စာမသိဘဲနဲ့ ကန္တာရသစ်ပင်တည်းဟူသော သံသရာ့ခရီးသည် အမျှောသမား ကြီးက ရေထဲမျော ကန္တာရသစ်ပင်ပါဆွဲ မြေဆိုင်တွေပါ ခန္ဓာ ကိုယ်ပေါ် ပြုတ်ကျတော့ ကိုယ်ကျိုးနည်းပြီ.... ( မှန်လှပါ ဘုရား)။

ကိုယ်ကျိုးနည်းယင် လွတ်လိုက်ပါတော့လား.... မဆွဲဘဲနေ ပါတော့လားဆိုလို့ရှိယင်လဲ ရောက်ရာအားကိုးတာဘဲ-(မှန်ပါ့) ဒီခင်ပွန်းမနဲ့တွေ့ယင် ဒီခင်ပွန်းမ၊ ဒီယောကျ်ားနဲ့ တွေ့ယင်.... (ဒီယောကျ်ား အားကိုးပါတယ်ဘုရား ) ဒီကုန်နဲ့တွေ့ယင်.... (ဒီကုန်ဘဲ) ဒီအိမ်နဲ့တွေ့ယင် (ဒီအိမ်ဘဲ) ဒီမြေနဲ့တွေ့ယင်.... (ဒီမြေပါဘုရား) အားကိုးသ၍ဟာတွေလဲ ဘာသစ္စာတွေတုံး.... (ဒုက္ခသစ္စာတွေပါဘုရား)။

အားကိုးသ၍ကလဲ ဒုက္ခသစ္စာတွေဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ) အဲဒီတော့ ခင်ဗျားတို့ သစ္စာမသိသ၍ ဒီဒုက္ခ သစ္စာဘဲ အားကိုးလုံး လုပ်ကြမှာဘဲ.... (မှန်ပါ့) လုပ်တိုင်းလုပ် တိုင်းလဲသောက ပရိဒေဝ ဒုက္ခဒေါမနဿဆိုတာတွေမြေဆိုင်ပါ ပိပြီးသကာလ သစ်ပင်ပါပြုတ်ကျ၊ ကန္တာရသစ်ပင် မြေဆိုင် ပါဆွဲတဲ့ ပုဂ္ဂိုလ်အပေါ်မှာပြုတ်ကျပြီးသကာလ ငိုပွဲချည့်ဆင်ရ မယ်... (မှန်ပါ့) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဘာပွဲဆင်ရမလဲ....(ငိုပွဲချည့် ဆင်ရပါမယ်ဘုရား) ဩော်.... ကံမကောင်း အကြောင်းမသင့်လို့ ငိုပွဲဆင်ရတာလားလို့ မေးတော့ ခင်ဗျားတို့ လောကကြီးထဲ ပျော်နေကြတာ သစ္စာ မသိတဲ့ ပုဂ္ဂိုလ် ပျော်နေကြတာကတော့ဖြင့် ကံမကောင်း အကြောင်း မသင့်လို့မဟုတ်ဘူး(မှန်ပါ့) ဘာမှမဆိုင်ဘူး ကံနဲ့... (မှန်ပါ့)။

မဆွဲကောင်းတာ ဆွဲလို့ ပြုတ်ကျတာ....(မှန်ပါ့ဘုရား) ကံနဲ့ ဘာဆိုင်သတုံး....(မဆိုင်ပါဘုရား)။

သို့သော် .. တကာတကာမတွေ့မှာ ကလျာဏမိတ္တ မရတော့ ဦးဘသန်းရေ....ဒါကံမကောင်းလို့ ပြောတာ .. (မှန်ပါ့) ခန္ဓာ အားကိုးယင် ဘာသစ္စာတုံး...( ဒုက္ခသစ္စာပါဘုရား ) ပစ္စည်း အားကိုးယင်....(ဒုက္ခသစ္စာပါဘုရား)။

အင်း ဒုက္ခသစ္စာဆိုတော့ ခဏခဏ ပျက်တာဒုက္ခသစ္စာကိုးဗျ (မှန်ပါ့ ပေါ်ပလား....(ပေါ်ပါပြီဘုရား) အဲဒါ ကံမကောင်း အကြောင်းမသင့်လို့လား... ကိုယ့်ကိုယ်က အသုဘာဝါပုထုဇ္ဇနော ဖြစ်လို့ အဆွဲမှားတာလား....(ကိုယ့်ကိုယ်က အသုတဝါ ပုထုဇ္ဇနော ဖြစ်နေလို့ အဆွဲမှားတာပါဘုရား)အဆွဲမှား အားကိုးမှား (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီး နဒီသုတ်ဆိုပြီး ဟောပါတယ် (မှန်ပါ့)ပုထုဇန်မိုက်က ဒီဘက် မျောလာတယ်ကွ....၊ ဒီဘက် မျောလာတော့ ဒါ ကန္သားသစ်ပင် ခန္ဓာကြီး ရတယ်ကွတဲ့....၊ ဟောတာတွေနဲ့ ဆွဲပြန်တယ်ကွ .. တဲ့ .. (မှန်ပါ့)။

ဆွဲတဲ့အခါကျတော့ ကန္သားသစ်ပင် ဆွဲမိလို့ ကိုယ်က သိပ်အားကိုးလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့်တဲ့ သစ်ပင်က အနိစ္စ

သစ်ပင်, ဒုက္ခသစ်ပင်တွေမို့ ပြုတ်ကျပြီး ခန္ဓာပေါ်မှာ ပြန်ကျတာဘဲ....(မှန်ပါ့)။

ဒါကြောင့် ခင်ဗျားတို့ ရင်ထုတဲ့အခါကျတော့ သူများ ထုသလား....(ကိုယ့်ကိုယ်ကိုယ်ထုပါတယ်ဘုရား)။

ပြုတ်ကျတယ်၊ သားက ပြုတ်ကျ၊ သမီးက ပြုတ်ကျတော့ ကိုယ့်ကိုယ် ထုတယ်....(မှန်ပါ့)ဟိုသေတဲ့လူ သွားထုတာ ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား) ကိုယ့်ပေါ် ကျလို့ ကိုယ့်ပေါ် ထုတာ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သူ့အပေါ်ကျပါလိမ့်....(ကိုယ့်ပေါ်ကျပါတယ်)အဲ.... ဦးကျော်မောင် ရိပ်မိပြီ၊ ဦးမြမောင်ကော .... (ရိပ်မိပါတယ်ဘုရား)။

ခင်ဗျားတို့ အသုဘပို့ဘူးတယ်မဟုတ်လား....(ပို့ဘူးပါတယ်ဘုရား)သူများ ရင်ထုတာတွေ့ဘူးသလား- သူ့ဟာသူထုနေတာတွေ့သလား....(သူ့ဟာသူ ထုနေတာတွေ့ပါတယ်ဘုရား)။

သူ့ဟာသူ ထုနေတာ....( မှန်ပါ့ ) သူ့အပေါ် ပြုတ်ကျပါတယ်၊ရှင်းကြပလား....(ရှင်းပါပြီ)သားပြုတ်ကျတာလဲ ဒီအပေါ်မှာပါဘဲလို့ ပြောတယ်....( မှန်ပါ့ ) သမီးပြုတ်ကျတာကော.... (ဒီအပေါ်မှာပါဘဲဘုရား)။

ဒီခန္ဓာပေါ် ပြုတ်ကျပါတယ် ပြောတာ....(မှန်ပါ့)ဆွဲတာက သားဆွဲထားတယ်၊ သားက အနိစ္စရောက်သွားတယ်.... (မှန်ပါ့) သမီးဆွဲတော့ သမီးက အနိစ္စရောက်တော့ သူ့အပေါ်ပြုတ်ကျတယ် ပြောတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) သဘောပါကြလား... (ပါ-ပါတယ်ဘုရား)။

ပြုတ်ကျတဲ့အခါ မျက်ရည်ကြီးငယ်ကျတဲ့ အခါကျတော့ လာကြပါဦး, ကယ်ကြပါဦး, ယူကြပါဦး၊ ဘယ်သူကယ်လို့မှ မရဘူး၊ သူ့ဟာသူ အဆွဲလွဲယင် လွတ်ပစ်ပါလားဗျ.... (မှန်ပါ) လွတ်ပစ်ယင် သူ့အပေါ်ပြုတ်ကျပါ့မလား .. (မကျပါ)နဂိုရ်က ရှင်တုန်းကလေး... (မှန်ပါ့ဘုရား)။

အခုတော့သူက ဆုပ်လဲထားသေးရဲ့၊ ရေထဲကသူက .... (မှန်ပါ)ကမ်းပေါ်က သစ်ပင်ဆုပ်လဲ ထားသေးတယ်၊ကန္ဒွား သစ်ပင်ဆိုတော့ သူ့အပေါ် ပြုတ်ကျသေးတယ်၊ ပြုတ်ကျလို့ သူ့ရင်ပတ်ပေါ် ပြုတ်ကျတဲ့ဥစ္စာ သူငိုခြင်းချရတဲ့ဥစ္စာ မဆွဲဘဲ နေယင် သူ့အပေါ်ပြုတ်ကျပါ့မလား....(မကျပါဘုရား)။

တစိမ်းတွေက ဘာဖြစ်သတုံး ရင်ထုသေးသလား....(မထုပါ ဘုရား)အခုဟာ သူ တဏှာ ဥပါဒါန်က လွှတ်ထားတာလား- ဆွဲထားတာလား....(ဆွဲထားပါတယ်) ဆွဲထားလို့ သူ့အပေါ် ပြုတ်ကျတာ... (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အံ့မာလေး... ခင်ဗျားတို့က ဘေးကသနားလိုက်တာ၊ခင်ဗျား တို့က ရောချော်လုပ်လိုက်သေးတယ်၊ သနားလိုက်တာတဲ့ ဦးမြ မောင်တို့က... (မှန်ပါ့ဘုရား)။

အို .... မြေကြီးပေါ်ကို လူးနေတာဘဲ၊ ထုလိုက်တဲ့ရင်လဲ မပြောနဲ့တော့ ကျုပ်ဖြင့် ကြည့်ကိုမကြည့်ရက်ဘူး၊ အံ့မာ.... မောင်သစ်တို့က ပြောလိုက်သေးတယ်....(မှန်ပါ့ဘုရား)။

အားကိုးလွဲလို့ ဖြစ်ရတာဟော့၊ သူ့အမှားတော်ပုံ သူပြော တာလို့ ဒီလိုပါကြရဲ့လား....(မပါပါဘုရား)။

ကိုယ်ကလဲ သစ္စာမသိတော့ ဩော် .... ကံမကောင်းရှာဘူး ဆိုပြီး သူ့ကို အကူအညီတောင်ပေးလိုက်သေးတယ် .... (မှန်ပါ ဘုရား)။

အပြီးသတ်တော့ ကံမကောင်းတာလား၊ သစ္စာမသိလို့ပြုတ်ကျတဲ့ အပင်ကိုဆွဲတာလား .... (သစ္စာမသိလို့ ပြုတ်ကျတဲ့အပင် ဆွဲတာပါဘုရား)။

အဲ... သစ္စာမသိလို့ပြုတ်ကျတဲ့ အပင်ဆွဲတဲ့ဥစ္စာ ခင်ဗျားတို့က ဩော်.... ငယ်ငယ်ရွယ်ရွယ်နဲ့ ဖြစ်ရရှာတယ် .... ( မှန်ပါ )ဘယ် အရွယ်မဆိုဖြစ်တယ်၊ငယ်သောကြီးသော မဟုတ်ဘူး.... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်အရွယ်မဆို ဖြစ်တာချည့်ဘဲဆိုတာ သဘောပါပလား.... ( ပါ-ပါပြီ ) အဲဒီတော့ ခင်ဗျားတို့ အားကိုးလှဲတဲ့အမိပွါယ် ဒီကနေပြီး သံသရာ့ခရီးသည် မျောလာလို့ ဒီရောက်လာတာ (မှန်ပါ) ဒီရောက်တော့ ဒီခန္ဓာကြီးရ၊ ဒီခန္ဓာကြီးကိုဘဲ တခါ ပြန်ပြီး သူ့အားကိုးပြန်တော့ တဏှာ,ဥပါဒါန်ကလေးနဲ့ မဆွဲ ဘူးလား....(ဆွဲပါတယ်ဘုရား)။

ဆွဲတဲ့အခါကျတော့ ဒီတရားတွေက အနိစ္စ,ဒုက္ခသစ္စာ၊အနိစ္စ ဒုက္ခသစ္စာ၊ အနိစ္စ,ဒုက္ခသစ္စာပြုတ်ပြုတ်ကျတော့ ဒီလိုဖြစ်လိမ့်မယ် မထင်ဘူးဆိုပြီး ဒီဘက် သောက, ပရိဒေဝ လာတာဘဲဗျ .... (မှန်ပါ)မလာဘူးလား... (လာပါတယ်ဘုရား)။

ဒါဘာမသိတာတုံးဆိုတာ ရိပ်မိကြပလား....( ရိပ်မိပါပြီ ) ဒုတိယအကွက် ဒုက္ခသစ္စာမသိတာ... (မှန်ပါ)ဒုတိယအကွက်မှာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။
သိသေးရဲ့လား... (မသိပါဘုရား)။

အို.... ဒါဖြင့် ခင်ဗျားတို့က သူတို့ ငိုတာ မြင်လို့ရှိယင် သူတို့ မျက်စိမျက်နှာ ပျက်နေတာ မြင်လို့ရှိယင် ဘာဖြစ်ဖြစ် မတွေးနဲ့တော့....(မှန်ပါ)။

ခင်ဗျား ဘာဖြစ်သတုံးလို့ ခင်ဗျားတို့ မေးလို့ရှိယင်လဲ သူ ပြောချင်ရာ ပြောလိမ့်မယ် .. (မှန်ပါ) မောင်ချစ်စိန် ပင်ရင်းကျ ကျ မင်းတို့က ဆုံးဖြတ်ချက်ချကြ၊ သစ္စာမသိလို့ ဖြစ်နေကြ တာ၊ ဒီ တလုံးဘဲ ဆုံးဖြတ်ချက်ချ . (မှန်ပါ)။

ဘယ့်နှယ်ဆိုကြမယ်... (သစ္စာမသိလို့ ဖြစ်နေတာပါဘုရား) နောက်က တကာ တကာမတွေ သစ္စာသိဘို့ လွယ်ပါ့မလား.... (မလွယ်ပါဘုရား)။

မလွယ်ဘူးတဲ့၊ ပြီးတော့မှ 'ဝိပဿနုပေက္ခာ' နေရာ လာထင် မှ သူဟာ အတည့်ကျမှာကိုး....(မှန်ပါ) 'ဝိပဿနုပေက္ခာ' လာ မထင်လို့ရှိယင်ဖြင့် မောင်သစ်တို့ နောက်က တကာတကာမတို့ အတည့်ကျပါ့မလား....(မကျပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ပြုံးမည့်ကြံလဲ ဟ ...ငါ့ ဆရာဘုန်း ကြီးကလဲ ဆုံးမထားတယ်၊ ငါလဲ အလကား ရွှေတွေ ငွေတွေရ၊ ကျောက်သံပတ္တမြားတွေရ သားတွေမယားတွေကလဲ ကျန်းမာ နေလို့ ကိုယ့်ကိုယ်ကလဲ ကျန်းမာနေလို့ဆိုပြီး ငါသည်ကားလို့ ဆိုယင် ဘယ်တော့မှ မကျန်းမာတဲ့ ဒုက္ခသစ္စာကို ငါမမြင်လို့ ပြုံးတာ . (မှန်ပါ) ရှင်းပလား(ရှင်းပါပြီ)။

တခါဟိုအိမ်တွေက မဲ့ပြုံနေကြပြန်တဲ့အခါကျလို့ရှိယင်လဲ ဩော် .. သူ ဒုက္ခသစ္စာကို မမြင်ဘဲနဲ့ ကန်းနေလို့ ဒုက္ခသစ္စာမို့ ဒုက္ခသစ္စာပြောတာကို သူကမဲ့နေတာ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ ။

ဒါဖြင့် လောကကြီးထဲမှာ ခင်ဗျားတို့ အခု လူထူးတွေမို့ ဘုန်းကြီးဆီကို ရောက်ပြီး လာကြတော့ လောကကြီးထဲမှာ လူနှစ်မျိုးတည်းရှိတယ်....(မှန်လှပါ) ခုနင်က ပြောခဲ့တဲ့ နှစ်မျိုးဘဲရှိတယ်... (မှန်ပါ) အရှူးပြုံးရယ်၊ အကန်းမဲ့ရယ် ဒီနှစ်မျိုးဘဲ ရှိတယ်....(မှန်ပါ)။

ဝိပဿနုပေက္ခာနဲ့ အလယ်အလတ် မဇ္ဈိမပဋိပဒါနဲ့.... နေတဲ့ပုဂ္ဂိုလ်ဟာ ရှာမှရှား.... (မှန်လှပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား) ဝိပဿနုပေက္ခာနဲ့နေတဲ့ပုဂ္ဂိုလ်က.... ( ရှားပါတယ်ဘုရား)။

ရှားတော့ကို အဲဒီ ပုဂ္ဂိုလ်သာ သစ္စာသိတယ်.... ( မှန်လှပါဘုရား ) အဲဒီပုဂ္ဂိုလ်ကမှ သုတဝါ အရိယာသာဝကော....(မှန်ပါဘုရား)။

ကိုင်း. ဒါဖြင့် မပြုံးလဲ မပြုံးပါနဲ့၊ဟုတ်ငလား... (မှန်လှပါဘုရား) မမဲ့လဲ.... (မမဲ့ပါနဲ့) မမဲ့နဲ့၊မှန်မှန်နေပြီးသကာလ ကြည့်.... ဒါက ဒုက္ခသစ္စာ၊ သိလုံးကလေးက မဂ္ဂသစ္စာ၊ ဒါက ဒုက္ခသစ္စာ၊ ဒါက သိလုံးကလေးက မဂ္ဂသစ္စာလို့ ဒီလိုနေတဲ့ ပုဂ္ဂိုလ်ကျတော့ ပြုံးချိန်လဲမရှိဘူး.... ( မှန်ပါ ) မဲ့ချိန်လဲ.... (မရှိပါဘုရား)။

အင်း.... ဖြစ်နေတာလဲ ဒုက္ခသစ္စာဘဲလို့ ရှုလိုက်ရုံဘဲ၊ ပျက်နေတာလဲ....(ဒုက္ခသစ္စာလို့ ရှုရပါမယ်ဘုရား)။

အဲဒါ ခင်ဗျား တို့စိတ်တွေဟူသရွေ့ပေါ့ဗျာ... (မှန်ပါ) ဒါ.... နေ့လယ် အလုပ်ပေးတရားဆိုတော့ မောင်ချစ်စိန် ဖြစ်တာလဲဘာသစ္စာလို့ ရှုရမလဲ .... ( ဒုက္ခသစ္စာရှုရပါမယ်ဘုရား ) ပျက်

တာကော....(ဒုက္ခသစ္စာလို့ ရှုရမှာပါဘုရား) ဒုက္ခသစ္စာလို့ရှုတဲ့ အခါကျတော့ ပြုံးချိန်မဲ့ချိန် ပါသေးလား.... (မပါတော့ပါ ဘုရား)။

ဘာဖြစ်လို့တုံး....ဆိုတော့ ဩော်.... ပင်ကိုယ်သဘောကို ပင်ကိုယ်သဘောလို့သိတဲ့ပုဂ္ဂိုလ်ကိုး....(မှန်ပါ)။

ဘယ်လိုဆိုကြမယ်....( ပင်ကိုယ်သဘောသိတဲ့ ပုဂ္ဂိုလ်မို့ပါ ဘုရား ) သူ့မှာ ပင်ကိုယ် သဘောက ဒါဘဲ၊ ခန္ဓာ၏ ပင်ကိုယ်သဘောဒါဘဲ....( မှန်ပါ )ပစ္စည်း၏ ပင်ကိုယ်သဘော ကကော....( ဒါပါဘဲဘုရား ) သားသမီး၏ ပင်ကိုသဘောက ကော....(ဒါပါဘဲဘုရား)ဒါဘဲ ရှိတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပင်ကိုယ်သဘောက ဒါဘဲရှိပြီးသကာလ နေတော့ ပင်ကိုယ်သဘောကို ပင်ကိုယ်သဘောအတိုင်း သိနေတဲ့ပုဂ္ဂိုလ်မှ အကြားအမြင်ရှိတဲ့ အရိယာ၏ သာဝကဖြစ်သွားတယ်-(မှန်ပါ) ပေါ်ပလား....( ပေါ်ပါပြီ ) ဒီကျမှ မဇ္ဈိမပဋိပဒါကျတယ်.... (မှန်ပါဘုရား)။

ဒီမဇ္ဈိမပဋိပဒါက နှစ်မျိုးတဲ့၊ ခင်ဗျားတို့ မကြားဘူးတဲ့ မဇ္ဈိမပဋိပဒါလို့ မှတ်ပါ....(မှန်ပါ) အရှုံးပြုံး,အကန်းမဲ့ကြား ထဲ သွားရမှာ....(မှန်ပါဘုရား)။

အရှုံးပြုံး....( အကန်းမဲ့ကြားထဲ သွားရမှာပါ ) ကြားထဲ သွားရမည့် မဇ္ဈိမပဋိပဒါ....(မှန်ပါ) ပေါ်ပလားကွ ..(ပေါ် ပါပြီ) ဘယ်ကြားထဲ သွားကြရမှာတုံး....(အရှုံးပြုံးနဲ့အကန်းမဲ့ ကြားထဲသွားကြရမှာပါဘုရား)။

ဒီကြားထဲ သွားနိုင်မှ မဇ္ဈိမပဋိပဒါကျတော့ မဂ္ဂင်ကသွား ဖြစ်တယ်....(မှန်ပါ့) ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်ဆိုတာ ... (မှန်ပါ ဘုရား)။

အဲဒီတော့ ပြုံးကော ပြုံးသေးလား....(မပြုံးပါ) မဲ့ကော (မမဲ့ပါ) အဲဒီတော့ မဇ္ဈိမပဋိပဒါမကျဘူးလား....(ကျပါတယ် ဘုရား)။

အဲဒါကြောင့် ဒီတရားဟာ ခင်ဗျားတို့ မပျောက်စေပါနဲ့.... (မှန်ပါ့) လောကကြီးထဲက ထွက်တဲ့ဥစ္စာ အရှုံးပြုံး၊ အကန်း မဲ့ကထွက်မှ မဇ္ဈိမပဋိပဒါကျတယ်.... (မှန်ပါ့) မဇ္ဈိမပဋိပဒါ ကျမှ မဂ္ဂင်လမ်းပေါ်ရောက်တယ်.... ( မှန်ပါ့ ) မဂ္ဂင်လမ်းပေါ် ရောက်မှ နိဗ္ဗာန်ကို အဖြောင့်ဆိုက်တယ်၊ နို့မဟုတ်ယင် ဆိုက်ပါ့ မလား... (မဆိုက်ပါဘုရား)။

ကဲ....ဒီတော့ ဦးမြမောင်တို့ ကောင်းနေရတာ ဟိုအိမ်သွား ကြည့်ပြန်တော့ အရှုံးပြုံးတွေ့ခဲ့ ...(မှန်ပါ့) ဟိုအိမ်သွားမေးလိုက် ပြန်တော့ အကန်းမဲ့... (မှန်ပါ့) ကန်းနေတာနဲ့ သူကမဲ့လုံးတွေ နဲ့ အချိန်ကုန်နေတယ်....(မှန်ပါ့ဘုရား)။

ဒီလိုသာမျှားပြီး မဇ္ဈိမပဋိပဒါအိမ်ကို ရောက်ကို မရောက် ဘူးဘူး.... (မှန်ပါ့)ရောက်ဘူးရဲ့လား....(မရောက်ဘူးပါဘုရား)။

ကိုယ်ကိုယ်တိုင်ကလဲ မဇ္ဈိမပဋိပဒါ သဘောကို မသိတော့ ခြေဘ်....လောကကြီးထဲမှာဖြင့် အရှုံးပြုံး၊ အကန်းမဲ့တွေ ကြား ထဲမှာ ဒို့အဖော်လုပ်နေရတာဘဲ .... ( မှန်ပါ့ ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘယ်သူ့မှ အဖော်မလုပ်ပါနဲ့၊ ခင်ဗျားတို့ သစ္စာသိတဲ့ဉာဏ်ကို အဖော်လုပ်နေပါ ဆိုတာကို တိုက်တွန်း

လိုက်တယ်....(မှန်ပါ့) သစ္စာသိတဲ့ဉာဏ်ကို .... (အဖေါ်လုပ်နေရပါမယ်ဘုရား)။

ဒီလိုဆိုလို့ရှိယင်ဖြင့် အရှုံးပြုံးအဖြစ်မှလဲ လွတ်ပါတယ် .... (မှန်ပါ့) အကန်းမဲ့အဖြစ်မှလဲ.... (လွတ်ပါတယ်) လွတ်ပါတယ်ဆိုတော့ အခုကြည့်၊ အားကိုးလှဲ့တဲ့ ပုဂ္ဂိုလ်ကျတော့ကိုတဲ့ ပြုံးချင်လဲ ပြုံးမယ်....(မှန်ပါ့) မဲ့ချင်ကော....( မဲ့ပါတယ်ဘုရား ) ဒီနှစ်ယောက်ဘဲရှိမယ်....(မှန်ပါ့ဘုရား)။

အရှုံးကတော့ တခါတည်း ဒီဥစ္စာ ခိုင်တယ်-မြဲတယ်ယူပြီး ပြုံးနေကာဘဲ....(မှန်ပါ့) ဒုက္ခသစ္စာကို ခိုင်တယ်-မြဲတယ်ယူပြီးတော့....(ပြုံးနေပါတယ်ဘုရား)။

မဲ့တဲ့ ပုဂ္ဂိုလ်ကလဲ ဒုက္ခသစ္စာမို့ ဒုက္ခသစ္စာလို့ ဓမ္မကဟောလိုက်ယင် သူကလဲ မဲ့တာဘဲ .... (မှန်ပါ့) မမဲ့ဘူးလား .... (မဲ့ပါတယ်ဘုရား)။

ဒုက္ခသစ္စာမို့ ခန္ဓာက ဒုက္ခသစ္စာပြပြ၊ ပစ္စည်းက ဒုက္ခသစ္စာပြပြ၊ ပြလိုက်ယင် သူကမဲ့တာဘဲ....(မှန်ပါ) ဒီလို ဖြစ်လိမ့်မယ် မထင်ဘူး၊ ဒီလိုဖြစ်လိမ့်မယ် မထင်ဘူး၊ မလာဘူးလား (လာပါတယ်ဘုရား)အဲဒါကလဲ အကန်းမဲ့ .... (မှန်ပါ့ဘုရား)။

ဟိုက ပုဂ္ဂိုလ်ကလဲ ဒီပစ္စည်းတွေ ခိုင်တယ်- မြဲတယ်၊ အနိစ္စ ဒုက္ခသစ္စာကြီးကို ခိုင်တယ်-မြဲတယ်ထင်ပြီး သူကပြုံးနေတယ်.... (မှန်ပါ့)ရှင်းပလား .. (ရှင်းပါပြီဘုရား)။

အဲဒီတော့ လောကကြီးထဲ လူဘယ်နှစ်မျိုးရှိသတုံး... (နှစ်မျိုးပါဘုရား)ဘယ်လို ခေါ်ကြမယ် .... (အရှုံးပြုံးနဲ့ အကန်းမဲ့ပါဘုရား)။

အဲ....ဒီနေ့ ဒါကလေးသိလိုက်ရတာ သေပျော်တယ် အောက် မေ့စမ်းပါ....( မှန်ပါ့ )ဒါကလေး သိလိုက်ရတာ မောင်သစ်.... (သေပျော်ပါတယ်ဘုရား)သေပျော်တယ်။

ဒီပုဂ္ဂိုလ်နှစ်မျိုးမှတပါး မဇ္ဈိမပဋိပဒါ ဥပေက္ခာနဲ့ နေတဲ့ ပုဂ္ဂိုလ်က ရှာမှရှားတယ် ဦးမြမောင်....( မှန်ပါ့ )မဇ္ဈိမပဋိပဒါ ဥပေက္ခာနဲ့နေတာကလေ....(မှန်ပါ့ဘုရား)။

မဇ္ဈိမပဋိပဒါဆိုတာက အရှုံးပြုံး၏ ကြားထဲမှာ အကန်း မဲ့၏ ကြားထဲမှာ ဥပေက္ခာနဲ့နေတာကို ဆိုပါတယ်.... (မှန်ပါ့ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကို အလုပ်ခိုင်းတာသည် မဇ္ဈိမပဋိပဒါ လမ်းမှ ဟုတ်ပါရဲ့လားလို့ ဦးမြမောင်မေးယင် ဘယ့်နှယ် ပြောမလဲ... ( မဇ္ဈိမပဋိပဒါလမ်း ဟုတ်ပါတယ် ) သေသေချာ ချာ တည့်တယ်... (မှန်ပါ့ဘုရား)။

ပြုံးလို့လဲ မဖြစ်သေးဘူး.... ( မဖြစ်ပါဘုရား ) မဲ့ပြန်လဲ အကွက်မဟုတ်ဘူး....(မှန်ပါ) သူ့သဘောကို သူသိအောင်လုပ် နေတာဘဲ.... (မှန်ပါ့) စိတ်တွေရှုခိုင်းလို့ စိတ်တွေ၏ သဘော ကို အမှန်သိအောင်လုပ်နေတာ... (မှန်ပါ့) စိတ်တွေ၏ သဘော ကို အမှန်သိအောင်လုပ်တော့ စိတ်တွေက ဖြစ်ပြလိုက်- ပျက်ပြ လိုက်၊ ဖြစ်ပြလိုက်-ပျက်ပြလိုက်၊ဒီလိုချည့် အချိန်ကုန်နေတာဘဲ.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ကျုပ်တို့ကလဲ ဩော်....ဒီခန္ဓာသဘောဟာ ဒါဘဲ၊ ဒီခန္ဓာ့သဘောဟာ ဒါဘဲဆိုပြီး စိုးရိမ်ခြင်းလဲမရှိဘူး၊ပူဆွေးခြင်း လဲ မရှိဘူး၊ ပင်ကိုယ်သဘောကြည့်ပြီး ပင်ကိုယ်ဉာဏ်နဲ့ အမှန် ဉာဏ်နဲ့ သိနေတာဘဲရှိတယ်....(မှန်ပါ့ဘုရား)။

အဲဒီလိုသိနေတဲ့ ပုဂ္ဂိုလ်ကျလာတဲ့ အခါကျတော့ သူဟာ အလယ်လမ်းပေါ်ရောက်ပြီတဲ့ ဘုရားက.... ( မှန်ပါ ) ပျော်တဲ့ လမ်းကော ဟုတ်သေးရဲ့လား....(မဟုတ်ပါ) ပျင်းတဲ့လမ်းကော မဟုတ်ပါဘုရား)။

ဒါကြောင့် "ကာမသုခလ္လိကာ နုယောဂ"ဆိုတာ ပြုံးတဲ့ ပုဂ္ဂိုလ် (မှန်ပါ) "အတ္တကိလမထာ နုယောဂ"ဆိုတာ ကိုယ့်ကိုယ်·ကိုယ်ရင်ထုပြီး ငိုခြင်းချပြီး အတူတူဘဲ .... ( မှန်ပါ )ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အဲဒါကို သွင်းပြောနေတာ....(မှန်ပါ)သို့သော်ခင်ဗျားတို့က ဒီဥစ္စာကိုတော့ အလယ်သမ်းမသွင်းတတ်လို့ အခု ဟန်းဆာဆင်ပြီးပြောနေတာ....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီ)။

အင်း.... မြို့ထဲမှာ ဘာမသိညာမသိပြုံးနေတဲ့ပုဂ္ဂိုလ်ကျတော့ ဘယ့်နှယ်ဆိုကြမလဲ.... ( အရူးပြုံးပါဘုရား )မဇ္ဈိမပဋိပဒါ ဖြစ်ပြီလား....(မဖြစ်ပါဘုရား)။

သားသေ, လင်ဆုံး, ပစ္စည်းတွေကုန်နေတဲ့အိမ် သွားကြည့်ပြန်တော့.... (အကန်းမဲ့ပါဘုရား) ဒုက္ခသစ္စာက ဒုက္ခသစ္စာ ပြောသိုက်ယင် သူ့မှာမဲ့ပြီ.... ( မှန်ပါ ) မဟုတ်ဘူးလား.... (မှန်ပါ)။

ဟိုကလဲ ဒုက္ခသစ္စာကို သုခသစ္စာထင်ပြီး ပြုံးနေပြီ- (မှန်ပါဘုရား) ဘယ့်နှယ်တုံး ... ပေါ်ကြပလား.... ( ပေါ်ပါပြီဘုရား)။

ဒုက္ခကို သုခထင်ပြီး ပြုံးတာက ဝိပ္ပလ္လာသနဲ့ပြုံးတာကိုး (မှန်ပါ) ဒုက္ခက ဒုက္ခသစ္စာပြလို့မဲ့တာက ကန်းလို့ မဲ့တာကိုး (မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘယ်လောက်ကြောက်စရာကောင်းသတုံးဗျာ....(ကောင်းပါတယ်ဘုရား)။

ခင်ဗျားတို့ကလဲ ဘယ်လိုအိမ်ကို သွားလည်ချင်သတုံး.... လို့ ဦးမြမောင်တို့ ဦးကျော်မောင်တို့ ဦးဘသော်တို့ မေးလို့ရှိယင် သူတို့အိမ်သွားရတာ ပေါ်တ်ချမ်းသာသကွာ၊ ဘယ်အိမ်သွားချင်တာတုံး၊ အရှုးပြုံးအိမ်မှ ခင်ဗျားတို့က သွားချင်တာ.... (မှန်ပါ့)။

ဦးမြမောင်ကြီးတို့ကိုက အတော်ရှော်ပါတယ်(ရှော်ပါတယ်ဘုရား) ဦးကျော်မောင်ကော.... (ရှော်ပါတယ်ဘုရား) ဘယ်လိုအိမ်သွားလည်ချင်တာတုံး ခင်ဗျားတို့.... ကိုယ့်အိမ်ကပျင်းလို့ သွားလည်ချင်တဲ့အခါကျတော့.... (အရှုးပြုံးအိမ် သွားလည်ချင်ပါတယ်ဘုရား)။

အကန်းမဲ့အိမ်ကျတော့လဲ ခင်ဗျားတို့က မသွားချင်ဘူး.... (မှန်ပါ့)။

မသွားချင်ဘူးတဲ့၊ အဲဒီတော့ ခင်ဗျားတို့ကလဲအရှုး၊ အရှုးချင်းမှ သပ္ပါယဖြစ်တာကိုး....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ် ... (အရှုး... အရှုးချင်းမှ သပ္ပါယဖြစ်ပါတယ်ဘုရား)။

အရှုး- အရှုးချင်းမှ သပ္ပါယ ဖြစ်တယ်ဆိုတာ ဘုန်းကြီးကပြောချက်ဆိုးတာလား.... မောင်ချစ်စိန်.... ဟင်.... မင်းတို့ပင်ကိုယ်သဘော ခြေလှမ်းက အဲဒီလို လှည့်နေတယ်.... ( မှန်ပါ့ဘုရား)။

ခြေလှမ်းက ဘယ့်နှယ်နေကြသလဲ.... (အရှုးပြုံးဘက် သို့ပါတယ်ဘုရား)။

သွားလည်ဦးမယ်၊ သူတို့ဆီသွားရတာ ကျုပ်တို့ဖြင့် တယ်ပြီး ချမ်းသာတယ်....(မှန်ပါ့) အရှုံးပြုံး ပြုံးတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ကိုယ်ကလဲ ဘာဝါသနာပါသတုံး.... ဆိုတော့ကို ကိုယ့်ဝါသနာလဲ သိရောပေါ့.... (မှန်ပါ့) မသိသေးဘူးလား.... (သိပါပြီဘုရား) ဘယ်လိုပါတုံး.... (အရှုံးပြုံးပါဘုရား) အရှုံးပြုံးတဲ၊ အရှုံး- အရှုံးချင်းသွားတည့်တာကိုးဗျ.... ( မှန်လှပါ ဘုရား)။

ဒါကြောင့် မြတ်စွာဘုရား ဒေသနာတော်ဟာ....ကွာ....တဲ့ ကျောချင်းကပ် မင်းတို့အကြိုက်နဲ့ လွဲပါတယ်ဆိုတာပေါ်ပလား (ပေါ်ပါပြီ) ဟင်... ပေါ်ပြီ။

မင်းတို့အကြိုက်က သစ္စာမသိသေးသ၍ ကာလပတ်လုံး အရှုံးပြုံးနဲ့ အကန်းမဲ့မှတပါး ဒီ့ပြင် ခင်ဗျားတို့ ပုဂ္ဂိုလ်မရှိဘူး.... (မရှိပါဘုရား)။

နောက်က ကကာဘကာမတွေ သစ္စာမသိသေးသ၍ ကာလပတ်လုံး လောကကြီးထဲဘယ်နှစ်မျိုးရှိသတုံး....(နှစ်မျိုးရှိပါတယ် ဘုရား) ဘာတုံး....(အရှုံးပြုံးနဲ့ အကန်းမဲ့ပါဘုရား)၊

အဲ... ဒါဘဲရှိတယ် မဟုတ်ဘူးလား(မှန်ပါ့)မဇ္ဈိမ ပဋိပဒါ အတည့်ဆိုတာကတော့ ရှာမှရှား....(မှန်ပါ့) မရှားဘူးလား ... (ရှားပါတယ်ဘုရား)

ကိုင်း....ဒါဖြင့် ဘုန်းကြီးက ယနေ့တော့ ခင်ဗျားတို့ အရှုံးပြုံးအဖြစ်မှလဲ ပျောက်စေသတည်း။ နော်.... (မှန်ပါ့) အကန်းမဲ့ အဖြစ်မှလဲ ပျောက်စေသတည်း....ဆိုတဲ့ စိတ်ထားနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကကွာ....တဲ့ သူ - အဆွဲတော့လွဲနေပြီ

မင်း....တည်းဟူသော ကလျာဏ မိတ္တက ပြုပြင်ပေးလို့ ရှိယင်ဖြင့် သူ... အလယ်လမ်းတော့ ရောက်ကောင်းပါရဲ့....ဆိုပြီးသကာလ အခု ဒီနေ့တရားပွဲ ပြောတာဘဲဗျ.... (မှန်လှပါ) ပေါ်ပလား.... (ပေါ်ပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ဟိုမှာ စိတ်ကို ၁၃-ချက်ရေးထားတယ်၊ ဘယ်စိတ်လာလာ အပြင်ညွှတ်သည်လာယင် အပြင်ညွှတ်သည် စိတ်ကို ဖြစ်ပျက်ရှု.... (မှန်ပါ့)။

ဖြစ်ပျက် ရှုနေရတော့ ပြုံးတာလဲ မဟုတ်ဘူး၊ မဲ့တာလဲ မဟုတ်ဘူး၊ မဟုတ်ဘူးလား....(မှန်လှပါ)။

အတွင်းညွှတ်သည်လာယင် အတွင်းညွှတ်သည် ဘာလုပ်နေရ သလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)ပြုံးတာလား....(မဟုတ်ပါ ဘုရား) မဲ့တာကော.... ( မဲ့တာလဲ မဟုတ်ပါဘုရား ) အရှုး အကန်း လွတ်တယ်....(မှန်ပါ့)။

အဲဒီတော့ အသုတဝါ ပုထုဇ္ဇနောအဖြစ်မှ ကျုပ်တို့လွတ်ပြီး "သုတဝါ အရိယသာဝကော"သွားဖြစ်တယ်....(မှန်ပါ့) ပေါ်ပ လား....(ပေါ်ပါပြီဘုရား) သုတဝါ.... ( အရိယသာဝကော ဖြစ်ပါတယ်ဘုရား)။

အင်း....ဘာကြောင့်တုံး...ဆိုတော့ အလယ်လမ်း တက်မိမှ ဒီနာမည်ကလေးရတယ်....(မှန်ပါ့)။

"သုတဝါ အရိယသာဝကော"ဆိုတာ ဦးဘသော်ကြီး.... အလယ်လမ်းတက်မိမှ ရတာနော်... (မှန်ပါ့) ကဲ....တက်မိပလား (တက်မိပါပြီဘုရား)။

တက်မိတော့ အိမ်သည်နှစ်ခုကိုလဲ ရှုစိတ် ရှုက်စိတ်ကလေး ကိုလဲ ခင်ဗျားတို့မအားအောင် ဘုန်းကြီးက စိတ်ထွက်ပြေးမှာ

စိုးလို့ ဒီစိတ်ကလေးကိုလဲ ဉာဏ်နဲ့ မနေဘဲ ရှုရန်နဲ့ မှန်းရှု၊ ရှုက် စိတ်ကလေးလဲ မှန်းရှုနေ၊ သူတို့လဲ ဒုက္ခသစ္စာဘဲ၊ ဖြစ်ပျက်ဘဲ....ဆိုပြီး ဘုန်းကြီးကနည်းမပေးဘူးလား.... ( ပေးပါတယ်ဘုရား)။

ပေးတော့ ခင်ဗျားတို့သည် ရှုနေတဲ့အခါကျတော့ဖြင့်.... ဖြစ်ပျက်၊ ကိုယ့်ဉာဏ်ကမင်္ဂ၊ဖြစ်ပျက် ကိုယ့်ဉာဏ်ကမင်္ဂဆိုတော့ ဒီမှာ ဆွဲကဲ့သဘောပါသေးရဲ့လား၊ ဒီခန္ဓာကြီးဆွဲတဲ့ သဘောပါသေးရဲ့လား... (မပါပါဘုရား)။

သူတို့သည် ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့သာ သိတာ၊ အားကိုးလုံး မလာတော့ဘူး ... (မလာတော့ပါဘုရား) ဒါသေသေချာချာမှတ်ပါ...(မှန်ပါ့) ဒုက္ခသစ္စာကို.... (ဒုက္ခသစ္စာမှန်း သိသွားပါပြီဘုရား) အားကိုးလုံးနဲ့ ဆွဲသေးရဲ့လား .. (မဆွဲတော့ပါဘုရား)။

မဆွဲတော့ ခုနင်ကသိပ်အားကုန်ဆွဲမှ ကျုပ်မှာကံမကောင်း အကြောင်းမသင့်လို့ ဖြစ်ရလေခြင်း လာမှာကိုးဗျ.... (မှန်ပါ့) သူ့အပေါ် ရင်ထုအောင်ပိမှ.... ( မှန်ပါ့ ) အခုတော့ ပိစရာရှိသေးရဲ့လား....(မရှိတော့ပါဘုရား) ပိစရာမရှိတော့ဘူးဆိုလို့ရှိယင် ရင်ထု မြေလူးဇာတ်ကော မသိမ်းသေးဘူးလား ... (သိမ်းပါပြီဘုရား) ရင်ထု မြေလူးဇာတ်လဲ သိမ်းတယ်ဆိုတဲ့အဓိပ္ပါယ်ကောရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီဒါဖြင့်သြော်-ဒို့ယနေ့ မဇ္ဈိမပဋိပဒါမနေ့ကစပြီး ပုဂ္ဂိုလ်နှစ်မျိုးဝေဘန်တာ ဒီနေ့မှ ရေလည်ပေတော့တယ်ဆိုတာ ပေါ်လာတယ်....(မှန်ပါ့)မနေ့ကတော့ပုဂ္ဂိုလ်နှစ်မျိုး ထူးပုံကိုဘဲ မောင်သစ် အတော်ပြောရတယ်....(မှန်ပါ့) ဒီတော့ ဘယ်ပုဂ္ဂိုလ်

အခြေအနေ ရောက်မှ ကိုယ်ခရီးပေါက်တယ်ဆိုတဲ့ဥစ္စာ ဦးကျော်မောင်.... အလယ်လမ်း မဇ္ဈိမပဋိပဒါပုဂ္ဂိုလ်ဖြစ်မှ ခရီးပေါက်တယ်....(မှန်ပါ့) နို့မဟုတ်ယင်.... (မပေါက်ပါဘုရား) မပေါက်ဘူးဆိုတာ့ ဦးဘသန်းကြီးကော.... ရိပ်မိပလား.... ( ရိပ်မိပါပြီဘုရား) ကဲ....ဒါဖြင့် ခင်ဗျားတို့ အသက်လဲကြီးကြပြီ၊ ဘာနဲ့များ အချိန်ကုန်လာခဲ့ကြသတုံးဆိုတာ ကိုယ့်ကိုယ်ကို စစ်ဆေးဘို့ အသက်တမ်းမှာ... (မှန်ပါ့) တခါတလေ အရူးပြုံးနဲ့အချိန်ကုန်ခဲ့တယ်....(မှန်ပါ့) တခါတလေ အကန်းမဲ့နဲ့....(အချိန်ကုန်ခဲ့ပါတယ်ဘုရား)။

အရူးပြုံးနဲ့ အချိန်ကုန်တော့ကို တဏှာ, ဥပါဒါန်ကံ, ဇာတိ, ဇရာ, မရဏသွားဖြစ်တယ်.... ( မှန်ပါ့ ) အကန်းမဲ့နဲ့ အချိန်ကုန်တဲ့အခါကျတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာ သင်္ခါရ ဒီပြန်ပတ်တယ်... (မှန်ပါ့)။

"သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ"ကမသိလို့ဖြစ်တော့ အဝိဇ္ဇာသင်္ခါရ ပြန်ပတ်တယ်....(မှန်ပါ့)ပြန်ကျတယ်.... (မှန်ပါ့) ဘယ်ဟာကောင်းသေးသတုံး.... ( ဘယ်ဟာမှ မကောင်းပါဘုရား) သံသရာ့ ခရီးသည်ချည့် သွားဖြစ်တယ်.... (မှန်ပါ့)။

အရူးပြုံးနဲ့ ဆိုလို့ရှိယင် တဏှာ ဥပါဒါန်လာတယ်.... (မှန်ပါ့ တဏှာ ဥပါဒါန် လာပါတယ်ဘုရား) ကဲ .. အကန်းမဲ့ ဆိုတော့ကော.... (သောက ပရိဒေဝ ဒုက္ခ လာပါတယ်ဘုရား) သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာသင်္ခါရ အဲဒီကျအောင်မှတ်လိုက်ပါ....(မှန်ပါ့) ရှင်းပလား .. (ရှင်းပါပြီ)။

ဒီ.... သောက ပရိဒေဝ ဒုက္ခ ဒေါမနဿဆိုတာ မသိလို့ဖြစ်တာလား.... သိလို့ဖြစ်တာလား ... (မသိလို့ဖြစ်တာပါဘုရား)

မသိယင် အဝိဇ္ဇာပါနေတယ်....(မှန်ပါ့) အဝိဇ္ဇာပါယင် အဝိဇ္ဇာပစ္စယာ သင်္ခါရာ သူ့ မလုပ်ပေဘူးလား ... လုပ်မလား....(လုပ်မှာပါဘုရား) ဒါဖြင့် အရှုံးပြုံးက ပဋိစ္စသမုပ္ပါဒ်မှာ တဏှာဥပါဒါန်ကံနဲ့ တန်းသွားတယ်.... (မှန်ပါ့) အကန်းမဲ့က ဘယ်လိုတန်းပါလိမ့်.... (သောက ပရိဒေဝ ဒုက္ခ ဒေါမနဿနဲ့)အဝိဇ္ဇာသင်္ခါရကျအောင် ပတ်သွားတယ်....(မှန်ပါ့) ဘယ်ဟာကြိုက်သတုံး .. (ဘယ်ဟာမှ မကြိုက်ပါဘုရား) ပေါ်ပလား.... (ပေါ်ပါပြီ) ဒါက ဒီ... ပဋိစ္စသမုပ္ပါဒ်နဲ့လဲကိုက် ဘယ်၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး အလယ်လမ်းကို အလိုရှိတာကို ခင်ဗျားတို့သိရတယ်၊ ကိုယ့်ကိုယ်ကိုယ်လဲမရှုဘဲနေယင် အရှုံးပြုံး အကန်းမဲ့နှစ်ခု၊ တခုခုက ကူးနေတာဘဲ.... (မှန်ပါ့) မကူးဘူးလား ... (ကူးပါတယ်ဘုရား) ရှုနေတဲ့အခါကျတော့ အလယ်လမ်း တက်မိဟာဘဲ....(မှန်ပါ့)သဘောပါကြပလား... (ပါပါပြီဘုရား)။

ရှုနေတဲ့အခါ.... (အလယ်လမ်း တက်မိပါတယ်ဘုရား) ကဲ.... အလယ်လမ်း တက်မိတဲ့အခါကျတော့ကိုတဲ့ ဘယ်သူ့အားကိုးသေးသတုံး .. (ဘယ်သူ့မှ အားမကိုးပါဘုရား) ဘယ်သူ့မှ အားမကိုးဘူး၊ ကန္ဒားသစ်ပင်တွေချည့်ဘဲဆိုတာ အကုန်သိတယ်.... (သိပါတယ်ဘုရား)။

ရူပက္ခန္ဓာကြည့်လဲ ကန္ဒားသစ်ပင်၊ ဝေဒနာက္ခန္ဓာ ကြည့်ပြန်လဲ....(ကန္ဒားသစ်ပင်ပါဘုရား) သညာက္ခန္ဓာကြည့်လဲ... (ကန္ဒားသစ်ပင်ပါဘုရား) သင်္ခါရက္ခန္ဓာကြည့်လဲ .. (ကန္ဒားသစ်ပင်ပါဘုရား) အင်း ... အနိစ္စတရားချည်းလို့ သူသိတယ် .. ပျက်ကြမှာချည်းဘဲ၊ မသိဘူးလား....(သိပါတယ်ဘုရား) ။

သိတော့ သူဆွဲသေးရဲ့လား.... (မဆွဲပါဘုရား) မဆွဲတော့ ပြုတ်ကျစရာ(မရှိပါဘုရား) သူ့ကိုယ်ကော ပြုတ်ကျစရာရှိသေးရဲ့လား... (မရှိပါဘုရား)။

ရေထဲမျောလာတဲ့ပုဂ္ဂိုလ်မှာ တွေ့ရာဆွဲယင် ပြုတ်ကျတာဘဲဗျ (မှန်ပါ့) မကျဘူးလား....(ကျပါတယ်ဘုရား) သဘောပါကြပလား....(ပါပါပြီ)။

ဒါဖြင့် ဒီ....တကာတကာမတွေမှာ အခုတော့ဖြင့် သစ္စာကိုသစ္စာမှန်းသိပြီးသကာလ မဆွဲဘို့အရေးကြီးတယ်... ( မှန်ပါ့ ) သစ္စာသိတဲ့ပုဂ္ဂိုလ် မဆွဲဘူး....(မှန်ပါ့) သစ္စာ မသိတဲ့ပုဂ္ဂိုလ်ကတော့....(ဆွဲမှာပါဘုရား)။

ငါသေယင် နတ်ပြည်ဆွဲထားမယ်တဲ့....ဟော.... (မှန်လှပါ) နတ်ပြည် ရောက်ကြောင်း ငါကျောင်း ဆောက် ထား တယ်.... (မှန်ပါ့)အဲဒါကလေး ငါစွဲအောင်လုပ်မယ်၊စွဲအောင် လုပ်မယ်ဆိုတာ နတ်ဆွဲထားလိုက်တာ....(မှန်ပါ့)။

ဆွဲထားလိုက်တဲ့အတိုင်း တော်ဘော်ကြာ ကျတော့ အရှိန်အာနုဘော်ကုန်တော့ ပြုတ်ကျတယ်.. (မှန်ပါ့) သစ္စာမသိတော့ ငါကျေးဇူးပြုထားတဲ့ ငါ ဆောက်ထားတဲ့ ကျောင်းကြောင့်ဘုံပေါက်တယ်ဆိုတာလဲ ဒုက္ခသစ္စာ ပေါက်နေတာလို့ သူမသိဘူး... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ သာမည ဆရာသမားနဲ့တွေ့တော့ အို .. မင်းတော့ဟန်ကျပြီ၊ အသာ သွားနေရုံဘဲ၊ ကြမ်းကျုံကျမှာ တော့ထည့်မပြောဘူး .. (မှန်ပါ့) မဟုတ်ဘူးလား . (မှန်ပါ့ဘုရား)။

ကြမ်းကျုံကျမှာနဲ့ ဆွဲမှာ မြဲ့မှာတော့ ထည့်မပြောဘူး- (မှန်ပါ့) ပေါက်တာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပေါက်မှာ

ပါဘုရား)ဘုံပေါက်ပါတယ် ဆိုကတည်းက ခင်ဗျား အထည် ပေါက်တာဘဲ၊ အထည်ဆိုတာ ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါ ဘုရား)။

အထည်ဆိုတာ ရုပ်လား,နာမ်လား မေးတော့ ဘယ့်နှယ်ဖြေ မလဲ....(ရုပ်တရားပါဘုရား) ရုပ်တရား ဘာသစ္စာတုံး .... (ဒုက္ခ သစ္စာပါဘုရား)။

ဒုက္ခသစ္စာဖြင့် "ဝိပရိဏာမ လက္ခဏံ ဒုက္ခသစ္စံ" လာဦးမှာ ပေါ့....(မှန်ပါ့) ခဏဆွဲတာ....(မှန်ပါ့ဘုရား)။

တော်တော်ကြာ သူ့အပေါ်ဘုံကြီး ပျောက်သွားတော့ ကိုယ်ကျိုးနည်းပြီ... (မှန်ပါ့) မလာပေဘူးလား....( လာမှာပါ ) အကန်းမိုက် မဖြစ်သေးဘူးလား .. (ဖြစ်ပါတယ်ဘုရား)။

အဲဒါတွေ ခင်ဗျားတို့က ဒါ့ကြောင့် သစ္စာအရေးကြီးတယ်၊ သစ္စာသိမှ၊ နို့မဟုတ်လို့ရှိယင် သူ့ဒါန အကျိုးပေးကလေး အားကိုးလိုက်၊ သီလအကျိုးပေးကလေးကော .... (အားကိုးပါ တယ်) သမထအကျိုးပေးကလေးကော....( အားကိုးပါတယ် ) သွားရော....(မှန်ပါ့ဘုရား)။

သွားပြီ၊ ဒီအကျိုးပေးတွေကလဲ ဘာသစ္စာတွေလဲ .... (ဒုက္ခ သစ္စာတွေပါ) ဒုက္ခသစ္စာဆိုယင်ဖြင့် ဝိပရိဏာမဆိုတဲ့ မောင်သစ် ဖေါက်ပြန်မှုရှိ-မရှိ....(ရှိပါတယ်ဘုရား)။

ရှိယင်ဖြင့် ပြုတ်ကျမှာလား- မကျဘူးလား .... (ပြုတ်ကျမှာ သေချာပါတယ်) ပြုတ်ကျမှာ သေချာတော့ကို မမဲ့ရဘူးလား- မဲ့ရမလား....(မဲ့ရမှာပါဘုရား)။

အဲဒါ ပဌမတော့ အရှုံးပြုံး၊ လှုတုန်း- တန်းတုန်းတော့အရှုံး ပြုံး.... ( မှန်ပါ့ ) ဟိုပြုတ်ကျတော့ အကန်းမဲ့သွားဖြစ်တယ်၊

အလယ်လမ်း မရောက်ဘဲကိုးဗျ....(မှန်ပါ)ဘယ်လောက်ကြောက်စရာကောင်းသတုံး၊ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒီဒါန,သီလ,သမထလောက်နဲ့ တင်းတိမ်နေတဲ့ ပုဂ္ဂိုလ်ပြောပါတယ်....(မှန်ပါ) အရှုးပြုံး- အကန်းမဲ့မှတပါး သူ့ဘာရှိသေးသတုံး (မရှိပါဘုရား)။

သူအကျိုးပေးတုန်းကတော့ အရှုးပြုံးတဲ့....(မှန်ပါ)နောက်အကျိုးပေးကုန်တော့ ( အကန်းမဲ့ပါ ) ဒီနှစ်လမ်းလိုက်နေတာဘဲ၊ မဇ္ဈိမပဋိပဒါကို သူမရောက်ဘူး....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

တရားစစ်ကို ပြောတော့ကို မောင်သစ်ရ အလယ်လမ်းကို ပြောချင်တော့ အလယ်လမ်းမှလဲ နိဗ္ဗာန်ရောက်တဲ့ လမ်းဖြစ်နေတော့ ဒီ့ပြင်ဟာတွေ အားကိုးရလိမ့်မယ်လို့ သာမညအသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်က ပြောလိမ့်မယ်....(မှန်ပါဘုရား)။

ထူးထူးခြားခြား ဘုရားသခင်ကိုယ်တော်မြတ်ကြီး လမ်းဆုံးဟောတာကို သိထားတဲ့ အသိဉာဏ်မရှိတဲ့ ပုဂ္ဂိုလ်ကတော့ အရှုးပြုံး အကန်းမဲ့ ဖြစ်မှာဘဲကွ... (မှန်ပါ) ပဌမအကျိုးပေးဟောလိုက်တော့ ပြုံးသွားတယ်...(မှန်ပါ)နောက်ကိုယ်တွေ့ကံကုန်ပြီး ကိုယ်တွေ့ အကျိုးပေးကုန်တဲ့အခါကျတော့ ... (မဲ့သွားပါတယ်ဘုရား)။

ဒါ သစ္စာမသိလို့ ဖြစ်နေတာ.... ( မှန်ပါ ) မဇ္ဈိမပဋိပဒါလမ်း လိုက်မိလို့ရှိယင် နိစ္စနိဗ္ဗာန်လမ်း မရောက်ပေဘူးလား.... ( ရောက်မှာပါဘုရား ) ဓုဝနိဗ္ဗာန်ကော....(ရောက်မှာပါဘုရား) မြဲတဲ့နိဗ္ဗာန် မရောက်ပေဘူးလား... (ရောက်ပါတယ်ဘုရား)။

အဲဒီတော့ ဒီလမ်းတော့ သူက မရှောက်ဘူး ဟုတ်လား၊ သူများပြောသံကြားနဲ့ အရှုးပြုံးလိုက် .... ဟင် .... ( မှန်ပါ့ ) တော်တော်ကြာ အကန်းမဲ့ကဖြစ်လိုက်၊ မလာပေဘူးလား .... (လာပါတယ်)ဟာ....ဒါဖြင့် ဦးမြမောင် ဆရာကောင်း၊ သမား ကောင်းသိပ်လိုတာဘဲ....(လိုပါတယ်ဘုရား)။

အကြီးအကျယ်လိုတာ....(မှန်ပါ့) သာမညလိုတယ်လို့ ဒီလို မအောက်မေ့နဲ့ မောင်သစ် .... ( မအောက်မေ့ပါ ) အကြီး အကျယ် လိုတယ်အောက်မေ့ပါ....(မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ရှိယင် အရှုးပြုံးတရား ဟောလိုက်သို့ရှိယင် ခင်ဗျားတို့က သေပျော်ပဟာ..၊ သူက လက်ခမောင်းများ ခတ် သေးတယ်....(မှန်ပါ့ဘုရား)။

အရှုးပြုံးတရား နာရလို့....(မှန်ပါ့) သေပျော်ပဟာ၊ မဟုတ် ပေဘူးလား....(ဟုတ်ပါတယ်) ဟာ..မင်းမှာ ပန်းတပွင့်နဲ့ကွာ လူ့ပြည်,နတ်ပြည် အကြိမ်ကြိမ်ခံစားပြီး နောက်ဆုံးပိတ်နိဗ္ဗာန် ဝင်သတဲ့ဆိုတော့ အရှုးပြုံးမဖြစ်ရဘူးလား ...(မှန်ပါ့ဘုရား)။

အဲဒါတွေနဲ့ မဖြစ်သေးဘူးဗျ၊ ဟုတ်မှ မဟုတ်သေးတဲ့ဥစ္စာ ကြီးဘဲ- ဟင် (မှန်ပါ့)အလုပ်စဉ်မပါဘဲနဲ့ ရောက်တဲ့ အဓိပ္ပါယ် ပါနေတယ်၊ မပါဘူးလား ..(ပါပါတယ်ဘုရား)။

တကာတကာမတွေ ဘယ့်နှယ်အဓိပ္ပါယ် ရောက်နေသတုံး.... (အလုပ်စဉ် မပါဘဲနဲ့ ရောက်တဲ့ အဓိပ္ပါယ် ရောက်နေပါတယ် ဘုရား) ဒါန,သီလ,သမထကြောင့် နတ်ရွာသုဂတိတော့ ရောက် နိုင်ပါတယ်၊ မရောက်ဘူးဆိုပါ....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးက ယခုနေ့တော့ ခင်ဗျားတို့ အရှုး ပြုံးအဖြစ်မှလဲ ပျောက်အောင် အကန်းမဲ့အဖြစ်မှလဲ ပျောက်

အောင်ဆိုတဲ့ စိတ်ထားနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကကွာ တဲ့၊ သူအဆဲ့တော့ လဲ့နေပြီ၊ မင်းတည်းဟူသော ကလျာဏ မိတ္တက ပြုပြင်ပေးလို့ ရှိယင်ဖြင့် သူအလယ်လမ်း ရောက်ကောင်း ပါရဲ့ ဆိုပြီးသကာလ အခု ဒီနေ့တရားပွဲ ပြောတာဘဲ....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကို ဟိုမှာ စိတ်ကို ၁၃-ချက်ရေးထား တယ်၊ ဘယ်စိတ်ပေါ်လာလာ၊ အပြင်ညွှတ်သည်လာယင် အပြင် ညွှတ်သည်စိတ်ကို ဖြစ်ပျက်ရှုပါ... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ရှုနေရတော့ ပြုံးတာလဲ မဟုတ်ဘူး၊မဲ့တာလဲမဟုတ် ဘူး...(မှန်ပါ့) အတွင်းညွှတ်သည်လာယင် အတွင်းညွှတ်သည်ကို ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါဖြင့် ဒါပြုံးတာလား....(မဟုတ်ပါဘုရား) မဲ့တာကော.... (မဟုတ်ပါဘုရား) အရှုံ့အကန်းအဖြစ်မှ လွတ်တယ်....(မှန်ပါ့) အဲဒီတော့ "အသုတဝါ ပုထုဇ္ဇနော"အဖြစ်မှ ကျုပ်တို့လွတ်ပြီး "သုတဝါ အရိယ သာဝကော"သွားဖြစ်တယ်.... (မှန်ပါ့) ပေါ် ပလား....(ပေါ်ပါပြီဘုရား)။

အဲ....အကြားအမြင်ရှိတဲ့ အရိယာတို့၏ တပည့်ဘဲဖြစ်သေး တယ်၊ ကိုယ်ကိုယ်တိုင် အရိယာမဖြစ်သေးဘူး....(မှန်ပါ့) ရှင်းပ လား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် "သုတဝါ အရိယသာဝကော" ဖြစ်တော့ မဇ္ဈိမပဋိပဒါလမ်းကို မရောက်ပေဘူးလား.... (ရောက်ပါတယ် ဘုရား)။

တကာတကာမတွေ မဇ္ဈိမ ပဋိပဒါလမ်းလိုက်မိယင် နောက်

အလုပ်ခရီးပေါက်သွားတဲ့အခါကျတော့ အရိယာအစစ်ဖြစ်ပြီး နိစ္စနိဗ္ဗာန်ကို မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေကို နိဗ္ဗာန်ကို အဖြောင့်ဆိုက်နိုင်တဲ့မဇ္ဈိမပဋိပဒါစခန်း မဂ္ဂင်လမ်းပေါ်ရောက်အောင် ကြိုးစားကြပါဟု အထူးဘဲ သတိပေး တိုက်တွန်းလိုက်ပါတယ်... (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု...သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မမှာရုံ၌ - ဟောကြားတော် မူသော

( ဒိဋ္ဌိစင်မှ နိဗ္ဗာန်မြင် )

# ညအလုပ်ပေးတရားတော်

( ၈ - ၉ - ၆၂ )

ဒီခန္ဓာကြီးဟာ ဘာခန္ဓာတုံးလို့ မေးကြလို့ ရှိယင်ဖြင့်.... အခုတရားနာနေကြတဲ့ တကာတကာမတွေ ခန္ဓာကြီးဟာ.... ဘာခန္ဓာတုံးလို့ မေးကြလို့ရှိယင် ပဋိစ္စသမုပ္ပါဒ်ခန္ဓာလို့ ဖြေကြရလိမ့်မယ်....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ခန္ဓာလို့ ဖြေကြရမယ်....( မှန်ပါ့ ) ဘယ့်နှယ်ကြောင့် ပဋိစ္စသမုပ္ပါဒ်ခန္ဓာလို့ ဖြေကြရမလဲလို့ မေးလို့ရှိယင်ဖြင့် အကြောင်းကြောင့် ဖြစ်နေတဲ့ အကျိုးတရားတွေ....(မှန်ပါ့ဘုရား)။

အကြောင်းကြောင့် ဖြစ်နေတဲ့ အကျိုးတရားတွေ၊ ဒီအကျိုးတရားတခု ချုပ်သွားလို့ရှိယင်ဖြင့် နောက်, အကျိုး တရား တခု ပေါ်ပြန်တာဘဲလို့ မှတ်ရမယ်....နော်....( မှန်လှပါ)။

အဲဒါ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရားတွေ တခု သော အကြောင်းကြောင့် ဖြစ်လိုက်၊ အကျိုးတရားတခု ခန္ဓာထဲ ပေါ်လာလိုက်၊ အဲဒီ ပေါ်လာတဲ့ဥစ္စာက တခါ အကြောင်းပြန် ဖြစ်ပြန်ပြီး နောက်အကျိုးတခု ဆက်ထားခဲ့တယ်။

အဲဒီ အကျိုးတခု ချုပ်သွားပြန်လဲ အဲဒီ အကျိုး တခုက အကြောင်းတခုကို ဆက်ထားခဲ့တယ်ဆိုတော့ ဦးကျော်မောင်တို့၊ ဦးမြမောင်တို့ ပြတ်သေးရဲလား....(မပြတ်ပါဘုရား)။

အဲဒါကြောင့် ဒီခန္ဓာကြီးဟာ.... ဘာခန္ဓာတုံးလို့ မေးလို့ရှိ ယင်ဖြင့် အကြောင်းအကျိုး ဆက်နေတဲ့ ခန္ဓာကြီး.... (မှန်လှပါ ဘုရား)။

စကားရှည်နေမှာ စိုးလို့ ပဋိစ္စသမုပ္ပါဒ် ခန္ဓာကြီးလို့ ပြော လိုက်ပါတယ်.... (မှန်လှပါ) စင်စစ်တော့ အကြောင်း အကျိုး ဆက်နေတဲ့ ခန္ဓာကြီးလို့မှတ်....(မှန်ပါ)။

အကြောင်းအကျိုးဆက်နေတဲ့ ခန္ဓာကြီးကို ခင်ဗျားတို့ မသိ ကြတော့ကိုတဲ့၊ ဩော်.... မနေ့ကလဲ ငါဘဲ၊ ယနေ့လဲ ငါဘဲဆို ပြီးသကာလ တနေ့သော်လဲ အခု ပေါ်လာတာ ငါစွဲပြန်၊ ချုပ် သွားပြီး နောက်တခါ ပေါ်လာတာလဲ ငါစွဲပြန်၊ ငါက ပေါ် ရာကို စွဲတယ်လို့ ဒီလို မယူဘဲနဲ့ မူလဖြစ်ထားတဲ့ဟာ မပျောက် သေးဘူးဆိုပြီး ငါစွဲတဲ့ဟာ ဆိုတော့ ပဋိစ္စသမုပ္ပါဒ် နားမလည် လို့ ဒီငါလာတာလို့ မှတ်ရမယ်.... ( မှန်လှပါ )။

စဉ်းစားကြည့်ပါတဲ့ အားလုံး-တကာတကာမတွေ့ဥပမာမယ် မြင်စိတ် ဖြစ်ပြီးတော့ ချုပ်ပျောက် သွားတယ်၊ ပဋိစ္စသမုပ္ပါဒ် တရား ချုပ်သွားတယ်၊ ကြားစိတ်တခုပေါ်လာပြန်တယ်၊ ချုပ် သွားပြန်ပြီ၊ နံစိတ်တခုပေါ်လာပြန်လဲ ချုပ်သွားပြန်ပြီ၊ စားစိတ်

တခုပေါ်လာပြန်လဲ ချုပ်သွားပြန်ပြီ၊ ကောင်းစိတ်တခု ကိုယ်ပေါ်မှာပေါ်လာတယ် ချုပ်သွားပြန်ပြီ၊ ဒီလိုချည့်ဘဲပေါ်လိုက်ချုပ်လိုက်၊ ပေါ်လိုက် ချုပ်လိုက်နဲ့ ခန္ဓာကိုယ်ထဲမှာ နေတာကို ပင်လျှင် ဒါဟာ ကျုပ်ချည့်ဘဲလို့ ယူထားလိုက်တယ်....(မှန်ပါ့) ငါချည့်ဘဲလို့ ယူထားလိုက်တာ ပဋိစ္စသမုပ္ပါဒ် နားမလည်တဲ့ အတွက် သဿတဖြစ်နေပါတယ် .... ( မှန်ပါ့ ) ရှင်းပလား.... ( ရှင်းပါပြီ )။

ပဋိစ္စသမုပ္ပါဒ် နားမလည်တဲ့အတွက် ဘာဖြစ်နေ သ**လဲ**.... ( သဿတဖြစ်နေပါတယ်ဘုရား ) အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကို နေ့တိုင်း လမ်းထွင်ပြီးသကာလ ပြခြင်းသည် ဦးစံဖေတို့၊ ဦးဘသန်းတို့က မှတ်ရမယ်၊ ဩော်....သဿတ ခွာနေတာပါကလား-....( မှန်လှပါ ) မဟုတ်ဘူးလား....( မှန်ပါ့ )။

" ဝေဒနာပစ္စယာ တဏှာ " ဆိုတော့ ဝေဒနာ ချုပ်သွားပြီး တဏှာ လာတာဘဲ.... ( မှန်ပါ့ ) အဲဒီမှာ ဆရာကောင်း-သမားကောင်း မှီဝဲတဲ့ ပုဂ္ဂိုလ်ကတော့ ဝေဒနာပစ္စယာ ပညာ လာတာဘဲ....( မှန်ပါ့ )။

ဆရာကောင်း-သမားကောင်း မမှီဝဲတဲ့ ပုဂ္ဂိုလ်က ဝေဒနာပစ္စယာ....( တဏှာပါ ) ဩော်.... ဝေဒနာချုပ်ပြီး တဏှာလာတာဘဲ....( မှန်လှပါ )။

ဆရာကောင်း-သမားကောင်းနဲ့ နည်း,နာ နိဿယရတဲ့ပုဂ္ဂိုလ်များကတော့ ဝေဒနာပစ္စယာ ပညာ....( မှန်ပါ့ ) ဝေဒနာချုပ်ပြီး ပညာပေါ်လိုက်တယ် .... ( မှန်ပါ့ ) ဖြစ်ပျက်ရှုတဲ့ ပညာပေါ်လာတယ်၊ မပေါ်ဘူးလား.... ( ပေါ်ပါတယ်ဘုရား )။

အဲဒီကဲ့သို့ ပေါ်လာတဲ့အခါကျတော့ အကြောင်းနဲ့ အကျိုးလို့ မဆိုဘူး၊ ဝေဒနာချုပ်လို့ ပညာပေါ်နိုင်တာ၊ ဝေဒနာချုပ်လို့ ဆရာကောင်း - သမားကောင်း မရှိတဲ့ ပုဂ္ဂိုလ်များ တဏှာပေါ်တာ၊ မဆိုနိုင်ဘူးလား....( ဆိုနိုင်ပါတယ်ဘုရား )။

အဲ့ဒီတော့ကို ဝေဒနာမချုပ်ဘဲနဲ့ ပညာလဲ မပေါ်နိုင်ဘူး၊ တဏှာလဲ မပေါ်နိုင်ဘူး .... ( မှန်ပါ့ ) ပေါ်နိုင်ပါ့ မလား.... ( မပေါ်နိုင်ပါဘုရား )။

မပေါ်နိုင်တော့ကို ဘုန်းကြီးတို့ တကာ တကာမတွေမှာ.... တခါတလေ ဝေဒနာနဲ့ အသက်ရှင်နေတယ်၊ တခါတလေပညာနဲ့ အသက်ရှင်နေတယ်၊ တခါတလေ တဏှာနဲ့ အသက်ရှင်နေတယ်....( မှန်ပါ့ )။

ဆရာကောင်း-သမားကောင်း မှီဝဲတဲ့ပုဂ္ဂိုလ်မှာ တခါတလေကျတော့ ဝေဒနာကလေး ပေါ်ပါတယ်၊ အင်း .... ဝေဒနာနဲ့ အသက် ရှင်နေတယ်....၊ တခါ ဝေဒနာကို ဖြစ်ပျက် ရှုလိုက်ပြန်တော့ ဖြစ်ပျက်ရှုတဲ့ ဉာဏ်နဲ့ အသက်ရှင်နေတယ်....(မှန်ပါ့) ပညာနဲ့ အသက်ရှင်နေတယ်....( မှန်ပါ့ )။

ဟာ....ဆရာကောင်း-သမားကောင်းကို မမှီဝဲရ-မဆည်းကပ်ရ နည်းနာ နိဿယကောင်း မရတဲ့ ပုဂ္ဂိုလ်ကျတော့ကို ဝေဒနာချုပ်သွားပြီး တဏှာနဲ့ အသက်ရှင်နေတယ်....( မှန်ပါ့ ) မဟုတ်ဘူးလား....( ဟုတ်ပါတယ်ဘုရား )။

အဲဒီတော့ကို " ဝေဒနာပစ္စယာ ပညာ " ဆိုတာ .... ဆရာကောင်း-သမားကောင်း မှီဝဲရမှ ဖြစ်ပါတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာ-နော်....( မှန်ပါ့ ) ဝေဒနာပစ္စယာတဏှာဆိုတာကတော့ ကမ္ဘာ

နဲ့ မြေစာလို့ မှတ်လိုက်ပါ....( မှန်ပါ ) လူတိုင်းမှာ လှည့်နေတယ်....( မှန်ပါ )။

" ဝေဒနာပစ္စယာတဏှာ " က ကမ္ဘာနဲ့ မြေစာ "ဝေဒနာပစ္စယာပညာ" ဆိုတာက သာသနာတွင်းမှာ ဆရာကောင်း-သမားကောင်း မှီဝဲမှ ပေါ်တာ....( မှန်လှပါ ) နို့ မဟုတ်လို့ ရှိယင်ဖြင့် တပည့်တော်တို့ နောက်တုန်းက ဘယ်လိုနေခဲ့ရသတုံး-ဝေဒနာပစ္စယာတဏှာနဲ့ နေခဲ့တယ် .... ဆိုတော့ ဝေဒနာချုပ်သွားပြီး သူ့နေရာ ဘယ်သူပေါ်ပါလိမ့် .... (ပညာပါဘုရား) ပညာပေါ်တယ်၊ ဒါဆရာကောင်း-သမားကောင်း မှီဝဲတဲ့ပုဂ္ဂိုလ်မှာ....( မှန်ပါ )။

ဒီနေရာကလေး နည်းနည်း ရှင်းလိုက်ပါဦးမယ်တဲ့၊ ပဌမက ဦးမြမောင် ဝေဒနာနဲ့ အသက်ရှင်နေတယ် .... (မှန်လှပါဘုရား) ခန္ဓာကိုယ်ကြီးဟာ ဝေဒနာ ချုပ်သွားတော့ကို ဆရာကောင်း-သမားကောင်း မှီဝဲတဲ့ ပုဂ္ဂိုလ် ဘာနဲ့ အသက် ရှင်သတုံး.... ( ပညာနဲ့ အသက်ရှင်ပါတယ်ဘုရား) ပညာနဲ့ အသက်ရှင်တယ် ( မှန်ပါ )။

ဩြော်....ဒါဖြင့် အသက်ရှင်တယ် ဆိုတာကို သိတဲ့အခါကျတော့ ဝေဒနာပစ္စယာကြောင့် ပညာဖြစ်တယ်၊ ပညာနဲ့ အသက်ရှင်ပြီးသကာလ နေတယ်ဆိုတာကို အခုတော့ ကိုယ်ပိုင်ဉာဏ်နဲ့ သိရတော့ကို ပညာနဲ့ အသက်ရှင်မှုကလဲ မလွယ်ပါကလား.... ( မှန်လှပါ )။

ဆရာကောင်း-သမားကောင်း မမှီဝဲရတော့ ဝေဒနာပစ္စယာ.... ( တဏှာပါ ) ဝေဒနာနဲ့ အသက်ရှင်တဲ့ ပုဂ္ဂိုလ် ဝေဒနာချုပ်သွားတော့ ဦးမြမောင် တယောက်သေပြီ၊ ဦးကျော်မောင် တ

ယောက်သေပြီ၊ ဘာနဲ့ အသက်ရှင်နေသတုံး .... ( တဏှာနဲ့ အသက်ရှင်နေပါတယ်ဘုရား )။

တဏှာချုပ်သွားပြန်တော့ ဒီပုဂ္ဂိုလ် ဘာနဲ့ အသက်ရှင်နေသတုံး....( ဉပါဒါန်နဲ့ အသက်ရှင်နေပါတယ်ဘုရား )ဉပါဒါန်နဲ့ အသက်ရှင်တယ်၊ စိတ်တခုခုနဲ့ အသက်ရှင်ရမှာကိုး.... ( မှန်ပါ ) "ကေစိတ္တသမာယုတ္တာ"ကိုး....၊ တခုသောစိတ်နဲ့ အသက်ရှင်ရမှာဆိုတာက ရှင်းပြီးသကာလနေတော့ .... ဒါဖြင့် ခင်ဗျားတို့ ဒီလို ဆရာ - သမားတွေနဲ့မတွေ့၊ ကိုယ့်အလုပ်ကိုလဲ လုပ်ကောင်းမှန်း မသိတဲ့ ပုဂ္ဂိုလ်မှာ တဏှာနဲ့ အသက်ရှင်လိုက်၊ ဉပါဒါန်နဲ့ အသက်ရှင်လိုက်၊ ကံနဲ့ အသက်ရှင်လိုက်၊ပြန်လှည့်လိုက်....(မှန်ပါ) ပြန်လှည့်တဲ့အခါကျလို့ရှိယင်ဖြင့် စိတ်နဲ့ အသက်ရှင်လိုက်၊ ဖဿနဲ့ အသက်ရှင်လိုက်၊ဝေဒနာနဲ့ အသက်ရှင်လိုက်....(မှန်ပါ)။

ဒီလိုချည့် လှည့်နေတော့ ဩော်....ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ခန္ဓာကိုယ်ဆိုတာ စိတ်ကနေ လှည့်လိုက်လဲ ကံရောက်၊ ကံကနေ မသေသေး ပြန်လှည့်ပြန် စိတ်ပြန်ရောက်....(မှန်ပါ) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ရောက်တော့ကို ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ဟာ ဘာခန္ဓာကိုယ်တုံးလို့ မေးတော့ ပဋိစ္စသမုပ္ပါဒ်ခန္ဓာကိုယ် ..( မှန်ပါ ) ဒါတွေ လှည့်ဖြစ်နေတာ .. (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာခန္ဓာကိုယ်တုံး....(ပဋိစ္စသမုပ္ပါဒ်ခန္ဓာကိုယ်ပါဘုရား)ပဋိစ္စသမုပ္ပါဒ်ခန္ဓာကိုယ်လို့ သိတော့ ပဌမစိတ်နဲ့ အသက်ရှင်တယ်ဆိုတော့ ဩော်....ပဋိစ္စသမုပ္ပါဒ်နဲ့ အသက်ရှင်တယ်၊ စိတ်ချုပ်သွား

ပြန်တော့ ဖဿနဲ့ အသက်ရှင်တယ်ဘုရား....( မှန်ပါ ) ဖဿနဲ့ အသက်ရှင်တယ်၊ ဖဿခန္ဓာဖြစ်ပြန်တော့....(မှန်ပါ)။

ဒါဖြင့် ဖဿချုပ်သွားပြန်တော့ ဝေဒနာက္ခန္ဓာနဲ့ အသက်ရှင်တယ်၊ ဆရာကောင်း, သမားကောင်းနဲ့ မမှီဝဲရပြန်တော့ တဏှာခန္ဓာဖြစ်တယ်....(မှန်ပါ)မဟုတ်ဘူးလား....(ဟုတ်ပါတယ် ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်နဲ့ အသက်ရှင်နေတယ်ဆိုယင် လွဲပါ့မလား....(မလွဲပါဘုရား)။

ကောင်းပြီ .... ဒါဖြင့် အကြောင်းတခု ချုပ်သွားတဲ့အခါ အကျိုးတခု မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဩော်....ဒီအကျိုးဟာ အလိုလိုပေါ်တာလား....အကြောင်းက ကျေးဇူးပြုခဲ့လို့ ပေါ်တာလား....(အကြောင်းက ကျေးဇူး ပြုခဲ့လို့ ပေါ်တာပါဘုရား)။

အကြောင်းက ကျေးဇူးပြုခဲ့လို့ ပေါ်တဲ့ ဝေဒနာကြောင့် ပညာပေါ်တယ်....(မှန်ပါ)ဝေဒနာကြောင့် တဏှာပေါ်တယ်-- ဆရာကောင်း, သမားကောင်း မမှီဝဲရတော့လေ....( မှန်လှပါ ဘုရား)။

ဝေဒနာကြောင့် ဆရာကောင်း,သမားကောင်း မှီဝဲရယင်.... (ပညာပေါ်ပါတယ်ဘုရား)အဲ....ဒီလူ ပညာနဲ့ အသက်ရှင်တယ် နော်....(မှန်ပါ)။

ဆရာကောင်း,သမားကောင်း မမှီဝဲရတဲ့ ပုဂ္ဂိုလ်ကျတော့ .... ဝေဒနာချုပ်သွား ဘာနဲ့ အသက်ရှင်နေသတုံး....( တဏှာနဲ့ အသက်ရှင်ပါတယ်ဘုရား)။

တဏှာနဲ့ အသက်ရှင်နေတယ်ဆိုတာ သိတော့ ဩော်.... ဒါဖြင့် အကြောင်းနဲ့အကျိုးဟာ မပြတ်ပါလားလို့ အကြောင်းကြောင့် အကျိုးဖြစ်နေတာတွေပါလားလို့ .... ခန္ဓာကြီး မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အကြောင်းချုပ်သွားယင် အကျိုးပေါ်တာဘဲ....(ပေါ်ပါတယ်)အဲဒီ့ အကျိုးပေါ်တာ သိလိုက်သဖြင့် ကိုယ် အသက်ရှင်နေတာ အကျိုးနဲ့ အသက်ရှင်နေတာ သိလိုက်သဖြင့် တခုချုပ်မှ တခု ပေါ်နိုင်တာကိုးဗျ....(မှန်ပါ့)။

တခုချုပ်မှ....(တခု ပေါ်နိုင်ပါတယ်ဘုရား) တခုချုပ်မှ တခု ပေါ်နိုင်တာကို ဘုန်းကြီးတို့ တကာတကာမတွေက သိတော့မှ မမြဲပါကလား... (မှန်ပါ့)။

မမြဲပါဘူး၊ တခုချုပ်မှ တခုပေါ်တာကိုးဗျ....(မှန်ပါ့) အဲဒီ့ ပေါ်လာတာကလဲ ချုပ်ဦးမှာဘဲ၊ ချုပ်ပြီး နောက် အသစ်တခု မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် မြဲသေးသလား--ဦးမြမောင်....(မမြဲပါဘုရား)အဲဒီလို သိလိုက်တော့ ပဋိစ္စသမုပ္ပါဒ် အကြောင်းချုပ်လို့ အကျိုး ဖြစ်တာ သိလိုက်သဖြင့် သဿတဒိဋ္ဌိစင်သွားတယ်....(မှန်ပါ့)။

တခုချုပ်ပြီးမှ တခုပေါ်လာတာ၊ ဒီလို သိလိုက်တော့ ဘာဒိဋ္ဌိ စင်သွားသတုံး... (သဿတဒိဋ္ဌိ စင်သွားပါတယ်ဘုရား)။

ချုပ်သွားတာလဲ သိတာဘဲ....(မှန်ပါ့) ပေါ်လာတာလဲ.... ( သိပါတယ်ဘုရား )အဲဒီတော့ ခိုင်တယ်, မြဲတယ်လို့ ယူလို့ ရသေးရဲ့လား....(မရပါဘုရား)။

အဲဒါကြောင့် သဿတဆိုတဲ့ ဥစ္စာ တခုတည်း ခိုင်တယ် ယူတဲ့ ဥစ္စာ သဿတကိုး....( မှန်ပါ )အခုတော့ တခုတည်း ခိုင်တာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

တခုချုပ်ပြီး တခုပေါ်တယ်....(မှန်ပါ)အဲဒီ ပေါ်တဲ့ တရားကလေး ချုပ်ပြီး နောက်တခု....(ပေါ်လာပါတယ်ဘုရား) အဲဒီတော့ ခိုင်တာကို ပါရဲ့လား....(မပါပါ ဘုရား)။

အဲဒီကဲ့သို့ ခိုင်တာ မပေါ်တာကို သိသဖြင့် ခိုင်တာ မရှိဘူး ဆိုတာ သိသဖြင့် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ကြီးဟာ တကာ တကာမတွေ့မှာ သဿတဒိဋ္ဌိ စင်သွားတယ်....( မှန်ပါ )ပေါ် ပလား....( ပေါ်ပါပြီ )သဿတဒိဋ္ဌိစင်ပုံ သဘောကျပလား.... (ကျပါပြီဘုရား)။

သဿတဒိဋ္ဌိစင်သွားပါပြီတဲ့၊ ရှင်းပြီနော်....(မှန်ပါ) ဒီနေ့ ဒိဋ္ဌိခွါတယ် သောတာပန် တည်အောင်လို့....(မှန်ပါ) ဒိဋ္ဌိခွါနေ နေတယ်၊ ဥပမာမယ်....အခု ဝေဒနာချုပ်သွားတော့ ခင်ဗျားတို့ ဘာနဲ့ အသက်ရှင်နေသတုံး....(တဏှာနဲ့ အသက်ရှင်ပါတယ် ဘုရား)။

တဏှာနဲ့ အသက်ရှင်တော့ အင်း....ဝေဒနာသမား မြဲရဲ့ လား....လို့ မေးယင် ဘယ့်နှယ် ပြောမလဲ....(မမြဲပါဘုရား)။

ကဲ....တဏှာနဲ့ အသက်ရှင်နေပြီ၊ တဏှာကလဲ ဖြစ်ပြီး ပျက် သွားပြန်တော့ ဘာနဲ့ အသက်ရှင်မယ်....(ဥပါဒါန်နဲ့ အသက် ရှင်ပါမယ်ဘုရား)ဒီတော့ ခင်ဗျားတို့ ခန္ဓာဟာ မြဲသေးရဲ့လား (မမြဲပါဘုရား)။

ဒီလို သိသဖြင့် မမြဲဘူး....မမြဲဘူး၊ ပေါ်လာတာကလေး မမြဲဘူး၊ ပေါ်လာတာကလေး မမြဲဘူး၊ ပေါ်လာတာကလေး

မမြဲဘူးလို့ ခင်ဗျားတို့ သိသဖြင့် ဘာဒိဋ္ဌိ စင်သတုံး....(သဿတ ဒိဋ္ဌိ စင်ကြယ်ပါတယ်ဘုရား)ပေါ်ပြီ (ပေါ်ပါပြီဘုရား)ဒိဋ္ဌိစင်မှ သောတာပန် တည်မှာကိုးဗျ....(မှန်ပါ)။

ဒိဋ္ဌိစင်မှ နောက်က တကာတကာမတွေ့ သောတာပန် တည်မှာ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)ဘာစင်မှာကုံး....(ဒိဋ္ဌိစင်မှပါ ဘုရား)ဘာဒိဋ္ဌိ စင်သွားသတုံး....(သဿတဒိဋ္ဌိ စင်သွားပါတယ် ဘုရား)။

ဒါ ခင်ဗျားတို့ ဘယ်တော့မှ မရှိတော့ဘူး ဒီဥစ္စာ....(မှန်ပါ ဘုရား)ဒီဘဝမှာ ဘယ်တော့မှ မရှိတော့ဘူး၊ ဒီပဋိစ္စသမုပ္ပါဒ်က သက်သေခံသွားပြီ....(မှန်ပါ) မခံသေးဘူးလား....(ခံသွားပါပြီ ဘုရား)။

ကဲ .... တခါ ဒါကို ရေရေလည်လည် နားလည်ပြီးပါပြီ....၊ သဿတဒိဋ္ဌိလဲ တပည့်တော်တို့သန္တာန် ဘယ်တော့မှ မရှိတော့ပါ ဘူး၊ ရုပ်တရားလဲ တခုချုပ်ပြီး တခုဖြစ်တာဘဲ....(မှန်ပါ) နာမ် တရားတွေကော....(တခုချုပ်ပြီး တခုဖြစ်တာပါ ဘုရား)။

အဲ....တခုချုပ်ပြီး တခုဖြစ်လိုက်၊ ဖြစ်တဲ့ တရားကလေး ချုပ် ပြီး နောက်တခါ ဖြစ်လိုက်၊ ဒီလို မနေဘူးလား .. (နေပါတယ် ဘုရား)။

ဒီလိုနေတာ ထောက်သဖြင့် နောက်က တကာတကာမတွေ့ ဘာဒိဋ္ဌိစင်သတုံး....(ဘဿတဒိဋ္ဌိစင်သွားပါတယ်ဘုရား)။

သဿတဒိဋ္ဌိစင်သွားတယ်လို့ မှတ်လိုက်စမ်းပါတဲ့....(မှန်ပါ) ဒါက ပြရှင်းမှ သဿတစင်တာဗျ....(မှန်ပါ) မပြယင်....(မစင် ပါဘုရား)။

မစင်ဘူးဆိုတော့ ဒီ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း ဒေသနာဟာ ကိုယ့်ခန္ဓာဖြစ်စဉ်ဟာ ဒီအတိုင်းဘဲလို့ သိသဖြင့် သင်တဲ့ ဆရာက လက်ညှိုးညွှန်ပြီး ပြသသင်သောအားဖြင့် ဦးဘသန်းရေ.... သဿတဒိဋ္ဌိဟာ အမြဲကို စင်သွားတာဘဲ....(မှန်ပါ့)။

ဘယ့်နှယ် နေသတုံး....( သဿတဒိဋ္ဌိဟာ အမြဲစင်သွားပါ တယ်ဘုရား) အမြင် စင်သွားပြီတဲ့....၊ အမြင်စင်သွားပြီနော်.... ( မှန်ပါ့ဘုရား )ကဲ....တခါ ဉစ္ဆေဒဒိဋ္ဌိစင်အောင် လုပ်ပေးဦး မယ်၊ သဿတဒိဋ္ဌိကျေနပ်ပြီ.... (မှန်ပါ့)။

ဝေဒနာချုပ်သွားပြီးတော့ကို ဆရာကောင်း သမားကောင်း မမှီဝဲရတဲ့ ပုဂ္ဂိုလ်မှာ နိယာမအားဖြင့် ဘာပေါ်လေ့ရှိသတုံး.... (တဏှာပေါ်လေ့ရှိပါတယ်)တဏှာပေါ်လေ့ရှိတယ်....(မှန်ပါ့ ဘုရား)။

ဩော်....ဒါဖြင့် ဝေဒနာက္ခန္ဓာ ချုပ်သွားပြီး ဘာမှ မပေါ် ဘူးဆိုမှ ဉစ္ဆေဒကိုး...(မှန်ပါ့)အခုတော့ ဝေဒနာ ချုပ်သွားပြီး သည့်နောက် ဝေဒနာပစ္စယာ ဝေဒနာအကြောင်း ဆက်ပြီးတော့ အကျိုးပေါ်စေတယ်....(မှန်ပါ့) တဏှာပေါ်လာတယ် (မှန်လှ ပါ)မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

တဏှာ ပေါ်လာတာ ထောက်လိုက်သဖြင့် ဝေဒနာ အကြောင်း ကင်းရဲ့လား....(မကင်းပါဘုရား)ဝေဒနာ မချုပ်ဘဲ နေယင် တဏှာ ပေါ်ပါ့မလား....(မပေါ်ပါဘုရား)။

မပေါ်ဘူးဆိုတော့ ဝေဒနာချုပ်လို့သာ....တဏှာပေါ်တာ ထောက်လိုက်သဖြင့်....တဲ့ ဝေဒနာက အကြောင်းဆက်ခဲ့သော ကြောင့် တဏှာတည်းဟူသော အကျိုးတရား ပေါ်တယ်လို့ သိ သဖြင့် ဝေဒနာချုပ်ပြီး ဘာမှ မပေါ်ဘူး၊ ပြတ်သွားတာဘဲ၊

ဝေဒနာချုပ်ပြီး ပြတ်သွားတာဘဲဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ အယူဟာ မရှိတော့ဘူး....(မှန်ပါ့)ရှိသေးရဲ့လား....(မရှိပါဘုရား)။

ကဲ .. တဏှာချုပ်သွားပြန်ပြီတဲ့.... သူ့သက်တမ်း စေ့လို့ ....(မှန်ပါ့) ဘာပေါ်မတုံး....(ဉပါဒါန် ပေါ်လာပါတယ်ဘုရား) အလိုလိုပေါ်တာလားတဲ့....စဉ်းစားကြည့်ပါတဲ့... တဏှာချုပ်လို့ပေါ်ရတာလား .. ( တဏှာချုပ်လို့ ပေါ်ရတာပါ )တဏှာက ကျေးဇူးပြုခဲ့တယ်....(မှန်ပါ့)တဏှာ ကျေးဇူးမပြုခဲ့လို့ရှိယင်ဉပါဒါန်....(မပေါ်ပါဘုရား)။

ဒါဖြင့် တဏှာချုပ်ပြီး ပြတ်သွားတယ်လို့ ယူမလား... ၊ဉပါဒါန် ပေါ်သေးတယ်လို့ ယူမလား....(ဉပါဒါန် ပေါ်သေးတယ်လို့ ယူရပါမယ်ဘုရား)။

ဒါဖြင့် တဏှာချုပ်သွားယင် ဘာမှ မဖြစ်တော့ဘူး ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိအမိပ္ပါယ်မျိုးကော ယူသေးရဲ့လား....(မယူပါဘုရား) ဒါဖြင့် ဘယ်ဒိဋ္ဌိစင်သွားသတုံး....(ဥစ္ဆေဒဒိဋ္ဌိ စင်သွားပါတယ်) ဥစ္ဆေဒဒိဋ္ဌိစင်သွားတယ်နော်....(မှန်ပါ့)။

ဒါဖြင့် အခု တရားနာတာ ၁၅-မိနစ်ရှိသွားပြီ၊ ဒိဋ္ဌိ ဘယ်နှစ်မျိုး စင်ပလဲ....(နှစ်မျိုး စင်ပါပြီဘုရား) နှစ်မျိုးစင်သွားပြီ။

နှစ်မျိုးစင်ပြီနော်....(မှန်ပါ့)မှတ်ထားပါတဲ့....ဒိဋ္ဌိနှစ်မျိုး စင်သွားပြီ၊ နောက် နှစ်မျိုးစင်အောင် လုပ်ရဦးမယ်... (မှန်လှပါဘုရား)။

ဒါ မစင်ဘဲနဲ့ အားလုံး ခင်ဗျားတို့ ယောကျ်ားလေးယောက် ငါးယောက်- ခြောက်ယောက်ရှိတယ်၊ ဒါ မစင်ဘဲနဲ့ ဖြစ်ပျက်-ဖြစ်ပျက်ဆိုပြီး ဉာဏ်ထဲမှာ မြင်နေဦး၊ ဝမ်းထဲမှာ ဒီ ဒိဋ္ဌိက မရှင်းလို့ရှိယင် ဘယ်လိုမှ နိဗ္ဗာန် မရဘူး....(မှန်ပါ့)။

ဒါတွေက ရှင်းနေမှ....(မှန်ပါ့) ကိုယ့်ဝမ်းထဲမှာ ကိုယ်ရှင်းနေမှ ရတာ....(မှန်ပါ့) နို့မဟုတ်လို့ရှိယင် ဘယ်တော့မှ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန် မရဘူး....(မှန်ပါ့)။

ဒါဖြင့် ဒီဟာ အသိနဲ့ စင်ပြီး အားထုတ်ရမယ်ဆိုတဲ့ .... တနေ့က ပြောခဲ့တဲ့ ရှေ့ပိုင်းမှာ အသိဉာဏ်နဲ့ ရှင်းလင်းပြီးမှ နောက်ပိုင်းက အားထုတ်ပါဆိုတာ ဦးမြမောင်တို့....ဦးကျော်မောင်တို့ မှာထားတယ်....(မှန်ပါ့)။

ရမ်းပြီး ခင်ဗျားတို့က ယောဂီရိပ်သာသွားပြီး ဆရာက ဒါ အားထုတ်ဆိုလို့ ထုတ်နေတာဘဲဆိုတော့ သူက ဒါတွေ ရှင်းပေးပြီး မထားဘဲနဲ့ အားထုတ်လို့ရှိယင် .... ခင်ဗျားတို့ ညောင်းရုံဘဲ ရှိမယ်....(မှန်ပါ့)နိဗ္ဗာန်တော့ မရဘူး....(မှန်လှပါဘုရား)။

နိဗ္ဗာန်တော့ မရဘူး၊ ဘာပြုလို့တုံး....အမြင် မစင်ကြယ်လို့ (မှန်ပါ့)ဘာပြုလို့တုံး....(အမြင် မစင်ကြယ်လို့ပါဘုရား)။

ဘယ့်နှယ်ကြောင့် အမြင်မစင်ကြယ်သတုံးဆိုတော့ ဒိဋ္ဌိက ကပ်တယ်....( မှန်ပါ့ ) ဒိဋ္ဌိက ကပ်တော့ ဝိစိကိစ္ဆာဝင်တယ်၊ ဘယ့်နှယ်ကြောင့် ဒါ တခုပြီးတခု ပေါ်ပါလိမ့်မတုံးလို့ .... ဟော....ဝိစိကိစ္ဆာကလဲ ပေါ်လာတယ်....(မှန်ပါ့)။

ဒိဋ္ဌိဝိစိကိစ္ဆာတို့ ချက်ခြင်း ဝင်မလာဘူးလား....(ဝင်လာပါတယ်ဘုရား) ဝင်လာတော့ အမြင်မစင်ကြယ်ဘဲနဲ့ ဖြစ်ပျက်ကို အားထုတ်နေလို့ရှိယင်ဖြင့် အာပေါက်အောင် အားထုတ် မရပါဘူး....(မှန်ပါ့)။

အမြင်စင်ကြယ်မှု ရှေ့ထားရပါတယ်၊ ဒါကြောင့် ဘုရားက ဉာတပရိညာ ရှေ့ထားပေ့....တဲ့၊ ပြီးတော့မှ တီရဏပရိညာ

ပွါးများမှု နောက်မှ လုပ်ဟေ့....တဲ့....(မှန်ပါ့) မမှာဘူးလား....(မှာပါတယ်ဘုရား)ပရိညာသုံးပါး အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာပါတယ်....(မှန်ပါ့)။

ကဲ တတိယဒိဋ္ဌိဖြုတ်ပါဦးမယ်၊ တတိယဒိဋ္ဌိက တခုသောတရား ချုပ်ပြီးသကာလ အချို့ဖြစ်တယ်၊ အချို့ မဖြစ်ဘူးလို့ ယူတဲ့ တပိုင်းကြောင် သဿတဒိဋ္ဌိ ရှိသေးတယ်....(မှန်ပါ့) တခုသော တရားချုပ်ပြီး တခုသော အကြောင်းတရား ချုပ်ပြီး တခုသော အကျိုးတရားဟာ ဖြစ်တဲ့အခါလဲ ဖြစ်တယ်၊ မဖြစ်တဲ့အခါလဲ မဖြစ်ဘူးလို့ ယူတဲ့ဥစ္စာလဲ ရှိသေးတယ်....(မှန်လှပါ) အဲဒါက ကေစ္စသဿတဒိဋ္ဌိတဲ့၊ ဦးဘသန်းကြီး - သေသေချာချာ မှတ်ပါ.... (မှန်ပါ့)။

တခုသောတရား ချုပ်သွားပြီးသည့်နောက် တခုသော တရားဟာ ဖြစ်တဲ့အခါလဲ ဖြစ်တယ်၊ မဖြစ်တဲ့ အခါလဲ မဖြစ်ဘူး....(မှန်လှပါ) ဒီလိုယူတဲ့ အယူဟာ....တဲ့ .... ကေစ္စသဿတဒိဋ္ဌိတဲ့....ပါဠိလို၊ မြန်မာလိုတော့ တပိုင်းကြောင် သဿတဒိဋ္ဌိ.... (မှန်ပါ့ဘုရား)။

တချို့ဖြစ်တယ်၊ တချို့မဖြစ်ဘူး.... (မှန်ပါ့) တပိုင်းကြောင် သဿတဒိဋ္ဌိ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

တခုသောအကြောင်းတရားချုပ်ပြီး တခုသော အကျိုးတရားဟာ ဖြစ်တာလဲရှိတယ်၊ မဖြစ်တာလဲ ရှိတယ်လို့ ယူတဲ့ အယူ၊ ဘာ့အယူတဲ့တုံး .... ( တပိုင်းကြောင် သဿတဒိဋ္ဌိပါဘုရား )။

တပိုင်းကြောင် သဿတဒိဋ္ဌိအယူ၊ တဝက်ဖြစ်တယ်၊ တချို့ဖြစ်တယ်၊ တချို့ကျတော့ မဖြစ်ဘူးလို့ ယူလို့ရှိယင် တပိုင်းကြောင် သဿတဒိဋ္ဌိလို့ မှတ်ပါ....(မှန်ပါ့)။

ဒီလို.... ဒီဒိဋ္ဌိရှိနေလဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို အာပေါက် အောင် အားထုတ်၊ ဖြစ်ပျက်တွေကို မြင်ချင်တိုင်းမြင် နိဗ္ဗာန်မရ (မှန်လှပါ) ကေစွသဿတဒိဋ္ဌိခံပါတယ်.... (မှန်လှပါ) သဘော ပါပလား....( ပါ-ပါပြီ ) ရှင်းပလား.... (ရှင်းပါပြီ) ဒိဋ္ဌိ ဘယ် နှစ်မျိုးပြီးသွားပလဲ.... ( သုံးမျိုးပြီးသွားပါပြီ ) ဒိဋ္ဌိလေးမျိုး တော့ ခွာပေးရမယ်....(မှန်ပါ့) ခွာပြီးမှ ခင်ဗျားတို့ သေသေ- ချာချာအားထုတ်ရမယ်....နော်....(မှန်ပါ့)။

စတုတ္ထ အမရာဝိက္ခေပဒိဋ္ဌိ ဆိုတာကတော့ မဖြစ်သည်လည်း မဟုတ်၊ ဖြစ်သည်လည်းမဟုတ်၊ သူက ဒီလိုယူတယ်.... (မှန်လှပါ ဘုရား)။

တခုသော အကြောင်းတရား ချုပ်ပြီးသကာလ တခုသော အကျိုးတရား မဖြစ်သည်လည်းမဟုတ်ဘူး၊ ဖြစ်တယ်လို့လဲ သူမ ဆိုလိုဘူးတဲ့....(မှန်ပါ့) ဘာ့ကြောက်ရမှာတုံး- ဒီ ဥစ္စာ၊ ဒီလိုလဲ ယူတာရှိသေးတယ်....( မှန်ပါ့ ) မဖြစ်ဘူးလို့လဲ သူမဆိုလိုဘူး၊ ဖြစ်တယ်လို့လဲ သူမဆိုလိုဘူး၊ အဲဒါ....အမရာဝိက္ခေပ ဒိဋ္ဌိဘဲ.... နော်....( မှန်လှပါဘုရား )။

ဒီ ဒိဋ္ဌိက ဘယ်လိုပုဂ္ဂိုလ်မှာ ရှိတာတုံး ဆိုတော့ ဆရာလုပ်ပြီး နားမလည်တာနဲ့ မုသားဖြစ်မှာ ကြောက်လို့သုံးတာ....(မှန်ပါ့ ဘုရား) မဖြစ်သည်လို့ သူမဆိုလိုဘူး၊ ဖြစ်တယ်လို့လဲ သူမဆို လိုဆိုတော့ ဘာ့ကြောက်ကြမလဲ၊ ဘာမှ မကောက်တတ်ဘူး.... မဟုတ်လား....(မှန်ပါ့) အဲဒါ အမရာဝိက္ခေပဒိဋ္ဌိ....(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီ)။

မဖြစ်ဘူးလို့လဲ သူမဆိုဘူး၊ ဖြစ်တယ်လို့ကော.... (မဆိုပါ ဘုရား) အဲဒီလိုယူထားတယ်၊ တခုသော အကြောင်းတရားချုပ်

သွားတယ်၊ တခုသော အကျိုးတရား ပေါ်တယ် ဆိုတဲ့ဥစ္စာ ဖြစ်တယ်....ပေါ်တယ်....လို့လဲ သူမဆိုလိုဘူး၊ မပေါ်ဘူးလို့လဲ သူမဆိုလိုဘူး၊ ဒီလိုယူတဲ့ အယူလဲ ရှိသေးတယ်၊ အဲဒါကို အမရာ ဝိက္ခေပဒိဋ္ဌိခေါ်ပါတယ်....(မှန်ပါ့)။

အဲဒီ ဒိဋ္ဌိလေးမျိုး တခုခုရှိနေခဲ့ယင် ခင်ဗျားတို့ ဝမ်းထဲမှာ မရှင်းဘဲနဲ့ရှိနေခဲ့သော်....ဟုတ်လား....၊ အာပေါက်အောင် အားထုတ်ပါ၊ ခန္ဓာကိုယ် ဖြစ်ပျက်တွေ မြင်ချင်တိုင်းမြင်ပါ။ ဘယ်နည်းနှင့်မှ ဒုက္ခဆုံးတဲ့ နိဗ္ဗာန်မရောက်ပါဘူး.... (မှန်ပါ့) ဘာဖြစ်လို့တုံး....ဒိဋ္ဌိလေးမျိုး တမျိုးမျိုးခံနေလို့....(မှန်ပါ့)။

ပဌမ,မဂ်က “ ဒိဋ္ဌိနိရောဓော နိဗ္ဗာနံ ”ကိုးဗျ။ ပဌမမဂ်က ဘယ်ဒိဋ္ဌိမှ မကျန်မှ နိဗ္ဗာန်ရောက်မှာ ဒိဋ္ဌိ တခုခု ကျန်ယင်.... (မရောက်ပါဘုရား) ဒါဖြင့် ဒိဋ္ဌိခွာမှုနဲ့ ဝိပဿနာရှုမှု ဘယ်သူ့ရှေ့ထားရမှာတုံး....( ဒိဋ္ဌိခွာမှု ရှေ့ထားရမှာပါဘုရား)။

နောက်က, တကာတကာမတွေ့ ဒါ .... သေသေချာချာ အရေးကြီးပါတယ်။ ရောက်လာလို့ ရှိယင်ဖြင့် ဘယ်ကမ္မဋ္ဌာန်း တိုက်မဆို များသောအားဖြင့် အားထုတ်ကွာ....ဒို့နည်းကဒါဘဲ။ ခုပြော ဒါတွေက ရှင်းမပေးဘူး....(မှန်ပါ့) ဒါတွေက ရှင်းမပေးလို့ရက်သာကုန်လို့ ပြန်ခဲ့ရတယ်ဟုတ်လား ...( မှန်လှပါ )။

တွေ့တော့ တွေ့တယ်ဟော့ ဖြစ်ပျက်ကလေးတွေတော့ တွေ့တော့ တွေ့တယ်။ တွေ့ပေမဲ့ မင်း.... နိဗ္ဗာန်မရဘူး။ ဘာ့ကြောင့်တုံး ဒိဋ္ဌိလေးမျိုး တမျိုးမျိုးက ခံနေတယ်....( မှန်လှပါ ) ဘာ့ကြောင့် ခံရသတုံး ပဋိစ္စသမုပ္ပါဒ်နားမလည်လို့.... ( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီ)။

ဘာဖြစ်လို့တုံး....( ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ပါဘုရား ) နားမလည်တော့ ဒိဋ္ဌိခံမနေဘူးလား....( မှန်ပါ ) အခုတော့ ခင်ဗျားတို့ ဒိဋ္ဌိခံသေးရဲ့လား....(မခံတော့ပါဘုရား)။

မခံတော့ဘူးတဲ့၊ တခုသော အကြောင်းတရား ချုပ်သွားတယ်၊ တခုသော အကျိုးတရား ဖြစ်ရတာဘဲ....(မှန်ပါ)။

ချုပ်တာ မြင်သဖြင့် သဿတဒိဋ္ဌိ ရှိသေးရဲ့လား...(မရှိတော့ပါ) နောက် ဖြစ်တာ မြင်သဖြင့် ဥစ္ဆေဒဒိဋ္ဌိ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

တပိုင်းကြောင်ကော ရှိသေးရဲ့လား...(မရှိကောပါဘုရား) မဖြစ်သည် မဟုတ်၊ ဖြစ်တယ်လို့လဲ မဆိုလို...ဆိုတာမျိုးလဲ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါ ခင်ဗျားတို့ ယနေ့ နာရတဲ့ အတွက် ဒိဋ္ဌိပြုတ်သွားသဖြင့် ဒိဋ္ဌုပါဒါန်ပါ ပြုတ်သွားတယ်....(မှန်ပါ)ဒိဋ္ဌိရှိမှ ဒိဋ္ဌုပါဒါန် ဖြစ်တယ်၊ တဏှာရှိမှ တဏှုပါဒါန် ဖြစ်တယ်၊ဟုတ်သလား-- (မှန်ပါ)။

ဒိဋ္ဌိရှိမှ ဒိဋ္ဌုပါဒါန် ဖြစ်ပါတယ်၊ တဏှာရှိမှ တဏှုပါဒါန် ဖြစ်ပါတယ်၊ တဏှာနဲ့ ဒိဋ္ဌိဟာ တွဲလျက်ပါလို့ ဘုန်းကြီးတို့.... တကာတကာမတွေက ရှင်းရှင်းလင်းလင်း မှတ်ထားပါ(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဝတ္ထုထုတ်တော့မယ်၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးပြီး သကာလ နေတယ်၊ ပဥ္စပဏ္ဏားက လာတယ်၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ရာဓသံယုတ်မှာ....(မှန်ပါ)။

ဝစ္စပုဏ္ဏားက လာတယ်၊လာပြီးသကာလ သူ နှုတ်ဆက်လိုက်တယ်၊ အရှင်ဘုရား၊ ရှေးရက်တွေလဲ ကုန်ပြီနော် ...၊ အခုဟာက အသစ်ရက်တွေဘဲ....(မှန်ပါ) သူတို့ ရှေးက နှုတ်ဆက်နည်းဘဲ....(မှန်ပါ)။

ရှေးက ရက်တွေလဲ ကုန်သွားပြီ၊ အခု အရှင်ဘုရားနဲ့ တွေ့ရတာ အသစ်ရက်ဘဲ၊ ဒီနေ့မှ ပေါ်လာတဲ့ ရက်ပေါ့ဗျာ....(မှန်ပါဘုရား)။

ရှေးက ရက်တွေ လွန်ကုန်ပြီ၊ အခု တွေ့ရတဲ့ ရက်ဟာ တွေ့ရတဲ့ ရက်လို့ဘဲ အရှင်ဘုရားနဲ့ ဟပည့်တော်နဲ့ မှတ်တို့ဘဲ၊ဒါ ရှေးက နှုတ်ဆက်တာ....(မှန်ပါ)။

ရှေးရက်တွေလဲ လွန်ကုန်ပြီ၊ ဒီရက်မှာ လာဆုံကြတာဘဲ....၊ ဒါ ရှေးက နှုတ်ဆက်နည်းဆိုတာ သံဝေဂ ပါနေတယ် ...(မှန်လှပါဘုရား)။

ခင်ဗျားတို့ အခုနှုတ်ဆက်နည်းကတော့ ကျန်းမာပါရဲ့လား-ချမ်းသာပါရဲ့လား....ဒါလောကသာ မေးလေ့ရှိဘယ်....(မှန်လှပါဘုရား)။

သူတို့ကတော့ ဒီလို မဟုတ်ဘူး၊ရှေးက ရက်တွေ ကုန်ပြီနော်-အခုရက် တွေ့ကြတာဘဲ၊ သူတို့ ဒီလို နှုတ်ဆက်လေ့ရှိတယ် ....(မှန်ပါ)။

ဟို ...သူတို့ဟာက မှန်တယ်....(မှန်ပါ)သူတို့ဟာက မှန်ဘယ်၊ ရှေးက ရက်တွေလဲ လွန်ကုန်ပြီ၊ အခုရက် တွေ့ကြတာဘဲ ဆိုတော့ ရှေးရုပ်နာမ်တွေ ကုန်ပြီ၊ အခု ရုပ်နာမ်နဲ့ စကားပြောကြတို့-ဆိုတဲ့ အဓိပ္ပါယ်မျိုး....(မှန်ပါ) ရောက်ပလား.... (ရောက်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ နှုတ်ဆက်ပြီးသကာလ ရှင်ကြီးဂေါတမတဲ့ ....၊ ကျုပ်တို့ကတော့ ပုဏ္ဏားလူမျိုး ဖြစ်ပြီးသကာလ နေတော့.... အမျိုးမျိုးသော တိတ္ထိဆရာကြီးတွေနဲ့လဲ ဆက်ဆံရတယ်၊ အရှင်ဘုရားနဲ့လဲ ဆက်ဆံရတယ်၊ ဆက်ဆံရတဲ့ အခါကျတော့ စကားကြားရတယ်ပေါ့လေ....(မှန်ပါ့)။

ပုရာဏကဿပတို့က သူတို့အထဲက တကာတယောက် သေသွားတဲ့အခါကျတော့ ဟ....ဘယ်ဘုံမှာ ပဋိသန္ဓေနေပြီဟေ့--၊ တာဝတိံသာဖြင့် တာဝတိံသာ ရောက်သွားပြီ...သူတို့ဆရာကြီးတွေ သွားမေးယင် ပြောတာဘဲ....( မှန်ပါ့ ) တာဝတိံသာ သွားပြီး ပဋိသန္ဓေနေတယ်။

မက္ခလိတို့ သွားမေးလိုက်ပြန်တော့ သူတို့တပည့်ထဲက တော်တော် ထူးထူးချွန်ချွန် သေသွားတယ်ဆိုလို့ရှိယင် ဟာ....ပဥ္စမစျာန် ဗြဟ္မာဖြစ်သွားပြီကွ....(မှန်ပါ့)။

သူတို့ တိတ္ထိကြီးခြောက်ယောက်ကတော့ သူတို့ စာကာတွေ သေလို့ရှိယင်ဖြင့် သွားမေးကြတာပေါ့လေ၊ သူ့အမျိုးတွေ ဘာတွေက....( မှန်ပါ့ )အဲဒီအတိုင်းဘဲ ရောက်ရာဌာန ဖြေကြတယ်... (မှန်ပါ့)။

ဖြေကြတာ တပည့်တော်များလဲ ဒီဘုံတွေက ရှိတာလဲ သိရတော့ ဩော်....ဒီဘုံတွေ ရောက်သွားတယ်၊ ဒီဘုံတွေ ရောက်သွားတယ်ဆိုတော့ တပည့်တော်တို့ဟာ ကျေနပ်ထိုက်တဲ့ ပုဂ္ဂိုလ်ဖြင့်လဲ ကျေနပ်ရသေးရဲ့၊ မကျေနပ်တဲ့ ပုဂ္ဂိုလ်ဖြင့်လဲ မကျေနပ်ရဘူးဆိုတော့ ရောက်ရာဌာန သိရသေးတယ်။

ရှင်ကြီးဂေါတမအထဲက သေသွားတဲ့အခါကျတော့ ရှင်ကြီး

ဂေါတမကို သွားသွားမေးကြတယ်တဲ့... တခြားသော ရှင်ကြီးဂေါတမ တကာတကာမတွေက... (မှန်ပါ့)။

မေးတော့ ရှင်ကြီးဂေါတမက ဘယ်လို ဖြေလိုက်သတုံးဆိုတော့....

အစ္ဆေစ္ဆိ တဏှံ၊ ဝိဝတ္တယိ သံယောဇနံ၊
သမ္မာ မာနာဘိသမယာ
အန္တမကာသိ ဒုက္ခဿ။ *

ဒီလိုချည့် ဖြေတယ်၊ တဏှာ ကုန်ပြီကွ....၊ ဥပါဒါန် ကုန်ပြီကွ (မှန်ပါ့)ဟုတ်လား....မာနကိုလဲ လွန်မြောက်သောကြောင့် ဒုက္ခအဆုံး ရောက်သွားပြီလို့ ရှင်ကြီးဂေါတမက ဖြေလေ့ရှိတယ်တဲ့....တကာတွေ သေတဲ့အခါ....( မှန်ပါ့ )။

ဒိဋ္ဌိလွတ်-ဒိဋ္ဌိရှင်းပြီးသကာလ လာတော့....( မှန်ပါ့ )သူနိဗ္ဗာန်မေးနေတာ.... (မှန်ပါ့) အဲဒီတော့ကိုတဲ့ ရှင်ကြီးဂေါတမပြောတာက တဏှာကုန်ပြီ... အစ္ဆေစ္ဆိတဏှံ၊ ဝိဝတ္တယိသံယောဇနံ=သံယောဇဉ်တွေလဲ လွန်သွားပြီတဲ့၊ သမ္မာမာနာဘိသမယာ=မာနကိုလဲ ထိုးထွင်း၍ သိသွားသောကြောင့် မာနကိုလဲ ပယ်သွားပြီ၊ အန္တမကာသိ ဒုက္ခဿတဲ့၊ဒုက္ခအဆုံး ရောက်သွားပြီတဲ့..၊ ဒီလို ဖြေလိုက်တော့ ကျုပ်တို့က နားမလည်ဘူးတဲ့....၊ ဘယ်ဘုံရောက်တယ်ဆိုမှ နားလည်မှာကိုး....(မှန်ပါ့)။

ဘယ်ဘုံရောက်တယ်ဆိုမှ နားလည်မှာ၊ အခုပြောလိုက်တော့ ဒုက္ခဆုံးသွားပြီပေါ့... (မှန်ပါ့)ဒါကြောင့် ဒီစကားကို ဘုန်းကြီးတို့က ကိုယ်တော်မြတ်ကြီး ဟောထားတော့ ဒီ တကာတကာမ

---

* ဆဋ္ဌ-၄၇၀-သဠာယတနသံယုတ္တ ပါဠိတော်ကြောင်းရေ-၂

တွေ့ အခု တရားအားထုတ်တာ ကဲ....ဒုက္ခအဆုံး မြင်ပလားဆို တာ မေးရတယ်....(မှန်ပါ)။

ဖြစ်ပျက်က ဒုက္ခသစ္စာမဟုတ်လား....(မှန်လှပါ) အဲ....ဒုက္ခ သစ္စာ မြင်နေတုန်းမို့ ဒါ တရားမပြီးသေးဘူး....( မှန်လှပါ ) ဒီ ဖြစ်ပျက်တွေ....ဒုက္ခသစ္စာတွေ မုန်းနေတယ်၊ ရှုလို့ မုန်းလာပြီ ဘုရား....ဒီ ဖြစ်ပျက်တွေကို၊ တရားမပြီးသေးဘူး။

ဟာ....ဖြစ်ပျက်တွေ ရှေ့တွင် ဖျတ်ကနဲ ချုပ်သွားပြီဘုရား ဆိုတော့ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာ၊ ဒုက္ခတွေ ဆုံးသွားပြီ.... (မှန်လှပါဘုရား)။

အဲဒီကျမှ ဘုန်းကြီးတို့က ဟာ....ဦးမြမောင် ပြန်တော့လေ ဗျာ-ခင်ဗျား ကိစ္စမရှိတော့ဘူး(မှန်ပါ)ဦးကျော်မောင် ပြန်တော့ ဗျာ...၊ ဒုက္ခအဆုံး မြင်သွားပြီပေါ့...၊ အားထုတ်ရင်းမတ္တနဲ့.... (မှန်ပါ)ရှင်းပလား... (ရှင်းပါပြီဘုရား) ။

ဒီ ပါဠိတော်တွေက လာတာ၊ ဒီ ပါဠိတော်တွေက ခုနင်က ပြောတဲ့ ဘုရားရှုတ်လိုက်တဲ့ ပါဠိတွေ.... ( မှန်ပါ ) အစ္စေစ္စံ တဏှာ....တဏှာဒိဋ္ဌိတဏှာ သေပြီ၊ဝိဝဋ္ဋာယိသံယောဇနံ... ဒိဋ္ဌိ သံ ယောဇဉ်လဲ သေပြီဟုတ်လား....(မှန်ပါ)သမ္မာမာနာဘိသမယာ တဲ့ သူ မာနကို လွှန်မြောက်ခြင်းကြောင့်၊ အန္တမကာသိ ဒုက္ခသ ဒုက္ခအဆုံး ရောက်သွားပြီတဲ့... (မှန်ပါ)။

ပဌမ ဒုက္ခအဆုံးရောက်တာပေါ့ဗျာ....၊ ခင်ဗျားတို့ ကျုပ်တို့ အားထုတ်တာကတော့....( မှန်ပါ )နောက် ဆက်အားထုတ်မှ ဒုတိယ ဒုက္ခအဆုံးပေါ့....(မှန်ပါ)။

အဲဒီတော့ မောင်သစ် ပုဏ္ဏားမေးပုံကို ကြပ်ကြပ်နားထောင်

ပါ၊နိဗ္ဗာန်ကို မေးတယ်၊ ဘုရားကလဲ နိဗ္ဗာန်ဘဲ ဖြေတယ်.... (မှန်ပါ့)။

သူကတော့ နိဗ္ဗာန်မေးတယ်လို့ မဟုတ်ဘူး။ဟိုတိတ္ထိတွေ ပြောတာ သူ သဘောကျတယ်။ ဒီ တကာ သေသွားလို့ ဘယ်ဘုံရောက်သွားတယ်။ ဘယ်ဘုံရောက်သွားတယ်ဆိုတော့ နောက်က အားလုံး တကာတကာမတွေက စဉ်းစားလုံးထုတ်ရမယ်၊ ဘယ်ဘုံရောက်သွားလို့ ရှိယင်ဖြင့် တဏှာ့ ဉပါဒါန်, ကံ, ဇာတိဘဲ.... (မှန်ပါ့)မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ဘယ်ဘုံ ရောက်ရောက် တဏှာ, ဉပါဒါန်, ကံ, ဇာတိဘဲ၊ ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ကြည့်....( မှန်ပါ့ ) ဟိုဘက်က တဏှာ မရှိဘူးလား ဒုံမှာ....(ရှိပါတယ်)ဉပါဒါန်ကော.... (ရှိပါတယ်) ကံကော ...(ရှိပါတယ်ဘုရား)။

ကံကနေကုန်ပြီးတော့ စုတိမရပေဘူးလား .... (မှန်ပါ့) အဲ.... စုတိတော့ မြွားကလေးက ပြတယ် ဇာတိ၊ တိတ္ထိတွေဖြေတာက ဇာတိရတယ်လို့ ဖြေနေတာ....(မှန်ပါ့ဘုရား)။

ဘယ်ဘုံရောက်တယ်၊ ဘယ်ဘုံရောက်တယ်၊ ဘယ်သူဘာဖြစ်သွားတယ်ဆိုတော့ ဒုက္ခသစ္စာရတယ်လို့ ဖြေနေတာ....(မှန်ပါ့) ဘုရားကတော့ ဒုက္ခအဆုံး ရောက်သွားတယ်လို့ ဖြေတာ .... (မှန်ပါ့)တခြားစီဘဲ၊ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

တိတ္ထိကြီး ခြောက်ယောက် ဖြေတာကတော့ ဘယ်သူသေတာ ဟာ- ဘယ်ဘုံရောက်သွားတယ်၊ ဘာဖြစ်နေတယ်ဆိုတော့ဇာတိ သူတို့ဖြေနေတာ....(မှန်ပါ့ဘုရား)။

ဇာတိ ဘာသစ္စာတုံး.. (ဒုက္ခသစ္စာပါ) အဲ ...ဇာတိ ဒုက္ခသစ္စာကို ဒုက္ခသစ္စာရောက်တာကို သူတို့က အကောင်းမှတ်ပြီး ဖြေနေ

တာ....(မှန်ပါ့) သူတို့မြင်တာကတော့ ဒါလောက်ဘဲမြင်တယ်၊ ဒုက္ခဆုံးတဲ့နေရာ မမြင်ဘူး... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ် ပါပြီဘုရား)။

ကောင်းပြီ၊ အဲဒီတော့ ပုဏ္ဏားက ရှင်ကြီးဂေါတမ .... တဲ့၊ ဟို တိတ္ထိကြီးခြောက်ယောက် ဖြေတာကတော့ သူတို့ တကာထဲ သေတာရှိလို့ သွားမေးလို့ ရှိယင်ဖြင့် ဘယ်ဘုံမှာ ပဋိသန္ဓေ နေပြီကွ။ ဘယ်ဘုံမှာ ပဋိသန္ဓေနေပြီကွ၊ အကုန်ဖြေကြတာကို ကျုပ်တို့နားလည်တယ်....(မှန်ပါ့) နားလည်တယ်တဲ့ သူတို့မှာ။

အခုတော့ ရှင်ကြီးဂေါတမဖြေတာက အင်း .... အဇ္ဈတ္တိ တကျော့ တကျော့ပြတ်သွားပြီလို့ ဖြေလိုက်တယ်၊ ဝိဝဋ္ဋာယိသံယော ဇနံ သံယောစဉ်တွေလဲ မရှိတော့ဘူး လွန်မြောက်သွားပြီလို့ ဖြေလိုက်တယ်တဲ့၊ အန္တမကာသိဒုက္ခဿ=ဒုက္ခအဆုံးကိုလဲ ရောက် သွားပြီလို့ဖြေတော့ ကျုပ်တို့နားမလည်ဘူးတဲ့၊ ဒီဥစ္စာတွေ.... (မှန်ပါ့ဘုရား)။

ဟုတ်လဲ ဟုတ်တာဘဲ-ဟင်....( မှန်ပါ့ ) နားလည်စရာကော ရှိရဲ့လား....(မရှိပါ) နားလည်စရာလဲ မရှိတော့ မောင်ချစ်စိန်က မင်းတို့တော့ ဩော်....ဒုက္ခအဆုံးရောက် သွားတယ်ဆိုတာ ဒုက္ခ အဆုံးဆိုတာ နိဗ္ဗာန်ဘဲကိုး....(မှန်ပါ့)မဟုတ်ဘူလား .... (ဟုတ် ပါတယ်ဘုရား)နိဗ္ဗာန်မျက်မှောက်ပြုသွားတယ် မဆိုနိုင်ဘူးလား- (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါ ဘယ်ဘုံရောက်တယ်ဆိုတဲ့ဥစ္စာ မကြားရလို့ ပုဏ္ဏားက မကျေနပ်ဘူး....(မှန်ပါ့) ဟိုကတော့ ဇာတိဖြေထားတယ်၊ သူ ကိုယ်တိုင်ကတော့ ပဋိစ္စသမုပ္ပါဒ်နားလည်ပြီးသားပုဂ္ဂိုလ်ကတော့

နော်....(မှန်ပါ့) လူ့ဘုံဇာတိ, နတ်ဘုံဇာတိ, ဗြဟ္မာဘုံဇာတိ သူဖြေမထားဘူးလား....(ဖြေထားပါတယ်ဘုရား)။

သူ့အကွက်ကြည့်လိုက် ဘာသစ္စာတုံး .... ( ဒုက္ခသစ္စာပါ ) အဲ .... ဒုက္ခသစ္စာ၊ ဒုက္ခရောက်သွားပြီလို့ သူကဖြေတာ .... (မှန်ပါ့) သူက ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ ဒါသုခထင်နေတာ .... ( မှန်ပါ့ ) ပြီးတော့ နိဗ္ဗာန်လဲ ထင်နေတယ်ဆိုတော့ အင်မတန် မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့လဲ နဂိုရ်ကဒိဋ္ဌိတွေဘဲ .... ( မှန်ပါ့ ) ဘာ့ကြောင့်တုံး ဆိုတော့ ဒီလိုဆရာကောင်း သမားကောင်း မကြုံသေးခင်ကတော့ မင်းတို့သေယင်တော့၊ကျုပ်သေယင်တော့ နတ်ပြည်တော့ စိတ်ချရပါပြီဗျာ၊ ဖြေချင်ဖြေနေတာ မဟုတ်ဘူးလား .... ( မှန်ပါ့ ) တာဝတိံသာတို့ ဘုရားအလောင်းများ နေတဲ့ တုသိတာပြည်တော့ ကျုပ်ရောက်မှာဘဲ။

တုသိတာပြည်ဟာကြည့် ဘယ်အကွက်ပါလိမ့်....၄-နံပါတ်.... (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာ ၄-နံပါတ်ဆိုတာ သဘောကျပလား....(ကျပါပြီ) နောက်ပဋိသန္ဓေ နေတာဟူသ၍ ဒုက္ခသစ္စာချည့်မှတ်ဦး- ဦးမြမောင်....( မှန်ပါ့ ) ၄-နံပါတ်ချည့်ဘဲ၊ သဘောကျပလား .... (ကျပါပြီ) ဘယ်ဘုံရောက်ရောက် ၄-ကထွက်သေးရဲ့လား .... (မထွက်ပါ) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

**အဲ** .... ဒါတွေဖြေတာဗျ၊ စတုမဟာရာဇ်, တာဝတိံသာ, ယာမာ,တုသိတာ,နိမ္မာနရတိ,ပရနိမ္မိတ, ဝသဝတ္တိ, အပါယ် ၄-ဘုံ၊ ၃၁-ဘုံဟာ ဒါပေါ့ဗျ၊ ပဋိသန္ဓေနေတဲ့ ဘုံဟူသ၍

ဆိုတာ ပဋိသန္ဓေမနေတဲ့ ဘုံမှမရှိဘဲကိုး၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီ ၄-နံပါတ်ကြီး ရောက်နေတော့ ဦးမြမောင်က ဘယ်သူ ဘယ်ဘုံ ဘာဖြစ်သလဲဆိုတော့ ဘာသစ္စာရသတုံး....(ဒုက္ခသစ္စာရပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့လဲ နဂိုရ်က ဒုက္ခသစ္စာ အတော်ကြိုက်တဲ့ လူတွေ....(မှန်ပါ့ဘုရား)။

ဟာ .... ဦးမြမောင်တို့ ကျောင်းတကာ ဘုရားတကာ သားတွေလဲ ရှင်ပြုလို့၊ ခင်ဗျားတို့ချင်း မသိတဲ့လူက ဘယ့်နှယ်တုံး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ဘဲ အကြောင်း ညီညွတ်သဟော့၊ မင်းတော့ သုဂတိပါဘဲကွာလို့ သာဆိုတာတွေတယ်....( မှန်ပါ့ ) သစ္စာနဲ့ ကြည့်လိုက်တော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကလဲ သဘောကျချင်ကျနေတာ-ဟင်....( ကျပါတယ် ) နောက်ကတော့ သေသေချာချာကျတယ် ....(မှန်ပါ့) ဆရာဘုန်းကြီးကလဲ ယပ်တောင်ကြီးနဲ့ ရှေ့ကနေပြီး သကာလ ဒါဘဲ ဟောတယ်၊ ဒါဘဲဟောတယ် ခင်ဗျားတို့ကို၊ မင်းတို့ကွာ လူ့ပြည်,နတ်ပြည် အကြိမ်ကြိမ် ခံစားရမှာပါဘဲ၊ နောက်ဆုံးပိတ်မှ နိဗ္ဗာန်ဝင်မှာ အစရှိသည်နဲ့ ဦးမြမောင် ဒီလို ဟောရတာတွေကော မကြားရဘူးလား....(ဒီလိုဘဲဟောပါတယ်ဘုရား)။

ဒီလိုဘဲဟောတော့ ဒီထဲချည့် တွန်းထည့်နေတယ်....(မှန်ပါ့) ဘယ်အကွက်တုံး....(နံပါတ် ၄-ပါဘုရား) နံပါ ၄-ထဲချည့် တွန်းထည့်တယ်....(မှန်ပါ့) ဒါကြောင့်မို့ မင်းကံက- မင်းက ကံ,ကံ၏

အကျိုးယုံကြည်ပြီး မင်းလုပ်တာလို့ဆိုတော့ ဒီလိုကိုးဗျ(မှန်ပါ့) ၃-နံပါတ်ထိုးထားတယ် ဟုတ်လား....(မှန်ပါ့ဘုရား)။

ကံ,ကံ၏အကျိုး ယုံကြည်ပြီးသကာလ မင်းကလုပ်လိုက်တော့ ကွာ... တဲ့၊ မင်းအကျိုးဟာ ပေးမှာပေါ့တဲ့ ဒီမှာ ဒါ လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်ဘဲ၊ဘာသစ္စာတုံး ... (ဒုက္ခသစ္စာပါဘုရား)။

ကဲ....အခုတော့ သေသေချာချာ ကြိုက်သေးရဲ့လား .... (မကြိုက်ပါ) သစ္စာသိသွားတော့ မကြိုက်ဘူး....(မှန်ပါ့)သစ္စာ မသိယင် ဒါကြိုက်တယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့် သစ္စာမသိတဲ့ပုဂ္ဂိုလ် သံသရာရှည်တယ်၊ သစ္စာ သိတဲ့ပုဂ္ဂိုလ် .... ( သံသရာတိုပါတယ် ) သံသရာတိုတယ်ဆိုတာ ဒီအကွက်ကပြနေတယ် ...(မှန်ပါ့ဘုရား)။

ခင်ဗျားတို့အားလုံး ရေစက်ချနေတာလဲ ဒီ-ကံ,ကံ၏အကျိုး ကို ယုံကြည်ပါကုန်သည်ဖြစ်၍ ဒါ ချနေတာဘဲ .... ( မှန်ပါ့ ) ခင်ဗျားတို့ ကံ,ကံ၏အကျိုး ယုံကြည်ရဲ့လား မောင်မြမောင်ရ လို့ မေးချင်မေးဦးမှာ ...(မှန်ပါ့)ယုံကြည်ပါတယ်ဘုရား၊ဟာ.... ယုံကြည်ယင် မင်းအကျိုးပေးမယ်ဆိုတာ ဒါပြောနေတာ .... (မှန်ပါ့)၃-ယုံကြည်ယင် ၄-ရမယ်ပြောဘာ... (မှန်ပါ့ဘုရား)။

၃-က ဘာသစ္စာတုံး....(သမုဒယသစ္စာပါ) ၃-ရပြန်တော့လဲ သမုဒယသစ္စာ၊ ၄-ရလိမ့်မယ် ပြောပြန်တော့လဲ .. (ဒုက္ခသစ္စာပါ) အဲ... ခင်ဗျား ကိုယ်ကျိုးနည်းပြီ၊ ကိုယ်ကျိုးမှ လုလုကြီးနည်း တာ၊ နည်းနည်းနောနော နည်းတာမဟုတ်ဘူး၊ ပေါ်ကြပလား- (ပေါ်ပါပြီဘုရား)။

ဘယ်လောက် ကြောက်စရာကောင်းသတုံး၊ ကဲ....ဦးမြမောင်

ခင်ဗျားအလာကောင်းလို့ တော်သေးတာလို့ ပြောရတယ်.... (မှန်ပါ့ဘုရား)။

ဦးဘသန်းကြီး.... (မှန်လှပါ) နို့မဟုတ်လို့ရှိယင် ကံ-ကံ၏ အကျိုး ယုံကြည်ပါကုန်သည်ဖြစ်၍ဆိုတာ လူတိုင်း ပြောနေတဲ့ စကား....(မှန်ပါ့) ဒီဟာဘဲ။

မင်း... ယုံကြည်စမ်းနော်၊ ယုံကြည်ပါတယ်ဘုရား....ဆိုတာ ဒီကလိုက်ရသေးတာ ရင်းနှီးတဲ့ဆရာကျတော့.... (မှန်လှပါ) ဒါမှ မင့်အကျိုးပေးမှာဆိုတော့ ဒီသွားတာကိုးဗျ.... (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့) ဒီသွားတော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဒီယုံကြည်ခဲ့တုန်းက ဘာသစ္စာတုံး.... (သမုဒယသစ္စာပါဘုရား)။

ဒါ....ခင်ဗျား ဒီလိုက တခါမှ မသိဘူးတော့ ဩော်....ငါဒီ အလုပ်လုပ်ရတာ ကောင်းလေခြင်း၊ ဒီရောက် လို့ ရှိ ယင် လဲ ကောင်းလေခြင်းလို့ နဂိုရ်ကမှတ်နေတာ....(မှန်ပါ့) မခက်ဘူး လားဗျ.. (မှန်ပါ့) ဟာ....ဒါကြောင့် ဆရာကောင်း လိုတယ် ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ)။

အကွက်နဲ့ပြမှ ဟိုဟာ သမုဒယသစ္စာဖြစ်နေတယ်....(မှန်ပါ့ ဘုရား) ရမှာက(ဒုက္ခသစ္စာပါဘုရား) လုပ်ခဲ့တာက....(သမုဒယ သစ္စာပါဘုရား)။

ကိုင်း....ဘယ်မှာတုံး တကာတကာမတို့ နောက်က တကာ တကာမတို့ မြန်မာလူမျိုး ဖြစ်ပြီးသကာလ တကယ့် သစ္စာကို နားမလည်ဘဲ ဖြစ်နေတယ်....(မှန်ပါ့) ဒါကိုလဲ သမုဒယသစ္စာ လို့ ဦးမြမောင်က ဒီအပိုင်းသိရဲ့လား....(မသိပါဘုရား)။

မသိတော့ ဒါလဲ ယုံကြည်မှုဘဲဟော့.... နော်၊ နောက်က တကာမကိုလဲ ဟော့ .... မင်းလဲ ဒီအချိန်ဟာ စေတနာ ကောင်းကောင်းထားရျှဆိုတာ ဒီကံကို ကောင်းကောင်းထားရျှ ပြောတာ.... (မှန်ပါ့ဘုရား) ဒါ....ပြောနေတာဘဲ.... (မှန်လှပါ ဘုရား)။

မင်းက ယုံယုံကြည်ကြည်လုပ်ကွာ၊ ကြိုးကြိုးစားစားလုပ်ကွ၊ ဒါမှ အကျိုးပေးတော့မပေါ့....(မှန်ပါ့) ဒီမှာကိုးဗျ ... (မှန်ပါ့ ဒုက္ခသစ္စာပါဘုရား)။

အေး....ဒုက္ခသစ္စာဘဲ၊ ဒီဥစ္စာကလဲ တော်တော့နားနဲ့ဆိုယင် လဲ မရဘူး....(မှန်ပါ့) ဘာဖြစ်လို့တုံး.... အကြိုက်မှားကြီးကို အကောင်း ပြင်လိုက်တဲ့အခါကျတော့ ခလေးကလေးက ကျင် ကြီးယိုတဲ့အခါကျတော့ ခလေးကလေးကမသိသေးဘူး၊သူ့ကျင် ကြီးကလေး သူ လက်နဲ့ ကစားနေတယ်....(မှန်ပါ့)။

လက်နဲ့ ကစားနေတော့ ကျင်ကြီးက ဝမ်းထဲက ထွက်စ ဆိုတော့ ခပ်နွေးနွေးကိုး....(မှန်ပါ့) ခပ်နွေးနွေးဆိုတော့ ခလေး ဆိုတော့ မသိလို့ ကစားနေတယ်၊ ကျင်ကြီး ကစားနေတယ်၊ သူ့ကျင်ကြီးသူ ကစားတယ်....(မှန်ပါ့)။

အမေမိဘက မိုက်လိုက်တာ ခလေးဘာမှမသိဘူး၊ ကျင်ကြီး တွေနဲ့ ကစားနေတယ်ဆိုပြီး လက်တွေဘာတွေ ဆေးပေးတယ်၊ မငိုဘူးလား.... ( ငိုပါတယ်ဘုရား ) ဘာဖြစ်လို့ ငိုတာလဲ.... (မသိလို့ပါဘုရား) သူကစားတာက ဘာတုံး.... (ကျင်ကြီးပါ ဘုရား)။

အဲ-ခင်ဗျားတို့လဲ အခု ကျင်ကြီးနဲ့ကစားတာကို ခင်ဗျားတို့က

လက်ဆေးပေးမယ်ဆို ငိုချင်မျှား ငိုနေဦးမလား ဟင်.... (အခု တော့မငိုပါဘုရား) အခုတော့ မငိုတော့ဘူးလား။

တချို့နေရာ ငိုတုန်းဗျ.... (မှန်ပါ့) တချို့နေရာ ငိုတုန်း ကံပယ်တယ်....ဘာတယ်နဲ့.... (မှန်ပါ့) တချို့နေရာမှာ ဒီဟာ နားမလည်ဘူးဗျ၊ ပဋိစ္စသမုပ္ပါဒ် နားမလည်ရှာဘူး၊ မကြပ်ဘူး လားကဲ... (ကြပ်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် နားမလည်တော့ သိပ်ခဲယဉ်းနေတာ....(မှန်ပါ့)။

ကျင်ကြီးစားတဲ့ ခလေးက ငိုသလို ဖြစ်တတ်တယ်၊ မသိတဲ့ ပုဂ္ဂိုလ်က မသိတဲ့အတိုင်းကို သူသိတာကလေး စွန့်လိုက်ရမယ်ဆို တော့ အတော်ခက်သွားတယ်၊ အခုတော့ ပုံစံနဲ့ အကြောင်း အကျိုးနဲ့ ပြလိုက်လို့သာ ရှင်းသွားပါပြီ၊ မဟုတ်ဘူးလား.... (မှန်ပါ့) ဟိုတုန်းက ခင်ဗျားတို့ ထုံးစံအတိုင်းကတော့ ကြား ဘူးနားဝနဲ့ပြီးနေတာဘဲ၊ မဟုတ်ဘူးလား... (မှန်ပါ့)။

အခုတော့ ဘုံဘဝ လိုချင်တာကလဲ တဏှာ၊စွဲလမ်းတာက ဥပါဒါန်၊ နောက်ဘဝ ကောင်းစားအောင်လုပ်မှာဘဲ.... (မှန်ပါ့ ဘုရား ) နောက်ဘဝ ကောင်းစားအောင် လုပ်ဦးမှာဘဲဆိုသည် ကား.... လုပ်လိုက်တော့ သေသည်၏ အခြားမဲ့၌ ဟောဒီ အကြောင်း-အကျိုး ဆက်ပါတယ်၊ ဒီမြွေးက ဇာတိပြပါတယ် (မှန်ပါ့) ဒါ....နတ်ဇာတိ စကြာဝတေး ဇာတိ ဗြဟ္မာဇာတိ ရချင်တာရ- ဒုက္ခသစ္စာဘဲ....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့ ဘုရား)။

ဘုရားကလဲ ဇာတိပိ ဒုက္ခသစ္စံ....ဆိုတော့ ဘယ်သူ့ရွေးနေ သေးသတုံး....(မရွေးပါဘုရား) ရွေးသေးသလား.... (မရွေးပါ ဘုရား)။

ဒါဖြင့် အဲဒါကြောင့် ဒီပါဠိတော်က ဒီလို ထွက်လာလို့ ဒါရေးရတာ၊ မဟုတ်လား....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒီအတိုင်းသာ နေလို့ရှိယင် ဦးမြမောင်.... မြန်မာပြည် တပြည်လုံးဟာ တကျော ဥပါဒါန် ကံ ဇာတိ သမားချည့်များမှာဘဲ....(ဒီအတိုင်း ပါဘဲဘုရား) ဒီအတိုင်းဘဲ၊ သမုဒယသစ္စာ လုပ်ပြီး ဒုက္ခသစ္စာရမှာဘဲ.... (မှန်ပါ) ဝဋ်ထွက် သေးရဲ့လား.... (မထွက်ပါဘုရား) မထွက်ယင် လည်မှာဘဲ၊ မလည်သေးဘူးလား....(လည်မှာပါဘုရား) ကဲ....ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

အဲဒီတော့ကိုတဲ့ တိတ္ထိတွေက မေးလိုက်တာက သူသေသွားတယ်၊ ဟောဒီပုဂ္ဂိုလ်သေသွားတယ်.... (မှန်ပါ) တတိယကွက်အားထုတ်တဲ့ပုဂ္ဂိုလ် သေသွားတော့ စတုတ္ထကွက်ရောက်တယ်.... ချည့်ဖြေတာဘဲ၊ ဘယ်ဘုံဖြစ်ဖြစ် ဟုတ်လား.... ( မှန်လှပါဘုရား)။

ဘယ်အကွက်ချည့် ဖြေသတုံး....(စတုတ္ထအကွက်ချည့် ဖြေပါတယ်ဘုရား) အဲဒီတော့ ဘုရားကတော့ဒီလိုမဖြေဘူး၊ အဋ္ဌေစ္ဆံတကျော် ဟောဒီ့တကျော မရှိဘူးကွတဲ့....(မှန်ပါ)။

သူ့ တပည့်ထဲက သေသွားတဲ့အခါ ရဟန္တာတွေ ဖြစ်ပြီးသေတဲ့ လူဖြစ်စေ၊ ဘုန်းကြီးဖြစ်စေပေါ့လေ (မှန်ပါ) အဋ္ဌေစ္ဆံတကျော်၊ ဝဋ္ဋတ္တယ သံယောဇနံ....တဲ့ ဒီသံယောဇဉ်တွေတဲ့နော်.... (မှန်ပါ) သူတို့သေကဘည်းက ဒါသေပြီဆိုတာ မသေချာသေးဘူးလား....(သေချာပါတယ်ဘုရား) အန္တမကာသိ ဒုက္ခဿ....တဲ့

ဟောဒီဒုက္ခတွေ မလာဘူးကွတဲ့၊ ဒုက္ခတွေ ဆုံးသွားပြီ...တဲ့၊ ၄-နံပါတ် ဆုံးသွားပြီတဲ့....(မှန်ပါ့)။

ဘုရားကတော့ ဒါဖြေတာ....(မှန်ပါ့) ဒါဖြေတော့သမုဒယ ချုပ်၍ ဒုက္ခသိမ်းတယ်လို့ ဖြေတာ....(မှန်ပါ့) သဘောကျပလား (ကျပါပြီ) ၃-နံပါတ်သိမ်း၍ ၄-နံပါတ် မပေါ်တော့ဘူး.... (မှန်ပါ့)။

သမုဒယချုပ်၍ ဒုက္ခသိမ်းတယ်လို့ဆိုတော့ နိဗ္ဗာန်ကိုဖြေနေတာ....(မှန်ပါ့) ရှင်းပလား.... ( ရှင်းပါပြီ ) အဲဒါ ပုထုဇဉ်ကြီးက သဘောမကျဘူး၊ ဒါတော့ နားမလည်ဘူးတဲ့....(မှန်ပါ့) ဟို.... တိတ္ထိကြီးတွေဖြေတာတော့ နားလည်တယ်၊ ဘယ်သူဟာ ဘယ်ဘုံဖြစ်သွားပြီ ငါ့တပည့်တွေဆိုတော့ ဒီကနေ ဒါဖြစ်တယ် ဟောနေတာ၊ ဒါ....ပြတ်တယ်ဟောတာလား.... ဒါဖြစ်တယ် ဟောတာလား....(ဖြစ်တယ်ဟောတာပါဘုရား)။

ဖြစ်တယ်ဟောနေတော့ သူက ဒါတော့ နားလည်ထားတယ်၊ ကျေနပ်နေတယ်၊ သဘောပါပလား.... ( ပါပါပြီ ဘုရား )။

ကဲ....ရှေးက ကတည်းက ဖြစ်နေတာဗျ၊ ဘုရားလက်ထက် ကတည်းက....(မှန်ပါ့) ကဲ....ဦးမြမောင်တို့ ဦးကျော်မောင်တို့ အခု စစ်စစ်ပြောတော့ အတော်ခက်သွားတယ်နော်.... (မှန်ပါ့) မခက်ဘူးလား....(ခက်ပါတယ်ဘုရား) ခက်သွားတယ်တဲ့... ။

ကိုင်း... ဒါဖြင့် နေရာကျပါပြီ၊ ပုထုဇဉ်က နားမလည်ဘူးတဲ့ ရှင်ကြီးဂေါတမ ပြောတာတော့ အစွန်း(၅) အန္တမကာသိ ဒုက္ခသာ၊ တဏှာသေပြီ၊ ဥပါဒါန် ပြတ်ပြီ၊ဒုက္ခဆုံးပြီ၊ ဘယ်သွား မှန်းလဲမသိဘူးတဲ့။

ဘယ်သွားမှန်း မသိဘူးတဲ့၊ အဲဒီတော့ ကျုပ်တို့ နားမလည် ဘူးတဲ့– ဒီဥစ္စာ....(မှန်ပါ့)။

ခင်ဗျားတို့ကတော့ နားလည်တယ်၊ သမုဒယသိမ်း၍ ဒုက္ခ ချုပ်သွားပြီဆိုတာ နိဗ္ဗာန်ငြိမ်းသွားပြီ၊ ငြိမ်းအေးတဲ့ နိဗ္ဗာန် ရောက်ပြီ...(မှန်ပါ့)။

ခင်ဗျားတို့က သိတယ်....( မှန်ပါ့ ) ဒါက ဆရာကောင်း့ သမားကောင်း မှီဝဲထားလို့ ကိုးဗျ....( မှန်ပါ့ ) ပဋိစ္စသမုပ္ပါဒ် တတိယအကွက်ခကာ ရှိသေးရဲ့လား..( မရှိပါဘုရား )စတုတ္ထ အကွက်ကော....(မရှိပါဘုရား)ဒါဖြင့် တဏှာငြိမ်းနိဗ္ဗာန်, ခန္ဓာ သိမ်း နိဗ္ဗာန်နဲ့ မကိုက်ဘူးလား....( ကိုက်ပါတယ်ဘုရား )။

ဒီက တဏှာသိမ်းတယ်၊ ဒီက ခန္ဓာသိမ်းတယ် မကိုက်ဘူး လား....(ကိုက်ပါတယ်)ရှင်းကြပလား နောက်က တကာတကာမ တွေ....(မှန်ပါ့)။

ဒီလို ဖြေထားတော့ ပုဏ္ဏားက သူ နားမလည်ဘူးဆိုတာ ကော ဦးကျော်မောင်တို့....ဦးမြမောင်တို့ မလည်သင့်ဘူးလား- (မှန်ပါ့)မလည်သင့်ဘူးလား....။

ခင်ဗျားတို့လဲ အခု အရိပ်အမြွက် ဆရာဘုန်းကြီးက ဟော ထားလို့သာ နားလည်တာ....(မှန်ပါ့)ဘုရားက ဒီအတိုင်း ဟော မှာဘဲ ဟောတော့....(မှန်ပါ့)။

နိဗ္ဗာန်ရသွားတဲ့ ပုဂ္ဂိုလ် မောင်သစ် ဒါဟောမှာဘဲ....(မှန်လှ ပါ)အစ္ဆရိယ(ပ)အဗ္ဘုတမကာသိ ဒုက္ခသ၊ ဒုက္ခဆုံးသွားပြီကွ...၊ ဒါဘဲ ဖြေတာဘဲ...။

ဒီလိုဆိုတော့ ပုဏ္ဏားက ဘယ်သွားတယ်လို့ မဖြေဘဲကိုးဗျ-- (မှန်ပါ့)မဖြေတော့ ပုဏ္ဏားက ကျေနပ်ကဲ့လား ...(မကျေနပ်ပါဘုရား)ဘုရားဖြေတာ ကျေနပ်ကဲ့လား....(မကျေနပ်ပါဘုရား)။

ဘုရားက ဒုက္ခဆုံးသွားပြီ၊ တဏှာကုန်လို့ ဒုက္ခဆုံးသွားပြီ၊ ရှင်းကြပလား .. ( ရှင်းပါပြီ ) ဘုရားက ဘယ်လိုဖြေသတုံး.... (တဏှာကုန်လို့ ဒုက္ခဆုံးသွားပါပြီဘုရား)၊

အဲ... တဏှာကုန်လို့ ဒုက္ခဆုံးသွားပြီကွာဆိုတော့ သူက ဘယ်သွားတယ်ဆိုမှ ကြိုက်တော့ သွားရာရှိဦးမှ သူကလဲ ကြိုက်တာကိုး....(မှန်ပါ့)။

ရှင်ကြီးဂေါတမတဲ့....ဒါ ကျုပ်နားမလည်ဘူးတဲ့၊ ဘယ်သွားတယ်လို့လဲ မပါ၊ တဏှာကုန်၍ ဒုက္ခသိမ်းသွားတယ်၊ ဒုက္ခဆုံးသွားတယ် ဒီလိုသာ ပြောတော့ ကျုပ်တို့မှာ နားမလည်ဘဲ ဖြစ်နေပါတယ်တဲ့ .. (မှန်ပါ့)။

အေး .. မင်း နားမလည်ဘူးဆိုတာ ဟုတ်တယ်တဲ့...၊ မင်းတို့ဆိုယင် သံသယကို ရှိထိုက်တယ်တဲ့....(မှန်ပါ့)သံသယကို ရှိထိုက်တယ်တဲ့....။

ဘာဖြစ်လို့တုံးဆိုတော့ တဏှာကိုလဲ သမုဒယသစ္စာလို့.... မသိဘူး....(မှန်ပါ့)တဏှာနဲ့ ပတ်သက်ပြီး ဖြစ်ရမည့် အကျိုးပေး ဒုက္ခသစ္စာကော သူ သိသေးရဲ့လား .... ( မသိပါ )မသိတော့ သစ္စာမသိတော့ သူ ဟိုဘာ နိဗ္ဗာန်လဲ မသိဘော့ဘူး၊ သစ္စာမှ မသိဘဲကိုး....(မှန်ပါ့) သမုဒယသစ္စာလဲ မသိ၊ဒုက္ခသစ္စာလဲ မသိတော့ နိရောဓသစ္စာ ဘယ်နှယ်တုံး....(မသိပါဘုရား)။

ဒါကြောင့် မင်း သံသယရှိတယ်ဆိုတာ ငါ ယုံတယ်တဲ့....(မှန်ပါ့)ငါ ယုံတယ်တဲ့...၊သံသယ ရှိသင့်တယ်တဲ့....၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့လဲ ရှိမှာဘဲ....(မှန်ပါ့) ဘုန်းကြီးကတော့ ဟောပြန်ပြီ၊ ဟုတ်လား....ဒုက္ခဆုံးပလားချည့် မေးနေတယ်၊မောင်သစ်နားမလည်တဲ့လူ ဒီအတိုင်း လာမှာဘဲ....(မှန်ပါ့)။

မင်း ရှုနေတာ ဒုက္ခဆုံးပလား...၊ဘုန်းကြီးတို့ကတော့ ဒါဘဲ မေးလိုက်တယ်....(မှန်ပါ့) ဘယ့်နှယ် နဂိုရ်က ကုသိုလ်ရအောင် လုပ်နေတာ။ ဝိပဿနာကုသိုလ်နဲ့ နတ်ရွာသုဂတိ သွားချင်လို့ ဆိုတော့ ကိုယ်က ဥပါဒါန်သမား ဖြစ်နေတယ်....(မှန်ပါ့) ဒီက ဥပါဒါန် အချုပ်ခိုင်းနေတာ·(မှန်ပါ့)အဲဒီတော့ ဒီမှာ ကန့်လန့်ဖြစ်နေတာ....(မှန်ပါ့)ဥပါဒါန်တွေက ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)။

အဲ....သမုဒယသစ္စာချုပ်မှ နိဗ္ဗာန်ရောက်မှာကိုးဗျ...(မှန်ပါ့) သူ မချုပ်ဘဲနဲ့....(မရောက်နိုင်ပါဘုရား)။

မရောက်နိုင်တာကြောင့် ဒုက္ခသိမ်းပလား....ဒုက္ခသိမ်းပလား· ဆိုတာ ဒီ ဒုက္ခသိမ်းတာဟာ ဒိဋ္ဌိနဲ့ ဒိဋ္ဌုပါဒါန်သိမ်းလို့ ဒုက္ခသိမ်းတာ ပဌမ နိဗ္ဗာန်မှာ... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)အေး....ဒီအတိုင်း မှတ်ကြပါ။

ကဲ....ဒါနဲ့ ပုဏ္ဏားက သံသယရှိတယ်တဲ့။ အရှင်ဘုရား ဒုက္ခဆုံးသွားပြီဆိုတဲ့ ဥစ္စာ ဘယ်သွားတယ်လို့ ပါတာလဲ မဟုတ်ဘူးတဲ့...။ သူက သွားတာ သဘောကျနေတာကိုး....(မှန်ပါ့)။

ရှေးဆရာတွေကလဲ ဘယ့်နှယ်ဟောထားသတုံး .... (**သွားတဲ့** အကြောင်း ဟောထားပါတယ်ဘုရား)ဘယ်ဘုံရောက်သွားပြီ ။ ဘယ်ဌာနရောက်သွားပြီ... (မှန်ပါ့)။

ဘယ်ဘုံ့ဘယ်ဌာနရောက်ရောက် ဦးမြမောင်က စဉ်းစားပါ၊ ဒါ သုံးဆယ့်တဘုံဘဲ... (မှန်ပါ့) ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ ဘုရား)။

အဲဒီတော့ ဘုရားက ဒုက္ခချုပ်သွားတဲ့ ပုဂ္ဂိုလ် ဒီထဲတော့ မထည့်နိုင်ဘူး သူက။ ဒုက္ခသိမ်းသွားပြီကွာလို့ ဖြေရုံဘဲ(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒုက္ခသိမ်းတာ နိဗ္ဗာန်ပေါ့ဗျာ... (မှန်ပါ့)အဲ-နေရာကျပလား-ဟေ့....(ကျပါပြီဘုရား)ဒါနဲ့ ဝစ္ဆပုဏ္ဏားက ရှင်ကြီးဂေါတမတဲ့-ဆင်ခြေလဲတယ်လို့လဲ မအောက်မေ့နဲ့တဲ့။ ကျုပ် မေးချင်သေးတယ်တဲ့။ ရှင်ကြီးဂေါတမ ပြောတာ ကျုပ် နားမလည်ဘူးတဲ့.... (မှန်ပါ့)ငါက ဒုက္ခသိမ်းသွားပြီလို့ ငါ ပြောတယ်တဲ့ ဘုရားက ဒါ သူ နားမလည်ဘူးတဲ့....။

ပြီးတော့ကွာ... တဲ့။ မင်း နည်းနည်း နားထောင်ပါဦးတဲ့....။ မင်းက ဘယ်ဘုံသွားတယ် ဘယ်သွားတယ်ဆိုတဲ့ဥစ္စာ သဘောကျနေတဲ့ ဥစ္စာ ဥပါဒါန်ရှိတဲ့ ပုဂ္ဂိုလ်မှ သွားတာကွတဲ့....(မှန်ပါ့ ဘုရား)။

ဘုရားက နောက်ထပ် ဖြေပြန်တယ်....(မှန်ပါ့)ဥပါဒါန် မရှိတဲ့ ပုဂ္ဂိုလ်မှာ သွားရာဌာန မရှိဘူးတဲ့....(မှန်ပါ့)ဥပါဒါန် ရှိနေလို့ သွားကြတာ။ သဘောကျပလား....(ကျပါပြီဘုရား)။

ဒီလိုဆိုတော့ ဒါ ဘုရားက နောက်ထပ် ဖြေတာနော်....(မှန်ပါ့)ခုနင်က ဖြေတာက ပါဠိလို ဒုက္ခဆုံးသွားပြီလို့ ဖြေလိုက်တယ်....(မှန်ပါ့)။

သွားတဲ့ပုဂ္ဂိုလ်က ဘယ်လိုပုဂ္ဂိုလ်တုံးလို့ ပုဏ္ဏားက ဆင်ခြေလဲလိုက်တဲ့အခါကျတော့ ဥပါဒါန်ရှိတဲ့ ပုဂ္ဂိုလ်မှ ဟိုဘုံ, ဒီဘုံသွားတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုပုဂ္ဂိုလ်မှ သွားတာပါလိမ့်....(ဥပါဒါန်ရှိတဲ့ ပုဂ္ဂိုလ်မှ သွားတာပါဘုရား) အေး.... ဥပါဒါန်ရှိတယ်ဆိုတာ တဏှာနဲ့ ဥပါဒါန်ဟာ အနုံနဲ့ အရင့်ဘဲ၊ အတူတူဘဲ.... (မှန်ပါ့)။

ဒါနဲ့ ပုဏ္ဏားက ဥပါဒါန်ကို ဘုရားက ဖြေပြန်တော့ သူက ဥပါဒါန်ကို အစွန်းနင်းပြီးတက်တယ်။ မေးပြန်တယ်....(မှန်လှပါဘုရား)။

ဒါဖြင့် ရှင်ကြီးဂေါတမတဲ့ ကျုပ် ဥပမာတခု ပြောမယ်တဲ့၊ မီးတခု ဖိုထားတယ်တဲ့၊ မီးတခု ဖိုထားတဲ့အခါကျတော့ မီးပွါးကလေးစင်ပြီးတော့ ဟိုဘက်သွားတယ်....(မှန်ပါ့)။

မီးပွါးကလေးတခု စင်ပြီးတော့ ဟိုဘက် ထွက်သွားတယ်တဲ့-အဲဒီတော့ မီးကလေး မပါဘဲနဲ့....သူ့ဟာက မီးပုံထဲက-နေပြီး သီးသန့်ထွက်သွားတဲ့ အခိပ္ပါယ်ပေါ့လေ.... (မှန်ပါ့)။

မီးပွါးကလေးများ စင်သွားတဲ့အခါ ရှိပါသေးတယ်....(ရှိပါတယ်ဘုရား) အဲဒါများကျတော့ ရှင်ကြီးဂေါတမဘာဥပါဒါန်များ ရှိသေးသတုံးတဲ့... ။ဟိုဘုံ ကူးသွားတဲ့သဘော သူက ကပ်မေးတယ်....(မှန်ပါ့)။

ဟိုဘုံကူးသွားတယ်ဆိုယင်မီးပွားစင်သလိုပေါ့လေ....(မှန်ပါ့) အဲဒါ ဘာဥပါဒါန်များ ရှိသေးသတုံးတဲ့။

အို... မင်းမီးပွားဟာတဲ့ သူ့ဟာသူ စင်တယ်လို့ မင်းက ထင်နေတယ်၊ လေကဆောင်သွားတာတဲ့ .... (မှန်ပါ့) လေတည်းဟူသော ဥပါဒါန်ပါတယ်ကွ .... တဲ့၊ ဒါကြောင့် ဟိုမှာသွားပြီး ဒုက္ခရောက်တယ်၊ ဟိုမှာသွားပြီး လောင်ရရှာတယ်တဲ့၊ ဟိုမှာ လောင်ပြီး သွားကျွမ်းတယ်တဲ့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဪ.... ဒါဖြင့် လေဟာ ဥပါဒါန်ဘဲကိုး၊ ထို့အတူဘဲ ဟိုဘုံဒီဘုံသွားတဲ့ ပုဂ္ဂိုလ်ဟာ ဥပါဒါန်ရှိလို့ ဟိုသွားပြီး ဒုက္ခရောက်ရတာ....(မှန်ပါ့ဘုရား)။

အဲ....ပုဏ္ဏားက သဘောကျတယ်၊ ငါပေးလိုက်တဲ့ ဥပမာငါဘဲပြန်မိနေတာဘဲ... တဲ့၊ သူပေးတဲ့ ဥပမာလဲ ညံ့တာမဟုတ်ဘူးဗျ... (မှန်ပါ့) မီးပုံကြီးကရှိတယ်တဲ့၊ မီးပုံကြီးထဲက မီးပွားကလေးတခု စင်သွားတယ်တဲ့၊ မီးပုံကြီးက ဒီနားတွင်လောင်တယ်ဆိုယင်တော့ ဒုက္ခဟုတ်ပါတယ်....တဲ့၊ ဒုက္ခရောက်နေတာ၊ အခု မီးပွားကလေးတခုက စင်ပြီးထွက်သွားတော့ ဒီမီးပုံကဘယ့်နှယ်ဆိုမတုံး။

ဟို ကူးကြတာလဲ ဒီလိုဘဲ၊ ဒီလိုကူးတာဘဲ၊ လေတည်းဟူသော ဥပါဒါန် ပါသွားတယ်ကွ၊ ဒါကြောင့် မီးပွားကလေး ဟိုသွားကျွမ်းရတာ....(မှန်ပါ့ဘုရား)။

ထို့အတူ ဘုံဘဝသွားတဲ့ ပုဂ္ဂိုလ်တွေလဲ ဒီဥပါဒါန်၊ ဟိုပါသွားတာ....(မှန်ပါ့)ဥပါဒါန်၏ သတ္တိပါသွားတယ်၊ဒါ့ကြောင့် ဟိုမှာသွားပြီး လောင်ကျွမ်းရပြန်တယ်၊ ဒုက္ခသစ္စာဖြစ်တယ်.... ( မှန်ပါ့ ) ဒီကနေ- ဒီလှင့်သွားတာကိုး၊ သဘောကျပလား.... (ကျပါပြီဘုရား)။

တတိယက စေတ္တလှင့်သွားတဲ့အတွက် စေတ္တမှာ ဒုက္ခရောက်တယ်....(မှန်ပါ့)ဒါဖြင့် သူဥပါဒါန် ဘုရားက အဖြေပေးလိုက်တဲ့ ဥစ္စာ သဘောကျပလား....(ကျပါတယ်ဘုရား)။

ပဌမ ဘုရားကဖြေတာက ဥပါဒါန်ရှိတဲ့ပုဂ္ဂိုလ်ဟာ ဟိုဘုံ ဒီဘုံသွားတာဘဲကွ၊ ဥပါဒါန် မရှိတဲ့ပုဂ္ဂိုလ် မသွားဘူး .... (မှန်ပါ့) မီးပွားဥပမာနဲ့ ဖြေလိုက်ပါတယ်နော် .... ( မှန်ပါ့ ) ပုဏ္ဏားက အမေးထုတ်တော့ ဘုရားက အဖြေမပေးဘူးလား.... (ပေးပါတယ်ဘုရား)။

လေ ဥပါဒါန်ရှိတယ် ဆိုတော့ လေက ဆောင်သွားတယ်၊ ဒါ့ကြောင့် ဟိုသွားကျွမ်းရတယ်....(မှန်ပါ့) မရှင်းသေးဘူးလား (ရှင်းပါတယ်ဘုရား)။

ဒါနဲ့ သူ တတိယအချက် ကောက်မေးပြန်တယ်၊ကဲ . ရှင်ကြီးဂေါတမ....တဲ့၊ တယောက်သော ပုဂ္ဂိုလ်ဟာတဲ့ ဒီဘဝလဲ သူ့ခန္ဓာမစွဲဘူးတဲ့....(မှန်ပါ့) ရှထားတဲ့ ခန္ဓာကြီးလဲ သူမစွဲဘူးတဲ့၊ နောက်ခန္ဓာလဲ မတောင်းတာဘဲနဲ့ သေသွားတယ်၊နောက်ခန္ဓာလဲ မဖြစ်ချင်ဘဲနဲ့ သေသွားတယ်၊အဲဒါ ရှင်ကြီးဂေါတမ- ဘယ့်နှယ် လုပ်မတုံး....တဲ့၊မေးပြန်တယ်။

ဒီခန္ဓာလဲ သူမစွဲပါဘူးတဲ့....(မှန်ပါ) ဒီခန္ဓာလဲ မလိုချင်ဘူး၊ ဒီခန္ဓာလဲ သဘောမကျဘူးတဲ့၊ ဟိုဘက် သတ္တဝါ ခန္ဓာကိုလဲ သူမရချင်ဘူးတဲ့....(မှန်ပါ)အဲဒီပုဂ္ဂိုလ်ကျတော့ ရှင်ကြီးဂေါတမ ဘာသွားဖြစ်တယ်လို့ ဆိုမတုံး....တဲ့။

အဲဒါလဲကွာ....တဲ့၊ တဏှာ,ဥပါဒါန်ဘဲတဲ့၊ တဏှာ,ဥပါဒါန် ဘဲတဲ့၊ ပြတ်ခြင်းကို အလိုရှိတဲ့ ဥစ္ဆေဒဒိဋ္ဌိကွတဲ့ .... (မှန်ပါဘုရား) နိဗ္ဗာန်မှ သဘောမကျဘဲကိုး၊ ဥစ္ဆေဒဒိဋ္ဌိ သွားဖြစ်နေတယ် .... ( မှန်ပါ ) ခုနင်ကပြောတာ သဘောပါပလား .... (ပါ-ပါပြီ ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိ သွားဖြစ်တယ်၊သေယင်ပြီးရောကွဆိုတာနဲ့ အတူတူ ဘဲတဲ့၊ သေယင် ဘာမှမဖြစ်ဘူး... (မှန်ပါဘုရား)။

ဒီဘဝ ဒီခန္ဓာလဲ သူ့ခန္ဓာလဲ သူမခင်ပါဘူး၊ ဟိုဘဝလဲ မလိုချင်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး....တဲ့၊ အဲဒီလိုပုဂ္ဂိုလ်ကျတော့ ရှင်ကြီးဂေါတမ ဘယ့်နှယ်ဆိုမတုံး....တဲ့။

အဲဒါ ဥပါဒါန်ကွ....တဲ့၊ တဏှာဘဲတဲ့.... ( မှန်ပါ )ဘာတုံး ဆိုတော့ ပြတ်ခြင်းကို အလိုရှိတယ်....(မှန်ပါ) နိဗ္ဗာန်ကပြတ်တာ လား....တဲ့၊ အခုစုတိ အခုနိဗ္ဗာန်ဆိုတော့ ပြတ်သေးရဲ့လား.... (မပြတ်ပါဘုရား)။

သူက ပြတ်ခြင်းအလိုရှိနေတာ ဥစ္ဆေဒဒိဋ္ဌိသွားဖြစ်မနေဘူး လား....(ဖြစ်ပါတယ်) သဘောပါပလား....(ပါ-ပါပြီဘုရား)။

သူက ပြတ်ခြင်းအလိုရှိတော့ ဘာဖြစ်နေသလဲ.... (ဥစ္ဆေဒဒိဋ္ဌိ သွားဖြစ်ပါတယ်ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိ သွားဖြစ်နေတော့ကို တယောက်သော ပုဂ္ဂိုလ် ဟာတဲ့ ပြန်ပြောပါတယ်။ ဒီဘဝလဲ သူမခင်တွယ်ဘူး....တဲ့၊ ဒီသတ္တဝါဟာတဲ့ နောက်ဘဝလဲ ဘာမှမဖြစ်ချင်ဘူးဆိုတဲ့ပုဂ္ဂိုလ် ကျတော့ ရှင်ကြီးဂေါတမ ဘယ့်နှယ်ပြောမလဲတဲ့။ မေးတာဘဲ။ ကပ်ကပ်သတ်သတ် မေးတယ်....( မှန်ပါ )ဟုတ်လား .... (မှန်ပါ ဘုရား)။

အဲဒါဟာ....တဲ့ တဏှာဘဲကွ။ ဥစ္ဆေဒဒိဋ္ဌိနှစ်သက်တဲ့ ဝိဘဝ တဏှာဆိုတာ ဒါဘဲတဲ့...( မှန်ပါ ) ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာလို့ တဏှာ ၃-မျိုးရှိတယ် .. (မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာတဏှာတဲ့တုံး.... (ဝိဘဝ တဏှာပါ) ဘဝပြတ်ခြင်းကိုသာ အလိုရှိတယ်၊ နိဗ္ဗာန်မပါဘူး သူ့အထဲမှာ....(မှန်ပါ) ပါသေးရဲ့ လား .. (မပါ-ပါ) အဲဒီတော့ သူ့ကို ဘာတဏှာ ဆိုကြမလဲ.... (ဝိဘဝတဏှာပါဘုရား)။

ဝိဘဝတဏှာ ဆိုတာကိုတဲ့၊ ဥစ္ဆေဒဒိဋ္ဌိလို့ မှတ်လိုက်ပါ.... (မှန်ပါ) ဝိဘဝတဏှာကို ဘယ်လိုမှတ်ကြမယ်....(ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)။

ကဲ... ဒါဖြင့် ဒိဋ္ဌိမရှင်းဘဲနဲ့ ခင်ဗျားတို့နိဗ္ဗာန်ရောက်ဘို့မခက် ဘူးလား... (ခက်ပါတယ်) ဟင်....ဒိဋ္ဌိကို ရှင်းပေးတဲ့ဆရာ ရှေ့ ပိုင်းက ရှင်းမပေးဘဲနဲ့ ခင်ဗျားတို့ဘယ်လိုဘဲ ခန္ဓာငါးပါး ဖြစ်ပျက်တရားတွေ ကြိုးစားငြားသော်လဲ နိဗ္ဗာန်မရနိုင်ပါဘူး ဆိုတာ ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

အခု ပြောတာတွေ မောင်သစ် ရှင်းလို့ရှိယင် ဩော်.... ငါလုပ်တော့ လုပ်နေတာဘဲ၊ ငါသေယင် ဘာဖြစ်ဦးမှာတုံး၊ မဖြစ်တော့ဘူးလားဆိုတဲ့ အသွား....(မှန်ပါ့) နိဗ္ဗာန် သူသဘော မကျလို့ ပြောတဲ့စကားတွေ ထွက်မလာဘူးလား .... (ထွက်လာ ပါတယ်ဘုရား)။

ငါလုပ်တော့ ဝိပဿနာအလုပ်ကို လုပ်နေတာဘဲ ငါသေ သွားလို့ရှိယင် ဘာဖြစ်ဦးမှာတုံး၊ ဘယ့်နယ်ဖြစ်မှာပါလိမ့်၊ ကဲ ဦးကျော်မောင် ဒါတွေလာမလား- မလာဘူးလား .... (လာမှာ ပါဘုရား)။

လာလို့ရှိယင် ဒါတွေ ဝမ်းထဲမှာ ဘာတွေတုံး .... (ဒိဋ္ဌိတွေ ပါဘုရား)ဒိဋ္ဌိတွေဖြစ်နေတော့ ဒီ ဒိဋ္ဌိရှိလျက်နဲ့အားထုတ်နေယင် ဘယ်ကလာရမှာတုံး .... (မှန်ပါ့) ဒိဋ္ဌိခွာနေရတဲ့ မဂ်ကိုးဗျ .... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဝိပဿနာမဂ်သာ ပေါ်နိုင်မယ်တဲ့၊ လောကုတ္တရာ မဂ်- ဒိဋ္ဌိပယ်တဲ့မဂ်တော့ မပေါ်နိုင်ဘူး....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဝိပဿနာမဂ်တော့ ဖြစ်ပျက်တော့ မြင်ချင်မြင်မယ်တဲ့.... (မှန်ပါ့) ခုနင်က ဒိဋ္ဌိကို အမြစ်နဲ့တကွဖြုတ်နိုင်တဲ့ လောကုတ္တရာ မဂ်၊ သောတာပတ္တိမဂ် မပေါ်နိုင်ဘူး....(မှန်ပါ့)။

ဒီ... ဒိဋ္ဌိက ငါသေ ဘာဖြစ်မှာပါလိမ့်မတုံး၊ လုပ်တော့လုပ် နေတာဘဲ၊ ဘာမှ ဖြစ်တော့မယ် မထင်ပါဘူး....ဆိုတဲ့ ဥစ္ဆေဒ ဘက် သူလဲသွားတယ်.... (မှန်ပါ့) ဘာဖြစ်ဦးမှာပါလိမ့်မလဲ

ဆိုတဲ့ အမရာဝိကွေဲပဘက် လဲချင်လဲနေတာ... (မှန်ပါ့)မလဲဘူး လား....(လဲပါတယ်ဘုရား)။

အဲဒါ ဒါဖြင့် အင်မတန် ကြပ်နေတယ်၊ နိဗ္ဗာန်သဘောမကျ လို့ဖြစ်နေတာ၊ဒါကြောင့် ဒီနေ့နိဗ္ဗာန်သဘောကျအောင် ဟော နေတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ကိုင်း....ဒါနဲ့ တကာ တကာမတွေ အခု မှတ်ရမှာက ခုနင်က သူဥစ္စာဒိဋ္ဌိနဲ့ မေးလိုက်တယ်၊ အဲဒါလဲ ဘုရားက တဏှာ ဥပါဒါန်ဘဲကွ....တဲ့၊ ဝိဘဝတဏှာ ဥပါဒါန်တွေဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ဝိဘဝတဏှာ ဥပါဒါန်ရှိနေလဲ နိဗ္ဗာန်ရောက်ပါ့ မလား... (မရောက်နိုင်ပါဘုရား)။

မရောက်နိုင်တော့ ခင်ဗျားတို့ကျတော့ကို ရှုပါတဲ့၊ ဒုတိယ အကွက်ကို ရှုပါ....(မှန်ပါ့)။

ဒုတိယအကွက် စိတ္တာနုပဿနာကိုရှုပါ၊ ဝေဒနာကြိုက်ယင် ဝေဒနာ ရှုပါပေါ့လေ....(မှန်ပါ့) သို့သော် ခင်ဗျားတို့ဝေဒနာနဲ့ မတည့်သေးယင်စိတ် ပေးရမှာဘဲ၊စိတ်နဲ့ မဘည့်သေး ရုပ်ပေး ရမှာပေါ့ဗျာ....(မှန်ပါ့) အဲဒါ အရှုခိုင်းတာဘဲတဲ့၊ ရေးပေးတဲ့ ၁၃-ချက်ကိုရှုလို့ အကြောင်းညီညွတ်ယင်လဲရှုကြ၊ ရောက်တာဘဲ (မှန်ပါ့)။

အဲဒီ ရှုလိုက်တဲ့အခါကျတော့ ဒီမှာ မဂ်ပေါ်မှာဘဲ ဦးမြ မောင်....(မှန်ပါ့) မပေါ်ပေဘူးလား ... (ပေါ်ပါတယ်ဘုရား) ပေါ်ယင် ဒီ... ဒုတိယအဆက်ဟာ ပြတ်မပြတ်.... (ပြတ်ပါတယ်

ဘုရား) ပြတ်လို့ရှိယင်ဖြင့် တဏှာ ဥပါဒါန် ရှိသေးရဲ့လား.... (မရှိတော့ပါဘုရား)။

တဏှာ ဥပါဒါန် မရှိလို့ရှိယင် သမုဒယ ချုပ်တယ်.... (မှန်ပါ) သမုဒယချုပ်ယင် ဒုက္ခသိမ်းတယ် ဟုတ်လား....(မှန်ပါ ဘုရား) သမုဒယသိမ်းလဲ အပူခေါ်တ် ငြိမ်းတာဘဲ.... (မှန်လှပါ ဘုရား)။

ဒါက မီး၊ ဒါက လောင်စာ....(မှန်ပါ)ဒါက တတိယကွက် ကမီး၊ စတုတ္ထကွက်က လောင်စာ....(မှန်ပါ)အဲဒီတော့ လောင်စာ... (မှန်ပါ) အဲဒီတော့ လောင်စာသိမ်း၍ မီးငြိမ်းတာ.... (မှန်ပါ)။

ဘာခေါ်မတုံး.... (လောင်စာသိမ်း၍ မီးငြိမ်းတာပါဘုရား) လောင်စာသိမ်း၍ မီးငြိမ်းတာဘာခေါ်မလဲ... (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ခေါ်တော့ ဒီတရားဟာက....တဲ့ ဟောဒီ လောင်စာတွေ သိမ်းတာ သူမြင်ပါတယ်တဲ့၊ ဒုက္ခ ဆုံးသွားတဲ့အခါကျတော့.... (မှန်ပါ) ဒါတွေ ဒုက္ခသစ္စာတွေ မဟုတ်လား....(မှန်ပါ)။

ဒါတွေ ခင်ဗျားတို့ဉာဏ်ထဲ မမြင်တော့ဘူးဆိုတော့ ဩဘ်-ဒါ... အသေတွေ မရှိတဲ့နေရာတွေပါလား၊ ဒုက္ခသိမ်းတဲ့နေရာပါ ကလားလို့မလာသေးဘူးလား....( လာမှာပါဘုရား )လာတော့ ဒုက္ခသိမ်းတဲ့နေရာ၊ ဒုက္ခသိမ်းတဲ့ဉာဏ် ဒီဟာမလာသေးဘူးလား (လာမှာပါဘုရား)။

လာကတည်းကိုက ဒီမီးကော ရှိသေးရဲ့လား.... (မရှိတော့ပါဘုရား) ဒီလောင်စာကော.... (မရှိတော့ပါဘုရား) မရှိလို့

ရှိယင်ဖြင့် ဒီမဂ်အားထုတ်နေတဲ့ပုဂ္ဂိုလ်ဟာ အင်း.... လောင်စာ သိမ်း၍ မီးငြိမ်းတဲ့ဆီ ရောက်ရမယ်....(မှန်ပါ့)သဘောကျပလား (ကျပါပြီ)။

တဏှာ ဥပါဒါန်မရှိ ခန္ဓာမရှိတဲ့နေရာကို.... (ရောက်ရမှာပါ ဘုရား) ရောက်ရမယ်ဆိုတော့ ဩော်... ဒီပုဂ္ဂိုလ်ဟာ လောင်စာ သိမ်း၍ မီးငြိမ်းတဲ့နေရာ ရောက်သွားတယ်လို့ မဆိုနိုင်ဘူး လား....(ဆိုနိုင်ပါတယ်ဘုရား) လောင်စာနဲ့မီးနဲ့ လောင်နေ သ၍ ကာလပတ်လုံးဟာ ဒုက္ခရောက်နေတယ်....(မှန်ပါ့) လောင် စာနဲ့မီးနဲ့ လောင်နေတာသည် ... (ဒုက္ခရောက်နေတာပါဘုရား) ခင်ဗျားတို့မှာ ဝမ်းထဲကတဏှာနဲ့ ခန္ဓာကြီးကအလောင်ခံလျက် ဒါ... နေ့တိုင်း နေ့တိုင်းဘဲ... (မှန်ပါ့) ကိလေသာမီးတွေက ခန္ဓာ ကြီး မလောင်ဘူးလား... (လောင်ပါတယ်ဘုရား) ဘယ်တော့ လောင်စာသိမ်း၍ မီးငြိမ်းတဲ့ရက် ပါရဲ့လား... (မပါပါဘုရား) အဲဒီတော့ ဒီမဂ်အလုပ် လုပ်လိုက်တဲ့အခါကျတော့ ဒီဘက်က မီးလဲသေ....(မှန်ပါ့) ဒီဘက်က လောင်စာတွေကော.... (သိမ်း ပါတယ်ဘုရား) ဒီဘက်က ခန္ဓာကြီးကော ရှိသေးရဲ့လား.... (မရှိတော့ပါဘုရား)။

မရှိတော့ကိုတဲ့ လောင်စာသိမ်းတဲ့ မီးငြိမ်းတဲ့နေရာကြီး သူမ မြင်ရပေဘူးလား (မြင်ရပါတယ်ဘုရား) အဲ... အခု ပဌမမဂ် ရယင် မြင်ရမယ်၊ ဒုတိယမဂ်ရယင် မြင်ရမယ်၊ တတိယမဂ်ရယင် မြင်ရမယ်၊ စတုတ္ထမဂ်ရပြီးသေခဲ့လို့ရှိယင် မီးငြိမ်းတဲ့အဖြစ်ကို ကိုယ်ကိုယ်တိုင်သိရမယ်....( မှန်ပါ့ ) ရှင်းပလား.... (ရှင်းပါပြီ

အဲဒီတော့ကို ဒါတွေချုပ်မှ ခင်ဗျားတို့ လောင်စာသိမ်း၍ မီးငြိမ်းတဲ့အဖြစ်ကိုရမယ်....(မှန်ပါ့) ဥပါဒါန် မချုပ်သ၍ကာလ ပတ်လုံး....(မရနိုင်ပါဘုရား) မရနိုင်ဘူးဆိုတာ သေချာပလား (သေချာပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်မဂ် ဖြစ်ပျက်မဂ် ကိုက်အောင် လုပ်၊ ဒီဘက်က ဥပါဒါန်တွေ ချုပ်နေတာဘဲ...(မှန်ပါ့) မချုပ် ပါနဲ့ဆိုလို့ ရသေးရဲ့လား....(မရပါဘုရား) အဲဒီတော့ ဝစ္ဆက ဒီနိဗ္ဗာန် နားမလည်လို့ သူမေးရှာတာ.... (မှန်ပါ့) အခုတော့ ခင်ဗျားတို့က ဥပါဒါန်မရှိလို့ရှိယင်ဖြင့် ခန္ဓာရှိသေးရဲ့လား.... (မရှိပါဘုရား)။

အဲ...ခင်ဗျားတို့က ဥပါဒါန် ချုပ်အောင် လုပ်တဲ့အတွက် ခန္ဓာမရှိဘူး၊ ခန္ဓာ ဒုက္ခသစ္စာလဲမရှိဘူး၊ ဥပါဒါန်သမုဒယသစ္စာ လဲ မရှိဘူးဆိုတော့ လောင်စာနဲ့ မီးသိမ်းတာဟာ နိဗ္ဗာန်ဟော့ (မှန်ပါ့) ခင်ဗျားတို့ သဘောကျဘို့ရာကနော်....(မှန်ပါ့)။

အဲဒီလို သဘောကျထားတော့ ခုနင်က ပုဏ္ဏားမေးတာတွေ ဟာ ဩော်..သူသည် သမုဒယသစ္စာလဲ နားမလည်၊ ဒုက္ခသစ္စာ လဲ နားမလည်လို့ မေးနေတာကိုး ဆိုတာကော....သေချာပလား (သေချာပါပြီဘုရား)။

ဒါဖြင့် ဘုရားက အစ္ဆေစ္ဆံ တဏှာ...ဆိုတော့ တဏှာပြတ်ပြီ (မှန်ပါ့)ဝိဝဋ္ဋယိ သံယောဇနံ....ဆိုတော့ ဒါတွေ သံယောဇဉ် အဖြစ်နဲ့ကော မပြတ်ဘူးလား.... (ပြတ်ပါတယ်ဘုရား) သမ္မာ မာနာဘိ သမယာ၊ အန္တမကာသိဒုက္ခဿ၊ ဒုက္ခလဲဆုံးပြီ..လို့ ဒါဖြေလိုက်တယ်... (မှန်ပါ့) သွားစရာလမ်း ရှိသေးရဲ့လား.... (မရှိပါဘုရား) သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ဒီအလုပ်မှတပါး ကယ်မည့်လူ ယူမည့်လူ ရှိသေးရဲ့လား... (မရှိပါဘုရား) မရှိယင် ဒီအလုပ် ဖိလုပ်ရမယ်-(မှန်ပါ့)

တရားထူးလို့ ရှိယင် ဒီတကာ တကာမတွေ ၁-ချက်ခွဲမှာ လျှောက်နိုင်တယ် ဘယ်သူမဆို... (မှန်ပါ့) ပြီးတော့မှ တရား ဟောမယ်နော်....(မှန်ပါ)။

ကဲ... ယနေ့ ဒီတွင်တော်ကြီးစို့... ။

သာဓု....သာဓု....သာဓု....။

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော် မူသော
( ကံကို အတ္တလုပ်ပြီး အားမကိုး သင့်ပုံ )

# ညအလုပ်ပေး- တရားတော်

( ၉-၉-၆၂ )

ပဋိစ္စသမုပ္ပါဒ် နားလည်မှုလဲ အနုတ္တာကို နားလည်တယ်လို့ မှတ်ကြပါ....(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှုလဲ အနုတ္တာကို နားလည်တယ်လို့ မှတ်ကြပါ....(မှန်ပါ့) ဘယ်နှယ်ကြောင့်တုံး ဆိုတော့ ငါပြုတာက ဒီအထဲမှာ တခုမှမပါဘူးလို့ မှတ်ထား ကြပါ....(မှန်ပါ့) ငါပြုတာတခုမှမပါဘူး။ အဝိဇ္ဇာပြုလုပ်လိုက် တဲ့အတွက် အတိတ်ဘဝမှာ သင်္ခါရဖြစ်တယ်....(မှန်ပါ့) ငါပြု တာ ပါသေးရဲ့လား....(မပါ-ပါဘုရား)။

သင်္ခါရပြုလုပ်လိုက်တဲ့အတွက် စုတေမနေ သေလွန် သွားတဲ့ အခါ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးဖြစ်တယ်....( မှန်ပါ့ဘုရား ) ငါပြုတာ ပါသေး လား....(မပါ-ပါဘုရား)။

ဒါကြောင့် သင်္ခါရပြုသဖြင့် ဝိညာဏ်။ ဦးကျော်မောင်တို့....ဟင်....( မှန်ပါ့ဘုရား ) ဝိညာဏ်က ပြုလုပ်သဖြင့် နာမ်ရုပ်....(မှန်ပါ့ဘုရား) ငါ့ပြုတာ ပါရဲ့လား.... (မပါ-ပါဘုရား)။

နာမ်ရုပ်က ပြုလုပ်လိုက်သဖြင့် သဠာယတန။ သဠာယတနက ပြုလုပ်လိုက်သဖြင့် ဖဿ။ ဖဿက ပြုလုပ်လိုက်သဖြင့် ဝေဒနာ။ ဝေဒနာက ပြုလုပ်လိုက်သဖြင့် တဏှာလို့ ဆိုသဖြင့် ဒီအထဲမှာ ငါဝင်ပြီး မရှုပ်ကြနဲ့။ သူ့အကြောင်းနဲ့ သူ့အကျိုး ဖြစ်တာ....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာကြောင့် ဘာဖြစ်သတုံး....(သင်္ခါရဖြစ်ပါတယ်ဘုရား) သင်္ခါရကြောင့် သေသည်၏ အခြားမဲ့၌ ဘာဖြစ်သတုံး....(ဝိညာဏ်ဖြစ်ပါတယ်ဘုရား) ဝိညာဏ်ဖြစ်တယ်။ ဝိညာဏ်ကြောင့် .... ဘာဖြစ်သတုံး....(နာမ်ရုပ်ဖြစ်ပါတယ်ဘုရား)။

အဲဒီလို....အစဉ်အတိုင်း သွားလိုက်တော့ကို ဟို ၄-နံပါတ်ကူးလိုက်ယင် ဇာတိ ဇရာမရဏဖြစ်တယ်ဆိုတော့ ဒီဇာတိဇရာမရဏကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လာတယ်။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿထဲ ပါတဲ့ အာသဝကြောင့် အဝိဇ္ဇာ ပြန်ဖြစ်တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒီထဲမှာ ဇရာမရဏဟာ ပုထုဇန်တွေ ဇရာမရဏ ဖြစ်လို့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ မလာဘူးလား....(လာပါတယ်ဘုရား) အဲဒီ....လာတဲ့အထဲမှာ မသိလို့ဖြစ်တဲ့ အဓိပ္ပါယ် ဆိုတာ အာသဝပါမနေဘူးလား....( ပါ-ပါတယ်ဘုရား ) အာသဝသမုဒယာ....( အဝိဇ္ဇာသမုဒယောပါဘုရား ) အဝိဇ္ဇာသမုဒယောဆိုတော့ တဝိုင်းလုံးဟာ ငါ့ပြုတာ မပါ-ပါဘူး.... (မှန်ပါ့)။

တဝိုင်းလုံးဟာ.... ( ငါ့ပြုတာ မပါ-ပါဘုရား ) ငါ့ပြုတာ မပါဘူးလို့ တကာတကာမတွေ့ သိထားတော့မှ....တဲ့ ဩော်.... လောကကြီးထဲမှာ အနတ္တချည်းကိုးလို့ ဆိုတာ ပေါ်သွားတယ်- (မှန်ပါ့ဘုရား) ငါ့ပြုတာ ပါကြရဲ့လား....( မပါ-ပါဘုရား ) ဒါ့ကြောင့် တဝိုင်းလုံး ဘာဆိုကြမယ်....(အနတ္တပါဘုရား)။

ကိုယ်လုပ်တာတခုမှ မပါသောကြောင့် အကြောင်းနဲ့ အကျိုး အကြောင်းပြုလုပ်လို့ အကျိုး ပေါ်တယ်။ အဲဒီ့ အကျိုးက အကြောင်းဖြစ်ပြီး ပြန်လုပ်ပြန်တယ်။ အကျိုးတခုကို....(မှန်ပါ့) မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။

အဲဒီတော့ မိမိပြုတာ ပါရဲ့လား....(မပါ-ပါဘုရား) ဒါဖြင့် ခင်ဗျားတို့မှာ အခု ဘယ်သူမပြု-မိမိမှု။ ခင်ဗျားတို့ ယူထားတာ ရှိသေးတယ်....(ရှိပါတယ်ဘုရား) မိမိပြုခဲ့တဲ့ အမှုကြောင့် မိမိပြု မိမိခံကွ..။ မိမိပြု-မိမိစံကွ....(မှန်ပါ့) ဟာ.... ဒါ.... လူကြီး-လူ ကောင်းတွေ ပြောတဲ့စကား-နော်....(မှန်ပါ့)။

မိမိချည့်ဘဲ။ အဲဒီတော့ အဝိဇ္ဇာပြုလုပ်တဲ့အတွက် သင်္ခါရခံ။ သင်္ခါရပြုလုပ်တဲ့အတွက် ဝိညာဏ်ကခံ.... ( မှန်ပါ့ )ဆိုတော့ ဒီ-အတိုင်းသွားတော့ အမှန်သွားဘဲ။ ပဋိစ္စသမုပ္ပါဒ် ကြည့်လိုက် တော့လဲ အကြောင်းပြုလုပ်လို့ အကျိုးပေါ်တယ်.... မဆိုနိုင်ဘူး လား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲ့ဒါ....အကြောင်းတွေကို ခင်ဗျားတို့က မိမိ လုပ်နေတာ.... (မှန်ပါ့) မိမိနဲ့ ငါဟာ မထူးပါဘူး....( မှန်ပါ့ ) ထူးသေးရဲ့ လား....(မထူးပါဘုရား)။

အဲဒီတော့ ငါ့ပြုလို့ ငါ-ခံရတာကွ။ သူ့ပြုလို့ သူ့စံရတာ ကွ။ ဘယ်နှယ်တုံး....ဦးကျော်မောင် ပဋိစ္စသမုပ္ပါဒ် နားမလည်

တော့ ပြောချင်တိုင်းပြောနေတယ်.... ( မှန်ပါ ) ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ ဘာတုံး....( ပြောချင်တိုင်း ပြောနေပါတယ် ) ပါရဲ့လား....ဒီ အထဲ မိမိပြုတာ....(မပါ-ပါဘုရား)။

ဒါ-ခင်ဗျားတို့၏ဖြစ်စဉ်ဟာ အကုန်ဘဲမဟုတ်လား....(မှန်ပါ ဘုရား) ဒီ အထဲ မိမိပြုတာကို ပါသေးသလား....( မပါ-ပါ ) ခက်နေပြီ....ဒါဖြင့်- ခင်ဗျားတို့ သိပ်ခက်နေပြီ....နော်....(မှန်ပါ ဘုရား)။

မိမိပြု-မိမိစံပေါ့ကွာ....။ မိမိပြု-မိမိခံပေါ့။ သူတပါးပြု-သူတ ပါးခံပေါ့ကွ....။ ဟာ....မိမိလဲ ရှိတယ်။ ခင်ဗျားတို့ဟာ သူတ ပါးလဲရှိတယ်....(မှန်ပါ) မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

ဘယ်ဟာ....မိမိတုံးလို့ ဦးကျော်မောင်တို့၊ ဦးဘသန်းတို့.... ဦးမြမောင်တို့ ထောက်ပြစမ်းပါဆို .... ဒီ အထဲ မိမိတခုမှ မပါ ဘူး....(မပါ-ပါဘုရား)။

ဒါဖြင့် ဒီ မိမိရှိနေတဲ့ ပုဂ္ဂိုလ် တဦး-တယောက်ဟာ မိမိဟာ ငါ-ဘဲ.... ( မှန်ပါ ) တရားကိုယ် စစ်လိုက်တော့ မိမိဟာ ဘာပါ လိမ့်....(ငါ-ပါဘုရား) ငါဟာ သက္ကာယဒိဋ္ဌိ....( မှန်ပါ )။

ကွာ....ငါတော့ အလှူအတန်းကလေးပေးဦးမှဘဲ....။ ငါပြုမှ ငါရမှာကိုး....ကွ။ မင်းတို့ဟာ မင်းတို့ မထည့်ချင်နေကြကွ။ မင်း တို့ မလုပ်ယင် မင်းတို့ မရမှာဘဲ။ ငါတို့ဟာ ငါလုပ်-ငါရမှာဘဲ။ ဟ....မောင်သစ်....ဘာပြောနေတာတုံး။ ဒီ အထဲ ငါလဲမပါဘူး။ မိမိလဲ မပါဘူး....( မှန်ပါ ) ခန္ဓာကိုယ်ထဲမှာ ပါသေးလား.... (မပါ-ပါဘုရား)။

အဲဒါ....ငါပြု ငါရမှာဘဲ။ မင်းပြု-မင်းရမှာဘဲလို့....ဆိုပြီး ဒီ နာမ်ရုပ်တွေကို ငါစွဲနေတာကိုး....(မှန်ပါ)။

ဦးမြမောင် ခင်ဗျားတို့ သုံးကော....မသုံးဘူးလား....(သုံးပါတယ်ဘုရား) သားတွေ၊ သမီးတွေက ထော်လော်ကန့်လန့် လုပ်နေတယ်။ ဦးမြမောင်က အကြင်လင်မယားက အလှူပေးမလို့၊ ဟို့ကောင်တွေက တယ်ပြီးတော့ ကူကူ - ညီညီ မလုပ်ချင်ဘူး။ ဥပမာ....(မှန်ပါ့)။

မလုပ်ချင် နေကြကွာ....။ ငါလုပ်-ငါရတာပေါ့။ မင်းတို့ မလုပ်၊ မင်းတို့မရတာပေါ့.... (မှန်ပါ့) ဒို့ကတော့ အရေးမကြီးပါဘူး....(မှန်ပါ့) ဘယ်ဟာ ငါလုပ်ပြီး၊ ဘယ်ဟာကို ဒို့လုပ်ပြီး ပြောနေတာကုံး....၊ထောက်ပြစမ်းပါတဲ့၊ ပဋိစ္စသမုပ္ပါဒ်ထဲမှာ.... ( မရှိပါဘုရား )။

ဟင်....(မရှိပါဘုရား) စေတနာကို ငါ့လုပ်နေတာ ခင်ဗျားတို့က....(မှန်ပါ့) လုပ်တော့ စေတနာကလုပ်တာ၊ ကမ္မဘဝက လုပ်တာ.... (မှန်ပါ့) ကမ္မဘဝတို့ သင်္ခါရတို့က လုပ်တာ မဟုတ်ဘူးလား....(မှန်လှပါ) ဒါ....သင်္ခါရလဲ့ စေတနာဘဲ။ ကမ္မဘဝကော....(စေတနာပါဘဲ)။

အဲ....စေတနာဘဲ။ **အဲဒီ**တော့ ခင်ဗျားတို့ စေတနာ ငါလုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေဘဲ။မိမိပြု-မိမိရမှာဘဲ။သဘောပါကြပ်လား-(မှန်ပါ့) သူ့တပါးပြုယင်....(သူ့တပါးရမှာမပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်ဟာကို သူတွေ၊ ငါတွေ လုပ်နေကြတာတုံး....မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(စေတနာကို သူ့ငါတွေ လုပ်နေတာပါဘုရား) သွားပြီ။ စေတနာဟာ စေတနာကြီး....(မှန်ပါ့) ခင်ဗျားတို့က သူတွေ၊ ငါတွေ လုပ်နေလို့ ခက်နေတာ....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ လုပ်တဲ့ အထဲမှာ အလှူပေးလိုက်၊ အခု အတိုင်းဘဲ ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ သစ္စာလဲ နားမလည် ဘဲနဲ့ လုပ်နေတဲ့ အလှူဟူသရွှေမှာ ငါ ရောဘာချည့်ဘဲ.... (မှန်ပါ ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ....(ငါရောတာချည့်ပါဘုရား) ငါ ရော တာချည့်ဘဲ၊ ငါ ရောလို့ရှိယင် သက္ကာယဒိဋ္ဌိပါတဲ့ အလှူ ဦးစီး တဲ့ အလှူ (မှန်ပါ့)။

လောကီလုပ်လဲ သက္ကာယဒိဋ္ဌိ ဦးစီးတယ်....( မှန်ပါ့ ) လောကုတ္တရာဘက်လုပ်လဲ....(သက္ကာယဒိဋ္ဌိ ဦးစီးတာပါဘဲဘုရား) အဲဒီတော့ သက္ကာယဒိဋ္ဌိဆိုတာ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်တား တဲ့ တရား...( မှန်ပါ့ )ခင်ဗျားတို့က ဒါ ဦးစီးလုပ်နေတော့ ခင်ဗျားတို့ လုပ်တဲ့ ဒါန၊ ခင်ဗျားတို့ လုပ်တဲ့ သီလဟာတော့ .... ဦးမြှမောင် အလကားဘဲ....(မှန်ပါ့)နတ်ရွာ လူ့ပြည်ဘဲ ရောက် မှာဘဲ၊ နိဗ္ဗာန်ဘော့ မရောက်နိုင်ပါဘူး....(မှန်ပါ့-မရောက်နိုင်ပါ ဘုရား)။

ဘာဖြစ်လို့တုံး....(သက္ကာယ ဦးစီးလို့ပါဘုရား)ငါ လုပ်တာ ကိုး....(မှန်ပါ့) ရှင်းပလား ( ရှင်းပါပြီ )ဘာဦးစီးနေသလဲ.... (သက္ကာယဒိဋ္ဌိဦးစီးနေပါတယ်ဘုရား)သက္ကာယဒိဋ္ဌိ ဦးစီးနေသော ကြောင့် ဒီ အလှူမှာ ဒီ သီလမှာ ဒိဋ္ဌိမကွာတဲ့ အလှူ...(မှန်ပါ့) ဒိဋ္ဌိမကွာတဲ့ သီလ၊ ဒိဋ္ဌိမကွာတဲ့ သမထ..( မှန်ပါ့ )မဆိုနိုင်ဘူး လား.... ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် မောင်ချစ်စိန် ခက်ပြီကွာ .... ( ခက်ပါပြီဘုရား ) ခက်ပြီ....၊ ခင်ဗျားတို့ ပြောနေတဲ့ အထဲမှာ သေသေချာချာ စဉ်း စားပါ တကာတကာမတွေနေ့ဘ်... (မှန်ပါ့)။

ငါလုပ်မှ ငါရမှာ၊ ဦးကျော်မောင်ကြီးတို့ သုံးနေကြတာ.... (သုံးပါတယ်ဘုရား) ထင်လဲ မထင်ဘူးလား....( ထင်ပါတယ်ဘုရား )။

ငါလုပ်မှ ငါရမယ်လို့ သုံးတယ်....သုံးတယ်၊ ထင်လဲ ထင်တာကို ထောက်လိုက်သဖြင့် စေတနာ့အလုပ်ကို ငါလုပ်ချင်လုပ်တာ....(မှန်ပါ့)သဒ္ဓါတရားအလုပ်ကို (ငါ လုပ်ချင် လုပ်တာပါဘုရား)။

ငါ လုပ်ချင် လုပ်ကြတော့ ဒါဖြင့် စေတနာ ဆိုတာ သင်္ခါရက္ခန္ဓာ မဟုတ်လား....(မှန်ပါ့) ဝေဒနာက ဝေဒနာက္ခန္ဓာကိုး၊ သညာက သညာက္ခန္ဓာ၊ စေတနာတွေက သင်္ခါရက္ခန္ဓာ.... (မှန်ပါ့)။

"သင်္ခါရေ အတ္တတော သမနုပဿတိ"တဲ့... ။ သင်္ခါရေ=စေတနာဆိုတဲ့ သင်္ခါရတရားကို၊ အတ္တတော=ငါလုပ်တာဟူ၍ ....၊ သမနုပဿတိ=ရှု၏တဲ့ .. (မှန်ပါ့)။

ဦးကျော်မောင်တို့ လူကြီးတွေ သွားကုန်ပြီ....( မှန်လှပါ ) ဦးဘသန်းတို့ အတူတူသွားကုန်ပြီ (မှန်ပါ့)။

သုတိ မရောက်ဘူးလားလို့ မောင်သစ် မေးယင် ဘယ့်နှယ်ပြောမယ်....(ရောက်ပါတယ်ဘုရား) နိဗ္ဗာန် ရောက်ပါ့မလား.... မေးယင်....(မရောက်နိုင်ပါဘုရား) မရောက်ဘူး၊သက္ကာယဒိဋ္ဌိ ပါနေလို့....(မှန်ပါ့)။

သက္ကာယဒိဋ္ဌိဆိုတာ ဦးမြမောင်ဘဲ စဉ်းစားပါ။ ဦးဘသန်း စဉ်းစားပါ။ ပဌမ မဂ်တောင် တားတာ။ ဘယ်မှာ နိဗ္ဗာန် ရောက်တော့မတုံး....( မှန်ပါ့ )ပဌမမဂ်ရမှ ပဌမနိဗ္ဗာန် မြင်ရမှာကိုး....(မှန်ပါ့)ရောက်ပါ့မလား . (မရောက်ပါဘုရား)။

အဲဒါ ထိုးထိုးထွင်းထွင်း သိရတော့ ခင်ဗျားတို့ လုပ်နေတဲ့ အထင်တွေ ငါလုပ်ယင် ငါရမှာဘဲ၊သူ လုပ်ယင် သူ ရမှာဘဲဆိုတဲ့ အသွားတွေဟာ ဘြော် .... ကမ္မဿကတဉာဏ်တွေပါလား .... (မှန်ပါ့)သက္ကာယဒိဋ္ဌိ ဦးစီးနေပါကလား ...(မှန်ပါ့)။

ကမ္မဿကတဉာဏ်ဗျ....(မှန်ပါ့)မဟုတ်ဘူးလား....။ ကောင်း တာလုပ် .... ကောင်းကျိုးပေးတယ်လို့ သူ ယုံကြည်တော့ သူ ယုံကြည်တဲ့ အထဲ ဉာဏ်က ပါမနေဘူးလား...( ပါပါတယ် ဘုရား )။

အဲဒီတော့ ကမ္မဿကတဉာဏ်ဟာ ဒိဋ္ဌိ မပြုတ်ပါဘူး ...(မှန်လှ ပါဘုရား)ကမ္မဿကတဉာဏ်ဟာ ...( ဒိဋ္ဌိ မပြုတ်ပါဘုရား )ဒိဋ္ဌိ မပြုတ်လို့ရှိယင်ဖြင့် ကမ္မဿကတဉာဏ်နဲ့ လူ၊ ကမ္မဿကတ ဉာဏ်နဲ့ သီလဆောက်တည်၊ နိဗ္ဗာန်တော့ မရောက်ဘူး။ သုဂတိ တော့ ရောက်လိမ့်မယ်လို့ ဟောလိုက်တယ်....(မှန်ပါ့) နိဗ္ဗာန် တော့....(မရောက်ပါဘုရား) သုဂတိတော့ ..( ရောက်ပါတယ် ဘုရား )။

ကိုင်း ဒါဖြင့် ဦးမြမောင်တို့....ဦးကျော်မောင်တို့က တရပ် စီလဲ ဖြစ်နေတော့ ကိုယ့်အရပ် ကိုယ်ပြန်ပြီး စဉ်းစားတာပေါ့.... ဒီ အလူတွေ များမှာပါဘဲ....(ဒီအတိုင်းပါဘုရား)။

ငါလုပ် ငါရမှာပေါ့..။မဟုတ်ဘူးလား....(မှန်ပါ့) ငါ ဒါ အားကိုးထားတာ....( မှန်ပါ့ )ငါ လုပ်ထားတာကလေး ငါ အားကိုးထားတာ .( မှန်ပါ့ ) ငါသေ မကြောက်ပါဘူးကွ.... (မှန်ပါ့)ငါ လုပ်ထားတာတွေ ငါ အားကိုးထားတယ်။

ဘယ့်နှယ်တုံးဗျ....။ဘာအားကိုးထားသတုံး ...(တပည့်တော် တို့ လုပ်တာ တပည့်တော်တို့ အားကိုးတာပါဘုရား)အဲ....ခင်ဗျား

တို့ လုပ်ထားတယ်ဆိုတာ ဒီ စေတနာကလေးပေါ့လေ....(မှန်လှပါဘုရား) ဥပမာ....ဒီထဲမှာ သဒ္ဓါကလေးပေါ့ဗျာ....။ သဒ္ဓါကလေး ငါစွဲကော မစွဲဘူးလား....(စွဲပါတယ်ဘုရား)ငါအားကိုးတာကိုး... (မှန်ပါ့) စေတနာကလေးလဲ ငါ အားကိုးတာကိုး....(မှန်ပါ့)။

ဒီလိုဆိုတော့ ဦးဘသန်းကြီးတို့ ခေါင်းမွေး ဖြူကုန်ပြီ....။ ဒီဉာဏ်ကလေးနဲ့ တင်းတိမ်နေကြမယ်ဆိုယင်ဖြင့် ခင်ဗျားတို့....နိဗ္ဗာန်တော့ မရောက်တော့ဘူး....(မှန်ပါ့)သုဂတိဒုက္ခသစ္စာတော့ ရမှာဘဲ... (မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

သုဂတိ ဒုက္ခသစ္စာတော့ .. ( ရမှာပါဘုရား )နိဗ္ဗာန်တော့....(မရနိုင်ပါဘုရား)ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံး .. (တဏှာဦးစီးပြီး ငါလုပ်ထားလို့ပါဘုရား)။

ဟင်း... အင်.... ဒိဋ္ဌိဦးစီးတယ်....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့) ဉာဏ်ကတော့ ဘယ်ဉာဏ်တုံးမေးတော့ ကမ္မဿကတဉာဏ်... ( မှန်ပါ့ ) အဲဒီကမ္မဿကတဉာဏ်မှာ ဒိဋ္ဌိဦးစီးတယ်....(မှန်ပါ့)။

အဲဒါ ခင်ဗျားတို့ ဒီ အလာကြီး လာတဲ့ ပုဂ္ဂိုလ်တွေမို့....ဩော်....ငါတို့ လုပ်ခဲ့သမျှဟာ အလွဲနဲ့ အချော်ချည်းပါကလား၊ ဒါ ဒိဋ္ဌိဦးစီးတာကိုး... (မှန်ပါ့) သက္ကာယဒိဋ္ဌိ ဦးမစီးဘူးလား....(စီးပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိ ဦးစီးတဲ့ အလှူ နိဗ္ဗာန်ရောက်ပါ့မလားလို့ မေးတော့ ဘယ့်နှယ်ဖြေကြမလဲ....(မရောက်ပါဘုရား)သုဂတိတော့ဖြင့်....(ရောက်ပါတယ်ဘုရား) ဦးစံဖေကြီး....ဘယ့်နှယ်နေသတုံး၊ သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ကျတော့ကို အားလုံး ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေမှာ ဖြစ်နေတဲ့ သဘောက ဦးမြမောင်တို့....ဦးကျော်မောင်တို့က ရိပ်မိလောက်ပါပြီ ...( ရိပ်မိပါပြီဘုရား )ဒိဋ္ဌိမပြုတ်တဲ့ အလုပ်တွေ များနေပြီ....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) နောက်က တကာတကာမတွေ ဘာများနေသတုံး....(ဒိဋ္ဌိမပြုတ်တဲ့အလုပ်တွေ များနေပါတယ်ဘုရား)။

ဒိဋ္ဌိမပြုတ်တဲ့အလှူ၊ ဒိဋ္ဌိမပြုတ်တဲ့သီလ....(မှန်ပါ့) မဆိုနိုင်ဘူးလား ..(ဆိုနိုင်ပါတယ်ဘုရား) မောင်ချစ်စိန် သွားပြီဟေ့.... (သွားပါပြီဘုရား) သွားပြီ၊ နိဗ္ဗာန်တော့ မရောက်တော့ဘူးဟေ့... (မှန်ပါ့) သုဂတိတော့ဖြင့် ... (ရောက်ပါတယ်ဘုရား)။

ဘာ့ကြောင့်တုံး... ဒိဋ္ဌိက နိဗ္ဗာန်သာတားတာကိုးဗျ(မှန်ပါ့) သုဂတိတော့မတားဘူး ... (မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီ) လိုရင်းတော့တားတယ်... (မှန်ပါ့) ဒုက္ခသစ္စာထဲရောက်မှာတော့ (မတားပါဘုရား) သုခသစ္စာထဲ ရောက်မှာတော့.... (တားပါတယ်ဘုရား)။

အဲဒါ ဘယ့်နှယ်ကြောင့်တုံးလို့ မေးတော့မှ ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး နားမလည်တော့ အကြောင်းကြောင့်ဖြစ်တဲ့အကျိုး၊ အကြောင်းပြုလုပ်သ၍ အကျိုးပေါ်တာဘဲလို့ အကြောင်းနဲ့အကျိုးကို ပိုင်ပိုင်နိုင်နိုင်မသိသောကြောင့် အကြောင်းကို ငါလုပ်နေကြတယ်.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီဘုရား) အကြောင်းကို.... ( ငါလုပ်နေကြပါတယ်ဘုရား)။

အဲ... လှူတဲ့ ပေးတဲ့တန်းတဲ့အခါ စေတနာကောင်းကောင်းထားဟေ့နော်၊ စေတနာသုံးချက်ညီပေစေကွ၊ သုံးချက်ညီယင်

အကျိုးပေးတယ်ကွ....(မှန်ပါ့) အဲဒါ မင်းဟာ ဒီသုံးချက်တော့ မညီ- ညီအောင်လုပ်ရမယ်ဆိုတော့ ငါတော့ညီပါတယ်၊ သုံးချက် စလုံး... (မှန်ပါ့) စေတနာကို ဘာစွဲ- စွဲလိုက်သတုံး.... (ငါစွဲ-စွဲ ပါတယ်ဘုရား)။

ငါစွဲ- စွဲလိုက်တော့ သင်္ခါရေ အတ္တတော သမနုပဿတိ။ သင်္ခါရေ- စေတနာ....ဆိုတဲ့ သင်္ခါရကို၊ အတ္တတော- ငါဟူ၍၊ သမနုပဿတိ-ရှုလိုက်၏...(မှန်ပါ့) ဒိဋ္ဌိဖြစ်သွားတယ်....(မှန်ပါ့) မဖြစ်ဘူးလား... (ဖြစ်ပါတယ်ဘုရား) ဒါကလေး ယနေ့ခင်းလာ တာသည် ပဋိစ္စသမုပ္ပါဒ်မသိလို့ ပေါ်ရတဲ့ဖြစ်ထွေလို့ ပြော လိုက်ပါတယ်....(မှန်ပါ့)။

အခုတော့ ပဋိစ္စသမုပ္ပါဒ် သိလိုက်တော့ ကံ၊ ကံပြုလုပ်တဲ့ အတိုင်း စေတနာ ကံပြုလုပ်တဲ့အတိုင်း ဒီဇာတိရမယ်....(မှန်ပါ့) ကံကလဲ ဇာတိဘဲရမယ်.... (မှန်ပါ့) ဒီ့ပြင် ရသေးရဲ့လား.... (မရပါဘုရား)ဇာတိဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ကံက ဘာတုံး....(သမုဒယ သစ္စာပါဘုရား)အဲ .. သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်တယ်ဆိုတော့ ဒီအထဲ ခင်ဗျားတို့က ဒါ ငါ့အလုပ် ကွလို့ လုပ်ပြန်တော့ ဒီ....ဒုက္ခသစ္စာ မလာချင်လို့ကို မဖြစ် တော့ဘူး... (မှန်ပါ့) ဖြစ်ပါ့ဦးမလား....(မဖြစ်ပါဘုရား)ရှင်းကြ ပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီကပြန်ယင် ဦးကျော်မောင်တို့ ဦးမြမောင်တို့ ဦးဘ သန်းတို့ ပြင်ရလိမ့်မယ် .. (ပြင်ရပါတော့မယ်ဘုရား) မပြင်ယင် မောင်သစ် တော်ပါ့မလား.... (မတော်ပါဘုရား) လိုချင်တာက နိဗ္ဗာန်၊ ရတာက ဒုက္ခသစ္စာဖြစ်သွားလိမ့်မယ်.... (မှန်ပါ့ဘုရား) လိုချင်တာက ... (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာ ..

(မှန်ပါ့) ရတော့ ဘာသစ္စာရသလဲ.... (ဒုက္ခသစ္စာ ရပါတယ်ဘုရား)။

အဲဒါ ဦးမြမောင်တို့ ကုန်ကူးယင်းရှုံးတယ်....(မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ... (ကုန်ကူးယင်း ရှုံးပါတယ်ဘုရား) အမြတ်ကြီးထွက်လိမ့်မယ်လို့ ကူးလိုက်တာဟာ ဟင်....ဘယ့်နှယ်တုံး.... ဒုက္ခရောက်ပါပေါ့လား.... (မှန်ပါ့ဘုရား) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)ဒီကနေ အမြတ်ကြီး နိဗ္ဗာန်တည်းဟူသော အမြတ်ထွက်အောင်လို့ လုပ်လိုက်တာ ဒီမှာ ဒုက္ခသစ္စာကြီး ဝင်အကျိုးပေးနေတယ်...(မှန်ပါ့) ၂-လုပ်တော့ ၄-အကျိုးပေးနေတယ် (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါ.. ပဋိစ္စသမုပ္ပါဒ် ကျေးဇူးကြောင့် သိတာနော်....(မှန်ပါ့) ကိုင်း ဒါဖြင့် ပြောကြပါစို့... တဲ့၊ ဒီ... စေတနာကလေးဟာလဲ စဉ်းစားကြည့်ပါ၊ စေတနာကလေးဟာ ရူပသဉ္စေတနာ, သဒ္ဒသဉ္စေတနာ, ဂန္ဓသဉ္စေတနာ, ရသသဉ္စေတနာ, ဖောဋ္ဌဗ္ဗသဉ္စေတနာ ဓမ္မသဉ္စေတနာရယ်လို့ စေတနာခြောက်မျိုးရှိတယ်.... (မှန်ပါ့) ဘယ်စေတနာမဆို အနတ္တချည့်ဘဲ....(မှန်ပါ့)ဖြစ်ပြီးပျက်တာဘဲ၊ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား)။

ရူပါရုံကြောင့်ဖြစ်တဲ့ စေတနာ၊ကြည့်ချင်တဲ့ စေတနာ၊မဟုတ်ဘူးလား.... (မှန်ပါ့) သဒ္ဒါရုံ နားထောင်ချင်တဲ့ စေတနာ၊ ဒါတွေ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ဟုတ်ပါရဲ့လား ... (မဟုတ်ပါဘုရား) ဒါ... အနတ္တချည့်ပေါ့.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ငါစွဲလို့ တော်ပါ့မလား.... (မတော်ပါဘုရား) အနတ္တကို ခင်ဗျားတို့က အို .... ငါလုပ်ထားတာ ဘယ်သွားမတုံးကွ...

(မှန်ပါ့) အံမာလေး.... ခိုင်တယ် မြဲတယ်တောင် မောင်သစ် ယူလိုက်သေးတယ်.... (ယူပါတယ်ဘုရား) ငါ....လုပ်ထားတာ ဘယ်သွားမတုံးကွ - (မှန်ပါ့) အဟောသိကံ ဖြစ်ရတော့မလား (မှန်ပါ့)။

ခက်လိုက်တာ ဒါ....ခိုင်ပြီမြဲပြီပေါ့လေ၊ စေတနာကို ခိုင်တယ် မြဲတယ်ယူလိုက်တဲ့ အခိပ္ပါယ် မရောက်ဘူးလား.. (ရောက်ပါ တယ်ဘုရား) ဒါဟာ ဆရာဘုန်းကြီး ရေရေလယ်လယ်ပြောမှ ရတယ်.... ( မှန်ပါ့ ) ရေရေလယ်လယ် မပြောလို့ရှိယင်ဖြင့် ခင်ဗျားတို့မှာ....တဲ့ လုပ်သရွှကလဲ အမှားချည့်ဘဲ၊ ပြီးတော့ အနတ္တကိုလဲ အတ္တပြုလုပ်ပြီးနေတော့ သိပ်ခက်သွားတယ်.... (မှန်ပါ့) မခက်ဘူးလား....(ခက်ပါတယ်ဘုရား)။

အနတ္တကို ... (အတ္တပြုလုပ်နေပါတယ်ဘုရား) ငါ့ဟာ ဘယ် သွားမတုံးကွဆိုတော့ ဦးမြမောင်တို့လဲ လူချင်းတွေ့ယင် တင်း တင်းမပြောပေဘူးလား.... (ပြောပါတယ်ဘုရား)။

ငါလုပ်ထားတာနည်းသလားကွ... (မှန်ပါ့)ငါ့ဟာတွေ ဘယ် သွားမှာတုံး၊ ငါ့ဟာတွေ ငါ့နောက်လိုက်မှာပေါ့.. (မှန်ပါ့) ဟာ....ရှုပ်လို့ပါလား ခင်ဗျားဟာ (မှန်ပါ့ဘုရား) ပြောလိုက် တာတွေကလဲ လွန်လို့ပါလား.... (မှန်ပါ့) ပြောသရွှလဲ ဘယ့် နှယ်တုံး.... (အမှားချည့်ပါဘဲဘုရား) အမှားချည့်ဘဲ၊ ဒိဋ္ဌိသံချည့် ဘဲ....(မှန်ပါ့)။

ဒိဋ္ဌိသံသာဆိုတယ်- ဒိဋ္ဌိဖြစ်တယ်ဆိုလို့ရှိယင်လဲ မလွဲဘူး.... (မှန်ပါ့)ငါ့ဟာ....ငါထင်နေတာဘဲ ဒီဥစ္စာကို....(မှန်ပါ့)ငါလုပ် ထားတာတွေ၊ ဘယ်မှမပျောက်ဘူး....(မှန်ပါ့) ခိုင်တယ် မြဲတယ် ကော....(ထင်ပါတယ်ဘုရား) ထင်တယ်တဲ့၊ ငါ....လုပ်တယ်လို့

ကော.... (ထင်ပါတယ်ဘုရား) ခိုင်တယ် မြဲတယ်လို့ကော.... (ထင်ပါတယ်ဘုရား)။

ဒါဖြင့် စေတနာကို ငါလုပ်လိုက်ခြင်းဘဲ....(မှန်ပါ့) ဒီဟာ ဘယ်မှမပျောက်ပျက်နိုင်ဘူးဆိုတဲ့ဥစ္စာ ငါ့ဥစ္စာလို့လဲထင်တယ်- (မှန်ပါ့) သဘောပါကြလား.... (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လှူဒါန်း ပေးကမ်းထားတဲ့ ငါနဲ့ငါ့ဥစ္စာ သည် သက္ကာယဒိဋ္ဌိကဖြင့် ဦးစီးနေပြီ၊ အကျိုးမပေးဘူလား ဆိုတော့ တဏှာက သမုဒယသစ္စာ....(မှန်ပါ့) တတိယအကွက် ကိုးဗျ.... တတိယအကွက်ထဲပါတဲ့ စေတနာကိုး.... ( မှန်ပါ့ ) ကမ္မဘဝဆိုတာ စေတနာ....(မှန်ပါ့)။

ကဲ.... ကမ္မဘဝပစ္စယာ စေတနာပစ္စယာ ဇာတိ....ဆိုတော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဒုက္ခသစ္စာ အကျိုးပေးနေတာ၊ ဒါ လူဇာတိ, နတ်ဇာတိ,ဗြဟ္မာဇာတိ ဆိုချင်တာဆို .... ( မှန်ပါ့ ) အေး .... ၄-နံပါတ်က လူဇာတိ, နတ်ဇာတိ, ဗြဟ္မာ ဇာတိ- ဆိုချင်တာဆို .. (မှန်ပါ့) အတည့်ချည့်ဘဲ။

တည့်ပင် တည့်ငြားသော်လဲ သစ္စာကျတော့ တမျိုးတည်း သွားပါတယ်....(မှန်ပါ့) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)ရှင်းပ လား... (ရှင်းပါပြီဘုရား)။

ဘာဖြစ်လို့ ဒုက္ခသစ္စာ အကျိုးပေးရပါလိမ့်မတုံးလို့မေးတဲ့ အခါကျတော့မှ ဒါ ငါစွဲတယ်ကွ ( မှန်ပါ့ ) ငါ့ဥစ္စာလို့လဲ စွဲတယ်ကွတဲ့... (မှန်ပါ့) ငါ့ဥစ္စာကလေး ဘယ်သွားမတုံးကွတဲ့.... (မှန်ပါ့) မပြောကြဘူးလား... (ပြောကြပါတယ်ဘုရား)။

ငါ့သားကြီး ရှင်ပြုထားတာ ငွေတသိန်းလောက် ကုန်ထားတာ၊ ဒါတွေ ဘယ်သွားမတုံးကွ....(မှန်ပါ့ဘုရား)။

ဒီကံတွေပေါ့ဗျာ၊ ဒီစေတနာတွေ ဘယ်သွားမတုံးကွ၊ ငါ့နောက် လိုက်မှာပေါ့ကွ .... ( မှန်ပါ့ ) သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့က ငါ့နောက် လိုက်မှာပေါ့ဆို သူက စောင့်နေတယ်၊ ခင်ဗျားမသေသေးလို့ သူကမလိုက်သေးတာ.... (မှန်ပါ့) သူက ခိုင်တယ်-မြဲတယ် မယူဘူးလား၊ ယူသလား .... (ယူထားပါတယ်) သဘောပါပလား.... ( ပါ-ပါတယ်ဘုရား ) အတော်ဆိုးနေပြီ... (ဆိုးပါတယ်ဘုရား)။

အတော်ခက်တယ်ဗျ ပြောရတာ၊ မခက်ဘူးလားတဲ့ .... ( ခက်ပါတယ် ) သေသေချာချာ စစ်တော့မှ မောင်ချစ်စိန် မခက်ဘူးလား .. (ခက်ပါတယ်ဘုရား)။

ယူထားတာက မင်းတို့ဟာက ငါသွားလို့ရှိယင် ငါ့နောက်ကပါမှာ ဒီစေတနာ....(မှန်ပါ့ဘုရား)။

အရိပ်နောက်က ပါတယ်လို့တောင် ပြောသေးတယ် .... ( မှန်ပါ့ ) ပြောနေတာဘဲ နောက်က လူသွား အရိပ်ပါသလို လိုက်နေတာဘဲလို့ တခါတည်း ပြောနေတာဘဲ .... ( မှန်ပါ့ ) ပြောတဲ့အတိုင်းလဲ တခါတည်း လိုက်မယ်လို့ ယူထားတာဘဲ.... (မှန်ပါ့ဘုရား)။

ယူထားတော့ သူ အတ္တ ဖြစ်မနေဘူးလား လို့ မေးယင် ဘယ့်နှယ်ပြောပါ့မယ်....(ဖြစ်နေပါတယ်ဘုရား)။

ဒါဖြင့် ငါ့ဥစ္စာ ဘယ်သွားမတုံးကွ ဆိုတာနဲ့ကော အတူတူဘဲကျတယ်.... (အတူတူပါဘဲဘုရား) ငါလုပ်ထားတယ် ဆိုတာက

စောစောက ငါ....(မှန်ပါ) လုပ်ပြီးတဲ့အခါကျတော့ ငါ့ဥစ္စာ.... (မှန်ပါဘုရား)။

ကဲ... ဦးကျော်မောင် ခက်ကုန်ပြီ....(ခက်ပါတယ်) ခက်ကုန်ပြီဒါ ဆရာကောင်း သမားကောင်းက မှ အမှန်နည်းနဲ့ ဆုံးဖြတ်ချက်ချမပေးဘူး ဆိုလို့ရှိယင် ဦးဘသန်း သွားပြီ .... (မှန်ပါဘုရား)။

သွားပြီ၊ တခါတည်း ဘယ်တော့မှ နာလန်ထူတော့မှာမဟုတ်ဘူး၊ ဒီပတ်မှာဘဲ ...( မှန်ပါ )မပတ်ပေဘူးလား....(ပတ်ပါတယ်ဘုရား)။

၄· နံပါတ် ပတ်ပြီးသကာလ တခါ ဒီဘက်ပြန်လှည့်ပြီးသကာလ ..-ပြန်လှည့်မှာဘဲ၊ မလှည့်ပေဘူးလား .... (လှည့်မှာပါဘုရား)။

ဒါကြောင့် မလုပ်တတ်ယင် သံသရာလည်တယ်၊ လုပ်တတ်ယင် သံသရာပြတ်တယ် ဆိုတာကော ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

မလုပ်တတ်ယင်... (သံသရာ လည်ပါတယ်) လုပ်တတ်ယင်.... (သံသရာပြတ်ပါတယ်ဘုရား)။

အဲဒီတော့ ပုဏ္ဏမသုတ်မှာဟောတယ်... (မှန်ပါ) ပုဏ္ဏမသုတ်မှာ ဟောပါတယ်၊သံယုတ်မှာလဲလာတယ်။ ဒီသုတ်ဟာ ပဏ္ဏာသဆိုတဲ့ ပါဠိတော်မှာလဲ လာတယ်....(မှန်ပါဘုရား)ဘုရားဘဲ ဟောပါတယ်။

ရဟန်းတပါးက ကောက်ပြီး မေးလိုက်ဘယ်“အရှင်ဘုရားတဲ့ ဘယ်လိုရှုလို့ ဘယ်လိုမှတ်ခဲ့လို့ ရှိယင် ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာ ဆိုတဲ့ဥစ္စာ ပျောက်ပါ့မလဲ”တဲ့.... (မှန်ပါဘုရား)။

ကထံပနာဘန္တေ ဇာနတော ကထံ ပဿတော
ဣမသ္မိံ စ သဝိညာဏကေ ကာယေ ဗဟိဒ္ဓါ စ
သဗ္ဗနိမိတ္တေသု အဟံကာရ မမံကာရ
မာနာနုသယာ နဟောန္တိ။ *

မိမိခန္ဓာငါးပါး၌ရှင်း၊ ဗဟိဒ္ဓဖြစ်တဲ့ ခန္ဓာငါးပါး၌ရှင်း၊ "အဟံကာရ မမံကာရာနုသယာ နဟောန္တိ" သူက မေးလိုက်တာကိုး... (မှန်ပါ့ဘုရား)။

အရှင်ဘုရား....တဲ့၊ ဘယ်ကဲ့သို့ရှု ဘယ်ကဲ့သို့မှတ်ခဲ့သည်ရှိသော် အနုသယဆိုတဲ့ တရားတွေ အဟံကာရ ငါဆိုတာတွေ့ ငါ့ဥစ္စာ ဆိုတာတွေဟာ ဘယ်လိုမှ သူတို့သည်ကားလို့ ဆိုယင် ချုပ်ပျောက်ပါ့မလဲ....(မှန်ပါ့) ဟိုကတော့ ချုပ်ပျောက်ဘို့ မေးနေရတယ်....(မှန်ပါ့ဘုရား)။

ချုပ်ပျောက်ဘို့ မေးနေရတော့ ဘုရားက- ကွာ... တဲ့၊ လွယ်ပါတယ်ကွတဲ့၊ ဒီဥစ္စာ မင်းတို့ ဖြစ်ပျက်ရှုလိုက်တာပေါ့ .... တဲ့၊ ဘယ်တရားမဆို မင်းတို့ကဖြစ်ပျက်သာရှု(မှန်ပါ့)စေတနာလာလဲ ဖြစ်ပျက်ရှုပေး....(မှန်ပါ့) သဘောကျပလား.... (မှန်ပါ့ဘုရား)။

စေတနာလဲ....(ဖြစ်ပျက်ရှုရမှာပါ) ဖြစ်ပျက်ရှုပါတဲ့၊ အကုန်ဖြစ်ပျက်ရှုပါတဲ့ "ရူပံ အတီတံ နာဂတံ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓံ ဝါ ဝေဒနံ သညံ သင်္ခါရေ" အကုန်ဘဲ....(မှန်ပါ့) အတိတ် အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးမှာ ရှိတာတွေကို "နေတံ မမ နေသော ဟမသ္မိ နမေသော အတ္တာ"လို့ ရှုပါကွ၊ ငါ့ကိုယ်, ငါ့ဟာ,ငါ့ဥစ္စာ မဟုတ်ဘူးလို့ ရှုစမ်းပါတဲ့....( မှန်ပါ့ဘုရား )။

---

* မ ၃ ၆၉- မဟာပုဏ္ဏမသုတ်

ရှုလိုက်လို့ ရှိယင်ဖြင့် ခုနင်က ငါဟူသော အခြင်းအရာဆိုတဲ့ ဒိဋ္ဌိ၊ ငါ့ဥစ္စာဆိုသော အခြင်းအရာဆိုတဲ့ မာနာနုသယတွေ, အတ္တနိယဆိုတဲ့ မာနာနုသယတွေ... (မှန်ပါ့ဘုရား)။

ဒိဋ္ဌာနုသယ = ငါဟူသော အခြင်းအရာဆိုတဲ့ ဒိဋ္ဌာနုသယ၊ ငါ့ဥစ္စာဟူသော အခြင်းအရာဆိုတဲ့ မာနာနုသယတွေ အကုန်ချုပ်တာပါဘဲကွာတဲ့....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီစေတနာကို ခင်ဗျားတို့ ကျုပ်တို့ကဖြစ်ပျက်ရှုရမယ် (မှန်ပါ့) ဖြစ်ပျက်မရှုလို့ ရှိယင် သူ့အပေါ်မှာ ငါနဲ့ ငါ့ဥစ္စာ ကျန်တော့မှာဘဲ....(မှန်ပါ့) ပေါ်ပလား ...(ပေါ်ပါပြီဘုရား)။

ဒါတွေ ဘာလုပ်ရမလဲ—( ဖြစ်ပျက် ရှုရပါမယ် ) မရှုလို့ ရှိယင် ဘာကျန်မယ်ထင်သတုံး .... (ငါ-ငါ့ဥစ္စာကျန်ပါမယ် ဘုရား)။

မယုံယင် စဉ်းစားကြည့်၊ ခုနင်က စကားရှည်ပြောခဲ့ပါပြီ.... (မှန်ပါ့) ငါ့စေတနာကွ၊ ဘယ်တော့မှ မပျောက်ဘူးကွ၊ ငါ သွားရာ အရိပ်ပါမှာဘဲ....(မှန်ပါ့ဘုရား)။

ကဲ .. ငါ-ငါ့ဥစ္စာ နှစ်ခုစွဲမနေဘူးလား .... ( စွဲနေပါတယ် ) အဲဒီတော့ ဟိုကမေးလိုက်တာက ဘယ်လိုရှုမှ ငါ-ငါ့ဥစ္စာပျောက်ပါ့မတုံးဘုရာ့။ ဟိုကလဲ ဒိဋ္ဌိ, မာန ကြောက်ရှာလွန်းလို့ .... (မှန်ပါ့ဘုရား)။

ဒိဋ္ဌိ, မာန ကြောက်ရှာလွန်းလို့ ရဟန်းကလဲ· ပုဏ္ဏာမဆိုတာ လ,ပြည့်နေ့မှာ ရဟန်းတပါးက လာမေးလို့ မောင်သစ်ရ ဒီဥစ္စာ သေသေချာချာ ပြောရရှာတယ်....(မှန်ပါ့ဘုရား)။

ငါ- ငါ့ဥစ္စာဟူသော အခြင်းအရာ ဘယ်လို ရှမှသာလျှင် တပည့်တော်တို့ နိဗ္ဗာန်တရား ရပါ့မလဲ ....( မှန်ပါ့ ) ဒီနှစ်ခုက ကျန်ကျန်နေတယ်ဘုရား၊ ငါလုပ်ထားတဲ့ စေတနာ၊ ငါ့စေတနာ၊ ငါ့စေတနာတွေဟာ ငါပြုထားတာတွေ ဘယ်သွားမတုံးကွ .... (မှန်ပါ့) ငါသွားရာ လိုက်မှာပေါ့ကွ၊ ဒါတွေဟာ ဘယ့်နှယ် လုပ်မတုံးဘုရား....တဲ့၊ ဒါသေသေချာချာ မေးတာဘဲ .... (မှန်ပါ့ ဘုရား)။

သို့သော် ဒါက ဦးကျော်မောင် တော်တော့လူကလဲ မတွေ့ ဘူးတော့ မင်းတို့စေတနာ မင်း မပျောက်စေနဲ့နော်..၊ ဒါသာ ဟောလေ့ရှိတယ်....(မှန်ပါ့ဘုရား)။

မင်းတို့စေတနာ မင်းတို့မပျောက်စေနဲ့ မင်းတို့အထုပ်ကလေး မင်းတို့သိမ်းထား.... ( မှန်ပါ့ ) စာဂါနုဿတိနဲ့ ထပ်ပြန်တလဲလဲ အောက်မေ့၊ ဒီအထုပ်ကလေး မပျောက်စေနဲ့ .. (မှန်ပါ့ဘုရား)။

မပျောက်တို့ ဟောနေတယ် ... ( မှန်ပါ့ ) အားလုံးပေါ့လေ ဒီသုတ်တွေ မတွေ့ရခင်ဆိုတော့၊ ဘုရားကသဲ ဒီဥစ္စာ ခုနင်က ရဟန်းကလျှောက်တော့ ဘယ်လိုရှုရမှာတုံးဘုရား၊ ဒီငါ-ငါ့ဥစ္စာ ပျောက်အောင် ဘယ်လိုရှုရမှာတုံး....(မှန်ပါ့ဘုရား)။

အို....ဒါတွေကိုကွာ....တဲ့၊ ဖြစ်ပျက် ရှုလိုက်လို့ရှိယင် ငါ- ငါ့ဥစ္စာပျောက်တာဘဲတဲ့....(မှန်ပါ့) ပေါ်ကြပလား .... (ပေါ် ပါပြီဘုရား)။

ငါ-ငါ့ဥစ္စာ ပျောက်ချင်ယင်ဘယ်လိုရှုရမတုံး....(ဖြစ်ပျက်ရှုရ ပါမယ်ဘုရား)။

**အဲ** ဒီတော့ ဖြစ်ပျက်ဆိုတာ ခန္ဓာငါးပါးစလုံး ဖြစ်ပျက်ရှုရ မှာ**ဘဲ**၊ ခင်ဗျားတို့သုပ်ထားတဲ့ စေဘနာကသဲ သခါရက္ခန္ဓာ....

(မှန်ပါ့)ဒါလဲ မရှုယင် တော်ပါ့မလား....( မတော်ပါ ) ဒါဖြင့် ဖြစ်ပျက်ရှုရမှာဘဲ....(မှန်ပါ့ဘုရား)။

အဲဒီလို ဖြစ်ပျက်ရှုမှ ငါ-ငါ့ဥစ္စာပြုတ်မှ သောတာပန်တည် မယ်ကွ ..(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီကဲ့သို့ ဘုရားက ရဟန်းက မေးလို့- ဒီလိုကွာ .... တဲ့၊ အတိတ်,အနာဂတ်, ပစ္စုပ္ပန်ဖြစ်တဲ့ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်၊ ဒါတွေကိုတဲ့"နေတံမမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာ"ဆိုတဲ့အတိုင်း ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာမဖြစ်အောင် ရှုလို့ရှိယင်ဖြင့် ခုနင်က ငါဟူသောအခြင်းအရာ၊ ငါ့ဥစ္စာဟူ သော အခြင်းအရာသွားပြီ၊ လူတွေဟာ အကုန်ချုပ်တာဘဲတဲ့၊ ဒီအနတ္တရှုယင် အကုန်ချုပ်တာဘဲတဲ့....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်ရှုလိုက်ယင် ခုနင်က ငါ-ငါ့ဥစ္စာတွေ ဘယ့်နှယ် ဖြစ်သွားသတုံး ...( အကုန်ချုပ်သွားပါတယ် ) စေတနာကလေး ကိုဘဲ ရှုကြည့်ပါ ဦးမြမောင်၊ ငါ- ငါ့ဥစ္စာဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား)။

အဲဒီလို ရှုပစ်လိုက်လို့ရှိယင် ငါ-ငါ့ဥစ္စာပြုတ်ထွက်သွားတာ ပါဘဲဆိုတော့ ဒီထဲမှာ ရဟန်းက ငါးရာတောင် တရားနာနေ တာ ဦးကျော်ခေါင်ရ ...( မှန်ပါ့ ) ဒီတရားဟောတော့ ငါးရာ တောင် ရဟန်းတွေက တရားနာပြီးသကာလ နေတော့ ရဟန်း တပါးက ဩော် ...ဒီလိုဆိုလို့ရှိယင်ဖြင့် ရုပ်ကလဲ အနတ္တ၊ဝေဒ နာလဲ အနတ္တ၊ခုနင်က စေဘနာဆိုတဲ့ သင်္ခါရက္ခန္ဓာတွေလဲအနတ္တ စိတ်တွေလဲ အကုန်အနတ္တ၊ ဘုရားကဟောလိုက်တယ် .... (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဘာအားကိုးရမှာတုံး၊ အကုန်အနတ္တ ဖြစ်ကုန်ပြီတဲ့.... (မှန်ပါ့)ဘာအားကိုးရမှာတဲ့တုံး....တဲ့၊ အားကိုးစရာကို မရှိတော့ဘူး ဆိုတော့ တွေ့ဖေါက်လာပြီ... (မှန်ပါ့)တရားနာရင်း တွေ့ဖေါက်လာတယ်....(မှန်ပါ့ဘုရား)။

ရုပ်လဲ အနတ္တ၊ ဝေဒနာလဲအနတ္တ၊သညာလဲအနတ္တ၊သင်္ခါရလဲ အနတ္တ၊ ဝိညာဏ်ကော... (အနတ္တပါဘုရား)။

အကုန် အနတ္တဆိုလို့ရှိယင်ဖြင့် ဘာမှအားကိုးစရာမရှိတော့ဘူး၊ အားကိုးရာမရှိတော့ဘူး .... တဲ့၊ အဲဒီတော့ သူကြံဖန်ပြီး အားကိုးတယ်... ( မှန်ပါ့ )သြော် .. ဒီအထဲမှာ စေတနာကလေးဟာတော့ သင်္ခါရက္ခန္ဓာ အနတ္တဘဲ၊ သူက ဒါကလေးတွေးလိုက်တယ် .. ( မှန်ပါ့ ) စေတနာကလေးဟာ သင်္ခါရက္ခန္ဓာဟုတ်ကဲ့လား... (ဟုတ်ပါတယ်ဘုရား)။

ဟုတ်တယ်နော်- သင်္ခါရက္ခန္ဓာထဲကဘဲ၊ ဝေဒနာမှမဟုတ်ဘဲကိုး၊ သညာမှ မဟုတ်ဘဲကိုး .... ( မှန်ပါ့ ) ဝေဒနာသညာမှ လွတ်တာ သင်္ခါရက္ခန္ဓာကိုး....(မှန်ပါ့ဘုရား)။

အဲဒီတော့ စေတနာ ဘာခန္ဓာတုံး.... ( သင်္ခါရက္ခန္ဓာပါ ) သင်္ခါရက္ခန္ဓာ ဖြစ်နေကော့ အဲဒီသင်္ခါရကလေးဟာ နဂိုရ်ကလဲ ငါမဟုတ်ဘူး . တဲ့၊ သူကသိတယ် ...( မှန်ပါ့ ) အနတ္တကတာနိ၊ ငါမဟုတ်သဖြင့် ပြုတာတဲ့၊ ဒီတရားကလေးက၊ ဒီစေတနာကလေးက၊ ငါမဟုတ်သဖြင့် လူခန္ဓာ,နတ်ခန္ဓာ, ဗြဟ္မာခန္ဓာဖြစ်အောင်ပြုတာ၊ သူဟာ ငါလဲမဟုတ်ပါဘူးဘဲ....(မှန်ပါ့)အဲဒါကလေး သူအားကိုးတော့မယ်... (မှန်ပါ့ဘုရား)။

အနတ္တကတာနိ=ငါမဟုတ်သဖြင့်ပြုအပ်ကုန်သော၊ ကမ္မာနိ= ကုသိုလ် အကုသိုလ်ကံတို့သည်၊ ကမ္မတ္တာနံ=ကံသာလျှင် မိမိ၏

ဥစ္စာအဖြစ်သို့၊ ဖုသန္တ ိ=ရောက်ရတော့မယ်၊ ကံဟာ ငါ့ဥစ္စာ လုပ်တော့မယ်တဲ့ .... ( မှန်ပါ့ ) ကံကို ငါ့ဥစ္စာလုပ်လိုက်တော့ မယ်တဲ့... (မှန်ပါ့) သူကလဲ အနတ္တဘဲတဲ့၊ အဲဒါ ငါမဟုတ်ဘဲနဲ့ သူပြုထားတာဘဲတဲ့....(မှန်ပါ့ဘုရား)။

အဲဒီတော့ သူကလဲ အနတ္တဘဲ၊ အဲဒီ့အနတ္တကလေး သူ့အား ကိုးတော့မယ်တဲ့....( မှန်ပါ့ ) အနတ္တဆိုတာ အားမကိုးကောင်း တာကြီး သွားအားကိုးတာကိုး....(မှန်ပါ့) ဖေါက်ပြီ....(ဖေါက် ပါပြီဘုရား)။

အဲ .. ခင်ဗျားတို့လဲ ကံ့အားကိုးနေတာ ဘာတုံး .... (ဖေါက် တာပါဘုရား) ဘယ့်နှယ်ဆိုမတုံး....(ဖေါက်တာပါဘုရား)။

အနတ္တဆိုတာ သဗ္ဗေဓမ္မာ အနတ္တာ၊ခင်ဗျားတို့ ရွတ်ချင်တိုင်း ရွတ်၊ မပါဘူးလား....(ပါ-ပါတယ်)နို့ သဗ္ဗေဓမ္မာထဲ ဒီစေတနာ ကံ မပါဘူးလား .... (ပါ-ပါတယ်ဘုရား) ဒါဖြင့် အားကိုးရမှာ လား- မကိုးရဘူးလား (အားမကိုးရပါဘုရား)။

နို့ ခင်ဗျားတို့က ဘာတုံး၊ကံအမိ့ကံအဖဆိုတာ အားကိုးတဲ့ အမိပ္ပါယ်လား- အားမကိုးတဲ့ အမိပ္ပါယ်လား .... (အားကိုးတဲ့ အမိပ္ပါယ်ပါဘုရား)။

ငါ့ကံတွေ ဘယ်သွားမလဲကွ ဆိုပြန်တော့ကော....(အားကိုး တဲ့ အမိပ္ပါယ်ပါ) နို့ ဘယ့်နှယ်တုံး- အားကိုးတဲ့ အမိပ္ပါယ် ဆိုတာ အတ္တဖြစ်မနေဘူးလား... (ဖြစ်နေပါတယ်ဘုရား)။

ဒါတွေဟာ တဲ့၊ လောကကြီးနဲ့ ဦးမြမောင် ကန့်လန့်လုပ်ပြီ ပြောရတော့မလို ဖြစ်နေတာ .... ( မှန်ပါ့ ) လောကကြီးထဲမှာ အကုန် ဒါကံကိုကိုးကွယ်သူများတွေနဲ့ ဆိုယင် ကန့်လန့်ကြီးဖြစ်တော့ မှာဘဲ....(ဖြစ်ပါတယ်)မဖြစ်သေးဘူးလား (ဖြစ်ပါတယ်ဘုရား)။

ကဲ...အခု တရားနည်းနည်း အရည်လည်လာတော့ မောင်သစ်က စဉ်းစား ကံဟာ အနတ္တလား-အတ္တလား .... (အနတ္တပါဘုရား)။

အနတ္တဆိုယင် အားမကိုးနဲ့လို့ ပြောတာလား- အားကိုးလို့ ပြောတာလား....(အားမကိုးနဲ့လို့ ပြောတာပါဘုရား)။

နဂိုရ်က အားကိုးထားလို့ကို အနတ္တလို့ဘုရားကဟောရှာတာ (မှန်ပါ့) အားမကိုးကောင်းတဲ့ ဒီအနတ္တတရားကြီးကို သူက အနိစ္စဆိုလဲ ဟုတ်တာဘဲ၊ ဒုက္ခကော... (ဟုတ်ပါတယ်) အနတ္တကော....(ဟုတ်ပါတယ်ဘုရား)။

အနတ္တဆိုတာ အားကိုးခံနိုင်တဲ့ တရားလား- မခံကောင်းတဲ့ တရားလား .... ( မခံနိုင်တဲ့တရားပါ ) မခံကောင်းတဲ့တရားကို ခင်ဗျားတို့က ဘာလုပ်နေကြသတုံး.... (အားကိုးနေကြပါတယ်ဘုရား)။

ခင်ဗျားတို့က အားကိုးနေတော့ ခက်ပြီ၊ ဦးကျော်မောင်တို့ ဦးမြမောင်တို့.... ခင်ဗျားတို့ကလဲ ကံအမိ ကံအဖဆိုပြီး ဒါဘဲ အားကိုးနေတာဘဲ ဦးဘသန်းကြီးတို့လဲ ဟင်....(မှန်ပါ့)။

ကဲ .. ဘုရားကလဲ သဗ္ဗေဓမ္မာ ဘာတဲ့တုံး... (အနတ္တပါဘုရား) ဒီ စေတနာကလေးကိုလဲ ဘယ်အထဲ သွင်းကြမယ်-(သင်္ခါရက္ခန္ဓာထဲ သွင်းရပါမယ်) သင်္ခါရက္ခန္ဓာက အနတ္တထဲ သွင်းလိုက်.... (မှန်ပါ့)။

ခန္ဓာအားဖြင့် သင်္ခါရက္ခန္ဓာ....(မှန်ပါ့) အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် အနတ္တ....(မှန်ပါ့) ဒီ အနတ္တဆိုတာ အားကိုးခိုင်းတာလား၊ အနတ္တလို့ ရှုခိုင်းတာလား....(အနတ္တလို့ ရှုခိုင်းတာပါဘုရား)အားမကိုးကောင်းတဲ့ တရား၊အားမကိုးကောင်းတဲ့တရား၊

အားမကိုးကောင်းတဲ့ တရားလို့ ရှုရမှာ....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

နို့....ခင်ဗျားတို့က ဘယ့်နှယ်လုပ်နေသတုံး .. (အားကိုးနေပါတယ်ဘုရား) အားကိုးကောင်းတဲ့ တရား၊ အားကိုးကောင်းတဲ့ တရား၊ ခင်ဗျားတို့က ဒီလို လုပ်နေတာ....(မှန်ပါ့)အခုမှ အရည်လည်လာတာ.. (မှန်ပါ့)။

ကဲ....ဦးမြမောင်တို့ ဆရာကောင်း သမားကောင်း မတွေ့ယင် ခက်တော့မယ်ဆိုတာတော့ ဒါ ထင်ပေါ်နေတယ် ...( မှန်ပါ့ ) မပေါ်ကြသေးဘူးလား....(ပေါ်ပါတယ်ဘုရား)။

သွားရမှာတော့ ခင်ဗျားတို့ မြို့ထဲမှာ ဖြစ်စေ....ရွာထဲမှာ ဖြစ်စေ အလုံးစုံအကုန်သွားပြီး မေး မင်းသေယင် ဘာများဖြစ်မလဲ၊ အို ကျုပ် ပြုလုပ်ထားတဲ့ ကိစ္စတွေ ဘယ်သွားမတုံးဗျ....(မှန်ပါ့) ဒါဘဲ ပြောမှာဘဲ....(မှန်ပါ့)ဟင်... (ဒီအတိုင်းပါဘဲဘုရား)။

ငါ လုပ်ထားတာတွေကွာ .... ငါ့ဉစ္စာတွေ နည်းသလား....။ ငါရော .. ငါ့ဉစ္စာရော ရှုပ်နေတယ်၊ မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ ဒါဟာ အနတ္တကို ဘာလုပ်ထားသတုံး.... (အားကိုးထားပါတယ်ဘုရား) အားကိုးထားတယ်ဆိုတာ အနတ္တကို အတ္တလုပ်ထားတယ်....(မှန်ပါ့)သွားပြီ....။

အနတ္တကို....(အတ္တလုပ်ထားပါတယ်ဘုရား) အတ္တ လုပ်ထားတယ်ဆိုတာ အားကိုးပစ်လိုက်တယ် ...(မှန်ပါ့)။

ကဲ... အနတ္တ....အတ္တဖြစ်ခဲ့သော် ဘယ်ကလာ နိဗ္ဗာန်ရတော့မှာတုံး....(မရပါဘုရား) ကဲ....ရေလည်ကြပလား....(ရေလည်ပါပြီဘုရား)။

ရေလည်ပြီတဲ့....၊ အနတ္တကို အတ္တလုပ်ပစ်လိုက်တယ်နော်... ။ ငါ့ဟာကလေး ဘယ်သွားမတုံး....၊ဒါ ငါ့ အားကိုးလုံးတွေပေါ့၊ ငါသွားရာ အရိပ်ပါသလိုလည်းမှာပေါ့၊ နွားသွားရာ နောက်က ဘီးလိုက်သလိုပေါ့... (မှန်ပါ့)မဆိုဘူးလား....(ဆိုပါတယ်ဘုရား) ထင်ကောင်း ထင်ကြမယ်....(ထင်ပါတယ်ဘုရား)။

အဲဒါ မှတ်ထားတဲ့....၊ ခင်ဗျားတို့....နေယျတ္ထဒေသနာလို့.... မှတ်ထားလိုက်စမ်းပါ....( မှန်ပါ့ ) နေယျတ္ထဒေသနာဆိုတာက ရှိလို့ မဟုတ်ဘူး၊ ဆောင်ပြီးတော့ ဟောတာ....(မှန်ပါ့) ရှိလို့ မဟုတ်ဘူး(ဝါ)ဆောင်ပြီးသကာလ ဟောတာ... (မှန်ပါ့)။

ဆောင်ပြီးသကာလ ဟောတယ်ဆိုတာ နားလည်မှု ကြည့် ဟောတာ....ပုဂ္ဂိုလ် စရိုက်ကို... (မှန်ပါ့) နို့မဟုတ် ပြုလုပ်ထား တာတွေက အလကား ဖြစ်သွားတော့မပေါ့ ဆိုတော့ ခင်ဗျား တို့က ဒီလို ဥစ္ဆေဒဒိဋ္ဌိယူလိုက်မှာစိုးလို့.... (မှန်ပါ့)။

ဒါနတွေ ပြုထား, သီလတွေ ဆောက်တည်ထားတာ အလ ကား ဖြစ်နေမှာစိုးလို့ကွာ.... လောကီဥပမာ....ငါ ပြောပါမယ်၊ အဲဒါ စကားဖန်ထိုးတာ မဟုတ်လားဗျ....(မှန်ပါ့)။

တရားသဘော ဟုတ်ကဲ့လား....၊ လောကီဥပမာ....ငါ ပြော ပါမယ်ဆိုတာ စကားဖန်ထိုးတာ မဟုတ်လားဗျာ(မှန်ပါ့)စကား ဖန် ထိုးတယ်ဆိုကတည်းက လူသွားရာ အရိပ်ပါသလိုပေါ့ကွယ် ဆိုတော့ ခင်ဗျားတို့က အဲဒါ အဟုတ်ယူထားတာ....(မှန်ပါ့) စကားဖန်ထိုးတာကို အဟုတ်ယူထားတာ....(မှန်ပါ့)။

စကားဖန်ထိုးတာကို အဟုတ်ယူရမှာလား....( မယူရပါ ) မယူရဘူး၊ သူ့ ဥပမာကလေး ပြတာ....(မှန်ပါ့)။

အဲဒီလိုဘဲဆိုတာ ခင်ဗျားတို့ သိသွယ်အောင်လို့ လူသွားရာ အရိပ်ပါသလို မင်းတို့ ကံလိုက်ပါတယ်လို့ ဟောတာ၊ စင်စစ် ကံက အနုတ္တ....(မှန်ပါ့) မလိုက်နိုင်ဘူး ...(မှန်ပါ့)။

ဒါဖြင့် ဆောင်ဟောတဲ့ ဒေသနာ၊ အခု ဘုန်းကြီး ပြော နေတာက တိုက်ရိုက် ဒေသနာ....( မှန်ပါ့ ) မလိုက်နိုင်ဘူးဗျ... (မှန်ပါ့)အနုတ္တဆိုတာ ဒီနားက ဟိုနားတောင် ရွှေ့လို့ရရဲ့လား (မရပါဘုရား)။

ဒါဖြင့် နေယျတ္ထ,နီတတ္ထ... ဆောင်ဟောတာ တမျိုး, တိုက် ရိုက်ဟောတာ တမျိုး တရားမှာ....(မှန်ပါ့)ခင်ဗျားတို့ ခုမှ ရှင်း တော့မယ်... (မှန်ပါ့)။

တရားမှာ မြတ်စွာဘုရားပင် ဟောလင့်ကစား ပုဂ္ဂိုလ် ငဲ့ဟောတဲ့ တရားတမျိုး....(မှန်ပါ့) ဓမ္မပင်ကိုယ်ရှိတာ ဘုရားက ဟောတဲ့ တရားတမျိုး....(မှန်ပါ့)ဘယ်နှစ်မျိုး ရှိသတုံး....(နှစ်မျိုး ရှိပါတယ်ဘုရား)။

ပုဂ္ဂိုလ် နားလည်မှု ကြည့်ဟောတဲ့ တရားတမျိုး၊ဓမ္မပင်ကိုယ် ရှိကို ဟောတဲ့....(တရားတမျိုးပါဘုရား)။

ဒါဖြင့် တရားက နှစ်မျိုးရှိနေတာ ခင်ဗျားတို့က တမျိုး တည်းချည့် နာထားတော့ တခါတည်း ဒေါင်ချာစိုင်းသွားတာ ဘဲ... (မှန်ပါ့) မပေါ်သေးဘူးလား... (ပေါ်ပါပြီဘုရား) တရား ဘယ်နှစ်မျိုးရှိပါလိမ့်... (နှစ်မျိုးပါဘုရား)။

ဘာတဲ့တုံး... ( ပုဂ္ဂိုလ်ကို ကြည့်ပြီးတော့ ဆောင်ဟောတဲ့ တရားတမျိုးပါဘုရား) တရားကို တိုက်ရိုက်ဟောတာ....(တမျိုး ပါဘုရား)။

အဲ....တရားသဘောအတိုင်း၊ သူ့သဘော ရှိတာကလေးကို သာ ပြောတာ၊ အပိုတလုံးမှ မပါဘူး၊ သူ့သဘောက ဖြစ်တာ ဖြင့် ဖြစ်တယ်၊ ပျက်တာဖြင့် ပျက်တယ်၊ ဒီလိုဟောတဲ့ တရားက တမျိုး ရှိသေးတာကိုး... (မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့က အခု လူသွားရာ အရိပ်ပါမှာဘဲ ဆို တော့ ဆောင်ဟောတယ်၊ ပုဂ္ဂိုလ်ငဲ့ပြီး နားလည်မှု ကြည့်ဟော တဲ့ တရားကို ခင်ဗျားတို့က နားလည်ထားတယ်....(မှန်ပါ့)တိုက် ရိုက်ငင်ကိုယ်သဘောကို နားလည်ထားတာ မဟုတ်ဘူး....(မှန်လှ ပါဘုရား)။

ဦးကျော်မောင် ပေါ်ပလား....(ပေါ်ပါပြီဘုရား) ဘာ နား လည်ထားတာတုံး .... (ဆောင်ဟောတာ နားလည်ထားပါတယ် ဘုရား)။

တိုက်ရိုက်ဟောတာ နားမလည်တော့ ဘယ်သူက အမှန် ယူ ရမှာတုံး--(တိုက်ရိုက်ဟောတာကိုအမှန်ယူရမှာပါ)အဲဒါ ခင်ဗျား တို့ ဥစ္စာက သွယ်ဝိုက်တဲ့ ဥစ္စာကို ဥပမာကလေးပြပြီး သွယ်ဝိုက် ပြီးသကာလ ဆာယာ၀ အနုပါယိနီ....ဟုတ်လား .. (မှန်ပါ့)ဆာ ယာ၀- အရိပ်ကဲ့သို့၊ အနုပါယိနီ- အစဉ်အတိုင်းလိုက်၏ဆိုတော့ ဓမ္မပဒမှာကို ဟောတာဘဲ....ဘုရားက....(မှန်ပါ့)။

စက္ကံ၀ ၀ဟတော ပဒံ... ဟုတ်လား.... ရထားဘီးစက် နောက်က နွား၏ခြေထောက်နောက်လိုက်သလို မင်းတိုက်တွေလဲ လိုက်နေတာပေါ့ကွ .. (မှန်ပါ့)ဆောင်ဟောတာ ဒီဥစ္စာ(မှန်ပါ့) တိုက်ရိုက်ကတော့ မလိုက်ဘူး....(မှန်ပါ့)။

တိုက်ရိုက်ကတော့.... (မလိုက်ပါဘုရား) ရှင်းကြပလား ... (ရှင်းပါပြီ) ခက်လိုက်တာ ခင်ဗျားတို့ဥစ္စာကလဲ ဒီ....တရား

ကလေးတလုံးကိုဘဲ မောင်သစ်... အတော်ပြောရပါလားကွ.... (မှန်ပါ့)။

ကဲ....အခု နှစ်ခုရှင်းသွားပြီနော်....တရားနာတဲ့အခါ ခင်ဗျားတို့ နားဘယ်နှစ်မျိုး ထားရမတုံး.... (နှစ်မျိုးပါဘုရား) ဒါက ပုဂ္ဂိုလ်လိုက်ပြီး ဆောင်ပြီးဟောတဲ့ တရားကလေး (မှန်ပါ့) သူ့ကို ဒီတရားဟောမှ ကျွတ်မှာမို့ ဒီလိုပြောမှ နားလည်မည့် ပုဂ္ဂိုလ်မို့ ဒီလို ဆောင်ပြီးသကာလ ဟောလိုက်ရပါတယ်.... (မှန်ပါ့) ဓမ္မသဘောအစစ်ကိုဟောရမှာကတော့ ပုဂ္ဂိုလ်မကြည့် ပုဂ္ဂိုလ်မငဲ့ဘဲနဲ့ ပင်ကိုယ်သဘောကို ဟောရမည့်တရားကတမျိုး (မှန်ပါ့) ဆောင်ပြီး ဟောရမည့်တရားက- (တမျိုးပါဘုရား)။ အဲဒီတော့ အခုခင်ဗျားတို့ နားလည်ထားတာက ဘာပါလိမ့် (ဆောင်ဟောရမည့် တရားကို နားလည် ထားပါတယ်ဘုရား) ဆောင်ဟောတဲ့တရားကို နားလည်ထားတော့ အမှန်တရားကို နားလည်တယ်... (မှန်ပါ့) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

သွယ်ဝိုက်ပြီးသကာလ ဟောတဲ့ တရားကို နားလည်ထားတယ်....(မှန်ပါ့) အမှန်အရှိကို ဟောတဲ့တရားကို .. (နားမလည်ပါဘုရား) နားမလည်ဘူးဆိုတာ ပေါ်ကြပလား .. (ပေါ်ပါပြီဘုရား)။

အဲဒီတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခုနင်က ရဟန်းက ကံ-ဘဲအားကိုးရဘော့မှာဘဲ၊ သူက ငါလဲမဟုတ်ဘူးတဲ့ ကံဆိုတာ အနတ္တာဘဲ (မှန်ပါ့)။

ကံဟာ အနတ္တာဘဲမဟုတ်လား.... (မှန်ပါ့) အဲဒါ ငါလဲ မဟုတ်ပါဘူးတဲ့၊ ငါမဟုတ်သဖြင့် သူပြုထားတော့ အဲဒီငါမ

ဟုတ်သဖြင့် ပြုထားတဲ့ကံက ပြုထားတာကို သူ့ကိုဘဲ အားကိုး ရတော့မှာဘဲ… တဲ့….(မှန်ပါ့)။

ဟော ခင်ဗျားတို့နဲ့တန်းနေတယ်… (မှန်ပါ့)"အနတ္တကတာနိ ကမ္မာနိ ကမ္မတ္တာနံ" အနတ္တကတာနိ- ငါမဟုတ်သဖြင့် ပြုအပ် ကုန်သော၊ ကမ္မာနိ-ကုသိုလ်ကံ အကုသိုလ်ကံတို့သည်၊ ကမ္မတ္တာနံ- ကံသာလျှင် မိမိဥစ္စာအဖြစ်သို့၊ ဖုသန္တိ-ရောက်က်ရတော့မှာဘဲတဲ့- (မှန်ပါ့) ကံဘဲ ငါ့ဥစ္စာလုပ်ရတော့မှာဘဲ၊ အကုန် အနတ္တဖြစ် ကုန်ပြီ၊ ဒီ….ကံကလေးတခုဘဲ သူ….အတ္တယူထားတယ်(မှန်ပါ့) သွားရောပေါ့ဗျာ၊ မသွားသေးဘူးလား….(သွားပါတယ်ဘုရား) အလုံးစုံ အနတ္တ ဟောပါလျက်သားနဲ့ သူက ကံကလေးဘာ ယူထားသတုံး….(အတ္တယူထားပါတယ်ဘုရား) ခင်ဗျားတို့ကော (ဒီအတိုင်းပါဘဲဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်ရောက်ပါ့မလား…. (မရောက်ပါ ဘုရား) မရောက်နိုင်ဘူး၊ အနတ္တမှ မမြင်တော့ဘဲကိုး…. (မှန်ပါ့ ဘုရား)။

အနတ္တဉာဏ်မှ ဒါကလေး ခွဲခြားကျန်နေရစ်တယ်….(မှန်ပါ့ ဘုရား) မကျန်ရစ်ဘူးလား…. (ကျန်ရစ်ခဲ့ပါတယ်ဘုရား)။

ဒီ့ပြင် နေရာက အနတ္တရှုလို့ရတယ်၊ ကံ ကျလာလို့ရှိယင် ခင်ဗျားတို့ ရှုလို့မရဘူး….(မှန်ပါ့)။

ဒါ….ဘယ်သွားမတုံးကွ၊ ဘယ်ပျောက်မတုံးကွ၊ ငါ….လုပ် ထားတာကလေးကွ၊ ငါ့ဥစ္စာတွေကွ… အစရှိသည်နဲ့ မောင်သစ် ရေ…. ပရိယာယ်တွေက တခါတည်း အတ္တ အတ္တနိယတွေမများ ဘူးလား….(များပါတယ်ဘုရား)။

အတ္တက ငါ၊ အတ္တနိယက ငါ့ဥစ္စာ....(မှန်ပါ့) ဒါတွေကဝင် ရှုပ်လာတယ်....(ရှုပ်ပါတယ်ဘုရား)။

အဲဒီတော့ ခုနင်က ရဟန်းကလဲ ဒါဘဲအားကိုးရတော့မှာဘဲ အလုံးစုံ အနတ္တဆိုလို့ရှိယင် ဈာံဟာ ငါမဟုတ်ဘူး၊ ငါမဟုတ် သဖြင့် သူပြုထားတာတဲ့....(မှန်ပါ့)။

အဲဒီ့ ငါမဟုတ်သဖြင့် ပြုလုပ်တဲ့ ဒီကာံကိုဘဲ ငါ....အားကိုး ရတော့မှာဘဲဆိုတော့ ဘုရားက တရားပွဲထဲမှာဘဲ သူဖေါက်ပြန် သွားတာသိတယ်....(မှန်ပါ့)။

ဖေါက်ပြန်ပြီတဲ့၊ အနတ္တကို ငါဟောထားပါလျက်သားနဲ့ သဗ္ဗေဓမ္မာ အနတ္တာလို့ ငါဟောထားပါလျက်သားနဲ့ သင်္ခါရေ အနတ္တာလို့ ဟောပါလျက်သားနဲ့ ဒီရဟန်းဘော့ဖေါက်နေပြီတဲ့ (မှန်ပါ့) သိတယ်၊ တရားပွဲထဲမှာ ဘော့ဖေါက်နေပြီ၊သိတယ်.... (မှန်ပါ့) ကာံအားကိုးတော့မှာကိုး.... (မှန်ပါ့)။

အကုန် အနတ္တချည့် ဘုရားကဟောနေပြီ... တဲ့၊ အဲဒီတော့ ငါတော့ ကာံကလေး အတ္တလုပ်ပြီး အားကိုးမှာဘဲဆိုတော့ ဒါ- ခင်ဗျားတို့အခု ဒီလူတွေ အကုန်ပါသွားတာဘဲ....(မှန်ပါ့)မပါ သေးဘူးလား....(ပါပါတယ်ဘုရား)။

အင်း.... ဦးကျော်မောင်ကြီးကော.... သေခါနီး ဒါကလေး စွဲလိုက်မယ်လို့ စိတ်ကူးသေးသလား၊ ဒါကလေးစွဲလိုက်မယ်လို့ စိတ်ကူးသလား....(ကူးပါတယ်ဘုရား) အေး....သွားပြီ၊ နောက် ဘယ်တော့မှမကူးနဲ့၊ ဒီဖြစ်ပျက်ကိုသာ နှလုံးသွင်း.... (မှန်ပါ့) အနတ္တဉာဏ်နဲ့သေပေး....(မှန်ပါ့) ဖြစ်ပျက် မြင်တဲ့ဉာဏ်နဲ့သေ ပေး.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဖြစ်ပျက်မြင်တဲ့ဉာဏ်နဲ့ သေလိုက်တော့ ဟိုဟာတွေ အား ကိုးသေးရဲ့လား.... (မကိုးပါဘုရား) အားကိုးယင် ဥပါဒါန် ဖြစ်မှာကိုး....(မှန်ပါ့ဘုရား)အားကိုးယင် (ဥပါဒါန်ဖြစ်ပါတယ် ဘုရား) ကဲ....ပေါ်ပလား.... (ပေါ်ပါပြီ) ကဲ... ဥပါဒါန်နဲ့ ဟောတော့ ပိုရှင်းတယ်.... (မှန်ပါ့) ခုနင်က ရဟန်းကတော့ ကံအားကိုးရတော့မှာဘဲဆိုပြီး ကံကို ဥပါဒါန်လုပ်တော့တယ် (မှန်ပါ့) သဘောပါပလား... (ပါပါပြီ)။

ကံ- ဒါနဲ့ဘဲ...တဲ့ ဘုရားက သိတယ်၊ ငါမဟုတ်သဖြင့် ပြု ထားတဲ့ ကံကလေးရှိသားဘဲ၊ ကံလဲအနတ္တဘဲ၊ အနတ္တကလေး ဟာ ငါလဲမဟုတ်ပါဘူး၊ သူကပြုထားတဲ့ အကျိုးပေးကလေး ရှိသားဘဲ၊ အဲဒါကလေး အားကိုးမယ်၊ ဒီကံတွာလေးဘဲ ငါအား ကိုးမယ်၊ မဟုတ်ဘူးလား....(မှန်ပါ့)။

ဒီတော့ ဘုရားက ဩော်... ဘယ်ဟာမှအားမကိုးကောင်းဘူး ဆိုပါလျက်သားနဲ့ ကံကလေး အားကိုးနေပြန်ပြီ၊ ဘုရားက သဗ္ဗညုတဉာဏ်နဲ့ သူကြည့်လိုက်တော့ပေါ်လာတယ်(မှန်ပါ့)။

ဟော့... ငါတရေးပွဲထဲမှာ ခုနင်က သံဃာငါးရာထဲမှာ ငါ့.... တရားပွဲထဲမှာတဲ့ မသိတဲ့ပုဂ္ဂိုလ် အဝိဇ္ဇာ ဦးစီးနေတဲ့ ပုဂ္ဂိုလ် တဏှာ ကြီးစိုးနေတဲ့ ပုဂ္ဂိုလ်တယောက် ပါနေတယ်ကွ....တဲ့ ဘုရားက ဟောပြီ.... (မှန်ပါ့) ကံအားကိုးမလို့တဲ့... (မှန်ပါ့) ဟော....စွပ်စွဲပြီ... (မှန်ပါ့)ကံအနတ္တကြီးဟာ ဘယ့်နှယ်ကြောင့် သူ့အားကိုးမတုံး၊ မဟုတ်ဘူးလား (မှန်ပါ့)။

တနည်း ကျုပ်တို့ ဝိပဿနာဉာဏ်နဲ့လဲ ကြည့်လိုက် ဘာတဲ့ တုံး....(အနတ္တပါဘုရား) အနတ္တလေ သင်္ခါရေ အနတ္တကိုး ... (မှန်ပါ့) သင်္ခါရတရား မဟုတ်လား....(မှန်ပါ့) သင်္ခါရက္ခန္ဓာ

မဟုတ်လား၊ သူ့ဘာဆိုကြမယ်....(အနတ္တပါဘုရား) အနတ္တဘဲ၊ အနတ္တဆိုတာ အားကိုးကြဆိုတာလား၊ မကိုးနဲ့ ဆိုတာလား.... (မကိုးနဲ့ ဆိုတာပါဘုရား) ကဲ....ခုနင်က ရဟန်းက ဘာတဲ့.... (အားကိုးပါတယ်ဘုရား) အားကိုးထားတော့ ခုနင်က ရဟန်း ထဲမှာ ခင်ဗျားတို့ ပါသွားတယ်....(မှန်ပါ)။

ပါသွားတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါ့.... တရားပွဲထဲမှာဟော့....တဲ့ အဝိဇ္ဇာဦးစီးနေတဲ့ပုဂ္ဂိုလ်ပါတယ်၊ မသိ လဲမသိရှာဘူး၊ ပညာလဲမရှိဘူးဟ....တဲ့....(မှန်ပါ)။

အဝိဇ္ဇာကလဲ ဦးစီးနေသေးတယ်၊ တဏှာကလဲ ကြီးစိုးနေ သေးတယ်၊ မြတ်စွာဘုရား ဟောတော်မူတဲ့တရားကို သူ ရှုပြီး သကာလသွားပြီ....တဲ့ အနတ္တဖြစ်တဲ့ တရားကို အားကိုးတော့ ဆိုတဲ့ အဓိပ္ပါယ်ရောက်အောင် သူယူသွားတယ်တဲ့.... (မှန်ပါ) မဟုတ်ဘူးလား ..(ဟုတ်ပါတယ်ဘုရား) ခင်ဗျားတို့ကော ဘယ် ရောက်သွားသတုံး-- (အဲဒီ့အတိုင်း ရောက်သွားပါတယ်ဘုရား) ဟာ... နာလိုက်ဘာဗျာ .. (မှန်ပါ)။

နောက်က တဏှာမကြီးတွေ သတိထားပါ....၊ တသက်မှာ ဒီတခါဘဲ ကြားရမယ်....(မှန်ပါ)လွယ်ကို မလွယ်ဘူး....(မှန်ပါ) ဦးစံဖေကြီး တသက်မှ တခါကြားရမယ်၊ ခင်ဗျားတို့ဟာ တခါ တည်း အားကိုးထားတဲ့ လူတွေ .. (မှန်ပါ)။

ဘယ်တော့မှ ဒီ အဓိပ္ပါယ်ကိုလဲ မကြံမိဘူး....( မကြံမိပါ ) ဒါ အနတ္တဘဲလို့ ကြံမိရဲ့လား .. (မကြံမိပါဘုရား)။

မကြံမိဘူး၊ ဒါ အားကိုးတုံးဘဲ....(မှန်ပါ; ကိုယ့်စေတနာ ကိုယ်အားကိုးရတာပေါ့ဗျ...၊ စေတနာကောင်း ခေါင်းဘယ်ရွှေ့ မတုံး .. (မှန်ပါ)။

အံမာလေး... လာလိုက်တဲ့ ဖြစ်ခြင်းမှ မနေပြောပါနဲ့တော့ ဟင်-၊ သူက ဖြစ်ပျက်... ဖြစ်ပျက်နဲ့ ခင်ဗျားတို့ လုပ်ဆဲမှာကို ချုပ်ချုပ်သွားတော့ အားကိုးများ ခံသေးသလား....(မခံပါဘုရား)။

အဲဒါက နိတတ္တဒေဿနာ တိုက်ရိုက်ဟောလိုက်တော့ ဘယ်မှာ သူ့ အားကိုးစရာကို ရှိသေးရဲ့လား....(မရှိပါဘုရား) အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ဓမ္မဒီပါ ဘိက္ခဝေ ဝိဟရထ ဓမ္မသရဏာ" ဆိုတော့ သူ့ကိုရှုတဲ့ မဂ္ဂင်အားကိုးပြောတာ ခင်ဗျားတို့က ဟိုအကြောင်းကို သွားအားကိုးနေပြီ၊ သူ့ကိုရှုတဲ့ မဂ္ဂင်ကို အားကိုးရမှာ .... (မှန်ပါ့ဘုရား)။

ကဲ... လွဲမနေဘူးလား....(လွဲနေပါတယ်ဘုရား) ခင်ဗျားတို့က ဟို ပျက်တတ်တဲ့ တရားသွားအားကိုးနေတယ် (မှန်ပါ့ဘုရား)။

ဒါဖြင့် နာရီပျက် ဝယ်ကိုင်သလို ဖြစ်နေမှာပေါ့၊ သုံးလို့လဲ မဖြစ်နဲ့၊ မဟုတ်ဘူးလား .... ( မှန်ပါ့ ) အပျက်ကိုအားကိုးလို့ ဘာများ အသုံးချလို့ ရသေးသတုံး(အသုံးချလို့မရပါဘုရား)။

အဲ....ခင်ဗျားတို့က ဘာ အားကိုးနေသတုံး .... (အပျက်ကို အားကိုးနေပါတယ်) မောင်သစ် ခက်ပြီကွ၊ မခက်ဘူးလား .... (ခက်ပါတယ်) ဦးကျော်မောင် ခက်ပြီ .... ( မှန်ပါ့ )သူအနတ္တ အားကိုးနေတယ်... (မှန်ပါ့ဘုရား)။

အနတ္တဒေသနာသည် အားမကိုးကောင်းတာ အားကိုးနေကြသောကြောင့် အားကိုးဖျက်တဲ့တရား....(မှန်ပါ့) အဲဒါဟောတဲ့ ဥစ္စာ ခင်ဗျားတို့က ဒီ"သဗ္ဗေဓမ္မာ အနတ္တာ"ဆိုတဲ့ သင်္ခါရက္ခန္ဓာ အနတ္တကြီးကို စေတနာ အနတ္တကြီးကို ခင်ဗျားတို့က တခါတည်း

လိပ်ကန်းဆွဲ- ကြက်ကန်းဆွဲ....(မှန်ပါ့) မလွှတ်တမ်းအား၊ ကိုးထား တော့ ခက်သွားတာပေါ့ဗျာ....( မှန်ပါ့ ) မခက်သေးဘူးလား ( ခက်ပါတယ်ဘုရား ) အဲဒီတွင် ဘုရားက ဒီရဟန်းတွေ အထဲ မှာတဲ့.... ဘေ့ဖေါက်တဲ့ရဟန်း တပါးပါနေတော့ .... ဘယ်ဟာ မှအားမကိုးနဲ့၊ ဓမ္မဒီပါဆိုတဲ့အတိုင်း မဂ္ဂင်ဓမ္မသာရှုတဲ့ မဂ္ဂင် ဓမ္မ သူကသာလျှင် နိဗ္ဗာန်ဆောင်မှာကိုးဗျ....(မှန်ပါ့) ဟိုဟာက မဆောင်ဘူး....(မှန်ပါ့) ရှုတဲ့ဓမ္မက ဆောင်တယ်လို့ ငါဟော နေပါလျက်သားနဲ့ သူက ကံဓမ္မကို ငါ့ဥစ္စာလုပ်နေပြန်ပြီ၊ အဲဒီ မှာ သံသရာ့ပြင်ဘက် မထွက်ချင်တဲ့ ပုဂ္ဂိုလ်ဘဲလို့ ဘုရားက စွဲချက်တင်လိုက်တယ် ...(မှန်ပါ့ဘုရား) ပုဏ္ဏမသုတ်မှာ (မှန်ပါ့ ဘုရား) မနာဘူးလား ... (နာပါတယ်ဘုရား)။

အဝိဒ္ဒါ အဝိဇ္ဇာဂတော တဏှာဓိပန္နတယောနှ
စေတသာ သတ္ထုသာသနံ အတိခ္ခာဝိကတွံမညေ .. ။

ငါက ဘယ်ဟာမှ အားမကိုးနဲ့ ဆိုတာ သူက ငါမဟုတ် သဖြင့် ပူထားဘယ်၊ ဒါဟာ ငါလဲမဟုတ်ပါဘူးတဲ့၊ အဲဒီငါမ ဟုတ်တာကလေး အားကိုးမယ်ဆိုပြီး စေတနာကလေး သူ အား ကိုးတယ်တဲ့....(မှန်ပါ့)။

စေတနာ ငါကော ဟုတ်ကဲ့သား ... ( မဟုတ်ပါဘုရား ) အဲဒီ ငါ မဟုတ်တဲ့ စေတနာကလေး သူ အားကိုးမယ်တဲ့ .. (မှန်ပါ့)။

ဒါကလေးဟာလဲ ငါတော့ မဟုတ်ဘူးဆိုလို့ရှိယင် အနတ္တ ဖြစ်သွားတယ်၊ အနတ္တဖြစ်ကတည်းက ဓမ္မ ရှာတွေ့သေးရဲ့လား (မတွေ့ပါဘုရား) မတွေ့ ဘယ်ဟာအားကိုးမလဲ ... (အားကိုးစ ရာမရှိပါဘုရား)။

အားကိုးစရာ မရှိပေမဲ့ သူက စေတနာကလေးဟာ အနတ္တဘဲတဲ့၊ အဲဒီ အနတ္တကလေးဟာ ငါမဟုတ်ဘူးတဲ့၊ အဲဒီငါမဟုတ်လို့ သူ့အားကိုးမယ်တဲ့....(မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ ခင်ဗျားတို့နဲ့ သွားတူနေပြီ..(မှန်ပါ့) ဟင်.... ဦးကျော်မောင် မတူဘူးလား.... (တူပါတယ်ဘုရား) ပေါ်ကျပလား... (ပေါ်ပါပြီဘုရား)။

ဪ... ဒါဖြင့် ဆရာကောင်း သမားကောင်း မတွေ့လို့ရှိယင် ဦးမြမောင်.... သွားပြီ.... (ဒီအတိုင်း သွားမှာပါဘုရား) အားမကိုးကောင်းတာ အားကိုးတယ်... (မှန်ပါ့)။

ဦးကျော်မောင် ဘာတဲ့တုံး.... (အားမကိုးကောင်းတာ အားကိုးပါတယ်ဘုရား)။

အားမကိုးကောင်းတာလို့ ဆိုတဲ့ဥစ္စာက ပင်ကိုယ်က အားမကိုးကောင်းတာလား၊ ဟုတ်လား....(မှန်ပါ့)။

အားကိုးထားလို့ အားမကိုးကောင်းတာ- အားကိုးစရာကိုမရှိတာကို အားကိုးတာလားလို့ တခါကြည့်လိုက်ဦး.... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ....(အားကိုးစရာမရှိတာကိုအားကိုးထားပါတယ်ဘုရား)။

သိပ်လွဲနေပြီကောဗျ.... (မှန်ပါ့)ဟင်.... အားကိုးစရာ မရှိတဲ့အနတ္တကို အားကိုးထားတော့ ဪ.... အားကိုးကောင်းလို့အားကိုးတာလဲမဟုတ်ဘူး၊ အားကိုးစရာမရှိဘဲနဲ့ အားကိုးလိုက်တဲ့တရားဆိုတော့ ခင်ဗျားတို့ ကိုယ်ကျိုးနည်းတာပေါ့ (မှန်ပါ့ဘုရား) မနည်းသေးဘူးလား.... (နည်းပါတယ် ဘုရား)။

အဲဒီတွင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီအထဲမှာကွာ....ဘေ့ဖေါက်တဲ့ရဟန်းတပါးပါနေတယ်တဲ့ ငါကအလုံးစုံအနတ္တဟောလိုက်တော့ သူ့မှာ ဘယ်ဟာမှအားကိုးရာမရှိဘူးတဲ့၊ အဲဒီတော့ ငါမဟုတ်သဖြင့် ပြုထားတဲ့ ကံကလေးရှိတယ်၊ဒီကံကလေးကို ငါအားကိုးရတော့မှာဘဲဆိုပြီး သူဘေ့ဖေါက်ပြီတဲ့... ။

အဲဒါ ဘေ့ဖေါက်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်လို ပုဂ္ဂိုလ်ကုံး....လို့ ငါ... သဗ္ဗညုတဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ အဝိဇ္ဇါ ပညာက မပါဘူးတဲ့၊ အဝိဇ္ဇာဂတော· အဝိဇ္ဇာက ဦးစီးတယ်တဲ့၊ (မှန်ပါ့) အဝိဇ္ဇာဦးစီးလို့ သူ....အနတ္တစစ် မမြင်တော့ဘူး.... (မှန်ပါ့) တဏှာကလဲ ဘုံဘဝမှ မထွက်ချင်ဘူးတဲ့.... (မှန်ပါ့)။

ဒီ....စေတနာကလေးကမှ အကျိုးပေးမှာကိုး၊ အကျိုးပေးတော့ အကျိုးပေးတဲ့ဘုံဘဝက ထွက်ချင်သေးရဲ့လား....(မထွက်ချင်ပါဘုရား)။

အဲဒီတော့ သူ့မှာ ပညာကမရှိ၊ အဝိဇ္ဇာက ဦးစီးတယ်၊ အဝိဇ္ဇါ· အဝိဇ္ဇာက မသိမှုဖြစ်နေကာယ်၊ တဏှာက ကြီးစိုးနေတဲ့ အတွက်တဲ့ ဘုံဘဝက မထွက်ချင်တဲ့ သဘောနဲ့ သူ... မရှိတာ အားကိုးနေပြန်တယ်.... (မှန်ပါ့) ပေါ်ပလား.... ( ပေါ်ပါပြီဘုရား)။

ဘာ အားကိုးနေသလဲ....(မရှိတဲ့တရား အားကိုးနေပါတယ်ဘုရား)။

မရှိတာ အားကိုးလို့ရှိယင်လဲ ခင်ဗျားတို့ကိုယ်တိုင် စဉ်းစားကြည့်ပါ၊ ဝေဘူလတောင်မှာ ကျောက်ကောင်းကြီးတွေရှိကယ်၊ ကျုပ်တို့တော့ ဒါ... အားကိုးနေတာဘဲဆိုယင်တော့ ကိုယ့်လက်

ထဲလဲ တပြားမှမရှိဘူး၊ မြင်လဲမမြင်ဘူးဘူး၊ ဘာနဲ့ဝယ်စားကြမလဲ.... (မှန်ပါ့) ဟင်.... (မရှိတာ အားကိုးနေတဲ့ အဓိပ္ပါယ် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ပြောသံကြားဘဲ....(မှန်ပါ့) ရှိကော ရှိရဲ့လား.... ( မရှိပါဘုရား )။

အဲဒီတော့ ခင်ဗျားတို့ကလဲ အနတ္တဆိုတာဟာ အထည်ကိုယ် ရှိရဲ့လား....(မရှိပါဘုရား)။

မရှိတာကို ခင်ဗျားတို့က ဘာတုံး.... ( အားကိုးနေပါတယ် ဘုရား)။

ကျုပ်တို့လဲ ဒီစေတနာကလေး အားကိုးနေတာပေါ့၊ ဘယ်တုံးက ပြုထားတာတုံး၊ အို....သား ၁၆-နှစ်တုန်းကလေဗျာ.... (မှန်ပါ့)။

သမီးကလေးက အဲဒီအခါတုန်းက ၁၄-နှစ်လောက် ရှိသေးတယ်၊ သူ့နားဖေါက် သားရှင်ပြုပေါ့၊ အဲဒီ့ဥစ္စာကို ကျုပ်ရှိစုမဲ့စု အကုန်စုပြီးသကာလ တကယ့်စေတနာကောင်းနဲ့ လုပ်လိုက်တာ၊ ဒါ....ဘယ်သွားမတုံးဗျ....(မှန်ပါ့)။

ဒါတွေကခိုင်တယ်- မြဲတယ်ဆိုပြီး သူ့ဘဲ အားကိုးနေတယ် ( မှန်ပါ့ဘုရား ) မယူဘူးလား.... ယူမလား.... (ယူပါတယ် ဘုရား)။

ယူလို့ရှိယင် ဒီစေတနာက ဘာတရားတုံး....ပင်ကိုယ်သဘောက.... (အနတ္တတရားပါဘုရား)။

အဲဒီတော့ အနတ္တတရားဆိုတာ အားကိုးခံနိုင်တဲ့တရားလား မခံနိုင်တဲ့တရားလား....(မခံနိုင်တဲ့တရားပါဘုရား)။

မခံနိုင်တဲ့တရားကို ဦးမြမောင်က ဘာလုပ်နေသတုံး.... တွေးတိုင်း တွေးတိုင်း သူ့ချည်းအားကိုးနေတယ်.... (မှန်ပါ့ဘုရား) ဆိုတော့ ခင်ဗျားတို့က အနတ္တ- အတ္တလုပ်လို့ရှိယင် ဒါဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တားပြီး.... (မှန်ပါ့) မတားသေးဘူးလား.... (တားပါတယ်ဘုရား)။

အနတ္တကို အတ္တထင်ယင် .... (မဂ်ဉာဏ် ဖိုလ်ဉာဏ်တားပါတယ်ဘုရား)။

အဲဒီတော့ "သင်္ခါရေ အတ္တတော သမနုပဿတိ" ဆိုတာ ဒါ....ဒိဋ္ဌိဆိုတာ.... (မှန်ပါ) သင်္ခါရေ- စေတနာဆိုတဲ့ သင်္ခါရတရားကို၊ အတ္တတော- ငါဟူ၍၊ သမနုပဿတိ- ရှု၏၊ သဘောကျပလား (ကျပါပြီ)။

ရှုလိုက်တော့ သင်္ခါရတရားကို ငါရယ်လို့ ရှုလိုက်တဲ့အခါ ကျလို့ရှိယင်ဖြင့် ဒါ....အတ္တဒိဋ္ဌိဖြစ်သွားပြီတဲ့၊ အတ္တဒိဋ္ဌိဖြစ်ယင် ဒိဋ္ဌုပါဒါန် ဖြစ်သွားပြီ....(မှန်ပါ့)။

ဒါဖြင့် ဒါ ဒိဋ္ဌိ၊ ဒါ ဒိဋ္ဌုပါဒါန်၊ ဒါ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံ ဆိုတော့ ဘယ်တော့ နိဗ္ဗာန်ရောက်မှာတုံး .( မရောက်နိုင်ပါ ) ဒီ ဇာတိ ဇရာ မရဏဘဲ သွားမှာဘဲ၊ မသွားသေးဘူးလား.... (သွားပါတယ်ဘုရား)။

ဒါက အတ္တဒိဋ္ဌိ၊ ဒါက ဒိဋ္ဌုပါဒါန်၊ဒါက ဥပါဒါနပစ္စယာ ကမ္မဘဝေါဆိုတော့ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံဖြစ်သွားတယ် ...(မှန်ပါ့) ဥပါဒါန် အုပ်ချုပ်ဘဲ့ ကံနော်....(မှန်ပါ့) မဖြစ်သေးဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ဒီကဒိဋ္ဌိ၊ ဒိဋ္ဌိနဲ့ ဒိဋ္ဌုပါဒါန်ဆိုတာ အကြီးနဲ့ အသေးဘဲ .... (မှန်ပါ)အကြီးနဲ့ အသေးဆိုတော့ သူက အုပ်ချုပ်တဲ့ကံဆိုတော့ ဒိဋ္ဌိဦးစီးမနေဘူးလား....(စီးနေပါတယ်ဘုရား)။

ကမ္မဘဝပစ္စယာ = သေသည်၏ အခြားမဲ့၌...( ဇာတိပါ ) ဇာတိ၊ ကဲ....ခင်ဗျားတို့ အားမကိုးကောင်းတာ အားကိုးနေလို့ ဇာတိရတယ်....(မှန်ပါ) ရှင်းကြပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အားမကိုးကောင်းတာကို အားကိုးတဲ့အတွက် ဘာရ သတုံး....(ဇာတိရပါတယ်)သူများပြောလား၊ခင်ဗျားတို့အမြင်ဘဲ လား.... အကဲခတ်ပါဦး....(တပည့်တော်တို့အမြင်ပါဘုရား)။

ကမ္မဘဝဆိုတာ စေတနာဘဲဗျ၊ ဒီဘဝပြုတာဘဲ မဟုတ်လား (မှန်ပါ) ဒီမှာကြည့်လေ၊ ပစ္စုပ္ပန်ဘဝတဲ့၊မပါဘူးလား...(မှန်ပါ ဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဆက်ဟော တယ်ကွာ....တဲ့၊ မင်းတို့ ဒီရဟာန်း ဘွေဖေါက်နေပြီတဲ့၊ ကံကို သူ အတ္တလုပ်ထားပြီတဲ့.... ( မှန်ပါ ) ဦးကျော်မောင် ဘာတဲ့.... (ကံကိုအတ္တလုပ်ထားပါတယ်ဘုရား)။

ကံကို အတ္တလုပ်ထားပြီတဲ့၊ သူ အဝိဇ္ဇာဦးစီးနေတယ်ဆိုတာ၊ ဦးစီးတော့တာပေါ့ဗျ ကံအနတ္တ သူမမြင်တော့ဘူး....( မှန်ပါ ) အဝိဇ္ဇာ ဦးစီးလို့ပေါ့....(မှန်ပါ) ဟုတ်လား-ပညာကော ရှိသေး ရဲ့လား .. (မရှိပါဘုရား)။

ပညာမရှိ အဝိဇ္ဇာဦးစီး၊ တဏှာက ကြီးစိုးနေတယ်တဲ့ .... (မှန်ပါ) ဘုံဘဝလွှတ်သွားမှာ သူစိုးရိမ်တယ်... (မှန်ပါဘုရား)။

အဲဒီတော့ကို "သတ္တုသာသနံ အတိဓာဝိတဗ္ဗံ" ငါဘုရားသာသနာတော်၊ ငါဘုရား အဆုံးအမလွန်ထွက်သွားပြီကွ...တဲ့၊ မှားပြီ... ( မှန်ပါ ) အားမကိုးပါနဲ့ဆိုတာ အားကိုးတယ်.... (မှန်ပါဘုရား)။

ကဲ....ခင်ဗျားတို့ ဘုရားသာသနာတော် လွန်သွားပြီ၊ အဆုံးအမလွန်သွားပြီတဲ့....(မှန်ပါ)ကဲ... ခင်ဗျားတို့ လုပ်နေတာ ကိုက်သေးရဲ့လား .... (မကိုက်ပါ)ဘုရားကိုယ်တိုင်က ဖေါ်ပြောပြီ.... (မှန်ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးကတော့ဖြင့် အခု ဒီလာပြီး မှီခိုနေကြတဲ့အတွက် အမှန်ပြောပေးရမယ်နော်....( မှန်ပါ )ကမ္မဿကတဉာဏ်နဲ့ လုပ်လို့ရှိယင် ဘယ်တော့မှ အတ္တဒိဋ္ဌိမပြုတ် ... (မှန်ပါဘုရား)။

ကံ-ကံ၏အကျိုး ယုံကြည်ပြီးတော့လုပ်တဲ့ အလှူ, ဒါန, သီလတွေဟာ မှတ်ထားပါ၊ ဘယ်အခါကာလမှ ဒိဋ္ဌိမပြုတ်ဘူး.... (မှန်ပါ) အဲဒီတော့ နိဗ္ဗာန်မရောက်ဘူး... (မှန်ပါ) ဟုတ်လား၊ သစ္စာမြင်ပြီးတော့ လုပ်တဲ့အလုပ်မှ နိဗ္ဗာန်ရောက်မယ်.... (မှန်ပါဘုရား)။

ဒါကြောင့် တနေ့က ခင်ဗျားတို့ သင်္ကန်းကလေးတစုံ အရှင်ဘုရား လှူပရစေဆိုတော့ မလှူနဲ့ဦးလို့....(မှန်ပါ) တကာကြီးကို ပြန်ပေးလိုက်တယ်....( ပြောပါတယ်ဘုရား ) သစ္စာမြင်အောင်ဟောဦးမယ်၊ မြင်ပြီးတော့ ခင်ဗျားတို့ ရှူကြဦးမှာကိုး....(မှန်ပါ) ရှုတော့မှ အဲဒီ ဒုက္ခသစ္စာကြီးမှ တပည့်တော်မလိုချင်-မရချင်လို့ လှူပါ၏ဆိုမှ ဘုန်းကြီးကလက်ခံမယ်... (မှန်ပါ)ဒီကံကောင်းချင်လို့တော့ ကျုပ်က လက်မခံချင်ဘူး ...(မှန်ပါဘုရား)။

ကံကောင်းချင်လို့ရှိယင် ငါ ဒါအားကိုးဆိုလို့ရှိယင် ဒိဋ္ဌိသွားဖြစ်ဦးမယ်... ( မှန်ပါ့ ) ကမ္မဿကတဉာဏ်နဲ့ လှူလိုက်လို့ရှိယင် ဒိဋ္ဌိမကွာဘူး....(မှန်ပါ့)ကွာရဲ့လား.... (မကွာပါဘုရား)။

မကွာလို့ရှိယင် ဇာတိ·မလာသေးဘူးလား .... (လာမှာပါဘုရား)။

ဟို ဒုက္ခသစ္စာမြင်တာကတော့ ဝိပဿနာဉာဏ် ဦးမစီးဘူးလား....(မှန်ပါ့) မဂ်ဦးစီးတယ်....( မှန်ပါ့ ) အဲ....မဂ်နဲ့ပါတဲ့စေတနာက လှူလိုက်တဲ့အခါ ဒီဒုက္ခဝဋ်ကိုမရချင်လို့တပည့်တော်လှူပါတယ်ဘုရားလို့ လှူလိုက်တဲ့ အခါကျတော့ ဒုက္ခသစ္စာသိလှူသောကြောင့် ဒုက္ခသစ္စာကိုလဲ သိတယ် .... ( မှန်ပါ့ )သိပြီးဒုက္ခသစ္စာကို မရချင်လို့ဆိုတော့ နိရောဓကိုသာ သူရချင်တယ်ဆိုတဲ့ အဓိပ္ပါယ်က ပါသွားပြီ....(မှန်ပါ့)ဒုက္ခသစ္စာကိုကိုယ်တိုင်မြင်တာကိုး....(မှန်ပါ့ဘုရား)။

အဲဒီလို ကိုယ်တိုင်မြင်ပြီးတော့မှ လှူလိုက်တဲ့အခါကျတော့ကံအမိ·ကံအဖနဲ့ လှူတာမဟုတ်ဘူး....(မှန်ပါ့)ဉာဏ်အမိ ဉာဏ်အဖနဲ့လှူတာ....(မှန်ပါ့)မကွာဘူးလား (ကွာပါတယ်ရာရား)။

ဒါဖြင့် ဉာဏ်အမိ- ဉာဏ်အဖဦးစီး လှူလိုက်တဲ့ အခါကျတော့ကို ဒီမှာ ဒုက္ခချုပ်ပြီး ဒီမှာမဂ်ရတယ်....(မှန်ပါ့) ဒီဘက်ကဟာတွေ အကုန်သေတယ်... (မှန်ပါ့ဘုရား)။

ကံအမိ-ကံအဖဦးစီးလိုက်တော့ ကမ္မဘဝပစ္စယာ .... (ဇာတိပါဘုရား) ဒီလိုသွားတာကိုးဗျ .... ( မှန်ပါ့ ) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါကြောင့် ဦးမြမောင်က ဘုန်းကြီးနဲ့လဲ တွေ့စဖြစ်နေလို့ ဘယ့်နှယ် ဘုန်းကြီးပါလိမ့်မလဲလို့ အောက်မေ့မှာလဲ စိုးရသေးတယ်....(မအောက်မေ့ပါဘုရား) မအောက်မေ့နဲ့၊ အကျိုးကြီးသထက် ကြီးအောင်လို့....(မှန်ပါ့ဘုရား)။

အဲ... ဦးမာဒင် လာလှူလို့ရှိယင်လဲ ခံတာမဟုတ်သေးဘူး.... (မှန်ပါ့)ကဲ....ခင်ဗျားတို့ မလာခဲ့နဲ့ဦး၊ ဟိုကိုသာလုပ်ဦး၊ အလုပ်ကို....(မှန်ပါ့) အဲဒီဒုက္ခမြင်အောင် လုပ်ပါဦး၊ ဒီဒုက္ခမြင်တော့မှ ဒီဒုက္ခကျွတ်ချင်ပလား၊ ဩော် .... ဒီဒုက္ခကျွတ်ချင်တယ် ဆိုတဲ့ ဉာဏ်နဲ့မှလာခဲ့၊ ဒီလိုလုပ်ရတယ်....(မှန်ပါ့ဘုရား)။

အဲ... ရော့- အင့် ဆိုယင်တော့ အလှူယ်ကလေးပေါ့ဗျာ .... (မှန်ပါ့) ဟုတ်မှ မဟုတ်ဘဲ....( မှန်ပါ့ ) ကမ္မဿကတဉာဏ်သွားဖြစ်နေတယ်.... ( မှန်ပါ့ ) အခုဟာက သစ္စာနုလောမိကဉာဏ် (မှန်ပါ့ဘုရား) မကွာဘူးလား....(ကွာပါတယ်ဘုရား)။

ကမ္မဿကတဉာဏ်ဆိုတာက ဒိဋ္ဌိမကွာပါဘူး....( မှန်ပါ့ ) သစ္စာနုလောမိကဉာဏ်က... (ဒိဋ္ဌိကွာပါတယ်ဘုရား)။

ဖြစ်ပျက် မဂ်၊ ဒီမဂ်ထဲပါတဲ့ စေတနာနဲ့ လုပ်မှာကိုး .... (မှန်ပါ့) ဟောဒီဒုက္ခကြီးကို ကျွတ်ချင် လွတ်ချင်လို့ လှူပါတယ်ဘုရား....(မှန်ပါ့)။

ဒီလိုဆိုတော့ သူက သစ္စာနုလောမိကဉာဏ်နဲ့ လှူတာကိုး.... (မှန်ပါ့)ဟိုဟာက ဘာတဲ့.... (ကမ္မဿကတဉာဏ်နဲ့ လှူပါတယ်ဘုရား)။

ကမ္မဿကတဉာဏ်နဲ့လှူတော့ ဒိဋ္ဌိမကွာ....( မှန်ပါ့ )သစ္စာနုလောမိကဉာဏ်နဲ့ လှူလိုက်တော့....(ဒိဋ္ဌိကွာပါတယ် ဘုရား)

ဒိဋ္ဌိကွာလို့ရှိယင် နိဗ္ဗာန်ရောက်တယ်.... ( မှန်ပါ ) ဒိဋ္ဌိမကွာလို့ ရှိယင် သုဂတိသာရောက်တယ်....(မှန်ပါဘုရား)။

သုဂတိသာရောက်တယ်၊ နိဗ္ဗာန်မရောက်ဘူးဆိုတော့ ခြားနားတယ်....(မိုးနဲ့မြေကြီးလောက် ကွာပါတယ်ဘုရား၊ အများကြီး ကွာပါတယ်) ပေါ်ကြာလား....(ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် ခုနင်က ရဟန်းကိုဘဲ အားကိုးမှားရှာပေါ့....လို့ ဆိုပြီး ဘုရားက ကံဘဲ သူ အားကိုးတော့မယ်တဲ့၊ အဲ....ဘယ်ဟာမှ အားမကိုးရဘူးဆိုတော့ မျောက်သစ်ကိုင်းလွတ် ဖြစ်သွားတာ ပေါ့ဗျ....(မှန်ပါ)။

ခန္ဓာငါးပါး ဘယ်ဟာမှ အားမကိုးရဘူးဆိုတော့ အလုံးစုံ ငါလူတို့....တဲ့၊ သူက ရဟန်းတွေ ခေါ်ပြောတယ်၊ ရုပ်လဲ အနတ္တ တဲ့....ဘုရားက ဟောနေတယ်၊ ဝေဒနာ အနတ္တ၊ သညာအနတ္တ၊ သင်္ခါရ အနတ္တ၊ ဝိညာဏ် အနတ္တဆိုတော့ ငါတို့ ဘာအားကိုး ရမှန်း မသိဘူးတဲ့....(မှန်ပါ) သူကတောင် အပေါ်ညွှတ်လိုက်သေး တယ်....(မှန်ပါ)။

အဲဒီတော့ ငါတော့ဖြင့်တဲ့....ငါ မဟုတ်သာဖြင့် ကံ ငါမဟုတ် ဘူးတဲ့၊ ငါ မဟုတ်သဖြင့် ပြုထားတဲ့ ကံက အကျိုးပေးကလေး ဘဲ အားကိုးရတော့မှာဘဲတဲ့... (မှန်ပါ)။

ဒီလိုဆိုတော့ အကျိုးပေး အားကိုးကတည်းက ကံ အားကိုး မကျဘူးလား....(ကျပါတယ်ဘုရား)။

အဲ....အဲဒီ အားကိုးကျလို့ ဘုရားက အခု ဒါလဲ ဆုံးဖြတ် ချက်ချရော ဘုရားက အခု ဟောနေတာ တရားဟောပါလွှင်ပေါ်

က-နေပြီး ငါ့ထဲ အရှုံးတယောက် ပါနေပြီ ...(မှန်ပါ့) ပညာမရှိတဲ့ အရှုံးတယောက် ပါနေပြီကွ... ၊ အလုံးစုံ အားမကိုးကောင်းပါဘူး ဆိုတဲ့ ဥစ္စာကို တခုတည်း ကွက်ပြီး ကံကို အတ္တ ယူထားတယ်....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

ဘာယူထားသတုံး....( ကံကို အတ္တယူထားပါတယ်ဘုရား ) ကံကို အတ္တယူထားပြီကွ... တဲ့၊ ဒီပုဂ္ဂိုလ်က ပညာမရှိဘူးကွ....တဲ့၊ အဝိဇ္ဇာဦးစီးတယ်တဲ့၊ တဏှာက ကြီးစိုးနေတယ်ကွ .. တဲ့--(မှန်ပါ့ဘုရား)။

အဲဒီတော့ ငါဘုရား သာသနာတော် ကျော်လွန်ခုန်လွှားသွားပြီ....(မှန်ပါ့) ငါဘုရား အဆုံးအမကို ကျော်ပြီးသွားတယ်တဲ့....(မှန်ပါ့)။

ကျော်သွားတာက ဘာမှ အားမကိုးရဘူးဆိုတာ ဒါကလေး အားကိုးမယ်ဆိုတော့ ကျော်လွှားသွားတဲ့အဓိပ္ပါယ် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲ....ဒါကြောင့်တဲ့ ငါ သေသေချာချာ ဟောမယ် နားထောင်ကြဆိုပြီးတော့ ဆက်ဟောသွားဘယ်....( မှန်ပါ့ )ဆက်ဟောတော့ ဘာဟောသတုံးဆိုတော့ ဒီ သင်္ခါရဟာ အတိတ်က အနာဂတ်က ပစ္စုပ္ပန်က အကုန် ဖြစ်ခဲ့ဘာဘဲ....(မှန်ပါ့) အဲဒါတွေကို အကုန်'နေတံမမ၊ နေသောဟမသ္မိ၊န မေသော အတ္တာ' ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးလို့ ရှုကွ( မှန်ပါ့ )တခါတည်း အကုန်ဖျက်ချတယ်... (မှန်ပါ့)။

အတိတ်က ဖြစ်ခဲ့တဲ့ စေတနာဖြစ်ဖြစ်,ပစ္စုပ္ပန်ဖြစ်တဲ့ စေတနာဖြစ်ဖြစ်,အနာဂတ်ပေါ်လတံ့ စေတနာဖြစ်ဖြစ် အလုံးစုံ ငါ့ကိုယ်

ငါ့ဟာ ငါ့ဥစ္စာ မဟုတ်တာချည့်ဘဲ....ရှုကြပေါ့....ဆိုပြီး တရားပွဲထဲ အရှုခိုင်းတယ်....(မှန်ပါ့)။

ရှုခိုင်းတဲ့ အခါကျမှ သူနဲ့ အတူဘက္ကု သံဃာတော်ငါးရာရော ဒီ ဖေါက်ပြန်နေတဲ့ ကိုယ်တော်ပါ အနတ္တဥာဏ်တွေ အကုန်ပေါက်ပြီး အနတ္တမြင် အနတ္တမှန်းပြီး အနတ္တဆုံးတဲ့နိဗ္ဗာန်ရောက်တယ်....(မှန်ပါ့)။

နို့ မဟုတ်ယင် သူ ဒိဋ္ဌိထဲ ကျန်နေရစ်တော့မလို့....ဘုရားက ဖေါ်ပြီး ဟောယူရတယ်....(မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု .. သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော် မူသော
( သောတာပန် ဖြစ်ကြောင်း နှစ်ပါး )

# ညအလုပ်ပေး- တရားတော်

( ၁၀ - ၉ - ၆၂ )

နိဗ္ဗာန်ဆိုတာ မှတ်ထားရမယ်တဲ့....တကာတကာမတို့၊ နိဗ္ဗာန်ဆိုတာ ဒုက္ခဟူသ၍ ဘာမှ မရှိရာလို့....မှတ်ထားရမယ်....(မှန်လှပါဘုရား)။

နိဗ္ဗာန်ဆိုတာသည် ရုပ်ဒုက္ခလဲ မရှိဘူး၊နာမ်ဒုက္ခလဲ မရှိဘူး....(မှန်ပါ့) ရုပ်နာမ်က ဒုက္ခသစ္စာ။ အဲဒီ ဒုက္ခသစ္စာ မရှိတာကို နိဗ္ဗာန်လို့ ခေါ်တယ်....(မှန်ပါ့)။

ဒီ ဒုက္ခတွေ ဉာဏ်နဲ့ ကြည့်လိုက်တဲ့ အခါမှာ ဘာမှ မတွေ့တော့ဘူး ဆိုလို့ရှိယင်ဖြင့် ယောဂီပုဂ္ဂိုလ်တို့ အားထုတ်တဲ့ပုဂ္ဂိုလ်များမှာ ဩော်....ဒါ နိဗ္ဗာန်ရောက်တာဘဲလို့ စိတ်ထဲမှာ ဆုံးဖြတ်ချက်ချ၊ မသေခင် ရောက်ပါတယ်....(မှန်ပါ့)။

သေတဲ့အခါကျတော့ ဒီနေရာမှာ ရုပ်နာမ်တွေ ချုပ်ပြီး သကာလ ချမ်းသာသဘောကလေး ဖြစ်နေတာဟာ ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းမှ ရမည့် နိဗ္ဗာန်လို့ မှတ်ထားကြပါ... (မှန်ပါ့)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာသည် ရုပ်နာမ်မရှိတာကိုး၊ ရုပ်နာမ်က ဘာသစ္စာတုံး(ဒုက္ခသစ္စာပါဘုရား)အဲဒီထဲ ပါနေတယ်၊ ၂-နံပါတ်ဟာ ရုပ်နာမ်ဘဲ...( မှန်ပါ့ ) ဒါတွေဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီ့ ဒုက္ခသစ္စာတွေ ချုပ်ငြိမ်း ရုပ်သိမ်းသွားတာကို နိဗ္ဗာန်လို့ မှတ်လိုက်စမ်းပါနော်....(မှန်ပါ့) အဲဒီတော့ ဒုက္ခသစ္စာသာ ချုပ်ငြိမ်း ရုပ်သိမ်းသွားတယ်ဆိုတော့ ဒီနေရာမှာ ဒုက္ခသစ္စာ နေရာမှာ ဒုက္ခမရှိတာတွေ ပေါ်လာတယ်လို့ မှတ်လိုက်စမ်းပါ.... ( မှန်ပါ့ ) ဒုက္ခမရှိတာတွေ ပေါ်လာတာက နိရောဓသစ္စာ.... (မှန်ပါ့ဘုရား)။

၂-နံပါတ်မှာ ရုပ်နာမ်ဒုက္ခတွေ ချုပ်သွားလို့ရှိယင် ဒီနေရာမှာ ရုပ်နာမ်ဒုက္ခ မဟုတ်ဘဲနဲ့ ရုပ်နာမ်တို့၏ မရှိမှု သုခပေါ်လာလို့ရှိယင် ဒါ နိဗ္ဗာန်လို့.... မှတ်လိုက်တာပေါ့.... ( မှန်လှပါဘုရား)။

အဲဒီတော့ အခု ဘုန်းကြီး တရားဟောနေတယ်....၊ တကာတကာမတွေက ချက်ခြင်းကို နိဗ္ဗာန်မြင်ရအောင် ခင်ဗျားတို့.... အားထုတ်ပါလို့...၊ နောက်မှ ရလိမ့်မယ်ဆိုတာ မဟုတ်ဘူး.... (မှန်ပါ့)။

နိဗ္ဗာန်ရခြင်း၏ အကြောင်းက စောစောစီးစီးလဲ မှတ်ထား၊ နိဗ္ဗာန်ရခြင်း၏ အကြောင်းဟာ မိမိနဲ့ လျှောက်ပတ်တဲ့ သစ္စာတရားကို နာရလို့....အဲဒီ သစ္စာကို ခင်ဗျားတို့က ပိုင်ပိုင်နိုင်နိုင် သိလို့ရှိယင် နှလုံးသွင်းမှန်သွားလို့ရှိယင် ကြော်....ဒါ သစ္စာဘဲလို့....ဒုက္ခဖြင့် ဒုက္ခသစ္စာဘဲလို့... နိရောဓဖြင့် နိရောဓသစ္စာဘဲ

လို့... ပိုင်ပိုင်နိုင်နိုင် နှလုံးသွင်းလို့ရှိယင်ဖြင့်တဲ့.... ဒီဘဝ ရတဲ့ ပုဂ္ဂိုလ်လို့ မှတ်ပါ....(မှန်ပါ့)။

ဒါဖြင့် ဒီဘဝ ရမည့် ပုဂ္ဂိုလ်ဟာ နှစ်မျိုးတည်းဘဲ မှတ်ထားပါ။ သစ္စာတရား နာမှုရယ်, သစ္စာကို နှလုံးသွင်း မှန်မှုရယ်၊ ဒီနှစ်ခု ရှိလို့ရှိယင် ခင်ဗျားတို့ ဒီဘဝ နိဗ္ဗာန်ရမယ်....(မှန်လှပါဘုရား)။

နိဗ္ဗာန်ဆိုတာ အဝေးကြီးလို့ နောက်က တကာတကာမတွေ့ မှတ်မနေပါနဲ့....တဲ့၊ ဘယ်လိုမှ မှတ်မနေနဲ့ ဘခါတည်း ပြော်.... သစ္စာတရား နာရလို့ ဒုတိယအကြက်မှာ ပေါ်သ၍ ဒုက္ခသစ္စာ ချည့်ဘဲလို့မှတ်လိုက်စမ်းပါ... (မှန်ပါ့)။

ဒုတိယအကြက်မှာ ပေါ်သ၍...(ဒုက္ခသစ္စာချည့်ပါ ဘုရား) အဲဒီ သစ္စာချည့်ဘဲလို့ သိ၊သစ္စာတရားကို နာရတော့ သစ္စာချည့် ဘဲလို့ သိပြီ...(မှန်ပါ့)။

သိနေတော့ ဒါက ဆရာဘုန်းကြီး ပြောလို့ သိရတဲ့ သစ္စာ· (မှန်လှပါ) နောက်ဘခါ ကိုယ်တိုင် နှလုံးသွင်းလိုက်လို့ နှလုံးသွင်းမှန်မှန်နဲ့ ပေါ်သော ဒုက္ခသစ္စာဘဲလို့ ပိုင်ပိုင်နိုင်နိုင် သိလို့ရှိယင်ဖြင့် ဒါသာဝက ပါရမီ သောတာပန်တည်းဟူ့,သကဒါဂါမ် တည်းဟူ့,အနာဂါမ်တည်းဟူ့,ရဟန္တာဖြစ်ဘို့ ဒီ နှလုံးတည်းပါဘဲ.... (မှန်လှပါဘုရား)။

အဲဒါ ဥပရိပဏ္ဏာသပါဠိ ဒူနတော်မှာလဲ လာပါတယ်တဲ့။ ကဲ.... ဒါဖြင့် ဒုတိယအကြက်မှာ ပေါ်သ၍ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒုတိယအကြက်မှာ ပဋိစ္စသမုပ္ပါဒ်မှာ ကြည့်ပါ တကာတကာမတို့ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ ပေါ်ချင်တာ

ပေါ်၊ ဘာသစ္စာတွေ ပေါ်မယ်ထင်သတုံး.... (ဒုက္ခသစ္စာတွေ ပေါ်ပါတယ်ဘုရား)၊

အဲဒါ နှလုံးသွင်းရလိမ့်မယ်နော်... (မှန်ပါ) အဲဒီ နှလုံးသွင်း လိုက်သည်နဲ့ တပြိုင်နက်တည်း ဒီလို နာထားလို့ သိနေတဲ့ သဘောကလေးကို ကိုယ်က နှလုံးသွင်းလိုက်တဲ့ အခါကျတော့ ဟာ....နာထားတာနဲ့ ကိုယ်နှလုံးသွင်း အမြင်နဲ့ ကိုက်သွားလို့ရှိ ယင် သောတာပန်တည်တယ်....(မှန်ပါ)ဦးဘာသန်းကြီး မှတ်ပါ- (မှန်လှပါ)။

ကိုယ်က နာထားတာက ဒုတိယကွက် ဘာသစ္စာလို့ နာ ထားရသတုံး .... ( ဒုက္ခသစ္စာလို့ နာထားရပါတယ်ဘုရား ) နောက်ကျတော့... ဦးမြမောင်တို့က ဦးကျော်မောင်တို့က ခန္ဓာ ကိုယ်ထဲ လှည့်ပြီး ဆရာဘုန်းကြီးက ဖြစ်ပျက်တွေ အရှုခိုင်း၊ ဖြစ်ပျက်တွေ အရှုခိုင်းလို့ ရှုလိုက်တဲ့အခါကျတော့ ဟုတ်သွား ဘဲ၊ ဆရာဘုန်းကြီး ဟောထားတာနဲ့ ကိုယ် သေသေချာချာရှု ကြည့်တော့လဲ ဖြစ်ဒုက္ခ ပျက်ဒုက္ခတွေဘဲ၊ တခုမှ ဒုက္ခလွတ် တာ ရှိမှမရှိဘဲကိုးလို့ ကိုယ့်နှလုံးသွင်းကလဲ ဆုံးဖြတ်ချက်ချယင် ဖျတ်ဆို သောတာပန်တည်တာဘဲ... (မှန်ပါဘုရား)။

ဒီနေ့ပြောတဲ့တရား အရေးတကြီး ပြောတယ်လို့ တကာ တကာမတွေ မှတ်စမ်းပါ.... (မှန်ပါ) ၂-နံပါတ်ဟာ ဘာသစ္စာ လို့ တရားနာကြရသတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာလို့ နာထားရတယ်၊ ဩော်... ဒါက နာမှုနဲ့သိတဲ့ သစ္စာ....(မှန်ပါ) ကဲ... နှလုံးသွင်းမှုနဲ့သိတဲ့သစ္စာကို ဒီ ၂-နံပါတ် ဆိုတာ တခြားမဟုတ်ဘဲ ဒီခန္ဓာကြီး- ဒို့ရှုနေတဲ့ ဒို့ခန္ဓာကြီး ဆိုတာဘဲလို့မှတ်လိုက်-(မှန်ပါ)ဆိုပြီးသကာလ ဦးကျော်မောင်

တို့.... ဦးမြမောင်တို့က နှလုံးသွင်းလိုက်တာပေါ့ ခန္ဓာလှည့်ပြီးတော့.... (မှန်ပါ့) စိတ်ကိုကြိုက်ယင် စိတ်နှလုံးသွင်းလိုက်တာပေါ့....(မှန်ပါ့)။

ဘယ်စိတ်ကြည့်လိုက် ကြည့်လိုက် မျက်လုံးစိတ် ကြည့်လိုက်ပြန်လဲ ဖြစ်ပျက်ဒုက္ခသစ္စာ၊ နားစိတ်ကြည့်လိုက်ပြန်လဲ... ( မှန်ပါ့ဘုရား ) ဖြစ်ပျက်ဒုက္ခသစ္စာ...( မှန်ပါ့ ) နှာခေါင်းစိတ်ကြည့်လိုက်ပြန်လဲ ဖြစ်ပျက်ဒုက္ခသစ္စာ၊ လျှာပေါ်-ပေါ်တဲ့စိတ်ကလေးကြည့်လိုက်ပြန်တော့ကော....( ဖြစ်ပျက် ဒုက္ခသစ္စာပါဘုရား ) ကိုယ်ပေါ်မှာပေါ်တဲ့ ယားတဲ့ ယံတဲ့ ကောင်းတဲ့ စိတ်ကလေးကြည့်လိုက်ပြန်ခတော့ကော .. (ဖြစ်ပျက်ဒုက္ခသစ္စာပါဘုရား)။

ဝမ်းထဲ လောဘစိတ်ကယ်လို့ သူများက ပြောကြတယ်၊ ကိုယ့်ဉာဏ်နဲ့ ကြည့်လိုက်ပြန်တော့ ဘာတွေ့သတုံး ....(ဖြစ်ပျက်ဒုက္ခသစ္စာပါဘုရား) ဖြစ်တာနဲ့ ပျက်တာဘဲတွေ့တယ်၊ သူများကတော့ လောဘလို့ပြော ကြတယ်... ( မှန်ပါ့ ) ကိုယ့်ဉာဏ်နဲ့ သေသေချာချာ စိုက်ကြည့်လိုက်တဲ့ အခါကျတော့ ဖြစ်ပျက်ဒုက္ခသစ္စာဘဲတွေ့တယ်... (မှန်ပါ့ဘုရား)။

သူများက ဒေါသစိတ်လို့ ပြောတယ်၊ ကိုယ့်ဟာကိုယ်ရှုကြည့်လိုက်တော့ ဘာတွေ့သတုံး .... (ဖြစ်ပျက်ဒုက္ခသစ္စာဘဲတွေ့ပါတယ်ဘုရား)။

ဩော်.... သူများပြောက လောဘ ဒေါသ ပြောကြငြားသော်လဲ ကိုယ်မှာတော့ ငါနာထားတာက ဒုတိယကွက်ထဲပေါ် လေသ၍ ဒုက္ခသစ္စာလို့ ဆိုကဲ့အတိုင်း ခန္ဓာထဲပေါ်သ၍ ဒုတိယကွက်ဟာ ခန္ဓာဘဲ....(မှန်ပါ့) ဒီဒုတိယကွက်ထဲ ကြည့်လိုက်ဘဲ

အခါကျတော့ ဖြစ်ပျက်ဒုက္ခသစ္စာဘဲဆိုတာ ကိုယ့်နှလုံးသွင်းနဲ့ တော့ တည့်နေတာ.. (မှန်ပါ့)။

သူများကတခါ ကုသိုလ်စိတ်ကလေး အနေလာဘစိတ်ကလေး ကုသိုလ်စိတ်လို့ ပြောကြတယ်၊ ဒါ...ကုသိုလ်စိတ်ကွလို့ ပြောကြတာတော့ ကြားဘူးရဲ့၊ ကိုယ့်ဉာဏ်နဲ့ကြည့်တော့ ကုသိုလ်စိတ် တွေ့သလား.... ဖြစ်မှုပျက်မှုတွေ့သလား.... (ဖြစ်မှု ပျက်မှု ဒုက္ခသစ္စာဘဲတွေ့ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် သူများပြောအတည်မပြုနဲ့....(မှန်ပါ့ဘုရား) ကိုယ့်ဉာဏ်ပြောတာကို အတည်ပြု....(မှန်ပါ့) သူများပြောကို (အတည်မပြုပါဘုရား) ကိုယ့်ဉာဏ်ပြောတာကို အတည်ပြုပါ- (မှန်ပါ့)။

ဒါဖြင့် ကုသိုလ်စိတ်ကလေးဟာ ဉာဏ်နဲ့ ကြည့်လိုက်တော့ ဘာတွေ့သတုံး.... (ဖြစ်ပျက် ဒုက္ခသစ္စာဘဲ တွေ့ပါတယ်ဘုရား)

တခါအဒေါသ ဆိုတာကလေးဟာလဲ ကျုပ်တို့ နားလည်မှု နဲ့ပြောတော့ မေတ္တာထားတဲ့စိတ်ကလေး... (မှန်ပါ့)ဒါကလေး ကြည့်လိုက်ပြန်တော့ မေတ္တာလားလို့၊ ဟိုတုန်းကတော့မေတ္တာ လိုလို့နဲ့ ဒီစိတ်ကလေး နောက်စိတ်နဲ့ ပြန်ကြည့်တဲ့အခါ မဂ် ဉာဏ်နဲ့ ပြန်ကြည့်တဲ့အခါကျတော့ ဖြစ်မှုပျက်မှုဘဲတွေ့တယ်.... (မှန်ပါ့ဘုရား) ဒါဖြင့် သူ့ကိုဘာသစ္စာဆိုမလဲ.. (ဒုက္ခသစ္စာပါ ဘုရား)။

သူများပြောတဲ့ ရှုစိတ်ရှိုက်စိတ်ကလေး၊ ရှုတဲ့စိတ်ကလေး တဲ့၊ ရှိုက်တဲ့စိတ်ကလေးတဲ့ပြောကြတယ် ... (မှန်ပါ့) ကိုယ်က ဉာဏ်နဲ့ကြည့်လိုက်တော့ ရှုစိတ်လဲမတွေ့ဘူး ပျောက်သွားတာ

ဘဲ....(မှန်ပါ့) ရှိုက်စိတ်လဲမတွေ့ဘူး.... ( ပျောက်သွားဘာဘဲ တွေ့ပါတယ်ဘုရား) ဘာသစ္စာတွေ့သလဲ.... (ဒုက္ခသစ္စာ တွေ့ပါ တယ်ဘုရား)။

အဲ....ဆရာဘုန်းကြီးကလဲ ၂-နံပါတ်အကွက် ဘာသစ္စာသို့ ဟောထားသတုံး.... (ဒုက္ခသစ္စာလို့ ဟောထားပါတယ်ဘုရား) ခင်ဗျားတို့ဉာဏ်နဲ့ကြည့်လိုက်တော့လဲ ၂-နံပါတ်ထဲမှာ ပေါ်တဲ့ စိတ်တွေဟာ ကိုယ့်သန္တာန် ပေါ်တဲ့စိတ်ချည်းဘဲ(မှန်ပါ့)ဒါတွေ ကြည့်လိုက်ပြန်တော့လဲ ဘာတွေတွေ့သလဲ.... (ဒုက္ခသစ္စာတွေ တွေ့ပါတယ်ဘုရား)။

ဒါဖြင့် ဆရာဟောနဲ့ ကိုယ့်နှလုံးသွင်းနဲ့ ကိုက်သွားတဲ့အ ချိန်မှာ သောတာပန်တည်လိမ့်မယ်....(မှန်ပါ့)။

ဆရာပြောထားတဲ့တရားနဲ့ ကိုယ့်နှလုံးသွင်းနဲ့ ကိုက်သွား တဲ့အချိန်မှာ.... (သောတာပန် တည်မှာပါဘုရား)။

ကဲ .. ဦးကျော်မောင် သေသေချာချာ သမ္မာဒိဋ္ဌိနဲ့ သမ္မာ ဒိဋ္ဌိဖြစ်ခြင်းအကြောင်း (ဝါ) သောတာပတ္တိမဂ် ဖြစ်ခြင်းအ ကြောင်း ဘယ်နှစ်ကြောင်း ရှိပါလိမ့်မလဲလို့ ရှင်မဟာကောဋ္ဌိက ကမေးလို့ ရှင်သာရိပုတ္တရာလဲ နှစ်ပါးရှိပါတယ်ကွာတဲ့၊ ဒုတိယ အကွက် သစ္စာတရား နာထားရမယ်ကွ၊ ဒုက္ခသစ္စာလို့ နာမှု ရှိရမယ်တဲ့၊ နောင်ကိုယ်တိုင် နှလုံးသွင်းတဲ့အခါကျတော့ ကိုယ့် ဉာဏ်ထဲမှာလဲ ဒါ....ဒုက္ခသစ္စာ ဟုတ်သားဘဲလို့ ဟောထား တာနဲ့ ကိုယ့်အမြင်နဲ့ ကိုက်သွားတဲ့ဘနေမှာ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ် သွားသောကြောင့် (ဝါ) သောတာပတ္တိမဂ် ဖြစ်သောကြောင့် သောတာပန်တည်တဲ့နေ့လို့ မှတ်ရမယ်ဘဲ....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ဒီတရားဘယ်ကလာသတုံးလို့ မေးတဲ့အခါကျတော့ မှတ့် မူလပဏ္ဏာသပါဠိတော်မှာ ရှင်ကောဋ္ဌိက-ကမေးလို့ အရှင်သာရိပုတ္တရာက သောတာပန်ဖြစ်ခြင်း၏အကြောင်း သမ္မာဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း ဘယ်နှစ်ကြောင်း ရှိသတုံးလို့ မေးတဲ့အခါကျတော့မှ ကွာ....တဲ့ ဒုတိယကွက်ကို သစ္စာရယ်လို့ ဟောတတ်တဲ့ဆရာနဲ့ တွေ့ရမယ်ကွ....(မှန်ပါ့)ခင်ဗျားတို့မှာ....ခင်ဗျားတို့မှာ (မှန်ပါ့)။

ဒုတိယအကွက်ကို သစ္စာရယ်လို့ ဟောတတ်တဲ့ဆရာနဲ့တွေ့ရမယ်ကွတဲ့၊ တွေ့တော့ မင်းတို့က ဒီအတွေ့ကိုဘဲ အသာထား၊ ပြီးတော့ ကိုယ့်နေရာ ကိုယ့်ဌာနကျတဲ့အခါကျတော့ ဒုတိယကွက်ထဲမှာပါတဲ့ သတိပဋ္ဌာန်လေးပါး တပါးပါးကိုနှလုံးသွင်းလိုက်၊ နှလုံးသွင်းလိုက်တဲ့အခါကျတော့ ဒုက္ခသစ္စာချည့် တွေ့တဲ့အချိန်မှာ ဉာဏ်ထဲဘာမှ သံသယ ဝိစိကိစ္ဆာဒိဋ္ဌိမရောဘဲနဲ့ ဟုတ်သားဘဲဒါတွေဟာ ဖြစ်ပျက်ဒုက္ခသစ္စာတွေဘဲလို့ ဆုံးဖြတ်ချက်အမှန်ကျတဲ့အချိန်မှာသမ္မာဒိဋ္ဌိဖြစ်တယ်.... (ဝါ) သောတာပန်တည်ဘယ်....(မှန်ပါ့)။

မှတ်ကြစမ်းပါ နောက်က တကာတကာမတွေ ၁-နံပါတ်က ဒုတိယကွက်မှာ ဘာသစ္စာလို့ နာဘူးထားရမတုံး (ဒုက္ခသစ္စာလို့ နာဘူးထားရပါမယ်ဘုရား) နာဘူးထားရမယ်.... (မှန်ပါ့ဘုရား)။

နာဘူးထားရမယ် မောင်သစ်ရ.. ဒါမှမနာဘူးယင်လဲ မဖြစ်ဘူး....(မှန်ပါ့)။

နောက်ကျတဲ့အခါကျတော့ ကိုယ့်နေရာ ကိုယ့်ကမ္မဋ္ဌာန်းကျောင်းထဲ၌ နှလုံးသွင်းလိုက်တဲ့အခါမှာ ဩြော်.... ဟောထား

တာနဲ့ ကိုယ့်ဉာဏ်ထဲ နှလုံးသွင်းကြည့်လိုက်တဲ့အခါကျတော့ အမြင်နဲ့ ကိုက်တယ်....(မှန်ပါ့)။

ကိုက်သွားတဲ့နေ့ဟာ သောတာပန် တည်ပါတယ်၊ ဒုက္ခချုပ်တယ်....(မှန်ပါ့)။

ဒုက္ခသစ္စာမြင်ပြီး ဒုက္ခချုပ်တ ၚ်.... (မှန်ပါ့) ဒုက္ခချုပ်လို့ရှိယင်ဖြင့် ဒါ ခန္ဓာနိရောဓော နိဗ္ဗာနံ ခန္ဓာချုပ်လို့ နိဗ္ဗာန်ဖြစ်တယ်၊ ဒုတိယအကွက်မှာ....(မှန်ပါ့ဘုရား) ကဲ....ဦးမြမောင် ကျေနပ်ပလား ...(ကျေနပ်ပါပြီ)။

လုပ်ဖြစ်အောင်လုပ်ပါ မလျှော့ကြနဲ့လို့ သတိပေးလိုက်တယ် (မှန်ပါ့)။

မလျှော့ကြနဲ့၊ နောက်က တကာတကာမတွေလဲ မလျှော့ကြနဲ့လို့ သတိပေးလိုက်ပါတယ်၊ ဒါဟာ သိပ်အဘိုးတန်တဲ့ စကားနှစ်ခွန်း အရှင်သာရိပုတ္တရာဖြေတာ....(မှန်ပါ့)။

ကဲ့ာ .. တဲ့ ငါရှင်းပြပါမယ်.... ငါဟာ တသင်္ချေနဲ့ ကမ္ဘာ တသိန်း လကျ်ာရံကြီးဖြစ်ဘို့ ပါရမီတွေ ဖြည့်လိုက်ရတာ.... (မှန်ပါ့)။

"ယေခမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ နိရောဓေါ၊ ဧဝံ ဝါဒီ မဟာ သမဏော"

ဆိုတဲ့ဥစ္စာ ရှင်အဿဇိက အကြောင်းသမုဒယရှိယင်အကျိုးဒုက္ခဖြစ်တယ်လို့မှ သစ္စာနှစ်ပါး မဟောလိုက်လို့ရှိယင် ငါဟာ.... သောတာပန်မတည်ဘူးတဲ့.... ( မှန်ပါ့ ) ရှင်သာရိပုတ္တရာကြီး အရှင် သာရိပုတ္တရာကြီး....( မှန်ပါ့ဘုရား ) သူကိုယ်တိုင်မတည်ဘူး....။

ပြီးတော့မှ ဒီဟာကို သူနာလဲနာရ နှလုံးသွင်းလိုက်တော့ ချက်ခြင်း သောတာပန်တည်တယ်....(မှန်ပါ) ဘုရားနဲ့တည်တာ မဟုတ်ဘူးသူက၊ အရှင်အဿဇိနဲ့ တည်တာကိုးဗျ....(မှန်လှပါ ဘုရား)။

အဿဇိရဟန်း....တဲ့ ပဥ္စဝဂ္ဂီ ငါးဦးထဲက.... (မှန်လှပါ ဘုရား)။

အဲဒီတော့ ဘယ်ပုဂ္ဂိုလ်မဆိုကွာ .. တဲ့ ဒုတိယကွက် ဒုက္ခသစ္စာလို့ သိအောင် နာထားမှ သိပ်အရေးကြီးတယ်....(မှန်ပါ ဘုရား)။

နောင်ကျတော့ ကိုယ်တိုင် နှလုံးသွင်းလိုက်တဲ့အခါ ဒုတိယအကွက်ဆိုတာလဲ တခြားဆိုတာမဟုတ်ပါဘူး ခန္ဓာဆိုနေတာ... (မှန်ပါ)။

ဒီခန္ဓာထဲ နှလုံးသွင်းလိုက်တဲ့အခါကျတော့ စိတ်ကြိုက် စိတ်ရှု ဝေဒနာကြိုက် ဝေဒနာရှု၊ ရှုချင်တာရှု.... ဖြစ်ပျက်ဘဲတွေ့မယ် (မှန်လှပါဘုရား) ဖြစ်ပျက်ဟာ ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါ ဘုရား)။

အဲ....ဆရာဘုန်းကြီး ဟောထားတာနဲ့ ဒုတိယကွက် ဒုက္ခသစ္စာ လို့ ဟောထားတာနဲ့ ကိုယ့်ခန္ဓာကြီးကလဲ ဒုတိယအကွက်ကြီးကိုး....(မှန်ပါ)။

ဒီမှာနှလုံးသွင်းလိုက်တဲ့ အခါကျတော့ ဟုတ်သားဘဲလို့လဲ ဆုံးဖြတ်ချက် ချပါရော.... ဒုက္ခချုပ်တယ်.... ( မှန်လှပါ ဘုရား)။

ဒုတိယကွက်တွေချုပ်တယ်၊ ချုပ်သွားတော့ ခန္ဓာတွေချုပ်သွားတာ မြင်လိုက်ရတယ် .. (မှန်ပါ) ခန္ဓာချုပ်သွားတော့ဒုက္ခသစ္စာချုပ်သွားတော့ ဟာ... အသေလွတ်တဲ့နေရာ ရှိသေးတာဘဲ ဆိုတာ တခါဘည်း ပြောလာဘယ်....(မှန်ပါ) ကိုယ့်ဉာဏ်က ကိုယ့်ပြောတယ်....(မှန်ပါ)။

ကိုယ့်ဉာဏ်က ကိုယ်ပြောလာတဲ့အခါကျတော့မှဦးမြမောင်တို့၊ ဦးကျော်မောင်တို့ နိဗ္ဗာန်မျက်မှောက် ပြုတယ်လို့မှတ်လိုက် ( မှန်ပါဘုရား )။

ဒါဖြင့် ချုပ်သည်တိုင်အောင် လိုက်ရမယ်.... (မှန်ပါဘုရား) အားထုတ်ဘဲ့ ပုဂ္ဂိုလ်များ ချုပ်သည် တိုင်အောင် လိုက်ရလိမ့်မယ်လို့ မှတ်ထားပါ .. ( မှန်ပါ ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

တသချို့ ကမ္မာတသိန်း ပါရမီဖြည့်ထားတာတောင် ဒုတိယ အကွက်ကို ဒုက္ခသစ္စာလို့ ဟောသံ့ပြောသံ မကြားဘူးလို့ ရှိယင် မရဘူး.... ( မှန်ပါ ) သောတာပန်, သကဒါဂါမိ, အနာဂါမိ, ရဟန္တာ ဖြစ်ကို မဖြစ်နိုင်ဘူး....(မှန်ပါဘုရား)။

ဖြစ်နိုင်တာ နှစ်ယောက်တည်း ရှိတယ်ဟော့...၊ သဘောကျပလား....(မှန်ပါ) မနာရဘဲနဲ့ နှစ်ယောက်တည်း ရှိတယ်ဟော့၊ ပစ္စေကဗုဒ္ဓါနဲ့ ဘုရားဘဲ....( မှန်ပါ ) ဒီနှစ်ယောက်ဘဲရှိတယ်.... (မှန်ပါဘုရား)။

ကျန်တာတွေကတော့ ဒုတိယကွက် ဒုက္ခသစ္စာ နာရပြီး ခန္ဓာကိုယ် ဒုတိယအကွက်ကြီးကို ရှုသိုက်ဘဲ့အခါ ဒုက္ခသစ္စာအစစ်

ဘဲလို့ ဆုံးဖြတ်ချက်ချ နှလုံးသွင်းမှန်မှသာလျှင် အရိယာဖြစ်နိုင်ပါတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အရိယာဖြစ်ခြင်း၏ အကြောင်း ဘယ်နှစ်ကြောင်းဆိုတာ ယနေ့ရိပ်မိသွားပြီ... (ရိပ်မိပါပြီဘုရား)။

ဒုတိယအကွက်ကို ဒုက္ခသစ္စာလို့ နာဘူးခြင်း ရှိရမှာက ၁-နံပါတ်....(မှန်ပါ့ဘုရား)။

မိမိခန္ဓာကိုယ် ဒုတိယအကွက်ထဲထားပြီး သကာလ နှလုံးသွင်းလိုက်တဲ့အခါကျတော့ ဩော် ဆရာဟောနဲ့ ကိုယ့်ဉာဏ်ပြောနဲ့ ကိုက်ပါလားလို့ ဆုံးဖြတ်ချက် ချလိုက်လို့ ရှိယင်ပြီးသွားတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တိုတိုမှတ်ကြဆိုတော့ ဒုတိယအကွက် ဒုက္ခသစ္စာလို့ နာမှုနော်....(မှန်ပါ) မိမိကိုယ်တိုင် ဒုတိယအကွက် ခန္ဓာကိုယ်ကြီးကို နှလုံးသွင်းတဲ့အခါ ဒုက္ခသစ္စာအဟုတ်သားဘဲလို့ ဆုံးဖြတ်ချက်ချမှု....(မှန်ပါ့ဘုရား)။

ဒါဖြင့် နာမှုနဲ့ ကိုယ့်ဉာဏ်နှလုံးသွင်းနဲ့ ဆုံးဖြတ်ချက်ချမှုနှစ်ခုရှိယင်ပြီးရော—( မှန်ပါ ) ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

ဒါ သောတာပန်တည်နိုင်တာဘဲ၊ အပါယ်လေးပါး တံခါးပိတ်၊ အကုသိုလ်ကြွေးတွေကုန်လို့ မဖြစ်ကောင်းတဲ့ခြောက်ဌာနမဖြစ်ဘဲနဲ့ အထက်တက်ပြီးသကာလ နိဗ္ဗာန်ဘဲ ကူးတော့တာဘဲ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဒီတကာတကာမတွေ တရားများများရှာမနေနဲ့တော့ ဒုတိယအကွက် ဒုက္ခသစ္စာလို့ ဆရာဘုန်းကြီး ဟောထားပြီ

ဆိုတာ ဦးကျောင်မောင်တို့၊ ဦးမြမောင်တို့ ကြားပြီးပြီ.... (မှန်ပါ ဘုရား)ကြည့်- ဒုတိယအကွက်ထဲမှာပါတဲ့ တရား ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ) ဘယ်ကာလတုံး... (ပစ္စုပ္ပန်ကာလပါဘုရား)။

ပစ္စုပ္ပန်ကာလလဲ ဟုတ်နေပြီ၊ဒုက္ခသစ္စာလို့လဲ ဉာဏ်ထဲကလဲ အခုဟောလို့ သိရပြီ၊ ကိုယ့်နှလုံးသွင်းကလေးက 'ဟုတ်ပါ့လား' ကလေး တလုံးဘဲကျန်တော့တယ်... (မှန်ပါ့ဘုရား)။

ကိုယ့်နှလုံးသွင်းက ဘာတဲ့တုံး .... (ဟုတ်ပါ့လား ဆိုတာ တလုံးဘဲ ကျန်ပါတော့တယ်ဘုရား)။

ဒါဘဲ ကျန်တော့တယ်၊ ဘုန်းကြီးအတွက်က ပြီးပြီ၊ ခင်ဗျား တို့ အတွက်က ဟုတ်ပါ့လား ဆိုတာကလေး ဆုံးဖြတ်ချက်ချ ဘို့လေး လုပ်လိုက်ကြပါ....(မှန်ပါ့) ဆုံးဖြတ်ချက်ချနိုင်တဲ့ အခြေ အနေရောက်အောင် လုပ်လိုက်ပါ....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်တော့ ရှေးဦးစွာ တွေ့မှာဘဲ....( မှန်ပါ့ ) အခု ဦးမြ မောင်တို့ တွေ့ကြပြီးပြီ....(တွေ့ပါပြီဘုရား)။

တွေ့ပြီတဲ့ မြင်စိတ်ကလေး ကြည့်လိုက်လဲ တော်တော်ကြာ မရှိပြန်ဘူး၊ ဖြစ်ပြီး ပျက်သွားပြီဟော့၊ကြားစိတ်ကလေးကကော (ဒီအတိုင်းပါဘဲဘုရား) ဖြစ်ပြီးပျက်တာဘဲ .. (မှန်ပါ့) ဘာသစ္စာ တုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါ အခုတော့ဖြင့် . တဲ့၊ ဉာဏ်က မရင့်သေးတော့ ဒုက္ခ သစ္စာတော့ ဒုက္ခသစ္စာဘဲ၊ ကိုယ့်အထဲမှာ လှိုက်လှိုက်လှဲလှဲ မချ သေးဘူး....(မှန်ပါ့) လှိုက်လှိုက်လှဲလှဲ မချသေးဘူး၊ ကိလေသာ မြူတွေက နည်းနည်းလွှမ်းနေသေးတယ်....(မှန်ပါ့ဘုရား)။

အဲဒီ ကိလေသာ မြူတွေက ချုပ်ပျောက်သွားတဲ့ တနေ့ ကျတော့ ဉာဏ်ကရဲရဲတင်းတင်း ဆုံးဖြတ်ချက်ချတယ်....(မှန်ပါ ဘုရား)။

ဉာဏ်က ရဲရဲတင်းတင်း ဒုက္ခအစစ်ဘဲလို့ ဆုံးဖြတ်ချက်ချ ယင် ဒုတိယ အကွက်ထဲမှာရှိတဲ့ ဒုက္ခကို အကုန်ရှာမတွေ့တော့ ဘူး....(မှန်ပါ့) ရှာမတွေ့တော့ ဒုက္ခချုပ်သွားပြီလို့ မဆိုနိုင်ဘူး လား... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီ ဒုက္ခချုပ်တာ ဘာခေါ်မယ်- (နိဗ္ဗာန်ပါဘုရား)နိဗ္ဗာန် နိရောဓသစ္စာလို့လဲ ဆိုချင်ဆို၊ မြန်မာလိုနိဗ္ဗာန် .... ( မှန်ပါ့ ) ပါဠိလို နိရောဓသစ္စာ။

ဒါဖြင့် ဒုက္ခသစ္စာမရှိလို့ရှိယင်နိရောဓသစ္စာဖြစ်တာကိုမြင်ပါ လိမ့်မယ်၊ မြင်ယင် သောတာပန်တည်ပြီ....( မှန်ပါ့ )သဘောကျ ပလား... (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုရားနဲ့ ပစ္စေကဗုဒ္ဓါချန်လှပ်၊ ကျန်တဲ့ သုံးဆဲ့ တဘုံသားတွေမှာဖြင့် ဒီဒုတိယအကွက် ဒုက္ခသစ္စာလို့ မနာရသေးလျှင်လဲ သောတာပန် တည်မည်မဟုတ်ဘူး....(မှန်ပါ့ ဘုရား)။

ဒုတိယကွက် ခန္ဓာကြီးကို ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်နှလုံး သွင်းလို့ ဒုက္ခသစ္စာလို့ ဆုံးဖြတ်ချက် မချနိုင်သေးလျှင်လဲ သောတာပန် တည်မည်မဟုတ်ဘူး .... ( မှန်ပါ့ ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သောတာပန် တည်ခြင်း၏အကြောင်း၊ သမ္မာဒိဋ္ဌိ ဖြစ်ခြင်း၏အကြောင်း၊ ဦးကျော်မောင်တို့၊ ဦးမြမောင်တို့၊ ဦးဘ သန်းတို့ ဘယ်နှစ်ပါးပါလိမ့်....(နှစ်ပါးပါဘုရား)။

ဒုတိယအကွက်ဟာ ဒုက္ခသစ္စာဘဲလို့ နာမှုသည် ၁-နံပါတ် (မှန်ပါ့)နာ၍ သိမှုသည် ၁-နံပါတ်....( မှန်ပါ့ ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

မိမိနှလုံးသွင်းတဲ့ ဒီဒုတိယကွက်မှာ ပေါ်လေသ၍ ဒုက္ခသစ္စာ ချည့်လို့ ဆုံးဖြတ်ချက်ချမှုသည် ၂-နံပါတ်....(မှန်ပါ့ဘုရား)။

ဒီ ၁-နဲ့ ဒီ ၂-ပြည့်စုံယင်ဖြင့် ခင်ဗျားတို့သောတာပန်တည် မှာဘဲ....(မှန်ပါ့)ဒီ ၁-နဲ့၊ ဒီ ၂-ဘည့်ယင် .... (သောတာပန်တည် မှာပါဘဲဘုရား)။

အဲဒါကြောင့် သံသယမရှိဘဲနဲ့ ဒီပဋိစ္စသမုပ္ပါဒ်ကြီး ခင်းဟော နေတာဆိုတာလဲ ဦးကျော်မောင်တို့ အရေးကြီးလို့ ပြောနေ တာ (မှန်ပါ့) ရှင်းကြပသား .. (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒုက္ခသစ္စာလို့ ဆုံးဖြတ်ချက်ချလိုက်တော့ ဖျတ်ဆို နိရောဓသစ္စာက ဒီနေရာပေါ်လာတယ် .... (မှန်ပါ့ ဘုရား)။

ဒုက္ခတွေလဲ ချုပ်ရော-ဒီနေရာ ဘာတွေပေါ်လာသတုံး.... (နိရောဓသစ္စာပေါ်လာပါတယ်ဘုရား)။

တနေ့က ပြောခဲ့ပါတယ်၊ ကျောက်ဘောင်ကြီးလိုတူးဖန်များ တော့ လိုဏ်ကြီးဖြစ်လာတာသည် လိုဏ်ကြီးနဲ့ ကျောက်တောင် နဲ့ တူရဲ့လား....(မတူပါဘုရား)။

လိုဏ်ကအခေါင်း၊ အခေါင်းက အောင်းစရာရှိတယ်၊ ကျောက် တောင်က အောင်းစရာမရှိဘူး....(မှန်ပါ့ဘုရား)။

ကျောက်တောင်က အောင်းစရာမရှိဘူး၊ တူးဘဲ့ပုဂ္ဂိုလ် တူး ထားလို့ရတဲ့ လိုဏ်ကြီးသာ အောင်းစရာ,ခိုစရာ,ကာကွယ်စရာ

ဖြစ်သလို ဒုက္ခသစ္စာကြီးက ကျောက်တောင်ကြီးနဲ့ တူတယ်.... ( မှန်ပါ ) ပျောက်သွားတော့ ခိုစရာ အောင်းစရာ လိုဏ်ကြီး ပေါ်လာတာနဲ့ တူတယ်....(မှန်ပါ) ရှင်းကြပလား ဦးဘသန်း ... (ရှင်းပါပြီဘုရား)။

ဒုက္ခသစ္စာကြီးဟာ ဘာနဲ့ တူသတုံး.. ( မှန်ပါဘုရား ) ကျောက်တောင်ကြီးနဲ့ တူတယ်.... ( မှန်ပါ- ကျောက်တောင် ကြီးနဲ့ တူပါတယ်ဘုရား )။

နောက်တော့ ခင်ဗျားတို့က ဒါတွေ မလိုချင်တော့ပါဘူး။ မရချင်တော့ပါဘူး၊ဒုက္ခသစ္စာရယ်လို့ နှလုံးသွင်းမှန်သွားတဲ့အခါ ကျတော့ ဒါတွေ အကုန်ပျောက်သွားပြီး ဒီနေရာ လိုဏ်ကြီး ပေါ်လာတယ်....(မှန်ပါ)၊

ဩော် .... ဒါဟာ မသေရာ ဌာနပါလား၊ ခိုရာအောင်းရာ လဲလျောင်းရာ နေရာဌာနကြီး တခု ဒို့မှာ ရပြီလို့ မဆိုနိုင်ဘူး လား....(ဆိုနိုင်ပါတယ်ဘုရား) အဲဒါ ဘာသစ္စာတုံး....(နိရောဓ သစ္စာပါဘုရား)။

အဲ....ပဌမတော့ဖြင့် ဒုက္ခသစ္စာဘဲ မြင်နေမှာဘဲ... (မှန်လှပါ) နောက် ဖျတ်ဆို ချုပ်သွားတဲ့အခါ လိုဏ်ကြီးနဲ့ တူတဲ့ ခိုအောင်း ရာ နိရောဓသစ္စာ ပေါ်လာမှာဘဲ၊ ရှင်းကြပလား .. ( ရှင်းပါပြီ ဘုရား )။

ရှင်းပြီတဲ့....၊ ဒါဖြင့် ခင်ဗျားတို့ အားလုံး အခု တရားအား ထုတ်မည့် ပုဂ္ဂိုလ်တွေ,အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ ဩော်....ပါရမီ တစ,တစ ဖြည့်ရတာကလို့.... ရှေးသံကြီးတွေနဲ့ ခင်ဗျားတို့ ယောင်နေကြမယ်ဆိုယင် သွားပြီ....(မှန်ပါ)။

ဦးကျော်မောင် သွားပြီ....(မှန်ပါ့)ဘုန်းကြီးကလဲ အိုမယ်၊ အရွယ်ကလဲ ကြီးမယ်၊ ဆရာတော်ကြီးကလဲ ဖြစ်မယ်၊ ဂုဏ်ကလဲ ရှိမယ်၊ ဆံပင်ကလဲ ဖြူမယ်၊ အရွယ်ကလဲ ကြီးမယ်၊ ရှေးမှီ နောက်မှီ အဘိုးကြီးတွေ ပြောတာကိုလဲ ခင်ဗျားတို့ နားထောင် နေကြမယ်ဆိုယင် ဒီ နှစ်လုံး ပေါ်မှာမဟုတ်ဘူး... ( မှန်လှပါ ဘုရား )။

ဘုရားတောင် လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ဖြည့်ရတာက္ခာ- မင်းတို့ တစ,တစပေါ့ကွ..၊ ဒါန အစ, သီလ အလယ်, သမထ ဘာဝနာ အဆုံး၊ ဒီလို သွားကြမှပေါ့လို့....၊ ဘုန်းကြီးတို့က ဘုရားဟောထားတာ ကေန်ရှိနေတယ်။

အေး....ဒါတွေ လိုက်မနေနဲ့ကွာ... သစ္စာတရား နာကွာ....၊ ဒုတိယအကွက်ဟာ သစ္စာတရား၊ အဲဒါ မင်း ဉာဏ်နဲ့နှလုံးသွင်းလို့ ဒါ ဒုက္ခသစ္စာလို့ အမှန်သိသွားယင် မင်း ပြီးဟော့မှာဘဲ၊ ဒါ.... ပါဠိတော်ကွ....( မှန်ပါ့ )ဟိုဟာက ပြောသံကြား... (မှန်လှပါ ဘုရား)။

ခင်ဗျားတို့က ဘယ်ဟာ အမှန်ယူမတုံး..(ပါဠိတော် အမှန် ယူရမှာပါဘုရား)ပါဠိတော် အမှန်ယူရမှာပေါ့ပါဠိတော်ဆိုတာ ဘုရားကိုယ်တိုင် တာဝန်ခံဟောတဲ့ ဉစ္စာတွေ ဖြစ်နေတော့ အင် မတန် အဘိုးတန်တော့တယ်ဆိုတာ မောင်သစ် မပေါ်လာသေး ဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အဲဒီတော့ ရှေးလူတွေက ပြောတာက ပြောသံကြားနဲ့ ပြော နေတာ....(မှန်ပါ့)မင်း ဘာစာတွေလို့ ဘယ်ဘုရားက ဘယ်နေ ရာ ဘာဟောခဲ့လို့ မင်း ပြောတာတုံး....၊ မဟုတ်ဘူးဘုရာ့.. လူ ကြီး,သူမတွေ ဒီအတိုင်းပြောတာဘဲ....(မှန်ပါ့)။

ဟော... လမ်းဆုံးက ဘယ်သွားဆုံးသလဲ....(လူကြီး့သူမတွေ့ သွားဆုံးပါတယ်ဘုရား)အဲဒီ လူကြီးသူမက သူ ဘာတွေရလို့.... ပြောတာတုံး....၊ ဘုရားဟောတာ နာဘူးလို့လား၊ဘုရားဟောတဲ့ ဒေသနာတွေ လေ့လာဘူးလို့လား.... ဆိုတော့လဲ သူ့အထက်က ရှေးက ဒီလို ပြောတယ်ဆိုပြီး ရှေးနဲ့ ဆုံးသွားမှာဘဲ....(မှန်လှပါ ဘုရား)။

အဲဒါတွေကို လိုက်ပြီး မနေဘဲနဲ့ အခု ရှင်မဟာကောဋ္ဌိက,က မေးလို့ ... ရှင်သာရိပုတ္တရာက ဖြေတဲ့ သောတာပန်တည်ခြင်း, သာဝက ပါရမီဉာဏ် ရခြင်း,သမ္မာဒိဋ္ဌိဖြစ်ခြင်း ဘယ်နှစ်ကြောင်း ရှိပါသတုံးလို့ မေးတဲ့အခါကျတော့ ဒုတိယကွက် ဒုက္ခသစ္စာလို့ ဟောထားတဲ့ ပဋိစ္စ မင်းတို့ ပြောသံ ကြားဘူးရမယ်·(မှန်ပါ ဘုရား)။

မင်းတို့ကိုယ်တိုင် ခန္ဓာ ဒုတိယကွက်ကြီးကို နှလုံးသွင်းတဲ့အခါ တည့်သွားလို့ရှိယင်ဖြင့် အဲဒါ သောတာပန် တည်တာဘဲ.... (မှန်လှပါဘုရား) ဒါက ပါဠိတော်၊ ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

" သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ သဒ္ဓမ္မဿဝနံ ယောနိသော မနသိကာရော"၊ ပါဠိတော်က... (မှန်ပါ) သစ္စာတရား တည်းဟူသော တရား၊ သဒ္ဓမ္မဿဝန နာဘို့ဘဲ၊ ယောနိသော မနသိကာ ရော....တဲ့ ဒုက္ခသစ္စာလို့ အမှန်နှလုံးသွင်းဘို့ဘဲတဲ့၊ အဲဒါ သမ္မာ ဒိဋ္ဌိယာ ဥပ္ပါဒယ ဘဲတဲ့... သမ္မာဒိဋ္ဌိဖြစ်တာဘဲကွတဲ့၊ သမ္မာဒိဋ္ဌိဖြစ် တယ်ဆိုတာ သောတာပတ္တိမဂ် ရဘယ်ပြောတာ....(မှန်ပါ) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ကဲ....ကျေနပ်ကြပလား....(ကျေနပ်ပါပြီ)ကျေနပ်ပြီတဲ့၊ အခု ဒုက္ခသစ္စာချုပ်တော့ ဒီနေရာ ဘာသစ္စာပေါ်မယ်....( နိရောဓ သစ္စာ ပေါ်ပါမယ်ဘုရား)။

အေး .. ကျောက်တောင်ကြီး ဖြစ်နေတုန်းက ဟာ ...ကျောက် တောင်ကြီး ခိုကိုးစရာ,အောင်းစရာ မပါပါဘူး....(မှန်ပါ)။

နောက်ကျတော့ ဒါဒုက္ခသစ္စာမှန်း သိတော့ သူ ချုပ်သွား တော့ လိုဏ်ခေါင်းကြီး ပေါ်လာတယ်....(မှန်ပါ)။

ဒုတိယအကွက်မှာ ဘာပေါ်တာတုံး....( လိုဏ်ခေါင်းကြီး ပေါ်တာပါ)လိုဏ်ခေါင်းကြီး ပေါ်တော့ ရှုသောပုဂ္ဂိုလ်, ပွါး သောပုဂ္ဂိုလ်၏ ခိုအောင်းရာဖြစ်တဲ့ မသေရာမှန် ပြည်နိဗ္ဗာန် ပေါ် တယ်လို့ လောကီဥပမာအားဖြင့် ပြလိုက်တယ်....( မှန်လှပါ ) သဘောပါပလား ...(ပါပါပြီဘုရား)။

ဒါဖြင့် အားငယ်စရာများ ရှိသေးသလား....(မရှိပါဘုရား) အဲဒီတော့ သစ္စာတနားကော ဒုတိယကွက်ဟာ ဘယ်လိုကြည့် ကြည့် ဖြစ်ပျက်တွေ တွေ့သောကြောင့် ဒုက္ခသစ္စာဘဲ....(မှန်ပါ) မဟုတ်ဘူးလား .. (ဟုတ်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး ပဌမအကွက်က သမုဒယသစ္စာ၊သူ လုပ်လိုက် လို့ ဒုတိယအကွက် လာဖြစ်တာကိုး....(မှန်ပါ)။

အဲဒီတော့ ဒါဒုက္ခသစ္စာမှတ ၂ါး ဘာမှ မဟုတ်ဘူးကွသို့ ဆရာဘုန်းကြီးက ဟောသွားတယ် .. ( မှန်ပါ ) ခင်ဗျားတို့က ဉာဏ်နဲ့ နှလုံးသွင်းလိုက်တိုင်း ဟုတ်ပါသား ...ဟုတ်ပါလားလို့ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင် ဆုံးဖြတ်ချက်ချဘို့ဘဲ အရေးကြီး တယ် .. (မှန်ပါ)။

ချယင်တော့ ဒီနေ့ချယင် ဒီနေ့ သိတယ်....(မှန်ပါ့) အဲဒါ ဉာဏ်ရင့်ယင် ချမှာဘဲ....(မှန်ပါ့)နားလည်ကြပလား- နောက်က တကာဘကာမတွေ....(နားလည်ပါပြီ) ဒီဟာ ဗျာများမနေနဲ့ ဆိုတာ ပြောလိုက်တယ်....(မှန်ပါ့)။

ဦးစံဖေ ဘာတဲ့တုံး....( ဗျာများမနေပါနဲ့ဘုရား )ပြောသံ ကြားတွေကို မှတ်မနေနဲ့... (မှန်ပါ့) တဆင့်ကြားတွေကို...(မှတ်မနေပါနဲ့ ဘုရား) မှတ်မနေနဲ့၊ ဘုရားဟောတာကို သေသေချာချာ မှတ်လိုက် ...(မှန်ပါ့)။

ဒါတွေဟာ ဦးမြမောင်တို့ မကြားဘူးတော့ကို စစ်ထိုးရသလို လောကကြီးနဲ့ တိုက်နေရတဲ့ စကား ...(မှန်ပါ့) တိုက်နေရတယ်၊ သူတို့က ဒီကျမ်းဂန်တွေလဲ ဘုရားဟောတာတွေလဲ မကြားဘူး၊ တဆင့်ပြောတွေနဲ့ ကြီးလာကြ၊ သူတို့က ခက်တယ်....( မှန်ပါ့ ) အခြေလိုက်-လိုက်ပြန်တော့ ရှေးလူကြီးတွေ ဒီလို ပြောတယ်။ လမ်းဆုံးတယ်....(မှန်ပါ့)။

အဲဒီ့ ရှေးလူကြီး လိုက်ပြန်တော့ကော....( ရှေးလူကြီးဘဲ ထပ်ပြီး လမ်းဆုံးပါတယ်)ရှေးလူကြီးတွေဆိုတော့ ရှေးကို ဆုံးပါဦးမလား....(မဆုံးပါဘုရား)ဒါဖြင့် သူတို့ဟာ တဆင့်ကြား ချည့်ပေါ့....(တဆင့်ကြားချည့်ပါဘုရား)။

အဲ....တဆင့်ကြားကို ဘုရားက မကြိုက်ဘူးတဲ့.... (မှန်လှပါ ဘုရား) ငါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာကွာ.... တဲ့၊ မင်း တို့ကို သနားလွန်းလို့ ကိုယ်တိုင်ပြောတာပါ...တဲ့ ... ( မှန်ပါ့ ) တဆင့်ကြားမဟုတ်ဘူး.... ( မှန်ပါ့ ) မောင်သစ်-ဘာတဲ့တုံး.... ( ကိုယ်တိုင်သိပြီးတော့ ကိုယ်တိုင်ဟောတာပါဘုရား )။

သူများဆီက ဘယ်ဆရာဆီကနည်းရလို့ မှငါ့ဟောတာမဟုတ်ပါဘူးကွ....တဲ့(မှန်ပါ့) ဆရာမကူ သယမ္ဘူဉာဏ်ဖြင့်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ဆရာမကူဆိုတဲ့ဥစ္စာကတမျိုး၊ သယမ္ဘူဆိုတာ သယံ-က ကိုယ်တိုင်၊ ဘူ-က သိတာ၊ ဟုတ်သား....(မှန်ပါ့) အဲဒီတော့ ဆရာမကူ သယမ္ဘူဉာဏ်ဖြင့်ဆိုတာ ရှေ့ကအနက်၊ နောက်ကပါဠိ.... (မှန်ပါ့)။

ဆရာမကူ ဆိုတာက အနက်... (မှန်ပါ့) သယမ္ဘူဆိုတာက-ကိုယ်တိုင်သိတာ ပါဠိ၊ အဲဒါကို လက်ာဆရာက အနက်ရှေ့ထားပြီးပါဠိနောက်ထားလို့ ပျက်နေတာ.. (မှန်ပါ့) အဲဒီတော့ ဆရာမပါဘဲနဲ့ ထိုးထွင်းသိဆရာကြီးပြောတာကို ခင်ဗျားတို့က ယုံဘို့ရာဟာ အဓိကထားရမယ်.... (မှန်ပါ့) သဘောပါပသား (ပါပါတယ်ဘုရား)။

အဲဒီတော့ တဆင့်ကြားတွေသာနားထောင်နေကြမယ်ဆိုလို့ ရှိယင်ဖြင့် ခင်ဗျားတို့ဒီဘဝမှာ ဒီဘဝလဲ တဆင့်ကြား လမ်းဆုံးမှာဘဲ၊ နောက်ဘဝလဲ လူကြီးသူမပြောတာ လမ်းဆုံးနေဦးမှာဘဲ ဆိုယင် သွားရော....(မှန်ပါ့ဘုရား) ဘယ်တော့မှ ကိုယ်ပိုင်ဉာဏ်နဲ့ ဦးဘသန်း ဆုံးဖြတ်ချက် ချနိုင်တော့မှာမဟုတ်ဘူး-(မှန်ပါ့)။

အဲဒီတော့ ယနေ့ပြောရတာ ဘုန်းကြီးများက အကျဉ်းဘဲဝမ်းသာပါတယ်တဲ့၊ ဝေဒလ္လသုတ်ကို ပြောရတဲ့အတွက် (မှန်ပါ့) သော်တာပန်တည်ချင်ယင် နှစ်နည်းဘဲရှိတယ်ကွာ... တဲ့ (မှန်ပါ့) ဒုတိယကွက် ဘာလို့သိရမလဲ.... ( ဒုက္ခသစ္စာလို့ သိရပါမယ်ဘုရား ) ကိုယ်တိုင် နှလုံးသွင်းတဲ့အခါကော.... (ဒုက္ခသစ္စာလို့ နှလုံးသွင်းရပါမယ်)။

ဒုတိယကွက်ဆိုတာ ဘယ်သူ့ဆိုတာတုံး.... ကိုယ့်ခန္ဓာဆိုဘာ (မိမိခန္ဓာကို ဆိုတာပါဘုရား) ဒီကိုယ်ခန္ဓာကြီးကို နှလုံးသွင်းလိုက်တဲ့အခါကျတော့ ဖြစ်ပျက်တွေလို့ ပြော်.... ဒုက္ခသစ္စာအစစ်ဘဲ၊ နာထားတာနဲ့ ကိုယ့်အမြင်နဲ့တထပ်တည်းပါကလားဆိုယင် သောတာပန်တည်တာဘဲ.... (မှန်ပါ) မမြန်ဘူးလား.... (မြန်ပါတယ်ဘုရား)။

မြန်တယ်လို့ ဦးဘသန်းကြီး မှတ်လိုက်စမ်းပါ....(မှန်လှပါ) ဒါ....အလုပ်စဉ်ဟောတဲ့တရားဆိုတာ ကျေနပ်ပလား .. (ကျေနပ်ပါပြီ) ကျေနပ်ပါတဲ့၊ ဒါ.... အလုပ်စဉ် ဟောတဲ့တရား....တဲ့ အဲဒီတော့ ဒီ....ဒုတိယအကွက်မှာ ခန္ဓာငါးပါးရှိတယ်-(မှန်ပါ) ဘာသစ္စာတွေတုံး....(ဒုက္ခသစ္စာတွေပါဘုရား)။

ဒုက္ခသစ္စာတွေပါတဲ့၊ အဲဒီ့ဒုက္ခသစ္စာတွေလဲ ဒုက္ခသစ္စာမှန်းသိသည်နဲ့တပြိုင်နက်တည်း ချုပ်သွားတဲ့အခါကျတော့ကို ဒီနေရာမှာ ဒုက္ခမရှိတာကြီး ပေါ်လာတယ် .. (မှန်ပါ)။

ဘာပေါ်လာသတုံး.... ( ဒုက္ခမရှိတာ ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခမရှိတဲ့နေရာကိုကိုယ်နေရလို့ရှိယင်တော့ဖြင့် ဘေးတန်တန် ရန်အထပ်ထပ် ၉၆-ပါးရောဂါ ၂၅-ပါးသောဘေးဘွေလာနိုင်သေးရဲ့လား... (မလာနိုင်ပါဘုရား)။

ဒါဖြင့် ကိုယ့်ပုန်းအောင်းရာ လည်းလျှောင်းရာ ဌာနဟာ ဒီ....ဒုက္ခမရှိတဲ့ နေရာဘဲ... (မှန်ပါ)။

ဒုက္ခမရှိတဲ့နေရာ ဘာခေါ်ကြမယ်.... (နိရောဓသစ္စာ ခေါ်ပါတယ်ဘုရား) နိရောဓသစ္စာ မြန်မာလိုပြောယင်.... (နိဗ္ဗာန်ပါဘုရား)။

အခုတော့ တကာတကာမတွေက ဒီနေရာမရောက်ဘူးတော့ကို ရှိမှန်းလဲမသိဘူး.... (မှန်ပါ့) ဒုတိယအကွက်လဲ နဂိုရ်ကရှိမှန်းမသိဘူး၊ ဒုတိယအကွက် ပျောက်သွားလိမ့်မယ်လို့လဲမသိဘူး.... (မှန်ပါ့)။

ခက်လိုက်တဲ့ဖြစ်ခြင်းမှ မခက်ဘူးလား.... ( ခက်ပါတယ်ဘုရား)။

ဒုတိယအကွက် ဘယ်လိုလဲလို့ကော....(မသိပါဘုရား) မသိတော့ ဒုက္ခသစ္စာမသိဘူး... (မှန်ပါ့)။

ဒုတိယအကွက်ဟာ မလိုချင်တဲ့တနေ့၊ မရချင်တဲ့တနေ့ ဒုက္ခပိုင်ပိုင်နိုင်နိုင် ဒုတိယအကွက်ကို သိတဲ့တနေ့ ဒီနေရာဒုက္ခပျောက်သွားလိမ့်မယ်လို့ကော သိရဲ့လား....(မသိပါဘုရား)။

မသိတော့ ခင်ဗျားတို့ဟာ ဒုက္ခသစ္စာလဲမသိဘူး.... (မှန်ပါ့ဘုရား)။

နိရောဓသစ္စာလဲမသိ၊ အလကားကြီးနေကြတယ်.... (မှန်ပါ့ဘုရား ) ဘယ့်နှယ်တုံး.... ( အလကားကြီး နေကြပါတယ်ဘုရား)။

နောက်က တကာတကာမတွေ ဘယ်လိုကြီးနေကြဘာတုံး (အလကားကြီး နေကြတာပါဘုရား)။

အလကားကြီးနေတာ၊ တောထဲ ဝ·ပင်ကြီးတွေလို ကြီးနေတာ.. (မှန်ပါ့) တောထဲမှာ ဝ·ပင်ကြီးတွေရှိတယ်မဟုတ်လား (မှန်ပါ့) ကြီးလေနံလေဘဲ....(မှန်ပါ့) ဝ·ပင်ဟာ ကြီးဘော့ပွင့်လာတယ်၊ ပွင့်သေနံလေဘဲ၊ တောထဲ နေကိုနေလို့မရဘူး၊ ဝပုပ်စော်နံတယ်.... ဝပုပ်စော်နံတယ်နဲ့ ပြောကြတယ်၊ ကြီးတော့တယ်ကြီးလွယ်တယ်....(မှန်ပါ့)။

ကြီးလို့ အဘိုးဘန်သလားလို့မေးတော့ ဘယ့်နှယ်ဆိုကြမယ်....(အဘိုးမတန်ပါဘုရား) အဲ....ခင်ဗျားတို့လဲ အလကားကြီးလာတာတဲ့ ဒုက္ခသစ္စာလဲရှိမှန်း မသိဘူး - (မသိပါဘုရား) ဒုက္ခသစ္စာဒီနေရာမှာ ချုပ်သွားလိမ့်မယ်လို့လဲ (မသိပါဘုရား) မသိတော့ ဒုက္ခသစ္စာ မသိတာကလဲ ဒုက္ခေအညာဏ်၊ နိရောဓသစ္စာ မသိတာကလဲဒုက္ခနိရောဓေအညာဏ်ဘဲ....(မှန်ပါ့ဘုရား) အဝိဇ္ဇာနဲ့ ကြီးနေကြတာ.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာနဲ့ ကြီးနေတာတုံး.... (အဝိဇ္ဇာနဲ့ကြီးနေတာပါဘုရား) အဝိဇ္ဇာနဲ့ကြီးတော့ သင်္ခါရအလုပ်တွေ လုပ်မှာဘဲ၊ သားရေး သမီးရေး စီးပွားရေးတွေ.... (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

မသိတော့ သားရေး သမီးရေး စီးပွားရေးအလုပ် မလုပ်ပေဘူးလား... (လုပ်ပါတယ်ဘုရား)။

မသိတာက ဘာတုံး.... (အဝိဇ္ဇာပါဘုရား) သားရေး သမီးရေး စီးပွားရေးအလုပ် လုပ်တာက.... (သင်္ခါရပါဘုရား)။

အဲဒါနဲ့ ကြီးလာတာ၊ ဦးကျော်မောင် ငါတော်လှပြီ....လို့ အောက်မေ့မနေနဲ့ဦး ..(မှန်ပါ့) ပေါ်ပလား.... ( ပေါ်ပါပြီဘုရား)။

ဒုတိယအကွက်မှာ ခန္ဓာရှိတယ်၊ ဒုက္ခသစ္စာလို့ မသိတော့ကို မသိကြီး-ကြီးလာတယ်... (မှန်ပါ့) မသိကြီးဆိုတော့ ဘာတဲ့၊ အဝိဇ္ဇာနဲ့ကြီးလာတာ....(မှန်ပါ့) မဟုတ်ဘူးလား... ( မှန်လှပါဘုရား)။

မသိကြီး- ကြီးတော့ မသိသလိုဘဲအိမ်ထောင်ကျ၊ သားမယားကိုချည်း လုပ်ကိုင်ကျွေး၊ ကျွေးတယ် ဆိုတော့ ကာယသင်္ခါရ ဝစီသင်္ခါရ...(မှန်ပါ့) ကိုယ်နှုတ်ပြုပြင်ရတာလဲ ရှိတယ်.... ( ရှိပါတယ်ဘုရား )ပါးစပ်က ပြောဆို လုပ်ရတာကော.... (ရှိပါတယ်ဘုရား)။

အဲဒီတော့ ကာယသင်္ခါရ ဝစီသင်္ခါရနဲ့ အပြည့်လုပ် အချိန်မကုန်ခဲ့ရဘူးလား.... (ကုန်ခဲ့ရပါတယ်ဘုရား)။

အဲဒီတော့ မသိတဲ့ပုဂ္ဂိုလ်သည် သားရေး, သမီးရေး, စီးပွားရေးအလုပ်နဲ့ အချိန်ကုန်ခဲ့ရတယ် ဆိုသဖြင့် မသိတာက အဝိဇ္ဇာ၊ သားရေး, သမီးရေး, စီးပွားရေး လုပ်တာက သင်္ခါရ၊သေတော့တခါတည်း ပဋိသန္ဓေဝိညာဏ် ဒုက္ခသစ္စာ သွားရတယ် .... (မှန်ပါ့) မရဘူးလား...(ရပါတယ် ဘုရား)။

ကဲ....သေပျော်တဲ့ သဘောကော ခင်ဗျားတို့ပါပလား .... (မပါသေးပါဘုရား) အဲ .... ယနေ့ကစပြီးတော့ တော်လာပြီ အောက်မေ့...(မှန်ပါ့ဘုရား)။

ဒုတိယအကွက်မှာ ဘာသစ္စာတုံး.... ( ဒုက္ခသစ္စာပါ )အဲ.... ဒုတိယအကွက်ဆိုတာ ဘယ်သူတုံးလို့ မေးလို့ရှိယင် ဘယ့်နှယ်ဖြေကြမလဲ....(တပည့်တော်တို့ပါဘုရား)။

အဲ....ခင်ဗျားတို့ ခန္ဓာငါးပါး၊ ဒီခန္ဓာငါးပါးကို ဉာဏ်နဲ့ရှုလိုက်တဲ့အခါ တခုခုရှုတဲ့အခါ ဘာရယ်လို့တွေ့ရမတုံး.... (ဒုက္ခသစ္စာရယ်လို့ တွေ့ပါမယ်ဘုရား)။

အဲ... ဒါဖြင့် နာထားတာနဲ့ ကိုယ့်ဉာဏ်အတွေ့နဲ့ကိုက်ပြီ.... (မှန်ပါ့) ကိုက်ပြီဆိုတော့ ဒုက္ခသစ္စာတွေ တွေ့သွားပြီ....(မှန်ပါ့) နိရောဓသစ္စာကော....(ပေါ်လာမှာပါဘုရား) ပေါ်လာမယ်။

ဒါဖြင့် ပေါ်လာတော့ ခင်ဗျားတို့တွေ့တာဘဲ .... (မှန်ပါ့) ခင်ဗျားတို့ ဒုက္ခနဲ့ နိရောဓသိပြီ... (မှန်ပါ့ဘုရား)။

အဲဒီတော့ တသံသရာလုံးဟာ သမုဒယနဲ့ ဒုက္ခလှည့်နေတာ (မှန်ပါ့)အခု ဆရာကောင်း သမားကောင်းနဲ့တွေ့မှ ဒုက္ခသစ္စာ သိတယ်ဆိုတော့ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာနဲ့ ခင်ဗျားတို့ အဖေါ် လုပ်နေတာ....(မှန်ပါ့ဘုရား)။

ဒုက္ခချုပ်သွားတာက ဘာသစ္စာတုံး-(နိရောဓသစ္စာပါ)ဒီဒုက္ခ သစ္စာ ချုပ်သွားပြီလို့ သိတဲ့ဉာဏ်က .... (မဂ္ဂသစ္စာပါဘုရား)။

ဒီနှစ်ခုနဲ့ အသက်ရှင်လာတော့မှ ခင်ဗျားတို့ ဒုက္ခေဉာဏ်၊ ဒုက္ခနိရောဓေဉာဏ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒုက္ခသိတဲ့ဉာဏ်၊ ဒုက္ခနိရောဓေဉာဏ်တဲ့ ဒုက္ခချုပ်တာ သူသိ သွားပြီဟေ့... တဲ့၊ ဟုတ်လား .... (မှန်ပါ့)ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယဉာဏ်... တဲ့၊ဒုက္ခချုပ်တာကို ကျင့်တဲ့အကျင့်နဲ့ သူကြီး လာပြီတဲ့၊ မဂ္ဂင်နဲ့ကြီးလာတယ်... (မှန်ပါ့ဘုရား)။

ဘယ်လောက် အဘိုးတန်သွားသတုံး....(တန်ပါတယ်ဘုရား) ဒါ ဝေဒလ္လသုတ်တဲ့... (မှန်ပါ့) တယ်လဲ အဘိုးတန်တယ်ကွ.... မောင်ချစ်စိန်ရ- ဟင်... (မှန်ပါ့ဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ်မှာ ခင်ဗျားတို့ သံသရာထဲ ကြီးလာပုံကိုပြ တယ်....(မှန်ပါ့) သမုဒယတလှည့် ဒုက္ခတလှည့်၊ သမုဒယတလှည့် ဒုက္ခတလှည့်နဲ့ ကြီးလာတယ်....(မှန်ပါ့) နိရောဓ, မဂ္ဂအလှည့်ကို ပါကြရဲ့လား....(မပါ·ပါဘုရား)မပါဘူး။

နိရောဓအလှည့်... (မဂ္ဂအလှည့်မပါ·ပါ) မပါဘူး၊ ဒီနေ့စ,ပါ တယ်....(မှန်ပါ့ဘုရား) ဒုတိယအကွက်ဟာ ဘာသစ္စာတွေတုံး.... (ဒုက္ခသစ္စာတွေပါဘုရား)။

ကြော်....ဒါဖြင့် သစ္စာတရား နာရပြီ.... (မှန်ပါ့) မဟုတ်ဘူး လား....(မှန်ပါ့) ကဲ....ကိုယ့်နေရာ ကိုယ်ပြန်ပြီးသကာလ နှလုံး သွင်းလိုက်တဲ့အခါကျတော့ ဒုတိယအကွက်မှတပါး တခြားသော အကွက်လဲ ရှုစရာမရှိပါဘူး .. (မှန်ပါ့) ဒါဘဲရှိဘယ် ... (မှန်ပါ့ ဘုရား)။

ဒါဘဲရှိတော့ ဒါတွေ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာ၊ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာလို့ ခင်ဗျားတို့ဘဲ ရှုရှု-ရှုရှုပြီးသွားတဲ့ အခါကျတော့ ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် သိသွားတယ်....(မှန်ပါ့)ပိုင်ပိုင်နိုင်နိုင် သိသွားတဲ့ အခါကျတော့ အသိဉာဏ်ကကြီးလာတယ် .. (မှန်ပါ့ ဘုရား)။

အသိဉာဏ်ကြီးဘဲ့ အခါကျတော့ သမုဒယမရှိသောကြောင့် ဒုက္ခချုပ်တယ်....( မှန်ပါ့ ) ချုပ်ချင်လို့တော့ ချုပ်တာမဟုတ် ပါဘူး....(မှန်ပါ့ဘုရား)။

ဒုက္ခကို ပိုင်ပိုင်နိုင်နိုင် သိတဲ့ အခါကျတော့ ဒုက္ခေဉာဏ် လာတာနဲ့ဘဲတဲ့၊ဒုက္ခေဉာဏ် သူ့သန္တာန်ပေါ် လာတာနဲ့ဘဲ... တဲ့ ဒုက္ခနိရောဓေဉာဏ်ဟာ နောက်က လိုက်လာတယ်.... (မှန်ပါ့ ဘုရား)။

ပဌမ ဒုက္ခေဉာဏ်နဲ့ ၁-နံပါတ် ဒုက္ခရှုနေတယ်၊ နောက်ကျ တော့ ရှုဖန်များလာတော့ ဦးမြမောင်တို့ ဦးကျော်မောင်တို့က မှတ်လိုက်တော့ ဒုက္ခနိရောဓေဉာဏ် လာတယ်... (မှန်ပါ့) ရှင်းပ လား....(ရှင်းပါပြီဘုရား)။

ရှုတုန်းကဘာတဲ့....(ဒုက္ခေဉာဏ်ပါ)ဒုက္ခေဉာဏ်၊ ဒုက္ခသိတဲ့ ဉာဏ်ချည့်လာတာဘဲ....(မှန်ပါ့) ရှုပါးဝသွားလို့ တည့်သွားပြီ

ဆိုတဲ့အခါကျတော့ ဒုက္ခချုပ်သွားတော့ ဘယ်ဉာဏ်လာသတုံး-(ဒုက္ခနိရောဓဉာဏ်လာပါတယ်ဘုရား)။

ဒုက္ခဉာဏ်ပြီးယင်၊ ဒုက္ခနိရောဓ ဉာဏ်လာမှာဘဲ၊ ဒီနှစ်ဉာဏ်ဘဲ....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

နားကြီးကြီးနဲ့ထောင်ပါ၊ မှန်လိုက်တာလဲလွန်လို့....(မှန်ပါ့) ပါဠိတော်က ပြောလို့လဲ ရှင်းလို့လင်းလို့၊ ဆရာဘုန်းကြီးပြောလိုက်တဲ့အခါကျတော့ ရှိယင်လဲ ခင်ဗျားတို့ ဒီအကွက်ထဲကြည့်ရုံဘဲ....(မှန်ပါ့) မဟုတ်ဘူးလား .... ( မှန်ပါ့ ) ဒီပြင်အကွက်ကိုပါသေးရဲ့လား....(မပါ-ပါဘုရား)။

ဒီ့ပြင်အကွက်က တတိယအကွက်ဆိုတာလဲ ဒုတိယအကွက်ကို မှန်မှန်သိနေယင် တတိယအကွက်က ပါးလိုက်သွားတာဘဲ၊ ချုပ်လိုက်သွားတာဘဲ....(မှန်ပါ့ဘုရား)။

တတိယအကွက်က ချုပ်လိုက်သွားတော့ စတုတ္ထအကွက်က အကျိုးကွက်ဖြစ်နေတော့ အကြောင်းပါးတဲ့အခါ အကျိုးပါးတာဘဲ....(မှန်ပါ့) အကြောင်းချုပ်တော့.... (အကျိုးချုပ်တာပါဘဲဘုရား) အကျိုးချုပ်တော့ သူတို့အတွက် ဘုန်းကြီးအထူးပြောဘို့မလိုဘူး....(မှန်ပါ့ဘုရား)။

မလိုတော့ ခင်ဗျားတို့ ရှေးဦးစွာက ဒုက္ခဉာဏ်အခုလုပ်ဘို့အရေးကြီးတယ်၊ မဟုတ်ဘူးလား... (မှန်ပါ့)ဒုက္ခဉာဏ်လုပ်ပါများလာယင် ဘာဖြစ်မယ်ထင်ကြသတုံး.... (ဒုက္ခနိရောဓဉာဏ်ဖြစ်ပါတယ်ဘုရား)။

ဒီဉာဏ်နဲ့ တက်သွားယင် သိရပြီ၊ ဦးဘသန်း သပျော်ပြီ....(သပျော်ပါပြီဘုရား)။

ရှုနေတော့ ဘာဉာဏ်တဲ့....(ဒုက္ခေဉာဏံပါ)ဒုက္ခေဉာဏံနဲ့ သာလုပ်နေ... (မှန်ပါ့) ငါဒုက္ခသိနေတာဘဲ၊ ဒုက္ခသိနေတာဘဲ၊ ဖြစ်ပျက်ရှုနေတာလား၊ ဒုက္ခသိနေတာလား....(ဒုက္ခသိနေတာပါ ဘုရား)။

အဲ. ဒုက္ခသိနေတော့ မြန်မာလိုပြောတော့သာ ဖြစ်ပျက်ရှုတယ်လို့ပြောတာ .. (မှန်ပါ့) ပါဠိလိုသုံးလိုက်တော့ .... (ဒုက္ခေဉာဏံပါဘုရား)။

ဒုက္ခေ=ဒုက္ခသစ္စာ၌၊ဉာဏံ =သိတဲ့ဉာဏ်အလုပ်- လုပ်နေတယ် (မှန်ပါ့)သဘောကျပလား ...( ကျပါပြီဘုရား)။

ကဲ....ဦးမြမောင်က ကြိုးစားလိုက်တော့ ဒုက္ခအစစ်ဘဲဘုရားဆရာဘုန်းကြီးဟောတာနဲ့ တပည့်တော်တို့ ဉာဏ်အမြင်နဲ့ဖြင့် ကိုက်နေတာဘဲဆိုတော့ ဒုတိယအကွက် ရှိဦးမလား.... (မရှိပါ) မရှိတော့ ဘယ်နှယ်တုံး ပါဠိတင်လိုက်စမ်း .... (ဒုက္ခနိရောဓေ ဉာဏံပါဘုရား)။

အဲ... ဒါလာမှာဘဲ၊ဆုတောင်းနေရသလား....(မတောင်းရပါဘုရား) မတောင်းရဘူး၊ ဒုက္ခေဉာဏံစ လိုက်တာ ရင့်ကျက်လာတာနဲ့ 'ဒုက္ခနိရောဓေဉာဏံ'ဆိုတဲ့... အသီးအပွင့်တွေ ထွက်လာတယ်....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

ကဲ...ဒါဖြင့် ဘာရင့်ကျက်ဘို့ အရေးကြီးသလဲ ... (ဒုက္ခေဉာဏံ ရင့်ကျက်ဘို့ အရေးကြီးပါတယ်ဘုရား)ဒုက္ခေဉာဏံ ရင့်ကျက်တော့ကို ဒီ ပါဠိကိုဘဲ ပြင်လိုက်ပါ၊ ဟုတ်လား... (မှန်ပါ့) ဘယ့်နှယ်ပြင်လိုက်ကြမလဲ....(ဒုက္ခနိရောဓေ ဉာဏံပါဘုရား)။

ဒုက္ခနိရောဓ ဉာဏ်... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)ဒါဖြင့် ဖြစ်ပျက်,မဂ် ဆိုတုန်းက ဘာတဲ့-(ဒုက္ခေဉာဏ်ပါဘုရား)။

ဒါက ဖြစ်ပျက်ကိုးဗျ....၊ စိတ်က ဖြစ်ပျက်...( မှန်ပါ့ )ဒီက မဂ်... (မှန်ပါ့)ဒုက္ခေဉာဏ် ပေါ်ပလား....(ပေါ်ပါပြီ) ဖြစ်ပျက်က ဘာတုံး....ဒုက္ခ .. (မှန်ပါ့)သိတာက....( ဉာဏ်ပါဘုရား ) အဲ... ဒုက္ခေဉာဏ်... (မှန်ပါ့)။

နောက်ကျတော့ ဒါတွေဟာ ဒုက္ခသစ္စာမှန်းသိလို့ ခင်ဗျားတို့က မလိုချင်တော့ ဒါတွေ အကုန် မချုပ်ဘူးလား .... (ချုပ်သွားပါတယ်ဘုရား) ဒီတော့ ဒုက္ခနိရောဓ....(ဉာဏ်ပါဘုရား) ဉာဏ်ဘဲ၊ ဉာဏ်ကတော့ ဒီနေရာ နေတာဘဲ....( မှန်ပါ့ )ဒုက္ခနိရောဓ ဉာဏ်၊ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ရှုနေတုန်းက... (ဒုက္ခေဉာဏ်ပါဘုရား) ရှုလို့ ဒါတွေ ဆုံးသွားတဲ့အခါကျတော့... (ဒုက္ခနိရောဓ ဉာဏ်ပါ) ဒီ နှစ်လုပ်လုပ်တို့ ရှိတာဘဲ... ( မှန်ပါ့ )ဒီ့ပြင် ဘာမှ လုပ်စရာ မရှိဘူး.... ဦးမြမောင်ရ - (မှန်ပါ့)။

ဘယ်သူက ဘာပြောပြော ယုံမနေနဲ့၊ မဟုတ်ဘူးလား.... ( မယုံပါဘုရား )မယုံနဲ့တော့တဲ့... ဓမ္မစကြာမှာ "ဒုက္ခေဉာဏ် ဒုက္ခနိရောဓေဉာဏ်"....(မှန်ပါ့)။

ဟို'ဒုက္ခသမုဒယေ ဉာဏ်၊ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါယ ဉာဏ်'ဆိုတာက အလိုလိုပြီးတဲ့ ဥစ္စာ....(မှန်ပါ့)ခင်ဗျားတို့ လုပ်ရမှာက ဒုက္ခေဉာဏ်ဘဲ....(မှန်ပါ့)။

ခင်ဗျားတို့ အလုပ်-လုပ်ရမှာက( ဒုက္ခေဉာဏ်ပါဘုရား ) ဒုက္ခေဉာဏ် လုပ်လိုက်လို့ရှိယင်ဖြင့် နောက်က သမုဒယသစ္စာ ပယ်ပြီးသား မနေဘူးလား....(ပယ်ပြီးသားနေပါတယ် ဘုရား)။

အဲ....ပယ်ပြီးသား နေတော့ သူ့ကို အထူးလုပ်လို့ ပယ်ရတာလား....ဒုက္ခေဉာဏ်လုပ်ရင်း ပါသွားတာလား....(ဒုက္ခေဉာဏ် လုပ်ရင်း ပါသွားတာပါဘုရား)။

အေး .. ဒါကြောင့် ခင်ဗျားတို့ဟာကတဲ့ ကြံတချောင်း ဆွဲလိုက်တယ်ဆိုလို့ရှိယင် အမြစ်လဲ ပါချင်ပါလာတာဘဲ၊ကြံပင်လဲ ပါချင်ပါလာတာဘဲ ...(မှန်ပါ့)။

ဝယ်တော့ ကြံစုပ်ဘို့ရာ ဝယ်တာဘဲ၊ သို့သော်လဲ ကြံပင်စိုက်ဘို့ရာပါ ပါလာတယ်....(မှန်ပါ့)မပါလာဘူးလား....(ပါလာပါတယ်ဘုရား)။

ကြံတချောင်း ပေးစမ်းပါဆိုလို့ရှိယင် ကြံမျိုးစေ့ကော ပါ မလာဘူးလား....(ပါလာပါတယ်ဘုရား)ကြံရည် ကိုယ်သုံးဆောင်စရာလဲ ပါတယ်၊ နောက်ထပ် ပြန်စိုက်ဘို့ရာလဲ.... (ပါပါတယ် ဘုရား)။

ဒီမှာလဲ ဒုက္ခေဉာဏ် တခုလုပ်လိုက်ယို့ရှိယင် ဒုက္ခသမုဒယေ ဉာဏ်....ကိလေသာပါးတာလဲ ပါသွားတာဘဲ၊ မဟုတ်ဘူးလား (မှန်ပါ့) ဒုက္ခနိရောဓေ ဂါမိနိယာပဋိပဒါယ ဉာဏ်ကော....(ပါ ပါတယ်ဘုရား)။

ပါသွားတာဘဲတဲ့...၊ နောက် ချုပ်သွားတဲ့အခါကျတော့.... ဘယ့်နှယ်ဆိုကြမယ်....(ဒုက္ခနိရောဓေဉာဏ်ပါဘုရား)ပြီးတာဘဲ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ရှင်သာရိပုတ္တရာဟောတာ မောင်သစ် ကိုက်ပြီ.... (မှန်ပါ့) သစ္စာတရားနာမှုဆိုတာ ဒုက္ခေဉာဏ်ကို ဟောတာ.... (မှန်ပါ့)။

နောက် နှလုံးသွင်း တည့်သွားတဲ့အခါကျတော့ ဒုက္ခနိရောဓေ ဉာဏ်ဘဲ....(မှန်ပါ့) နှလုံးသွင်း ရယင် မဂ်ဉာဏ်ရမယ် ဆိုတာ....(မှန်ပါ့)။

မဂ်ဉာဏ်ရတော့ ဒုက္ခ ရှိသေးရဲ့လား .. ( မရှိပါဘုရား ) ဝိပဿနာမဂ်သာ ဒုက္ခရှိတာကိုး....( မှန်ပါ့ ) လောကုတ္တရာမဂ် ရောက်လာတော့ ဒုက္ခရှိသေးရဲ့လား....(မရှိပါဘုရား)မရှိတော့ကို (ဒုက္ခနိရောဓေဉာဏ်ပါ ဘုရား)။

ဒါဖြင့် သစ္စာတရား နာမှု....သစ္စာတရား နှလုံးသွင်းမှု တည့်ယင် ပြီးတာဘဲဆိုတော့ သူလဲ နှစ်ဉာဏ်ဘဲ ဟောထားတယ်.... (မှန်ပါ့)သဘောပါပါလား....(ပါပါပြီဘုရား)။

ဟာ....သိပ် နေရာကျပြီ ဦးမြမောင်၊ သေပျော်တဲ့ တရား .... (မှန်ပါ့)ဦးကျော်မောင်တို့ ဘယ့်နှယ်တုံး....(သေပျော်တဲ့ တရား ပါဘုရား)။

ဒါ ကြည့်လေ....၊ ခင်ဗျားတို့ ဒီ့ပြင်အလုပ် ဘာလုပ်စရာရှိ သေးသတုံး.. နိဗ္ဗာန်ရောက်ချင်လို့ဖြင့်....(မရှိပါ ဘုရား) ဒုက္ခေ ဉာဏ် သိဘို့ဘဲ အရေးကြီးတယ်... (မှန်ပါ့)ဒုက္ခေဉာဏ် သိပါ များယင် ဘာလာမတုံး....( ဒုက္ခနိရောဓေဉာဏ် လာမှာပါ ) ဒုက္ခနိရောဓေဉာဏ် လာမှာဘဲဆိုတာ သေသေချာချာပေါ်လာ တယ်....(မှန်ပါ့)။

ဒါကြောင့် ခင်ဗျားတို့ ဒုက္ခချုပ်ပလားလို့ ဆရာဘုန်းကြီးက မေးတာဟာ ဒုက္ခနိရောဓဉာဏ် ဖြစ်ပလားလို့ မေးတာ....(မှန်ပါ)။

တပည့်တော်တို့ ဖြစ်ပျက် ရှိပါသေးတယ်ဘုရား၊ ဖြစ်ပျက်ဘဲမြင်ပါသေးတယ်ဆိုယင် ဩော်....သူ ဒုက္ခေဉာဏ် ရှိသေးတာဘဲ (မှန်ပါ)။

ဒီလိုဆိုတော့ ဒုက္ခေဉာဏ်ပြီးတော့ မောင်သစ် .... တဆင့်ကျန်တော့တယ်....(မှန်ပါ)ဘာကျန်သတုံး-(ဒုက္ခနိရောဓဉာဏ် ကျန်ပါတယ်ဘုရား)ဒါ ရှိတာဘဲ....(မှန်ပါ)။

ဒါ့ကြောင့် ဘုရားက သုသိမတို့ ဟောတဲ့ နေရာလဲ ထင်ရှားပါတယ်၊ဟော့....သုသိမ....နိဗ္ဗာန်ရောက်ချင် ဝိပဿနာဉာဏ် ရှေ့ထားကွ....၊နောက် မဂ်ဉာဏ် လိုက်လာလိမ့်မယ်၊ဒါ ဟောတာနဲ့တူတူဘဲ ကျတာဘဲ....(တူတူပါဘဲဘုရား)မကျဘူးလား....(ကျပါတယ်ဘုရား)။

သုသိမ....မင်းက ကောင်းကင်ပျံနိုင်ရဲ့လား .... မြေလျှိုးနိုင်ရဲ့လားလို့....ဟို ရဟန္တာကြီးတွေ သွားမေးတယ်၊မင်းက တယ်ခက်တဲ့အကောင်ဘဲ....(မှန်ပါ)။

မေးမနေပါနဲ့ကွ... ငါ့ဘုရား သာသနာတော်မှာ ပညာဝိမုတ္တပုဂ္ဂိုလ်....ပညာနဲ့ ကိလေသာမှလွတ်ပြီးသကာလ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ လုပ်ချင်လို့ရှိယင်ဖြင့် ဒုက္ခေဉာဏ်ပြီးယင် ဒုက္ခနိရောဓဉာဏ် လာတာဘဲကွ ( မှန်ပါ ) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် ယနေ့ တရားမှာဖြင့်တဲ့...လုပ်စဉ်လဲ ဒီနှစ်ခုနဲ့ တည်ပြပါတယ်....(မှန်ပါ့)သို့သော် အလုပ်စဉ်က ဆရာ၏ ပြုပြင်မှု-၁....(မှန်ပါ့)ခင်ဗျားတို့၏ ကြိုးစားမှု - ၂၊ ဒီနှစ်ခုဘဲ ရှိတယ်....(မှန်ပါ့)။

ဆရာက ဒုက္ခသစ္စာလို့ ဒုတိယကွက်ကို လည်လည်ပယ်ပယ် ပြောနိုင်ဘို့ ဆရာ့တာဝန်....(မှန်ပါ့)ဒုတိယအကွက်ဟာ ခင်ဗျားတို့ ခန္ဓာဖြစ်မှန်း သိနေတဲ့ အတွက် ခင်ဗျားတို့ ဉာဏ်က ဒုက္ခသစ္စာလို့ ဆုံးဖြတ်ချက်ချနိုင်ဘို့ရာ ခင်ဗျားတို့ တာဝန်....(မှန်လှပါဘုရား)။

ဆရာ့တာဝန်က ဒုက္ခသစ္စာကို ဒုတိယကွက်ကို ဟောနိုင်ဘို့....(မှန်ပါ့)တကာ့တာဝန်က ဒုတိယအကွက် ဒုက္ခသစ္စာ ကိုယ့်ဉာဏ်ထဲမှာ ဖြစ်ဘို့....(မှန်ပါ့) ဒီနှစ်ခု ရှိလို့ရှိယင် သောတာပန် တည်တာဘဲလို့ တရားတပွဲလုံး ဆုံးဖြတ်ချက်ချ ...(မှန်ပါ့) နေရာကျပလား... (ကျပါပြီဘုရား)။

ဒါ... သူ့အကွက်နဲ့သူကော ကိုက်ပလား.... (ကိုက်ပါတယ်ဘုရား) အကွက် ပြောင်းရသေးသလား.... ( မပြောင်းရပါဘုရား )။

ဒုက္ခေဉာဏံ တုန်းကလဲ ဒီအကွက်ဘဲ....(မှန်ပါ့)ဒုက္ခနိရောဓေဉာဏံကော....(ဒီအကွက်ပါဘဲဘုရား) ဒီအကွက်နဲ့ဒီမဂ်-(မှန်ပါ့ဘုရား)။

အယင်တုန်းကတော့ ဒုက္ခေဉာဏံတုန်းကတော့ ဒီကဒုက္ခသစ္စာမချုပ်ခင် သိတဲ့ဉာဏ် ... ( မှန်ပါ့ ) သဘောကျပလား....(မှန်ပါ့) ဒီက ဖြစ်ပျက် ဒီကမဂ် .. (မှန်ပါ့)။

နောက်ကျတော့ ဒီက ဖြစ်ပျက်မရှိ၊ ဒီက မင်္ဂရှိတယ်၊ ဒုက္ခနိရောဓ ဉာဏ်....(မှန်ပါ့) ပေါ်ပလား ... (ပေါ်ပါပြီ) အဲဒီ့ အတိုင်းသာ ခင်ဗျားတို့ နိုးနိုးကြားကြားနဲ့ ကြိုးစားသာ အားထုတ်မယ်ဆိုလို့ရှိယင်ဖြင့် ဦးကျော်မောင် မဖြစ်မရှိပါဘူး.... (မှန်ပါ့)။

ရှုနေတုန်း ဘာဉာဏ်....(ဒုက္ခဉာဏ်ပါ)ရှုသွားလို့ ဒုက္ခတွေ ချုပ်သွားတဲ့နေရာမြင်တဲ့ နေရာကျတော့....(ဒုက္ခနိရောဓဉာဏ်ပါ)ဒါဖြင့် ဘယ်နှစ်ဉာဏ်နဲ့ တက်ကြမယ်.... (နှစ်ဉာဏ်နဲ့ တက်ကြပါမယ်ဘုရား)။

နှစ်ဉာဏ်နဲ့ တက်လိုက် ပြီးတာဘဲ....(မှန်ပါ့) ဥပုသ်နေ့တုန်း ကတော့ သုံးဉာဏ်နဲ့တက်ပြတယ်(မှန်ပါ့)ဒီနေ့ နှစ်ဉာဏ်နဲ့တက်ပြတယ်....(မှန်ပါ့ဘုရား)။

ဒါက ဘယ်မှာဟောသတုံး ဆိုလို့ရှိယင် သံယုတ်ပါဠိတော် သုသိမသုတ်မှာ တချက်ဟောတယ်.... ( မှန်ပါ့ ) ဒီနေ့ဟောတဲ့ မဟာဝေဒလ္လသုတ်မှာ တချက်ဟောတယ်၊ ရှင်သာရိပုတ္တရာနဲ့ ရှင်ကောဋ္ဌိကမေးခဏ်းမှာ....(မှန်ပါ့) အင်မတန်လုံလောက်တယ်-(မှန်ပါ့) မလုံလောက်ဘူးလား .... (လုံလောက်ပါတယ်ဘုရား)။

အဲဒါကြောင့် နောက်က တရားအားထုတ်မည့် တကာ တကာမတွေ ထုတ်နေတဲ့ တကာတကာမတွေ ဗျာများမနေနဲ့၊ ဒုက္ခဉာဏ် ဖြစ်လို့ရှိယင်ဖြင့် ဟာ တဆင့်ကျန်ပါတော့လား.... (မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

ဒုက္ခဉာဏ်ဖြစ်ယင်....( တဆင့်ကျန်ပါတော့တယ်ဘုရား ) တဆင့်ကျန်တော့တယ်၊ ကြိုးစားလိုက်....(မှန်ပါ့)ကိုယ့်ဉာဏ်ထဲ

ဒုက္ခသစ္စာ အစစ်ဖြစ်သွားတဲ့ အခါကျတော့ကို အဟုတ်ကို ဒုက္ခသစ္စာ အစစ်ဘဲဆိုတဲ့ နေရာကျတော့ဒုက္ခချုပ်လိမ့်မယ်....(မှန်ပါ့) မချုပ်ပေဘူးလား.... ( ချုပ်ပါတယ် ) ခန္ဓာပါ ပျောက်မယ်.... (မှန်ပါ့ဘုရား)။

ခန္ဓာပါပျောက်တော့ ဘယ့်နှယ်ဆိုကြမလဲ....(ဒုက္ခနိရောဓေ ဉာဏ်ပါဘုရား)ဒုက္ခနိရောဓေဉာဏ်ဆိုတော့ ဒါမဂ်ဆိုက်သွားပြီတဲ့....၊ ပြီးပြီတဲ့၊ ဒုက္ခနိရောဓကို သူ မြင်ပြီဟဲ့....(မှန်ပါ့) ဒုက္ခနိရောဓကို မဂ်က မြင်သွားပြီ....( မှန်ပါ့ )သဘောပါပလား.... (ပါပါပြီဘုရား)။

နေရာကျပြီတဲ့....၊ ဒါဖြင့် မောင်သစ်တို့ အရင်နာဘူးတဲ့ .... သုသိမမှာသဲ နှစ်ဉာဏ်....(မှန်ပါ့) အခု ဝေဒလ္လသုတ်မှာ ဟောတာလဲ....(နှစ်ဉာဏ်ပါဘုရား) နှစ်ဉာဏ်ဘဲ ဟောတယ်။

အဲဒီတော့ ဘာမှ သံသယရှိမနေနဲ့တဲ့....ဥပမာမယ် ဒါန လုပ်တယ်၊ ဦးမြမောင်တို့ ဒါနလုပ်တယ်၊ ဦးကျော်မောင်တို့ ဒါနလုပ်တယ်၊ နိဗ္ဗာန်လိုချင်လို့ဆိုတော့ ဒုက္ခနိရောဓေဉာဏ် ရောက်ချင်လို့ပေါ့....(မှန်ပါ့)ဒါနလုပ်တယ်၊ မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

ဒါနလုပ်တာ ဘယ်ရောက်ချင်လို့ပါလိမ့်....( ဒုက္ခနိရောဓေဉာဏ် ရောက်ချင်လို့ပါဘုရား) ပါဠိတော်နဲ့ ကြည့်လိုက်တော့ ဒုက္ခနိရောဓေဉာဏ် ရောက်ချင်လို့၊ မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

သီလတွေ ရှစ်ရက်သီတင်း လပြည့် လကွယ် ဆောက်တည်နေကြတာ ဘယ်အကျိုးငှါတုံး... (ဒုက္ခနိရောဓေဉာဏ် ရောက်ချင်လို့ပါဘုရား)။

ဒုက္ခနိရောဓဉာဏ်အကွက်၊ သို့သော် အဝေးကြီး ကျန်သေးတယ်....(မှန်ပါ့) မဝေးဘူးလား....(ဝေးပါတယ်ဘုရား)။

သစ္စာလဲ...ပဋ္ဌမတရားလဲ မနာရသေး....(မှန်ပါ့) ကိုယ်တိုင်ဉာဏ်နဲ့လဲ ဆုံးဖြတ်ချက် မချရသေးဆိုတော့ သူတို့က ဝေးသောအကြောင်းတွေ ဖြစ်နေတယ်...(မှန်ပါ့) မဝေးဘူးလား...(ဝေးပါတယ်ဘုရား)။

အဲဒါ အခု သေသေချာချာပဋိစ္စသမုပ္ပါဒ်ကိုလက်လောက်မြှ ဝေးမှန်း သိတယ်...(မှန်ပါ့) ကြည့်စမ်း... ဒါနဲ့ ဒုက္ခဉာဏ်နဲ့ ဝေးလိုက်တဲ့ ဖြစ်ခြင်း....(မှန်ပါ့) ဟင်....(ဝေးပါတယ်ဘုရား)။

ဘာပြုလို့တုံးဆိုတော့ ဟိုက သဒ္ဒါပြဌာန်းနေတယ်--(မှန်ပါ့ဘုရား)ဉာဏ်မပါပြန်တော့လဲ ကမ္မဿကတဉာဏ်လေးလောက်နဲ့ ပြဌာန်းနေတယ်....(မှန်ပါ့)သစ္စာနုလောမိကဉာဏ် ပါရဲ့လား....(မပါပါ)မပါဘူးတဲ့....။

အခုဟာက သစ္စာနဲ့ လျှော်တဲ့ဉာဏ်က ပါနေတယ်-(မှန်ပါ့) မရှင်းဘူးလား....(ရှင်းပါတယ်ဘုရား)။

တော်တော် နေရာကျကြပလားကွ....(မှန်ပါ့-ကျပါပြီဘုရား) ကိုယ့်ဟာ ကိုယ်ကောယုံကြည်ပလား... ( မှန်ပါ့-ယုံကြည်ပါပြီ ) မှန်ကော မမှန်သေးဘူးလား....(မှန်ပါတယ်ဘုရား)။

အင်မတန် မှန်တယ်ဆိုတာ ခင်ဗျားတို့လဲ မှတ်ဖြစ်အောင်မှတ်စမ်းပါ၊ ခင်ဗျားတို့ ဒီဘုန်းကြီးမျိုး သေသွားမယ်, ခင်ဗျားတို့လဲ ဒီအချိန် ဘုန်းကြီးဆီ မရောက်လာဘူးဆိုယင် သွားပြီ...(မှန်ပါ့)သွားပြီ.. ဒါ ကြားကို မကြားရတော့ဘူး။

မကြားရကတည်းက ဒုက္ခဉာဏ်လဲ မရှိ၊ ဒုက္ခဉာဏ်မှ မရှိဘဲနဲ့ ဦးမြမောင် ဒုက္ခနိရောဓဉာဏ်က လာပါ့မလား....(မလာပါဘုရား)။

ဘယ်တော့မှ နိဗ္ဗာန်တွေ့မှာ မဟုတ်တော့ပါဘူး....(မတွေ့ပါဘုရား) တွေ့ပါ့ဦးမလား....(မတွေ့ပါဘုရား)။

အဲဒီတော့ ဘယ်သူက ခင်ဗျားတို့ နိဗ္ဗာန်နီးပါပြီ....၊ မင်းတို့ဒါနရှင်ကြီး, သီလရှင်ကြီးလို့ ပြောချင်တိုင်းပြော....ဆိုချင်တိုင်းဆို၊ ဒါတော့ အယုံအကြည် မရှိပါဘူး၊ဒုက္ခဉာဏ်မှ မတွေ့ဘဲနဲ့ ဘယ်မှာ ဒုက္ခနိရောဓဉာဏ် အဝေးကြီး ကျန်သေးတာဘဲဆိုတာ ခင်ဗျားတို့ ဝမ်းထဲက-ထားပြီး ဆုံးဖြတ်ချက်ချ....(မှန်လှပါ)မဟုတ်ဘူးလား....(မှန်ပါ့)။

ကျောင်းကြီး, ကန်ကြီးတွေ့ဘုရားကြီးတွေ လုပ်ပြီးသကာလ နေကြတော့ ခင်ဗျားတို့ မသိခင်တုန်းကတော့ ဦးမြမောင်တို့က အင်း... နိဗ္ဗာန်အကျိုးလုပ်တဲ့ အထဲမတော့ကွာ....ဒီလူဟာ အမြင့်မြတ်ဆုံးပါဘဲ....(မှန်ပါ့)ကိုယ့်ဟာ ကိုယ် မသိချီးမွမ်း....ချီးမွမ်းနေတယ်....(မှန်ပါ့)။

အခုတော့ ဒီ ပါဠိတော် ကြည့်လိုက်တော့ ဒီ ဖြစ်စဉ် ကြည့်လိုက်တော့မှ အဝေးကြီးကျန်သေးတယ်....(မှန်ပါ့)မဝေးဘူးလား (ဝေးပါတယ်ဘုရား)။

ဒုက္ခဉာဏ် ရောက်ပလား မေးကြည့်ဦး... (မရောက်သေးပါဘုရား)ဒါဖြင့် ဘယ်....၊ ဒုက္ခဉာဏ်တောင် မရောက်သေးဘူး၊ ဒုက္ခဉာဏ်ပြီးမှ ဘာလိုက်ရမှာတုံး (ဒုက္ခနိရောဓဉာဏ်လိုက်ရမှာပါဘုရား)။

ကဲ....မောင်သစ် ဘယ်လောက်ဝေးတယ်ဆိုတာ ပေါ်ပလား- (ပေါ်ပါပြီ) ဒါကြောင့် ဒါနလုပ်တာလဲ ဒုက္ခနိရောဓဉာဏ် ရချင်လို့ လုပ်ဘာ....(မှန်ပါ)။

သူ့ကို မေးကြည့်၊ ဒါနရှင်ကို မေးကြည့်၊ ဘာရချင်သတုံး— မေးယင် ဒါ ဖြေမှာဘဲ....( မှန်ပါ )ဘာတဲ့တုံး....(ဒုက္ခနိရောဓဉာဏ်ပါဘုရား)။

သီလ ဆောက်တည်နေတဲ့ လူ .... ကျုပ်တော့ ဥပုသ်တော့ အပျက်မခံနိုင်ဘူးဗျာ...၊ အကျိုးကြီးတာဘဲ၊ နောက်ပြီးတော့ နိဗ္ဗာန်ရောက်ကြောင်းကလဲ ဒါဘဲ ရှိတာဘဲ၊ အဲဒီတော့ ကျုပ်တော့ ဒါတော့ အပျက်မခံနိုင်ဘူး၊ခင်ဗျားတို့ ကိစ္စတွေလဲ မကောင်းရာမကောင်းကြောင်း သွားဘို့လာဘို့တော့ ရှိပါရဲ့၊ ရှိပင် ရှိငြားသော်လဲ သည်းခံကြပေတော့၊ ဒီလိုက ကြီးလာလို့ သူကတော့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ အောက်မေ့နေတယ်....(မှန်ပါ)ဒုက္ခဉာဏ်ထဲကို မဝင်လာသေးဘူး....(မှန်ပါ) ဝင်ပလား....(မဝင်သေးပါဘုရား)။

မဝင်သေးဘူးဗျ၊ ဦးကျော်မောင် ဒီလို အဘိုးကြီးတွေကော မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ကဲ....ဒါဖြင့် သမထတွေ အမျိုးမျိုး အဖုံဖုံ လုပ်နေတာတွေ ကြည့်လိုက်ပြန်တော့လဲ ဒါဟာ သူ သမာဓိ အားကောင်းဘို့ လုပ်နေတာ၊ ပညာအားကောင်းဘို့ မပါသေးဘူး- (မှန်ပါ)မဟုတ်ဘူးလား....(မှန်ပါ)။

အဲဒီတော့ သူလဲ ဒုက္ခဉာဏ်ထဲ ရောက်ပလားမေးတော့ (မရောက်သေးပါ) မရောက်သေးဘူး၊ အဝေးကြီးကျန်သေးတယ် ဆုံးဖြတ်ချက်ချ....(မှန်ပါ)။

ကဲ....ဒါဖြင့် ဒီတကာတကာမတွေ ယနေ့ ဒုက္ခေဉာဏ် လုပ်နိုင်မှ ဒုက္ခနိရောဓဉာဏ်က နောက်က လိုက်မယ်....( မှန်ပါ ) ဒုက္ခေဉာဏ် မလုပ်နိုင်ယင် .... (ဒုက္ခနိရောဓဉာဏ် မလိုက်နိုင်ပါ ဘုရား)။

ကဲ....ဒါဖြင့် ဒီ့ပြင် အကြောင်းတွေဟာ ဘုန်းကြီးတို့ကပယ်တယ်လို့ မဆိုနဲ့၊ ဝေးသော အကြောင်းတွေ....(မှန်လှပါဘုရား)။

ဒါနကလဲ ဒုက္ခနိရောဓဉာဏ်ကို အဝေးက နေ ကျေးဇူးပြုတယ်....(မှန်ပါ) သီလကကော....(အဝေးက-နေ ကျေးဇူးပြုပါတယ်ဘုရား)သမထကကော....(အဝေးက-နေ ကျေးဇူးပြုပါတယ်ဘုရား)။

အဲ....ဝိပဿနာကမှ ဒုက္ခေဉာဏ် အစ-နေတယ်....( မှန်ပါ ) ဝိပဿနာဉာဏ်ကမှ....( ဒုက္ခေဉာဏ် အစပါဘုရား )ဖြစ်ပျက်ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)သိတာက....(မဂ္ဂသစ္စာပါ) ဉာဏ်မဟုတ်ဘူးလား....(မှန်ပါ)။

အဲဒီတော့ ဒုက္ခေဉာဏ်၊ ဒီမှာ....(မှန်ပါ) မပေါ်သေးဘူးလား... (ပေါ်ပါပြီ) ဒုက္ခေဉာဏ်ဆိုတာ ရှင်းသွားပြီ....(ရှင်းပါပြီဘုရား)။

ကဲ....ရှုပါများလာတော့ ဦးမြမောင်တို့....ဦးကျော်မောင်တို့ ဘာဖြစ်မယ် ထင်သတုံး.... ( ဒုက္ခနိရောဓဉာဏ် ဖြစ်ပါမယ်ဘုရား )။

ဒုက္ခနိရောဓဉာဏ်ဆိုတာ ဩော်....ဒုက္ခေဉာဏ် ရှေ့သွားရှိမှ ဒုက္ခနိရောဓဉာဏ်က နောက်က လိုက်တယ်....(မှန်ပါ) သူ မပါဘဲနဲ့(မလိုက်နိုင်ပါဘုရား)။

မလိုက်နိုင်တော့ ဩော်....နိဗ္ဗာန်ဆိုတာ ဉာဏ်စခန်းချည့်ပါလား... ဉာဏ်လမ်းချည့်ပါလား....(မှန်ပါ)ဘယ့်နှယ်ဆိုကြမယ်-- (နိဗ္ဗာန်ဆိုတာ ဉာဏ်လမ်းချည့်ပါဘုရား)။

ဉာဏ်လမ်းချည့်ဘဲလာတယ်....(မှန်ပါ) နိဗ္ဗာန်မြင်မည့်နေရာကျတော့ ဉာဏ်လမ်းချည့် လာတယ်.... ( မှန်ပါ ) မောင်သစ်သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါနက ပေးကမ်းစွန့်ကြဲမှုဘဲ၊ သီလကလဲ ကာယကံ ဝစီကံလုံဘို့ဘဲ၊ဉာဏ်ကမပါဘူး... (မှန်ပါ)မပါဘူးလား....(မပါ-ပါဘုရား) သမထက တည်ကြည်ဘို့ဘဲ၊ သမာဓိဘက်သွားတယ်.... (မှန်ပါ) ဉာဏ်လမ်းကို မပါဘူး၊ ပါကြရဲ့လား .... (မပါ-ပါဘုရား)။

အဲဒါကြောင့်သူတို့ကတော့ ဒါန,သီလ,သမထ,က ဒုက္ခေဉာဏ်ဖြစ်ဘို့ အဝေးက အားပေးတယ်.... ( မှန်ပါ )သဘောကျပလား .. (ကျပါပြီဘုရား)။

တိုက်ရိုက် အနီးဆုံးကတော့ဖြင့် ဖြစ်ပျက်မြင်တဲ့ ဉာဏ်လာမှ ဒုက္ခေဉာဏ်....(မှန်ပါ) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်မြင်တဲ့ ဉာဏ်ကမှ....(ဒုက္ခေဉာဏ်ပါ) ဒုက္ခေဉာဏ်ဆိုတာ သေချာပလား....( သေချာပါပြီ )ကဲ.... ဒါဖြင့် ဒုက္ခေဉာဏ်ရှိမှသာလျှင် ဒုက္ခနိရောဓေဉာဏ်- နောက်ကလိုက်နိုင်ပါတယ်....(မှန်ပါဘုရား)။

ဒုက္ခေဉာဏ်သည် ဝိပဿနာဉာဏ်... ( မှန်ပါ )ဒုက္ခနိရောဓေဉာဏ်သည် မဂ်ဉာဏ် . (မှန်ပါ)ပြန်ပြောကြစမ်း၊ ဒုက္ခေဉာဏ်သည် .. (ဝိပဿနာဉာဏ်ပါဘုရား)။

**အဲ** .... ခင်ဗျားတို့ ဖြစ်ပျက်ရှုနေတာ ဘာဉာဏ်ပါလိမ့်....(ဒုက္ခဉာဏ်ပါ)နောက် ရှုပါများလာတဲ့အခါ ဘာဖြစ်သတုံး (ဒုက္ခနိရောဓဉာဏ်ဖြစ်ပါတယ်)ဒုက္ခတွေ ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဘုရား)။

အဲ... ချုပ်သွားတဲ့အခါကျတော့ ဦးကျော်မောင် ဒုက္ခချုပ်ပလား၊ ခင်ဗျားရှုနေတာ မေးလိုက်တဲ့ အခါကျတော့ ဟာ.... ခဏဘဲ တပည့်တော် ဖြစ်ပျက်တွေ့တယ်ဘုရား၊ နောက်တွေ့ကို မတွေ့တော့ဘူး ဆိုလို့ ရှိယင် ဒုက္ခနိရောဓဉာဏ် ရောက်သွားပြီ (မှန်ပါ့)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အဲဒါ ဒီရောက်ဘို့ရာဟာ အနီးကလေးနဲ့ ခင်ဗျားတို့က တောင်လှည့်-မြောက်လှည့် နေတာနဲ့ ဘုရားဖူးလည်နေလို့ ဆို ရောက်ပြီ၊ ဘုရားဖူးလည်နေတာနဲ့ ဒါ မရောက်တော့ဘူး .... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘုရားဖူးလည်နေတော့ ငွေကကုန်၊ လူကပန်း၊ ဉာဏ်ကမပါ နိုင်....(မှန်ပါ့) ပါနိုင်သေးရဲ့လား....(မပါနိုင်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ဥစ္စာက ဘုရားဖူးမလည်နဲ့လို့ ပြောတာမဟုတ်ဘူး၊ ဝေးသောအကြောင်းနဲ့ နိဗ္ဗာန်ရှာနေတယ်၊ နီးသော အကြောင်းနဲ့ မရှာဘူး....( မှန်ပါ့ ) မဟုတ်ဘူးလား.... (မှန်ပါ့ဘုရား)။

အနီးနားရောက်တာကို ကောက်ယူရမည့်ဥစ္စာကို ဒုတ်ကြီးနဲ့ အဝေးကနေ လှမ်းကော်နေလို့ ရှိယင် တော်တော်နဲ့ ကိုယ့်နား ရောက်မှာမဟုတ်ဘူးကွ .... ( မရောက်ပါ ) ဒီလိုဖြစ်နေတယ်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ကို ဒုက္ခေဉာဏ် ဆိုတဲ့ဥစ္စာ ဦးမြမောင် တို့ကို အယင် ဘုန်းကြီးခိုင်းထားတဲ့ စိတ္တာနုပဿနာ....(မှန်ပါ)စိတ္တက စိတ်၊ အနုပဿနာက ရှုတာ....(မှန်ပါဘုရား)။

အဲဒါ စိတ်ဖြစ်ပျက်က ဒုက္ခနော်...( မှန်ပါ ) ဖြစ်ပျက်မြင်တာက ဉာဏ်....(မှန်ပါ)အဲဒီတော့ ဒုက္ခေဉာဏ် .... ( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

နောက် ဖြစ်ပျက်တွေ စိတ်တွေချုပ်သွားတော့ စိတ်နဲ့တွဲနေတဲ့ ရုပ်တွေကော ကျန်ရစ်သေးသလား....(မကျန်ရစ်တော့ပါဘုရား)။

အဲဒီတော့ ဒုက္ခတွေ အကုန်မချုပ်သေးဘူးလား.... (ချုပ်ပါတယ်)အဲဒီတော့ ဒုက္ခနိရောဓေဉာဏ် ဖြစ်သွားတယ်... (မှန်ပါ) နှစ်ဉာဏ်နဲ့တက်နိုင်တယ်၊ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

မောင်သစ်ဒီဥစ္စာ လင်းပါးစရာ လိုသေးသလား .... (မလိုတော့ပါ)အဲ....ပုဂ္ဂိုလ်အထူးကို ပြောလိုက်ပါတော့မယ်ဆိုတော့ ဒီနှစ်ဉာဏ်မရဘဲနဲ့ ဘုရားနဲ့ ပစ္စေကဗုဒ္ဓါ ချန်လှပ်၊ ကျန်တဲ့ ပုဂ္ဂိုလ်ဟာ ဒီနှစ်ဉာဏ်နဲ့ တက်ရမှာချည့်ဘဲ .... (မှန်ပါဘုရား)။

ဘုရားနဲ့ ပစ္စေကဗုဒ္ဓါချန်လှပ်၊ ကျန်တဲ့ပုဂ္ဂိုလ်ဖြင့် ဒီနှစ်ဉာဏ်နဲ့ တက်ရမှာဘဲ....(မှန်ပါဘုရား)။

ဘုရားနဲ့ ပစ္စေကဗုဒ္ဓါကတော့ကို .... တဲ့၊ သူတပါးတရားလဲ မနာရဘူး၊ သူတို့ဟာသူတို့ နှလုံးသွင်းသွားတာနဲ့ ပြီးသွားတာဘဲ· (မှန်ပါဘုရား)။

ဒီပြင်လူကတော့ ဒုက္ခေဉာဏ်ရှိမှ ဒုက္ခနိရောဓေဉာဏ် လာမယ်....(မှန်ပါ) ဒုက္ခေဉာဏ်က တရားနာရမှ ဒုက္ခေဉာဏ်ဖြစ်

မယ်....(မှန်ပါ့) နို့မဟုတ် ခန္ဓာဒုက္ခသစ္စာသိပါ့မလား .... (မသိနိုင်ပါဘုရား)။

မသိနိုင်ဘူးတဲ့၊ မသိနိုင်တော့ ခင်ဗျားတို့ စဉ်းစားကြည့်ပါလား၊ နေကောင်းရဲ့လား ဦးကျော်မောင်တို့၊ ဦးမြမောင်တို့ဆိုယင် နေကောင်းပါတယ် ဖြေရမှာဘဲ....(မှန်ပါ့ဘုရား)။

ဘာသစ္စာကြီး နေကောင်းတယ် ပြောနေတာတုံး .... (ဒုက္ခသစ္စာကြီး နေကောင်းတယ် ပြောနေတာပါ)ဩော်....ခင်ဗျားတို့ ရှော်ပါသေးတယ်ဟင်....( မှန်ပါ့ ) ဘယ့်နှယ်တုံး ဦးဘသန်း မရှော်ဘူးလား....(ရှော်ပါတယ်ဘုရား)။

နေကောင်းရဲ့လားလို့ ဆိုတော့ နေကောင်းပါတယ်၊ နေကောင်းလို့ လာနိုင်တာပေါ့ဘုရား၊ သွားနိုင်တာပေါ့ အစရှိသည်နဲ့ ဆိုတော့ ဒါက လောကီပြော ပြောကြွားသော်လဲ...တဲ့၊ တကယ်မသိပြော ပြောတဲ့လူက မောင်သစ် များလိမ့်မယ် ....(များပါတယ်ဘုရား)။

လောကီစိတ် ချမ်းသာအောင် ပြောကြွားသော်လဲ သိပြောလား၊ မသိပြောလားလို့ မေးလိုက်လို့ရှိယင်....(မသိပြော-ပြောတဲ့ လူကများပါတယ်ဘုရား)။

မသိပြော-ပြောတဲ့လူက များတော့ကိုတဲ့ ဒုက္ခေဉာဏ်ကို မရှိဘူး....(မှန်ပါ့)ရှိသေးရဲ့လား... (မရှိပါ)ဒါဖြင့် ဒုက္ခနိရောဓေဉာဏ် လာနိုင်ပါ့မလား....(မလာနိုင်ပါဘုရား)။

မလာနိုင်တော့ ဒီပုဂ္ဂိုလ်ဟာ နိဗ္ဗာန်နဲ့နီးပလား- ဝေးပလားလို့ ခင်ဗျားတို့ကဘဲ ဆုံးဖြတ်ချက်ချ... (ဝေးပါတယ်ဘုရား)။

အဲဒီတော့ နိဗ္ဗာန်ဟာ ဝေးလို့မရောက်တာလား- နီးလျက် သားနဲ့ မသိလို့မရောက်တာလားလို့ မေးယင် ဦးမြမောင် ဘယ့်နှယ်ဖြေမလဲ....(နီးလျက်သားနဲ့ မသိလို့ မရောက်တာပါ ဘုရား)။

ဒီခန္ဓာဘဲဒုက္ခ၊ ဒီခန္ဓာထဲရှိတဲ့ဉာဏ်က ဉာဏ်၊ ဒုက္ခေဉာဏ် ဒီအထဲမှာ....(မှန်ပါ) နောက်ကျတော့ ဒီခန္ဓာကြီးချုပ်သွား တော့ ဒီနေရာတွင် ချုပ်တာဘဲ.... (မှန်ပါ) ဒုက္ခနိရောဓေဉာဏ် ဆိုတာ ဒီနေရာဘဲရှိတယ်....(မှန်ပါဘုရား)။

ဒါကြောင့် နိဗ္ဗာန်ဟာ ခန္ဓာနဲ့စပ်နေတယ်လို့ နိဗ္ဗာနံခန္ဓ ပဋိဗဒ္ဓမေဝ၊ နိဗ္ဗာနံ=နိဗ္ဗာန်သည်၊ ခန္ဓပဋိဗဒ္ဓမေဝ= ခန္ဓာနဲ့တစပ် တည်းနေသည်သာလျှင်၊ ဟောတိ=ဖြစ်၏။

ခန္ဓာနဲ့စပ်နေတယ်၊ နိဗ္ဗာန်ဟာ မင်းတို့က အဝေးရှာယင် သိပ်လွဲတယ်.... (မှန်ပါ) ဒီဒုက္ခချုပ်သွားတဲ့နေရာ နိဗ္ဗာန်ပေါ် တော့ တစပ်တည်းမနေဘူးလား .... ( တစပ်တည်းနေပါတယ် ) မချုပ်သေးယင် သူမပေါ်သေးဘူး.... ( မှန်ပါ ) ချုပ်ယင်.... (ပေါ်မှာပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ခန္ဓာနဲ့တခြားစီလား ခန္ဓာနဲ့ စပ်နေသ လား....(ခန္ဓာနဲ့ စပ်နေပါတယ်ဘုရား)ဒါဖြင့် နိဗ္ဗာန်ဟာ ဝေး သလား... နီးသလား....(နီးပါတယ်ဘုရား)။

ဟာ... နီးပြီးတော့ ခင်ဗျားတို့ ဘယ့်နှယ်ကြောင့် မရောက် ပါလိမ့်မတုံးဆိုတော့ ဒုက္ခေ ဉာဏံ စ-မတွေ့လို့....(မှန်ပါ)ဒုက္ခ နိရောဓေ ဉာဏံက ရှောင်နေတာ.... (မှန်ပါ) ဒုက္ခေဉာဏံ တွေ့သွားယင် ဒုက္ခနိရောဓေဉာဏံဟာ သေသေ ချာချာတွေ့

တယ်...(မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီ) သဘောပါ ပြီနော်...(ပါပါပြီ)။

အဲ....ဒီနေ့ ဘယ်နှစ်ဉာဏ်ဟောသတုံး....(နှစ်ဉာဏ် ဟောပါ တယ်ဘုရား)။

နှစ်ဉာဏ် ဟောတော့ကို ခင်ဗျားတို့ အခု လုပ်နေတာ ဘယ်ဉာဏ်တုံး.... (ဒုက္ခဉာဏ်ပါဘုရား) သူရင့်ကျက်လာယင် ဘယ်ဉာဏ်ဖြစ်မယ်....(ဒုက္ခနိရောဓ ဉာဏ်ပါဘုရား)အဲ....ဒုက္ခ နိရောဓဉာဏ် ဖြစ်မှာဘဲတဲ့။

ဒုက္ခဉာဏ်တုန်းကလဲ ဒီ ခန္ဓာရှုရတယ်.... ( မှန်လှပါ ဘုရား)။

ဒုက္ခနိရောဓဉာဏ် ကျတော့လဲ ဒီခန္ဓာ ပျောက်တဲ့နေရာ နိဗ္ဗာန်ရောက်နေတာဘဲ....(မှန်ပါ) သဘောပါပလား....(ပါပါ ပြီဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု...သာဓု...သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော်မူသော

( ယမက ရဟန်းဝတ္ထု )

# ညအလုပ်ပေး-တရားတော်

( ၁၁ - ၉ - ၆၂ )

ကဲ....တရားနာကြ၊ ဝိပဿနာ အားထုတ်တဲ့ ပုဂ္ဂိုလ်များဟာ ဘယ်အကျိုးငှာ အားထုတ်တာတုံးလို့ မေးလို့ရှိယင်ဖြင့် ဒုက္ခ ဟူသမျှတို့ ချုပ်ငြိမ်းရအောင်လို့ အားထုတ်တယ်ဆိုတဲ့ ရည်ရွယ် ချက်ဟာ အကောင်းဆုံး ရည်ရွယ်ချက်ဘဲ၊ အမှန်လဲ အမှန်ဆုံး ဘဲလို့ မှတ်ရမယ်....(မှန်ပါ)။

ဝိပဿနာ အားထုတ်ကြတာသည် တကာ တကာမတို့.... ဒုက္ခဟူသမျှ အကုန်ချုပ်ပျောက်ပြီးသကာလ သွားကြဘို့အလုပ် ကို ရည်ရွယ်ချက်ထားတာသည် ကောင်းလဲ အကောင်းဆုံးဘဲ.... မှန်လဲ အမှန်ဆုံးဘဲလို့ ဆုံးဖြတ်ချက် ချပါ.... ( မှန်လှပါ ဘုရား)။

ဘာ့ကြောင့် အကောင်းလဲ အကောင်းဆုံး အမှန်လဲ အမှန် ဆုံးလို့ဆိုတော့ နိဗ္ဗာန်ဆိုတာကို ခင်ဗျားတို့ ရှုပ်နေတယ်.... (မှန်ပါ)။

နိဗ္ဗာန်ဆိုတာက ဘာမှန်းမသိဘူး၊ နိဗ္ဗာန်ဆိုတာ ငြိမ်းအေးတာဘဲ၊ ဒါလောက်ဘဲ သိနေတော့ တယ်မရှင်းလှဘူး၊ ကိုယ်ကိုယ်တိုင် တွေ့တာ...တဲ့၊ ပဋိသန္ဓေနေခြင်းဒုက္ခ၊ အိုခြင်းဒုက္ခ၊ နာခြင်းဒုက္ခ, သေခြင်းဒုက္ခ, မွဲခြင်းဒုက္ခ, ကွဲခြင်း ဒုက္ခတွေနဲ့ အမျိုးမျိုး ကြုံပြီးသကာလ လာရတဲ့အတွက် ဒီဒုက္ခဟူသရွေ့ဘာမှ မရှိဘူး....(မှန်ပါ့)။

ခန္ဓာကိုယ် အနာပေါက်တဲ့ဒုက္ခ, ကိုးဆယ့် ခြောက်ပါးနိုပ်စပ်တဲ့ဒုက္ခ ဒါတွေမရှိတာမှ နိဗ္ဗာန်....လို့ ဆိုတဲ့ဥစ္စာကို တကာတကာမတွေ စောစောစီးစီး သိထားကြမှသာလျှင် ဝိပဿနာအလုပ်ဟာ အဲဒီ့ ဒုက္ခချုပ်အောင်လုပ်တဲ့ အလုပ်ဟာ ဝိပဿနာအလုပ်လို့ မှတ်ထားကြစမ်းပါ....(မှန်ပါ့)။

ဝိပဿနာအလုပ်ဆိုတာ တကာတကာမတို့မှတ်ထားပါ ဒုက္ခချုပ်တဲ့အလုပ်ကို လုပ်နေတာ ဝိပဿနာအလုပ်...(မှန်ပါ့) ဒုက္ခချုပ်တာကို တိုတိုခေါ်ချင်တော့ နိဗ္ဗာန်၊ ရှည်ရှည် ခေါ်ချင်တော့ နိဗ္ဗာန်ဆိုတာ တခြားမဟုတ်ပါဘူး၊ ဒုက္ခတွေ ဟူသရွေ့ချုပ်ငြိမ်း ရုပ်သိမ်းတာကို ဆိုပါတယ်....(မှန်ပါ့)။

အဲဒီတော့ ဒုက္ခချုပ်ငြိမ်းရုပ်သိမ်းသွားတယ်ဆိုတော့ တကာတကာမတွေ မှတ်ဘို့ရာက လူတဦးတယောက်မှာ တကိုယ်လုံးကျောက်တွေ ပေါက်နေတယ်လို့ ဆိုကြပါစို့.... ( မှန်လှပါဘုရား )။

တကိုယ်လုံး ကျောက်တွေ ပေါက်ပြီးသကာလ နေကြတော့ ရောဂါရှင်မှာ ဘယ်ဟာ အလိုရှိဆုံးတုံးလို့ မေးလို့ရှိယင်ဖြင့် မစားရချင်နေပါစေ၊ မဝတ်ရချင်နေပါစေ၊ ဒါပျောက်ရင်ကြိုက်

ပါပြီ....(မှန်ပါ့) ဒါ... အလိုရှိဆုံးအချက်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ)။

ထို့အတူဘဲတဲ့ အားလုံး တကာ တကာမတွေမှာ ဒုက္ခဟာ တကိုယ်လုံးဟာ အနာပြည့်နေအောင် ပေါက်နေတဲ့ ခန္ဓာကိုယ်ကြီးဘဲ.... (မှန်ပါ့) ဘယ်နေရာမှ အနာမလွတ်ဘူး....(မှန်လှပါဘုရား)။

အဲဒီ့ ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီး ချုပ်သွားတဲ့သစ္စာဟာနိဗ္ဗာန် လို့မှတ်ပါ....(မှန်ပါ့)။

ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးချုပ်၊ ရုပ်ထဲက ဥပမာ ဒုက္ခတွေ အကုန်ချုပ်သွားတယ်ဆိုတော့ ရုပ်ခန္ဓာ၊နာမ်ခန္ဓာတွေ ချုပ်သွားတယ်....(မှန်ပါ့) ရုပ်ခန္ဓာ နာမ်ခန္ဓာချုပ်သွားတာကို တိုတိုပြောတော့ နိဗ္ဗာန်လို့ ခေါ်တယ်၊ ရှည်ရှည်ပြောတော့ ရုပ်ခန္ဓာနာမ်ခန္ဓာချုပ်တယ်.... (မှန်ပါ့)။

ရုပ်ခန္ဓာ, နာမ်ခန္ဓာက ဘယ်အချိန် ဘယ်ကာလမှ မနှိပ်စက်တဲ့အချိန် အနာမပေါက်တဲ့အချိန် ရောဂါ ကင်းတဲ့အချိန် မရှိပါဘူး....(မှန်ပါ့)။

အဲဒါ ရုပ်ခန္ဓာ, နာမ်ခန္ဓာချုပ်သွားတာ ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား) တိုတိုခေါ်တော့ နိဗ္ဗာန်၊ ရှည်ရှည်ခေါ်တော့ ရုပ်ခန္ဓာ နာမ်ခန္ဓာချုပ်တာ ...(မှန်ပါ့)။

ရှည်ရှည်ခေါ်တော့... (ရုပ်ခန္ဓာ နာမ်ခန္ဓာ ချုပ်တာပါဘုရား) ရုပ်ခန္ဓာ နာမ်ခန္ဓာချုပ်တာနိဗ္ဗာန်လို့ မှတ်ထားလိုက်စမ်းပါနော်....(မှန်ပါ့)။

ကောင်းပြီ... ဒါဖြင့် နိဗ္ဗာန်ဆိုတာ တခြားလား၊ ရုပ်ခန္ဓာ နာမ်ခန္ဓာချုပ်တာလားမေးယင် ဘယ့်နှယ် ဖြေမယ်.... (ရုပ်ခန္ဓာ နာမ်ခန္ဓာ ချုပ်တာပါဘုရား)။

ရုပ်ခန္ဓာ နာမ်ခန္ဓာ ချုပ်တာ နိဗ္ဗာန်လို့ မှတ်တော့ အို.... ကျုပ်တို့ နိဗ္ဗာန်ကြီးရတာ နာမ်နဲ့ သိနေရတာ နာမ်နဲ့ သွားနေရတာ၊ ဒါမရှိယင် ဘယ့်နှယ်လုပ်မတုံးဆိုတဲ့ စိတ်လဲ ပေါ်ချင်လဲ ပေါ်လာတတ်တယ်... (မှန်ပါ့)။

ပေါ်ချင်လဲ ပေါ်လာတတ်တယ်၊ ရုပ်နဲ့ သွားလာနေရတယ်၊ နာမ်နဲ့ သိမှတ်နေရတာ၊ ဒါမှ မရှိလို့ရှိယင်ဖြင့် ဘယ်လိုများနေမတုံး....ဆိုတော့ အို....ဒါကို ဒုက္ခသစ္စာ မသိသေးလို့ရှိယင်ဖြင့် မချုပ်ချင်သေးတဲ့သဘောနဲ့ မေးတာဘဲ.... (မှန်ပါ့)ဒါကို ဒုက္ခသစ္စာသိသွားတဲ့အခါကျတော့ ဩော်....ဒီဒုက္ခ မရှိလို့ရှိယင်ဖြင့် အနာပေါက်တဲ့ပုဂ္ဂိုလ် အနာပျောက်တာနဲ့ နေရုံဘဲဆိုတာပေါ်လာတယ်....(မှန်ပါ့)။

အနာပေါက်တဲ့ပုဂ္ဂိုလ်ဟာ.... (အနာပျောက်တာနဲ့ နေရုံပါဘဲဘုရား) အဲ... အနာပျောက်တာနဲ့ နေရုံဘဲဆိုတော့ ပေါက်တုန်းက နေရတာနဲ့ ပျောက်ပြီး နေရတာနဲ့ဟာ ထူးခြားပါတယ်... (မှန်ပါ့ဘုရား) မခြားဘူးလား.... (ခြားပါတယ်ဘုရား) အင်မတန် ထူးခြားပါတယ်ဆိုတာ တကာ တကာမတွေ မှတ်ထားပါ၊ အဲဒါနိဗ္ဗာန်ဆိုတာ ခန္ဓာကိုယ် ဒုက္ခသစ္စာကြီး အနာတွေ တကိုယ်လုံး အပြည့်အနှက်ရှိတာ၊ အဲဒါတွေ ချုပ်ပျောက်သွားဘာကို နိဗ္ဗာန်လို့ ခေါ်ပါတယ်... ဆိုတော့ဒုက္ခသစ္စာသိမှ နိဗ္ဗာန်ကို သဘောကျမယ်....(မှန်ပါ့) နိဗ္ဗာန် မသိဘဲနဲ့ နေပြန်တော့လဲ ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါတယ်....(မှန်ပါ့ဘုရား)။

နိဗ္ဗာန်မသိယင်.... (ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား) အဲ.... နိဗ္ဗာန်မသိယင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်ဆိုတာ တကာတကာမတွေ မှတ်ထားကြပါ....(မှန်ပါ)။

နိဗ္ဗာန်ဆိုတာ ရုပ်လဲမရှိဘူး၊ နာမ်လဲမရှိဘူးဆို ဟာသာဟင်းလင်းကြီး ဖြစ်သွားလိမ့်မယ်....(မှန်ပါ) မဟုတ်ပါဘူးတဲ့၊ ရုပ်နာမ်က ဘာသစ္စာတုံး .. (ဒုက္ခသစ္စာပါဘုရား) ရုပ်နာမ်က ဒုက္ခသစ္စာဖြစ်နေတော့ ရုပ်တွေနာမ်တွေ မလိုချင်တဲ့ဉာဏ်လာတော့ အကုန်ချုပ်သွားတာဘဲ၊ ချုပ်သွားတော့ ဒုက္ခတွေသာချုပ်သွားတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား) သုခကဖြင့် တကယ်ကျန်ရစ်တယ်၊ သုခအစားထိုးလာတယ်လို့ မှတ်လိုက်စမ်းပါ... (မှန်လှပါဘုရား)။

ဒါဖြင့် ဒုက္ခတွေချုပ်၍ သုခပေါ်လာတာကို ဘာခေါ်ကြမယ်....(နိဗ္ဗာန်လို့ ခေါ်ပါမယ်ဘုရား) နိဗ္ဗာန်လို့ ခေါ်တယ်လို့ မှတ်ထားပါ၊ ဒုက္ခတွေကလဲ ချုပ်သွားလိမ့်မယ်....(မှန်ပါဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ တရားဟောရတာ မလွယ်ဘူးဆိုတာ မှတ်ထားစမ်းပါ... (မှန်ပါ) ဘာဖြစ်လို့ မလွယ်ပါလိမ့်မလဲလို့ မေးကြတဲ့အခါကျတော့မှ ဒုက္ခမှန်းကိုမသိလို့ခက်နေတာ....(မှန်ပါ)။

ဒုက္ခသစ္စာကို....(ဒုက္ခမှန်းမသိပါဘုရား) အေး....ဒါကြောင့် ဒုက္ခသစ္စာသိမှ ချုပ်ချင်တဲ့ နိရောဓသစ္စာကို တောင်းတမှာ.... (မှန်ပါ၊ ဒုက္ခသစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကို တောင်းတပါတယ် ဆိုငြားသော်လဲ ပြောသံကြားနဲ့ တောင်းတ

တာလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ) တကယ်လိုချင် တကယ် နှစ်သက်တာ ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

အဲဒါကြောင့် ဒုက္ခသစ္စာသိမှုကိုလဲ ဘုန်းကြီးတို့ တကာ တကာမတွေ အရေးတကြီး မှတ်ရလိမ့်မယ်လို့ ဆိုတာ သတိထား ပါနော်.... (မှန်ပါ)။

ကဲ....ဒါဖြင့် ပြောကြပါစို့....တဲ့ ရဟန္တာဆိုတာ ခင်ဗျား တို့ စာထဲမှာ တွေ့ဘူးပါတယ်နော်....(မှန်ပါ) ရဟန္တာသေတော့ ဘယ်များကြွသွားသတုံးလို့ ဦးအောင်ဇေယျတို့ မေးရလိမ့်မယ် နော်... (မှန်ပါ)။

ရဟန္တာသေတော့ ဘယ်များကြွသွားသတုံးလို့ မေးတဲ့အခါ ကျတော့ ရဟန္တာကလဲ နဂိုရ်က ရဟန္တာမှမရှိဘဲ.... (မှန်လှပါ) ရဟန္တာကနဂိုရ်က ရဟန္တာရယ်လို့ မရှိပါဘူး၊ ဖြစ်ပျက် ဒုက္ခ သစ္စာတွေဘဲရှိတယ်....(မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ) အဲဒီ တော့ ဘယ်ကြွသွားစရာလိုသေးသလဲ....(မလိုပါဘုရား) နဂိုရ်က ရဟန္တာမှမရှိဘဲ... (မှန်ပါ)။

ရဟန္တာမရှိတော့ ရဟန္တာများ ပရိနိဗ္ဗာန်စံတဲ့အခါကျတော့ ဘယ်ကြွသွားပါလိမ့်မလဲဆိုတဲ့မေးခွန်းကို မေးနေစရာမလိုဘူး.... (မလိုပါဘုရား) လိုသေးသလား....(မလိုပါဘုရား)။

ဘာ့ကြောင့် မလိုပါလိမ့်မတုံးလို့ ဦးမြမောင်တို့ မေးမယ်၊ ဦးကျော်မောင်တို့ မေးမယ်၊ ဘယ့်နှယ်ဖြေကြမလဲ.... (ရဟန္တာ မရှိလို့ပါဘုရား) နဂိုရ်ကမှ ရဟန္တာမရှိဘဲ.... (မှန်ပါ)မှတ်ထား လိုက်တော့၊ ရဟန္တာမရှိယင် ဘာရှိသတုံး.... အို....ဒုက္ခသစ္စာ တရားရှိတယ်.... (မှန်ပါ) မရှိဘူးလား.... (ရှိပါတယ်ဘုရား)

မသေခင်က ဘာရှိသတုံးမေးယင် ဘယ့်နှယ်ဖြေကြမလဲ(ဒုက္ခသစ္စာတရားဘဲ ရှိပါတယ်ဘုရား)။

ဒါဖြင့် ခုတဇောခါတ်လောင်တော့ ဒုက္ခသစ္စာတွေ အကုန်ချုပ်ငြိမ်း ရုပ်သိမ်းသွားတဲ့အခါကျတော့ ဩော်.... သူသုခဖြစ်သွားပြီ၊ ဒုက္ခချုပ်လို့ သုခချမ်းသာနဲ့ နေပေါ့....ဆိုတာတော့ ခင်ဗျားတို့က ဆုံးဖြတ်ချက်ချရမယ်....(မှန်ပါ)။

ဒုက္ခချုပ်သွားပြီး သုခနဲ့နေပေါ့ဆိုတာသာ ဆုံးဖြတ်ချက်ချပါလို့ သတိပေးလိုက်တယ် .. (မှန်ပါ) ရှင်းပြီနော် ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဒုက္ခချုပ်ပြီးသကာလ သုခကိုနိဗ္ဗာန်ခေါ်တယ်... (မှန်ပါ) ဒုက္ခချုပ်ပြီးသကာလ.... (သုခကို နိဗ္ဗာန်ခေါ်ပါတယ်ဘုရား) သုခကို နိဗ္ဗာန်လို့ ခေါ်တယ်လို့ တကာတကာမတွေက မှတ်ထားလိုက်တော့မှ ဩော်.... နိဗ္ဗာန်ဆိုတာ တခြားလားမှတ်တယ်၊ ဒို့ — ခန္ဓာချုပ်ယင် ခန္ဓာက ဒုက္ခသစ္စာ ဒီဒုက္ခသစ္စာ ချုပ်သွားတာကို နိဗ္ဗာန်ခေါ်တာကိုး.... (မှန်ပါ) ပေါ်ပလား .. (ပေါ်ပါပြီ)။

ဒီဒုက္ခသစ္စာချုပ်သွားတာကို.... (နိဗ္ဗာန်ခေါ်ပါတယ်ဘုရား) မယုံယင်တော့တကာတကာမတွေအလုပ်လုပ်ကြည့်လိုက်တာပေါ့ တပည့်တော် နားမလည်သေးဘူး၊ နားမလည်သေးယင်-ဘုန်းကြီးပေးတဲ့နည်းနဲ့ အလုပ်လုပ်ကြည့်၊ ဒုက္ခချုပ်သွားတဲ့အခါ မြင်ရလိမ့်မယ်....(မှန်ပါ) ကိုယ်တိုင် ခံစားရလိမ့်မယ်....(မှန်ပါ)။

ဒါဖြင့် အလုပ်ကိုသာလုပ်လို့ ဦးမြမောင်တို့ အခုအားလုံးတရားနာကြတဲ့ အားထုတ်နေကြတဲ့ တကာ တကာမတွေကိုတိုက်တွန်းရတယ်....(မှန်ပါ) တိုက်တွန်းရတယ်။

ကိုင်း....ဒါဖြင့် ပြောကြပါစို့တဲ့*၊ သာဝတ္ထိပြည်မှာ အရှင်သာရိပုတ္တရာ သီတင်းသုံးနေတယ်၊ အရှင်သာရိပုတ္တရာ သီတင်းသုံးနေတော့ ယမက.. ဆိုတဲ့ရဟန်း ရှိပါတယ်၊ ယမက....ဆိုတဲ့ ရဟန်းက ဘုရားဆီသွားပြီး တရားနာတယ်၊ ဘုရားဆီသွား တရားနာတော့ သူ....ဘယ်တရား နာရသတုံးဆိုတော့ ဇာတ်ပေါင်းကို သူသွားနာရတယ်၊ မဟောသဓာ၊ ဝိဒူရပညာရှိ၊ သေနကပညာရှိ၊ မဟာဇနက္ကမင်းကြီး ဖြစ်ခဲ့ဘူးပြီ၊ ဝေဿန္တရာကနေ တုသိတာနတ်ပြည်၊တုသိတာနတ်ပြည်ကမှ ငါးဆင်းပြီး ဘုရားဖြစ်လာတယ်၊ သူက ဒီတရားနာရတာကိုး... (မှန်ပါ့)။

ယမက.... ဘုရားဟောတော်မူသော ဒီတရား နာရပါတယ်.... (မှန်ပါ့) ဒီတရားနာရတော့ ဩော်.... သူ့စိတ်ထဲ ယမက-က ဖေါက်ပြန်တယ်၊ ချုပ်နာမ်ဟာ ရုပ်သာလဲသွားတယ်၊ ရုပ်နဲ့နာမ် သာလဲသွားတယ်၊ နာမ်ထဲက ဝိညာဏ်ကတော့ ဟိုဘုံပြောင်း ဒီဘုံပြောင်း ပြောင်းနေတာကိုး....(မှန်ပါ့) သူက ဒီလို ယူပစ်လိုက်တယ်။

မောင်သစ် ဝိညာဏ်ကတော့ဘာတဲ့.... (ဟိုဘုံပြောင်း ဒီဘုံပြောင်းပါသတဲ့ဘုရား) ဟိုဘုံပြောင်း ဒီဘုံပြောင်းပြီး သွားတာဘဲကိုး.... ဒါ့ကြောင့် ဘုရားဖြစ်လာတာ၊ စီရိယက ဘုရားဖြစ်လာတာ၊ ဝိညာဏ်ကလေးကတော့ ဒီဝိညာဏ်ကလေးဘဲကိုး.... (မှန်ပါ့) ဒီလိုဆိုတော့ 'ဝိညာဏံ အတ္တတော သမနုပဿတိ' သွားဖြစ်တယ်... (မှန်ပါ့)။

---

* မူလပဏ္ဏာသ အဋ္ဌကထာ ဒု၊ စာပိုဒ် ၃၉၆။ ဆဋ္ဌမူ စာမျက်နှာ ၂၀၂။

ဝိညာဏံ=ဝိညာဏ်ကို၊ အတ္တဘော-ဒါဟူ၍၊ (ဝါ) ခိုင်၏ဟူ၍၊ သမနုပဿတိ- ရှု၏....(မှန်ပါ) သက္ကာယဒိဋ္ဌိဖြစ်သွားပြီ ... (ဖြစ်သွားပါပြီဘုရား)။

အဲဒီ သက္ကာယဒိဋ္ဌိ သွားပြီးသကာလ ဖြစ်နေဘော့ သူက ဘုရား တရားဟောတဲ့ဆီက ပြန်ပြီးသကာလသာတော့ ဩဪ ... ပရိနိဗ္ဗာန်စံတယ်ဆိုတာကတော့ဖြင့် ဒီဝိညာဏ် ချုပ်သွားတာ ဘာမှမရှိတာကို ဆိုဘာကိုး....(မှန်ပါ) အားလုံးသောပုဂ္ဂိုလ်တို့ ဝိညာဏ်ကလေးဟာ ဟိုခန္ဓာထဲဝင်အောင်း ဒီခန္ဓာထဲဝင်အောင်း နေတာကိုး၊ နောက် ပရိနိဗ္ဗာန်စံဘာယ်ဆိုတာကတော့ ဒီဝိညာဏ်ကလေး ချုပ်ပြီး ဘာမှမရှိတာ ဆိုဘာဘဲ.... (မှန်ပါ) ဒီလို နှစ်ချက်ကိုယူတာ....(မှန်ပါ)။

နှစ်ချက်ယူတယ်၊ သဿတရော, ဥစ္ဆေဒရော ယူဘာယ်.... (မှန်ပါ) နောက်က တဘာဘာဘာမဘွေ ဘာသ်လို ယူသဘုံး.... (နှစ်ချက်ယူပါတယ်ဘုရား) သဿတရော, ဥစ္ဆေဒရော ယူလိုက် တယ်နော်.... (မှန်ပါ) ဝိညာဏ်ကလေးဟာ ဟိုဘုံပြောင်း ဒီဘုံပြောင်း ဆိုယင်ဘာတုံး....(သဿတဒိဋ္ဌိပါဘုရား) နောက် ရဟန္တာဖြစ်သွားပြီးသည် အခြားမဲ့၌တော့ ဝိညာဏ်ရော ဘာရော အကုန်ချုပ်သွားတာဘဲ၊ ဘာမှ မဖြစ်တော့ဘူးဆိုတော့ ဘာယူလိုက်သတုံး... (ဥစ္ဆေဒယူပါတယ်ဘုရား) သူက ဒီနှစ်ခု စလုံးယူတယ် .. (မှန်ပါ)။

နိဗ္ဗာန် မရောက်ခင် သဿတဒိဋ္ဌိ....(မှန်ပါ) နိဗ္ဗာန်ကိုတော့ သူက ဥစ္ဆေဒဒိဋ္ဌိ ...(မှန်ပါ) နိဗ္ဗာန်မရောက်ခင်ဘော့ (သဿတ ဒိဋ္ဌိပါဘုရား) နိဗ္ဗာန်ရောက်သွားတဲ့ အခါကျတော့ ... (ဥစ္ဆေဒ ဒိဋ္ဌိပါဘုရား)။

ဟာ.... ဦးကျော်မောင်တို့ ယမက....ဆိုတဲ့ ရဟန်းဟာမလွယ်ပါဘူး... (မှန်ပါ့ဘုရား)ရှင်တုန်းကို သဿတ၊သေတော့ ဥစ္ဆေဒ ယူလိုက်တယ်....(မှန်ပါ့) အင်မတန် မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

အဲဒီတော့ ဒိဋ္ဌိရှိနေလို့ ရှိယင်ဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ရနိုင်ကြပါ့မလား.... (မရနိုင်ပါဘုရား) မရနိုင်ဘူး။

ဒိဋ္ဌိရှိနေယင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရနိုင်ဘူးတဲ့၊ ဒိဋ္ဌိဟာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တားမြစ်တဲ့ တရားလို့ ဦးအောင်ဇေဝတို့ မှတ်ထားပါ.... (မှန်ပါ့ဘုရား) သက္ကာယဒိဋ္ဌိဖြစ်ဖြစ်၊ သဿတ ဖြစ်ဖြစ်၊ သက္ကာယဒိဋ္ဌိက ပြားလာတဲ့ သဿတဒိဋ္ဌိ၊ သက္ကာယ ဒိဋ္ဌိက ပြားလာတဲ့ ဥစ္ဆေဒဒိဋ္ဌိ၊ သဘောကျပလား....(မှန်လှပါဘုရား)။

ဒါဖြင့် သက္ကာယဒိဋ္ဌိက ကြီးကျယ်လာယင် သဿတဒိဋ္ဌိဘဲ.... ( မှန်ပါ့ ) သက္ကာယဒိဋ္ဌိ ကြီးကျယ်လာယင် ဥစ္ဆေဒ....(မှန်ပါ့-ဥစ္ဆေဒပါဘုရား) ဒိဋ္ဌိဖြစ်တယ်လို့ မှတ်ထားစမ်းပါ။

ဝိညာဏ်ကလေးတခုတည်း သွားနေတယ်၊ ဘုံဘဝတွေ လှည့်ပတ်ပြေးနေတယ်ဆိုယင် ဘာဒိဋ္ဌိတုံး....(သဿတဒိဋ္ဌိပါ ဘုရား)။

နောက်ကျတော့ သူ ရဟန္တာဖြစ်ပြီးသကာလ ဝိညာဏ်ပါ ချုပ်ပြီး ဟိုဘက် ဘာမှ မလည်နိုင် ...မသွားနိုင်တော့ဘူးဆိုတာ က .. (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

အဲ ယမက မထေရ် ဒီ ဒိဋ္ဌိအယူ ရှိတယ် .... (မှန်ပါ့ဘုရား) အဲဒီတော့ ... ဒီ ဒိဋ္ဌိအယူနဲ့ .... သူ ယူ ပြီး သကာလ လာခဲ့ တယ်၊ နောက်ကျတော့ ရဟန်းတွေ သူနဲ့ တွေ့တဲ့ မိတ်ဆွေတွေ ကျတော့ သူ ပြောတယ်....(မှန်ပါ့)။

ဘုရားဟောတော်မူတာ သူ သိပြီတဲ့၊ ဘုရားဟောတာ သူ သိပါတယ်တဲ့….၊ ရဟန္တာများ သေယင် ဘာမှ မဖြစ်တာ နိဗ္ဗာန်ခေါ်တာဘဲတဲ့… (မှန်ပါ့)။

ရဟန္တာများသေသွားယင် နောက် ဘာမှ မဖြစ်တာကို…. (နိဗ္ဗာန်ခေါ်ပါတယ် ဘုရား) ဘာမှ မဖြစ်ဘူးဆိုတော့ ရုပ်လဲ မပေါ်ဘူး၊ နာမ်လဲ မပေါ်ဘူး၊ ချမ်းသာသုခလဲ မပေါ်ဘူး၊ ဘာမှ မရှိတာကို သူက နိဗ္ဗာန်ယူနေတယ်၊ရှင်းပလား….(ရှင်းပါပြီဘုရား)။

ဒါဖြင့် သူ ဘာဒိဋ္ဌိ အားကြီးစွဲလိုက်သလဲ …. (ဥစ္ဆေဒဒိဋ္ဌိ အားကြီးစွဲလိုက်ပါတယ်)ဥစ္ဆေဒဒိဋ္ဌိ အားကြီးစွဲလိုက်တယ်လို့…. တကာတကာမတွေ မှတ်ထားပါနော်….(မှန်ပါ့)။

ဒါနဲ့ သေးက ရဟန်းတွေက ပြောကြတယ်၊ ရှင်ယမက…. ဘုရားဟောတော်မူတာ ဒီလိုမဟုတ်ပါဘူး၊ မင်းဟာ ဥစ္ဆေဒဒိဋ္ဌိ ကြီးပါကွ ၊ ရဟန္တာသေယင် ဘာမှ မဖြစ်တော့ဘူး ယူခဲ့ယင် မင့်ဟာ ဘယ်ဟုတ်ရမတုံးကွ….ဆိုတော့ ရဟန္တာလဲ မရှိဘဲနဲ့…. မင့်ဟာက သေတယ်လဲ ယူလိုက်သေးတယ် သဿတနဲ့.. (မှန်ပါ့) နောက် ရဟန္တာသေတော့လဲ ဘာမှ မဖြစ်တော့ဘူးလို့ ယူလိုက်သေးတယ်ဆိုတာလဲ ဥစ္ဆေဒဘဲ….(မှန်ပါ့)။

ဒိဋ္ဌိနှစ်ခုနဲ့ မင်း နေတဲ့ဥစ္စာကွာ….ဘုရားလဲ ဒီလို မဟောပါဘူး၊ ဘုရားဟာ မကောင်းသဖြင့် ဒီလို ဟောတယ်လို့ မင်းက မစွပ်စွဲလိုက်ပါနဲ့လို့ သေးက ရဟန်းတွေက ပြောကြတယ်…. (မှန်ပါ့)။

ပြောပေမဲ့ ဘုရားဟောတော်မူတာ ဒီအတိုင်းဘဲတဲ့၊သူတော့

ဒီအယူ မစွန့်နိုင်ဘူးတဲ့၊ သဘောကျပလား....(ကျပါပြီ) စွန့်သေး ရဲ့လား....(မစွန့်ပါဘုရား)။

ဒီအယူ မစွန့်တော့ဘူးတဲ့၊ တကာတကာမတို့ ဘာဒိဋ္ဌိ ယူထား သတုံး....(သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိနှစ်ခုယူထားပါတယ်) နှစ်ခုစလုံး ယူတယ်၊ ရှင်တုန်းကို....(သဿတဒိဋ္ဌိ ယူပါတယ်ဘုရား) ရဟန္တာ သေတော့ကို.. (ဥစ္ဆေဒဒိဋ္ဌိ ယူပါတယ်ဘုရား)။

အဲဒီတော့ကို ပဋိစ္စသမုပ္ပါဒ် ကြည့်ကြတဲ့....၊ တကာတကာမ တွေ ရှင်းပေးမယ်၊ ဥပမာမယ် ဒီဥစ္စာဟာ ရဟန္တာလဲ ဒီ ခန္ဓာ ငါးပါး ရှိတာဘဲ ဦးမြမောင်ရေ....(မှန်ပါ့)။

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ခန္ဓာငါးပါး ရှိတာဘဲနော်....(မှန်ပါ့) ပုထုဇန်လဲ ဒါဘဲ ရှိတာဘဲ....(မှန်ပါ့) ဒီထဲမှာ ကိလေသာအောင်းတာနဲ့ မအောင်းတာဘဲ ကွာတယ်-- (မှန်ပါ့)။

ဒီ ခန္ဓာကတော့....(ဒီခန္ဓာအတိုင်း ရှိပါတယ်) ရှိတာဘဲတဲ့...၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး ကတော့ ရှိနေတယ်....(မှန်ပါ့)။

အဲဒီတော့အားထုတ်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့်တဲ့၊ ကဲ.... မိမိတို့ ဒီခန္ဓာကြီးကိုဘဲ ဖြစ်ပျက်ရှုပြီးသကာလ အနိစ္စ, ဒုက္ခ, အနတ္တ ရှုပြီးသကာလ နေတဲ့အခါကျတော့ကို အနိစ္စတွေ, ဒုက္ခတွေ, အနတ္တ တွေ မြင်တယ်၊ မြင်တဲ့အခါကျတော့ကို အနိစ္စ, ဒုက္ခ, အနတ္တတွေဘဲ ရှုပါများလာတော့ မုန်းတီးတဲ့ ဉာဏ်တွေ ပေါ်ပေါက်လာတယ်၊ နောက် အနိစ္စ, ဒုက္ခ, အနတ္တမုန်း သိတော့ကို ခြော်....ဒီ ခန္ဓာကြီး တော့ မလိုချင်တော့ပါဘူးဆိုတဲ့ မဂ်ဉာဏ် ဒီနေရာ ပေါ်လာ တယ်နော်....(မှန်ပါ့)။

ပေါ်လာတော့ ဒုတိယအကွက် တကွက်လုံး မပျောက်ဘူးလား....(ပျောက်ပါတယ်) ခန္ဓာငါးပါး ဒုတိယအကွက်ကြီးဟာလေ....(ပျောက်သွားပါတယ်) ခန္ဓာငါးပါး ဒုတိယအကွက်ကြီးဟာ ပျောက်သွားပါတယ် တကာတကာမတို့ နံပါတ်ကော ထိုးထားကြနော်....(မှန်ပါ့)။

ပျောက်သွားတဲ့ အခါကျတော့ကို နဂိုရ်ကလဲ ခန္ဓာငါးပါး ဒုက္ခသစ္စာတရား....(မှန်ပါ့) နောက် ခန္ဓာငါးပါး မရှိတဲ့ နိရောဓသစ္စာ....( မှန်ပါ့ဘုရား ) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ရှုတုန်းကတော့ မချုပ်ခင်တုန်းကတော့ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ မြင်နေတယ်....(မှန်ပါ့) မမြင်ဘူးသား....(မြင်ပါတယ်) နောက် မုန်းတယ် မလိုချင်တော့ဘူးဆိုတော့ ဒုက္ခသစ္စာတွေ ရှိသေးရဲ့လား....(မရှိပါဘုရား)မရှိတဲ့အခါ ဒီဟာလေး ဆိုင်းဘုတ်ပြင်လိုက် ဘာသစ္စာတုံး....(နိရောဓသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခ ဟုတ်လား....(မှန်ပါ့) နောက်ကျလာတဲ့အခါ အားထုတ်ပါများလို့ အင်း....ဒီ ဒုက္ခမလိုချင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒီနေရာဘဲ နိရောဓ....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

၂-နံပါတ်က ဒုက္ခ....( မှန်ပါ့ )အားထုတ်တဲ့အခါကျတော့ ခရီးပေါက်သွားတဲ့အခါကျတော့ ၂-နံပါတ်ဘဲ ဘာဆိုကြမယ်....(နိရောဓပေါ့)နိရောဓ။

အဲဒီတော့ နဂိုရ်က ဒုက္ခကို မလိုချင်တဲ့ ပုဂ္ဂိုလ်ကျတော့....ဒီခန္ဓာ ချုပ်သွားတော့ကို နိရောဓဖြစ်သွားတယ်၊ ဘာနိရောဓတုံး

လို့ မေးတဲ့အခါကျတော့ ပဋ္ဌမစကားနဲ့ တွဲလိုက်တာပေါ့.... ဒုက္ခ+နိရောဓ....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ပဋ္ဌမစကားနဲ့ တွဲလိုက် ဘာတွဲတုံး....(ဒုက္ခနိရောဓပါဘုရား) ဒုက္ခသာ ချုပ်တာ သူ့ဟာက၊ သဘောကျပလား....( မှန်ပါ့ ) ဒုက္ခသာ ချုပ်တာ၊ ကျန်တာ မချုပ်ဘူး....(မှန်ပါ့)ဘယ့်နှယ်ဆို ကြမယ်....(ဒုက္ခနိရောဓပါ)ဒုက္ခနိရောဓဆိုတော့ ဒုက္ခက ဆင်းရဲတာ၊ နိရောဓက ချုပ်တာ....(မှန်ပါ့)ဆင်းရဲတာသာ ချုပ်သွားတာတဲ့၊ ချမ်းသာတာ ကျန်နေတယ်....(မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဆင်းရဲတာသာ-(ချုပ်သွားပါတယ်)ချမ်းသာတာက....(ကျန်ရစ်ခဲ့ပါတယ်) ဒါ ဘာခေါ်ကြမလဲ....( ဒုက္ခနိရောဓပါ )ဒုက္ခနိရောဓကို မြန်မာလို တိုတိုခေါ်တော့ ဘယ်လိုခေါ်ကြမလဲ.... (နိဗ္ဗာန်ပါဘုရား)။

ကဲ....ဒါဖြင့် အခု ဒီနေ့ ပြောတဲ့စကားကို ဦးကျော်မောင်တို့ ဦးစံဖေတို့ သေသေချာချာ မှတ်ပါ....(မှန်ပါ့)ပဋ္ဌမ ဒါတွေ ဖြစ်ပျက်-ဖြစ်ပျက်-ဖြစ်ပျက် ရှုနေတော့ ဒုက္ခဘဲ မမြင်ဘူးလား.... (မြင်ပါတယ်ဘုရား)။

နောက်တော့ ဦးမြမောင်တို့... ဦးကျော်မောင်တို့က ဒါကြီးဟာ ဖြစ်ပျက်မြင်လို့ မုန်းလာပြီ၊ ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင် သိပြီဆိုတော့ လိုချင်သေးရဲ့လား... (မလိုချင်တော့ပါဘုရား)။

ဒါဖြင့် မလိုချင်တော့ ဒါတွေက ရှိသေးရဲ့လား....( မရှိတော့ပါဘုရား) ဒုတိယအကွက်မှာ ခန္ဓာငါးပါး ရှိသေးရဲ့လား- (မရှိတော့ပါဘုရား)။

မရှိတော့ကို အရင်တုန်းက ဒီအကွက်ဟာ ဘာအကွက်တုံး.... (ဒုက္ခသစ္စာအကွက်ပါ)ဒုက္ခကွက်၊ မဟုတ်ဘူးလား....(မှန်ပါ့)မရှိတော့ သူ့ကို ဘာကွက်လို့ ဆိုကြမလဲ....( နိရောဓကွက်ပါ ) ဘာနိရောဓတုံး....(ဒုက္ခနိရောဓပါဘုရား)။

ဩော်... ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဒုက္ခချုပ်တာသက်သက်ဘဲ.... ( မှန်ပါ့ )ပေါ်ကြပလား... နောက်က တကာတကာမတွေ.... (ပေါ်ပါပြီ) နိဗ္ဗာန်ဆိုတာ ဘာသက်သက်ပါလိမ့်....(ဒုက္ခချုပ်တာ သက်သက်ပါဘုရား)။

ဒုက္ခချုပ်တာ သက်သက်ဘဲ(မှန်ပါ့)ဒုက္ခချုပ်တာ သက်သက်ဆိုတော့ သုခချုပ်ပါတယ်လို့ ပါရဲ့လား... (မပါပါ)ဩော်.... နိဗ္ဗာန်ဆိုတာက ဒုက္ခချုပ်တာ သက်သက်ဘဲ၊ ချမ်းသာကတော့ ကျန်နေရစ်တာ အမှန်ဘဲ .. (မှန်ပါ့)ဘယ့်နှယ်ဆိုကြမလဲ....(ဒုက္ခချုပ်တာ သက်သက်ပါ) ချမ်းသာကတော့....(ကျန်ရစ်ခဲ့ပါတယ်ဘုရား)။

ချမ်းသာတာ ကျန်ရစ်တော့ ချမ်းသာဆိုတာ အဲဒီ ချမ်းသာကို ချမ်းသာလို့ မခေါ်တော့ဘူး ကျုပ်တို့က....(မှန်ပါ့) ဒုက္ခနိရောဓသစ္စာ....( မှန်ပါ့ ) ဘယ့်နှယ်ခေါ်ကြမယ်....(ဒုက္ခနိရောဓသစ္စာပါဘုရား)။

ဒုက္ခနိရောဓသစ္စာဆိုတာ ဒုက္ခချုပ်တဲ့ သစ္စာ....(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီ) ဒါဖြင့် ချုပ်တာကဘာပါလိမ့်... (ဒုက္ခပါဘုရား)ဒုက္ခနော်....( မှန်ပါ့ ) ချုပ်တာက ဒုက္ခချုပ်သွားတော့ ဒီအကွက်ကို ဦးမြမောင်တို့- ဦးကျော်မောင်တို့ နာမည်ဆိုင်းဘုတ်ဆွဲလိုက်စမ်း ...(ဒုက္ခနိရောဓပါ)ဒုက္ခနိရောဓ ဖြစ်မသွားဘူးလား-

(သွားပါတယ်ဘုရား) နဂိုရ်က ဘာကွက်တုံးဗျ....(ဒုက္ခကွက်ပါ ဘုရား)။

ဒုက္ခကွက်၊ နောက်ကျတော့ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေက မလိုချင်လို့ မရချင်တဲ့အခါကျတော့ ဘယ်နှယ်ဆိုမလဲ....(ဒုက္ခ နိရောဓ ဖြစ်သွားပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဘာတုံးလို့ မေးလို့ရှိယင် တကာ တကာမတွေ ဘယ်နှယ်ဖြေကြမဘုံး.... (ဒုက္ခချုပ်ငြိမ်းတာပါ) ဒုက္ခနိရောဓဘဲ... (မှန်ပါ) ဒုက္ခချုပ်တာ နိဗ္ဗာန်ဘဲ၊ မပေါ်သေး ဘူးလား....(ပေါ်ပါပြီဘုရား)။

ဒီ အကွက်ထဲကျမှ ပေါ်တာ....(မှန်ပါ) ဒီအကွက် နဂိုရ်က ရှုနေတုန်းကတော့ ဖြစ်ပျက်-ဖြစ်ပျက်-ဖြစ်ပျက်နဲ့ ရှုနေတုန်းက တော့ ဦးအောင်ဇေယျကြီး ဘာရှုနေရတာပါလိမ့် .. (ဒုက္ခ ရှု နေရတာပါဘုရား)။

နောက်ကျတဲ့အခါကျတော့ ဒီ ဒုက္ခ မလိုချင်၊ ဒီဒုက္ခ မုန်း၊ ဒီ ဒုက္ခတွေကိုဖြင့် သစ္စာမှန်း ပိုင်ပိုင်နိုင်နိုင် သိသွားတဲ့အခါကျ တော့ ချုပ်မသွားဘူးလား... (ချုပ်သွားပါတယ်)ချုပ်သွားတော့ ဒီအကွက်ကို ဘာကွက်ဆိုကြမလဲ....( ဒုက္ခနိရောဓကွက်ပါ) ဒုက္ခ နိရောဓအကွက်....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

ဒုက္ခနိရောဓသည် မြန်မာလိုခေါ်ယင် နိဗ္ဗာန် .... (နိဗ္ဗာန်ပါ) ဟုတ်လား....(မှန်ပါဘုရား)။

အဲဒီတော့ကို ဒုက္ခချုပ်တဲ့ ပုဂ္ဂိုလ်မှ ဒုက္ခနိရောဓဖြစ်တယ်.... (မှန်ပါ)ဒုက္ခချုပ်တဲ့ပုဂ္ဂိုလ်မှ.... (ဒုက္ခနိရောဓဖြစ်ပါတယ်ဘုရား)။

ဒါလဲ **ဘယ်**လိုပုဂ္ဂိုလ်မှ **ချုပ်**ပါလိမ့်မတုံးဆိုတော့ ဒုက္ခသစ္စာ လို့ သိဦးမှ .. (မှန်ပါ) သိတဲ့အပြင်လဲ မလိုချင်ဦးမှ....( မှန်ပါ )

မလိုချင်မှု ဘာဖြစ်သွားသတုံး....( ချုပ်မှာပါ ) ချုပ်သွားတော့ ဒီအကွက်ဟာ ဘာကွက်ဖြစ်သွားသတုံး.... (ဒုက္ခနိရောဓဖြစ်သွားပါတယ်) ဒုက္ခနိရောဓကွက် ဖြစ်သွားတယ်ဆိုတာ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့်"ဒုက္ခနိရောဓ နိဗ္ဗာန်" (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ) ဘာတဲ့တုံး.... (ဒုက္ခနိရောဓ နိဗ္ဗာန်ပါဘုရား)။

"ဒုက္ခနိရောဓ နိဗ္ဗာန်" လို့ တကာတကာမတွေ ကိုယ့်အကွက် ကိုယ်ကြည့်ပြီးတော့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ကဲ.... နိဗ္ဗာန်ဖြင့် ယနေ့ဘယ်နှယ်နေသလဲ.... ( ပေါ်ပါပြီ )ပေါ်ပြီ ... (မှန်ပါ့ဘုရား)။

ရှုတုန်းက ဘာတွေရှုနေရသတုံး....(ဒုက္ခတွေရှုနေရပါတယ်) နောက်ကျတော့ကို ကုန်ဆုံးသွားတဲ့အခါကျတော့ ဉာဏ်ကဘာကို ရှုနေရသတုံးမေးယင် ဘယ်နှယ်ဖြေကြမလဲ .... (ဒုက္ခနိရောဓပါ ဘုရား)။

ဒုက္ခနိရောဓကို မြင်-ရှုနေရတယ်....( မှန်ပါ့ ) ဒုက္ခနိရောဓက နိဗ္ဗာန်၊ ရှုနေတဲ့ဉာဏ်က မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဒုက္ခကို ဒုက္ခနိရောဓဖြစ်အောင် လုပ်ဘို့ဘဲ... (မှန်ပါ့) ဦးကျော်မောင် နိဗ္ဗာန်ဆိုတာ ဘာပါလိမ့် (ဒုက္ခကို ဒုက္ခနိရောဓ ဖြစ်အောင်လုပ်တာပါဘုရား)။

ဒါဖြင့် ဝိပဿနာရှုနေတုန်းတော့ ဘာတွေချည့် တွေ့မယ် ထင်သတုံး....(ဒုက္ခတွေချည့်တွေ့ပါမယ်ဘုရား)။

နောက်ဝိပဿနာ ကိစ္စပြီးတဲ့အခါကျတော့ ဘာတွေတွေ့မလဲ (ဒုက္ခနိရောဓတွေ့ပါမယ်ဘုရား) ဒုက္ခနိရောဓဘဲ တွေ့မယ်ဆိုတာ

သေသေချာချာ မှတ်ပါ....(မှန်ပါ)ဩော်....ဒါဖြင့် နိဗ္ဗာန်ရှာတဲ့ ပုဂ္ဂိုလ်များ ဒုက္ခမှ မတွေ့သေးတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ဖြင့် ရှာတို့ရာ အစတောင်မှ မလာသေးပါဘူး....(မှန်ပါ့ဘုရား)။

ဒုက္ခမှ မတွေ့သေးတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်အစ.... ( မလာသေးပါ ) မလာသေးပါဘူး၊ မတွေ့သေးပါဘူးလို့ ဦးမြမောင်တို့မှတ်လိုက် စမ်းပါ....(မှန်ပါ့ဘုရား)။

ကဲ...ဒါဖြင့် ကျုပ်တို့တရားပွဲမှာ အခု ဩော်.... နိဗ္ဗာန်ရရပါ လို၏၊ နိဗ္ဗာန်ရရပါလို၏နဲ့ မောင်သစ်တို့ ဘုရားထဲကျောင်းထဲ မှာလဲ ရှုပ်နေတာဘဲ ဦးအောင်ဇံဝေကြီး....( မှန်ပါ့ ) ဒုက္ခလဲ သူတွေ့အောင်မရှာဘူး....(မှန်ပါ့) ရှာရဲ့လား (မရှာပါဘုရား)။

အဲဒီတော့ ဒုက္ခနိရောဓ ဘယ့်နှယ်လုပ်ပါ့မလဲ .... (မဖြစ်နိုင် ပါဘုရား)တွေ့ကို မတွေ့ဘူး... (မှန်ပါ့ဘုရား)။

ကိုင်း....ခင်ဗျားတို့ကတော့ ရှေးတုန်းကညာဏ်နဲ့ ရှေးတုန်းက မျက်လုံးနဲ့ ရှေးတုန်းက ကြားဘူးတာနဲ့ ဦးမြဒမောင်တို့၊ ဦးကျော် မောင်တို့ ပြောပါတယ်၊ ဟိုတကာမကြီးတွေ၊ ဟိုဘုရားရှိခိုးနေ တဲ့ တကာကြီးတွေ၊ တကာမကြီးတွေ၊ အဘိုးကြီးတွေ၊ အမိ အရွယ် အဖအရွယ်ကြီးတွေ နိဗ္ဗာန်နဲ့နီးကြပလား၊ ဘာဖြစ်လို့ တုံး၊ နိဗ္ဗာန်ချည့်ဆုတောင်း နေတာကိုး၊ လူလဲနိဗ္ဗာန်ဆုတောင်း ပေးလဲ နိဗ္ဗာန်ဆုတောင်းနေတာဘဲ.... ( မှန်ပါ့ ) ဒုက္ခတွေ့ပလား လို့ အဲဒီ့ အဘိုးကြီးတွေ သွားမေးယင် ဘယ့်နှယ်ပြောကြ မလဲ....(မတွေ့သေးပါ) ဒါဖြင့် သူနီးပလား- အဝေးကြီးကျန် သေးတယ်....(အဝေးကြီး ကျန်ပါသေးတယ်ဘုရား)။

ဒုက္ခတွေ့တဲ့ ပုဂ္ဂိုလ်မှာ ဒုက္ခမြင်လို့ ဒုက္ခမလိုချင်မှ ဒုက္ခ နိရောဓက လာမှာကိုးဗျ....(မှန်ပါ့)ဒုက္ခမှ မတွေ့သေးတဲ့ပုဂ္ဂိုလ်က

ဒုက္ခချုပ်ရာ နိဗ္ဗာန်ကြီး လိုချင်ပါတယ်လို့ ပြောနေတာဟာ ခင်ဗျားတို့ ကျုပ်တို့ ပြောကြပါစို့ဆိုလို့ ရှိယင်ဖြင့် လမ်းမှာ ခွေးသေကောင်ပုပ် တခုရှိတယ်၊ ခွေးသေကောင်ပုပ် တခုရှိပြီး သကာလနေတော့ ခွေးသေကောင်ပုပ်ကို သွားတဲ့ပုဂ္ဂိုလ်ကတွေ့ တယ်၊ အဲဒီတွေ့တဲ့ပုဂ္ဂိုလ်က ဟာ .... မြန်မြန်သွားမှဘဲ ဒီအနံ့ လွတ်အောင်... (မှန်ပါ့)မသွားဘူးလား- (သွားပါတယ်ဘုရား)။

ဘာဖြစ်လို့ သူမြန်မြန်သွားသတုံး.... ( အပုပ်နံ့တွေမှာ စိုးလို့ပါ)ဟိုက ခွေးသေကောင်ပုပ်ဆိုတဲ့ ဒုက္ခသစ္စာမှ မတွေ့သေးတဲ့ ပုဂ္ဂိုလ်က နိဗ္ဗာန်မြန်မြန်သွားတဲ့အလုပ်- လုပ်နိုင်ပါ့မလား.... (မလုပ်နိုင်ပါ) သွားပါ့မလား.... ( မသွားပါဘုရား ) သွားတဲ့ အလုပ်-လုပ်ပါ့မလား....(မလုပ်ပါ) သွားကော သွားချင်တဲ့စိတ် ပေါ်ပါ့မလား... (မပေါ်ပါဘုရား)။

အဲ....ဒုက္ခသစ္စာမှမသိဘဲ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်ကဖြင့် ခွေးသေကောင်ပုပ် မတွေ့သေးတဲ့ပုဂ္ဂိုလ် မြန်မြန်မသွားသလိုဘဲသာ မှတ်... (မှန်ပါ့) ရောက်ကို မရောက်ဘူး၊ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်ချင်ကြတဲ့ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန် ရောက်ချင်ကြ။ ရချင်ကြတဲ့ ပုဂ္ဂိုလ်မှန်သ၍ ဒုက္ခဟောတတ်တဲ့ ဆရာနဲ့ ဒုက္ခတွေ့အောင် ကိုယ့်ကိုယ်တိုင် ဉာဏ်နဲ့ရှာမှသာလျှင် နိဗ္ဗာန်တွေ့မယ်... (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

ခွေးသေကောင်ပုပ်တွေ့မှ မြန်မြန်ပြေးမှာကိုး လွတ်ရာကို.... (မှန်ပါ့) ခွေးသေကောင်ပုပ်တွေ့မှ ခွေးသေကောင်ပုပ် အနံ့ လွတ်ရာ... (ပြေးမှာပါဘုရား) တွေ့မှမတွေ့သေးတဲ့ ပုဂ္ဂိုလ်က....

(မပြေးပါဘုရား)မှန်မှန်နေမှာဘဲ....(မှန်ပါ့)သဘောပါကြလား (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဦးကျော်မောင်တို့၊ ဦးမြမောင်တို့၊ဦးအောင်ဇံဝေတို့ ဦးစံဖေတို့ ဘုန်းကြီးပြောတာ ဟုတ်တယ်....(မှန်ပါ့) ဒုက္ခမတွေ့ သေးတဲ့ပုဂ္ဂိုလ်နိဗ္ဗာန်တော့ မရဘူးဟေ့....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ....(ဒုက္ခမတွေ့သေးတဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန် မရပါဘုရား)။

ဒုက္ခက သားပူ့ သမီးပူ့ ဆွေပူ့ မျိုးပူဆိုတာ မဟုတ်ပါဘူး.... (မှန်ပါ့)ခန္ဓာထဲမှာဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ ဒုက္ခရောက်နေတာတွေ့ မတွေ့သေးတဲ့ ပုဂ္ဂိုလ်ဟာနိဗ္ဗာန်မတွေ့သေးပါဘူး....(မှန်ပါ့)ရှင်း ပလားတဲ့(ရှင်းပါပြီဘုရား)။

ခန္ဓာထဲမှာ ဖျတ်ဖျတ်ဖျတ်-ဖျတ်နဲ့ ဒုက္ခရောက်တာတွေ တွေ့ နေတဲ့ပုဂ္ဂိုလ်မှသာ ဟာ ငါ့ခန္ဓာကြီးဟာ အကောင်းမှတ်တယ်၊ အဆိုးချည့်ပါလား၊ခန္ဓာကြီးဟာ အကောင်းမှတ်တယ်အဆိုးချည့် ပါလား၊ သူ့မရတဲ့နည်း နာနာလုပ်မှဘဲ ဆိုပြီးတော့လုပ်ကြတာ ကိုး .. (မှန်ပါ့)ရှင်းပသား .. (ရှင်းပါပြီဘုရား)။

ကိုင်း .. ဒါဖြင့် နိဗ္ဗာန်ဆိုတာသည် ဒုက္ခချုပ်ငြိမ်းရုပ်သိမ်း တာ ဒုက္ခနိရောဓောဆိုတဲ့ ဥစ္စာမှ နိဗ္ဗာန်မှတ်ပါ .... (မှန်ပါ့ ဘုရား)။

ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းတဲ့ ဒုက္ခနိရောဓောသာ ဘာခေါ်ကြ မယ်....(နိဗ္ဗာန်ခေါ်ပါတယ်)ရှင်းကြပလား- (ရှင်းပါပြီဘုရား)။

အေး....ဒီအတိုင်း မှတ်ထားတော့မှ သြော်.... နိဗ္ဗာန်ဆိုတာ မြို့ကြီးလား-ပြကြီးလား သေသေချာချာ စဉ်းစားလိုက်တော့မှ သြော်....ဒုက္ခချုပ်ရာ နိဗ္ဗာန်ပါလား....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမယ်....(ဒုက္ခချုပ်ရာနိဗ္ဗာန်ပါ)ဒါဖြင့် ဒုတိယ အကွက်ဟာ နဝိုရ်က ဘာသစ္စာနဲ့ရှိသတုံး .... (ဒုက္ခသစ္စာနဲ့ရှိပါ တယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ရုပ်ပါများ၊ ပွားပါများ၊ မလိုချင်တာ များတော့ ချုပ်သွားတော့ကို ဒီအကွက်ဘဲ ဆိုင်းဘုတ်ပြန်ဆွဲပါ တဲ့၊ အယင်တုန်းက ဒုက္ခသစ္စာအကွက်နော် - (မှန်ပါ့) အခု ဘာကွက်လို့ဆိုမတုံး....(ဒုက္ခနိရောဓေကွက်ပါဘုရား)။

ဒုက္ခနိရောဓေကွက် ဖြစ်သွားတော့ကို ဘယ့်နှယ်ကြောင့် ဒီအကွက်ကို ဒုက္ခနိရောဓေကွက် ဖြစ်ပါလိမ့်မတုံး ဆိုတော့ အို....သူ့ဉာဏ်က ပဌမဒုက္ခတွေ့တယ်ကွ၊ နောက်ဒုက္ခလိုချင် တော့ ဒုက္ခတွေကသူ့ရှေ့တွင် ချုပ်သွားတယ်....(မှန်ပါ့ဘုရား)။

သူ့ဉာဏ်အောက်ဘွင် ချုပ်သွားတယ်....(မှန်ပါ့) ချုပ်သွား တော့ ဒီအကွက်ဟာ ဘာကွက်ဖြစ်သတုံး .... (ဒုက္ခနိရောဓေ ကွက်ဖြစ်ပါတယ်ဘုရား)။

အဲ....ဒါဖြင့် ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ်များ ဒုက္ခရှုနေဘို့ဘဲ အရေးကြီးတာဘဲ ..(မှန်ပါ့) နောက်ဒုက္ခချုပ်သွားယင် ဒီနေရာ မှာဘဲ နိရောဓပေါ်လာမှာဘဲ ...(မှန်ပါ့)ဆိုနိုင်ပလား ... (ဆိုနိုင် ပါတယ်ဘုရား)။

သေသေချာချာ မှတ်ကြစမ်းပါ ဒီဟာ အင်မတန် အရေး ကြီးတဲ့စကားပါ....(မှန်ပါ့)တရားကတော့ အထက်ဘန်း အင်မ

တန် ကျနေပြီလို့ မှတ်ပါ....(မှန်ပါ့) အထက်တန်းကတော့ လမ်းကုန်နေပြီ... (မှန်ပါ့) ဒီထက်သွားစရာ ရှိသေးရဲ့လား .... (မရှိပါဘုရား)။

အဲဒီတော့ အခုအောက်တန်း စ,ဟောတာကဖြင့် သြော်.... ဒုတိယအကွက်ဟာဖြင့် ဒုက္ခသစ္စာကွက်ဘဲ သိဘိုဘဲ .... (မှန်ပါ့) **အဲ**ဒါကို ဒုက္ခသစ္စာကွက်ဘဲလို့ သိဘိုရာက ဒီအကွက်သည် **စာ** အုပ်ထဲမှာရှိတဲ့အကွက်လား- ခန္ဓာတခုလုံးလား .... (ခန္ဓာတခုလုံးပါဘုရား)။

အဲ... ခန္ဓာကိုရှု... (မှန်ပါ့)ခန္ဓာထဲက ဝေဒနာကြိုက် ဝေဒနာရှု၊ စိတ်ကြိုက်စိတ်ရှု၊ ရုပ်ကြိုက်ရုပ်ရှုပေါ့ဗျာ.... (မှန်ပါ့ဘုရား)။

ရှုလိုက်တဲ့အခါကျတော့ ဒုက္ခသစ္စာကွက်နဲ့ ဉာဏ်နဲ့တည့်နေတယ်....(မှန်ပါ့) မတည့်ဘူးလား....(တည့်နေပါတယ်ဘုရား)။

ဒုက္ခသစ္စာကွက်နဲ့....(ဉာဏ်နဲ့တည့်နေပါတယ်) ဉာဏ်နဲ့ တည့်ပြီး သကာလနေတော့ သြော်... ဒုက္ခသစ္စာ၊ သြော်....ဒုက္ခသစ္စာလို့ မဂ္ဂသစ္စာနဲ့ပွားများပြီး နေရမယ်...(မှန်ပါ့ဘုရား)။

ပွားများပြီး နေတဲ့အခါကျတော့မှဒီဒုက္ခတွေသေသေချာချာ သိလာတော့ မသိခင်တုန်းက ပျော်သလို- ပါးသလိုနဲ့နေဘ် .... (မှန်ပါ့) နောက်ဒုက္ခ အကြီးအကျယ် သိလာတော့ စွန့်ချင်တဲ့.... ဉာဏ် ရှုရင်းမတ္တနဲ့ မလာဘူးလား... (လာပါတယ်ဘုရား) လာတယ်၊ လာတော့....အထမြောက်အောင် လာတော့ကို ဒီ ဒုက္ခတွေ ဘာဖြစ်သွားမယ် ထင်သတုံး... (ချုပ်သွားမှာပါ ဘုရား)။

ချုပ်သွားတော့ ဒီ အကွက်ကို ဦးမြမောင်က ဆိုင်းဘုတ်ဆွဲ (ဒုက္ခနိရောဓပါဘုရား)ဒုက္ခနိရောဓဆွဲ....(မှန်ပါ့)။

ဦးကျော်မောင်....( မှန်ပါ )နောက်က တကာတကာမတွေ ၂-နံပါတ်အကွက် ဘာကွက်ဖြစ်သွားသတုံး....(ဒုက္ခနိရောဓကွက် ဖြစ်ပါတယ်ဘုရား)။

ဒုက္ခနိရောဓကွက် ဖြစ်သွားတယ်ဆိုတော့ ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ဒုက္ခနိရောဓကွက်ကို အမည်နာမ ပြောင်းသွားပါလိမ့်မတုံး ဆိုတော့ ဒုက္ခမှန်းသိတဲ့ ပုဂ္ဂိုလ်မှ ဒုက္ခနိရောဓကွက် ဖြစ်နိုင်တယ်....(မှန်ပါ)ဒုက္ခမှန်း မသိနိုင်တဲ့ ပုဂ္ဂိုလ်ဟာ....(မဖြစ်နိုင်ပါ ဘုရား)။

ဦးအောင်ဇံဝေ ... ဒါ မမွတွေလဲ ပြောရလိမ့်မယ်နော် .... (မှန်ပါ)ဒီအကွက်ကို ဖြစ်ပျက်ရှုရမှာကိုးဗျ .. (မှန်ပါ) ဒီအကွက်တွေလဲ တခုခု ဖြစ်ပျက်ရှုရမှာ....(မှန်ပါ)။

ကဲ....နေရာကျပလား....(ကျပါပြီ)အဲဒီတော့ ခုနင်က ယမက ပြန်ဆက်ကြစို့တဲ့....၊ ယမက ပြန်ဆက်တော့ ယမက-က ရဟန္တာ သေယင် ဘာမှ မဖြစ်တော့ဘူး၊ပြတ်သွားတာဘဲဆိုတော့ ဥစ္ဆေဒ ဒိဋ္ဌိယူထားတယ်... (မှန်ပါ)။

ခင်ဗျားတို့က ဒီအကွက်ချုပ်သွားတော့ကို ဘြော်... ဒုက္ခသာ ချုပ်သွားတာ၊ဒုက္ခနိရောဓအကွက်သာ ဖြစ်သွားတာ၊ဒုက္ခချုပ်တဲ့ အကွက်သာ ဆိုရမယ်၊ မရှိဘူးလို့ ဆိုလို့ မရဘူး .. (မှန်လှပါ ဘုရား)။

ယမက-ကတော့ ဒီအကွက် ဘယ့်နှယ်ဆိုထားတယ် .... (မရှိဘူးလို့ ဆိုထားပါတယ်)ခင်ဗျားတို့က ဘယ့်နှယ်ဆိုမယ်....(ဒုက္ခ ချုပ်သွားတာသာ ဆိုရပါမယ်ဘုရား)။

ဒုက္ခချုပ်သွားတဲ့ သဘောတော့ ရှိတယ်....(မှန်ပါ) မဆိုနိုင်

ဘူးလား .. (ဆိုနိုင်ပါတယ်ဘုရား)ခင်ဗျားတို့က အရှိသဘော.... (မှန်ပါ့)ယမက-က.... (မရှိသဘောပါဘုရား)။

မရှိသဘောဆိုတော့ ကွာသွားပါပေါ့လား၊ ဒါဒို့က နိဗ္ဗာန်သိလို့ ၊ ယမက-က နိဗ္ဗာန်မသိလို့ ဥစ္ဆေဒဒိဋ္ဌိဖြစ်တာပါလား (မှန်ပါ့)။

ခင်ဗျားတို့က နိဗ္ဗာန်သိလို့ ဥစ္ဆေဒဒိဋ္ဌိ ကွာသွားပါလား ဆိုတာ ပေါ်လာတယ်....(မှန်ပါ့) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါ အခုနင်က အကွက်ကလေး ရှင်းထားလို့ဗျ... ( မှန်ပါ့ ) ရှင်းထားလိုက်တော့မှ ယမကဇာတ်ထုပ်နဲ့ ဟပ်ပြီး ဟောလိုက်တော့ ဦးဘသန်း ပေါ်လာတယ်....(မှန်ပါ့)မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)။

ယမက့ကတော့ ဒါကို ရဟန္တာသေယင် ဘာမှ မဖြစ်တော့ဘူးဆိုတော့ ရဟန္တာ အသာထားပါတော့ ဒီ ခန္ဓာငါးပါး ချုပ်သွားပြီး ဘာမှ မဖြစ်တော့ဘူးဆိုတော့ ဒီမှာ ဟာလာဟင်းလင်းကြီး သူယူတယ်... (မှန်ပါ့)။

ကျုပ်တို့က ဒီလို မယူဘူး၊ ဒီ ဒုက္ခတွေ ချုပ်သွားတဲ့သဘောသာ....(မှန်ပါ့) မဟုတ်ဘူးလား၊ ဒီ ဒုက္ခတွေသာ မရှိတဲ့သဘော၊ သုခရှိတဲ့ သဘော ကျုပ်တို့က ယူတယ်... (မှန်ပါ့)မယူဘူးလား.... (ယူပါတယ်ဘုရား)။

ကျုပ်တို့က ဒုက္ခသာ ချုပ်သွားတဲ့ သဘော၊ သုခက ပေါ်လာတဲ့ သဘော ကျုပ်တို့က နှစ်မျိုးယူတယ်....(မှန်ပါ့)။

ဒုက္ခကတော့....(ချုပ်သွားပါတယ် ဘုရား)ဒီနေရာ အစားထိုး တာတော့...(သုခ ထိုးပါတယ်ဘုရား)နို့....ကျုပ်တို့က ပြတ်သေး ရဲ့လား....(မပြတ်ပါ ဘုရား)။

သူကတော့ ဒုက္ခချုပ်သွားပြီး ဘာမှ မဖြစ်တော့ဘူးဆိုတော့ သုခ မပေါ်လာတော့ဘူးပြောတာ....( မှန်ပါ ) သူက ဘာဒိဋ္ဌိ တုံး ...(ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)။

ခင်ဗျားတို့က ယနေ့ နာရီဝက်ကျော်ကျော် တရားနာရတဲ့ အတွက် ဩော်....ဒို့ ဥစ္ဆေဒဒိဋ္ဌိ မရှိဘူး...(မှန်ပါ) ဒီ ဒုက္ခချုပ် ဒီနေရာမှာ ဒုက္ခသာ ချုပ်သွားတယ်၊ သုခနိဗ္ဗာန် ပေါ်တာဘဲ— (မှန်ပါ)။

ဒုတိယကွက်မှာ ဒုက္ခသာ ချုပ်သွားတယ်၊ဘာပေါ်သတုံး... ( သုခနိဗ္ဗာန်ပေါ်ပါတယ်ဘုရား )သုခနိဗ္ဗာန်ပေါ်တယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ယမကနဲ့ ခင်ဗျားတို့နဲ့ အင်မတန် ကွာခြားတယ် ... (မှန်ပါ)မကွာဘူးလား....(ကွာပါတယ်ဘုရား)သူက ဘာဒိဋ္ဌိ ယူ လိုက်သတုံး .. (ဥစ္ဆေဒဒိဋ္ဌိ ယူထားပါတယ်)ခင်ဗျားတို့က ဥစ္ဆေဒ ဒိဋ္ဌိ လွတ်တယ်....(မှန်ပါ)။

ဩော်....ဒုက္ခရှုလို့ ဒုက္ခတွေ ဆုံးသွားလို့ရှိယင် ဒုက္ခတွေ မရှိလို့ရှိယင် ဒီနေရာမှာ ဒုက္ခနိရောဓ နိဗ္ဗာန်ပေါ်တာဘဲကိုး.... (မှန်ပါ) မဆိုနိုင်ဘူးလား ...(ဆိုနိုင်ပါတယ်ဘုရား) ဒုက္ခနိရောဓ နိဗ္ဗာန် မပေါ်ဘူးလား .. (ပေါ်ပါတယ်ဘုရား) သဘောပါကြ ပလား....(ပါပါတယ်ဘုရား)။

ကောင်းပြီ .... ဒါ ယမကထက် ခင်ဗျားတို့ ထူးခြားတာ ပေါ်ပြီနော်....(ပေါ်ပါပြီဘုရား) ကဲ....ဥစ္စေဒဒိဋ္ဌိရှိသေးလား.... ခင်ဗျားတို့..( မရှိပါဘုရား )ဒုက္ခချုပ်သွားယင် ဒီနေရာ ဘာ ပေါ်မယ်....(သုခနိဗ္ဗာန်ပေါ်ပါမယ်ဘုရား)။

သုခနိဗ္ဗာန်ပေါ်မယ်၊ ဒါ သူနဂိုရ်တုန်းက ဒုက္ခသစ္စာကိုးဗျ.... (မှန်ပါ) ဒါတွေမှ မရှိတော့ဘူးဆိုတော့ ဒုက္ခမရှိတဲ့ သဘောနဲ့ ကျုပ်တို့ နေရုံဘဲ....(မှန်ပါ) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ် ဘုရား)။

ကောင်းပြီ....ဒီလို ရှင်းထားတော့ ယမက,က ဘုရားဟော တော်မူတာ သူ သိပါပြီ၊ ရဟန္တာသေယင် ဘာမှ မဖြစ်တော့ ဘူးလို့ ဥစ္စေဒဒိဋ္ဌိယူလိုက်တယ်....(မှန်ပါ)။

ယူလိုက်တော့ ရဟန်းတွေက မင်း ဒီအယူ မယူနဲ့ကွ....၊ ဒီအယူဟာ မဟုတ်ပါဘူး၊ ဘုရားလဲ ဒီလို မဟောပါဘူး၊ ဒုက္ခ ချုပ် သုခပေါ်တယ်လို့သာ ဟောပါတယ်....(မှန်ပါ)။

ဟာ... မဟုတ်ဘူး....(မှန်ပါဘုရား) ရဟန္တာသေယင် သေပြီး သည်၏ အခြားမဲ့၌ ဘာမှ မဖြစ်တော့ဘူးဆိုတော့ တခါတည်း ရဟန္တာလဲ ယူလိုက်သေးတယ်၊ ဥစ္စေဒဒိဋ္ဌိလဲ ယူလိုက်သေးတယ် ဆိုတော့ အင်မတန်ဆိုးဝါးတဲ့ အစိပ္ပါယ် မရောက်ဘူးလား .... (ရောက်ပါတယ်ဘုရား)။

ကောင်းပြီ....ဒါနဲ့ ရဟန်းတွေက သူတို့ဟောလို့ ပြောလို့ ယမကကို မနိုင်တော့ဘူး....(မှန်ပါ) မနိုင်တော့ ရှင်သာရိပုတ္တရာ ကို သွားလျှောက်ကြတယ်၊ အရှင်ဘုရား... ယမကတော့ ဒီလို မိစ္ဆာအယူ-ယူနေပြီ၊ အဲဒါ အရှင်ဘုရား ချီးမြှောက် ထောက်ပံ့

ဦးမှ တော်မယ်ဆိုတော့ ရှင်သာရိပုတ္တရာကြီးက အေးကွာ .... ကဲ... ငါ ကယ်တင်ပါမယ်၊ တာဝန်ခံလိုက်တယ်....( မှန်လှပါဘုရား )။

ညနေကျတော့ ရှင်သာရိပုတ္တရာက သင်းပိုင်ကလေး ပြင်ဆင်ဝတ်ပြီးသကာလ ယမကနေတဲ့ ကျောင်းသွားတယ်၊ ယမကနေတဲ့ ကျောင်းသွားပြီး သကာလ ဟေ့... ယမက မင်း ရဟန္တာ သေယင် ဘာမှ မဖြစ်ဘူး၊ ဘုရားဟောတော်မူတာ ငါ သိပါတယ်၊ ရဟန္တာသေယင် ဘာမှ မဖြစ်ဘူးလို့ မင်း ယူထားတဲ့.... အယူဟာ မင်း ဟုတ်ပါသလားတဲ့၊ ဟုတ်ပါတယ်ဘုရား....၊ သူက ဥစ္ဆေဒဒိဋ္ဌိဘဲ၊ ရဟန္တာသေယင် ဘာမှ မဖြစ်ဘူး ...( မှန်လှပါဘုရား )။

ဒါနဲ့ ဘာမှ မဖြစ်ဘူးလို့ မင်းက ဒီအတိုင်း ယူထားတော့ ကွာတဲ့....ဒါဖြင့် ဟို ရဟန်းတွေ လျှောက်တဲ့အတိုင်း ရှင်သာရိပုတ္တရာကလဲ ကိုယ်တိုင်လာမေးတော့ မောင်သစ် တတန်းတည်း မနေဘူးလား....(နေပါတယ်ဘုရား)။

ဘုရားဟောတော်မူတာ သူသိပါရဲ့၊ ရဟန္တာသေယင် ဘာမှ မဖြစ်တော့ဘူးဆိုတော့ သူဥစ္ဆေဒဒိဋ္ဌိယူထားတော့ကို ရဟန္တာက စပြီး ဖြစ်ရမယ် သူ့မှာ....(မှန်ပါ့ဘုရား)။

ရှင်သာရိပုတ္တရာက ဟေ့....ယမက၊ ခန္ဓာဘယ်နှစ်ပါးရှိသတုံးကွ၊ ငါးပါးရှိပါတယ်ဘုရား ...တဲ့၊ အဲဒီငါးပါးရှိဘော့ကွာ၊ကဲ.... သတိပဋ္ဌာန်လေးပါးနဲ့ဘဲ တခုခုနဲ့ရှုတော့ ကဲ-ရုပ်တရားကလေး လက်ကိုင်ထားပါဦး၊ ရုပ်တရားကလေးဟာ အနိစ္စလား- နိစ္စလား မေးတော့ ခင်ဗျားတို့ ဘယ့်နှယ်ဖြေမလဲ.... (အနိစ္စပါဘုရား)။

အဲဒီ အနိစ္စဖြစ်တဲ့တရား ဒုက္ခလား- သုခလားမေးယင် .... (ဒုက္ခပါ) ရဟန္တာပျောက်အောင် လုပ်နေတာ... (မှန်ပါ့ဘုရား) ခေါင်းသစ် ဘာလုပ်နေတာလဲ (ရဟန္တာပျောက်အောင် လုပ်နေတာပါဘုရား)။

အဲဒီ့ အနိစ္စ ဒုက္ခဖြစ်တဲ့ တရားဟာ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလို့ ဆိုနိုင်ရဲ့လား.... (မဆိုနိုင်ပါ) ရဟန္တာပျောက်သွားပြီ.... (မှန်ပါ့ဘုရား)။

ဝေဒနာ တရားကလေးဟာ အနိစ္စလား နိစ္စလား မေးတော့ကော.... ( အနိစ္စပါ ) အဲဒီ့ အနိစ္စဖြစ်တဲ့တရားဟာ ဒုက္ခလား- သုခလားမေးယင်....(ဒုက္ခပါ) အဲဒီ့ အနိစ္စ ဒုက္ခဖြစ်တဲ့ တရားကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ဆိုနိုင်ရဲ့လား.... (မဆိုနိုင်ပါ) ဒါဖြင့် အနတ္တပေါ့... (မှန်ပါ့ဘုရား)။

ဒီလိုချည့် ခန္ဓာငါးပါး မေးလိုက်တယ်၊ ခန္ဓာငါးပါးမေးပြီး သကာလ မင်းကွာ....တဲ့၊ ဒီလိုဆိုလို့ ရှိယင် ဒီအတိုင်း ရှုနေလို့ ရှိယင် မင်းဟာ အနိစ္စ ဒုက္ခ အနတ္တရှုနေယင် ကြာတော့ မုန်းလာပါလိမ့်မယ်တဲ့(မှန်ပါ့)ရှေ့ကွာ... ရှေ့တွင်ပေါ့ဗျာ .... (မှန်ပါ့) ဟောလဲဟော၊ ရှုလဲအရှုခိုင်း၊ဒီတော့ မုန်းလာပြီး သူဖျတ်ဆို ဒီဒုက္ခတွေဆုံးသွားတယ်... (မှန်ပါ့ဘုရား)။

ဟောရင်းမတ္တနဲ့ ခန္ဓာကိုယ်ကြည့်ပြီး ရှုလိုက်တော့ ဦးကျော်မောင် ဆုံးသွားတယ်. (မှန်ပါ့) ဆုံးသွားတော့ သောတာပန်တည်တယ်၊ သောတာပန် တည်သွားပြီ... (မှန်ပါ့ဘုရား)။

ဒါကြောင့်မို့ ခင်ဗျားတို့လဲ ဒီဥစ္စာ ဆုံးအောင်လိုက်လို့ ရှိယင်ဖြင့် ဖြစ်ပျက်မြင်ဘို့ ဒုတိယအကွက် ဖြစ်ပျက်မြင်အောင်

ရှုပါ... (မှန်ပါ့) ဖြစ်ပျက်ဆိုသာ အနိစ္စ, ဒုက္ခ, အနတ္တ သုံးခုပေါင်းထားဘယ် . ( မှန်ပါ့ ) ၎င်းဖြစ်ပျက် မုန်းအောင်လုပ်ပါ၊ မုန်းအောင် လုပ်ပါဆိုတော့ ရှုပါများယင် မုန်းရမှာဘဲ.... (မှန်ပါ့) ၎င်းဖြစ်ပျက်ကို ဒုက္ခသစ္စာလို့ သိပြီး မုန်းအောင်ကြိုးစားလိုက်ပါ၊ သောတာပန် ချက်ခြင်းဘည်ပါဟာယ်....(မှန်ပါ့ဘုရား)။

အဲဒီမှာ ယမကမှာ ဒီအတိုင်းမေးပြီး အနိစ္စ, ဒုက္ခ, အနတ္တတွေနဲ့ ခန္ဓာကိုယ် ဖေးလို့ပြီး ခန္ဓာကိုယ်မုန်းအောင်ရှု၊ နောက်ကျတော့ သူမလိုချင်တဲ့ ဉာဏ်နဲ့ ဒုက်ယက္ခက်ဆုံးသွားတယ် ....(မှန်ပါ့) ခန္ဓာကြီးဆုံးသွားဘယ်....(မှန်ပါ)ဆုံးသွားပြီး ရှင်သာရိပုတ္တရာကသိပြီ- ငါ့လူ သောတာပန်တည်ပြီတဲ့ .. (မှန်ပါ့ဘုရား)။

ငါ့လူ သောတာပန်ဘည်ပြီလို့ သိတော့ကို၊ အဲဒီတော့ သူသောတာပန် တည်ပြီလို့ ရှင်သာရိပုတ္တရာသိတာ အသာကလေး ခဏချိတ်ထားပါ၊ ခင်ဗျားတို့ ဒီအတိုင်းလုပ်လဲ တည်ရမှာဘဲ....(မှန်ပါ့ဘုရား)။

ဒီဥစ္စာ ဖြစ်ပျက်-ဖြစ်ပျက်နဲ့သာရှုနေ၊ ရှုပါများယင် ဘာဖြစ်လာမယ်ထင်သတုံး....(ဖြစ်ပျက် မုန်းလာပါမယ်)မုန်းပါများယင် ဘာဖြစ်မယ်ထင်သတုံး....(ဆုံးသွားပါမယ်)ဆုံးသွားလို့ရှိယင်ဖြင့် ဘာတွေဆုံးသွားတာတုံးမေးယင် ဘယ့်နှယ်ဖြေမယ်....(ဒုက္ခတွေဆုံးတာပါဘုရား)။

ဒုက္ခတွေဆုံးတော့ နဂိုရ်က ဒုက္ခတွေရှိတယ်၊ အခုတော့ ဒုက္ခနိရောဓဖြစ်သွားပြီ ...(မှန်ပါ့ဘုရား)။

ဒုက္ခရှိတုန်းက ဒုက္ခပေါ့ဗျာ....(မှန်ပါ့) ဒုက္ခရှိတုန်းက ဒုက္ခသစ္စာ... (မှန်ပါ့) ဒုက္ခမရှိတော့ ဒုက္ခနိရောဓသစ္စာ ... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒုက္ခရှိတုန်းက....(ဒုက္ခသစ္စာပါ)ဒုက္ခမရှိတော့....(ဒုက္ခနိရောဓ သစ္စာပါဘုရား)။

ဒီအကွက်တွင် ပြောင်းရမယ်၊ ဒုတိယအကွက်တွင် ပြောင်းရမယ်... (မှန်ပါ့)နိဗ္ဗာန် တခြားရှာမနေနဲ့.... (မှန်ပါ့) အင်မတန်အဘိုးတန်တဲ့ စကားနော်....(မှန်ပါ့ဘုရား)။

နိဗ္ဗာန် တခြားရှာမနေနဲ့၊ ဒုတိယအကွက်ကို ဒုက္ခဖြစ်အောင် ကိုယ်တိုင်သိအောင်လုပ်... (မှန်ပါ့) သူကတော့ ဖြစ်နေတာဘဲ၊ ကိုယ့်ဉာဏ်က မဖြစ်မှာစိုးလို့ ပြောနေတာ... (မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ကိုယ့်ဉာဏ်က ဖြစ်သွားတဲ့ အခါကျတော့ ဒီဒုက္ခတွေ အကုန်ချုပ်သွားယင် ဒီအကွက်ဟာ ဘာကွက်ဖြစ်မလဲ.... (ဒုက္ခနိရောဓကွက်ပါ) နဂိုရ်က ဘာကွက်တုံး.... (ဒုက္ခသစ္စာကွက်ပါ) ဒုက္ခသစ္စာကွက်၊ နောက်ကျတော့ နာမည်ပေးလိုက်စမ်း....(ဒုက္ခနိရောဓသစ္စာပါဘုရား)။

အဲ....ဒီအကွက်ဘဲ၊ ဒါ ဒီအကွက်တွင် ရှုရုံဘဲ.... (မှန်ပါ့)ရှုရင်း မတ္တနဲ့ ဒုက္ခသစ္စာကွက်က ဒုက္ခနိရောဓ သစ္စာကွက်ဖြစ်မယ် .... (မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာကွက်က ဘာဖြစ်မယ်.... (ဒုက္ခနိရောဓ သစ္စာကွက်ဖြစ်ပါမယ်) ရွှေ့ရဦးမှာလား... (မရွှေ့ရပါ)မရွှေ့ရဘူး၊ တထိုင်တည်းနဲ့ရမယ်....( မှန်ပါ့ ) ကဲ....ဦးမြမောင် ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

နိဗ္ဗာန်ဟာ ဟိုဘုရားဖူး- ဒီဘုရားဖူးပြီး တောင်ကြီးတွေတက်ပြီးတော့ ဘုရားရှာဖူးနေရတာ မဟုတ်ပါဘူး.... ( မှန်ပါ့ ) ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးတဲ့ ဒီဥစ္စာဟာ ဒီဒုတိယကွက်ဟာ ဒုက္ခသစ္စာဖွဲ့လို့ပြီးရမယ်....(မှန်ပါ) ခန္ဓာကြီးဟာလေ... (မှန်ပါ) ဒီအကွက်ထဲမှာဘဲ ဒုက္ခသစ္စာချုပ်အောင် လုပ်ရမယ်... (မှန်ပါ) ဒီအကွက် ဒုက္ခသစ္စာကျတော့ ဒုက္ခနိရောဓသစ္စာ ဖြစ်ရမယ် .... (မှန်ပါ ဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာက ဒုက္ခနိရောဓသစ္စာဖြစ်အောင် ရှုနိုင်လို့ ရှိယင် နိဗ္ဗာန်ရောက်တာဘဲ....( မှန်ပါ ) ဘယ့်နှယ်ဆိုကြမယ်.... (ဒုက္ခသစ္စာကွက်က ဒုက္ခနိရောဓသစ္စာကွက် ဖြစ်အောင်ရှုနိုင်ယင် နိဗ္ဗာန်ရောက်ပါမယ်ဘုရား)။

ဒါနိဗ္ဗာန်တွေ့တာဘဲ ရောက်တာဘဲ... (မှန်ပါဘုရား)ရှင်းကြပလား... (ရှင်းပါပြီ) အင်မတန်ကောင်းတဲ့ စကား ( မှန်ပါ ) နေရာရွေ့ရသေးရဲ့လား....(မရွေ့ရပါ) မရွေ့ရပါဘူး။

ကဲ....ဒါဖြင့် ရှင်းပါပြီတဲ့၊ ရှင်သာရိပုတ္တရာ ဒီလိုဟောလိုက်တော့ ဒီအကွက်ကို ဒုက္ခနိရောဓသစ္စာကွက် ဖြစ်အောင် ဟောလိုက်တော့ယမကဟာ သောတာပန်တည်တယ်....(မှန်ပါဘုရား)။

ဒါနဲ့ ယမကကို သူကမေးပြန်တာပေါ့လေ၊ ဟော့ ယမက မင်းရှုနေတဲ့ ရုပ်ဖြစ်ပျက်ကို ရဟန္တာခေါ်မလားလို့ မေးပြန်တယ်....(မှန်ပါ)ဟာ....မခေါ်ပါဘုရား၊ ဒီကျတော့ ပြောင်းပြန် ဖြစ်သွားပြီ....(မှန်ပါဘုရား)။

ရုပ်ကို ရဟန္တာခေါ်မသားဆိုတော့ မခေါ်နိုင်ပါဘုရားတဲ့၊ ဝေဒနာကောကွ၊ဝေဒနာလဲ မခေါ်ပါဘူး....တဲ့၊သညာ, သင်္ခါရ, ဝိညာဏ်ကော၊ သူတို့လဲ မခေါ်နိုင်ပါဘုရား....တဲ့။

နို့....ရဟန္တာမှမရှိဘဲ... (မှန်ပါ့) ရှိရဲ့လား....(မရှိပါ) မရှိပါဘူး....တဲ့၊ ဒါဖြင့်ကွာတဲ့ ခန္ဓာငါးပါးအပေါ်၌ ခေါ်မလားတဲ့၊ ခန္ဓာငါးပါးဆိုကတည်းက ခေါ်စရာရှိသေးရဲ့လား .... (မရှိပါ) ခန္ဓာငါးပါးဘဲ ရှိမှာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ရုပ်တရား ကြည်ပြီးသကာလ ရဟန္တာ ရှိသေးသလား လို့ မေးပြန်တယ်၊ ဘယ့်နှယ်ဖြေကြမလဲ .. (မရှိပါဘုရား) ဝေဒနာကြည်ပြီးသကာလ ကျန်တာ ရဟန္တာလို့ ဆိုနိုင်ကြမလား.... (မဆိုနိုင်ပါဘုရား) ဒါဖြင့် ရုပ်ဝေဒနာ သညာ သင်္ခါရ ငါးပါး ပေါင်းထားတာကို ရဟန္တာဆိုမလားကွ၊ ဘယ့်နှယ် ဖြေကြမလဲ.... (မဆိုပါဘုရား) ဒီလိုလဲ မဆိုနိုင်ဘူး။

ဒါဖြင့် ရုပ်မဟုတ်တာ၊ ဝေဒနာမဟုတ်တာ၊ သညာမဟုတ်တာ၊ သင်္ခါရမဟုတ်တာ၊ ဝိညာဏ်မဟုတ်လား၊ ခန္ဓာငါးပါးမဟုတ်တာ၊ ရဟန္တာခေါ်မလား မေးပြန်တော့.... (မခေါ်နိုင်ပါဘုရား)။

ဒါဖြင့် မင်းဟာ ဘယ်ဟာ ရဟန္တာခေါ်တာတုံး၊ ရဟန္တာမှ မရှိဘဲနဲ့ ရဟန္တာသေယင် ပြတ်တယ်ဆိုတဲ့ဉစ္စာ မင်းဟာဘာတုံး၊ ရှင်သာရိပုတ္တရာက တရားသူကြီးက စစ်တာပေါ့.... (မှန်ပါ့)။

တပည့်တော်ဘုရား.... တဲ့၊ နဂိုရ်က ဉစ္ဆေဒဒိဋ္ဌိရှိနေတုန်းက ပြောဆိုတဲ့ စကားတွေပေါ့... (မှန်ပါ့) အခုတော့....အရှင်ဘုရားက ရုပ်ဟာ အနိစ္စလား....နိစ္စလားမေးတော့ .. တပည့်တော်က အနိစ္စ မြင်တော့ အနိစ္စပါဘုရား၊ အဲဒီ့.... အနိစ္စဖြစ်တဲ့တရားဟာ....ဒုက္ခလား၊ သုခလားလို့ မေးပြန်တော့ ဒုက္ခပါဘုရား.... ဆိုပြီးတော့ တပည့်တော်က မြင်တဲ့အတိုင်းဖြေတယ်။

အဲဒီ့ အနိစ္စ ဒုက္ခဖြစ်တဲ့ တရားတွေဟာ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ဆိုနိုင်ရဲ့လားလို့ မေးတော့ တပည့်တော်က မဆိုနိုင်ပါဘူး…ဆိုတော့ မဆိုနိုင်တဲ့ ဉာဏ်ရောက် လာတော့ အရှင်ဘုရားတည်းဟူသော ဆရာကောင်း မိတ်ဆွေကောင်းနဲ့ တွေ့ရတဲ့အတွက် ..တဲ့ တပည့်တော်မှာ ရဟန္တာသေယင် ဘာမှမဖြစ်တော့ဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူမရှိပါဘူး… တဲ့…(မှန်ပါ့)။

အဖြေထုတ်လိုက်ပြီ (မှန်ပါ့) မောင်သစ် အဖြေထုတ်လိုက်ပြီ…(မှန်ပါ့) နောက်က တကာတကာမတွေ့ ရဟန္တာ ရှိသေးရဲ့လား (မရှိပါဘုရား)။

ဒါနဲ့ နေပါဦး…ကွာ တဲ့…ယမက၊ မင်းကို ငါတခုပြောပါရစေဦး၊ မင်းက ကျော်ကျော်-ကြားကြား ရှုးပေမဲ့ ဒိဋ္ဌိရှုး…ရှုးပေမဲ့ မင်းက လူသိနတ်ကြားရှုးတာ… (မှန်ပါ့) မင်း ဒိဋ္ဌိဖြစ်နေတယ်ဆိုတာ ဟို…ရဟန်းတွေလဲသိ၊ ဒီရဟန်းတွေလဲသိ၊ အဲဒီတော့ မင်း ငါ့ဆီက ပြန်သွားတဲ့ အခါ ဟို …. ရဟန်းတွေက ရဟန္တာသေယင် ဘယ်သွားသတုံးလို့ မေးဦးမှာ….တဲ့ မင့်ကို…. (မှန်ပါ့ဘုရား)။

ရဟန္တာသေယင် ဘယ်သွားသတုံး၊ ပြတ်သွားသလား၊ ဘာမှမဖြစ်တော့ဘူးလားဆိုတာ မင့်ကို မေးဦးမှာကွ … တဲ့ ဟိုရဟန်းတွေက မေးယင် မင်း-ဘယ့်နှယ်လုပ်ဖြေမတုံး….တဲ့….ဆိုတော့ သူနိဗ္ဗာန်ဖြေလိမ့်မယ် .. သိလား….(မှန်ပါ့)။

အားလုံး တကာတကာမတွေ့ ဘာဖြေမှာတုံး…. (နိဗ္ဗာန်ဖြေမှာပါဘုရား) နိဗ္ဗာန်ဖြေလိမ့်မယ်ဆိုတော့ ကဲ…ကွာ တဲ့ မင့်ကို ရဟန္တာသေယင် ဘယ်သွားတုံးလို့ မေးလို့ရှိယင် မင်း-ဘယ့်နှယ်ဖြေမတုံးမေးတော့ တပည့်တော်ကတော့ ခန္ဓာငါးပါးရှိတာ ဖြေ

ပြီးသား ဖြစ်နေတော့ ခန္ဓာငါးပါးဟာ အနိစ္စတရားဘဲ… (မှန်လှ ပါဘုရား) ၎င်း အနိစ္စတရားဟာ ဒုက္ခအစစ်ဘဲ၊ဒုက္ခမြင်သွားပြီ…. (မှန်ပါ့)။

ဒုတိယအကွက်မှာ အနိစ္စအစစ်တွေ မရှိဘူးလား… (ရှိပါတယ် ဘုရား) အဲဒီ-အနိစ္စတရားဟာ ဒုက္ခလား၊ သုခလား…. ( ဒုက္ခပါ ဘုရား)။

အဲဒီဒုက္ခတွေ ချုပ်သွားပြီး၊ ဆုံးသွားပြီလို့ ဒုတိယ အကွက် တပည့်တော်ဆိုမယ် (မှန်ပါ့) ရှင်းပလား .. (ရှင်းပါပြီ)။

အနိစ္စဖြစ်တဲ့ ဒုတိယအကွက်…. (မှန်ပါ့) အဲဒါ ဒုက္ခအကွက် ကော မဖြစ်နိုင်ဘူးလား….(ဖြစ်နိုင်ပါတယ်ဘုရား)။

အဲဒီ့ အနိစ္စ၊ အဲဒီ ဒုက္ခတွေ ကုန်သွားပြီ၊ ဆုံးသွားပြီလို့…. တပည့်တော် ရဟန္တာသေယင် ဒုက္ခ ဆုံးသွားပြီလို့ ဖြေမယ်…. (မှန်လှပါဘုရား)။

ခင်ဗျားတို့ကော နိဗ္ဗာန်ပေါ်ပလား … (ပေါ်ပါပြီ) နိဗ္ဗာန် ဆိုတာ ဘာပါလိမ့်… (ဒုက္ခဆုံးသွားတာပါဘုရား) အဲ …. မင့်ကို ဘေးက ရဟန်းတွေက မင်းက လူသိနတ်ကြား ဒိဋ္ဌိရှုးထားတဲ့…. ပုဂ္ဂိုလ်ဖြစ်နေတော့ ရဟန္တာသေယင် ဘယ်သွားသတုံး မေးတော့ တပည့်တော်ဟာ အကြင်တရားသည် အနိစ္စ၊ ထိုတရားသည် ဒုက္ခ၊ ထို ဒုက္ခတရားသည် ကုန်ပြီ၊ ဆုံးသွားပြီလို့ တပည့်တော် ဖြေမှာ ဘဲတဲ့။ ရဟန္တာရယ်လို့ မဖြေတော့ဘူး…. (မှန်ပါ) ရိပ်မိပလား· (ရိပ်မိပါပြီ)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မတုံး….( ဒုက္ခဆုံးတာပါ ) ဒုက္ခဆုံးတာ ဘာခေါ်ကြမယ်…. ( နိဗ္ဗာန်လို့ခေါ်ပါတယ် )

အဲ....ဒါဖြင့် ပါဠိလို သုံးတော့ ဦးမြမောင်ကသုံး၊ ဒုက္ခနိရောဓေါ နိဗ္ဗာနံ....(မှန်ပါ)။

ရွတ်ကြစမ်း....( ဒုက္ခနိရောဓော နိဗ္ဗာနံပါဘုရား ) ဒုက္ခနိရောဓော... ဒုက္ခဆုံးခြင်းသည်....( ဝါ ) ဒုက္ခ ချုပ်ပျောက်ခြင်းသည် နိဗ္ဗာနံ=နိဗ္ဗာန်မည်၏....တဲ့...(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

ဒုက္ခတွေ ဆုံးသွားကြတာ ဘာခေါ်ကြမယ်.... ( ဒုက္ခနိရောဓော နိဗ္ဗာနံပါဘုရား) ဒုက္ခနိရောဓော နိဗ္ဗာနံလို့ ဖြေရမယ်.... နော်....(မှန်ပါ)။

ကိုင်း....ဒါဖြင့် .... ယမကဟာ ရဟန္တာသေယင် ပြတ်သွားတယ်ဆိုတဲ့ အယူတောင်မှ သောတာပန်တည်တော့ ဒုက္ခဆုံးယင် နိဗ္ဗာန်ပါလို့ ဘေးက ရဟန်းတွေက မေးယင် ဖြေမှာပါဘဲ တဲ့။ ရဟန္တာလဲ မရှိပါဘူး-တဲ့....(မှန်ပါ) ဒုက္ခဆုံးသွားတယ်။

ရဟန္တာသေယင် ဘယ်သွားသတုံးမေးလို့ရှိယင် ကဲ.... သမုတိနယ်က မေးလို့ရှိယင် မေးပါစေတော့၊ ၎င်း ရုပက္ခန္ဓာ ဝေဒနာ သညာ သင်္ခါရတွေ အနိစ္စ၊ ၎င်း အနိစ္စသည် ဒုက္ခဘဲ၊ ၎င်း ဒုက္ခတွေ ဆုံးသွားသည်မှတပါး တပည့်တော် ဖြေစရာမရှိပါဘူး တဲ့- ( မှန်ပါ ) ရဟန္တာသေလို့ရှိယင် ဒုက္ခဆုံးတာဘဲ....( မှန်ပါ ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒီတော့ ခင်ဗျားတို့လဲ အခု ဆရာ-ဘုန်းကြီးဆီ နည်းခံပြီး သကာလ လုပ်နေတော့ ပဌမဒုက္ခတွေအောင်ရှာ.... (မှန်ပါ) ဖြစ်ပျက်တွေအောင်....(မှန်ပါ)။

ဖြစ်ပျက်တွေယင် ဦးအောင်ဇံဝေ ဘာတွေသတုံး၊ ဒုက္ခတွေ

တယ်....(မှန်ပါ့) ဦးမြမောင်ကော....( ဒုက္ခတွေ့ပါတယ်ဘုရား ) နောက်က တကာတကာမတွေ.... (ဒုက္ခတွေ့ပါတယ်ဘုရား)။

ဖြစ်ပျက်တွေ့ယင် ဒုက္ခတွေ့ပြီ .. နော်.... ( မှန်ပါ့ ) အဲ....ဒုက္ခတွေ့ယင် မပေါ့နဲ့တော့၊ ဆုံးအောင် လိုက်ကြပေတော့။ အင်း ... ဒုက္ခတွေတွေ့နေပြီ၊ ဒုက္ခတွေ တွေ့နေပြီဆိုပြီး ဒုက္ခချည့်ရှုနေ.... (မှန်ပါ့) ဒါ....ဒုက္ခသစ္စာဘဲ၊ ဒါ... ဒုက္ခသစ္စာဘဲလို့ ရှုပေးပါ.... (မှန်ပါ့) ဒါ အလုပ်သင်နေတယ်လို့ မှတ်ပါ....(မှန်ပါ့)။

စိတ်ကလေးကို ၁၃-ခု ရှိတယ်လို့ ခင်ဗျားတို့ စာရွက်ကလေး ဝေထားတယ်.... (မှန်ပါ့) အဲဒီ့ စိတ်ကလေးတွေဟာ ဖြစ်လိုက်၊ ပျက်လိုက်။ ဖြစ်လိုက်၊ပျက်လိုက်။ ဘာ့သစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

အဲ....ဒုက္ခသစ္စာကလေးတွေကို ဒီ အတိုင်းချည်းရှု.... (မှန်ပါ့) ရှုပါများလာတော့ ဦးမြမောင်တို့၊ ဘာဖြစ်လာမယ်ထင်သတုံး.... (မုန်းလာမှာပါဘုရား)။

ကိုယ့်အသေ ကိုယ်မုန်းလာတာပေါ့... (မှန်ပါဘုရား) ကိုယ့် စိတ်ကလေးတွေနဲ့ အသက်ရှင်နေတာ ကိုယ့်စိတ်ကလေးတွေ သေတော့ ကိုယ့်ဟာ ကိုယ်မုန်းဆိုတဲ့ အဓိပ္ပါယ် မရောက်ဘူး လား... (ရောက်ပါတယ်ဘုရား)။

မုန်းလာပြီ မုန်းတဲ့အခါကျတော့ မုန်းရုံတင်လားတဲ့ .. ဒါကြီး နဲ့ မနေချင်၊ဒါကြီးကို မရချင်ဆိုတာ လာမှာလား .. (လာမှာပါဘုရား) ။

အဲ....လာတဲ့အခါကျတော့ အမှန်လဲ လာပါရော ဒုတိယကွက်

မှာရှိတဲ့ တပါးချုပ်တာနဲ့ ငါးပါး ပါသွားတယ်....(မှန်လှပါ ဘုရား)။

စိတ်တပါးချုပ်တာနဲ့ ဘာတုံး....(ခန္ဓာငါးပါး ချုပ်ပါ တယ်ဘုရား)၊ ငါးပါးစလုံး ပါသွားတယ်နော်....(မှန်ပါ)။

နဂိုရ်က ရုပ်နာမ်ရှိဘာကိုး၊ ရုပ်လဲယင် နာမ်လဲတာဘဲ.... (မှန်ပါ)နာမ်သဲယင်... (ရုပ်လဲတာပါဘဲဘုရား) အဲဒီအတိုင်းသာ မှတ်ပါလို့သာ ရှင်သာရိပုတ္တရာကြီးက ဟောထားပါတယ် .... (မှန်ပါ)။

ရုပ်ရှုယင် နာမ်ပါတာဘဲ၊ နာမ်ရှုယင် ရုပ်ပါတာဘဲဆိုတော့ လဲသွားတယ်ဆိုကတည်းက နှစ်ခုစလုံး ရှိသေးရဲ့လား... (မရှိပါ ဘုရား) ရုပ်ကောနာမ်ကောရှိသေးရဲ့လား .. (မရှိပါဘုရား)။

အဲဒါကြောင့် မလိုချင်တဲ့ အခါကျတော့ ဒုတိယအကွက်မှာ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာတွေ အကုန်ပျောက် ရမယ်... (မှန်ပါ) မပျောက်သေးဘူးလား .... (ပျောက်ပါတယ် ဘုရား)။

ပျောက်တော့ ဩော်... ဒီနေရာမှာ ဘာသစ္စာတွေချုပ်သွား သတုံး... (ဒုက္ခသစ္စာတွေချုပ်သွားပါတယ်ဘုရား)။

ဒုက္ခသစ္စာတွေ ချုပ်သွားတော့ ဒီအကွက်ကို ဦးမြမောင်တို့၊ ဦးဘသန်းတို့က ဆိုင်းဘုတ်ဆွဲပါ့လားဗျ... ( မှန်ပါ )ဘယ့်နှယ် ဆွဲမလဲ....(ဒုက္ခနိရောဓပါ) ဒုက္ခနိရောဓကွက် .... ( မှန်ပါ ) ဒုက္ခနိရောဓအကွက်နော်....(မှန်ပါဘုရား)။

ဘယ့်နှယ်ဆိုကြမယ်... ( ဒုက္ခနိရောဓအကွက်ပါ ) နဂိုရ်က ဘာကွက်တုံးဗျ....(ဒုက္ခသစ္စာကွက်ပါဘုရား)။

နဂိုရ်က ဒုက္ခသစ္စာကွက်ဆိုတော့ ဪ... ခင်ဗျားတို့က မလို ချင်လို့ ချုပ်သွားတော့- ခန္ဓာတွေချုပ်သွားတဲ့ အခါကျတော့ ဒုက္ခနိရောဓသစ္စာကွက်....(မှန်ပါ) မဆိုနိုင်ဘူးလား . (ဆိုနိုင်ပါ တယ်ဘုရား)။

ဘယ့်နှယ်ဆိုကြမယ်.... ( ဒုက္ခနိရောဓသစ္စာကွက်ပါဘုရား ) ဒုက္ခနိရောဓသစ္စာကွက်လို့ဆိုယင် လွဲပါ့မလား-(မလွဲပါဘုရား)။

ဒါဖြင့်... နိဗ္ဗာန်ဟာ နဂိုရ်က ဒုက္ခသစ္စာတွေတဲ့ နေရာမှာ နိရောဓသစ္စာတွေရမယ်... (မှန်ပါ) ပေါ်ပလား.... (ပေါ်ပါပြီ) ဒုက္ခသစ္စာတွေတဲ့ နေရာမှာ.... (နိရောဓသစ္စာတွေရမှာပါဘုရား)။

ဪ....ဒို့ရှာတာလွဲနေပေါ့....(မှန်ပါ) တောင်ပေါ်တက် ရှာလိုရှာ.. (မှန်ပါ) အောက်ခေတ်တော်တိုက်ထဲ ဝင်ဖူးလိုဖူး.... ( မှန်ပါ ) ဟို....စွယ်တော်သွားပြီး၊ သီဟိုဠ်သွားရှာလို ရှာ.... နိဗ္ဗာန်ရှာကြတာ....(မှန်ပါ)။

နိဗ္ဗာန်ရှာကြတာ လွဲနေတယ်....(မှန်ပါ) ဒီ ဒုတိယအကွက်ထဲ ရှာရမယ်....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီ)။

ဘယ်အကွက်ထဲ ရှာရမလဲ.... (ဒုတိယအကွက်ထဲမှာပါ) ဒုတိ ယအကွက်ထဲရှာတော့ ရှေးဦးစွာ ဘာတွေသလဲ.... ( ဒုက္ခတွေ့ပါ တယ်ဘုရား) ဒုက္ခသစ္စာတွေ့တယ်... (မှန်ပါ) နောက် ဒုက္ခသစ္စာ တွေချည့် တွေ့နေတော့ ဒီအကွက်ထဲက ဒုက္ခသစ္စာတွေ ဖယ်ဖယ်၊ ဖယ်ဖယ်ပြီး ဉာဏ်နဲ့ တက်လိုက်တော့ ဒုက္ခသစ္စာတွေ ကုန်သွား တယ်....(မှန်ပါ) နောက် ဒီအကွက်ထဲ ဒုက္ခဟူသ၍ ရှားမတွေ့ တော့ ဘာကွက်ဖြစ်သွားသတုံး.... ( ဒုက္ခနိရောဓသစ္စာကွက်ပါ ဘုရား )။

ဒုက္ခနိရောဓသစ္စာကွက် မဖြစ်ဘူးလား....(ဖြစ်ပါတယ် ဘုရား)။ ဩော်....ဒီနေရာတွင် ကပ်ရှာရမှာပါကလား (မှန်ပါ့) ခန္ဓာထဲ ကပ်ရှာရမှာ ...(မှန်ပါ့)ခန္ဓာထဲ ရှေးဦးစွာ ဒုက္ခသစ္စာတွေ့ရမယ်-- (မှန်ပါ့)ပေါ်ပြီ...(ပေါ်ပါပြီဘုရား)။

နောက်ကျတော့ ဒီခန္ဓာထဲမှာဘဲ ဒုက္ခသစ္စာတွေတွေ့၊ ဒုက္ခသစ္စာတွေ မုန်းလာတော့ ဒုက္ခသစ္စာတွေဖြင့် မလိုချင်ဘူး ဆိုတာလဲ ဒီခန္ဓာထဲက ဉာဏ်ကဘဲ မလိုချင်တော့ ဒီခန္ဓာကြီး ပျောက်သွားတာဘဲဗျ .. (မှန်ပါ့)။

ဒီခန္ဓာကြီး ပျောက်သွားပြီးသကာလ ဉာဏ်ကလေးဘဲ ကျန်နေရစ်တော့ ဒီဉာဏ်ကလေးဟာ ဘယ်သူနဲ့ နေရစ်သတုံး .. လို့ မေးတော့ ဒုက္ခနိရောဓသစ္စာနဲ့ နေရစ်တယ်....(မှန်ပါ့)။

နဂိုရ်တုန်းက ဒုက္ခနဲ့ နေတဲ့ဉာဏ် .. (မှန်ပါ့)နောက်ကျတော့ ဒုက္ခချုပ်သွားတော့ သူ ဘာနဲ့ နေရစ်သလဲ....(ဒုက္ခနိရောဓသစ္စာ နဲ့ နေရပါတယ်ဘုရား)။

ဒုက္ခနိရောဓသစ္စာနဲ့ နေရတယ်ဆိုတော့ ဒုက္ခနိရောဓသစ္စာက နိဗ္ဗာန်...( မှန်ပါ့ )ဉာဏ်ကလေးက မဂ်ဉာဏ်ဆိုတော့ နိဗ္ဗာန် မဂ္ဂသ ဟုတ်လား....(မှန်ပါ့)"နိဗ္ဗာနံ ဖလဿ အာရမ္မဏ ပစ္စယော န ပစ္စယော"၊နိဗ္ဗာန်နဲ့ မဂ်ဘဲ ကျန်ရစ်ရမယ်ကွ၊နိဗ္ဗာန်နဲ့ ဖိုလ်ဘဲ ကျန်ရစ်ရမယ်ကွ....ဆိုတဲ့ ဉစ္စာ ကိုက်သွားတာဘဲ....( မှန်ပါ့ ) မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ယမက ဖြေတုန်းကတော့ ဒီအတိုင်း ဖြေတယ် .. ၊ ဒီတရားတွေဟာ အနိစ္စပါဘုရား၊ သူက ဒုက္ခပါဘုရား၊ဒီဒုက္ခတွေ ဆုံးသွားပါတယ်လို့ ဒီအကွက် ဖြေတာဘဲ....(မှန်ပါ့) မဖြေဘူး လား ...(ဖြေပါတယ်ဘုရား)။

ဒီအကြောင်း ဖြေတော့ကို ရဟန္တာသေတယ်ဆိုတဲ့ ဥစ္စာ တခြား မဟုတ်ပါဘုရား၊ ဒီဒုက္ခတွေ မရှိတာပါဘဲ....(မှန်ပါ) ဒုက္ခတွေ မရှိတော့ ဘာတွေ ပေါ်လာသတုံး....( သုခတွေ ပေါ်လာပါ တယ် )သုခပေါ်တော့ ဆိုင်းဘုတ်ဆွဲလိုက်....( ဒုက္ခနိရောဓ နိဗ္ဗာန် )။

ဒုက္ခနိရောဓအသစ် ပေါ်လာတယ်နော်....နိဗ္ဗာန်ဘဲ...(မှန်ပါ ဘုရား)ဒုက္ခနိရောဓ အသစ်က ပေါ်မလာဘူးလား(ပေါ်လာပါ တယ်ဘုရား)။

နဂိုရ်က ဒီနေရာ ဘာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား)အင်း.... မလိုချင်တဲ့ အချိန်ကျတော့ ဘယ့်နှယ်ဆိုကြမလဲ.... (ဒုက္ခနိရောဓ သစ္စာပါဘုရား)။

ဪ....ဒါဖြင့် ဒီနေရာမှာတင် ဒုက္ခချုပ်တယ်၊ ဒီနေရာမှာ နိဗ္ဗာန်ပေါ်တယ်....(မှန်ပါ) ဒီနေရာမှာ ဒုက္ခချုပ်ပြီး(ဒီနေရာမှာ ဘဲ နိဗ္ဗာန်ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ကို စ,ရှာရမှာက ကိုအုန်းကြီးတို့ မိုးကုတ်ဆီ မှာ ဖြစ်စေ၊ ဟို ကျောက်စိမ်းတွင်းမှာ ဖြစ်စေ ကျောက်ကောင်း လိုချင်တော့ အပေါ်က ကျောက်မဟုတ်တာတွေ အကုန်ဖယ်ပစ် ရတယ်... (မှန်ပါ) မဖယ်ရဘူးလား... ( ဖယ်ရပါတယ်ဘုရား ) ပြီးတော့မှ ကျောက်ကောင်းကို ရှာယူရတယ်....(မှန်ပါ) မယူရ ဘူးလား...(ယူရပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်ဟာ အပေါ်က ဒုက္ခသစ္စာကို ဖယ်ဦးမှ ရမှာ....( မှန်ပါ )ဖယ်လို့ ကုန်သွားတဲ့

အခါကျတော့ ဘယ်သစ္စာ တွေ့မလဲ....(နိရောဓသစ္စာတွေ့ပါမယ် ဘုရား) ဒုက္ခနိရောဓသစ္စာ မတွေ့ပေဘူးလား....( တွေ့ပါတယ် ဘုရား )။

ဒါဖြင့် ပဋ္ဌမ ခင်ဗျားတို့ အလုပ်-လုပ်နေတာ အပေါ်က ကျောက်မဟုတ်တာတွေ ဖယ်နေတာ....(မှန်ပါ့)နောက် ရတာက ကျောက်စစ်ဆိုသလို ခင်ဗျားတို့ ဝိပဿနာ လုပ်နေတာက ဒုက္ခ သစ္စာကို ဖယ်ထုတ်နေတာ... (မှန်ပါ့)ဒုက္ခသစ္စာတွေဘဲ တူး၊ ဒုက္ခ သစ္စာတွေဘဲ ဆွပြီးသကာလ ဒီအတိုင်း နေကြတာနော်....(မှန်လှ ပါဘုရား)။

နောက် ဒုက္ခသစ္စာတွေဘဲ တူးလို့....ဆွလို့ ဖယ်နိုင်သ၍ ဖယ် ပြီး ကုန်နိုင်သ၍ ကုန်သွားတဲ့အခါကျတော့ ဘာတွေ့မလဲ-(ဒုက္ခ နိရောဓသစ္စာ တွေ့ပါမယ်ဘုရား)။

အင်း... ဒီတွင်းမှာဘဲ ကျောက်တွေ ဖယ်ရတယ်....( မှန်ပါ့ ) ဘာဖြစ်လို့တုံး....၊ ကျောက်မဟုတ်တာတွေ....(မှန်ပါ့) ဒီတွင်းက ဘဲ ကျောက်ကောင်းရဘသ်....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ... (ဒီအတိုင်းပါဘဲဘုရား) ဒီအတိုင်းဘဲ၊ ဒီတွင်းထဲကဘဲ ရှေးဦးစွာ ကျောက်ကောင်းလိုချင်လို့ ကျောက် မဟုတ်တာတွေ.. (ဖယ်ရပါတယ်) နောက် ဒီတွင်းထဲကဘဲ ဘာ ဖြစ်သတုံး....(ကျောက်ကောင်းရပါတယ်ဘုရား)။

ဒီတတွင်းထဲ လိုက်ရမယ်... (မှန်ပါ့)ဒီ့ပြင်ဟာ လိုက်ဘို့ မလို ဘူး....(မှန်ပါ့)လိုသေးရဲ့လား....(မလိုပါဘုရား)။

ဒါဖြင့် ရှုတဲ့အခါမှာလဲ ဒုတိယအကွက်ဘဲ ခင်ဗျားတို့ မဂ်နဲ့

ရှု....(မှန်ပါ့) ဆုံးအောင်သာရှု၊ ဒုတိယအကွက်ဘဲ နိရောဓကွက် ဖြစ်ရမယ်....(မှန်ပါ့)။

ပဌမတော့ ဒုတိယအကွက်ဟာ ဒုက္ခကွက်....(မှန်ပါ့)နောက် ကျလို့ ရှုပါများလာတော့ မောင်သစ်ရေ ဘာဖြစ်မလဲ....(ဒုက္ခ နိရောဓသစ္စာကွက်ပါ) ဒါဖြင့် မိုးကုတ်ကျောက်တူးတာနဲ့ မတူ ဘူးလား .. (တူပါတယ်ဘုရား)။

အပေါ်က ကျောက်မဟုတ်တာတွေ ဖယ်ထုတ်နေတာလဲ ဒီတွင်းဘဲ....(မှန်ပါ့ဘုရား)ကျောက်ကောင်း ရတာကော-(ဒီတွင်း ပါဘဲ ဘုရား)။

ဒီတွင်းဘဲဆိုတော့ ဩော်....အပေါ်က မကောင်းတာတွေ မဖယ်ဘဲနဲ့ ကောင်းတာတော့ မတွေ့နိုင်ပါဘူး....(မှန်ပါ့)ဒီမှာလဲ ဒုက္ခသစ္စာ မဖယ်ဘဲနဲ့တော့ ဒုက္ခနိရောဓသစ္စာ ဘွားကနဲတော့ ပေါ်မလာနိုင်ဘူး... (မှန်ပါ့)။

ဒါဖြင့် ဝိပဿနာလုပ်နေတာသည် ဒုက္ခသစ္စာဖယ်နေတာ.... (မှန်ပါ့)ဟုတ်လား....(မှန်ပါ့) နောက်ကျတော့ ဝိပဿနာအဆုံး သို့ ရောက်သွားတဲ့အခါကျတော့ နိရောဓသစ္စာ ပေါ်လာတာ ဘဲ (မှန်ပါ့)သဘောပါကြပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ဒို့အလုပ်ဟာ ဖြစ်ပျက်မြင်အောင် ရှုဘို့ဘဲ၊ ဖြစ်ပျက် မုန်းအောင် ရှုဘို့ဘဲ၊ ဟုတ်လား....(မှန်ပါ့)။

နောက် ဖြစ်ပျက် အဆုံးမြင်အောင် ရှုဘို့ဘဲဆိုတော့ ဖြစ် ပျက် ဆုံးတာသည် ဒုက္ခဆုံးတာဘဲ... ( မှန်ပါ့ )ဟုတ်လား.... (မှန်ပါ့)။

ဒါဖြင့် " ဖြစ်ပျက်သမျှ၊သင်္ခါရ၊ ဒုက္ခသစ္စာမှတ် " ဆိုတာ မကိုက်ဘူးလား....(ကိုက်ပါတယ်) ဘာဖြစ်လို့တုံး ဖြစ်ပျက်မှုကို ငါကောင်ထင်နေယင် သမုဒယသစ္စာ- ဒါတွေ ငါတွေဘဲ ထင်နေယင် သမုဒယသစ္စာ....(မှန်ပါ့)ဟုတ်လား... (မှန်ပါ့)။

'ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည်း၊ ချုပ်ဆုံး နိဗ္ဗာန်မှတ်'လို့ ဒီအထဲ ဖြစ်ပျက်တွေ ဆုံးသွားယင် ဘာဆိုမတုံး....(နိဗ္ဗာန်ပါ) နိဗ္ဗာန်ဘဲတဲ့... ။

ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင်တဲ့ ဒီဉာဏ်ကလေးက ဒီချုပ်ဆုံးမှုထဲ ဝင်လာလို့ရှိယင်ဖြင့် သိမြင်မဂ်ဟု မှတ်တဲ့၊ ဒီဉာဏ်ကလေးဟာ မဂ်ဉာဏ်လို့သာ သေသေချာချာမှတ်.. (မှန်ပါ့) ရှင်းပလား....( ရှင်းပါပြီဘုရား )သဘောကျပလား... (ကျပါပြီဘုရား)။

ကဲ....ဒါဖြင့် နိဗ္ဗာန်ရှာချင် ဘယ်အကွက်ထဲ ရှာရမယ်.... (၂-အကွက်ထဲ ရှာရမှာပါ) ၂-အကွက်ထဲမှာ၊ ရှေးဦးစွာ ၂-ကွက်ထဲမှာ ဘွားကနဲ အယင်တွေ့မလား၊ ဘယ်လိုလုပ်မတုံး....(ဒုက္ခသစ္စာကိုဘဲ အယင်တွေ့ပါမယ်ဘုရား)။

ဒုက္ခသစ္စာကို ဉာဏ်နဲ့ ယထာဘူတဉာဏ်နဲ့ မြင်လဲ မြင်ရဦးမယ်... ( မှန်ပါ့ ) နောက် နိဗ္ဗိန္ဒဉာဏ်နဲ့ မုန်းလဲ မုန်းရမယ်.... (မှန်ပါ့)အဲဒီတော့ မြင်တဲ့ဉာဏ် မုန်းတဲ့ဉာဏ်နဲ့ ဖယ်ထုတ်လိုက်တဲ့ အခါကျတော့မှ ဘျောက်ကောင်း ထွက်လာသလို....နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ဟာ ပေါ်လာလိမ့်မယ်ဆိုတာ သဘောပါပလား... (ပါ-ပါပြီ ဘုရား)။

ဒါကြောင့် ဒီတကာတကာမတွေကို စာရွက်ထဲပါတဲ့အတိုင်း တယောက် တယောက်လဲ ပြောပြပါ ဖြစ်ပျက်ရှုဘို့... (မှန်ပါ့) ဒုတိယအကွက် ရှုနေတာ၊ ဘယ်အကွက်မှ ရှုတာမဟုတ်ဘူး .... (မှန်ပါ့)သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော် မူသော

( ကုသိုလ်စစ်ကို ရအောင် ရှာပါ )

# ညအလုပ်ပေး- တရားတော်

( ၁၂-၉-၆၂ )

တရားနာကြတယ် ဆိုတဲ့ဥစ္စာ မတရားလုပ်တာ ကာကွယ်တာဘဲလို့ မှတ်ကြပါ....(မှန်ပါ့)တရားနာတယ် တရားနာတယ်ဆိုတာ မတရားတွေ ကာကွယ်တဲ့တရားလို့ မှတ်လိုက်.. (မှန်ပါ့ဘုရား)။

မတရားတွေ ကာကွယ်တယ်ဆိုတာ တခြားမဟုတ်ဘူး တနေ့လုံးဟာ လူမှာဆိုလို့ရှိယင် လောဘတွေ့,ဒေါသတွေ,မောဟတွေ ဣဿာတွေ, မစ္ဆရိယတွေ,မာနတွေ, ဒါတွေဟာ များပြီးသကာလ နေတော့ ဒီတရားတည်း ဟူသော မဂ္ဂင်ရေနဲ့ ဆေးကြောမှ ပြောင်မှာဖြစ်နေလို့ မဂ္ဂင်ရေနဲ့ ဆေးကြောတဲ့အလုပ်ကို လုပ်ကြရတယ်လို့ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

မဂ္ဂင်ရေနဲ့ ဆေးကြောလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့်....တဲ့ စင်ကြယ်ပြီးသကာလ သွားပါတယ်...(မှန်ပါ့)ဒီ့ပြင်ရေနဲ့ဆေးလို့ရှိယင် မစင်ကြယ်ပါဘူး....(မှန်ပါ့ဘုရား)။

ဘာကြောင့်တုံးလို့ မေးတဲ့အခါ ကျတော့မှ ကုသိုလ်လုပ်တယ်၊ ကံမြောက်စီးလှဲတဲ့ ကုသိုလ်၊ ရေလှူတဲ့ ကုသိုလ် အမျိုးမျိုး အဖုံဖုံရှိတယ်၊ သူက ကုသိုလ် ကုသိုလ်တခြားဘဲ၊ အကုသိုလ်ဟာ အကုသိုလ်တခြားဘဲ၊ ဖြတ်နိုင်တဲ့ စွမ်းရည်သတ္တိမရှိဘူး.... (မှန်ပါ ဘုရား)။

မဂ်ကတော့ဖြင့်အတိတ်ကပါလာတာဖြစ်စေ၊ပစ္စုပ္ပန်မှာဖြစ်စေ အလုံးစုံအကုန် ပစ္စုပ္ပန်မှာ ပါလာတဲ့ ဒီဘဝမိုက်မဲ့ထားတာတွေ၊ အတိတ်ကပါလာတဲ့ မိုက်မဲမှု၊ အပါယ်မှာ ခန္ဓာနဲ့ ကျွေးမဆပ်ရသေးတာတွေ အလုံးစုံ အကုန်ဟူသ၍သည် မဂ်တခုကအနိုင်ဆိုးဘဲ...(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာကို နားထောင်ကြည့်ပါ"ကုသလာ ကုသလံ ဇဟံ" ကုသိုလ်- အကုသိုလ်တွေ စွန့်လိုက်တယ်ကွာဆိုတဲ့ဥစ္စာ သူဘာကြောင့် ဒီအသံ ဒါလောက် ထွက်ပါလိမ့်မတုံးလို့ ဘုရားက မေးလို့ရှိယင်ဖြင့် ဩော်... ငါ မဂ်ရပြီးပြီလို့ ပြောတာဘဲ....(မှန်ပါ့ဘုရား)။

မဂ်ရပြီးတဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် တကာတကာမတွေ မှတ်ကြ ကုသိုလ်လဲ စွန့်ပစ်လိုက်တယ်၊ အကုသိုလ်လဲ စွန့်ပစ်လိုက်တယ်လို့ မှတ်ကြပါ....(မှန်ပါ့ဘုရား)။

နို့... ကုသိုလ်ဘာဖြစ်လို့ စွန့်ရတာတုံး၊ အို- ကုသိုလ်ပေမဲ့ ခင်ဗျားတို့က ဘုံဘဝ အကျိုးပေးမည့် ကုသိုလ်တွေ ဆိုတော့ မောင်ချစ်စိန် ဇာတိ,ဇရာ,မရဏ လာဦးမှာဘဲ .... ( မှန်ပါ့ ) အကုသိုလ်က လုပ်ပေးတဲ့အခါ ဇာတိ,ဇရာ,မရဏတွေလာဦးမှာ ပေါ့၊ ကုသိုလ်က သုဂတိဇာတိ ဇရာ, မရဏတွေ ဦးမြမောင်

လာဦးမှာပေါ့.... (မှန်ပါ) ဒါတွေ မစွန့်လို့ရှိယင် ဒုက္ခသစ္စာ အဆက်ပြတ်ပါ့မလား....(မပြတ်ပါဘုရား)။

ဒါ့ကြောင့် ကုသိုလ်ပေမဲ့လဲ ဘုန်းကြီးတို့ တကာတကာမတွေက မှတ်ရတယ်၊ဩော်....ကုသိုလ်ပေမဲ့သဲ ကြောက်စရာကုသိုလ်တွေ ရှိသေးသကိုး .. (မှန်ပါ့ဘုရား)။

မောင်သစ်တို့က ကုသိုလ်ဆိုယင် အကောင်းချည့်ဘဲ၊နောက်က တကာတကာမတွေကလဲ ကုသိုလ်ဆိုယင် အကောင်းချည်းဘဲ ဆိုလို့ရှိယင် မဂ်ဟာ ဟောစရာမလိုတော့ဘူး....(မှန်ပါ့)ကုသိုလ်ပေမဲ့လဲ ဇာတိ, ဇရာ, မရဏ, ကျေးဇူးပြုတဲ့ ကုသိုလ်ကျတော့ ဒါ ကုသိုလ်ကောင်း ကုသိုလ်စစ်လို့ ဦးမြမောင်တို့၊ ဦးဘသန်းတို့က မဆိုလိုက်နဲ့....(မှန်ပါ့ဘုရား)။

ဇာတိ,ဇရာ,မရဏ ကျေးဇူးပြုတော့ ဇာတိ,ဇရာ,မရဏ,ဒုက္ခသစ္စာလို့ ပဋိစ္စသမုပ္ပါဒ်မှာ ပါနေတယ်(မှန်ပါ့)ဒါဖြင့်ဒုက္ခသစ္စာ ကျေးဇူးပြုမည့် ကုသိုလ်ဖြင့် ကျုပ်တို့အကြိုက် ကျနိုင်ပါ့မလား· သစ္စာသိတဲ့ပုဂ္ဂိုလ်က . (မကျနိုင်ပါဘုရား)။

မကျနိုင်ဘူး....တဲ့၊ သစ္စာသိတဲ့ပုဂ္ဂိုလ်က ဘယ်နည်းနှင့်မှ မကျနိုင်ဘူးဆိုတာ မှတ်ထားပါ .. (မှန်ပါ့) အဲဒီတော့ကို သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်ကတော့ ကုသိုလ်ဆို အကုန်ကြိုက် ဖြစ်နေတယ်.... (မှန်ပါ့ဘုရား)။

ကဲ... ဦးကျော်မောင်တို့ လူကြီးပါပါတယ်၊ ဦးအောင်ဇံဝေတို့ လူကြီးပါပါတယ်၊ ကုသိုလ်တိုင်း နဂိုရ်က ကြိုက်ရမယ်လို့ အောက်မေ့ထားတာ အခုဆရာဘုန်းကြီးက ပြင်လိုက်ပါတယ်၊ ကုသိုလ်တိုင်းမကြိုက်နဲ့....(မှန်ပါ့) ကုသိုလ်တိုင်း ကြိုက်လို့ရှိယင် ခင်ဗျားတို့ ဥပမာ နတ်ပြည်ရောက်တဲ့ ကုသိုလ်,ဗြဟ္မာပြည်ရောက်

တဲ့ကုသိုလ်၊ စကြဝတေး မန္ဓာတ်ဖြစ်ဘဲ့ကုသိုလ်ဆိုယင်ဖြင့် ဇာတိရှိ ဇရာ၊ဗျာဓိ၊ မရဏာလွတ်ပါ့မလား....(မလွတ်ပါဘုရား)။

မလွတ်သေးဘူးတဲ့၊ အမေမှား အဖေမှားတွေမှာကော ငရဲ သန္ဓေမနေနိုင်ဘူးလား....(နေနိုင်ပါတယ်ဘုရား)။

ထိုကဲ့သို့ နေနိုင်ပြန်လို့ ရှိယင်လဲ အမေမှား အဖေမှား သင်ရာကြောင့် ဝါဒပြောင်းပြီး သဘာလ အမျိုးမျိုးသော အကုသိုလ်တွေ မလုပ်ဖြစ်ဘူးလို့ ဆိုနိုင်ကြပါ့မလား....(မဆိုနိုင် ပါဘုရား)။

မဆိုနိုင်တော့ ဩော်....ဒါဖြင့် ကုသိုလ်တိုင်းကောင်းတယ်လို့ အကုန်ယူလို့ မရဘူးဆိုဘာ ယနေ့ညမှတ်ရမယ် .... (မှန်ပါ ဘုရား)။

ကိုယ်က ကုသိုလ်ဆိုလို့ရှိယင်ဖြင့် အကောင်း ချည့်ဘဲလို့ ဦးမြမောင်တို့က ယူလိုက်လို့ရှိယင်တဲ့ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးက သူကြိုက်တဲ့ ကုသိုလ်က အကဏှ အသုက္က ဖြစ်တဲ့ ကုသိုလ်သာကြိုက်တယ် .. (မှန်ပါဘုရား)။

ကဏှသုက္က=ဖြူစင်တဲ့ ကုသိုလ်ဆိုငြားသော်လဲ ကာမာဝစရ ကုသိုလ်တွေ ဖြစ်နေတော့ ကာမဘုံတွင် ရှောက်ပြီးအကျိုးပေး နေတော့ ဦးကျော်မောင် ကြိုက်ပါ့မလား....(မကြိုက်ပါဘုရား)။

ဒါ့ကြောင့် ကံလေးပါး ခွဲလာတဲ့အခါမှာလဲ ဘုန်းကြီးတို့ တကာတကာမတွေက မှတ်ပါ၊ အကဏှ=မမည်းမနက်၊အသုက္က= မဖြူ၊ ဖြူလဲမဖြူ မည်းလဲမမည်းဘဲနဲ့ ကုသိုလ်မျိုးကို ဦးအောင် ဇံဝေ ဘုရားကြိုက်တယ်....( မှန်ပါ ) အဲဒီ့ကံက ဘယ်သူတို့ လို့ဆိုတော့ မဂ္ဂင်ရှစ်ပါးကို ကံလို့ခေါ်တယ်လို့ မှတ်ရမယ်.... (မှန်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ၌ နဂိုရ်ကမှတ်ထား တာက မောင်သစ်တို့ မှတ်ထားတာက ငယ်ငယ်က မှတ်ထားတာ တွေက ဦးဘသန်းကြီးတို့ ငယ်ငယ်ကမှတ်ထားတာတွေကကုသိုလ် ဆိုက္ခာ-ကောင်းတာဘဲ(မှန်ပါ့) ဒီလို ယူထားကြတယ် ...(မှန်ပါ့ ဘုရား)။

နို့ .... ဘုန်းကြီးက ကုသိုလ်ပယ်တာလားလို့မေးတော့ ပယ် တာတော့ မဟုတ်ဘူးဗျ၊ အကောင်းအဆိုးရွေးတာ....( မှန်ပါ့ ) ပယ်တာတော့ မဟုတ်ပါဘူး။ အကောင်း အဆိုး ရွေးတယ်လို့ တကာတကာမတွေက မှတ်ရမယ်....နော် (မှန်ပါ့)။

အကောင်း အဆိုး ရွေးတော့ မကောင်းတဲ့ ကုသိုလ်လို့ ဆို လိုက်ပြန်တော့လဲ သစ္စဉာဏ်နဲ့ ကြည့်လိုက်ဘဲအခါကျတော့ လူ့ ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် အကျိုးပေးလို့ ရှိယင် ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လွတ်ပါ့မလား.... (မလွတ်ပါဘုရား)။

မလွတ်ယင် ဒီကုသိုလ်ကို ခင်ဗျာ'တို့ သစ္စာသိထားတဲ့ ပုဂ္ဂိုလ် က ဒုက္ခသစ္စာအကျိုးပေးတဲ့ ကုသိုလ်ကို ရမ်းကြိုက်နေလို့ ရှိယင် ဖြင့်....ဦးမြမောင် အမှားဘဲ... (မှန်ပါ့)ဒုက္ခ ချုပ်ငြိမ်းတဲ့ ကုသိုလ် သာလျှင် ကုသိုလ်စစ် ကုသိုလ်မှန်လို့ သေသေ ချာချာ မှတ်ရ မယ်....(မှန်ပါ့)။

အဲဒီတော့....ဒီနေရာမှာ မောင်သစ်.... ဆရာကောင်း သမား ကောင်း သိပ်လိုတယ်၊ ညွှန်ပြမည့်သူ လိုတယ်ဆိုတာ ဦးမြမောင် ပေါ်ပြီ (မှန်ပါ့) မပေါ်သေးဘူးလား .. (ပေါ်ပါပြီဘုရား)။

ကိုယ့်နဂိုရ်အမှတ်နဲ့ တခြားစီသွားဘူးလား....(သွားပါတယ် ဘုရား) နဂိုရ်အမှတ်ကတော့ ခင်ဗျားတို့ ကြားဘူးနားဝ ရှိပြီး

ဆရာတွေ သမားတွေနဲ့ လာကြတာကတော့ဖြင့် ကုသိုလ်ဆိုကွာ ကောင်းတာချည့်ဘဲ။ ဘာလုပ်လုပ် ကောင်းတာချည့်ဘဲလို့ ဆို ငြားသော်လဲ ဘုံဘဝအကျိုးပေးတဲ့ ကုသိုလ်မျိုးဟာ မကောင်း ဘူး... (မှန်ပါ)။

ဘုံဘဝမှ လွတ်မြောက်တဲ့ ကုသိုလ်မျိုးသည်.... (ကောင်းပါ တယ်ဘုရား) ကောင်းတယ်လို့ ဆိုတော့ ဘာကလေး လုပ်လုပ်၊ ဒါန လုပ်လုပ်၊ သီလ လုပ်လုပ်၊ ဒီ ဘုံဘဝ မလိုချင်တဲ့ ဉာဏ် ဦးစီးလုပ်တဲ့ ကုသိုလ်ဆိုတော့ ဘုန်းကြီးများကလဲ ကြိုက် ကြဟေ့....လို့ဘဲ အားပေးပါတယ်....(မှန်ပါဘုရား)။

ဘုံဘဝတွေ ခင်ဗျားတို့က တောင်းဘပြီးသကာလ ကုသိုလ် တွေ လုပ်ပြီးသကာလနေကြလို့ ရှိယင်တော့ သူ့ဒုက္ခ သူရှာတာ ဘဲ... (မှန်ပါ) ဦးကျော်မောင် ဆိုထိုက်.... မဆိုထိုက်....(ဆိုထိုက် ပါတယ်ဘုရား)။

အဲဒီတော့....ဒါ ကတော့ နားကြီးမှလဲရတယ်ဆိုတဲ့ အဓိပ္ပါယ် ရှင်းတားမှ... (မှန်ပါ) နားမကြီးလို့ရှိယင် ဘုန်းကြီးတို့ တကာ တကာမတွေ ဒါရှင်းလှမယ်မဟုတ်ပါဘူး (မှန်ပါ) အခုတော့ သင်ပြထားတာတွေက... များတော့ ဩော် ... ရှင်းပေါ့ဆိုတဲ့ .... အဓိပ္ပါယ်တော့ မရောက်သေးဘူးလား.... (ရောက်ပါပြီ)။

ဘုံဘဝအကျိုးပေးတဲ့ ကုသိုလ်ဟာ ကုသိုလ် ကောင်းလား.... ကုသိုလ်ဆိုးလား.... ( ကုသိုလ်ဆိုးပါဘုရား ) ဘုံဘဝလွတ်တဲ့ဆီ အကျိုးပေးတဲ့ ကုသိုလ်မှသာလျှင် ကုသိုလ်ကောင်းလို့ တကာ တကာမတွေက ဆုံးဖြတ်ချက်ချပါ... နော်....(မှန်ပါ)။

မယုံယင် ကိုယ်တိုင်နာကြည့်ပါ။ ကိုယ်တိုင်အိုကြည့်ပါ။ကိုယ်

တိုင်သေခါနီးဖြစ်ကြည့်ပါ... ဦးအောင်ဇေဝေ... ( မှန်ပါ ) ကြိုက်ပါ့မလား... (မကြိုက်ပါဘုရား)။

လူ့ဘဝဘဲ၊ နတ်ဘဝဘဲ၊ ဗြဟ္မာဘဝဘဲလို့ ဆိုငြားသော်လဲ ပြောသကြားကောင်းနဲ့ .. ဦးမြမောင်တို့က .... ကြိုက်နေတာ.... (မှန်ပါဘုရား)။

သူ့အထဲမှာ အတွင်းသားမှာ ခွာလိုက်တော့ ခန္ဓာအတွင်းသားမှာ ကြည့်လိုက်တော့ ဇာတိ ဇရာ ဗျာဓိမရဏတွေက ပါနေတယ်....(မှန်ပါ) ပဋိသန္ဓေနေမှုဆင်းရဲ, အိုမှုဆင်းရဲ, နာမှုဆင်းရဲ, သေမှုဆင်းရဲ, စိတ်အလိုမကျမှုဆင်းရဲ ... ဦးကျော်မောင် မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

အဲဒါ... ခင်ဗျားတို့ ကိုယ်တိုင် ဒါတွေဟာ မိုးမွန် နေအောင်တွေ့ပြီးသား ဖြစ်နေတော့ တခါတခါ ခင်ဗျားတို့ ညည်းလုံးထုတ်တယ်။ ကုသိုလ်များကလဲကွာ .... ဘယ့်နှယ်တုံး .... ပြောဘဲ မပြောတတ်ပါဘူးဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ကိုယ်တိုင် ညည်းနေတာ (မှန်ပါ) မညည်းဘူးလား .. (ညည်းပါတယ်ဘုရား)။

ဇာတိ ဇရာ မရဏက ခဏခဏနာ၊ ခဏခဏဖျား၊ ခဏခဏ ငွေကုန်များနေတဲ့အခါကျတော့ အားလုံး တကာ တကာမတွေ့သိတဲ့အတိုင်း ကုသိုလ်ကို ညည်းနေတာဘဲ.... (မှန်ပါ) ညည်းပေမဲ့လဲ ခင်ဗျားတို့က ဒီကုသိုလ်ကို ဩော် .... မလုပ်ကောင်းတဲ့ ကုသိုလ်အစရှိသည်နဲ့ ခင်ဗျားတို့က မယူဆဘဲနဲ့ ကံ ဆက်ဦးမှာဘဲ ဆိုပြီး ဆက်ပြန်တယ် ဦးမြမောင်တို့က....(မှန်ပါ)။

ကံ ဆက်တော့ နဂိုရ်ကမှ ဇာတိ ဇရာ မရဏ အကျိုးပေးတဲ့ ကုသိုလ်ကိုး၊ နောက်ကံ့ကပြန်ဆက်လိုက်ကတည်းကိုက ဇာတိ ဇရာ မရဏ အသက်ရှည်ရုံမှတပါး ဘာမှမလာဘူး....(မှန်ပါ)။

သို့သော် ဒါ .... ဆရာကောင်း သမားကောင်းမို့ ဦးဘသန်း အမှန်ပြောတာ... နော်... (မှန်ပါ့) ခင်ဗျားတို့ကတော့ ကံဆက်ချင်တဲ့ လူတွေ....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

ကံ ကောင်းချင်တဲ့လူတွေဆိုတော့ ကံမကောင်းဘူး၊ကံဆက်ချင်တယ်....(မှန်ပါ့) ကုသိုလ်ကံတွေက နည်းတယ်ထင်လို့ အိမ်မှာ လူမမာတွေ များလွန်းလို့ ရောဂါဝေဒနာတွေ ထူလွန်းလို့ ကပ်တွေက တိုက်လွန်းလို့ဆိုပြီး ကုသိုလ်ကလေးများ ဆက်ကြဦးစို့လေ....ဆိုတော့ နောက်ခန္ဓာရတာလဲ ဇာတိ ဇရာ ဗျာဓိ မရဏက နေရစ်တာမှ မဟုတ်ဘဲ....(မှန်ပါ့) မပါလာဘူးလား.... (ပါလာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အလှဲ့တော်ပုံကြီးကလဲ လှဲ့ပြီးရင်း လှဲ့ရင်း....(မှန်ပါ့) လှဲ့ပြီးရင်း လှဲ့ရင်းလို့ ဦးအောင်ဇေဝ ဆိုလို့ရှိယင် ဘယ်နှယ်တုံး.... (မှန်ပါတယ်ဘုရား) မှန်တယ်လို့ဘဲ ဆုံးဖြတ်ချက်ချရမှာဘဲ (မှန်ပါ့)။

အဲဒါကြောင့် ဒီတကာတကာမတွေတော့ဖြင့် ကုသိုလ် လုပ်တိုင်း၊ လုပ်တိုင်း ခန္ဓာဝန်၊ ဒုက္ခဝဋ်မှ ကျွတ်တဲ့ ကုသိုလ်မျိုးကိုသာ လုပ်ပါ....(မှန်ပါ့)။

ဘာကလေးလှလှ၊ဘာကလေးတန်းတန်း၊ဘာကလေးဝယ်ဝယ်၊ သားရှင်ပြုပြု၊ သမီးမင်္ဂလာ အခမ်းအနားဖြစ်ဖြစ်၊ ဗုဒ္ဓဘာသာဆိုတော့ အလှူကတော့ ပါသေးတာကိုး....(မှန်ပါ့) ပါပင် ပါငြားသော်လဲ ဒါကိစ္စကြုံလို့ လုပ်တယ်လို့ မယူဘဲနဲ့ ကိုယ့်ခန္ဓာ ဒုက္ခဝဋ်မှ ကျွတ်ချင်လို့ သစ္စာမြင်ပြီးတော့ လုပ်လိုက် စမ်းပါ.... (မှန်ပါဘုရား)။

ဒီလိုဆိုတော့ ဦးမြမောင် မှားစရာရှိသေးရဲ့လား.... (မရှိပါဘုရား) အဲဒါကျတော့ နောက် ခန္ဓာရသေးရဲ့လား.... (မရပါဘုရား)။

အဲ....နောက်ခန္ဓာမရတဲ့ဥစ္စာသည် ကုသိုလ်စစ် ကုသိုလ်မှန်.... (မှန်ပါ) နောက် ခန္ဓာရတဲ့ ကုသိုလ်ဟူသ၍သည် သစ္စာဉာဏ်နဲ့ ကြည့်လေလေ၊ ဆိုးဝါးလေဘဲ.... (မှန်ပါ) မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့် ဒီနေ့ည ပြောရမည့်တရားသည် ကုသိုလ်ဟူသ၍ အကောင်းချည့်ဘဲလို့ မှတ်ထားလို့ မဖြစ်သေးဘူး ဆိုတဲ့ အဓိပ္ပါယ်ရှင်းပေးနေတယ်....(မှန်ပါဘုရား)။

ကဲ....ဒါဖြင့် ပြင်တတ်၊ ဆင်တတ်ကြပလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ .... (ပြင်တတ်၊ ဆင်တတ်ပါပြီဘုရား) ပြင်တတ် ဆင်တတ်ပြီ၊ သြော်... ကုသိုလ်ပေမဲ့လဲ ဒို့ယယ်ယယ်ကမှတ်တာတွေ အကုန်ဖျောက်ပြီး သကာလ ဆရာသမားပြင်ပေးတဲ့ နောက်ကို အကုန်လိုက်မှသာလျှင် ဒို့မှန်းခြေပေါက်မယ် .... ( မှန်ပါ ) နို့မဟုတ်လို့ရှိယင် မှန်းခြေမပေါက်ဘူး....(မှန်ပါဘုရား)။

လိုချင်တာ ချမ်းသာ၊ ရတာက ဆင်းရဲဆယ့်တပါး .... (မှန်ပါ)မဖြစ်ပေဘူးလား·ဖြစ်သသား.... (ဖြစ်ပါတယ်) လိုချင်တာက....(ချမ်းသာပါဘုရား)ရတာက....(ဆင်းရဲပါဘုရား)။

အဲဒီတော့ကို ပြောသံကြားနဲ့ ဦးမြမောင်တို့ လူစု...ဦးကျော်မောင်တို့ လူစုတွေက မရွေးတတ် မချယ်တတ်ဘဲနဲ့ ခုနစ်ဆယ့်ငါးကျပ်သား ထည့်ပေးတာကို တပိဿာထင်ပြီး ခင်ဗျားတို့ .. လုပ်နေတဲ့ အလုပ်ဟာသဲ အလွဲအချော်ဘဲ....(မှန်ပါ)။

အလှဲ့အချော်ဘဲတဲ့၊ ထည့်ပေးတဲ့ ဈေးသည်က ခုနစ်ဆယ့်ငါးကျပ်၊ ကိုယ်က တပိဿာမှတ်ပြီး ယူသွားလို့ရှိယင်ဖြင့် ဒါဟာ ကိုယ့်မှာ ဆုံးရှုံးခြင်း တခုဘဲ....(မှန်ပါ)ကုသိုလ် လုပ်ငြားသော်လဲ ကိုယ့်ဒုက္ခ ကိုယ်ရှာတဲ့ ကုသိုလ်မျိုး ရှိသေးတယ်-(မှန်ပါ)မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဥပမာ... နောက်ဘဝကျတော့ နတ်ဖြစ်လဲ သေပွဲဝင်ရတယ်၊ ဗြဟ္မာဖြစ်လဲ....(သေပွဲဝင်ရမှာပါဘုရား)သေပွဲတွေ အကုန်ဝင်ရတော့ ဘယ်သူက သတ်တာတုံးမေးတော့ ကုသိုလ်က သတ်တာ (မှန်ပါ)မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ပုံရိုင်းရိုင်း ပြောကြပါစို့ ဆိုတော့ စက်ရှင်မှုဖြစ်နေတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ဟာကိုယ် ငွေထိုးလိုက်တာ မြန်မြန်သတ်ပါဆိုတော့ ဒီလူဟာ လူမိုက်ဆိုရမယ် .... (မှန်ပါဘုရား)။

စက်ရှင်မှုဖြစ်နေတဲ့ ပုဂ္ဂိုလ် ၁၀၂-နဲ့ ဥပဒေငြိနေတဲ့ ပုဂ္ဂိုလ်ဟာ မြန်မြန်သတ်ပါလို့ ငွေတိုးလိုက်တဲ့အခါကျတော့ ဒီစက်ရှင်သမားလောက်မိုက်တာ ရှိသေးရဲ့လား... (မရှိပါဘုရား)။

နဂိုရ်ကလဲ သေမိန့်ကျပြီးသား၊ နောက်ထပ်သေဘို့ရာငွေထိုးသလို...(မှန်ပါ) ခင်ဗျားတို့မှာလဲ ခန္ဓာကြီးရထားတော့ သေရမည့် ခန္ဓာကြီး ဒီဘဝရ,ထားပါလျက်သားနဲ့ နောက်ထပ်သေပါရစေဦး ဆိုပြီးသကာလ နတ်ဖြစ်ချင်, ဗြဟ္မာဖြစ်ချင်တဲ့ ကုသိုလ်တွေဆိုတော့ ငွေထိုးသလို ဖြစ်နေတယ်....(မှန်ပါဘုရား)။

ပုံရိုင်းတယ်ထင်သလား၊ မှန်နေသလား....( မှန်နေပါတယ် ) မှန်နေတယ်ဆိုတာကို သေသေချာချာ တွေးမှသာလျှင် မောင်

ချစ်စိန် ပေါ်လာတယ်....(မှန်ပါ့)နို့ မဟုတ်ယင် ပေါ်ပါ့မလား (မပေါ်ပါ)ရှင်းကြပြီနော်....(ရှင်းပါပြီဘုရား)။

အေး....ဒါကြောင့် ဒီဥစ္စာ ဘယ့်နှယ်ကြောင့် ကုသိုလ်တွေ လုပ်ဖြစ်ပါလိမ့်မတုံးလို့ ဘုန်းကြီးတို့ တကာတကာမတွေက မေးတော့ ဦးမြမောင်တို့၊ ဦးကျော်မောင်တို့ မှက်လိုက်တာပေါ့။ ဦးစံဖေမှတ်။ သစ္စာမသိလို့ လုပ်တာ....(မှန်ပါ့)။

ဘာမသိလို့လဲ ... (သစ္စာမသိလို့ပါဘုရား) သစ္စာမသိလို့.... မှားလိုက်တာ....(မှန်ပါ့) သစ္စာသိတဲ့ ပုဂ္ဂိုလ်ကတော့ ဒီ ဒုက္ခဝဋ်မှ ကျွတ်ရပါလိမ့်၏။ လာလတ္တံ့ ဒုက္ခဝဋ်ကြီးကို ကြောက်လွန်းလို့၊ ရွံလွန်းလို့၊ မုန်းလွန်းလို့ဆိုပြီး သစ္စာမြင်တဲ့ ဉာဏ်နဲ့ လုပ်လိုက်တဲ့ အခါကျတော့ကို ဝိဝဋ္ဋ၊ ဝဋ်မှ ကျွတ်တဲ့ ကုသိုလ်သွားဖြစ်တယ်....(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ကို ဘယ်သူက ဘယ်လိုသင်သင် မင်းဘာလုပ်လုပ်က္ခာ....“ နိဗ္ဗာနပစ္စယောဟောတု ” ဆိုပြီး လုပ်ကောင်းတာပါဘဲလို့ ဆိုငြားသော်လဲ ပြောသံ ကြား၊ သာကောင်းတာ....(မှန်ပါ့) ကိုယ့်အမြင်က နောက်ခန္ဓာကြိုက်နေလို့ ရှိယင် လွဲတာဘဲ....(မှန်ပါ့) မလွဲဘူးလား....(လွဲပါတယ်ဘုရား)။

အဲဒီတော့ ကိုယ့်အမြင်က နောက်ခန္ဓာမကြိုက်ပါမှ တရားမှန်၊ တရားစစ်ဆိုတဲ့ဥစ္စာ ဦးမြမောင် အဝေးကြီးက လာရတာ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ကိုယ့်အမြင်မရှိဘဲနဲ့ သူများက ‘နိဗ္ဗာနပစ္စယော ဟောတု’ဆိုငြားသော်လဲ ကိုယ်ကလဲ ရမ်းလိုက်သိုက်တယ်....(မှန်ပါ့) လိုက်

ပေမဲ့ ကိုယ့်အကြိုက် လိုက်တာလား....ပြောသံကြား လိုက်တာလား မေးယင် ဘယ့်နှယ်ဖြေမလဲ....(ပြောသံကြား လိုက်တာပါဘုရား)၊

ဒါဖြင့် သစ္စာမသိဘဲ လိုက်နေလို့ရှိယင် အကျိုးပေးဦးမှာဘဲ ဘုံဘဝတွေ....( မှန်ပါ )အကျိုးပေးနေလို့ရှိယင်ဖြင့် ကိုယ်ကျိုးနည်းဦးမှာဘဲ....(မှန်ပါ)။

ဦးကျော်မောင် ကိုယ်ကျိုး မနည်းပေဘူးလား.... (နည်းပါတယ်) အေး....ဒါတွေ သိတော့မှ ပြောသံကြားနဲ့မျှား ဘာမှလုပ်ဘို့ မတော်ပါလားဆိုတာ ပေါ်လာတယ်....( ပေါ်လာပါတယ်ဘုရား )။

ကိုယ်တိုင်သိပြီး လုပ်မှသာလျှင် နောက်က တကာတကာမတွေ အဘိုးတန်မယ်ဆိုတာ ပေါ်ကြပလား....( ပေါ်ကြပါပြီ ) ကိုယ်တိုင်သိကလေးဟာ တော်တော်အရေးကြီးတယ်....(မှန်ပါ) မကြီးဘူးလား... (ကြီးပါတယ်ဘုရား)။

ကိုယ်တိုင် ဘာသိရမတုံး ..ဆိုတဲ့အခါကျတော့မှ မောင်ချစ်စိန် ကိုယ့်ခန္ဓာဒုက္ခသစ္စာကို ကိုယ့်ဉာဏ်နဲ့ သိရမယ်....(မှန်လှပါ) ကိုယ့်ခန္ဓာ ဒုက္ခသစ္စာကို....(ကိုယ့်ဉာဏ်နဲ့ သိရပါမယ်ဘုရား)။

ကိုယ့်ဉာဏ်နဲ့ သိရမယ်ဆိုတော့ အလုပ်သမား မဟုတ်လို့ရှိယင် ဦးမြမောင် ဘယ်နည်းမှ မသိဘူး... (မှန်ပါ)။

အလုပ်သမား မဟုတ်ယင်....(မသိနိုင်ပါဘုရား)ပြောသံကြားကိုဘဲ မှတ်နေဦးမှာဘဲ....(မှန်ပါ)။

အဲဒါကြောင့် နောက်က တကာတကာမတွေ အလုပ်နဲ့ သိ

ပြီး လူတဲ့ အလှူသည် ဝိဝဋ္ဋအစစ် ဖြစ်ပါတယ်...(မှန်ပါ) အလုပ် မပါဘဲနဲ့ လှူတန်း ပေးကမ်း ပြောသံကြားသာ နိဗ္ဗာနပစ္စယော နဲ့တော့ဖြင့် မရသေးပါဘူး....(မှန်ပါ) မရသေးပါဘူး၊ လိုသေး တယ်....။

ကိုယ်တိုင် ဒိဋ္ဌဓမ္မော,ပတ္တဓမ္မော ဖြစ်ပြီလား....(မဖြစ်သေးပါ ဘုရား)ကိုယ်တိုင်မြင်တဲ့ သစ္စာကော ဟုတ်ပလား .. (မဟုတ်သေး ပါဘုရား) ကိုယ်တိုင်တွေ့ရတဲ့ ဒုက္ခသစ္စာကော ဟုတ်ပလား ... (မဟုတ်သေးပါဘုရား)။

မဟုတ်သေးလို့ ရှိယင်ဖြင့် ဒီဥစ္စာ သူများပြောနဲ့ သူများ ပါးစပ် လမ်းဆုံးပြီး နိဗ္ဗာနပစ္စယော ဖြစ်နေတယ်....(မှန်လှပါ) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတွေ လိုတာ ဖြည့်ပေးတဲ့ ညဘဲ လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ)။

ကိုင်း....ဒါဖြင့် ဘုရားက ဟောလိုက်တာက မနေ့က အဆက် ကို ပြန်ဆက်ကြစို့၊ မနေ့က အဆက်က ဘာတုံးဆိုတော့ ယမက ရဟန်းဟာ ရဟန္တာသေယင် ဘာမှ မဖြစ်တော့ဘူး၊ အကုန်သုဉ်း သွားတာဘဲ၊သုန်သွားတာဘဲလို့ သူ မယူဘူးလား....(ယူပါတယ် ဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် ရဟန္တာသေယင် ဘာမှ မဖြစ်တော့ ဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူကြီးကိုယမကယူနေတာတုံးလို့ မေးတဲ့ အခါကျလို့ ရှိယင်ဖြင့် နိဗ္ဗာန် * သဘောမကျလို့(မှန်လှပါ)။

---

* "သဘောမကျ" ဆိုခြင်းသည် သဘာဝကျအောင် မသိခြင်းကို ဆိုလိုသည်။

ဘာသဘောမကျလို့တုံး....( နိဗ္ဗာန် သဘောမကျလို့ပါ ) ရဟန္တာသေတယ်ဆိုလို့ရှိယင်ဖြင့် ဘာမှ မဖြစ်တော့ဘူးဆိုတော့ သူက ရုပ်နာမ်မဖြစ်တာ ရုပ်နာမ်မရှိလို့ရှိယင် ဘာမှ မရှိတော့ဘူး ယူလိုက်တော့ကိုတဲ့ . ၊ ဘုန်းကြီး ရှင်းပြပါ့မယ်၊ ရုပ်နာမ်မရှိတဲ့.... ချမ်းသာနဲ့ ရုပ်နာမ်ရှိတဲ့ သဘောနဲ့ဟာ အများကြီး ခြားနားပါတယ် .. (မှန်ပါ့)။

ရုပ်နာမ်မရှိတဲ့ ချမ်းသာသည် ရုပ်နာမ်က ဒုက္ခသစ္စာ ဖြစ်နေတော့ အခု အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေက ရုပ်နာမ်မရှိဘာကို သဘောကျပြီးသကာသ ရုပ်နာမ်မရှိတဲ့ ချမ်းသာကို သဘောကျနေပြီးသကာလ လုပ်ကြရမယ်....(မှန်ပါ့)။

အဲဒီတော့ ရုပ်နာမ်ကို ဒုက္ခသစ္စာလို့ သိထားတော့မှ ရုပ်နာမ် မရှိဘာ သုခသစ္စာလို့ ဉာဏ်ထဲမှာ ပြောင်းလို့ရတယ် .... (မှန်ပါ့)နို့မဟုတ်လို့ရှိယင်....(ပြောင်းလို့မရပါဘုရား)။

ပြောင်းလို့ မရဘူးဆိုတော့ မောင်သစ်တို့ မေးမယ်၊ ဦးမြမောင်တို့ မေးမယ်၊ ဦးဧကျော်မောင်တို့ မေးမယ်၊ အိပ်ရေးပျက်နေတဲ့သူတယောက်ချိုက်ချိုက်မြိုက်မြိုက်အိပ်ပျော်ပြီးအိပ်မောကျနေတဲ့အခါ ရှိဘယ်နေ့်.... (ရှိပါတယ်ဘုရား) ရုပ်ရှိမှန်းလဲ မသိဘူး၊ နာမ်ရှိမှန်းလဲ မသိဘူး၊သိသေးရဲ့လား ... (မသိပါဘုရား)။

မသိပေမဲ့ အိပ်ရာက နိုးလာတဲ့အခါကျတော့ ချမ်းသာလိုက်တာဗျာ .. ချမ်းသာလိုက်တာ၊ အိပ်ကောင်းတုန်း ချမ်းသာလိုက်တာဆိုတော့ ရုပ်နာမ်မရှိတဲ့ ချမ်းသာကို ချမ်းသာ သူပြောလာတာ....(မှန်ပါ့)ရုပ်နာမ်ရှိတယ်လို့ သူ သိသေးရဲ့လား-(မသိပါဘုရား)။

မသိပေမဲ့ အိပ်ရာက နိုးလာတဲ့အခါကျတော့ အိပ်ရေးကလဲ ဝ,သွားတဲ့ အခါကျတော့ စိတ်ထဲမှာ ခုမှဘဲ ချမ်းသာသွားပေ တော့တယ်ဆိုတော့ ဟိုက ချမ်းသာနေလို့ ရုပ်နာမ် ရှိလျက်နဲ့ တောင်မှ မသိတဲ့အချိန်မှာ ချမ်းသာနေတယ်၊ မလာဘူးလား.... (လာပါတယ်ဘုရား)။

အိပ်မောကျပြီး အိပ်ရေးတွေ ဘာတွေ ဝ,ပြီးသကာလ နေ လို့ ကိုယ့်ဟာ ကိုယ်တောင် မသိတာတောင်မှ အိပ်ရာက နိုး တဲ့ပုဂ္ဂိုလ်ကျတော့ မင်း ဘယ့်နှယ်တုံးဟေ့... အိပ်ရေး ဝ,ရဲ့ လား.. နေရ,ထိုင်ရသို့၊ အို .. ဒီ အိပ်ရေးဝ,နဲ့ နေရ,ထိုင်ရတာ သိပ် ချမ်းသာတာဘဲ.... (မှန်ပါ့)။

ဟာ-မင်း ဘာဖြစ်လို့ချမ်းသာတာတုံး မေးတဲ့အခါကျတော့ အိပ်လိုက်ရလို့ ပြောတာ....(မှန်ပါ့) မပြောဘူးလား....(ပြောပါ တယ်ဘုရား)။

ဒါဖြင့် အိပ်လိုက်ရတုံးက ကိုယ်သိရဲ့လားလို့ မေးတော့ ဘယ့်နှယ်ဖြေမလဲ....(မသိပါဘုရား) မသိပင် မသိငြားသော်လဲ နိုးတော့ ဘယ့်နှယ်ပြောသတုံး....(ချမ်းသာတယ်လို့ ပြောပါ တယ်ဘုရား)။

ချမ်းသာတယ်လို့ ပြောတော့ သြော်....နိဗ္ဗာန်ဆိုတာ ရုပ် နာမ် ရှိတာတောင်မှ ရုပ်နာမ်ရှိတာ မသိတဲ့ အချိန်မှာ နောက် ချမ်းသာဆိုတာက ကိုယ် နှလုံးသွင်းလို့ ရတယ်....( မှန်လှပါ ဘုရား )။

ရုပ်နာမ်က တကယ်လို့ ဒုက္ခသစ္စာတွေ လုံးလုံးမရှိတော့ဘူး

ဆိုလို့ရှိယင်ဖြင့် ဒီချမ်းသာထက်ကြီးတော့မှာဘဲ....( မှန်ပါ့ ) ဦးမြမောင် ဆိုနိုင်မလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒီ ဥပမာကလေးကို သေသေချာချာ မှတ်ပါ....( မှန်ပါ့ ) ဒီ ဥပမာကလေး သေသေချာချာ မှတ်ပါ၊ တခါမှ မောင်သစ်တို့ မကြားဘူးသေးဘူး....(မကြားဘူးသေးပါဘုရား)။

ကိုယ်တိုင်တွေ့ဘဲ ဒီဥစ္စာ....( မှန်ပါ့ )မနက်ကျလာတဲ့အခါ ရုပ်တွေလဲ ရှင်လန်းပြီးသကာလ ညက အိပ်ရေးတွေ ဝနေတဲ့ အခါကျတော့.... ခင်ဗျား ....ဘယ့်နှယ်တုံး ....နေရ,ထိုင်ရတာ ဦးကျော်မောင် ဘယ့်နှယ်တုံးဆို....၊ ဟာ....မနေ့ညကဖြင့် သိပ်ပြီး အကြောင်းညီညွတ်သွားလို့ တပည့်တော်ဖြင့် ယနေ့ သိပ်ချမ်းသာတာဘဲ....(မှန်ပါ့)။

ဟ....မနေ့ညက ဘာဖြစ်လို့တုံး....၊မနေ့ညက ရုပ်နာမ်ရှိတာ မသိလို့ ချမ်းသာတာ....(မှန်ပါ့)ဘယ်လိုကြောင့် ချမ်းသာတာ တုံး....(ရုပ်နာမ်ရှိတာ မသိလို့ ချမ်းသာတာပါဘုရား)။

အဲ....ရုပ်ရော နာမ်ရောကို သူ့မှာ အိပ်နေတော့ ရှိတယ်လို့ သိသေးရဲ့လား..( မသိပါဘုရား ) အဲ.. မသိချမ်းသာတာ.... ( မှန်ပါ့ )ရုပ်နာမ်ရှိတယ်လို့ မသိတာနဲ့ကို ချမ်းသာတာ.... (မှန်ပါ့)သဘောပါပါလား....(ပါပါပြီဘုရား)။

ဒါဖြင့် အတုချမ်းသာတောင်မှ ဒါလောက် ချမ်းသာသေးတာဘဲ၊ တကယ်မရှိလို့ ချမ်းသာဆိုလို့ရှိယင်ဖြင့် အားလုံး တရားနာတဲ့ တကာတကာမတွေ မည်မျှသောက် ချမ်းသာလိမ့်မယ်ဆိုတာ ပြောစရာကို မလိုတော့ဘူး.... ( မှန်ပါ့ )လိုသေးရဲ့ လား....(မလိုတော့ပါဘုရား)။

**အေး** .... ဒါကြောင့် ရုပ်နာမ်မရှိတဲ့ ချမ်းသာမှ နိဗ္ဗာန်.... (မှန်ပါ့)ဒါက အတုချမ်းသာ ရှိသေးတယ်....(မှန်ပါ့) တကယ် အစစ်ချမ်းသာ ဆိုလို့ရှိယင် ဆိုဘွယ်ရာမရှိအောင်ဘဲ ချမ်းသာ လိမ့်မယ်ဆိုတဲ့ဥစ္စာ ဘာမှ ငြင်းဘို့ ဆန်ဘို့မလိုတော့ဘူး .... (မှန်ပါ့) လိုသေးသလား....(မလိုပါဘုရား)။

အဲဒါကလေးကို ယနေ့ည အသားယူပြီးသကာလ ဆရာ ဘုန်းကြီး ဒီဥပမာကလေး ပြောလိုက်ခြင်းဟာ ဒို့နိဗ္ဗာန်သဘော ကျဘို့ပြောတာဘဲ....(မှန်ပါ့ဘုရား)။

ဘာသဘောကျဘို့ ပြောတာတုံး .... (နိဗ္ဗာန် သဘောကျဖို့ ပြောတာပါ) နိဗ္ဗာန်သဘောကျဘို့ ပြောတာဘဲဆိုတာ သေချာ သွားပါတယ်....(မှန်ပါ့ဘုရား)။

ဦးဘသန်းကြီး ဒီဥစ္စာ ကိုယ့်ကိုယ်တိုင် အတွေ့မို့လား .... (မှန်ပါ့) အိပ်မောကျပြီး ကောင်းကောင်းမွန်မွန် အိပ်ရေးဝပြီး သကာလ နေတဲ့အခါ အိပ်တုန်းကလဲ ကိုယ်အိပ်တယ်လို့ ဘယ်သူ မှ မသိပါဘူး....(မှန်ပါ့) အိပ်ပျော်ဆဲမှာ ဘယ်သူမှသိတယ် လို့ ထုံးစံမရှိဘူး....(မှန်ပါ့ဘုရား)။

သို့သော် အိပ်ရာကနိုးတဲ့ အခါကျတော့ ဘယ့်နှယ်နေသတုံး ဟေ့၊ ဟာ....ချမ်းသာဘယ်ဗျာ၊ မပြောဘူးလား .... (ပြောပါ တယ်ဘုရား)။

ဟာ... မင်းချမ်းသာတာ ဘာတုံးဆိုတော့၊ အို .... ရုပ်နာမ် မသိဘဲနဲ့ နေရလို့ ချမ်းသာတာ .... ( မှန်ပါ့ )ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

ရုပ်နာမ် သိနေရလို့ရှိယင်ဖြင့် ချမ်းသာဟာ မလာဘူး.... (မှန်ပါ)ဒါကြောင့် နိဗ္ဗာန်ဆိုတာ ရုပ်ရော,နာမ်ရော ချုပ်ငြိမ်း ရုပ်သိမ်းတာကို ဘာခေါ်ကြမယ် .... (နိဗ္ဗာန်လို့ ခေါ်ပါတယ်) နိဗ္ဗာန်လို့ ခေါ်တယ်ဆိုတဲ့ဥစ္စာ ကောင်းကောင်း သဘောကျ သွားပြီနော်....(ကျပါပြီဘုရား)။

ရုပ်နာမ်ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်လိုဖြစ်တတ်သတုံးဆိုတော့ တကာတကာမတို့ မနေ့က ယမကကို ပြန်ဆက်လိုက်တဲ့အခါကျ တော့ ပေါ်လာပါတယ်၊ ယမက-က ရဟန္တာသေယင် ဘာမှ မဖြစ်ဘူးဆိုတော့ သူသောတာပန် တည်အောင် အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာရေးသုံးပါး ဟောလိုက်တော့ ရှင်သာရိပုတ္တရာ က ဟောလိုက်တော့ ယမက သောတာပန်တည်တယ်.... (မှန်ပါ ဘုရား)။

သောတာပန်တည်တော့ သူ့ကိုဘဲ မေးလိုက်တယ်၊ ရှင်သာရိ ပုတ္တရာက၊ မင်းကွာ....အခုတော့ မင်းက သောတာပန် တည်ပြီး သားဖြစ်ပြီး နေတော့ တရားထူး တရားမှန် ကေန်တကယ် ရနေသောကြောင့် မင်းမှာဖြင့် နေရာကျပြီ၊ သို့သော်လဲ မင်းက နဂိုရ်က တွေ့ဖေါက်ပြီးသကာလ ရဟန္တာသေယင် ဘာမှမဖြစ် ဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူ ယူထားတယ် .. (မှန်ပါဘုရား)။

ဥစ္ဆေဒဒိဋ္ဌိအယူ- ယူထားတဲ့ အခါကျတော့ အခုအချိန်မှာ မင်းကို ရဟန္တာသေယင် ဘာမှမဖြစ်တော့ဘူးလားလို့ မေးယင် မင်းဘယ့်နှယ်ဖြေမတုံး ဆိုတော့ သောတာပန်တည်ပြီးပြီနော်.... (မှန်ပါဘုရား)။

အဲဒီ့ အချိန်ကျလာတော့ အကြောင်ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ, အနိစ္စတရား၊ ထိုအနိစ္စတရားသည် ဒုက္ခတရား၊ အဲဒီ့ ဒုက္ခတွေမရှိတာကို ပြောပါမယ်....(မှန်ပါ့)မရှိတာဟာ နိဗ္ဗာန်ဘဲ၊ မရှိတဲ့သုခဟာ ရဟန္တာသေလို့ရှိယင် ဒါ ဖြစ်သွားတာဘဲ၊ ချမ်းသာသွားတာဘဲ....(မှန်ပါ့ဘုရား)။

ရုပ်နာမ်ဟာ အနိစ္စတရားနော်.... (မှန်ပါ့) အနိစ္စတရားဟာ ဒုက္ခတရားကော မဖြစ်ဘူးလား .... (ဖြစ်ပါတယ်) အဲဒီဒုက္ခတွေ ကုန်သွားတာဘဲ .... (မှန်ပါ့) သဘောပါပလား .... (ပါ-ပါပြီဘုရား)။

ရုပ်နာမ်ဒုက္ခတွေ ကုန်သွားတာဟာ နိဗ္ဗာန်ဘဲ.... ( မှန်ပါ့ ) သူ နိဗ္ဗာန်သဘောမကျလို့ဥစ္စေဒဒိဋ္ဌိဖြစ်တာပါ .... ( မှန်ပါ့ ) ရှင်းပြီ....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါက မနေ့က အဆက်ကိုပြန်ဆက်ပြီး သကာလ ရှေ့တက်မယ်လို့ စ,လိုက်တဲ့ စကားဆိုတာလဲ သေသေချာချာ မှတ်ပါ....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါနဲ့ ရှင်သာရိပုတ္တရာက ဒီပုဂ္ဂိုလ်ဟာ ဒါလောက်နဲ့ သောတာပန်လောက် တည်အောင်ဟောလို့ မတော်သေးပါဘူး သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်အောင် ငါဟောဦးမှ တော်တော့မယ် ဆိုပြီး ရှင်သာရိပုတ္တရာက ဦးအောင်ဘုံဝေကရုဏာပိုလာတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီတကာတကာမတွေက ယနေ့ ထူးထူးလည်လည် မှတ်ဘို့ရာက ဩော်.... သောတာပန် တည်အောင်က ခုနင်က ပြောခဲ့တဲ့ အကြောင်တရားသည် အနိစ္စ၊ ထိုတရားဟာ ဒုက္ခဘဲ၊

ထိုဒုက္ခတရားသည်ကားလို့ ဆိုလို့ရှိယင် ငါ့ကိုယ်- ငါ့ဟာ- ငါ့ ဥစ္စာမဟုတ်ဘူးကွဆိုတော့ ဒိဋ္ဌိကိုသတ်ပေးလိုက်တာနဲ့ ယမက သောတာပန်တည်သွားတယ်....(မှန်ပါ့ဘုရား)။

ဒိဋ္ဌိသတ်လိုက်တာနဲ့ ဘာတုံး....(ယမကသောတာပန် တည် သွားပါတယ်) ယမက သောတာပန် တည်သွားတယ် ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အထက်မဂ်- အထက်ဖိုလ်တက်ချင်တော့ ဘာသတ်ရ မှာတုံးဆိုတဲ့ မေး ခွန်း ထွက် လာ သော ကြောင့် ဟော ဒီ မှာ ရှင်သာရိပုတ္တရာက ယမကကို ဆက်ပြီးသကာလ တဏှာသတ် ဟောပြန်တယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် အောက်ဆုံးမဂ် လိုချင်ယင် ဒိဋ္ဌိသတ်ရမယ်- (မှန်ပါ့) အထက်မဂ်လိုချင်ယင်....(တဏှာသတ်ရမှာပါဘုရား)။

တဏှာသတ်ရမယ် ဆိုတာကို ရှင်သာရိပုတ္တရာက ပြောရှာ တယ်....တဲ့၊ ယမက တရားနာဦးကွဆိုပြီး သကာလ အနာခိုင်းပါ တယ်....(မှန်ပါ့ဘုရား)။

ယမက-ရေတဲ့ သူဌေးသားတယောက် ရှိတယ်ကွာ .... တဲ့၊ အဲဒီ့ သူဌေးသားကလဲ သူ့မှာစည်းစိမ်နဲ့၊အစောင့်နဲ့ အရှောက် နဲ့နေတော့ လူငါးယောက်ကလဲ သူ့ကိုဘဲ သတ်ဘို့ရာရည်ရွယ် ချက်ရှိတယ်ကွာ....တဲ့။

သူ့တော့သတ်ချင်တယ်၊ သတ်ချင်ပေမဲ့လဲ သူ့မှာအစောင့် တွေ အရှောက်တွေနဲ့ သူဌေးသားကလဲ ဖြစ်နေတော့ အင်မတန် ခဲယဉ်းတယ်၊ သူ့အတွင်းရောက်ဘို့ရာ အင်မတန် ခဲယဉ်းပြီး

သကာလ နေတော့ လူငါးယောက်က ကြံစည်ကြတယ် .... (မှန်ပါ့ဘုရား)။

လူငါးယောက်က ဘယ်လိုကြံစည်သတုံး မေးတဲ့အခါကျ တော့ ဒို့ဟာ သူ့ဆီမှာ ကျွန်တော်တို့ ကုသိုလ်ဖြစ် တခါတည်း ပြုပါရစေ- စုပါရစေ- ဝတ်ကြီးဝတ်ငယ် ပြုစုပါရစေ ဆိုပြီး သကာလ ဝင်ရလို့ရှိယင်ဖြင့် သူလက်ခံမှာဘဲ....(မှန်ပါ့)လက်ခံ လို့ အတွင်းသူ အတွင်းသား အဖြစ်နဲ့ ယုံကြည်ဘဲ့ အခါကျမှ ဒို့အကြံအစည်အထမြောက်မှာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ကိုယ့်အကြံအစည် အထမြောက်မှာတဲ့၊ အဲဒီတော့ ဒို့ကြံစည် ကြစို့ဆိုပြီး လူငါးယောက်က သူဌေးသားဆီ ဝင်လိုက်တယ်၊ "ရှင်သူဌေးသား- ကျွန်တော်တို့မှာ အလုပ်မရှိပါဘူး၊ သူဌေး သားကိုကြည်ညိုလွန်းလို့ ကျွန်တော်တို့အိပ်တဲ့အခါမှာလဲနောက် မှ အိပ်ပါ့မယ်၊နိုးတဲ့အခါကျလို့ရှိယင်လဲ ကျွန်တော်တို့က စော စောနိုးပါ့မယ်၊ ဝေယျာဝစ္စပြုစရာရှိလို့ရှိယင်လဲ ကျွန်တော်တို့က အယင် ရှေးဦးစွာဘဲ ပြုချင်စုချင်သောကြောင့် စိတ်အလို ကိုယ်၏ဆန္ဒ အတိုင်းပြည့်အောင်ကျွန်တော်တို့ ဝတ်ပြုဘို့ အတွက် ခွင့်ပေးပါ ဆိုပြီးသကာလ လူ ၅- ယောက်ကသူဌေးသား ထံကို တကာတကာမတို့ဝတ်ပြုဘို့ အခွင့်တောင်းကြဘယ်.... (မှန်ပါ့)။

အဲဒီလို ဝတ်ပြုဘို့ အခွင့်တောင်းပြီးသကာလ နေတော့ ခုနင်က သူဌေးသားက လုပ်စရာရှိလို့ရှိယင် သူတို့က ထ,ပြီး လုပ်တယ်။ ပါးစပ်က ပြောစရာရှိလို့ရှိယင် သူတို့ကစောင့်ပြီး ရှေ့ကအကျိုး ပြီးအောင် ပြော။ ဒီလိုချည့်ဘဲ နေလိုက်တော့ သူဌေးသားက

ခြောဲ... တယ်တော်တဲ့ လူတွေပါလား။ တယ်မိတ်ဆွေပြီသပါကလား။ တယ့်သူတပါးအကျိုးစီးပွား အလိုရှိပါကလား ဆိုပြီး သကာလ မောင်သစ်.. အကျမ်းတဝင်ဖြစ်လာတယ်.... (မှန်ပါ့)။

အကျွမ်းတဝင် ဖြစ်လာတဲ့ အခါကျတော့ လူ ၅-ယောက်က ရည်ရွယ်ချက်အတိုင်း ဟော.. ဒို့တော့ဖြင့် အတွင်းသူ၊ အတွင်း သားအဖြစ်နဲ့ဖြင့် ရောက်လဲရောက်ပေပြီ။ ဒို့-အကြံအစည် အထ မြောက်ဘို့ဘဲလိုတော့တယ်...(မှန်ပါ့) ဆိုပြီးသကာလ အတွင်းသူ အတွင်းသားအဖြစ်နဲ့ရောက်၊ ပြုစရာရှိလဲ သူတို့က ရှေးဦးစွာပြု၊ ပေးစရာရှိလဲ သူတို့ကဘဲ ထ,ပြု ပေးကမ်းပြီး တခါတည်း ကျွေး မွေး၊ အိပ်တဲ့အခါ သူတို့က နောက်မှအိပ်၊ နိုးတဲ့အခါ အယင် နိုး၊ သူဌေးသား ဝေယျာဝစ္စဆို အကုန်လုံးပေါ့ဗျာ.... (မှန်ပါ့) ဘာမှ လိုလေသေး မရှိအောင် ဦးအောင်ဇေဝေ ပြုနေတာဘဲ.... (မှန်ပါ့)။

အကောင်းပြုတာလား....၊ သတ်မယ်လို့ အတွင်းသူ-အတွင်း သားဖြစ်အောင်လို့ ဒါလောက်တောင် ရှက်ဆောင်တာလား.... မေးယင် ဘယ့်နှယ်ဖြေကြမယ်.... (သတ်မလို့ ရှက်ဆောင်တာပါ ဘုရား) ရှင်းသွားပြီ....(မှန်ပါ့)။

ဒါ အသာထားပါ.. တဲ့၊ ဒါက ဥပမာပြတာ...( မှန်ပါ့ ) ဥပမေယျကတော့ တကာတကာမတွေ ခင်ဗျားတို့ သန္တာန်မှာ.... ခင်ဗျားတို့က လူ,ဖြစ်ရပါလို၏-ဆိုတဲ့ ဆုတောင်းသမား တယောက် က ဆုတောင်းလိုက်တယ်....(မှန်ပါ့) ဆုတောင်းလိုက်တော့ ခန္ဓာ ငါးပါးက ရောက်လာတာဘဲ....(မှန်ပါ့)။

ဆုတောင်းတဲ့ ပုဂ္ဂိုလ်ဘဲ ဆုတောင်းတာနဲ့ အတွင်းသူ ခန္ဓာ ငါးပါးက မောင်သစ်ရောက်လာတယ်....(မှန်ပါ့)။

ဆုတောင်းလိုက်တော့ ဘယ့်နှယ်လဲ.... ( ခန္ဓာငါးပါးရလာပါတယ်ဘုရား ) ခန္ဓာငါးပါးရောက်လာတော့ သြော်... ဒါဖြင့် ခန္ဓာငါးပါးရောက်လာယင် ခင်ဗျားတို့က အင်း လူ့ဖြစ်လာပြီဟေ့...၊ ခြေလဲအသန်သား၊ လက်လဲအသန်သား၊ ခြေနဲ့လဲ လုပ်နိုင်တယ်၊ လက်နဲ့လဲ လုပ်နိုင်တယ်၊ ပါးစပ်ကလဲ ပြောနိုင်တယ် ဆိုပြီး ကိုယ့်အဖြစ်တွေကိုယ် တယ်ပြီးသဘောကျတယ်... (မှန်လှပါဘုရား)။

ခြေကလဲ ငါ-ကြွချင်ကြွနိုင်တာဘဲ....(မှန်ပါ) လက်ကလဲ ငါ မြှောက်ချင် မြှောက်နိုင်တာဘဲ၊ ပါးစပ်ကလဲ ငါပြောချင် ပြောနိုင်တာဘဲ၊ နှာခေါင်းကလဲ ငါ ရှူ-ရှိုက်ချင်ရှူ- ရှိုက်နိုင်တာဘဲ၊ နားကလဲ ငါထောင်ချင်ထောင်နိုင်တာဘဲ၊ စိတ်ကလဲ ငါကြံချင် ကြံနိုင်တာဘဲဆိုပြီး ခန္ဓာငါးပါးကို ရတဲ့ ပုဂ္ဂိုလ်က ဆုတောင်းထားတဲ့ ပုဂ္ဂိုလ်က တခါတည်း အတွင်းသူ-အတွင်းသား လုပ်ပစ်တာဘဲ....(မှန်ပါ) ပေါ်ကြပလား... (ပေါ်ပါပြီ)။

ခန္ဓာငါးပါးကို ဘာလုပ်လိုက်သလဲ .... ( အတွင်းသူ-အတွင်းသား လုပ်လိုက်ပါတယ်ဘုရား) အပြီးသတ်တော့ သတ်မလို့ဝင်လာတာ....(မှန်ပါ) ခန္ဓာမရှိယင် သေစရာမရှိပါဘူး.... (မှန်လှပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က မသိသေးတဲ့ တဏှာတကာမတွေကတော့ သြော်....ခန္ဓာငါးပါးကို သူသတ်ယောကျ်ားလို့ မယူဘဲနဲ့ တော်တော်သေးတယ်၊ လက်ကလဲသန်သန်၊ ခြေထောက်ကလဲ သန်သန်၊ ပါးစပ်ကလဲ ပြောနိုင် - ဆိုနိုင်၊ ခန္ဓာငါးပါးစလုံး

အကုန်ဟာ ကိုယ့်အလို ကိုယ့်အကြိုက်ချည့်ဘဲ လိုက်နေကြတာဘဲ ခင်ဗျားတို့က အတွင်းသူ - အတွင်းသားအဖြစ်နဲ့ ခန္ဓာကိုယ်ကြီး ပေါင်းထားတယ်....(မှန်ပါ)။

ဆုတောင်းတုန်းကလဲ ခင်ဗျားတို့ တောင်းထားတယ်၊ ရောက်လာပြန်တော့လဲ သတ်မည့်လူရယ်လို့ သိရဲ့လား.... ( မသိပါဘုရား ) အတွင်းသူ-အတွင်းသားအဖြစ်နဲ့ ဘာလုပ်ထားသတုံး-(ပေါင်းထားပါတယ်ဘုရား)။

တော်တော်ကြည်ညိုသလားလို့ မေးတဲ့အခါကျတော့ အို.... အင်မတန်ကြည်ညိုတယ်....(မှန်ပါ) သူ ရေချိုးချင်တယ်ဆို ခန္ဓာငါးပါးရေချိုးပေးနေတာဘဲ....(မှန်ပါ) ခုနင်က ဆုတောင်းထားတဲ့ ပုဂ္ဂိုလ်က....(မှန်ပါ) သူ ဆာတယ်ဆိုယင် ကျွေးနေတာဘဲ.... (မှန်ပါ)။

အင်း.... သူဆာတယ်ဆိုယင် ကျွေး၊ သူ့မှာ နှပ်တွေပေနေတယ်ဆိုယင် သုတ်သင်ပေး၊ ကျင်ကြီး-ကျင်ငယ်တွေရှိတယ်ဆိုလို့ ရှိယင် သွားစွန့်ပေး၊ အမွေးအကြိုင်တွေ လိမ်းကျံပေး၊ ဟာ.... ဦးမြမောင် တယ်... ကြည်ညိုပါလား....(မှန်ပါ)။

သူက ရည်ရွယ်ချက်က ဘယ်လိုနဲ့ ဝင်လာတာတုံး.... (သတ်မလို့ ဝင်လာတာပါ ဘုရား ) သတ်မလို့ ဝင်လာတာ သူက အတွင်းသူ-အတွင်းသားအဖြစ်နဲ့ ချီးမြှင့်ထောက်ပံ့လိုက်တာတွေကလဲ မနည်းပါလား....(မှန်ပါ)။

အဲဒါ... ခင်ဗျားတို့ ခန္ဓာခင်နေတဲ့ဥစ္စာ သတ်မည့်လူ ခင်နေတာ....( မှန်ပါ )နောက်က တကာတကာမတွေ ကြားကြရဲ့လား....(ကြားပါတယ်ဘုရား)။

ကိုယ့်ခန္ဓာ ကိုယ်ခင်တာ ဘယ်ဟာရည်ရွယ်ချက် ထားပြီး ခင်ကြတာတုံးဆိုတော့ (ဘာ ရည်ရွယ်ချက်မှ မရှိပါ ဘုရား)၊ သူ သတ်ယောကျ်ားမှန်း မသိလို့ ခင်မိတာပါ... (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်... (သူသတ်ယောကျ်ားမှန်း မသိလို့ ခင်မိတာပါဘုရား)။

သူသတ်ယောကျ်ားမှန်းမသိလို့ ခင်ကြ၊ ဖက်ကြ၊ လိမ်းကြ၊ ဆင်ကြ...ဟုတ်လား၊ သူ့ကို မေတ္တာများ ပို့နေလိုက်သေးတယ်-(မှန်ပါ့) " အဟံ အဝေရောဟောမိ၊ အဟံ = အကျွန်ုပ်ဆိုတဲ့ ခန္ဓာငါးပါးသည်။ အဝေရော=ရန်မရှိသည်။ ဟောမိ= ဖြစ်ရပါ လို၏။ အဗျာပဇ္ဇော=ကြောင့်ကြခြင်းမရှိသည်။ ဟောမိ=ဖြစ်ရပါလို၏ " တယ်....ကြည်ညိုပစ်လိုက်တာကိုး....(မှန်ပါ့)။

ရည်ရွယ်ချက်ကဖြင့် ခင်ဗျားတို့ ဆုတောင်းလို့ ရောက်လာတဲ့ ခန္ဓာငါးပါး၊ဘယ့်အကျိုးငှာ ရောက်လာသတုံး.... (သတ်ရန် အကျိုးငှာပါဘုရား)။

ကြည့်....ဒီ ရူပက္ခန္ဓာက ဖေါက်ပြန်ပြီး ရောင်ဖေါ သတ်လိုက်မယ်ဆိုလဲ သေတာဘဲ....(မှန်ပါ့) ဝေဒနာက္ခန္ဓာက စားချင်တာ စားပြီး အစားမှား သတ်လိုက်ယင်ကော ... (သေပါတယ်ဘုရား) သညာက္ခန္ဓာက အမှတ်မှားပြီး လန့်ဖြန့်ပြီးသေအောင် လုပ်လိုက်ယင်ကော .. (သေပါတယ်ဘုရား) စေတနာက မစားကောင်းတဲ့ ဥစ္စာ စားကောင်းတယ်လို့ တိုက်တွန်းပြီး သတ်လိုက်ယင်ကော-(သေပါတယ်ဘုရား) စိတ်ကလဲ ကိုယ့်စိတ်ကိုယ် မနိုင်ဘဲနဲ့ ဒီ.... စိတ်ကဘဲ ရေဘဲဆင်းသေတဲ့ ပုဂ္ဂိုလ်တွေလဲ ခင်ဗျားတို့ တပုံကြီး ဘဲ....(မှန်ပါ့) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဒါဖြင့် သူတို့က ဘာတွေဘုံးလို့ မေးလို့ရှိယင်ဘယ့်နှယ်ဖြေမလဲ....(သူသတ်ယောကျ်ားတွေပါ ဘုရား) အို....ခင်ဗျားတို့ကလဲ ဆုတောင်းယူထားတာ၊ သူတို့က နဂိုရ်ကတည်းက ခင်ဗျားတို့ မသိတဲ့ ပုဂ္ဂိုလ် သူဌေးသားနဲ့ တူတဲ့ ဂုတောင်းသားမားကို သတ်ချင်လို့ လာတာ....(မှန်ပါ)။

သတ်ချင်လို့ ခင်ဗျားတို့ တောင်းတဲ့ ပုဂ္ဂိုလ် သန္တာန်မှာ ရောက်လာတာ.. (မှန်ပါ) မရောက်ဘူးလား .. (ရောက်ပါတယ် ဘုရား) ရောက်လာတော့ ခင်ဗျားတို့က အင်း....အရတော်လေစွ များ အောက်မေ့နေလိုက်သေးတယ်....(မှန်ပါ)။

ရောက်လာပြီးခန္ဓာငါးပါးနဲ့ ကိုယ့်မှာ ပြည့်ပြည့်စုံစုံ ဘာမှ မလိုတဲ့ အဓိပ္ပါယ်မျိုးတောင် ခင်ဗျားတို့က ဝမ်းသာလိုက်တာ၊ ခြေဏလေးက မြှောက်မယ်ဆိုလို့ရှိယင်လဲ မြှောက်နိုင်တာ၊ လက်က မြှောက်နိုင်တာ၊ ပါးစပ်က ပြောနိုင်တာ၊ နားက သေင်နိုင်တာ၊နှာခေါင်းက ရှုနိုင်-ရှိုက်နိုင်တယ်၊ ဘာမှ လိုလေသေးမရှိဘူး ဆိုပြီးသကာလ သတ်မည့်ခန္ဓာကြီးကို အင်မတန် အတွင်းသူ အတွင်းသား အဖြစ်နဲ့ ပေါင်းထားလိုက်တာ....(မှန်ပါ) ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)၊

သတ်မည့် ခန္ဓာဘယ်လို ပေါင်းကြသလဲ.... ( အတွင်းသူ အတွင်းသားအဖြစ်နဲ့ ပေါင်းထားပါတယ်ဘုရား ) အတွင်းသူ အတွင်းသား အဖြစ်နဲ့ ပေါင်းပြီး သကာလ ထားလိုက်တော့ ခြော်....ခင်ဗျားတို့ ကျုပ်တို့မှာ မပေါင်းရမည့်သူမှန်းလဲ မသိ၊ ပေါင်းရမည့်လူမှန်းလဲမသိ....ဟင်....အင်မတန် မဆိုးဝါးဘူးလား- (ဆိုးဝါးပါတယ်ဘုရား)။

အခု ဒီတရားကိုနာရတော့မှ ဪ.... ကိုယ့်ဘဝ အရတော်လေစွဆိုတဲ့လူတွေဟာ အတော်မှားတဲ့ လူတွေ....(မှန်ပါ့)ကိုယ့်ဘဝ အရတော်လေစွဆိုတဲ့ လူတွေဟာ.... (အတော်မှားပါတယ်ဘုရား) အတော်မှားတဲ့ လူတွေဆိုယင် လွဲပါ့မလား.... (မလွဲပါဘုရား)။

ဘယ်ဟာ အရတော်လေစွ ဟုတ်ရမှာတုံးဗျ၊ ခင်ဗျားတို့ခေါ်သည့် ရည်ရွယ်ချက်က သူအကုန် ပြောမတော့ အလိုလိုက်မယ်၊ ပြီးမှသတ်မှာ....(မှန်ပါ့ဘုရား)။

ပဌမတော့ စိတ်ကလဲ အလိုလိုက်မယ်....(မှန်ပါ့) ရုပ်ကလဲ.... (အလိုလိုက်မှာပါ) ဆုတောင်းထားတဲ့ ပုဂ္ဂိုလ်၏ အလိုလိုက်မယ် (မှန်ပါ့) ပြီးတဲ့အခါကျတော့မှ သတ်မှာ....(မှန်ပါ့ဘုရား)။

အဲဒီတော့ကို ဒီစကားကို တခါရပ်ပြီးသကာလ ခင်ဗျားတို့ ဪ....ဦးမြမောင်တို့၊ဦးကျော်မောင်တို့ မသာဘယ်နှစ်လောင်းပို့ဘူးကြပလဲ မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (မရေတွက်နိုင်ပါဘုရား) ခင်ဗျား မသာတွေလေ .. (မှန်ပါ့ဘုရား)။

ဟ-ဘာဖြစ်လို့တုံး၊ဒီမသာတွေ များလှချည့်လား၊ဆုတောင်းထားတဲ့ ပုဂ္ဂိုလ်မို့ ရုပက္ခန္ဓာသတ်တဲ့ မသာ....( မှန်ပါ့ )ဝေဒနာသတ်တဲ့....(မသာပါ) သညာသတ်တဲ့ ... (မသာပါ) အစားမှားသေသွားရှာတယ်၊ သညာသတ်တာ .. (မှန်ပါ့) မသွားကောင်းတဲ့လမ်း သွားအောင် တိုက်တွန်းလိုက်ပြန်တော့လဲ စေတနာသတ်လိုက်တာ....(မှန်ပါ့) သူ့စိတ် ဘူမနိုင်တာနဲ့ တက်ပြီးသေသွားတာတွေကော စိတ်က သတ်လိုက်တာ....( မှန်ပါ့ )မရှိဘူးလား... (ရှိပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ မသာပို့တော့ ဘာမသာတုံး မေးလို့ ရှိယင် ဆရာဝန်ညံ့တဲ့ မသာယင်လဲ ခင်ဗျားတို့က ပြောချင်ပြော လိမ့်မယ်....(မှန်ပါ့) မဟုတ်ပါဘူးတဲ့၊သူ့ကို အတွင်းသူ အတွင်း သားအဖြစ်နဲ့ ခံ့စားလာတဲ့ ခင်ဗျားတို့က တောင်းလို့ ခံ့စား လာတဲ့ ခန္ဓာငါးပါး တပါးပါးက သတ်တာ....(မှန်ပါ့) ရှင်းပ လား....(ရှင်းပါပြီဘုရား)။

ဘယ်သူက သတ်တာတုံး....(ခန္ဓာငါးပါး တပါးပါးကသတ် တာပါ) ခန္ဓာငါးပါး တပါးပါးက သတ်တာဆိုတော့ ဦးမြ မောင် ခင်ဗျားမှာ အခု ဘယ်သူနှင့် နေရပါသတုံး မေးဘို့ လိုတော့တယ်....(မှန်ပါ့) အခု ဘယ်သူနဲ့ နေရသတုံး.. (လူသတ် သမားတွေနဲ့ နေရပါတယ်ဘုရား)။

အဲဒါ ခင်ဗျား စိတ်ချ လက်ချမနေနဲ့ တနေ့ သူခေါင်းထဲ ပို့လိမ့်မယ်....(မှန်ပါ့) မပို့ပေဘူးလား....(ပို့မှာပါဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် ဒီလိုပို့ရတာတုံးဆိုတော့ ခင်ဗျား တို့က သူ့ကို အတွင်းသူအတွင်းသားအဖြစ်နဲ့ ပေါင်းပြီး ယုယ ပြီး သကာလ ရန်သူကို မိတ်ဆွေအဖြစ်နဲ့ ပေါင်းပြီး ဆုတောင်း ယူထားတဲ့အတွက် မလွတ်ပါဘူး-သေပွဲကဖြင့်.... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမယ်...( သေပွဲ မလွတ်ပါ )ဒါဖြင့် ခန္ဓာရ အောင် ဆုတောင်းတဲ့ ပုဂ္ဂိုလ်သည် သူသတ် ယောကျ်ားကို လက်ခံနိုင်ရပါလို၏။ သူသတ်ယောကျ်ား လက်ချက်နဲ့ အသက် ဝိညာဏ်ချုပ်ဆုံးရပါလို၏ဆိုတဲ့ စကားဟာ မလွဲဘူး.... (မလွဲပါ ဘုရား)။

လွဲရဲ့လား....(မလွဲပါ) ယမကကို ဟောနေတာ.... (မှန်ပါ့) ယမကဝတ္ထုထဲက ဘုန်းကြီးက အကျယ်တဝင့် ဖေါ်ထုတ်ပြီး သကာလ ပြောဆိုနေတာပါ....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဒီအထဲ စိတ်ချရတဲ့ တကာတကာမတွေပါပ လား....(မပါ-ပါဘုရား)။

ဟာ....ဒါဖြင့် ခင်ဗျားတို့မှာ ခန္ဓာငါးပါးကလဲရှိပြန်၊ဒီထဲက တကာ တကာမတွေ အန္တရာယ်ကင်းလို့ ဘေးရှင်းမဲ့ တကာ တကာမတွေ အသေလွတ်များ ပါကြရဲ့လား မေးယင်....(မပါ ပါဘုရား)။

ဩော်....နဂိုရ်က မင်းတို့က ရန်သူကိုဆုတောင်းယူပြီးလက်ခံ မှားတယ်၊ရန်သူကို ချော့မော့ပြီးသကာလ ရန်သူတွေကို ခင်ဗျား တို့က ပြုကြဲစုကြ အတွင်းသူ အတွင်းသားအဖြစ်နဲ့ပေါင်းနေတဲ့ အတွက် တနေ့နေ့တော့ ခင်ဗျားတို့အကျွမ်းဝင်တဲ့ ပုဂ္ဂိုလ်ကိုဘဲ သတ်ခဲလို့ပုဂ္ဂိုလ်ဟာ ရည်ရွယ်ချက်တော့ အထမြောက်တော့မှာ ဘဲဆိုယင် လွဲပါ့မလား....(မလွဲပါဘုရား)။

စိတ်ချလက်ချ မနေကြနဲ့ ဦးကျော်မောင်ရ .... ( မှန်ပါ့ ) နေလို့ တော်ပါ့မလား....(မတော်ပါဘုရား)။

အဲဒီတော့ ဒီတရားဟာ ဦးမြမောင်တို့လူစု နောက်ကတကာ တကာမတွေ ဘဝတွေနဲ့ ဆက်ပြီးဆုတောင်းတဲ့ ပုဂ္ဂိုလ်များ ဟာ မောင်သစ် ကြီးကျယ်လိုက်တဲ့အမှား ...(မှန်ပါ့ဘုရား)။

ဘယ့်နှယ်တုံး....(အမှားကြီးကျယ်ပါတယ်) သိပ်ကြီးကျယ် တဲ့ အမှားလို့ဦးဘသန်း ဆိုယင်လွဲပါ့မလား....(မလွဲပါဘုရား)။

သူသတ်ယောကျ်ားနဲ့ ဘယ်တော့မှ မခွဲရပါလို၏၊ ဘဝတိုင်း ဘဝတိုင်းမှာ... (မှန်ပါ့)ဒါမပါဘူးလား- (ပါပါတယ် ဘုရား)။

အဲဒီလောက် မသိတာဟာ ခ န္ဓာ ငါး ပါး က ကိန်း ရာ ပုဂ္ဂိုလ်ကို ဉာဏ်တာမဖက် အမြဲ နှိပ်စက်တတ်တဲ့ သဘောကို သူမသိဘူးတဲ့၊ သစ္စာမသိဘူး....(မှန်ပါ့) ကိန်းရာပုဂ္ဂိုလ်သတ်မှာ သူက....(မှန်ပါ့ဘုရား)။

မဟုတ်ဘူးလား....(မှန်ပါ့) ဆုတောင်းထားတဲ့ ပုဂ္ဂိုလ်ကို.... (သတ်မှာပါ) အဲဒီတော့ သတ်တတ်တဲ့ သစ္စာရယ်လို့ ပိုင္ဒနဌော= ဉာဏ်တာမဖက် အမြဲနှိပ်စက်တတ်တဲ့ သစ္စာရယ်လို့ သူသိသေး ရဲ့လား....(မသိပါဘုရား)။

မသိလို့ လူခန္ဓာဖြစ်ရပါလို၏၊နတ်ခန္ဓာ သူသတ်ယောကျ်ား ဖြစ်ရပါလို၏လို့၊ သူသတ်ယောကျ်ား သူတို့ကမထည့်ဘူး၊ လူ ကောင်း- နတ်ကောင်း ဖြစ်ရပါလို၏....(မှန်ပါ့ဘုရား)။

အို... လွဲလိုက်တဲ့ဖြစ်ခြင်းမှ မပြောပါနဲ့တော့.... ( မှန်ပါ့ ) နောက်က တကာတကာမတွေ လူကောင်း၊ နတ်ကောင်းများ ဖြစ်ချင်သေးသလား....(မဖြစ်ချင်တော့ပါဘုရား)။

အခုမှ ဒီအသံတွေများ ထွက်လာတာပါ၊ နဂိုရ်တုန်းက ဆိုလို့ရှိယင်ဖြင့် အကြိမ်ကြိမ် ခံစားပြီး၍ များလာချင်သေးတယ် ( မှန်ပါ့ ) ဘာခံစားရမှာတုံး မေးတော့မှ သေပွဲခံစားရမှာ.... (မှန်ပါ့ဘုရား)။

ဘာခံစားရမှာတုံး....(သေပွဲခံစားရမှာပါ) သေပွဲခံစားရမှာ ကို သူတို့က နေပွဲ ခံစားရလိမ့်မယ်လို့ မှတ်နေတယ်....( မှန်ပါ့ ) ဦးကျော်မောင် လွဲလိုက်တဲ့ဖြစ်ခြင်း....(လွဲပါတယ်ဘုရား)။

မောင်ချစ်စိန် မလွဲဘူးလား—( လွဲပါတယ်ဘုရား ) မင်းတို့ ကိုယ်တိုင် လွဲပြီးပလား မေးယင် ဘယ့်နှယ်ဖြေမလဲ…(လွဲပြီးပါ ပြီဘုရား)။

အို….ကြောက်စရာလူတွေပါလား….( မှန်ပါ )ဘယ်တုန်းက လွဲတာတုံး မေးတော့မှ ဒုက္ခသစ္စာ၏ ညာဘာမဖက် အမြဲ နှိပ် စက်တတ်တဲ့ ခန္ဓာငါးပါးကိန်းရာပုဂ္ဂိုလ်ကို နှိပ်စက်လိမ့်မယ်ဆိုတဲ့ သစ္စာကို မသိလိုက်ဘူး၊ မသိလိုက်တုန်းက လွဲလိုက်တာ….(မှန်လှ ပါဘုရား)။

နောက်က တကာတကာမတွေ ရှင်းကြရဲ့လား….(ရှင်းပါပြီ ဘုရား)အင်မတန် သဘောပါတဲ့ တရားဆိုတာလဲ ဦးမြမောင်… မှတ်စမ်းပါ….(မှန်ပါ)။

အင်မတန် သဘောပါတယ်….( မှန်ပါ )ခင်ဗျားတို့ကတော့ အတွင်းသူ-အတွင်းသားအဖြစ်နဲ့ ပေါင်းထားတာကိုး….( မှန်လှ ပါဘုရား )။

ဘယ်လောက်ထိအောင် ပေါင်းသလဲဆိုတာ ဒီ ခန္ဓာကြီး ခလုတ်မထိ ဆူးမငြိပါစေနဲ့တဲ့ …. သူသတ်ယောကျ်ားတွေကို ခင်ဗျားတို့က .. (မှန်ပါ) ဒီလိုဘဲ မပြောကြဘူးလား….(ပြောကြ ပါတယ်ဘုရား)။

ဟာ….သူသတ်ယောကျ်ားကို မေတ္တာပို့နေတာပါကလား …. (မှန်ပါ) ကိုယ့်အတွင်းသူအတွင်းသားအဖြစ်နဲ့ ပေါင်းနေတာပါ ကလားဆိုယင်တောင်….(မလွဲပါဘုရား) ။

ခြောဉ်....သေအောင်သတ်မည့် ပုဂ္ဂိုလ်တွေကိုဘဲ သူ့စိတ်ထဲမှာ သေအောင်လုပ်မည့် သစ္စာတွေလို့ သိရဲ့လား....(မသိပါဘုရား)။

ဒါ မသိလို့ သေပွဲချည့် တောင်းတယ်ဆိုတာ ပေါ်ကြရဲ့လား....( မှန်ပါဘုရား )ဘာမသိတာတုံး....(သစ္စာမသိတာပါဘုရား)။

အဲ....ဒုက္ခသစ္စာရယ်လို့ မသိဘူး....(မှန်ပါ) ဒုက္ခဿ=ဒုက္ခသစ္စာ၏ ပိဋ္ဌနဋ္ဌော=ညှာတာမဖက် အမြဲ သတ်ဖြတ်နှိပ်စက်တတ်တဲ့ သဘောသည်လည်းကောင်း၊ ဟော... ဘယ်သူ့နှိပ်စက်သတုံး-(ဆုတောင်းထားတဲ့ ပုဂ္ဂိုလ်ကို နှိပ်စက်ပါတယ်ဘုရား)။

အံမာလေး....ခင်ဗျားတို့ကလဲ အတွင်းသူ့အတွင်းသားအဖြစ်နဲ့ မဖြစ်-ဖြစ်အောင်ဘဲ လာခဲ့ပါလို့ ခေါ်တဲ့ အခိပ္ပါယ် ရောက်နေတယ်.... (မှန်ပါဘုရား) မရောက်ဘူးလား... (ရောက်ပါတယ်ဘုရား)။

ဦးကျော်မောင် အလကားကြီးနေတဲ့ အသက်လို့ ဆိုရမယ်(ဆိုရပါမယ်ဘုရား)မဆိုရပေဘူးလား....( ဆိုရပါမယ်ဘုရား )ဦးမြမောင်ကော....(ဆိုရပါမယ်ဘုရား)။

အလကားကြီးနေတဲ့ အသက်တွေဘဲ၊ ရန်သူနဲ့ မိတ်ဆွေမှ မကွဲဘဲ....(မှန်ပါ)ကွဲရဲ့လား....(မကွဲပါဘုရား) ကွဲတဲ့ လူကလဲ ရှာမှ ရှားကိုး....(မှန်ပါ)။

ဒီ တရားထူး....တရားမြတ်မှ မနာရလို့ရှိယင် မောင်သစ်တို့ မောင်ချစ်စိန်တို့ ဘယ်သူမှ မသိဘူး....( မှန်ပါ )သိမည့်ပုဂ္ဂိုလ်

ဒီထဲမှာ ထူးချွန်ပြီး ထွက်လာမည့်ပုဂ္ဂိုလ်များ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

တနေ့-နေ့လယ်ကျလို့ ဒီနေ့ ခေတ်မီးစက် မလာလို့ ခေတ်အားမလာလို့ တရားဟောတဲ့အခါ ခန္ဓာကို အို....ယပ်ကလေးနဲ့ ပူဇော်ရ ဘာနဲ့ ပူဇော်ရနဲ့ သတ်မည့်ပုဂ္ဂိုလ်ကို ပူဇော်နေတာ...., (မှန်ပါ့)မပူဇော်ရဘူးလား....(ပူဇော်ရပါတယ်ဘုရား)။

ဟ ..ဘာဖြစ်ကြဘာတုံးလို့ မေးလို့ရှိယင် မိတ်ဆွေမှတ်လို့ (မှန်ပါ့) ဘာဖြစ်ကြဘာတုံး....(မိတ်ဆွေမှတ်လို့ပါဘုရား)။

အင်း....သူစီးဘို့ ဘိနပ်ကလေးများ ဆိုလို့ရှိယင် ခပ်နူနူကလေး ဝယ်ပေးရတယ်....(မှန်ပါ့) ထီးဆိုလို့ရှိယင်လဲ လုံလုံခြုံခြုံကလေး....လှလှပပကလေး ဝယ်ပေးရတယ်....( မှန်လှပါဘုရား )။

အတွင်းအင်္ကျီ,အပြင်အင်္ကျီဆိုလို့ရှိယင် ချောဘို့ မောဘို့ ဆိုတာကလေး ပူဇော်ရတယ်-(မှန်ပါ့)ဘာတုံး....ဘယ့်နှယ်ကြောင့် ပူဇော်ရတာတုံးမေးတော့....(သစ္စာမသိလို့ပါဘုရား)။

သတ်မည့် သစ္စာကိုမသိတော့ ကျေးဇူးများတဲ့လူတယောက်ဆိုပြီး ကျေးဇူးများတဲ့ ခန္ဓာကြီးဆိုပြီး ခင်ဗျားတို့က ပူဇော်ကြတယ်....(မှန်ပါ့)။

ခင်ဗျားတို့ခန္ဓာ ပူဇော်တာနဲ့ ခင်ဗျားတို့ လှူတန်း ပေးကမ်းတာနဲ့ ကုန်စရိတ် ဘယ်သူက များပါ့မတုံး....(ခန္ဓာပူဇော်တာကများပါတယ်ဘုရား)တော်တော် ရင်းရင်းနှီးနှီး ပေါင်းခဲ့တာဘဲ..., (မှန်ပါ့)။

တော်တော် ရင်းရင်းနှီးနှီး ပေါင်းထားတာ၊ ဘယ်လို ပေါင်းထားတာတုံး မေးတော့မှ....(သတ်မည့်လူကို ပြန်ပေါင်းထားပါတယ်ဘုရား)။

ဘာပြုလို့တုံးဆိုလို့ရှိယင် သူသတ်ယောကျ်ားမှန်း မသိလို့ ဒါလောက်ယုယပြီး ပေါင်းတာဘဲ....(မှန်ပါ) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါက ဥာဏ်ကြီးရှင် သစ္စာသိပြီးသား ပုဂ္ဂိုလ်မှ ဒီတရားနာရတာ....(မှန်ပါ့)သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်ကို ဒီတရား ဟောလို့ရှိယင် ဘယ်သူဟာ ဘာလုပ်တယ်လို့ ဘာမှန်းကို မသိဘူး .... (မှန်ပါ့)သိပါ့မလား....(မသိပါဘုရား)။

ရှင်သာရိပုတ္တရာက ရှင်ယမကကို သူသတ်ယောကျ်ားအဖြစ်နဲ့ ခန္ဓာကြီးကို မင်း ရှုရလိမ့်မယ်၊ မင်း ခန္ဓာကို ခင်တဲ့ မင်း တဏှာ သေမယ်၊ တဏှာသေမှ မင်း အထက်မဂ်ကို ရမယ်....( မှန်ပါ့ ) သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် အခု ဘာတွေ ဟောနေသတုံးဆိုတော့ တဏှာသတ် ဟောနေတာ....(မှန်ပါ့)တဏှာက ခန္ဓာပေါ် အခင်ဆုံးကိုးဗျ.... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တဏှာက ဘယ်အပေါ်မှာ....(ခန္ဓာအပေါ်မှာ အခင်ဆုံးပါဘုရား) အဲဒီတော့ အခင်ဆုံးလူကလဲ ရန်သူကြီး အကြီးဆုံး... (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အခင်ဆုံးကလဲ ခန္ဓာ....(မှန်ပါ့) သတ်မည့်သူကလဲ....(ရန်သူအကြီးဆုံးပါဘုရား) ရန်သူ အကြီးဆုံးဟာ ခန္ဓာဘဲ....(မှန်လှပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ဟာ ခင်ချင်လို့ရှိယင်ဖြင့် မိတ်ဆွေခင်လို့ရှိယင် တော်သေးတယ်.... (မှန်ပါ့) အခုတော့ ရန်သူခင်နေတယ်....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် မိတ်ဆွေတော့ မခင်၊ ကယ်မည့် ယူမည့် မဂ္ဂသစ္စာတော့ မခင်ဘူး-ဟင်....(မှန်ပါ့) သတ်မည့် ခန္ဓာငါးပါးကျတော့....(ခင်ပါတယ်ဘုရား)။

မောင်သစ် ဘာဖြစ်နေတာတုံးကွ၊ ပြောပါဦး....(သစ္စာမသိလို့ပါဘုရား) သစ္စာမသိတဲ့ ဒဏ်ချက် .... ( မှန်ပါ့ ) အတော်ကြီးကျယ်ခမ်းနားတယ်.... (မှန်ပါ့) မပေါ်လာသေးဘူးလား....(ပေါ်လာပါပြီဘုရား)။

သစ္စာမသိတဲ့ ဒဏ်ချက်လောက်ကြီးတာ မောင်ချစ်စိန် ရှာမတွေ့ဘူးဟေ့....(မှန်ပါ့) သစ္စာမသိတဲ့ ဒဏ်ချက်ဟာ အပြင်းထန်ဆုံးဘဲဆိုတာ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ကဲ....ဦးမြမောင် လာမိပေလို့ မလာမိ ငါးပါးမှောက်ဘဲ.... ( မှန်ပါ့ ) ဦးကျော်မောင်ကော .... (ငါးပါးမှောက်ပါတယ်ဘုရား)။

သေသေချာချာ မှောက်တယ်....( မှန်ပါ့ ) သေသေချာချာ မှောက်မယ်တဲ့....(မှန်ပါ့ဘုရား)။

အခု ဒီခန္ဓာကြီးကို သူသတ်ယောကျ်ားလို့ မသိလို့ရှိယင်ဖြင့် ခင်ဗျားတို့ မသာတွေသာ ပို့ချေပါ၊ ဆီးချုပ် သေလို့ရှိယင်လဲ ရှုပကၡန္ဓာသတ်တာ....(မှန်ပါ့) အားအင်ဗလ ချိနဲ့နေတယ် ဆိုလို့ရှိယင် ဝါယောဓါတ် ပျက်ပြီးသေတာဘဲ-(မှန်ပါ့)

ပထဝီဓါတ် ပျက်ပြီး သေတာဘဲဆိုတော့ ရူပက္ခန္ဓာက သတ်တာ-(မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အစားလွန်ပြီးသေသွားတယ်ဆိုယင် ဝေဒနာက္ခန္ဓာကသတ်ပစ်လိုက်တာ....(မှန်ပါ့) ဆေးမှား သောက်ဆိုက်တယ် ဆိုယင်ကော ( သညာက္ခန္ဓာကပါ ) သညာက္ခန္ဓာက သတ်တာဘဲဆိုတော့ အကုန်ပါဘဲတဲ့၊ ဒါတွေ ခင်ဗျားတို့ ပြုစုနေကြွားသော်လဲ ပြုကျိုးစုကျိုး, ပြင်ကျိုး ဆင်ကျိုးတော့ ပေးမှာမဟုတ်ဘူး....(မှန်ပါ့) ဘုရားတောင် မပေးဘူးဗျ....(မှန်ပါ့) ပေးရဲ့လား ....(မပေးပါဘုရား)။

ကိုယ်တော်ကြီးဟာ အောင်ခြင်းရှစ်ပါး ကိုယ်တော်ကြီး၊ သူများကိုသာ အောင်တယ်၊ ကိုယ်တော်ကြီးတော့ အာပေါဓါတ်က ဝမ်းလျှောတဲ့ ဝေဒနာနဲ့ အာပေါဓါတ်က သတ်ချလိုက်တယ်....( မှန်ပါ့ ) သူများသာ အောင်တာ၊ သူ့ခန္ဓာသူမအောင်ဘူး....( မှန်ပါ့ ) ပရိနိဗ္ဗာန်စံပြီးမှသာ နိုင်တော့တယ်....(မှန်ပါ့) မစံခင်က မနိုင်ဘူး....(မှန်ပါ့) ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခန္ဓာငါးပါးရှိတဲ့ ပုဂ္ဂိုလ်ဖြင့် ဘယ်လိုဖြစ်ရမှာတုံး ဘုရားလို့....ဦးမြမောင်က မေးမေး၊ဦးကျော်မောင်က မေးမေး၊ ဦးဘသန်းက မေးမေး...၊ ခန္ဓာငါးပါး ရှိယင် သေရဦးမှာဘဲ၊ သူကသတ်မှာ.... ( မှန်ပါ့ဘုရား )ရှင်းပလား.... ( ရှင်းပါပြီဘုရား)။

အခုလဲ ရှယ်နေတာဘဲ၊ ရှယ်နေတာမှ ခင်ဗျားတို့က ဆေးကလေးနဲ့ တောင်းပန်၊ အစာကလေးနဲ့ တောင်းပန်နေရတယ်.... (မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အဝတ်ကလေးနဲ့ကော....(တောင်းပန်ရပါတယ်) ချွေးကလေး ထွက်ချင်တော့ ခြုံထည်အထူကလေးနဲ့ တောင်းပန်ပြီးသကာလ နေတော့ ရှယ်လိုက်၊ တောင်းပန်တာကလေး ဝှေ့တဲ့ပြီး သကာလ ခဏနားလိုက်....(မှန်ပါ့) တာရှည်ကျအောင် နားပါ့မလားလို့ ဆိုယင် ဘယ့်နှယ်ပြောကြမယ်....(မနားပါဘုရား)။

မနားဘူး၊ နောက်တော့ တောင်းပန်ပေမဲ့မင်းကို သတ်မှာဘဲ ဆိုတဲ့အဓိပ္ပါယ် သေသေချာချာ ရောက်ပါတယ် .... (ရောက်ပါ တယ်ဘုရား) မရောက်ပေဘူးသား .. (ရောက်ပါတယ်ဘုရား)။

ကိုင်း .... ဒါဖြင့် ခန္ဓာငါးပါးကို ခင်ဗျားတို့က သူသတ် ယောကျ်ားအဖြစ်နဲ့မှ မသိသေးယင် ခန္ဓာခင်တဲ့ တဏှာလာတယ် (မှန်ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အထက်မဂ် တက်တော့မယ်ဆိုယင် တဏှာမသတ်လို့ရှိယင် ဘယ်နည်းနှင့်မှ အထက်မဂ် တက်လို့ မရဘူး....(မှန်ပါ့) ရပါ့မလား....(မရပါ) သဘောပါကြပလား- (ပါ-ပါပြီဘုရား)။

ဩော် .... ဒါဖြင့် ဒီခန္ဓာငါးပါးဟာ သူသတ်ယောကျ်ား အစစ်ကို ခင်ဗျားတို့ မသိသ၍ ကာလပတ်လုံးဖြင့် ခန္ဓာချည့်နေ ပြီးသကာလ ခန္ဓာသတ်လို့ဘဲ ခန္ဓာဆုတောင်းတဲ့ပုဂ္ဂိုလ် ခန္ဓာ ခင်တဲ့ပုဂ္ဂိုလ် သေကြရမှာဘဲ....(မှန်ပါ့)ပေါ်ကြပလား....(ပေါ် ပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အလိုလိုသေတဲ့ မသာတော့မရှိပါဘူး .... (မှန်ပါ့)ရှိပါ့မလား...(မရှိပါဘုရား) ဘယ်သူ သတ်တာတုံး ..... (ခန္ဓာငါးပါး တပါးပါးက သတ်တာပါ ဘုရား)။

ခန္ဓာငါးပါး- တပါးပါးက အားကုန်သတ်လိုက်တဲ့အခါကျ တော့ တကာတကာမတွေ့ နေလို့ ထိုင်လို့ရကြသေးရဲ့လား.... (မရပါဘုရား)။

မရဘူး... တဲ့၊ ဩော်....ဒါဖြင့် သူတို့က ခင်ဗျားတို့ဆုတောင်း လိုက်တဲ့ အခါကျတော့ ခန္ဓာငါးပါးရောက်လာတာက ခင်ဗျား တို့ကို ခံ့စားလာတယ်လို့ ခင်ဗျားတို့ကို လုပ်ကျွေးမလို့ပြုမလို့ စုမလို့ လာတယ်လို့ ခင်ဗျားတို့က ထင်တယ်၊ဟိုကသတ်မလို့ လာတာ....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကလဲ လက်ယပ်ခေါ်တယ်၊ ဆုတောင်းတဲ့ လူ ကလေ.... (လက်ယပ်ခေါ်ပါတယ်ဘုရား)။

လက်ယပ်ခေါ်တယ် ဆိုတော့ ဘယ်သူ့လက်ယပ် ခေါ်တာ တုံးမေးတော့မှ....(သူသတ်ယောကျ်ားကို လက်ယပ်ခေါ်တာပါ ဘုရား)။

ဖြစ်မှ ဖြစ်ရလေ.... (မှန်ပါ့) ဒါလောက်မိုက်တဲ့ လူများရှိ သေးသလားလို့ မေးယင် ဘယ့်နှယ်ပြောကြမယ် .... (မရှိပါ ဘုရား)ဒီအတိုင်းကျနေတာဘဲ .... (မှန်ပါ့) မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့ဟာက ဘယ့်နှယ်ကြောင့် လက် ယပ်ခေါ်မိပါလိမ့်မတုံး ဆိုတော့ သတ်မည့်လူကို ဒုက္ခသစ္စာလို့ မသိဘူး....(မှန်ပါ့) ဒါ သစ္စာတလုံးတည်း ဟောနေတာ ဒီနေ့ည (မှန်ပါ့ဘုရား)။

သတ်မည့်လူ ဒုက္ခသစ္စာလို့....(မသိလို့ပါဘုရား)မသိဘူးတဲ့- အဲဒါကြောင့် တကာတကာမတွေ့မှာ သိစရာ ကျန်သေးတယ်....

ဆိုတဲ့ဥစ္စာ မောင်ချစ်စိန် ပေါ်ပလား....( ပေါ်ပါပြီ ) သိစရာ အများကြီးကျန်တယ်....(ကျန်ပါတယ်ဘုရား)။

အခု ကြည့်စမ်းပါလားတဲ့...၊ ဒီ ခန္ဓာကြီး ရထားယို့ဘဲ တော်သေးရဲ့၊ စီးပွါးရှာရဦးတော့ ကိုယ့်ဟာ ကိုယ်ရင်းရှာရ....၊ အင်း... သူများလို ပခုံးထမ်းပြီးသကာလ ပေါက်ပြားမကိုင်ရဘူး (မှန်ပါ့) အံမာ....ဒီခန္ဓာကြီးကို ခင်ဗျားတို့က အရတော်လေစွ များ ဖြစ်နေလိုက်သေးတယ်....(မှန်ပါ့)။

ဦးအောင်ဇံဝေကြီး နဂိုရ်က ဘယ်လိုများ ဖြစ်နေသတုံး .... (ဒီအတိုင်းပါဘုရား) အရတော်လေစွလို့များ ဖြစ်ပြီး နေလိုက် သေးတယ်....(မှန်ပါ့)။

အင်း....မသိရှာဘူး....(မှန်ပါ့) မသိရှာဘူး....ဘေးက ကြည့် လိုက်တဲ့ ပုဂ္ဂိုလ်ကဖြင့် သူက အရတော်လေသေးတဲ့....( မှန်ပါ့ ဘုရား )။

အင်း....ခန္ဓာငါးပါးလက်တွင်း ငါးလိုစင်းပြီး သေပွဲဝင်ရမှာ သူမသိရှာဘူး....(မှန်ပါ့)သိပါ့မလား....(မသိပါဘုရား)။

ငါးလို ဖြစ်နေတယ်တဲ့...၊ မြှုံးထဲမှာရှိတဲ့ အစာကလေး စားရတာ ကိုယ်ကတော့ မြှုံးမိနေပြီ....( မှန်ပါ့ ) မြှုံးထဲရှိတဲ့ အစာကလေး စားရတာ ကံကောင်းတယ် အောက်မေ့နေတာ.... (မှန်ပါ့)။

ကံကောင်းတာလား....သေကွက်တိုးမိတာလား.... (သေကွက် တိုးမိတာပါဘုရား) အဲဒါ ငါးက ဘယ့်နှယ်ထင်နေသတုံး....(ကံ ကောင်းတယ်ထင်နေပါတယ်ဘုရား)။

နို့....ခင်ဗျားတို့ကော အခု ကိုယ်ရထားတဲ့ ဘဝကြီး ဘယ့် နှယ်ထင်နေသတုံး....( ကံကောင်းတယ် ထင်နေပါတယ် )ဟာ....

ငါးပေါ့ဗျ....ဒါဖြင့်....၊ ဒီအတိုင်းကျနေတာဘဲ၊ မိနေပြီ ခန္ဓာငါးပါး သတ်မှာကတော့ သေချာနေပြီ....(မှန်ပါ့)မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားကို လူ့တိရစ္ဆာန်တွေလို့ပြောလဲ မလွဲလှဘူး....(မှန်ပါ့)လွဲပါ့မလား....( မလွဲပါဘုရား )လူတိရစ္ဆာန်တွေဘဲလို့ မောင်သစ်တို့ ပြောလို့ရှိယင်....မလွဲဘူး .... (မှန်ပါ့ဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ ဒီလို အရောင်းနဲ့၊ ဒီလို အဝယ်နဲ့၊ ဒီလို ဆွေမျိုးနဲ့၊ ဒီလို အခြံအရံနဲ့၊ ဒီလို အရင်းအနှီးနဲ့ ဆိုလို့ရှိယင် တော်သေးရဲ့ အောက်မေ့နေတာ....(မှန်ပါ့) တော်သေးရဲ့ အောက်မေ့နေတာ။

တော်သေးတာလားတဲ့....သေကွက်ထဲ ရောက်နေတာလား....(သေကွက်ထဲ ရောက်နေတာပါဘုရား)ဒါဖြင့် ဘယ်တော်ရမတုံးဗျ....(မှန်ပါ့)။

တော်သေးတယ်ဆိုလို့ရှိယင် ခန္ဓာမရှိတဲ့ နိဗ္ဗာန် ရောက်သွားလို့ရှိယင် တော်သေးတယ်ဆိုတာ သုံးနိုင်ပါတယ်....(မှန်လှပါဘုရား)။

အခုတော့ ဒီလို သုံးနိုင်ကြသလား...၊သေတွဲအထဲ ရောက်ပြီးသကာလ တော်သေးတယ် သုံးတာလား....(သေတွဲအထဲ ရောက်ပြီး တော်သေးတယ် သုံးတာပါဘုရား)။

ဖြစ်မှ ဖြစ်ရပလေ....၊နွားသတ်ရုံသွားတဲ့ နွားဟာ တွန်သလိုဖြစ်နေပြီ....(မှန်ပါ့)ဘယ့်နှယ်ဖြစ်နေသတုံး.... (နွားသတ်ရုံ သွားတဲ့ နွားဟာ တွန်သလို ဖြစ်နေပါတယ်ဘုရား)။

ဒီလို ဖြစ်နေတာ ခင်ဗျားတို့ ဝမ်းသာနေတာက....(မှန်ပါ) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီလောက် မသိမှု ကြီးကျယ်တယ်ဆိုတာ သစ္စဉာဏ် မရတာ....(မှန်ပါ)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

သစ္စဉာဏ် ကိစ္စဉာဏ် ရသေးရဲ့လား ... (မရပါဘုရား) မရတော့ကိုတဲ့...သူ မရသ၍ ကာလပတ်လုံးလဲ သူ့သတ်ယောကျ်ား ချည့် ဆုတောင်းယူမှာဘဲ....(မှန်ပါ)။

လာပါ-လာပါချည့် ခေါ်နေတာဘဲ....(မှန်ပါ)သတ်လှည့်ပါ သတ်လှည့်ပါချည့်....(ခေါ်နေမှာပါဘဲဘုရား) ခေါ်နေမှာဘဲဆိုတာ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဦးကျော်မောင်-ရေ....အခု ဒီ ဆရာကောင်း, သမားကောင်းသာ မတွေ့မယ်ဆိုလို့ရှိယင် ရှေ့လဲ ခေါ်ဦးမှာဘဲ...(မှန်လှပါဘုရား)။

ခေါ်ဦးမယ်... ခေါ်ဦးမယ်... ခင်ဗျားတို့....( ခေါ်မှာပါ ) တကယ့်ကို မိုက်လုံးသန်လှချည့်လား.... (မှန်ပါ)အင်မတန် မိုက်လုံးသန်တယ်ဆိုတဲ့ ဥစ္စာက ခင်ဗျားတို့က မိုက်တာမဟုတ်ပါဘူး၊ ခင်ဗျားတို့သန္တာန်ရှိတဲ့ အဝိဇ္ဇာကမိုက်နေတာ....(မှန်ပါ) 'ဒုက္ခေအညာဏံ'ကိုးဗျ....၊ ဒုက္ခသစ္စာ သူ မသိဘူးတဲ့...(မှန်ပါ) အဲဒီတရားက ဝင်ပြီး မိုက်နေတာ....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘယ်သူက ဝင်မိုက်နေတာတုံး... (အဝိဇ္ဇာက ဝင်မိုက်နေတာပါ) အဝိဇ္ဇာက ဝင်မိုက်တော့ သူ့ပါဠိတော်က ဘယ့်နှယ်တဲ့တုံး(ဒုက္ခေအညာဏံပါဘုရား) ဒုက္ခေ=ဒုက္ခသစ္စာ၌၊အညာဏံ=

မသိခြင်းသည်၊ အဝိဇ္ဇာ=အဝိဇ္ဇာဘဲကိုး.... (မှန်ပါ) သူ တလုံး နှိပ်စက်လိုက်တာ....(မှန်ပါ)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သံသရာအစ အဝိဇ္ဇာ့တဏှာက ဆိုတာ မပေါ်သေး ဘူးလား....(ပေါ်ပါပြီ) ပေါ်ပြီ၊ သူတို့ မိုက်အောင်လုပ်နေတာ ဘဲ....(မှန်ပါ)။

ဟိုနားသေကွ...၊ ဟိုနား သေလိုက်ကွ....၊ဟိုနား သေလိုက်ကွ ဆိုတာ ဒီ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း ကြည့်လိုက်တော့ ၁-နံပါတ် အဆုံးလဲ သေပွဲဟာ သူ လုပ်တာဘဲ... (မှန်ပါ)။

၃-နံပါတ်အဆုံး သေပွဲဝင်ရတာကော....(သူဘဲ လုပ်တာပါ ဘဲဘုရား)တခါ ၃-နံပါတ်က-နေပြီး ၄-နံပါတ်ကိုဆက်ပြီး အသေ ခိုင်းတာကော....(သူဘဲ လုပ်တာပါဘုရား)။

သူဘဲ လုပ်ထားတယ်ဆိုတော့ တကာတကာမတို့ အတော် ဆိုးဝါးကဲ့ တရားဘဲ....(မှန်ပါ)။

ဒါဖြင့် အဝိဇ္ဇာက ဝိဇ္ဇာမဖြစ်သရွေ့ကာလပတ်လုံး ဒီ တကာ တကာမတွေ ဒုက္ခသစ္စာမသိတဲ့အတွက် သေမင်းချည့် ရှောက်ရှာ ကြမှာဘဲ... (မှန်ပါ)။

ဘာလုပ်ကြမယ် — (သေမင်းချည့် ရှောက်ရှာနေမှာပါဘုရား) သေမင်းချည့် ရှောက်ရှာလိမ့်မယ်... ဒီ တကာတကာမတွေ ဖြစ် ထွေက....(မှန်ပါ)။

အဲဒါကြောင့် အခု ခင်ဗျားတို့ စိတ်ကလေးတွေ့ဖြစ်ပျက်ရှုပါ ဖြစ်ပျက်ရှုပါဆိုတာကို ဆယ့်သုံးချက်စာရွက်ကလေးနဲ့ပေးထား တဲ့ဥစ္စာဟာ သေမင်းမှန်း သိအောင်လို့....(မှန်ပါ)သူက သတ် လိမ့်မယ်၊ သူက မသတ်ခင် ကိုယ်က သတ်ပါဆိုတဲ့ဥစ္စာ လုပ်နေ တာ....(မှန်ပါ)။

သူကတော့ သတ်တော့မှာဘဲ၊ သူက မသတ်ခင် ကိုယ်ကကိုယ့် ဉာဏ်က သဘာ်လိုက်ရလို့ရှိယင်ဖြင့် ဒီစိတ် ဆုံးသွားလို့ရှိယင် တဘဝသာ ကိုယ်သေတော့မယ်၊ နောက် သေစရာမရှိဘူး...(မှန် လှပါဘုရား)။

နို့မဟုတ်လို့ရှိယင် ဘဝများစွာ သံသရာတွေ လာလို့ရှိယင် စိတ် ပါလာဦးမှာဘဲ...၊ မပါလာဘူးလား...( ပါလာပါတယ် ဘုရား)။

ဦးမြခေါင်တို့ တခါတလေကျတော့ စိတ်ကများ အရောင်း အဝယ်ကလေးများ လှဲသွားတဲ့ အချိန် ရှုံးသွားတဲ့ အချိန်များ ကိုယ့်စိတ်ကများ ကိုယ့်ရုပ်ကို သတ်ထားလိုက်တာ ခင်ဗျား ဘာဖြစ်သတုံးကို မေးယူရတယ်...(မှန်ပါ)။

ခင်ဗျား ဘာများ ဖြစ်ခဲ့သတုံးဆိုတော့ သူ့ရုပ်က ပြတယ်၊ စိတ်က ရုပ်ကို နှိပ်စက်ထားလိုက်ဘာ...(မှန်ပါ)။

ဩော်... ခင်ဗျား တော်တော် ကြီးကြီးကျယ်ကျယ်ဘဲ ဒုက္ခ တွေ့နေပြီထင်တယ်...( မှန်ပါ )စိတ်က သေအောင်သာ မသတ် သေးတာကိုးဗျ...၊အရုပ်ပျက် အဆင်းပျက်တော့လဲ လုပ်ထားပြီ (မှန်ပါ)မလုပ်ဘူးလား... (လုပ်ပါတယ်ဘုရား)။

အဲဒါလဲ စ,ပြီးရှယ်တာဘဲ၊ နောက်တော့ မထူးပါဘူးကွာ...၊ ဒီလောက် အရှုံးများလှတယ်၊ လူ့ပြည် မနေပါဘူးဆိုတော့.... ဒီစိတ်ကဘဲ ပြန်သတ်တာဘဲ....(မှန်ပါ) မသတ်ဘူးလား... (သတ် ပါတယ်ဘုရား)။

အေး....ဒါကြောင့် စိတ်ဆိုတဲ့ တရားဟာ ဘာသစ္စာတုံး .... ( ဒုက္ခသစ္စာပါဘုရား )ကိုန်းရာပုဂ္ဂိုလ်ကို ဘာလုပ်တတ်သတုံး ...

(ညာတာမဖက်ပါ) ညာတာမဖက် အမြဲနှိပ်စက်ပြီး သတ်တတ်တယ်....(မှန်ပါ့)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာငါးပါးထဲက မသတ်မည့်လူ ပါရဲ့လား....(မပါပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကို ခင်ဗျားတို့ စိတ်ကလေးကို တကာတကာမတွေ့က ရှုကြ... အင်း....သူသတ်ယောကျ်ားဘဲ၊ သူသတ်ယောကျ်ားဘဲ....၊ ကိန်းရာပုဂ္ဂိုလ်ကို သတ်မှာဘဲ၊ ကိန်းရာပုဂ္ဂိုလ်ကို သတ်မှာဘဲ....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အခုတော့ ဖြစ်ပျက်ဘဲ ရှုပါတဲ့...၊ မရောက်သေးတဲ့ပုဂ္ဂိုလ်....(မှန်ပါ့)လွန်ပြီးသား ပုဂ္ဂိုလ်ကတော့ သူသတ်ယောကျ်ားလို့....ရှုရလိမ့်မယ်... (မှန်ပါ့)။

လွန်ပြီးသား ပုဂ္ဂိုလ်များက....(သူသတ်ယောကျ်ားလို့ ရှုရမှာပါ) သူသတ်ယောကျ်ားလို့ ရှုရမယ်ဆိုတော့ သတ်ကောမသတ်ပေဘူးလား....(သတ်ပါတယ်ဘုရား)သတ်မှာလဲ သေချာတယ်နော်... (မှန်ပါ့)။

အဲဒါကြောင့် ယမက-မင်းသည်ကားလို့ဆိုယင် ခန္ဓာငါးပါးဟာ အခု ငါ သေသေချာချာ ရေရေလည်လည် ပြောပြီ၊မင့်ဆီကို အခစားလာတာဟာ သတ်မလို့ လာတာကွ....(မှန်လှပါဘုရား)။

အဲဒါကြောင့် မင်း....ဒီခန္ဓာငါးပါးကို ဝဓကေတော· လို့....ရှုမေ်းကွ....၊ သူသတ်ယောကျ်ားလို့ ရှုစမ်း၊ သတ်တတ်တဲ့ ပုဂ္ဂိုလ်

လို့ ရှုစမ်းဆိုတော့ ယမက-က မောင်သစ် ရှုတာပေါ့၊ ရှုရင်း.... ရှုရင်းနဲ့ဘဲ ခန္ဓာပေါ်မှာ ခင်တွယ်တဲ့ တဏှာသုံးမျိုးစလုံး သေတယ်--(မှန်ပါ့)ကာမတဏှာရော....ရူပတဏှာရော....အရူပတဏှာရော အကုန်သေတယ်....၊ အဲ....သေသွားတဲ့အခါ ဘဝတဏှာလဲ သေတော့ အဲဒီမှာ ရှုရင်းမတ္တနဲ့ ဖြစ်ပျက်မြင် ဖြစ်ပျက်ဆုံးဆိုတဲ့ စိတ်၏ အဆုံးမှာ သူ ရဟန္တာဖြစ်တယ်....(မှန်ပါ့)သဘောပါကြပလား....(ပါပါပြီဘုရား)။

ဘယ်လို ရှုရမှာတုံးဆိုတော့ တဏှာသတ်နဲ့ ရှုပါ....(မှန်ပါ့) အဲ....ခင်ဗျားတို့ကလဲ အင်း.... ဘယ်အချိန် သတ်မတုံးဆိုတာ ကိုယ့်ခန္ဓာထဲမှာ သတ်တတ်တဲ့ တရားမှ တပါး အန္တရာယ်ကင်းတဲ့ တရားတော့ မရှိဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ... ( မှန်လှပါဘုရား )။

ခန္ဓာထဲ ဘာတရားတွေ ရှိသတုံး....(သတ်တတ်တဲ့ တရားတွေ ရှိပါတယ်)သတ်တတ်တဲ့ တရားတွေဘဲ ရှိတယ်ဆိုတော့ နို့တစ်ပေးလို့ ရှိယင်လဲ သတ်တော့မယ်....(မှန်ပါ့)။

ဝေဒနာကလေးက ကျင်လာတယ်၊ ကိုက်လာတယ်ဆိုယင်ဟင်....နို့တစ်ပေးပြီး သတ်တော့မယ်....(မှန်ပါ့) စိတ်ကလေးက မတည် မတံ့ ဖြစ်လာယင်ကော... ( သတ်တော့မှာပါဘုရား ) သတ်တော့မယ်။

အမှတ်ကလေးတွေက ခဏခဏ မေ့တယ်, မှားတယ်ဆိုယင်ကော....(သတ်တော့မှာပါ)သတ်တော့မလို့ဘဲတဲ့၊ ပူဘယ်,အေးတယ်,တောင့်တယ်,တင်းတယ် လာယင်ကော (သတ်တော့မလို့ပါဘုရား)။

သတ်တော့မလို့ လာတဲ့ဥစ္စာတွေ ဖြစ်နေတော့ သူသတ်ယောကျ်ားဆိုတာတော့ သူများပြော မဟုတ်ပါဘူး၊ ကိုယ်တွေ့ပါဘဲ– ( မှန်ပါ့ဘုရား )သူ သတ်ယောကျ်ားဆိုတာ....(ကိုယ်တွေ့ပါဘုရား)။

ကိုယ်တွေ့ပါဘဲဆိုတဲ့ ဥစ္စာ အဲဒါ သူတို့က အလိုလိုလာတာလား....၊ ခင်ဗျားတို့ကိုက ခေါ်ယူတာလား....(ခေါ်ယူတာပါဘုရား)။

ခေါ်ယူတော့ ခင်ဗျားတို့ ဒီဘဝ ဆုတောင်းပြည့်အောင်တော့ သူ လုပ်ဦးမှာဘဲ၊ သတ်ဦးမှာဘဲ....(မှန်ပါ့)ဘာဖြစ်လို့တုံး ခင်ဗျားတို့က အင်း....လူ့ဘဝ ရရပါလို၏....(မှန်ပါ့)။

ခန္ဓာငါးပါး သူသတ်ယောကျ်ားကြီးကလဲ အေး...ဒို့လာပြီးသကာလ သတ်ပါဦးမယ်ဆိုတဲ့ ဥစ္စာ၊ လူထင်နေတာကိုးဗျ-၊ သူသတ်လို့ မထင်ဘူး....(မှန်ပါ့)။

ဘယ့်နှယ်ထင်သတုံး....(လူထင်နေပါတယ်ဘုရား)လူထင်နေတယ်၊ နတ်ထင်နေတယ်၊ ဗြဟ္မာထင်နေတယ်၊ သူသတ်ရယ်လို့ ထင်ကြရဲ့လား....(မထင်ပါဘုရား)အခုတော့ ဘယ့်နှယ်တုံး.... (သူသတ်ယောကျ်ားပါဘုရား)။

ခင်ဗျားတို့ကလဲ မသာတွေ ရှောက်ပို့ပြီးတာတောင်မှ နားက မလည်သေးဘူး .. (မှန်ပါ့) အင်း....ဆေးမကောင်းလို့ သေထင်ပါရဲ့၊ အစားမပြည့်စုံလို့ သေထင်ပါရဲ့၊ ဒါသာ အလဲ့သာ ချော်တွေ့နေတာဘဲ....(မှန်ပါ့) ခန္ဓာငါးပါး တပါးတပါးက သတ်တာ ဒါမှ အမှန်ကိုး....(မှန်ပါ့)။

သူက ကျောက်ရုပ် ကျောက်ခဲဆိုလို့ ရှိယင် ဟိုက ဥတုတွေ ဘာတွေက ဘာလုပ်နေနေ သေပါ့မလား.... (မသေပါဘုရား) မဟုတ်ဘူးလား....(မှန်ပါ့)။

အခုတော့ သူကိုက သတ်လို့ သေရတာ....(မှန်ပါ့)ဒီ့ပြင် ဟာတွေက အကူအညီလောက်တွင်....(မှန်ပါ့)တကယ်သတ်တာ ကတော့ ဘာတွေတုံး....(ခန္ဓာငါးပါးပါဘုရား)။

အဲဒါကြောင့် ခန္ဓာငါးပါးဟာ သူသတ်ယောက်ျားလို့.... ခင်ဗျားတို့ သေသေချာချာ ရှုနိုင်လို့ ရှိယင် အထက်မဂ်အထက် ဖိုလ် သေသေချာချာရတယ်....( မှန်ပါ့ )သဘောပါကြလား.... (ပါပါ့တယ်ဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော် မူသော

( ပပဉ္စချုပ်ပျောက်ကြောင်း )

# ညအလုပ်ပေး- တရားတော်

( ၁၄-၉-၆၂ )

တကာတကာမတွေ သန္တာန်မှာတဲ့ တဏှာဆိုတဲ့ လိုချင်မှု ခန္ဓာခင်မှုတဲ့ တခုရှိပါတယ်၊ ကိုယ့်ခန္ဓာ ကိုယ်ခင်တဲ့ တဏှာ၊ တနည်းအားဖြင့် ဗဟိဒ္ဓပစ္စည်းတွေ ခင်တဲ့ သား၊ သမီး၊ မြေး၊ မြစ်၊ ခင်ပွန်း အစရှိသည်တို့ခင်တဲ့ တဏှာ၊ ဒီတဏှာလဲရှိတယ်တဲ့။

ဒီဟာတွေ အကြောင်းရင်းခံပြီး သကာလ တခါ- ကိုယ့်ကိုယ် အကြောင်းရင်းခံပြီး သကာလ ငါလုပ်နိုင် ကိုင်နိုင်သေးတယ်၊ ရှာနိုင် ဖွေနိုင်သေးတယ်ဆိုတဲ့ မာနကလဲ ခန္ဓာကြောင့်ဘဲ လာ တာဘဲ။

ဒိဋ္ဌိကလဲ ငါခိုင်တယ်၊ ငါမြဲတယ်လို့ဆိုတာ ခန္ဓာကြည့်ပြီး သကာလ လာတာဘဲ။

အဲဒီတော့ အကျဉ်းချုပ် ဒီတကာတကာမတွေ မှတ်ထား ဘို့ရာက တဏှာ၊မာန၊ဒိဋ္ဌိဆိုတဲ့ တရားဟာ အလိုလိုပေါ်လာတဲ့

တရားမဟုတ်ပါဘူး၊ ခန္ဓာကို အစွဲပြုပြီးသကာလ ဖြစ်ပေါ်လာတဲ့ တရားလို့ မှတ်ထားကြပါ....(မှန်ပါ့ဘုရား)။

တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ် ဆိုတဲ့ ပပဉ္စတရားဟာ "သံသာရဒုက္ခံ ပပဉ္စေန္တိ ဝိတ္ထာရေန္တီတိ ပပဉ္စာ" သံသာရဒုက္ခ သံသရာဉ်ဖြစ်တဲ့ ဆင်းရဲဒုက္ခ အဆက်ဆက်ကို၊ ပပဉ္စေန္တိ ဝိတ္ထာရေန္တိ=ကျယ်ပွားအောင်၊ ကြီးထွားအောင်၊ မဆုံးနိုင်အောင် ပြုလုပ်တတ်ကုန်၏။....(မှန်ပါ့ဘုရား)။

ဒါကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိဟာ ဘယ်ကလာသတုံးလို့ ဦးကျော်မောင် မေးမေး၊ ဦးစံဖေ မေးမေးပေါ့ဗျာ၊ ခန္ဓာက လာတယ်ချည့် ဖြေကြပါ....(မှန်ပါ့ဘုရား)။

တဏှာ၊မာန၊ဒိဋ္ဌိဟာ ဘယ်ကလာသတုံး .... (ခန္ဓာကလာပါတယ်)ခန္ဓာကလာတယ်လို့ ဆိုသဖြင့် စဉ်းစားကြည့်ပါတဲ့ ဦးမြမောင် ကိုယ့်ခန္ဓာကိုယ်က ကြည့်တဲ့ပြီး သကာလ သားတွေ၊ သမီးတွေ ပြောလိုက်တယ်၊ ဟော့.... ငါလုပ်နိုင်- ကိုင်နိုင်သေးတယ်ကွ၊ လက်သီး လက်မောင်းတန်းပြ၊ ရှိုးရှိုးဘဲပြောပြော၊ ခန္ဓာငဲ့ ပြောတာဘဲ....(မှန်ပါ့ဘုရား)။

တဏှာကလဲ ဘာလေးဖြစ်ဖြစ် အန္တရာယ်လွတ်အောင် ရှောင်မယ်ကွဆိုတာလဲ ခန္ဓာခင်လွန်းလို့ ပြောတာဘဲ....(မှန်ပါ့) ခန္ဓာကို ခလုတ်မထိ ဆူးမငြိအောင်လို့ ဘယ်ဟာဖြစ်ဖြစ်လွတ်အောင် ရှောင်မယ်လို့ စိတ်ထားရှိကြတာလဲ ခန္ဓာခင်လို့ဘဲ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် တဏှာလဲ ဘယ်ကလာသတုံးမေးယင်....(ခန္ဓာကလာပါတယ်) ငါလုပ်နိုင်- ကိုင်နိုင်သေးတယ်ကွ၊ ဘယ်သူ့ လက်

အောက်မှ မကျသေးပါဘူး ဆိုတာလဲ မာနဘဲ....(မှန်ပါ့)ဒီမာန ကလဲ ဘယ်သူ့အစွဲပြုပြီးလာတဲ့ မာနပါလိမ့်....(ခန္ဓာ အစွဲပြုပြီး လာတာပါ) ခန္ဓာအစွဲပြုပြီးလာတဲ့ မာနလို့မှတ်ထားပါနော်.... (မှန်ပါ့ဘုရား)။

ငါ-ငါ့ဟာလို့ ကိုယ့်ခန္ဓာကြီးကို ငါ့အပေါ် ဘယ်သူမှ အစိုးမရနဲ့ကွ၊ ငါမကြိုက်ဘူးကွ၊ငါ့ဟာငါ နေချင်တဲ့သဘောဘဲ၊ ငါ့သဘောနဲ့ ငါလုပ်ချင်တဲ့ သဘောဘဲ၊ ဒီလိုလဲ ခင်ဗျားတို့ ပြောလေ့-ဆိုလေ့ရှိပါတယ် ... (မှန်ပါ့ဘုရား)။

ဒိဋ္ဌိကလဲ ဘယ်သူ့အစွဲပြုပြီး ပေါ်လာပါလိမ့်မလဲ မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (ခန္ဓာကိုယ် အစွဲပြုလာပါတယ်ဘုရား)။

ခန္ဓာဟာ တဏှာ,မာန, ဒိဋ္ဌိတို့၏ မှီခိုရာဌာန· စွဲဖြစ်ရာဌာန၊ သဘောကျပလား....(ကျပါပြီ) တဏှာ, မာန, ဒိဋ္ဌိတို့၏ မှီခိုရာ ဌာန၊သူ့စွဲပြီးသကာလ ပေါ်ရာဌာနပေါ့ဗျာ....(မှန်ပါ့ဘုရား)။

လောကီဥပမာ ပြောကြပါစို့ဆို၊ မှိုဘယ်က ပေါက်သတုံး၊ မြေပေါ်ကပေါက်တယ် ဆိုသလို မှိုနဲ့တူတဲ့ တဏှာ, မာန, ဒိဋ္ဌိ ဟာ မြေအစွဲပြုပြီးလာတာဘဲ .... (မှန်ပါ့) ဒီမှာလဲ ခန္ဓာအစွဲပြု ပြီးသကာလ တဏှာ,မာန,ဒိဋ္ဌိလာရတယ်နော်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီခန္ဓာတော့ ဟုတ်ပြီတဲ့၊ ဒီခန္ဓာအစွဲပြုပြီး တဏှာ မာန,ဒိဋ္ဌိကလာတယ်၊ ခန္ဓာကို အကြည့်မှားနဲ့ လာတာလား၊ အကြည့်မှန်နဲ့ လာတာလားလို့ တခါမေးခွန်းပြန်ထုတ်ရမယ်၊ ဟင်.... (မှန်ပါ့ဘုရား)။

မေးခွန်း ထုတ်လိုက်တဲ့ အခါကျတော့ တကာတကာမတွေက မှတ်ထားပါတဲ့၊ ခန္ဓာကိုကြည့်လိုက်တယ်၊ မျက်လုံးနဲ့ကြည့်ကြည့်၊ အသံကို နားနဲ့ထောင်ထောင်၊ အနံ့ကို နှာခေါင်းနဲ့ ရှူရှူ၊ အရသာကို လျှာနဲ့လျက်လျက်၊ အတွေ့အထိကို ကိုယ်နဲ့ဘဲစမ်းသတ်စမ်းသတ်၊ ဓမ္မာရုံကို မနောနဲ့ဘဲ တွေ့ထိတွေ့ထိ၊ဒါတွေဟာတဲ့၊ တခုခုနဲ့ မျက်လုံးနဲ့ကြည့်လိုက်တဲ့အတွက် မျက်လုံးအကြည့်မှား- နားအထောင်မှား၊ နှာခေါင်း အရှူအရှိုက်မှား၊ လျှာအစားအသောက်မှား၊ ကိုယ်အတွေ့အထိမှား၊ မနောကြံစည်မှားညှိမှားတဲ့ သဘောနဲ့ ခန္ဓာကိုယ်ကြည့်လိုက်တော့မှ ကြားထဲမှာ တဏှာ မာန ဒိဋ္ဌိ ပေါ်လာတယ်....( မှန်ပါ့ ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

သြော်.... တဏှာ, မာန, ဒိဋ္ဌိဆိုတာ အလိုလိုပေါ်တာလား၊ ခန္ဓာအစွဲပြု ပေါ်တာလား.... (ခန္ဓာအစွဲပြုပေါ်တာပါဘုရား)။

မှတ်ထား- မှတ်ထား ခန္ဓာအစွဲပြုပေါ်တယ်၊ ခန္ဓာအစွဲပြုပေါ်တာတော့ ကျေနပ်ပါပြီတဲ့၊ မိမိခန္ဓာငါးပါး အစွဲပြုပြီး ပေါ်သာတယ်၊ ခန္ဓာကြည့်တိုင်း ကြည့်တိုင်း အရိယာမျှားကျတော့ မပေါ်ဘူးတဲ့.... ( မှန်ပါ့ )တဏှာ မာန ဒိဋ္ဌိ မပေါ်ဘူး၊ ခင်ဗျားတို့ကျတော့ ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

သြော်....ဒါဟာ အကြည့်မှား အကြားမှား၊ဒါ့ကြောင့်လာတာ....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အကြည့်မှား အကြားမှားကြောင့်.... ( လာဘာပါဘုရား ) ဒွါရခြောက်ပေါက် အကုန်ပေါ့ မောင်သစ်.... (မှန်ပါ့ဘုရား)။

မျက်လုံးအကြည့်မှားတာနဲ့လဲ တဏှာ,မာန,ဒိဋ္ဌိ လာတယ်.... (မှန်ပါ့)နားအထောင်မှားတာနဲ့လဲ....(တဏှာ,မာန, ဒိဋ္ဌိ လာပါတယ်) နှာခေါင်းအရှူအရှိုက်မှားတာနဲ့လဲ.... (တဏှာ, မာန, ဒိဋ္ဌိလာပါတယ်)လျှာ အစားအသောက် မှားတာနဲ့ .... (တဏှာ မာန,ဒိဋ္ဌိ လာပါတယ်)ကိုယ်နဲ့တွေ့ထိတာ မှားတာနဲ့....(တဏှာ, မာန,ဒိဋ္ဌိလာပါတယ် ) ကောင်းပြီ၊ ကြံစည်မှုမှားတာနဲ့ .... (တဏှာမာနဒိဋ္ဌိလာပါတယ်ဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြပေတော့ တဏှာ, မာန, ဒိဋ္ဌိဟာ ခန္ဓာနဲ့ အကြည့်မှား- နားထောင်မှားကို အစွဲပြုပြီး ပေါ်လာတာ .... (မှန်ပါ့ဘုရား)။

ဩော်.... တဏှာ,မာန,ဒိဋ္ဌိက နှစ်ခုပေါင်းစပ်ပြီး သကာလ ပေါ်လာတာဆိုတာ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

လောကီဥပမာပြပါမယ်တဲ့၊ပြဒါးသုတ်ထားတဲ့မှန်ရှေ့ကထား ဦးမြမောင်တို့က မှန်ရှေ့က တည့်တည့်ရပ်ပါ....(မှန်ပါ့) အလယ်မှာ အရိပ်ပေါ်မယ်....(မှန်ပါ့)မပေါ်ဘူးလား.... (ပေါ်ပါတယ် ဘုရား)။

အလယ်မှာ အရိပ်ပေါ်တယ်၊ ဩော်....ဒါဖြင့် မှန်လဲရှိလို့ ရှေ့ကလူလဲရပ်လို့ အလယ်မှာ အရိပ်ပေါ်တာဘဲ....( မှန်ပါ့ ) မဆိုနိုင်ဘူးလား ...(ဆိုနိုင်ပါတယ်ဘုရား)။

အဲ .. ထို့အတူဘဲတဲ့ ခန္ဓာလဲရှိလို့ ရှေ့က အကြည့်မှားလဲ ရှိလို့ အလယ်မှာ တဏှာ မာန ဒိဋ္ဌိပေါ်တယ်....(မှန်ပါ့) အရိပ်နဲ့ တူတဲ့ တဏှာ မာန ဒိဋ္ဌိပေါ်တယ်....(မှန်ပါ့)။

နောက်က တကာတကာမတွေ သေသေချာချာ မှတ်ပါ....၊ ဒီဥစ္စာ လွယ်ကူတဲ့ အဓိပ္ပါယ်မဟုတ်ဘူး....(မှန်ပါ့) ခင်ဗျားတို့က တဏှာ မာန ဒိဋ္ဌိ ပပဉ္စတရားဆိုတာတော့ ကြားဘူးတယ်....(မှန်ပါ့ဘုရား)။

ပပဉ္စတရားဟာ ဘယ့်နှယ်ကြောင့် ပေါင်းပြီး လုပ်လိုက်တဲ့ ပပဉ္စဆိုတာ မသိဘဲ ဖြစ်နေတယ်....(မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ပေါင်းပြီးလုပ်လိုက်တဲ့ ပပဉ္စဆိုတာ မသိဘဲ ဖြစ်နေတော့ ဦးကျော်မောင်တို့က ဩော်....ခန္ဓာလဲရှိလို့.... ဒီက အကြည့်မှားလဲ ရှိလို့....အလယ်မှာ တဏှာ မာန ဒိဋ္ဌိပေါ်တာဘဲ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာကို အကြည့်မှားနဲ့ ကြည့်လိုက်တဲ့အတွက်.... အလယ်မှာ ဘာပေါ်လာသတုံး....( တဏှာ မာန ဒိဋ္ဌိ ပေါ်လာပါတယ် ) တဏှာ မာန ဒိဋ္ဌိပေါ်လာတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ဒါဖြင့် တဏှာ မာန ဒိဋ္ဌိဟာ အလိုလိုပေါ်တာလားလို့ .... မေးယင်... ခန္ဓာလဲ ရှိလို့နော်....( မှန်ပါ့ ) နှလုံးသွင်းမှားနဲ့လဲ ကြည့်လိုက်လို့ ဘာပေါ်လာသတုံး....(တဏှာ မာန ဒိဋ္ဌိ ပေါ်လာပါတယ်ဘုရား)။

သေသေချာချာမှတ်ပါ၊ သေသေချာချာမှတ်ပါ၊ ဒီ တဏှာ မာန ဒိဋ္ဌိသေယင်လဲ နိဗ္ဗာန်ဘဲ....(မှန်ပါ့)"နိပ္ပပဉ္စ တထာဂတာ" ဘုရားမှာ ဘယ့်နှယ်ကြောင့် ဘုရားဖြစ်ရပါလိမ့်မတုံးမေးတော့ နိပ္ပပဉ္စ . ပပဉ္စမရှိလို့ ဘုရားဖြစ်တာကွတဲ့....(မှန်ပါ့)။

ဒီမှာလဲ ခင်ဗျားတို့ ပပဉ္စမရှိမှ သောတာပန် သကဒါဂါမ် အနာဂါမ် အစရှိသည် ဖြစ်ကြမှာ ဖြစ်နေတော့ ပပဉ္စကို အတိ

အလင်း သေသေချာချာ ယနေ့ ဦးကျော်မောင် ဟောရမယ်.... (မှန်ပါ့)။

သတ်နည်းရော....ပေါ်နည်းပါသိမှ သတ်နည်း သိမယ်ဆိုတာ သေသေချာချာ မှတ်ကြပါ...(မှန်ပါ့ဘုရား)။

ခန္ဓာလဲရှိ၊ ဒွါရခြောက်ပေါက် အကြည့်မှားလဲရှိ၊ အကြည့်မှား နားထောင်မှားလဲ ရှိပြီးသကာလနေသောကြောင့်သာလျှင် ငါ ဆိုတဲ့ တဏှာ မာန ဒိဋ္ဌိဟာ အလယ်မှာ ပေါ်လာတယ်လို့ - ဦးအောင်ဇံဝေက မှတ်ရမယ်(မှန်ပါ့) သဘောပါပလား....(ပါ• ပါပြီဘုရား)။

ဥပမာ....ဒီမိုက်ကလေးက ခန္ဓာထားပါတော့၊ဒီက ဘုန်းကြီးက နှလုံးသွင်းမှား နားတို မျက်လုံးတို့နဲ့ ထောင်ကြည့်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် မြင်လိုက်လို့ရှိယင် ငါ့ဟာဆိုတာ နောက်မှ ထွက်လာတာ....( မှန်ပါ့ ) ငါ့ပစ္စည်း ဆိုတာကလေးက.... (နောက်မှ ထွက်လာတာပါဘုရား)။

ဒါဖြင့် သူက နှစ်ခုပေါင်းပြီးမှ နောက်မှ လာတာပေါ့.... (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီက နှလုံးသွင်းမှားနဲ့ ဟိုက ခန္ဓာအာရုံနဲ့ တိုက်တဲ့အခါကျတော့မှ....တဲ့ တဏှာ မာန ဒိဋ္ဌိက ငါ့ဟာ ငါ့ဉစ္စာ ငါ့ဟာ ဘယ်သူမှ ဂရုစိုက်စရာ မရှိဘူးဆိုတာ ပေါ်လာတာ....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

မောင်သစ်တို့ နေရာကျပလား....(ကျပါပြီ) အလိုလိုပေါ်တာလား...၊ ခန္ဓာနဲ့ နှလုံးသွင်းမှားနဲ့ ပေါင်းမိမှ ပေါ်တာ

လား....( ခန္ဓာနဲ့ နှလုံးသွင်းမှားနဲ့ ပေါင်းမိမှ ပေါ်တာပါ ဘုရား )။

ဒြော်... ခန္ဓာနဲ့ နှလုံးသွင်းမှားနဲ့ ပေါင်းမိမှ လာတာ .... (မှန်ပါ့)နောက်က တကာတကာမတွေ ဘယ်လိုကြောင့် တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ခင်ဗျားတို့ နိဗ္ဗာန်တားမြစ်တဲ့ တရားသုံးခု ပေါ် ပါလိမ့်မလဲလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ .... ( ခန္ဓာနဲ့ နှလုံးသွင်းမှားနဲ့ ပေါင်းမိလို့ ပေါ်တာပါဘုရား)။

တော်လာပြီ....၊ဒီတလုံး ပြောနိုင်တာကို ဦးကျော်မောင်.... သဘောပျော်ပြီ....(မှန်ပါ့)တဏှာ မာန ဒိဋ္ဌိဆိုတဲ့ တရားဟာ ပပဉ္စ တရား... (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ကြည့်လိုက်စမ်းပါ တကာတကာမတို့ တတိယ ကွက်မှာ... (မှန်ပါ့)ပပဉ္စဟုတ်တယ်....မဟုတ်တယ်၊ ဒီခန္ဓာကြီးကို ခင်တော့ တဏှာ ဥပါဒါန် ကံ မလာဘူးလား... ( လာပါတယ် ဘုရား )။

ဒီခန္ဓာ အကြောင်းရင်းခံပြီးသကာလ မာန ဥပါဒါန် ကံ ကော မလာဘူးလား....(လာပါတယ်) ဒီခန္ဓာအကြောင်းရင်း ခံပြီးသကာလ ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန် ကံကော... (လာပါတယ်)။

ကဲ... ခန္ဓာကြောင့် လာတာ....( မှန်ပါ )ပေါ်ကြလား.... (ပေါ်ပါပြီ)၂-က ၃-ကူးတာသည် ဘယ့်နှယ်ကြောင့် ကူးပေါ် လိမ့်မတုံးလို့ ဦးမြမောင် မေးတဲ့အခါကျတော့ကို နှလုံးသွင်း မှားနဲ့ ခန္ဓာကြည့်မိလို့ ၃-ကူးသွားတာ....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်သမားတွေ သေသေချာချာကြည့်ပါ· (မှန်လှ ပါ)သေသေချာချာကြည့်ပါ။ ၂-နံပါတ်ခန္ဓာကြီးကို နှလုံးသွင်း

မှားနဲ့ ကြည့်လိုက်တာ တဏှာ ဥပါဒါန် ကံ လာတော့တယ်.... (မှန်ပါ့) မလာဘူးလား....ပဋ္ဌပေါ်လာတယ်.... (လာပါတယ် ဘုရား)။

မာန မာနုပါဒါန် ကံကော....(လာပါတယ်ဘုရား)ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ကံကော....( လာပါတယ် ) ဟ....ဘယ့်နှယ်ကြောင့် ၂-က ၄-ကူးသွားပါလိမ့်မတုံးလို့ တကာတကာမတွေ မေးယင် ဘယ့်နှယ် ဖြေမယ်....(နှလုံးသွင်းမှားလို့ပါ) နှလုံးသွင်းမှားနဲ့ ဒီဘက် ၂-နံပါတ်သွားကြည့်တယ်....(မှန်ပါ့)။

စဉ်းစားပါ၊ နှလုံးသွင်းမှားနဲ့ ဘာကို ကြည့်မိသတုံး....(ခန္ဓာကို ကြည့်မိပါတယ်)နံပါတ်ပြောလိုက်စမ်း....(၂ နံပါတ် ကြည့်မိပါတယ်ဘုရား)။

၂-နံပါတ်ကိုတဲ့ နှလုံးသွင်းမှားနဲ့ ကြည့်မိတဲ့အတွက် ၄-သို့ကူးသွားတယ်....(မှန်ပါ့) ၂-နံပါတ်ကို(နှလုံးသွင်းမှားနဲ့ ကြည့်မိလို့ ၃-သို့ ကူးသွားပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်ထဲဝင်လာတာဘဲ.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

ခန္ဓာနှလုံးသွင်းမှားနဲ့ ကြည့်လိုက်တော့ တဏှာ, မာန, ဒိဋ္ဌိ ဟုတ်လား....(မှန်ပါ့) မာန, မာနုပါဒါန်, မာနအုပ်ချုပ်တဲ့ကံ၊ ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ ဆိုတဲ့ တကာတကာမတို့ ၃-နံပါတ်ကူးသွားတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဩော်... ဒါဖြင့် တဏှာ,မာန,ဒိဋ္ဌိဆိုတဲ့ ပပဥ္စတရား ( ၃ ) နိဗ္ဗာန်ကန့်ကွက်တဲ့ တရားသုံးခု....(မှန်ပါ့)သံသရာချဲ့တယ်ဆိုတာ နိဗ္ဗာန်ကွယ်သွားတော့တာပေါ့....(မှန်ပါ့ဘုရား)။

အဲဒီ တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ တရားသုံးခုဟာ ဦးမြမောင်တို့၊ ဦးကျော်မောင်တို့၊ ဦးဘာသန်းတို့ ဘယ်ကလာသတုံး.... (ခန္ဓာကို နှလုံးသွင်းမှားနဲ့ ကြည့်မိလို့ပါဘုရား)။

ခန္ဓာကို နှလုံးသွင်းမှားနဲ့ ကြည့်မိတဲ့အခါကျတော့ ဘာပေါ် လာသတုံး... (တဏှာ မာန ဒိဋ္ဌိ ပေါ်လာပါတယ်ဘုရား)။

အဲ....ဒီနေရာမှာ တဏှာလဲပေါ်တယ်၊ မာနကော.... (ပေါ် ပါတယ်) ဒိဋ္ဌိကော...( ပေါ်ပါတယ် ) ပေါ်လာတယ်ဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

သူပေါ်လာလို့ရှိယင် ဥပါဒါန်,ကံ ကကော့....(လိုက်မှာပါ ဘဲဘုရား) အဲဒီကံလိုက်ယင် ဇာတိ, ဇရာ, မရဏဆိုတဲ့ သံသရာ မချွတ်ဘူးလား-ချွတ်မလား....(ချွတ်မှာပါဘုရား)။

အဲ... ကြောက်စရာကြီးပါလား....(မှန်ပါ) ကြောက်စရာကြီး ပါလား ဦးအောင်ဇေဝေရ-ဟင်....(မှန်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ မိဘာရိုးရာအတိုင်းသာ ကြည့်နေကြ မယ်ဆိုယင် ဆရာကလဲအကူအညီမပေးတော့ပါဘူးဆိုယင် ဦးမြ မောင် သွားပြီ (သွားပါပြီ) ၂-နံပါတ်က ၃-နံပါတ်ချည့်ကူး မှာဘဲ... (မှန်ပါ) ကူးယင် ၄-နံပါတ်ဆီ မသွားပေဘူးလား.... (သွားပါတယ်ဘုရား)။

ကဲ....ဒါခင်ဗျားတို့ ကိုယ်ပိုင်ဉာဏ်စွမ်းနဲ့ မောင်သစ် ဘယ့် နှယ်လုပ်ပြီးသကာလ မကူးအောင်လုပ်မလဲ ဆိုတော့ အခက်အခဲ တမျိုးဘဲလို့ ဆိုရမှာဘဲ...( မှန်ပါ ) မဆိုရပေဘူးလား....(ဆိုရ ပါတယ်ဘုရား)။

အခက်အခဲ တမျိုးဘဲလို့ ဆိုရမှာဘဲ .... ( မှန်ပါ ) တယ် ကြောက်စရာကောင်းပါလား....(မှန်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးပေးပါမယ်... တဲ့၊ တကာတကာမတို့ ခန္ဓာ နှလုံးသွင်းမှားနဲ့ ကြည့်လိုက်တဲ့အခါ တဏှာ,မာန,ဒိဋ္ဌိလာတယ် (မှန်ပါ့ဘုရား)။

တဏှာ,မာန, ဒိဋ္ဌိ ဘယ်ကလာသတုံး .... (ခန္ဓာကို နှလုံးသွင်း မှားနဲ့ ကြည့်လို့ပါ)ခန္ဓာချည့်သက်သက်လဲ မဖြစ်ဘူး....(မှန်ပါ့) နှလုံးသွင်းမှားနဲ့လဲ ပေါင်းဦးမှ....(မှန်ပါ့ဘုရား)။

ခန္ဓာချည့် သက်သက်လဲမဖြစ်ဘူး(မှန်ပါ့) နှလုံးသွင်းမှားနဲ့လဲ (ပေါင်းဦးမှပါ) ပေါင်းတဲ့အခါကျတော့ အလယ်မှာ ဘာတွေ ပေါ်လာသတုံး ... (တဏှာ, မာန, ဒိဋ္ဌိတွေ ပေါ်လာပါတယ် ဘုရား)။

မောင်သစ် နေရာကျပြီကွ၊တဏှာ,မာန,ဒိဋ္ဌိ လက်သည်တော့ တွေ့ပြီ....(မှန်ပါ့) သူတို့နှစ်ခုဘဲ၊ ခန္ဓာရယ် နှလုံးသွင်းမှားမှုရယ် ဒီနှစ်ခုပေါင်းလိုက်တာ တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ ဥစ္စာ ထွက်လာ တယ်....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ခင်ဗျားတို့ ဒီ တဏှာ,မာန,ဒိဋ္ဌိဟာ နဂိုရ်ရှိတာ မဟုတ်ဘူးနော်.... ( မှန်ပါ့ )နှစ်ခုပေါင်းမိမှ....(ပေါ်လာတာပါ ဘုရား)။

နှစ်ခုပေါင်းမိမှ ခန္ဓာကို နှလုံးသွင်းမှားနဲ့ ပေါင်းမိမှ ပေါ် လာတာ... (မှန်ပါ့) ရှေးထဲ ရန်ဖြစ်ကြတာ ဘာကြောင့်ပါလိမ့် မပေါ်သေးဘူးကွ-ဟင်....(နှလုံးသွင်း မှားလို့ပါဘုရား)။

သူက ခန္ဓာကိုး....(မှန်ပါ့) ဒိဋ္ဌိနေပြီး.... (နှလုံးသွင်းမှားလို့ ပါဘုရား) ငါ့ရန်သူဘဲလို့ နှလုံးသွင်းမှားလိုက်တာ- မဟုတ်ဘူး

လား...(မှန်ပါ) နှလုံးသွင်းမှားတော့ ဆဲကြဆိုကြတာဘဲ ... (မှန်ပါဘုရား)။

ဒါဖြင့် ရှာထဲရန်ဖြစ်ကြတာ ဘာကြောင့်ပါလိမ့်....(ခန္ဓာကို နှလုံးသွင်းမှားလို့ပါ)အဲ.... ကြည့်တဲ့လူက နှလုံးသွင်းမှားတယ်၊ ဟိုက ခန္ဓာ....(မှန်ပါ)ဟိုကခန္ဓာကို တကယ့်မိန်းမဘဲ၊ တကယ့် ယောကျ်ားဘဲ၊ တကယ့်ရန်သူကြီးဘဲ၊ ဒီလို ဒီကနေမျက်လုံးနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ဒီက မခံနိုင်ကွ၊ ပြောကွ-ဆိုကွ၊ ရိုက်ကွ- နှက်ကွ- မလာဘူးလား....(လာပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့်တုံး ဦးမြမောင်ရေ.... (ခန္ဓာကိုနှလုံးသွင်း မှားလို့ပါဘုရား)။

အဲ....ခင်ဗျားနဲ့ ခင်ဗျားတကာမနဲ့ ရန်ဖြစ်တော့မယ်ဆိုလို့ ရှိယင်ဖြင့် ခင်ဗျားက တကာမကို နှလုံးသွင်းမှားတဲ့ အတွက်.... (မှန်ပါ) နှလုံးသွင်းမှားနဲ့ တကာမခန္ဓာကို ကြည့်မိတဲ့အတွက် မင်းဘဲဖြုန်းနေတာ မင်းဘဲသုံးနေတာ မင်းဘဲ မလိမ်မာဘူး၊ ဒါကြောင့် ခလေးတွေ ဆိုးဝါးကုန်တာဘဲ....(မှန်ပါဘုရား)။

ပေါက်ကုန်ပြီ- ပေါက်ကုန်ပြီ ... ( မှန်ပါ ) ဘာနဲ့ဘာ ပေါင်းမိလာတုံး....(ခန္ဓာကို နှလုံးသွင်းမှားနဲ့ ပေါင်းမိတာပါ ဘုရား)။

ခင်ဗျားက ဘာတုံး .... (နှလုံးသွင်းမှားပါ) တကာမက (ခန္ဓာပါဘုရား)အဲ....တကာမခန္ဓာနဲ့ ဒီက ယောကျ်ား၏ နှလုံး သွင်းမှားနဲ့ ပေါင်းမိမှ ခုနင်က မာနကလာတယ်.... (မှန်ပါ ဘုရား)။

တခါ အိမ်ထောင်ကျကြတဲ့ ပုဂ္ဂိုလ်များကြည့်ကြတဲ့ အခါ ယောကျ်ားကလေးနဲ့ မိန်းမကလေး အိမ်ထောင်ကျတယ် .... (မှန်ပါ့)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဟို-မိန်းကလေး ခန္ဓာကို ယောကျ်ားကလေးက ဘာတုံး.... ချေါတယ်,လှတယ်လို့ နှလုံးသွင်းလို့....( မှန်ပါ့ )နှလုံးသွင်းမိတော့ တဏှာပေါ်လာတယ်....( မှန်ပါ့ )သဘောကျရဲ့လား.... (ကျပါပြီဘုရား)။

ခုနင်ကတော့ မာနပေါ့....(မှန်ပါ့) တော်တော်ကြာကျတဲ့ အခါကျတော့ ဟို-ခလေးငယ်ကလေး ကျတဲ့အခါကျတော့ .... ငါ့ခလေး... ငါ့ရင်သွေး၊ ဒီက နှလုံးသွင်း မှားနဲ့ ဟိုခလေး ခန္ဓာနဲ့ သွားတွေ့တာကိုး-(မှန်ပါ့)ဒီမှာဒါငါ့ခလေးဆိုတာဒိဋ္ဌိ ကလေးပေါ်လာတယ်... (မှန်ပါ့) ဒိဋ္ဌိဆိုတဲ့ ပပဉ္စမလာဘူးသား....(လာပါတယ်ဘုရား)။

ဒါဖြင့် တဏှာ မာန ဒိဋ္ဌိဟာ အလိုလိုပေါ်တာလား... ခန္ဓာ နှလုံးသွင်းမှားကြောင့် လာတာလား....( ခန္ဓာ နှလုံးသွင်းမှား ကြောင့် လာတာပါဘုရား)။

အဲ... ခင်ဗျားတို့ သိထားတာက တဏှာ မာန ဒိဋ္ဌိ မဖြစ်စေနဲ့ဟေ့... ပပဉ္စ....ပပဉ္စလို့ ဦးကျော်မောင်ကြီးတို့က ဒါဘဲ သုံးတာဘဲ....(မှန်ပါ့)ဘယ်သူ့ကြောင့် လာတယ်ဆိုတာတော့ သိကို မသိဘူး....( မသိပါဘုရား )အခုတော့ ပေါ်ပြီ....(ပေါ်ပါပြီ ဘုရား )။

မောင်သစ် ဘယ်သူ့ကြောင့်တုံးကွ....(နှလုံးသွင်းမှားနဲ့ ခန္ဓာ ကြောင့်ပါဘုရား)တပါးသော ခန္ဓာဖြစ်ဖြစ်, မိမိခန္ဓာဖြစ်ဖြစ်....

နှလုံးသွင်းမှားနဲ့ ကြည့်မိယင်....(တဏှာ မာန ဒိဋ္ဌိ ဝင်လာပါ တယ်ဘုရား)။

တဏှာ မာန ဒိဋ္ဌိ တခုခုပေါ်ရမယ်....(မှန်ပါ့) မပေါ်ပါနဲ့ ဆိုလို့.... ( မနေပါဘုရား ) မနေဘူးတဲ့....၊ ရှင်းကြပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အဲဒီ့ တဏှာ မာန ဒိဋ္ဌိကို ခင်ဗျားတို့ စဉ်းစားကြည့် တာပေါ့တဲ့ ဩော်....၃-နံပါတ်တရား....၃-နံပါတ်တရား ၊ဆိုနိုင် ကြရဲ့လား....(ဆိုနိုင်ပါတယ်ဘုရား)။

တကာတကာမတွေ ဘယ်နံပါတ်လဲ.... (၃-နံပါတ်တရားပါ) ဘာသစ္စာတုံး....(သမုဒယသစ္စာပါ) ဒုက္ခသစ္စာတော့ ကျေးဇူးပြု တော့မှာဘဲ... (မှန်ပါ့)။

ဒုက္ခသစ္စာတော့....(ကျေးဇူးပြုတော့မှာပါဘဲဘုရား)ကျေးဇူး ပြုတော့မှာဘဲဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အေး....ဒါကြောင့် ၃-နံပါတ် မကူးစေနဲ့၊ ကူးယင် သမုဒယ သစ္စာဖြစ်မယ်....( မှန်ပါ့ )ဖြစ်ယင် ၄-ဒုက္ခသစ္စာ အကျိုးပေး တော့မယ်....( မှန်ပါ့ )ငြင်းဆန်လို့ ရသေးရဲ့လား... (မရပါ ဘုရား)။

အဲဒီလောက် ခင်ဗျားတို့မှာ အခုလိုနေ့ တရား အေးအေး ဆေးဆေးနဲ့ ပြောရလို့ မောင်သစ် ဒါ ပေါ်လာတာ....(မှန်ပါ့ ဘုရား)။

ဟို လူပုံလယ်မှာ တခါတည်း အော်ကာ ဟစ်ကာနဲ့ ပြောနေ ရလို့ရှိယင် တခါတည်း မပေါ်နိုင်ဘူး....(မှန်ပါ့)ခပ်ကြမ်းကြမ်း

နဲ့ မြက်ကြမ်း ဓါးကြမ်းနဲ့ ရှင်းရသလို ရှင်းရတာတဲ့....၊ ဆံပင်နဲ့ အမွေးနုကလေးကို သင်ဓုန်းနုနဲ့ ရိတ်ရသလို ဒီမှာတော့ လုပ်ရတယ်....(မှန်ပါ)။

ကဲ....ဦးမြမောင်တို့က အရေးကြီးတယ်၊ ခင်ဗျားတို့သန္တာန်မှာ တဏှာ ဘယ်က လာသတုံး....(ခန္ဓာကို အမှားနဲ့ ကြည့်မိလို့ပါဘုရား)နှလုံးသွင်း....(မှန်ပါ)ခန္ဓာကို နှလုံးသွင်းမှားနဲ့ ကြည့်မိလို့... (မှန်ပါ)။

မာန ဘယ်က လာသတုံး....(ခန္ဓာကို နှလုံးသွင်းမှားနဲ့ ကြည့်မိလို့ပါဘုရား) ကိုယ့်ခန္ဓာကို ကြည့်လို့လဲ လာနိုင်တယ်....(မှန်ပါ)သူတပါးခန္ဓာကြည့်တော့ ...(လာနိုင်ပါတယ်) လာနိုင်တယ်ဆိုတာ သေသေချာချာ မှတ်ပါ... (မှန်ပါ)။

မာနကတော့.... (ခန္ဓာကို နှလုံးသွင်းမှားနဲ့ ကြည့်မိလို့ပါ) ဒါဖြင့် မြို့ထဲ ရန်ဖြစ်ကြတာ ဘာ့ကြောင့်တုံးမေးယင်....(ခန္ဓာကို နှလုံးသွင်းမှားနဲ့ ကြည့်မိလို့ပါဘုရား)။

အခင်း... တဦးနဲ့ တဦး အိမ်ထောင်ကျကြတာလဲ ဘာ့ကြောင့်ပါလိမ့်....(ခန္ဓာကို နှလုံးသွင်းမှားနဲ့ ကြည့်မိလို့ပါ) ဒါဖြင့် ဒါပေါ်ကုန်ပြီ၊ မပေါ်သေးဘူးလား ...(ပေါ်ပါတယ်ဘုရား)။ ခလေးတွေကို ခင်ဗျားတို့ ခြင်ကလေးခတ်၊ ယပ်ကလေးနဲ့ ကာကွယ်ကြ၊အင်္ကျီကလေးနဲ့ လုံးထွေးပေးကြ၊ ဟာ....ဘာ့ကြောင့် ဒီကျွန်ခံနိုင်ပါလိမ့်မတုံးဆိုတော့ ဘယ့်နှယ်ပြောကြမလဲ... (ခန္ဓာကို နှလုံးသွင်းမှားနဲ့ ကြည့်မိလို့ပါဘုရား)။

ဒီခလေးခန္ဓာကို ဗီဇကနေ နှလုံးသွင်းမှားနဲ့ ငါ့ခလေး မဟုတ်ဘူးလား....(မှန်ပါ)ငါ့ခလေးဆိုပြီး ဗီဇက နှလုံးသွင်းမှားနဲ့ ကြည့်လိုက်တာနဲ့ ငါ့ခလေး ဖြစ်သွားတယ်....(မှန်ပါ)။

ငါ့ခလေး ဖြစ်လာတဲ့အခါကျလို့ရှိယင်ဖြင့် ခြံ့ဘို့ရုံဘို့ သူ့ကျင်ကြီး့ကျင်ငယ်ကြုံးဘို့ ဝန်လေးသေးရဲ့လား ( မလေးပါဘုရား )။

အတော် ရဲတင်းပါလားနော်....(မှန်ပါ့)ခန္ဓာနှလုံးသွင်း မှားလိုက်တဲ့ ဖြစ်ခြင်းမှ ကျင်ကြီး့ကျင်ငယ်ကြုံးဘို့တောင် ဝန်မလေးတဲ့ အခြေအနေ ရောက်သွားတယ်....(မှန်ပါ့)။

ဦးကျော်ဇမောင် တယ်ဆိုးပါလား....(ဆိုးပါတယ် ဘုရား) ဆိုးသာဆိုးတယ် ခင်ဗျားတို့ကလဲ ဒီအလုပ် - မလုပ်ရလို့ရှိယင် မကျေနပ်တဲ့လူမျိုးတွေ....( မှန်ပါ့ )မကျေနပ်ဘူး....၊ မကျေနပ်ဘူး....။

ကိုယ့်ဟာ ကိုယ်မိုက်မှန်း သိကြပလား....(သိပါပြီ) အဲဒီတော့ ဘယ့်နှယ်ကြောင့် မိုက်ကြပါလိမ့်မတုံးဆိုယင် ဖြေတတ်ကြပလား (ဖြေတတ်ပါပြီဘုရား)။

မိုက်တရားသုံးခုလုံး ဘယ်က လာသတုံး....(ခန္ဓာကိုနှလုံးသွင်းမှားနဲ့ ကြည့်မိလို့ပါဘုရား) အဲ....ခင်ဗျားတို့ ဒီနေ့ ဒီတလုံးကို အားလုံး သဘောကျ ပြောနိုင်ကြတာနဲ့ကို ဘုန်းကြီးများက ဝမ်းသာပါတယ် .. (မှန်ပါ့)။

ခင်ဗျားတို့ကလဲ ကိုယ့်ခန္ဓာ နှလုံးသွင်းမှားနဲ့က တဏှာ မာန ဒိဋ္ဌိ ပေါ်လိုက်တယ် .. ( မှန်ပါ့ )ကိုယ့်သားမယား ခန္ဓာကြည့်ပြီးသကာလ နှလုံးသွင်းမှားနဲ့ ကြည့်လိုက်ပြန်တော့ .... (တဏှာ မာန ဒိဋ္ဌိပေါ်ပါတယ်)သားသမီးတွေ ကြည့်ပြီးသကာလ နှလုံးသွင်းမှားလိုက်ပြန်တော့....(တဏှာ မာန ဒိဋ္ဌိ ပေါ်ပါတယ်ဘုရား) ကိုယ့်ရှိတဲ့ ပစ္စည်းကလေး စာရင်းကလေး တွက်ကြည့်လိုက်ပြန်တော့....(တဏှာ မာန ဒိဋ္ဌိ ပေါ်ပါတယ်ဘုရား)။

အပါယ်ကကို တက်စရာ မမြင်ပါဘူး....(မှန်ပါ့)မြင်သေးရဲ့လား....(မမြင်ပါဘုရား)တဏှာ ဥပါဒါန် ကံ၊ မာန ဥပါဒါန် ကံ၊ ဒိဋ္ဌိ ဥပါဒါန် ကံ... ၃-နံပါတ်ချည့်သွားတာဘဲ....( မှန်ပါ့ ) ၃-နံပါတ်ကဆိုတော့ ၄-နံပါတ်ကိုစွဲဟာ မရှောင်သာ, မလွဲသာ ခံရမယ်... (မှန်ပါ့)။

နောက်က တကာတ ကာမတွေ အိပ်မျှားနေကြလား... ကြား ကြရဲ့လား....( ကြားပါတယ်ဘုရား )ဘယ်က လာတာတုံး.... ဒီ တဏှာ မာန ဒိဋ္ဌိဟာ....( ခန္ဓာကို နှလုံးသွင်းမှားနဲ့ ကြည့်မိလို့ပါဘုရား)။

ကံမကောင်း အကြောင်းမသင့်လို့ ကျုပ်မှာဖြင့် ဖြစ်ရလေခြင်းဆိုတာ တလုံးမှ မရှိဘူး... (မှန်ပါ့)ခင်ဗျားတို့က ကံအပေါ်မှာသာ ချနေတာ ဟုတ်ကို မဟုတ်ဘူး၊မဟုတ်ဘူးလား... (မှန်လှပါဘုရား)။

ငိုရတာလဲ ငါ့ပစ္စည်းပျောက်သွားလို့၊ဒိဋ္ဌိကြောင့် ငိုရတာ.... (မှန်ပါ့) ကံမကောင်းလို့လား....(မဟုတ်ပါဘုရား) နှလုံးသွင်းမှားလို့....(မှန်ပါ့)။

နှလုံးသွင်းမှန်တဲ့ ပုဂ္ဂိုလ်ကျတော့ .... ရှင်သာရိပုတ္တရာကြီး ပရိနိဗ္ဗာန် စံမယ်ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုသူ့ လက်ျာရံကြီးက တပည့်တော် ပရိနိဗ္ဗာန်စံဘို့ အချိန် ရောက်ပါပြီတဲ့၊ မင်း ဘယ်အရပ်သွားပြီး စံမှာတုံး မေးလိုက်တယ် .... (မှန်ပါ့ဘုရား)စောပါသေးတယ်ကွာလို့ များ ပြောသေးလား.... (မပြောပါ ဘုရား) တဏှာ မာန ဒိဋ္ဌိက မရှိဘူးဗျ... (မှန်ပါ့) ရှိသေးလား .... ( မရှိပါဘုရား )ပေါ်ပလား... ( ပေါ်ပါပြီဘုရား )။

မင်းတို့ကျတော့ဖြင့် အင်း-သေမှာက နောက်ဆယ်နှစ်လောက် အခုကတည်းက သေများသေယင် အခက်ကြီးဆိုတာ လုပ်နေပြီ (မှန်ပါ့)မလာသေးဘူးလား....(လာပါတယ်ဘုရား)။

သေများသေယင် အခက်ကြီးဆိုတော့ စောလှချည့်လား။ သေမှာက အဝေးကြီးကျန်သေးတယ်....(မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခန္ဓာနှလုံးသွင်းမှားနဲ့ ကြည့်ယင် ဘယ်အချိန် မဆို တဏှာ မာန ဒိဋ္ဌိ ပေါ်ရမယ်.. ( မှန်ပါ့ )ဒါဖြင့် ဒီအရေး ဟာကော မကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

ဒီ တဏှာ မာန ဒိဋ္ဌိ မသေသ၍လဲ ပပဉ္စတဲ့.. ၊ဘုရားကတော့ နိပ္ပပဉ္စ၊ ပပဉ္စမရှိဘူးကွတဲ့၊ သတ္တဝါတွေကတော့ ပပဉ္စရှိတယ်၊ ဒါ့ကြောင့် သတ္တဝါတွေဟာတော့ အိုပွဲ့နာပွဲ့သေပွဲဘယ်တော့မှ မလွတ်ဘူး....(မှန်ပါ့) ပပဉ္စရှိလို့ - (မှန်ပါ့ဘုရား)။

ပပဉ္စမရှိတဲ့ ပုဂ္ဂိုလ်ကျတော့ အိုပွဲ့နာပွဲ့သေပွဲဟာ အခုတခါ တွေ့ပြီး နောက်မတွေ့တော့ဘူး (မှန်ပါ့) ဒါတောင် ငိုပွဲ ဆွေး ပွဲကျတော့ မလာဘူး၊ အိုပွဲ့ နာပွဲ့ သေပွဲသာ တွေ့ဘယ်.... (မှန်ပါ့)သဘောပါလား....(ပါ·ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး၊ ဘာခြားနားသတုံး .... ( ပပဉ္စမရှိလို့ပါ ) အဲဒီတော့ ခင်ဗျားတို့ ပပဉ္စ ယနေ့မရှိယင် ယနေ့ချမ်းသာမယ် (မှန်ပါ့)နောက်က တကာတကာမတွေ ဘာတဲ့တုံး .... (ပပဉ္စ ယနေ့ မရှိယင် ယနေ့ချမ်းသာမှာပါဘုရား)။

အခု ခင်ဗျားတို့မှာ ပပဉ္စက နေရာတိုင်း(မှန်ပါ့)ပပဉ္စကနေရာ တိုင်းမှာ ...(မှန်ပါ့) မကောင်းလို့ သွားရဦးမှာဘုရာ့- ဆိုတော့ ကော ...(ပပဉ္စပါ) နှလုံးသွင်းမှားပြီ....(မှန်ပါ့ဘုရား)။

မတော် ဒီမျှား- ဒီ့ထက်ပိုမိုဖြစ်နေယင် ငါ့အဖြစ်တင်ချီရဲ့ဆို တော့ ဒိဋ္ဌိကလာပြီ....(မှန်ပါ့) မလာဘူးလား .... (လာပါတယ် ဘုရား)ပပဥ္စတွေဘဲ....(မှန်ပါ့) ပေါ်ပလား(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပပဥ္စဒဏ်ချက်ဟာ သေးသလား...(မသေးပါဘုရား) မသေးဘူးတဲ့၊ ပပဥ္စဒဏ်ချက်ဟာ အတော်ကြီးတယ် .... (မှန်ပါ့ ဘုရား)။

ကိုင်း .... ဒါဖြင့် ရှင်ပုဏ္ဏက ဥပမာပေးလိုက်တယ်....၊ ဒါ ပုဏ္ဏ ဟောနေတဲ့ တရား....( မှန်ပါ့ ) ပုဏ္ဏက.... အာနန္ဒာဟော နေလို့ ရဟန်းပေါင်းတရာ သောတာပန်တည်မည့် တရား.... (မှန်ပါ့ဘုရား)။

ဒါဖြင့် အရိပ်ဘယ်ကလာသတုံးလို့ မေးဘို့လိုလာတယ်.... (မှန်ပါ့)မှန်ရယ်· ရှေ့ကရပ်တဲ့ လူရယ် နှစ်ခုပေါင်းမိလို့ ရှေ့က အရိပ်ပေါ်တယ်နော်....(မှန်ပါ့ဘုရား)၊

ပြဒါးသုတ်ထားတဲ့ မှန်ရယ် ရှေ့ကရပ်တဲ့လူရယ် နှစ်ခုပေါင်း မိတော့....(အရိပ်ပေါ်ပါတယ်) နဂိုရ်က ရှိတာလား.... (မရှိပါ ဘုရား)နဂိုရ်က မရှိဘူးနော်....(မှန်ပါဘုရား)။

ဟော့... မောင်ချစ်စိန် နဂိုရ်က ဘယ့်နှယ်တုံး .... (နဂိုရ်ကမရှိ ပါဘုရား)ဟာ ... ဘယ့်နှယ်ကြောင့် ဒီအရိပ်ပေါ်ပါလိမ့်မတုံး.... (ရှေ့ကရပ်တဲ့လူရယ် မှန်ရယ် ပေါင်းမိလို့ပါဘုရား)။

အဲ....မှန်ရယ် ရှေ့ကရပ်တဲ့လူရယ် နှစ်ခုပေါင်းမိလို့ ပေါ် လာကြတယ် .... (မှန်ပါ့) ဒါဖြင့် ဒီမှန်ထဲမှာ အရိပ်ဟာ ဦးမြ မောင်က ကြည့်တယ်၊ဦးကျော်မောင်က ကြည့်တယ်၊ အဲဒီ့မှန်ထဲ မှာ ပေါ်နေတဲ့ အရိပ်ဟာ ဦးမြမောင်လား၊ ဦးကျော်မောင်

လားလို့ မေးလို့ရှိယင်ဖြင့် ဘယ့်နှယ်ဖြေကြမလဲ....(မဟုတ်ပါ) ဟင်... (မဟုတ်ပါဘုရား)။

အရိပ်ဆိုလို့ရှိယင် အရိပ်တော့ အရိပ်ဘဲတဲ့၊ အဲဒီအရိပ်သည် ကားလို့ ဆိုလို့ရှိယင်ဖြင့် ဦးမြမောင်နဲ့ကင်းပြီး ဖြစ်တာလား- (မကင်းပါ) သူနဲ့တူနေတယ်....(မှန်ပါ) မတူဘူးလား .... (တူပါ တယ်ဘုရား)သူက ရှေ့က ရပ်တာကိုး....(မှန်ပါဘုရား)။

သူနဲ့တူနေတယ်တဲ့၊ သူနဲ့လဲတူတယ်၊ သူကောဟုတ်ကဲ့လား လို့ မေးလို့ရှိယင် ဘယ့်နှယ်ဖြေကြမလဲ ... (မဟုတ်ပါဘုရား)။

ဒါဖြင့် သူနဲ့တော့တူတယ်၊ သူလဲမဟုတ်ဘူး၊ သဘောကျ ပလား... (ကျပါပြီ) သူနဲ့ကော....(တူပါတယ်) ရပ်တဲ့လူနဲ့လဲ တူ တယ်....(မှန်ပါ)မတူဘူးလား....(တူပါတယ်ဘုရား)။

ရပ်တဲ့လူနဲ့ တူတယ်၊ ရပ်တဲ့လူကော ဟုတ်ပါရဲ့လား .... (မဟုတ်ပါ) အရိပ်ဘဲ....(မှန်ပါ)သဘောကျပလား....(ကျပါပြီ ဘုရား)။

အဲဒီတော့ကို....တဲ့၊ ဒီမှန်ထဲပေါ်သလို ဒီမှာလဲ ခန္ဓာနဲ့ နှလုံး သွင်းမှားနဲ့ ပေါင်းမိတော့ တဏှာ, မာန, ဒိဋ္ဌိ အရိပ်ပေါ်လာ တယ်... (မှန်ပါဘုရား)။

ခင်ဗျားတို့ဝမ်းထဲမှာ ခန္ဓာနဲ့ နှလုံးသွင်းမှားနဲ့ ကြည့်လိုက် တော့....(အရိပ်ပေါ်ပါတယ်)ဘာရိပ်ပေါ်သလဲ.... (တဏှာ,မာန ဒိဋ္ဌိအရိပ် ပေါ်လာပါတယ်ဘုရား)။

အဲဒါ ငါလားလို့ မေးလို့ရှိယင်လဲ ဘယ့်နှယ်ဖြေကြမလဲ (မဟုတ်ပါ) သူတပါးလားလို့မေးယင်.... (မဟုတ်ပါဘုရား)။

ဒါဖြင့် ငါ·သူတပါးမဟုတ်တဲ့ တရား....(မှန်ပါ့)တဏှာကိုလဲ အနတ္တရှုရမယ်၊ မာနကိုကော .... (အနတ္တရှုရမှာ) ဒိဋ္ဌိကိုကော.... (အနတ္တရှုရမှာပါဘုရား)။

ဘာ့ကြောင့်တုံး(မရှိတဲ့တရားပါ) ငါလဲမဟုတ်ဘူး၊ သူတပါး လဲ...(မဟုတ်ပါ) ငါလဲမဟုတ်ဘူး သူတပါးလဲ မဟုတ်ဘူး ... (မှန်ပါ့ဘုရား)။

တကာ တကာမတို့ ဘာတဲ့တုံး....(ငါလဲမဟုတ်ဘူး- သူတပါး လဲမဟုတ်ပါ)ကြည့်ပါ မှန်ပြန်ကြည့်ပါ ခင်ဗျားတို့နေ၁်-(မှန်ပါ့) ဒါမှရေရေလည်လည်လာမယ်၊မှန်ပြန်ကြည့်လိုက်တဲ့အခါကျတော့ ကိုတဲ့ ဦးမြမောင်က ကိုယ့်အိမ်ကရှိတဲ့ မှန်ကို ကြည့်လိုက်တဲ့ အခါကျတော့ မှန်ထဲကလူဟာ ငါဆိုလို့ရှိယင်လဲ ကြည့်တဲ့လူဟာ သူတပါးဖြစ်ရမယ်....(မှန်ပါ့ဘုရား)။

မှန်ထဲက သူတပါးလို့ ဆိုလို့ရှိယင်လဲ ကြည့်တဲ့လူနဲ့ မတူ ရဘူး....(မှန်ပါ့) တူနိုင်ပါ့မလား....(မတူနိုင်ပါဘုရား)။

ဒါဖြင့် မှန်ထဲမှာရှိတဲ့ အရိပ်ဟာ ငါလားလို့ မေးလို့ရှိယင် လဲ...(မဟုတ်ပါ)သူတပါးလား မေးယင်....(မဟုတ်ပါဘုရား)။

အဲဒီတော့ ငါ·သူတပါးမဟုတ်တဲ့ တရား.... (မှန်ပါ့) ရှင်းပ လား....(ရှင်းပါပြီ)ဘယ့်နှယ်တဲ့....(ငါသူတပါးမဟုတ်တဲ့ တရား ပါဘုရား) ငါ့သူတပါး မဟုတ်တဲ့ တရားဆိုတာ ဦးအောင်ဇေ ဝေတို့ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့်တုံး ဆိုတော့ မှန်ကြည်လွန်းလို့ ဖြစ်ရတဲ့ တရား၊ မဟုတ်ဘူးလား....(မှန်ပါ့) မှန်ကြည်လွန်းလို့ ဖြစ်ရတဲ့ တရားဆိုတာ သေချာသွားပြီ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် တဏှာ့မာန့ဒိဋ္ဌိကို ခင်ဗျားတို့က ငါလို့လဲမဆိုနဲ့ ငါ့ဥစ္စာလို့လဲ မဆိုနဲ့၊သူတပါးလို့လဲ မဆိုနဲ့... (မှန်ပါ့ဘုရား)။

ဒီတရားကလေးတွေဟာ အကြောင်းနှစ်ခုမှန်နဲ့လူနဲ့ ခွဲလိုက်ယင် ချက်ခြင်းဒီအရိပ်ပျောက်တယ်.... (ပျောက်ပါတယ်ဘုရား) မှန်နဲ့လူနဲ့ ခွဲလိုက်ယင် .... (အရိပ်ပျောက်သွားပါတယ်ဘုရား)။

ဒါဖြင့် အကြောင်းပျောက်လို့ရှိယင် အကျိုးပျောက်တယ် (မှန်ပါ့)ဒါဖြင့် ဒီတရားကလေးဟာက အကြောင်းနှစ်ခုပေါင်း့ယင် ဖြစ်တယ်....( မှန်ပါ့ ) အကြောင်းနှစ်ခုမပေါင်းယင် .... (မဖြစ်ပါဘုရား)။

ဒါဖြင့် သူဟာ ဖြစ်ပျက်ဘဲ ... (မှန်ပါ့) ဒါကြောင့် တဏှာလာလဲ ဖြစ်ပျက်ရှု၊ မာနလာလဲ....(ဖြစ်ပျက်ရှုရပါမယ်)ဒိဋ္ဌိလာလဲ....(ဖြစ်ပျက်ရှုရပါမယ်) အကုန်ရှုရမယ်.... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘာဖြစ်လို့ ရှုခိုင်းရပါလိမ့်မလဲသို့ မေးတဲ့အခါ ကျလို့ရှိယင်ဖြင့်တဲ့၊ နဂိုရ်က ငါလဲမဟုတ်တဲ့ အရိပ် .. (မှန်ပါ့) သူတပါးကော....(မဟုတ်ပါ) ငါ သူတပါး မဟုတ်တာဟာ အနတ္တဘဲ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ငါ သူတပါးမဟုတ်တာ .... (အနတ္တပါ) အဲ....ငါ-သူတပါးမဟုတ်တာ အနတ္တဆိုသဖြင့် ခင်ဗျားတို့သန္တာန် ခင်တွယ်တဲ့ တဏှာလာလဲ အနတ္တဘဲရှု....(မှန်ပါ့)အနတ္တဆိုတာ ဖြစ်ပြီးပျက်သွားလို့ အနတ္တပေါ့လေ....(မှန်ပါ့)ဒိဋ္ဌိကလေးပေါ်လာယင်လဲ ငါ့သင်နေယင်ကော ... (အနတ္တဘဲ ရှုရပါမယ်) ဖြစ်ပြီပျက်သွားသောကြောင့်တဲ့ အနတ္တဘဲ(မှန်ပါ့) မာနကလေး ပေါ်လာယင်ကော(ဖြစ်ပြီးပျက်သွားသောကြောင့်အနတ္တပါဘုရား)အနတ္တရှု။

ဘာ့ကြောင့်တုံးဆိုတော့ ခုနင်ကမှန် ဥပမာကို ခင်ဗျားတို့.... ပြောပြီးပါပြီ၊ မှန်က ကြည်လွန်းလို့ ရပ်တဲ့လူနဲ့ အရိပ်ဟာ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) ပေါ်တော့ အဲဒီအရိပ်ကို မိမိလားလို့ မေးယင် ဘယ့်နှယ်ဖြေမလဲ....(မဟုတ်ပါဘုရား) သူတပါးလားလို့မေးယင်....(မဟုတ်ပါဘုရား)။

မိမိလားလို့ မေးလိုက်လို့ရှိယင် ပြင်ဘက်က ကြည့်တဲ့ လူက သူတပါးဖြစ်မှာ စိုးရတယ်....( မှန်ပါ ) သူတပါးလားလို့ မေး လိုက်ပြန်တော့လဲ ကြည့်တဲ့လူနဲ့ သွားတူနေပြီ...(မှန်ပါ) အဲဒါ ကြောင့် သူတပါးခေါ်မလား...၊ ဟုတ်ကဲ့လား.... ( မဟုတ်ပါ ဘုရား) ကြည့်တဲ့လူနဲ့ ဘယ့်နှယ်တုံး .... အတွင်းက အရိပ်နဲ့ ... (တူပါတယ်ဘုရား)။

ဒါကြောင့် မိမိကော....(မဟုတ်ပါဘုရား) သူတပါးကော.... (မဟုတ်ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ပေါ်လာတဲ့ ဓမ္မကလေးတွေကို လောဘပေါ်လဲ....မာနပေါ်လဲ....ဒိဋ္ဌိပေါ်လဲ ဒီပြင်တရားတွေ အကုန်ကုသိုလ်ပေါ်တာက စပြီး ဒီ အရိပ်ကြောင့် ပေါ်တာ ချည့်ဘဲ....(မှန်ပါ) ရှင်းပလား .. (ရှင်းပါပြီ)။

ဒါဖြင့် ပေါ်တိုင်း-ပေါ်တိုင်း ဘာလုပ်ကြမယ်.... (ဖြစ်ပျက် ရှုရပါမယ်ဘုရား) ဖြစ်ပျက် အနတ္တ....(မှန်ပါ) ပေါ်ကြပလား- (ပေါ်ပါပြီ)။

ဖြစ်ပျက် အနတ္တရှုပါ....တဲ့။ ဒါက ရှင်ပုဏ္ဏက " ပုဏ္ဏော နာမ အာဝုသော မန္တာနိပုတ္တော အမှာကံ နဝကာနံသတံ " မိမိတို့နှင့်တကွ တရာသော ရဟန်းတို့အား....တဲ့၊ ပုဏ္ဏ အမည်ရှိတဲ့

မန္တာနီပုဏ္ဏေးမ၏သား ပုဏ္ဏသည် ငါတို့ တရားသော ရဟန်းငယ်တို့အား ဗဟုပကာရော=အလွန်ကျေးဇူးများတယ်.... တဲ့။

ဒီတရားဟောတာနဲ့ ဒီအနတ္တအရှုခိုင်းတာနဲ့ ငါတို့ ရဟန်းတရားအား အလွန်ကျေးဇူးများတယ်။ ရှင်အာနန္ဒာဟာ ဘုရားကြောင့် သောတာပန်တည်တာမဟုတ်ဘူး။ ပုဏ္ဏကြောင့် တည်တာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ရှင်အာနန္ဒာဟာ ဘယ်သူ့ကြောင့်တုံး .... (ပုဏ္ဏကြောင့်ပါ) ပုဏ္ဏက ဟောလို့၊ ပုဏ္ဏက ဟောတဲ့အတိုင်း အားထုတ်လို့.... (မှန်ပါ့ဘုရား)။

ရှင်သာရိပုတ္တရာကြောင့် သောတာပန်တည်တာ မဟုတ်ဘူး၊ ရှင်အဿဇိက ဟောလို့တည်တာ....(မှန်ပါ့) သဘောပါပလား-(ပါ-ပါပြီ)။

အဲဒီအတိုင်းပါဘဲ....တဲ့။ မန္တာနီပုဏ္ဏေးမ၏သား ပုဏ္ဏဆိုတာကွာ... တဲ့၊ ရှင်အာနန္ဒာက ငါတို့ ရဟန်းတရားအား အလွန်ကျေးဇူးများတယ်ကွာ.. တဲ့။ သူက ဟောပုံက သိပ်ကောင်းတာဘဲ... ကွ... တဲ့။ အင်မတန်ထင်လွယ်၊ မြင်လွယ်ပါတယ်... တဲ့။

ဘယ်လိုထင်လွယ်၊ မြင်လွယ်သတုံးလို့ ဆိုတဲ့ အခါကျတော့ " ဥပါဒါယ အသ္မိဟောတိ " ဥပါဒါယ=ခန္ဓာကိုစွဲ၍၊အသ္မိ=တဏှာ မာန ဒိဋ္ဌိသည်။ ဟောတိ=ဖြစ်၏၊ ဟုတ်လား....၊ ဒါက သူ့ပါဠိတော်....(မှန်ပါ့)။

" နော အနုပါဒါယ " အနုပါဒါယ = မစွဲတဲ့ ပုဂ္ဂိုလ်ကျတော့ကို။ အသ္မိ=တဏှာ မာန ဒိဋ္ဌိသည်။ နောဟောတိ=မဖြစ်ပါဘူးကွ... တဲ့... ဆိုတော့ ပါဠိတော်အတိုင်းက ဒါလောက်ဘဲ ရှိတယ်....နော်....(မှန်ပါ့)။

ဘုန်းကြီးကတော့ နားလည်မှုကို ခင်ဗျားတို့ ပြောရတဲ့ အတွက်...တဲ့ နှလုံးသွင်းမှားနဲ့ ခန္ဓာနဲ့ ပေါင်းမှ ပေါ်သဟော့ ဆိုတာ ဘုန်းကြီးက ထင်အောင် ပြောရတယ်... (မှန်ပါ့)။

သူကတော့ " ဥပါဒါယ အသ္မိ ဟောတိ " ဘဲ.... (မှန်လှပါဘုရား) ဥပါဒါယ=ခန္ဓာကို စွဲ၍။ အသ္မိ= တဏှာ မာန ဒိဋ္ဌိ ပေါ်လာ၏။ ဒါ... ဟောတာဘဲ....(မှန်ပါ့)။

ဒီကတော့ ထင်သထက် ထင်ရှားအောင်လို့ ခန္ဓာကို နှလုံးသွင်းမှားနဲ့ ကြည့်မှ တဏှာ မာန ဒိဋ္ဌိက ပေါ်တယ်....(မှန်ပါ့) နှလုံးသွင်းမှန်နဲ့ကြည့်လိုက်တော့ အနိစ္စ ဒုက္ခ အနတ္တ ပေါ်နေတယ်....(မှန်ပါ့)။

အဲဒါကြောင့် ဒီကတော့ တခါ ပြန်ပြီးသကာလ ဟိုမှာက ဉာဏ်ကြီးရှင်တွေဆိုတော့ ကျွတ်တမ်းဝင်တာပေါ့ဗျ....( မှန်ပါ့ ) ခင်ဗျားတို့ကတော့ ဘယ်ဉာဏ်ကြီးရှင်မှ မဟုတ်ဘဲ၊ ပြောတဲ့ စကားတောင် ကျန်နေရစ်သေးတာ မေ့တာက.... ဟင်.... (မှန်ပါ့)။

အဲဒီတော့ တကာတကာမတို့ " ဥပါဒါယ အသ္မိ ဟောတိ နော အနုပဒါယ " ဥပါဒါယ=ခန္ဓာကို စွဲ၍။ အသ္မိ = တဏှာ မာန ဒိဋ္ဌိသည်။ ဟောတိ=ဖြစ်၏။ အနုပါဒါယ=မစွဲခဲ့လို့ရှိယင် ခန္ဓာကို မစွဲခဲ့လို့ရှိယင်၊ အသ္မိ = တဏှာ မာန ဒိဋ္ဌိသည်။ နော ဟောတိ=မဖြစ်ပါဘူးကွာ....တဲ့....(မှန်ပါ့)။

ကိဉ္စဘိက္ခဝေ ဟောတိ=အဘယ်ကြောင့်နည်း...." ရူပံ နိဿယ အသ္မိ ဟောတိ ဝေဒနံ နိဿယ....(ပ) ဟောတိ " သူက ခန္ဓာငါးပါးစွဲပြီး ဖြစ်တယ်....တဲ့။ သူက ဒီလိုဟောပစ်တာ.... (မှန်ပါ့ဘုရား)။

ဟုတ်ပါတယ်....တဲ့။ ဟုတ်ပေမဲ့ ခင်ဗျားတို့မှာတော့ မချဲ့ယင် ရကိုမရဘူး....(မရပါဘုရား) ရကို မရနိုင်ဘူး။

ကဲ....ဒါဖြင့် ရုပ်ကို အမှီပြုပြီးသကာလ၊ တဏှာ မာန ဒိဋ္ဌိ ပေါ်တယ်။ ရုပ်ကိုလဲ နှလုံးသွင်းမှားနဲ့ ကြည့်မှ.... ( မှန်ပါ့ ) ရုပ်ဟာ ရုပ်ဖြစ်ပျက်ကို မြင်လို့ရှိယင်လဲ တဏှာ မာန ဒိဋ္ဌိက မလာဘူး၊ မဟုတ်ဘူးလား....(မှန်ပါ့)။

အဲဒီတော့ နှလုံးသွင်း မှားကလေး မထည့်ယင် မရဘူး.... (မှန်ပါ့) ပေါ်ပလား .. (ပေါ်ပါပြီ)။

နှလုံးသွင်းမှား မပါယင်....( မရပါဘုရား ) နှလုံးသွင်းမှန်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ ရဟန်းတွေ၊ အရိယာတွေကြည့်တာ ကျတော့ ဒါက သမီးကလေးအရွယ်၊ ဒါက အမအရွယ်၊ ဒါက အမေအရွယ်လို့ နှလုံးသွင်းမှန်နဲ့ချည့် ကြည့်လိုက်တဲ့ အခါကျ တော့ ဘယ် တဏှာ မာန ဒိဋ္ဌိလာသေးရဲ့လား.... ( မလာပါ ဘုရား )။

တချို့ရဟန္တာတွေကျတော့ အသုဘကိုလဲ သုဘ ဖြစ်အောင် သူတို့ကြည့်တယ်-ရှုတယ်....(မှန်ပါ့)သုဘကိုလဲ အသုဘဖြစ်အောင် ချက်ခြင်း ပြောင်းတယ်။ ရဟန္တာကျတော့....(မှန်ပါ့)။

ကဲ ...သူတို့ကတော့ နှလုံးသွင်းပြောင်းလို့ရတယ်.... ( ရပါ တယ်ဘုရား )။

ခင်ဗျားတို့ကတော့ ဒီကဆရာသမားအကူအညီနဲ့မှ အဲတော် ပြောင်းရမယ်....(မှန်လှပါဘုရား) မဟုတ်ဘူးလား.... (ဟုတ်ပါ တယ်ဘုရား) ကျင့်သား ရထားတာက အလွဲကျင့်သား ရထား တာ -(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ မှတ်ချက်ဟာက ခန္ဓာကို နှလုံးသွင်းမှားနဲ့ ကြည့်ယင် ဘာပေါ်သတုံး.... ( တဏှာ မာန ဒိဋ္ဌိ ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာကို နှလုံးသွင်းမှားနဲ့ ကြည့်လိုက်ယင် တဏှာ မာန ဒိဋ္ဌိ ပေါ်တော့ ဘုန်းကြီးက ရှင်ပုဏ္ဏလုပ်ပြီး ဟောရဦးမယ်။ ကဲ....ကွာ....မင်းတို့ ခန္ဓာနှလုံးသွင်း မမှားစေနဲ့-- ဆိုတော့ တဏှာ မာန ဒိဋ္ဌိ လာဦးမလား....(မလာပါဘုရား)။

အဲဒီတော့ တကာ တကာမတွေမှာ ဘုန်းကြီးပေးထားတဲ့ စက္ကူကလေးရှိပါတယ်-နော်.... ( မှန်ပါ ) ဟို... ကြည့်တို့ စက္ကူကလေးရှိပါတယ်။ အဲဒီ စက္ကူကလေးကြည့်ကြစမ်း။

မြင်စိတ်ကလေးဟာလဲ ခန္ဓာဘဲ.... (မှန်ပါ) မြင်စိတ်ကလေး မပါကြဘူးလား။ အဲဒီမှာကြည့်ကြစမ်း....( ပါ-ပါတယ်ဘုရား ) အဲဒီ မြင်စိတ်ကလေးဟာ ဝိညာဏက္ခန္ဓာ။ အဲဒီ ခန္ဓာကို ဝိညာဏက္ခန္ဓာမြင်ပြီးပျက်တာဆိုပြီးနှလုံးသွင်းမှန်နဲ့ကြည့်လိုက်လို့ရှိယင် ဒါမြင်စိတ်ကလေးဘဲ၊ အနိစ္စဘဲလို့ ကြည့်လိုက်ပုံ့ရှိယင် တဏှာ မာန ဒိဋ္ဌိလာသေးရဲ့လား.... (မလာပါဘုရား) တဏှာမာန ဒိဋ္ဌိ ချုပ်သွားတယ်။ မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ကဲ....ကြားစိတ်ကလေးကို တကာတကာမတွေက အင်း....ဒီ စိတ်ကလေးဟာ ငါမို့ -- ငါကြားလိုက်လို့ တော်သေးတယ်။ ဒီလိုမလုပ်နဲ့....(မှန်ပါ) ကြားတဲ့ စိတ်ကလေးဟာ ကြားပြီးတော့ ပျက်တာဘဲလို့ ရှုလိုက်တော့ နှလုံးသွင်း မှန်နဲ့ ရှုလိုက်တော့

မောင်သစ် တဏှာ၊ မာန၊ ဒိဋ္ဌိလာသေးရဲ့လား (မလာပါဘုရား)။ အဲဒါကြောင့် နောက်က တကာ တကာမတွေ နှာခေါင်းထဲ နံ့တဲ့စိတ်ကလေးပေါ်လာလဲ ဦးအောင်ဇေဝ ဒါ အလုပ်သင် နေတာနော်....(မှန်ပါဘုရား)။

နံ့တဲ့စိတ်ကလေး ပေါ်လာလို့ရှိယင်လဲ နံ့တဲ့စိတ်ကလေးကို ငါနံတယ်လို့ မဖြစ်ရအောင် ဟုတ်လား....(မှန်ပါ) နံ့တဲ့စိတ် ကလေးဟာ နှာခေါင် ထဲ ပေါ်တယ်၊ ပေါ်တဲ့အချိန်မှာဘဲ ဖြစ် တယ် ပျက်တယ် လို့ ရှုပေးပါ....(မှန်ပါဘုရား)။

ရှုပေးလို့ရှိယင် တဏှာ၊ မာန၊ ဒိဋ္ဌိဘယ့်နှယ်တုံး....(မလာပါ ဘုရား) မလာတော့ဘူး။ စားစိတ်ကလေး- ထမင်းစားတယ်၊ဟင်း စားတယ် လျှာလယ်မှာပေါ်တယ် .... (မှန်ပါ)ပေါ်တဲ့ စိတ် ကလေးကို ဖြစ်ပြီးပျက်တာဘဲလို့ စောင့်ကြည့်ပြီး ရှုနေလို့ရှိ ယင် တဏှာ၊ မာန၊ ဒိဋ္ဌိ .. (မလာတော့ပါဘုရား)။

ဒါဖြင့် နော အနုပါဒါယ... တဲ့၊ အနုပါဒါယ = ဒီခန္ဓာကို တဏှာ၊ မာန၊ ဒိဋ္ဌိနဲ့ မစွဲလို့ နှလုံးသွင်းမမှားလို့ ရှိယင်လဲ... တဲ့၊ အသို့=တဏှာ၊ မာန၊ ဒိဋ္ဌိသည်၊ နောဟောတိ- မဖြစ်ပါဘူး....တဲ့၊

သူ့ကိုမစွဲလန်းလို့ရှိယင်လဲ တဏှာ၊ မာန၊ ဒိဋ္ဌိ မဖြစ်ပါဘူး၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ယားတယ်၊ ယံတယ်၊ နာတဲ့စိတ်ကလေးလဲ ပေါ်လာယင် ဘာလုပ်ကြမယ်....(ဖြစ်ပျက် ရှုရမှာပါဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ကို ဖြစ်ပြီးပျက်တဲ့ ဓမ္မဘဲလို့ နှလုံးသွင်း လိုက်....(မှန်ပါ) နှလုံးသွင်းလိုက်တော့ကို ဒီနေရာမှာ နှလုံး

သွင်းမှုန်ကလေး မပေါ်ဘူးလား.... ( ပေါ်ပါတယ် ) သမ္မာဒိဋ္ဌိ ပေါ်တယ်၊ မဂ်ပေါ်သောကြောင့် ဒိတကျော့,မာန,ဒိဋ္ဌိ လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် နှလုံးသွင်းမှုန်နဲ့ ကြည့်လိုက်တော့လဲ ဦးကျော်မောင် တဏှာ,မာန,ဒိဋ္ဌိ မလာပါဘူး.... ( မလာပါ ) ချုပ်သွားတယ်၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ....တခါ တကာတကာမတို့ အတွင်းမှာ လောဘစိတ် ကလေးပေါ်လာတယ်၊ လိုချင်တဲ့ လောဘစိတ်ကလေး ပေါ်လာတယ်၊ ဘာလုပ်ကြမလဲ....(ဖြစ်ပျက်ရှုရပါမယ်) နှလုံးသွင်းမှုန်နဲ့ ရှုပေး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒေါသစိတ်ကလေး ပေါ်လာယင်ကော... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်သာရှု၊ နှလုံးသွင်းမှုန်နဲ့ ဆိုယင် ဒါဖြစ်ပျက်ဘဲ၊ နှလုံးသွင်းမှားနဲ့ ဆိုယင် လောဘ....(မှန်ပါ့) မဟုတ်ဘူးလား.... (မှန်ပါ့ဘုရား)။

ဒေါသစိတ်ကလေး ပေါ်လာယင် ဘာလုပ်ကြမယ် .... (ဖြစ်ပျက်ရှုရပါမယ်)မောဟစိတ်ကလေး ပေါ်လာယင်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုပေး၊ ဖြစ်ပြီးပျက်တဲ့ဓမ္မဘဲ၊ ဥဒယဗ္ဗယဘဲလို့သာ ရှုပေး....(မှန်ပါ့) ရှင်းပြီနော်.. (ရှင်းပါပြီဘုရား)။

အလောဘစိတ် ဆိုတာကလေး ပါသေးတယ်၊ ဦးမြမောင် တွေ့တယ်မဟုတ်လား... (တွေ့ပါတယ်) အဲဒါက ပေးချင်- ကမ်းချင်- လှူချင် တန်းချင်တဲ့ စိတ်ကလေး.... (မှန်ပါ့) အဲဒါကလေး ဘာလုပ်ရမလဲ... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဝိပဿနာရှုနေတုန်း ပေးချင် ကမ်းချင်တဲ့ စိတ်ကလေးမရှုပ်ပါနဲ့....(မှန်ပါ့) ရှုပ်လို့မရဘူး.... (မှန်ပါ့) သူ့ကိုလဲဘာလုပ်ရမတုံး....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ရှုတော့ ဘာဖြစ်သွားသတုံး ...(တဏှာ,မာန ဒိဋ္ဌိသေပါတယ်) တဏှာ,မာန,ဒိဋ္ဌိ သေသွားတယ်၊ လာကို- လာသေးရဲ့လား....(မလာပါဘုရား)။

ကြည့်လေ ဒီနားပေါ်တာဘဲ ဦးမြမောင်ရ၊ ဒီနားပေါ်တာဘဲ၊ ဒီအဆက်ပြတ်တယ် .... (ပြတ်ပါတယ်) ၂-နဲ့ ၃- အဆက်ဖြတ်လိုက်တာ နှလုံးသွင်းမှန်က ဖြတ်လိုက်တာ....(မှန်ပါ့) နှလုံးသွင်းမှန်ကနေ ဖြတ်ပစ်လိုက်ပါတယ် ဆိုတာ သဘောကျပလား-(ကျပါပြီ) ရှင်းပြီနော်....(မှန်ပါ့ဘုရား)။

အဒေါ်သစိတ်....တဲ့၊ ခင်ဗျားတို့က တရားနာရင်း မေတ္တာပို့ချင်တယ်ဆိုလို့ ရှိယင်လဲ မဖြစ်ဘူး....(မှန်ပါ့) တရားအားထုတ်ယင်း မေတ္တာမပို့ရဘူး၊ ပို့ချင်ယင် စောစောစီးစီးကသာ ပို့ရတယ်....(မှန်ပါ့) အဲဒီ့မေတ္တာစိတ်ကလေးကိုလဲ ဘာလုပ်ကြမယ်(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ ဘာဖြစ်မလဲ....(တဏှာ,မာန,ဒိဋ္ဌိ သေပါတယ်)ဪ .ဖြစ်ပျက်ရှုလိုက်တယ် ဆိုတာ နှလုံးသွင်းမှန်နဲ့ကြည့်လိုက်တာဘဲ... (မှန်ပါ့ဘုရား)။

ဖြစ်ပျက် ရှုလိုက်တယ်ဆိုတာ....(နှလုံးသွင်းမှန်နဲ့ ကြည့်လိုက်တာပါ) အဲ....နှလုံးသွင်းမှန်နဲ့ ကြည့်လိုက်တော့လဲ မဂ်ပေါ်တယ်(မှန်ပါ့) နှလုံးသွင်းမှားနဲ့ ကြည့်လိုက်တော့ တဏှာ, မာန, ဒိဋ္ဌိ

ပေါ်တယ်... (မှန်ပါ့) မခြားနားဘူးလား .... (ခြားနားပါတယ်ဘုရား)။

နှလုံးသွင်းမှန်နဲ့ ကြည့်လိုက်တော့....(မင်္ဂပေါ်ပါတယ်ဘုရား) နှလုံးသွင်းမှားနဲ့ ကြည့်လိုက်တဲ့အခါ....(တဏှာ မာန ဒိဋ္ဌိ ပေါ်ပါတယ်) တဏှာ မာန ဒိဋ္ဌိ ပေါ်တယ်ဆိုတာ သေချာလား (သေချာပါပြီဘုရား)။

ဒါဖြင့် ၂-နဲ့ ၃-ဧကူးတို့ရာ နှလုံးသွင်းမှန် ပေါ်မှာ မှီနေတယ် (မှန်ပါ့)ပေါ်ကြပလား . (ပေါ်ပါပြီဘုရား) နေရာကျပါပြီတဲ့၊ ကိုင်း .... ဒါဖြင့် မှန်ကိုခွဲလိုက်သဖြင့်သဲ အရိပ်ပျောက်ဘယ်.... (မှန်ပါ့ဘုရား)။

မှန်ကိုခွဲလိုက်ယင်.... ( အရိပ်ထွက်ပျောက်ပါတယ် ) ဘယ်သူရုပ်ရုပ်၊ ရှေ့ကရုပ်ချင်သလိုရုပ်၊ မှန်ကိုထုချေပစ်လိုက် ဘာတုံး.... (အရိပ်ပျောက်သွားပါတယ်) တဏှာ မာန ဒိဋ္ဌိ ပျောက်ဘယ်။

ဒီမှာလဲ မှန်ဖြစ်တဲ့ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ ခင်ဗျားတို့ ဝိညာဏက္ခန္ဓာတွေကို ဖြစ်ပျက်ရှုလိုက်တော့ မှန်ခွဲပစ်လိုက်ဘယ်... (မှန်ပါ့) မှန်ခွဲပစ်လိုက်တော့ တဏှာ မာန ဒိဋ္ဌိ အရိပ်လာနိုင်သေးရဲ့လား....(မလာနိုင်တော့ပါဘုရား)။

မှန်ကွဲပြီဆိုတော့ မှန်ကြောင့် ကျုပ်တို့မှာ ထွက်မည့်အရိပ်၊ တဏှာအရိပ်၊ မာနအရိပ်၊ ဒိဋ္ဌိအရိပ် ဦးမြမောင် လာသေးရဲ့လာ (မလာတော့ပါ)ဘာဖြစ်လို့တုံး .... (မှန်ကွဲသွားလို့ပါဘုရား)။

အဲဒီမှာလဲ ခင်ဗျားတို့သူ့ကို အနိစ္စရှုပစ်လိုက်ယင် ပြီးတာဘဲ (မှန်ပါ့) ရုပ်အနိစ္စရှုလိုက်လဲ တဏှာ မာန ဒိဋ္ဌိချုပ်ဘာဘဲ ....

(မှန်ပါ့) ဝေဒနာအနိစ္စရှုကော .... ( တဏှာ မာန ဒိဋ္ဌိချုပ်ပါတယ်)သညာရှုယင်ကော.... ( တဏှာ မာန ဒိဋ္ဌိ ချုပ်ပါတယ် ) သင်္ခါရရှုယင်ကော....(တဏှာ မာန ဒိဋ္ဌိချုပ်ပါတယ်) စိတ်တွေရှုယင်ကော....(တဏှာ မာန ဒိဋ္ဌိချုပ်ပါတယ်ဘုရား)။

အေး ...ဒါကြောင့် ခင်ဗျားတို့ဘာမှ မရှိယင် လေကိုထုတ်တဲ့ စိတ်ကလေး ဖြစ်ပျက်ရှုနေပါ....(မှန်ပါ့) နို့မဟုတ်ယင် ငါအရှုကောင်းလိုက်တာလို့ လုပ်နေမှာ စိုးရသေးတယ် ... ( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီဘုရား)။

လေကလေး ရှိုက်လိုက်တဲ့ အခါကျလို့ရှိယင်လဲ ငါရှိုက်ကောင်းလိုက်တာ၊ အယင်တုန်းကဒီလို ရှိုက်မကောင်းဘူးငါက ဝင်ချင်ဝင်ဦးမှာ... (မှန်ပါ့)မလာပေဘူးလား .... (လာပါတယ်ဘုရား)။

အဲဒီတော့ ရှုစိတ် ရှိုက်စိတ်ကိုလဲ....( ဖြစ်ပျက်ရှုရပါမယ် ) ဖြစ်ပျက်ရှုရမယ်ဆိုတာ ၁၂-ချက် မစုံသေးဘူးလား .... (စုံပါပြီဘုရား)။

အဲဒါ နောက်က တကာတကာမတွေကို ဦးအောင်ဇံဝေ သင်ပေးနေတာ ...(မှန်ပါ့ဘုရား)။

အဲဒီတော့ကို မှန်ကိုခွဲပစ်လိုက်သဖြင့်လဲ တဏှာ မာန ဒိဋ္ဌိရိပ် မထွက်တော့ပါဘူး....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ကိုင်း .. ဒါဖြင့် ခင်ဗျားတို့ မှန်တည်းဟူသော ရှေ့ပိုင်းမှာပါတဲ့ ၂-နံပါတ်ဟာ ခန္ဓာငါးပါး၊ခန္ဓာငါးပါးဟာမှန်ဘဲ(မှန်လှ

ပါဘုရား)နှလုံးသွင်းမှုနဲ့ ကြည့်လိုက်ပြီဆိုမှဖြင့် ဒီခန္ဓာကြောင့် ဩော်....ငါနေရာကျသွားဘဲ၊ ငါဘယ်သူ့အောက်မှ မကျသေး ပါကလား၊ မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)ငါ့ကိုယ်လဲအသား အရေပြည့်ဖြိုးသေးလို့ အတော်ကြည့်ကောင်း ပါသေးကလား (မှန်လှပါဘုရား)။

ဒါ....ခန္ဓာမှန်ကြောင့် လာတာ....( မှန်ပါ့ ) သဘောပါပ လား....(ပါ-ပါပြီ)။

အဲဒါကြောင့် အခု.... တကာတကာမတွေ.... တယောက်နဲ့.... တယောက် အားပေးကြတဲ့အခါ သိပ်ထင်ရှားတယ်.... (မှန်ပါ့) မင်းတို့ကွာ... မညည်းကြစမ်းပါနဲ့၊ မပူကြစမ်းပါနဲ့၊ ငါ့ မာပါ သေးတယ်။ ကိုယ့်ခန္ဓာကြည့်ပြောလိုက်တယ်.... (မှန်ပါ့)။

ငါ့မာပါသေးတယ်ဆိုတာ လုပ်ကိုင်ကျွေးနိုင်ပါသေးတယ်.... တဲ့။ ဘာမှ ပူစရာမလိုသေးပါဘူးတဲ့.... ( မှန်ပါ့ ) ဘာကြည့် ပြောတာတုံး....(ခန္ဓာကြည့် ပြောတာပါဘုရား)။

ကိုယ့်ခန္ဓာကို ဘာနဲ့ကြည့်လိုက်တာတုံး....(တဏှာ မာန ဒိဋ္ဌိ နဲ့ ကြည့်ပြောတာပါဘုရား ) တဏှာနဲ့ ကြည့်လိုက်တယ်.... (မှန်ပါ့) မာနနဲ့လဲ ( ကြည့်ပါတယ်ဘုရား ) ဒိဋ္ဌိနဲ့ကော.... (ကြည့်ပါတယ်ဘုရား)။

ငါ ခိုင်ခန့်ပါသေးတယ်ကွ....ဆိုတာကော.... ဒိဋ္ဌိနဲ့ကြည့်တာ- (မှန်ပါ)။

ကိုယ့်ကိုယ်ခင်နေယင် တဏှာနဲ့ ကြည့်တယ် (မှန်ပါ့)။

ကိုယ့်ကိုယ် အကြောင်းရင်းခံပြီးသကာလ ဘယ်သူ့အောက်

မှ မကျသေးပါဘူးကွာ ဆိုလို့ရှိယင်.... (မာနနဲ့ ကြည့်ပါတယ်ဘုရား)။

ကိုယ့်ကိုယ်ဟာ ကိုယ့်ကိုယ်အစစ်ဘဲလို့ ထင်နေယင်....(ဒိဋ္ဌိနဲ့ ကြည့်တာပါဘုရား)။

အဲ...အဲဒီသုံးခု တခုခုနဲ့ ဦးမြှမောင်တို့ ကြည့်နေကြတယ်။ ဦးကျော်မောင်တို့....(မှန်ပါ)။

ကြည့်ဘာနဲ့ဘဲ ဟိုလူအားပေး၊ ကိုယ့်ကိုယ် ကိုယ် စိတ်ချယုံကြည်... (မှန်ပါ) ကိုယ့်ကိုယ်အတွက်လဲ နိစ္စဒိဋ္ဌိက လာချင်လာဟုတ်လား (မှန်ပါ) သူတပါး အားပေးချင်တော့ မာနကလာ မဟုတ်ဘူးလား... (မှန်ပါဘုရား)။

အဲဒီတော့ ဒိဋ္ဌိကလဲ ငါရှိနေလို့ရှိယင် ငါ့သား, ငါ့သမီး, အတွက် ဘာပူစရာရှိသတုံး.... မလာဘူးလား.... ( လာပါတယ်ဘုရား )။

အဲဒီ တဏှာ မာန ဒိဋ္ဌိ သုံးခုဟာ မောင်သစ်ရေ .... ခန္ဓာမှန်ကြည်ရာက လာတာလို့ မှတ်... (မှန်ပါဘုရား)။

ခန္ဓာမှန်ကြည့်လိုက်တော့ ကြည်နေလို့ .... တဏှာ မာန ဒိဋ္ဌိ အရိပ်က ထွက်လာတာ.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ)။

ခန္ဓာမှန်ကြီးဟာ ဘာတဲ့....(ကြည်နေလို့ပါဘုရား)။

ကြည်နေတော့ ပုထုဇန်မျက်လုံး တပ်ကြည့်လိုက်တဲ့ အခါ.... နှလုံးသွင်းမှားနဲ့ ကြည့်လိုက်တဲ့အခါ ဘာရိပ်တွေ ပေါ်လာသတုံး.... ( တဏှာရိပ် မာနရိပ် ဒိဋ္ဌိရိပ်တွေ ပေါ်လာပါတယ်ဘုရား )။

ဒါကြောင့် ခင်ဗျားတို့မှာ....တဲ့၊ သွားနိုင်သေးတယ်ကွ... ငါ၊ ပြောနိုင်သေးတယ်ကွ... ငါ၊ ဆွဲနိုင်·ဆန့်နိုင်သေးတယ်ကွ.... ငါ.... ( မှန်ပါ့ )ဒါနဲ့ဘဲ ခင်ဗျားတို့က ကျွန်သက်ရှည်ပြီး နေတာနဲ့တူတယ်....(မှန်ပါ့)။

နှလုံးသွင်းမှားနဲ့ ကြည့်လိုက်တဲ့အတွက် မမောလဲ မမောနိုင်၊ သေခါနီးလဲ တောင်ဝှေး ထောက်ပြီး လုပ်ကျွေးချင် တုန်း.... (မှန်ပါ့) ဘာဖြစ်တာတုံး....(နှလုံးသွင်းမှားလို့ပါဘုရား)။

နှလုံးသွင်းမှားနဲ့ ဘယ်သူ့ကြည့်တာတုံး.... ( ခန္ဓာကြည့်ပါတယ်ဘုရား)။

ခန္ဓာကြည့်ဆိုက်တဲ့အခါကျလို့ရှိယင်ဖြင့်.... တဲ့ တဏှာကလဲ ပေါ်လာတာဘဲ....(မှန်ပါ့) မာနကလဲ.... (ပေါ်လာတာဘဲ) ဒိဋ္ဌိကကော....(ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ မှန်မခဲ့လို့ပေါ်တာ.... (မှန်ပါ့)မှန်ထုချေပစ်လိုက်လို့ ရှိယင်တော့ အကြည့်မှန်သွားပြီ.... ( မှန်ပါ့ ) အရိပ်ထွက်ပါဦးမလား....(မထွက်ပါဘုရား)။

ဒါကြောင့် ခန္ဓာကို ဖြစ်ပျက်·ဖြစ်ပျက် အနိစ္စရှုကြပါဆိုတာ အရိပ်မထွက်အောင်လို့....(မှန်ပါ့) ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

ခန္ဓာကို ဖြစ်ပျက်ရှုခိုင်းတာ ဘယ့်နှယ်ကြောင့် ပါလိမ့်... (အရိပ်မထွက်အောင်လို့ပါဘုရား)အရိပ်ထွက်လို့ ရှိယင် ခင်ဗျားတို့ ဒုက္ခရောက်တော့မယ်....(မှန်ပါ့)။

အရိပ်ထွက်လို့ရှိယင် ခင်ဗျားတို့ ပပဉ္စဖြစ်ပြီ... (မှန်ပါ့)။

အရိပ်ထွက်ယင်....( ပပဉ္စဖြစ်ပါပြီဘုရား ) အရိပ်မထွက်သေး ယင်တော့....(ပပဉ္စချုပ်ပါတယ်ဘုရား)။

ဒါဖြင့် အရိပ်မထွက်အောင်လုပ်ဘို့ရာ မှန်ကို ဘယ့်နှယ်လုပ် ကြမတုံးဆိုတော့ အနိစ္စနဲ့ ထုချေ ... (မှန်ပါ) အနိစ္စဉာဏ်နဲ့ ထု ချေ၊ ဒုက္ခဉာဏ်နဲ့ ထုချေ။ အနတ္တဉာဏ်နဲ့....( ထုချေရမှာပါ ဘုရား)။

အဲဒီလို မထုချေနိုင်သေးသ၍ ကာလပတ်လုံး ပပဉ္စမချုပ် ဘူး....(မှန်ပါ)။

ဒါ့ကြောင့် ဘုရားက "ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ"ဆိုပြီး နောက်ဆုံးပိတ်ကျတော့ ရှင်အာနန္ဒာကို ရှင်ပုဏ္ဏကလဲ မေးခွင့် သစ် ဒါ ဟောတာဘဲ....(မှန်ပါ)။

ဟော့... အာနန္ဒာနဲ့တကွ ရဟန်းပေါင်းတရာ၊ ရုပ်ဟာ အနိစ္စ လား...နိစ္စလား မေးတာဘဲ ...( မှန်ပါ ) အနိစ္စပါဘုရား .. တဲ့။ အနိစ္စဖြစ်တဲ့တရား ဒုက္ခလား၊ သုခလားလို့ မေးပြန်တာဘဲ.... (မှန်ပါ) ဒုက္ခပါဘုရားတဲ့၊ ၎င်း အနိစ္စ ဒုက္ခဖြစ်တဲ့ တရားသည် တော် မမ ဧသော မေ အတ္တာ=ငါ့ကိုယ် ငါ့ဟာ ငါ့ဉစ္စာလို့ ဆို နိုင်ကြရဲ့လား....ကွ .. (မှန်ပါ) ဟို ရဟန်းတွေက ဒီတော့ မဆို နိုင်ပါဘူးတဲ့။ ခန္ဓာငါးပါးစလုံး ရှောက်မေးတယ်.... (မှန်လှပါ ဘုရား)။

အဲ... မှန်ခွဲပစ်တာ။ အရိပ်မထွက်အောင်လို့.... (မှန်ပါ) ရှင်း ပလား....(ရှင်းပါပြီ)။

မှန်ခွဲပစ်တော့ကို တဏှာ မာန ဒိဋ္ဌိ အရိပ်ကို နှလုံးသွင်းမှား

နဲ့ ကြည့်ဦးတော့ အရိပ်မထွက်ဘူး.... ( မှန်ပါ ) ထွက်သေးရဲ့လား....(မထွက်ပါဘုရား)။

ဒါဖြင့် အနိစ္စကို အနိစ္စမှန်းသိသွားပြီ....( မှန်ပါ ) ဒုက္ခကို....(ဒုက္ခမှန်း သိသွားပါပြီ) အနတ္တကို... (အနတ္တမှန်း သိသွားပြီ)။

နှလုံးသွင်းမှန်နဲ့ သိသွားတဲ့အခါကျတော့ နှလုံးသွင်းမှန်ကတော့ကို " ယောနိသော ဘိက္ခဝေ မနသိကာရေ အနုပ္ပန္နာ စေဝ အကုသလာ အနုပ္ပဇ္ဇန္တိ " မဖြစ်သေးတဲ့ အကုသိုလ်တွေလဲ မဖြစ်တော့ဘူး....ကွတဲ့....( မှန်ပါ ) "ဥပ္ပန္နာ စ အကုသလာ ပဟီယန္တိ" ရှေးကံ ဖြစ်ပြီးသားတွေကိုလဲ ပယ်ချလိုက်တာဘဲ....(မှန်ပါ) နှလုံးသွင်းမှန်ပြီဆိုမှဖြင့်.... ( မှန်ပါ ) သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

နှလုံးသွင်းမှန်ယင် မဖြစ်သေးတဲ့ တဏှာ မာန ဒိဋ္ဌိလဲ....(ပယ်ပါတယ်ဘုရား) ပယ်ချတယ်။ ဖြစ်ပြီးတဲ့ တဏှာ မာန ဒိဋ္ဌိလဲ ပယ်ချတာဘဲ။ မဖြစ်သေးတာလဲ မဖြစ်ရဘူး....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်ရောက်ကြောင်း တရားမှာ မောင်သစ် ဘာအရေးကြီးသတုံးဆိုတော့ နှလုံးသွင်းမှန်ဘို့ မူတည်လာတယ်....(မှန်ပါ) မှန်ခဲ့မှုကော .. (မူတည်ပါတယ်ဘုရား) မှန်လဲခဲ့ရမယ်....(မှန်ပါ) သဘောပါပလား .. (ပါ-ပါပြီ)။

မှန်ဆိုတာ ခင်ဗျားတို့ ခန္ဓာကိုယ်, တကိုယ်လုံးဟာမှန်-နော်....(မှန်ပါဘုရား)။

ခင်ဗျားတို့ တကိုယ်လုံးဟာမှန်ဘဲ—တဲ့၊ သူ့ကြည့်လိုက်လို့ရှိ

ယင် တဏှာရိပ်က ထွက်ချင်ထွက် လာတယ်...(မှန်ပါ) မာနရိပ်ကကော .. (ထွက်ပါတယ်ဘုရား) ဒိဋ္ဌိရိပ်ကကော.... ( ထွက်ပါတယ်ဘုရား) ကြည်လွန်းလို့ ခန္ဓာကိုယ်ကြီးက.... (မှန်ပါ) နှလုံးသွင်းမှားနဲ့ ကြည့်လိုက်သည်နဲ့ တပြိုင်နက်တည်း တဏှာ မာန ဒိဋ္ဌိရိပ်တွေ.... (ထွက်လာပါတယ်ဘုရား) အကုန်ထွက်လာတယ်။ ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ မှန်ကို ကျုပ်တို့က ဘယ်အချိန်မှအကောင်းမထားဘဲနဲ့ တခါတည်း စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာ မှန်လာလဲ.... ဘယ်မှန်လာလာ ၁၂ ချက်စလုံး ဦးအောင်ဇေဝ ဘာလုပ်ရမတုံး.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ထုချေတတ်တဲ့ ဖြစ်ပျက်ရှု...(မှန်လှပါဘုရား)။

အဲဒီတော့ သူ့ကို ကြည့်ငြားသော်လဲ ကျုပ်တို့က တခါတည်း တဏှာ မာန ဒိဋ္ဌိ ဆိုတဲ့ အရိပ်သည် မောင်သစ် ထွက်သေးရဲ့လား (မထွက်ပါဘုရား) မထွက်တော့ဘူးဆိုတာ ပေါ်လာကြပလား- (ပေါ်လာပါပြီ)။

ဒါဖြင့် ဒီအနိစ္စ, ဒုက္ခ, အနတ္တဟာ ကြည်နေတဲ့ မှန် နှလုံးသွင်းမှားနဲ့ ကြည့်လိုက်လို့ရှိယင် ဒီမှန်ကြည့်လိုက်လို့ ရှိယင် တဏှာ မာန ဒိဋ္ဌိ အရိပ်တွေကြီးစိုးတဲ့အတွက် သူ့ကို အနိစ္စ ဒုက္ခ အနတ္တနဲ့ ထုချေရတယ်... (မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အနိစ္စ ဒုက္ခ အနတ္တဆိုတာ ဘယ်အကျိုးငှာတုံး.... (မှန်ထုချေဘို့ပါဘုရား)ဒီမှန်ကြီး ကြည်နေလို့ရှိယင် ဘယ့်နှယ်တုံး....(အရိပ်

ပေါ်မှာပါဘုရား) ဘာရိပ်တွေ ထွက်ထွက်လာသတုံး...(တဏှာ မာန ဒိဋ္ဌိရိပ်တွေ ထွက်ပါတယ်ဘုရား)။

ဟာ....ဒီမှန်ကြီးက သူ့ကြောင့် ဖြစ်နေတာ ဆိုပြီးသကာလ ဘုရားက "ရူပံ အနိစ္စံ ဝါ နိစ္စံ ဝါ ဝေဒနံ အနိစ္စံ ဝါ ဒုက္ခံ ဝါ"လို့ မောင်သစ် မလာဘူးလား....(လာပါတယ်)"ဝိညာဏံ အနိစ္စံ ဝါ ဒုက္ခံ ဝါ အနတ္တံ ဝါ"အစရှိသည်နဲ့ အကုန်ထုချေနေ တာဘဲ... (မှန်ပါ့)။

အဲဒီ့ ထုချေလိုက်တဲ့အခါကျတော့ကိုတဲ့ ကြည့်မြဲတိုင်း ကြည့် လိုက်တဲ့အခါကျတော့ အနိစ္စ ဒုက္ခ အနတ္တသာ မြင်တော့ နှလုံး သွင်း မှန်မသွားဘူးလား... (မှန်သွားပါတယ် ဘုရား)။

နှလုံးသွင်းမှန်သွားတော့ကို နှလုံးသွင်းမှန်ဆိုတဲ့ သမ္မာဒိဋ္ဌိက ယောနိသော မနသိကာရက တဏှာ မာန ဒိဋ္ဌိကို မောင်ချစ်စိန် လာစေသေးရဲ့လား.... (မလာစေပါဘုရား) လာသေးသလား.... (မလာစေပါဘုရား)။

ဒါဖြင့် ၂-က ၃-ကူးသေးရဲ့လား... (မကူးပါ) ၂-က ၃-မကူး ကတည်းက ကျုပ်တို့မှာတဲ့ တကာတကာမတို့ မဂ်ဉာဏ်ရတာ ပေါ့....(မှန်ပါ့)သဘောကျပလား... (ကျပါပြီဘုရား)။

မဂ်ဉာဏ်ရတဲ့အခါကျတော့ ဥပမာ....၂ က ၃-မကူးတော့.... ၃-နံပါတ်မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ဟာ....၃-နံပါတ်ချုပ်လို့ရှိယင် ၃-နံပါတ်က သမုဒယသစ္စာ- (မှန်ပါ့) ၄-နံပါတ်ဒုက္ခသစ္စာကော လာသေးရဲ့လား....(မလာ တော့ပါဘုရား)။

မလာလို့ ရှိယင် သမုဒယချုပ်၍ ဒုက္ခသိမ်းတယ်....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

သမုဒယချုပ်၍....(ဒုက္ခသိမ်းပါတယ်ဘုရား)မောင်သစ် ဘာ ပူစရာ ရှိတော့သတုံး....(မရှိပါဘုရား)အဲဒီလို တခါတည်း မှန်ကို ထုချေပေးပါ(မှန်ပါ့)ရှင်ပုဏ္ဏက ရှင်အာနန္ဒာနဲ့တကွ တရာသော ရဟန်းတွေ ဟောလိုက်ဘယ်....(မှန်ပါ့)။

ဒီတရားလဲ ဆုံးရော သူဟို့က ခန္ဓာထဲဉာဏ်ကလဲ သွင်းလိုက် တော့ ဖြစ်ပျက် မြင်တာဘဲ (မှန်ပါ့) တော်တော်ကြာကျတော့ ဒီဖြစ်ပျက်တွေကိုထုချေတာတွေကိုပင်လျှင် တခါတည်း မှန်းလာ တယ်....(မှန်ပါ့)။

ဒီ ဖြစ်ပျက်တွေကို ဒုက္ခသစ္စာမှန်းသိပြီး ဒုက္ခသစ္စာတွေ ချုပ် သွားတော့ ရှင်အာနန္ဒာနဲ့ တကွ ရဟန်းပေါင်းတရာ သောတာ ပန် တည်တာဘဲ....( မှန်ပါ့ ) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ရှုမှုဟာ မောင်သစ် အရေးကြီးဆုံးပေါ့ .... (မှန်ပါ့)ဒီ့ပြင် ဘာလိုသေးသတုံး....(မလိုပါဘုရား) ဘာမှ မလို ဘူးတဲ့ ဒီဥစ္စာ တကာတကာမတို့ သစ္စာဆိုက်အောင် ရှုနိုင် ပြီး တာဘဲ....(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့က စောစောစီးစီးမှတ်ပါ ၂-နံပါတ် အကွက်မှာရှိတာ ဘာသစ္စာတုံး.......(ဒုက္ခသစ္စာပါဘုရား) အဲ.... ရှိနေလဲ ဒုက္ခသစ္စာ....(မှန်ပါ့ဘုရား) ပျက်နေလဲ....(ဒုက္ခသစ္စာပါ ဘုရား)။

၂-နံပါတ်အကွက်မှာ ရှိတာတွေ ဘာသစ္စာတွေတုံး...(ဒုက္ခသစ္စာပါ)ဝေဒနာရှိလဲ...(ဒုက္ခသစ္စာပါ)သညာရှိလဲ--(ဒုက္ခသစ္စာပါ) စိတ်ရှိလဲ—(ဒုက္ခသစ္စာပါ) ရုပ်ရှိလဲ....(ဒုက္ခသစ္စာပါဘုရား)ကဲ....ဒါဖြင့် ဒီအကွက်က ပေါ်လေသ၍... ပျောက်လေသ၍.... မောင်ချစ်စိန် ဘာဆိုကြမလဲ.. (ဒုက္ခသစ္စာပါဘုရား)။

အဲ....သူက ဒုက္ခသစ္စာပေါ်တိုင်း....ပေါ်တိုင်း ခင်ဗျားတို့က နှလုံးသွင်းမှန်နဲ့ ကြည့်ယင် မဂ္ဂသစ္စာဖြစ်မယ်....( မှန်ပါ )နှလုံးသွင်းမှန်နဲ့ ကြည့်ယင်(မဂ္ဂသစ္စာ ဖြစ်ပါတယ် ဘုရား)။

သူ့ မဂ္ဂသစ္စာ၊ဒီက ဒုက္ခသစ္စာကလဲ မပြတ်ပြမှာဘဲ .. (မှန်ပါ) ခင်ဗျားတို့ကလဲ မပြတ်ကြည့်နေယင် မဂ္ဂသစ္စာဖြစ်မယ်....(မှန်ပါဘုရား)မပြတ်ပါနဲ့ဆိုလို့ ရသေးရဲ့လား....(မရပါဘုရား)။

မရတော့ကို ဒီ ၃-နံပါတ်မှာ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတွေဟာ လာခွင့်ရသေးရဲ့လား .. (မရပါဘုရား)။

လာခွင့်မရတော့ ၃-ကွက်ချုပ်၍ ၄-ကွက် မပေါ်လာ — (မှန်ပါ)သဘောကျပလား....(ကျပါပြီ) ၃-နံပါတ်အကွက်တွေ အကုန်ချုပ်၍....(၄-ကွက်မပေါ်လာပါဘုရား)။

၄-နံပါတ် ဒုက္ခသစ္စာတွေ မပေါ်လာတော့ ဒီဥစ္စာ ပဋိမ သောတာပန်တည်တယ်ဆိုတာကတော့ကိုတဲ့ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိ အုပ်ချုပ်တဲ့ ကံ ချုပ်လို့လို့ မှတ်လိုက်....(မှန်ပါ)။

ဒီဘက် ၄-နံပါတ်မှာတော့ အပါယ်ဘာတိ ဇရာ မရဏ ချုပ်လို့လို့ မှတ်လိုက်....(မှန်ပါ)။

ဒါလောက်ဆိုယင်ဘဲ သောတာပန် တည်တာဘဲ .. (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် လုပ်တတ်ကြပလား....(လုပ်တတ်ပါပြီ)ဘယ်လို လုပ် မတုံး၊ မှန်နဲ့ လူနဲ့ ကြည့်လိုက်တဲ့အခါ တဏှာ မာန ဒိဋ္ဌိ အရိပ် ပေါ်တယ်....( မှန်ပါ့ဘုရား )မပေါ်ဘူးလား....(ပေါ်ပါတယ် ဘုရား)။

အဲဒီ အရိပ်မပေါ်စေချင်ယင် ဘာလုပ်ကြမယ်....(မှန်ကို ခွဲရ ပါမယ်ဘုရား)မှန်ကို ခွဲပါ....( မှန်ပါ့ ) တရားလည်သွားပါပြီ၊ တော်တော် လည် လည် ပယ်ပယ် ရှိ သွား ပြီ .... (မှန်လှပါ ဘုရား)။

တကာတကာမတို့ မှန်နဲ့ လူနဲ့ ရပ်လိုက်တဲ့ အခါ ဘာပေါ် သတုံး... (အရိပ်ပေါ်ပါတယ်ဘုရား)။

အဲ....ဒီမှာလဲ ခန္ဓာနဲ့ လူနဲ့သာ ရပ်နေမယ်ဆိုယင် တဏှာ မာန ဒိဋ္ဌိ အရိပ်တွေ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓာဝည်းဟူသော မှန်ကို အနိစ္စဒုက္ခ အနတ္တဖြစ် အောင် ထုချေပစ်ရမယ်(မှန်ပါ့)ထုချေပစ်လိုက်လို့ရှိယင် တဏှာ မာန ဒိဋ္ဌိ အရိပ်လာသေးရဲ့လား....(မလာပါဘုရား)သဘောပါ ပလား....(ပါပါပြီဘုရား)။

ဒါဖြင့် တဏှာ မာန ဒိဋ္ဌိအရိပ် မလာကတည်းက မဂ်ဉာဏ် ပေါ်ရောပေါ့....(မှန်လှပါဘုရား)မပေါ်သေးဘူးလား....(ပေါ် ပါပြီဘုရား)။

ကဲ....ဒါဖြင့် မဂ်ဉာဏ်ပေါ်ယင် တတိယအကွက် ဘာဖြစ် သွားမယ်....(ချုပ်သွားပါမယ်ဘုရား)တတိယအကွက် ချုပ်သွား လို့ရှိယင် သမုဒယသစ္စာချုပ်တာဘဲ....(မှန်ပါ့) စတုတ္ထအကွက် လာနိုင်သေးရဲ့လား .. (မလာနိုင်ပါဘုရား)။

မလာနိုင်ယင် ဘာပေါ်မယ်....( နိရောဓသစ္စာပေါ်ပါဘုရား ) နိရောဓသစ္စာဘဲဆိုတာ သေချာပလား....(သေချာပါပြီ)ဒါဖြင့် ယနေ့ မှန်ခဲ့ရမယ်၊ မှန်ထုချေရမယ်....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဲဒီတော့ မှန်တော့ တခြားမှန် မဟုတ်ပါဘူးတဲ့၊ ဒီ ကာကာ တကာမတွေ အကွက်တွေ ၁၂-ခုကိုသာ အနိစ္စဖြစ်အောင်ရှု.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

၁၂-ခုကို... (အနိစ္စဖြစ်အောင်ရှုရပါမယ်) အဲဒါ ခန္ဓာမှန်ကို ထုချေနေတာဘဲ... (မှန်ပါ့) တဏှာ မာန ဒိဋ္ဌိအရိပ်လာနိုင်သေးရဲ့လား... (မလာနိုင်တော့ပါဘုရား)။

မလာနိုင်လို့ရှိယင် ကျုပ်တို့သည် နိပ္ပပဉ္စဖြစ်ပါတယ် .... (မှန်ပါ) ပပဉ္စတရား လာသေးရဲ့လား .. (မလာပါဘုရား) ပပဉ္စ မရှိတဲ့အဓိပ္ပါယ် မရောက်ဘူးလား....(ရောက်ပါတယ် ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်မှ ရောက်ပါ့မလား... လို့ သံသယ ရှိဦး လိုသေးသလား....(မလိုပါဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ကဲ... ယနေ့ ဒီတွင် တော်ကြဦးစို့....

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော် မူသော

( အနတ္တထင်အောင် ရှုရန် )

# ညအလုပ်ပေး- တရားတော်

( ၁၅-၉-၆၂ )

ကိုင်း.... တရားမှတ်ကြသဲ့....။ ပြုတဲ့အခါကျတော့ တကာ တကာမတွေ ခန္ဓာငါးပါးရှိတယ်၊ ခန္ဓာငါးပါးရှိပြီးသကာလ နေတော့ အချို့အချို့ ပုဂ္ဂိုလ်မှာလဲ ရုပ်ရှုမှ ဖြစ်ပျက် မြင်တာ ရှိတယ်၊ အချို့အချို့ ပုဂ္ဂိုလ်ကျတော့ ဝေဒနာရှုမှ ဖြစ်ပျက် မြင်တာ ရှိတယ်၊သညာရှုမှ ဖြစ်ပျက်မြင်တာ ရှိတယ်၊အချို့ဖဿ ရှုမှ၊ အချို့ကျတော့လဲ ဝိညာဏ်ရှုမှ ဖြစ်ပျက်မြင်တာ ရှိတယ်။

ဘာဘဲ ရှုရှုတဲ့၊နောက်ဆုံးပိဿတနေ့မှာ သဗ္ဗေဓမ္မာ အနတ္တာ ချည့်ဘဲ၊သဗ္ဗေ=အလုံးစုံကုန်သော၊ဓမ္မာ=တရားတို့သည်၊အနတ္တာ ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်ကို မလိုက်တဲ့ တရား ဘဲ....(မှန်ပါ)။

ပုဂ္ဂိုလ်အလိုလဲ မလိုက်ဘူး၊ သတ္တဝါအကြိုက်လဲ သူ မလိုက်ဘူးနော် .. (မှန်ပါ့)ကိုယ့်အကျင့်စရိုက်နဲ့လဲ မလျော်ဘူး .. (မှန်လှပါဘုရား)။

ဒါဖြင့် ပုဂ္ဂိုလ်အလို-သတ္တဝါအကြိုက်အကျင့်စရိုက်ကို မလိုက်တာဟာ အနတ္တလို့ မှတ်ထားကြပါ... (မှန်ပါ့)။

ပုဂ္ဂိုလ်အလိုလဲ....( မလိုက်ပါဘုရား )သတ္တဝါအလိုကော.... (မလိုက်ပါဘုရား) ကိုယ့် အကျင့်စရိုက်ကော.... ( မလိုက်ပါဘုရား )။

အဲဒါကြောင့် အနတ္တဆိုတာ ဘာပါလိမ့်မလဲလို့ မေးလို့ရှိယင်ဖြင့် အားထုတ်နေတဲ့ ပုဂ္ဂိုလ်၏ အလိုကိုလဲ ခန္ဓာငါးပါး တပါးပါးက မလိုက်ပါဘူးနော် .... (မှန်ပါ့)။

သတ္တဝါ၏ အလိုကိုလဲ ခန္ဓာငါးပါး တပါးပါးက မလိုက်ပါဘူးလို့ မှတ်ထားပါ... (မှန်ပါ့)သူ့အကြိုက် သူ့စရိုက်ကိုကော ဓမ္မတွေက လိုက်ကဲ့လား... (မလိုက်ပါဘုရား)။

ဒါဖြင့် ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်ကို ... မလိုက်တာ အနတ္တ .. (မှန်ပါ့)။

ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်ကို မလိုက်တာ အနတ္တ .. (မှန်ပါ့)ရှင်းကြပလား . (ရှင်းပါပြီဘုရား)။

ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်ကို မလိုက်တာ ဘာခေါ်ကြမယ်....(အနတ္တပါဘုရား) အေး .. ဒါကြောင့် ခန္ဓာငါးပါး ဒုတိယအကွက်မှာရှိတဲ့ ခန္ဓာငါးပါး၊ ဒီ ခန္ဓာငါးပါးသည် ပုဂ္ဂိုလ်အလိုကိုလဲ ဘယ်တော့မှ မလိုက်....(မှန်ပါ့)သတ္တဝါအကြိုက်ကိုလဲ... (မလိုက်ပါ) အကျင့်စရိုက်နဲ့ကော .. (မကိုက်ပါဘုရား)။

အကျင့်စရိုက်နဲ့လဲ ဘယ်တော့မှ မလျော်ဘူး၊ သူ့သဘော သူ ဆောင်နေတာဘဲ....(မှန်ပါ့)ဒါ့ကြောင့် အနတ္တဆိုတာ ပုဂ္ဂိုလ် အလို သတ္တဝါအကြိုက် အကျင့်စရိုက်ကို မလိုက်တာ အနတ္တ လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်ကို မလိုက်တာ ဘာခေါ်ကြမယ်....(အနတ္တပါဘုရား)။

အဲ....အနတ္တဆိုတာ နောက်က တကာတကာမတွေ လေး လေးစားစား မှတ်ပါလို့ သတိပေးလိုက်တယ်နော်.... (မှန်လှပါ ဘုရား)။

အားထုတ်နေတဲ့ ပုဂ္ဂိုလ်၏ အလိုကို....(မလိုက်ပါ)အားထုတ် နေတဲ့ သတ္တဝါ၏ အကြိုက်ကို....(မလိုက်ပါ) မလိုက်ဘူး၊ သူရဲ့ အထုံ ဝါသနာကို ( မလိုက်ပါ )မလိုက်တာကို ဘာခေါ်ကြ မယ်....(အနတ္တခေါ်ပါတယ်ဘုရား)။

ဩော်... ဒါဖြင့် အနတ္တဆိုတဲ့ဥစ္စာသည် သူ့သဘောတခုသာ သူ ဆောင်တာဘဲ....(မှန်ပါ့)။

ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်ကို မလိုက်တာ ဘာခေါ်ကြမယ်....(အနတ္တပါဘုရား)အနတ္တ။

ဒါဖြင့် သူ့သဘော သူ ဆောင်တာသာ ရှိပါတယ်....(မှန်လှ ပါဘုရား) သူ့သဘော သူ ဆောင်တာသာ .... ( ရှိပါတယ် ဘုရား )။

အဲဒီတော့ ဒီလို ကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာဉာဏ်နဲ့ စိုက်ပြီး တကာတကာမတွေက ကြည့်ပါလို့ ဘုန်းကြီးက သတိ ပေးတယ်....(မှန်ပါ့)။

ဖျတ်ဆို ယားတဲ့ ဝေဒနာကလေး ပေါ်လာတယ်....(မှန်ပါ့) ဖျတ်ဆို ယားတဲ့ ဝေဒနာကလေး ပေါ်လာယင် ပုဂ္ဂိုလ်အလို.... ငါ၏ အလိုလဲ မဟုတ်ပါလား....( မှန်ပါ့ ) သတ္တဝါအလိုလဲ မဟုတ်ပါလား၊ ငါ့အကြိုက်လဲ မဟုတ်ပါလား၊ဖျတ်ဆို ဒီ ယား တာကလေးဟာလဲ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာကလေးဟာလဲ ပျောက်သွားပြန်တော့ အင်း....ပေါ်လာတုန်းကလဲ ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက် မဟုတ်ဘူး၊ ပျောက်သွားတော့ လဲ ပုဂ္ဂိုလ် သတ္တဝါကို ဘာမှ မငဲ့ မညှာဘဲ ပျောက်ပျက်သွား တယ်....(မှန်ပါ့)။

ဒါ့ကြောင့် ယားတဲ့ ဝေဒနာကလေး ပေါ်လာတဲ့ တကာ တကာမတော့ကာ အနတ္တဘဲ ရှုပေးပါ....(မှန်ပါ့) ယားတဲ့ ဝေဒနာ ကလေး ပေါ်လာယင်....(အနတ္တရှုပေးရပါမယ်)သဘောပါပြီ- (ပါပါပြီဘုရား)။

တခါ ယားတဲ့ ဝေဒနာ မဟုတ်ပါဘူးတဲ့....၊ ခံသာတဲ့ သုခ ဝေဒနာကလေး ပေါ်လာပြန်ပါတယ်လို့ ဆိုပါဦးတော့နော်.... (မှန်ပါ့)။

သုခဝေဒနာကလေး ပန်ကာလေကလေးက တိုက်တဲ့အခါ ကျတော့ တကာတကာမတွေ ခန္ဓာကိုယ်ပေါ်မှာ ချမ်းသာလုံး ကလေး တနေရာရာမှာ ပေါ်ပါလိမ့်မယ် .. (မှန်ပါ့)။

အဲဒီ့ ချမ်းသာလုံးကလေးဟာလဲ ပုဂ္ဂိုလ်အလိုနဲ့ ပေါ်လာ တာလား....ပေါ်ပါစေ. ပေါ်ပါစေဆိုလို့ ပေါ်လာတာလား· (မဟုတ်ပါဘုရား)။

မဟုတ်ဘူး၊သူ့ဟာသူ အာရုံဒွါရတိုက်ဆိုင်လို့ ပေါ်လာတာ (မှန်ပါ့)သတ္တဝါအကြိုက်ပေါ်လာတာလားဆိုယင်ကော(မဟုတ်

ပါ) ကိုယ့်အကြိုက်အတိုင်း ပေါ်လာတာလားလို့ မေးယင်.... (မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးတဲ့၊ ပန်ကာနဲ့ ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ ကာယပသာဒနဲ့ ထိခိုက်လို့ သုခသဟဂုတ်ကာယဝိညာဏ် သုခဝေဒနာ ပေါ်တာဘဲ ရှိတယ်....(မှန်ပါ့)။

အဲဒါကြောင့် သုခပေါ်လဲ ဩော်....အနတ္တကလေးတခုဘဲ၊ ဒုက္ခပေါ်လာယင်ကော....(အနတ္တကလေးတခုပါ) အနတ္တတခုဘဲ လို့ မှတ်ထားစမ်းပါတဲ့....။

ဖျတ်ဆို တဏာတကာမတွေ့ မြင်တယ်၊ ကြားတယ်၊ နံ့တယ်၊ စားတယ်၊ စားတဲ့ စိတ်ကလေးတွေ စားတဲ့ ဝေဒနာကလေးတွေ ပေါ်လာတော့ ဩော်....မြင်တယ်ဆိုတော့ မြင်တတ်တဲ့ သဘောကလေး ဥပေက္ခာဝေဒနာကလေး ပေါ်လာတာဘဲ၊ ကြားတတ်တဲ့ ဥပေက္ခာဝေဒနာကလေး ပေါ်လာတာဘဲ၊နံ့တဲ့ဥပေက္ခာဝေဒနာကလေး ပေါ်လာတာဘဲ၊ စားတဲ့ ဥပေက္ခာဝေဒနာကလေး ပေါ်လာတာဘဲ။

ဒါကလေးတွေဟာလဲ ပုဂ္ဂိုလ်အကြိုက် ပေါ်လာတာလား လို့ မေးတဲ့အခါကျတော့ မဟုတ်ဘူး၊ မြင်ကယ်ဆိုယင် အာရုံနဲ့ တိုက်ဆိုင်လို့ မြင်တဲ့ ဝေဒနာကလေး ပေါ်လာတာ....(မှန်လှပါဘုရား)။

ကြားတာလဲ အာရုံနဲ့ တိုက်ဆိုင်လို့....(ကြားတဲ့ ဝေဒနာကလေး ပေါ်တာပါဘုရား) ကြားတဲ့ ဝေဒနာ ပေါ်တယ် တဲ့....။

နှာခေါင်းထဲမှာ နံတဲ့ စိတ်ကလေး ပေါ်လာပြန်တော့ကော ( နံတဲ့အာရုံနဲ့ဒွါရတိုက်ဆိုင်လို့ ပေါ်ပါတယ်ဘုရား ) အာရုံကြောင့်ပေါ်လာတာ·(မှန်ပါ)။

သတ္တဝါ အလိုကြောင့် ပေါ်တာလား....(မဟုတ်ပါ)ပုဂ္ဂိုလ် အကြိုက်ကြောင့် ပေါ်လာတာလား... (မဟုတ်ပါ) ကိုယ့်အကျင့် စရိုက်အတိုင်း ပေါ်တာလား....(မဟုတ်ပါ) မဟုတ်တော့ သူ့ကို ဘယ့်နှယ်ဆိုကြမယ်....( အနတ္တပါ ) အနတ္တဘဲ၊ ရှင်းပြီနော် .... (မှန်ပါ့ဘုရား)။

တခါ ဝမ်းထဲမှာ ဝမ်းသာလုံးကလေး ပေါ်လာပြန်တယ်၊ ကျန်းမာကြောင်း ချမ်းသာကြောင်း စီးပွားရေး ဖြောင့်ကြောင်း များ စာကလေးရောက်လာလို့ ဝမ်းသာတယ်၊ အို... စာကြောင့် ဝမ်းသာတာ....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ အလိုအတိုင်း ဝမ်းသာတာလား- စာပြုပြင်ရာ ဝမ်းသာတာလား... (စာပြုပြင်ရာ ဝမ်းသာတာပါဘုရား)။

ဒါဖြင့် ပုဂ္ဂိုလ်အလိုလဲ မဟုတ်ဘူး .... ( မှန်ပါ ) သတ္တဝါ အကြိုက်လဲ.... (မဟုတ်ပါ) အကျင့်စရိုက်ကော ... (မဟုတ်ပါ ဘုရား)။

မဟုတ်ဘူး....တဲ့၊ ဟိုက စာနဲ့ပြုပြင်လိုက်တာနဲ့ ဝမ်းထဲမှာ သောမနဿဆိုတဲ့ ဝမ်းသာလုံးကလေး ပေါ်လာတယ်.... (မှန်ပါ့ ဘုရား)။

ဒါကြောင့် ဝမ်းထဲမှာရှိတဲ့ သောမနဿ လုံးကလေးကိုလဲ- ဝမ်းသာ လုံးကလေးကိုလဲ ဘုန်းကြီးတို့ တကာတကာမတွေက ပေါ်လာယင် အနတ္တဘဲရှုပေးပါ....(မှန်ပါ့ဘုရား)။

ဘာ့ကြောင့်တုံး ဆိုတော့ ပုဂ္ဂိုလ်အလို ပေါ်လာတာမဟုတ်ဘူး၊ သတ္တဝါအကြိုက် အကိုက်ပေါ်လာတာ မဟုတ်ဘူး၊ ကိုယ့်အကျင့်စရိုက်အတိုင်း ပေါ်လာတာလဲ မဟုတ်ဘူး....( မှန်ပါ ) ရှင်းပြီနော်... (ရှင်းပါပြီ)အာရုံဒွါရ တိုက်ဆိုင်တာနဲ့ ဓမ္မသဘော ပေါ်လာကာဘဲ....(မှန်ပါ့ဘုရား)။

ဓမ္မသဘော ပေါ်လာသောကြောင့် ဝမ်းသာ လုံးကလေး လာလဲ ဩော် ဒါကလေးဟာ ကဗျာကရာ ရုပ်ပါ အနတ္တလို့ နော်....(မှန်ပါ့) ဝမ်းသာလုံးကလေး လာတယ်လို့မရှုဘဲ မနေလိုက်ပါနဲ့.. (မှန်ပါ့ဘုရား)။

တခါ စာကလေးသော်၎င်း၊ အကြောင်းကလေး သော်၎င်း၊ မောင်ချစ်စိန်တို့၊ မောင်သစ်တို့ ကြားရပြန်တယ်၊ ကြားရတော့ စိတ်ထဲ မချမ်းသာလုံးကလေး ပေါ်လာတယ်.... (မှန်ပါ့) ပေါ်လာပြန်လို့ရှိယင် ဒီဥစ္စာလဲ စာရဲ့သဘောဘဲ၊ ပုဂ္ဂိုလ်သဘော ဟုတ်ကဲ့လား (မဟုတ်ပါ) သတ္တဝါအကြိုက်ကော ..(မဟုတ်ပါဘုရား) ကိုယ့်စရိုက်နဲ့ကော ကိုက်ညီတာ ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား)။

ကိုယ့်စရိုက်နဲ့လဲ မကိုက်ညီဘူး၊ စရိုက်က အကောင်းကြိုက်ကိုး....(မှန်ပါ့) ဒါဟာ သူက မကောင်းတာ ပေါ်လာတယ်.... (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်ကို မလိုက်တဲ့သဘောကလေး ပေါ်လာသောကြောင့် ဒေါမနဿဝေဒနာကလေး ပေါ်လာလဲ တကာဘကာမတွေက ဩော်.... ဒါကလေးဟာ အနတ္တကလေးဘဲ၊ ပေါ်လဲအနတ္တ- ပျောက်လဲ့ အနတ္တဘဲ... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပေါ်လဲ....(အနတ္တပါဘဲ) ပျောက်လဲ .... ( အနတ္တပါဘဲ ) အနတ္တဘဲလို့ ဆိုတာဝေဒနာကမ္မဋ္ဌာန်းကို ယနေ့ ပေးနေပြန်တယ် ဆိုတာ ရှုချင်တာရှုရအောင်လို့ နော် .... ( မှန်ပါ့ ) တခုရှုယင် အကုန်ပါတာဘဲ....(မှန်ပါ့ဘုရား)။

ကြား၊တာက ဥပမာ စာကလေးသော်ငှင်း၊ သတင်းကလေး သော်ငှင်း ကြားရတယ်၊ ဘာမှ တုန်လှုပ်တဲ့သဘော မရှိဘူး....• (မှန်ပါ့) တုန်လှုပ်တဲ့ သဘောမရှိတော့ ဥပေက္ခာကလေး ပေါ် လာတယ်....(မှန်ပါ့) ကိုယ့်မှာတော့ တုန်လှုပ်တာပါမလာဘူး ( မှန်ပါ့ ) အင်း .... ကြားသ၍ အကြောင်း တိုက်ဆိုင်သ၍ ကမ္မဿကာဘဲဆိုတဲ့ ဝမ်းထဲ ဥပေက္ခာဝေဒနာကလေး ပေါ်လာ တယ်....(မှန်ပါ့ဘုရား)။

ဒါကလဲ ကြားရတဲ့ သဘောကြောင့် ဥပေက္ခာပေါ်လာ သောကြောင့် ပုဂ္ဂိုလ်အလိုနဲ့လဲ ဘာမှမဆိုင်ဘူး၊ ကြားရတဲ့ သဘောကြောင့် ပေါ်တာ....(မှန်ပါ့) ကိုယ်ပုဂ္ဂိုလ်နဲ့ ဘာဆိုင် သေးသတုံး ...(မဆိုင်ပါဘုရား)။

သတ္တဝါအကြိုက်ကော ဟုတ်ကဲ့လား....(မဟုတ်ပါ) သတ္တဝါ တော့ ကောင်းတာကြိုက်နေတာဘဲ၊ သူက ဥပေက္ခာကြီးပေါ် နေတယ်....(မှန်ပါ့)ဟုတ်ကဲ့လား....(မှန်ပါ့ဘုရား)။

ကိုယ့် အကျင့်စရိုက်နဲ့ကော လိုက်ပါရဲ့လား .... (မလိုက်ပါ ဘုရား)။

ကိုယ့်အကျင့်စရိုက်က ဥပေက္ခာဆိုတာ မကြိုက်ပါဘူး .... (မှန်ပါ့) ကိုယ့်အကျင့်စရိုက်က သာယာတာ ကြိုက်တယ် .... (မှန်ပါ့ဘုရား)။

အခုလို ကိုယ့်အကျင့်စရိုက် မကြိုက်ပေမဲ့လဲ ဓမ္မသဘောနဲ့ ဥပေက္ခာကလေးက ဝမ်းထဲ ပေါ်လာတာဘဲ.... (မှန်ပါ့ဘုရား)။

ပေါ်လာပြန်တဲ့ အခါကျလို့ရှိယင်လဲ ဦးကျော်မောင်တို့၊ ဦးစံဖေတို့က သြော်....ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက် မလိုက်ဘဲ ဓမ္မကလေးတခုဘဲ .... ( မှန်ပါ့ ) ရှင်းပလား.... (ရှင်းပါပြီ) ဒါကြောင့် သူ့ကိုဘာခေါ်ကြမယ် .... (အနတ္တပါဘုရား)။

အေး....ဒါကြောင့် တကာတကာမတို့ သုခလာလဲ ချမ်းသာလုံးကလေးလာလဲ အနတ္တဘဲရှုပါ၊ ဆင်းရဲတဲ့ ဝေဒနာကလေးလာလဲ....(အနတ္တဘဲရှုရပါမယ်)မြင်ကာ ကြားကာမတ္တ စားကာမတ္တ ဥပေက္ခာပေါ်ယင်လဲ....(အနတ္တပါဘဲဘုရား)။

အနတ္တဘဲနော်....(မှန်ပါ့) ဝမ်းထဲသောမနဿကလေး ပေါ်လာယင်လဲ....(အနတ္တပါဘဲ) ဒေါမနဿကလေး ပေါ်လာယင် (အနတ္တပါဘဲ) ဥပေက္ခာပေါ်လာယင်.... (အနတ္တပါဘဲဘုရား)။

ဘယ့်နှယ်ကြောင့် အနတ္တတုံးဆိုတော့မှ သြော် .... ပုဂ္ဂိုလ်အလို- သတ္တဝါအကြိုက် အကျင့်စရိုက်နဲ့ မကိုက်တဲ့ တရားချည့်ဘဲ....(မှန်ပါ့)ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ပုဂ္ဂိုလ်အလို... (သတ္တဝါအကြိုက် အကျင့်စရိုက်နဲ့ မကိုက်တဲ့ တရားမို့အနတ္တ)။

ဒီသုံးချက်နဲ့ ညီလို့ရှိယင် အနတ္တသာမှတ်ကြပါ.... (မှန်ပါ့) သေသေချာချာ မှတ်ကြပါ၊ ပုဂ္ဂိုလ်အလို- သတ္တဝါအကြိုက်- အကျင့်စရိုက်နဲ့ မလိုက်တဲ့ ဓမ္မချည့် ဝမ်းထဲမှာပေါ်လိမ့်မယ်.... (မှန်ပါ့ဘုရား)။

တကိုယ်လုံးထဲမှာ ဦးဘာသန်း ဉာဏ်နဲ့ဝေဘန်လိုက်လို့ ရှိယင်-ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်နဲ့ မလိုက်တဲ့တရားချည့်ဘဲ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပေါ်ပြီဘုရား)။

ခန္ဓာကိုယ်ထဲ ပေါ်တတ်တဲ့တရားဟူသ၍ ဘယ်နှစ်ခုတဲ့ သူ့အင်္ဂါက ပုဂ္ဂိုလ်အလိုလဲ ပေါ်လာတာမဟုတ်ဘူး.... (မဟုတ်ပါဘုရား)သတ္တဝါ အကြိုက်လဲ .. (မဟုတ်ပါဘုရား) ကိုယ့်အကျင့်ဝါသနာစရိုက်နဲ့ ကိုက်တဲ့တရားကော ပေါ်လာတာလား ....(မဟုတ်ပါဘုရား)။

မပေါ်လာတော့ ပေါ်လာတဲ့ ဓမ္မဟူသ၍ ဘာလုပ်ကြမယ်(အနတ္တရှုရပါမယ်) အနတ္တရှုရမယ်....တဲ့၊ အနတ္တရှုရမယ်။

ဒါဖြင့် အနတ္တဆိုတာသည် အင်္ဂါသုံးချက်.... ( မှန်လှပါ ) ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်နဲ့ မကိုက်တဲ့တရားကို အနတ္တ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ပြောကြစမ်း နောက်က တကာတကာမတွေက ဘာတဲ့တုံး-(ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်နဲ့ မကိုက်တဲ့တရားဟာ (အနတ္တပါဘုရား) မကိုက်တဲ့ တရားချည့်ပေါ်တယ်၊ ခန္ဓာကိုယ်ထဲမှာ....(မှန်ပါ့ဘုရား)။

ဒီတရားကို ကြပ်ကြပ်စဉ်းစားပါ.... (မှန်ပါ့) ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်နဲ့ မကိုက်တဲ့တရားချည့် ပေါ်တယ်....(မှန်ပါ့) အဲဒီ့ပေါ်တဲ့တရားကို ဘာခေါ်ကြမယ် ....(အနတ္တပါ)အနတ္တလို့ သေသေချာချာ မှတ်ပါနော် ... (မှန်ပါ့ဘုရား)။

တကာတကာမတွေ ယားတဲ့စိတ်ကလေး ယားတဲ့ ဝေဒနာကလေး ပေါ်လာတယ်၊ ပုဂ္ဂိုလ်အလိုဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)သတ္တဝါအကြိုက်ကော .. (မဟုတ်ပါ) အကျင့်စရိုက်နဲ့ကော....(မကိုက်ပါ)မကိုက်တော့ ဒီယားတာကလေး ဘာခေါ်ကြမယ်....(အနတ္တပါဘုရား)။

ဪ.... အနတ္တ။ ယားတာကလေးဟာ ယားဆဲသဲအနတ္တ၊ ပျောက်သွားလဲ အနတ္တ။ ရှင်းကြပလား....(ရှင်းပါပြီ)။

တခါနာတာကလေး ပေါ်လာတယ်....တဲ့။ ကိုယ်ပေါ်မှာ ဟိုက အင့်တယ်၊ ဒီက အောင့်တယ် .. အစရှိသည်နှင့် ပေါ်လာပြန်တယ် တဲ့။ လေထိုးဘယ်။ ရင်ကြပ်တယ်။ လည်ချောင်းကပ်တယ်။ ဒါလဲ ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့် စရိုက်ကို မလိုက်တဲ့ ဒုက္ခတွေဘဲ.... (မှန်ပါ့) ဒါကလေး ဘယ့်နှယ်ရှုရမယ်... (အနတ္တဘဲ ရှုရပါမယ်ဘုရား)။

အနတ္တဘဲ ရှုရမယ်။ အနတ္တမှာ အင်္ဂါဘယ်နှစ်ပါး ရှိသတုံး.... (သုံးပါးပါဘုရား) သုံးပါးနော်....(မှန်ပါ့ဘုရား)။

ပုဂ္ဂိုလ်အလိုမလိုက်တာ တချက် .. (မှန်ပါ့) သတ္တဝါအကြိုက်နဲ့ မကိုက်တာ....(တချက်ပါဘုရား) ကိုယ့်အကျင့် စရိုက် ဝါသနာနဲ့လဲ နည်းနည်းမှ မလျော်တာချည့်ပေါ်တယ်....(မှန်ပါ့) ဒီလိုပေါ်လာတာ ဘာခေါ်ကြမယ်....(အနတ္တပါဘုရား)။

အဲဒါကြောင့် တကာတကာမတွေ ဪ .... ဒီသုံးချက်ကို မှတ်ထားတော့မှ ခန္ဓာကိုယ်တကိုယ်လုံးမှာ ဝေဒနာ သုံးပါးလုည့်ပေါ်တာ ပုဂ္ဂိုလ်အလိုကြောင့် ပေါ်တာ တခုမှမရှိဘူး....(မှန်လှပါဘုရား) သတ္တဝါစရိုက်နဲ့ ကိုက်တာ တခုမှ မရှိဘူး.... (မှန်လှ

ပါဘုရား) ကိုယ့်စရိုက် ဝါသနာနဲ့ လျော်တာလဲ တခုမှမရှိဘူး- (မှန်ပါ့) ဒါ ဘာခေါ်ကြမယ်....(အနတ္တပါဘုရား)။

အဲဒါကြောင့် ဘာဘဲ လှည့်ပေါ်ပေါ် ဝေဒနာသုံးပါး လှည့်ပေါ်ချင်တာ ပေါ်ပါလိမ့်မယ်။ ပေါ်ပင် ပေါ်ငြား သော်လဲ ဤအင်္ဂါသုံးပါးနဲ့ စစ်ဆေးလိုက်တဲ့အခါကျတော့ ပုဂ္ဂိုလ်အလိုနဲ့ လဲ မကိုက်ပါဘူး... ဟင်....( မှန်ပါ့ )သတ္တဝါအကြိုက်နဲ့ကော.... (မကိုက်ပါဘုရား) ကိုယ့် အကျင့်စရိုက် ဝါသနာနဲ့ကော.... (မကိုက်ပါဘုရား)။

မကိုက်ဘူး။ သူ့အလိုက် ပေါ်တာလို့ ရှိရဲ့လား။သူ့စရိုက် အတိုင်း အလိုက်ပေါ်လာတဲ့ တရားရယ်လို့....(မရှိပါဘုရား)။

မရှိတော့ အင်္ဂါဘယ်နှစ်ပါးနဲ့ ပြည့်စုံတာကို အင်္ဂါသုံးပါးနဲ့ မညီညွတ်တဲ့ တရားကြီး ပေါ်လာတာ အနတ္တ...(မှန်ပါ့) အင်္ဂါ သုံးပါးနဲ့ မညီညွတ်ဘူး။

ဦးအောင်ဇံဝေ....(မညီညွတ်ပါဘုရား) အင်္ဂါသုံးပါးဆိုတာ ပုဂ္ဂိုလ်အလိုနဲ့ကော ကိုက်ကဲ့လား.... (မကိုက်ပါဘုရား) သတ္တဝါ အကြိုက်ကော ဟုတ်ကဲ့လား... (မဟုတ်ပါဘုရား) ကိုယ့်အကျင့် စရိုက်နဲ့ကော....သူသည် ကိုက်ညီရဲ့လား....(မကိုက်ညီပါဘုရား)။

အဲဒီ အင်္ဂါသုံးပါးနဲ့ စစ်ဆေးကြည့်လိုက်လို့ရှိယင် ဘယ်ဝေဒ နာကြည့်ကြည့် မကြိုက်ဘူး....(မှန်ပါ့)။

ဒါ့ကြောင့် ဘယ်ဝေဒနာပေါ်လာပေါ်လာ တကာတကာမ တွေက ပေါ်လာတဲ့ အခိုက်အတန့်မှာဖြစ်စေ၊ ပျောက်ပျက်သွားခဲ့ တဲ့ အခိုက်အတန့်မှာဖြစ်စေ အနတ္တချည့်ရှုပါ.... (မှန်ပါ့) ရှင်းပ လား.... (ရှင်းပါပြီ)။

အင်္ဂါဘယ်နှစ်ပါးပါလိမ့်....(သုံးပါးပေါ ဘုရား) ပုဂ္ဂိုလ်အလို တချက် မလိုက်ဘူး....( မှန်ပါ ) သတ္တဝါအကြိုက်နဲ့လဲ မကိုက်ဘူး။ ကိုယ့်အကျင့် စရိုက်ဝါသနာနဲ့ကော .. (မကိုက်ပါဘုရား) မကိုက်တဲ့ တရားချည့်ဘဲ ခန္ဓာထဲမှာ ပေါ်လာလိမ့်မယ်.... (မှန်လှပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

အဲဒီ့ ခန္ဓာထဲပေါ်လာတဲ့တရားဟူသရွေ့ ဘာခေါ်ကြမယ်.... (အနတ္တပါဘုရား)။

ဩော်....အနတ္တဆိုတော့ ဟုတ်ပြီ....တဲ့။ ဒါဖြင့် ဒီ အနတ္တဟာ ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်နဲ့ မလျော်တဲ့ဓမ္မတွေ ဖြစ်လေသောကြောင့် မောင်ချစ်စိန် အနတ္တ...(မှန်ပါ)။

ဒီ သုံးချက်ကို သေသေချာချာဝေဘန်ရမယ်.... (မှန်ပါ) ဒီလို ဝေဘန်လိုက်တော့မှ ဦးကျော်မောင်တို့....ဩော်.... ဟုတ်သားဘဲ၊ သုံးချက်နဲ့ ဝေဘန်ကြည့်လိုက်လို့ရှိယင် သုံးချက်စလုံးနဲ့ကိုဘဲ မကိုက်တဲ့ တရားချည့် ခန္ဓာကိုယ်ထဲ ရှိပါကလား . ဆိုတာ ပေါ် လာတယ်...(ပေါ်လာပါတယ်ဘုရား) ဟုတ်ပလား.... (ဟုတ်ပါ တယ်ဘုရား)။

အဲဒီကဲ့သို့ ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့် စရိုက်နဲ့ မကိုက်တဲ့တရားကို ဘာခေါ်ကြမယ်....(အနတ္တပါဘုရား)။

ယနေ့ ဆရာ-ဘုန်းကြီးသည် ဝေဒနာကမ္မဋ္ဌာန်းကို အနတ္တထင် အောင် အင်္ဂါသုံးပါးနဲ့ ရွေးချယ်ပြီးသကာလ ဟောလာတယ် ဆိုတဲ့ ဥစ္စာ မှတ်ရမယ်.... ဦးဘသန်း....(မှန်ပါ) ဒါ မဟောဘူး သေးဘူး....နော်...(မှန်ပါ-မဟောဘူးသေးပါဘုရား)။

မဟောဘူးသေးဘူးတဲ့။ အနတ္တစစ်ချင်လို့ရှိယင် ဒီ သုံးပါးနဲ့ သာ ဝေဘန်လိုက်....( မှန်ပါ ) ဒီ ဝေဒနာကလေး တခုပေါ်လာ

တယ်။ ဘာပေါ်ပေါ် မောင်သစ် ပုဂ္ဂိုလ်အလိုအတိုင်းပေါ်လာတာလား...(မဟုတ်ပါဘုရား) သတ္တဝါအကြိုက်အတိုင်း ပေါ်လာတာလား....(မဟုတ်ပါဘုရား) ကိုယ့်ဝါသနာစရိုက်အတိုင်း ပေါ်လာတာလား.... ( မဟုတ်ပါဘုရား ) ဒါဖြင့် ဓမ္မသဘောအတိုင်း ပေါ်လာတာ .. (မှန်ပါ့)။

ဒါဖြင့် ဘယ့်နှယ်ဆိုမလဲ....(ဓမ္မသဘောအတိုင်းပေါ်တာပါဘုရား) အနတ္တဘဲဆိုတာ အင်္ဂါသုံးပါးနဲ့ စစ်ဆေးလိုက်လို့ရှိယင်ဖြင့် ခန္ဓာထဲမှာ ဝေဒနာသုံးပါးလှည့်ပေါ်ပါတယ်... ( မှန်ပါ့ ) ပေါ်တိုင်း-ပေါ်တိုင်းဟာ ဘာရယ်လို့ စဉ်းစားမနေဘဲနဲ့ အင်္ဂါသုံးပါးနဲ့ မညီသောကြောင့် အနတ္တဓမ္မသက်သက်သာ ပေါ်လာတယ်လို့ ဦးဘသန်း ဆုံးဖြတ်ချက်ချပါ... (မှန်ပါ)။

ဒါ ရှုတဲ့အခါမှာ အင်မတန် သဘောပါတဲ့ တရားလို့ မှတ်လိုက်စမ်းပါ.. နော်... (မှန်ပါ့)။

ရှုတဲ့အခါမှာ အင်မတန်သဘောပါတယ်။ ရှုလိုက် ဝေဒနာကလေးတခုပေါ်လာတယ်ဆိုယင် ဩော်.... ရှုနေတဲ့ ပုဂ္ဂိုလ်၏အလိုလား....၊ ဝေဒနာကလေး စစ်ဆေးလိုက်....(မှန်ပါ့) ရှုနေတဲ့ ပုဂ္ဂိုလ်၏ အလိုလား.... သူ့အလိုအတိုင်း ပေါ်လာတာလားကြည့်လိုက်....(မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ.... (သူ့အလိုအတိုင်းပေါ်တာပါဘုရား)။

မဟုတ်ဘူး။ သူ့အလိုအတိုင်းလဲမဟုတ်ဘူး... (မှန်ပါ့)ဒါဖြင့် သတ္တဝါတို့၏ အများအကြိုက်သားလို့ မေးပြန်တော့....(မဟုတ်ပါဘုရား) ဒါလဲ မဟုတ်ဘူး။ သူ့သဘောသူ သူ့ဟာသူ ပေါ်လာတာဘဲ...( မှန်ပါ့ ) ကိုယ့်အကျင့် ဝါသနာစရိုက်နဲ့ကောကိုက်ကဲ့လား .. (မကိုက်ပါဘုရား)။

မကိုက်တော့ ဒီ သုံးပါးနဲ့ စစ်ဆေးလိုက်လို့ ရှိယင် ပေါ်လာတဲ့ ဓမ္မဟာ အနတ္တဖြစ်ရတော့မယ်....( မှန်ပါ့ ) သဘောပါကြရဲ့ လား.. (ပါ-ပါတယ်ဘုရား)။

ပုဂ္ဂိုလ်အလို၊ သတ္တဝါအကြိုက်၊ အကျင့်စရိုက်နဲ့ မကိုက်တဲ့ တရား ဘာခေါ်မယ်....(အနတ္တပါဘုရား)။

ဦးကျော်မောင် ဘာတဲ့.... (ပုဂ္ဂိုလ်အလို၊ သတ္တဝါ အကြိုက် အကျင့်စရိုက်နဲ့ မကိုက်တဲ့တရား အနတ္တပါဘုရား)။

အို .... နေရာကျလိုက်တာ နောက်က တကာ တကာမတွေ ခင်ဗျားတို့ဘက်က ဆိုစမ်း ဘာတုံး.... ( ပုဂ္ဂိုလ်အလို သတ္တဝါ အကြိုက် အကျင့်စရိုက်နဲ့ မကိုက်တဲ့တရား အနတ္တပါဘုရား)။

အဲ.... ဓမ္မကလေးတခုပေါ်လို့ ယားပေါ်လာပေါ်လာ။ နာ ပေါ်လာပေါ်လာ။ အယားအနာတို့၏ ကြားထဲမှာ ဖြစ်တဲ့ ဥပေက္ခာဘဲ ပေါ်လာပေါ်လာ။ ပေါ်ချင်တာပေါ်လာ။ ဒီသုံး ချက်နဲ့ စစ်ဆေး... (မှန်ပါ့)ဟုတ်ပလား....(မှန်ပါ့) ဒီ သုံးချက်နဲ့ စစ်ဆေးလိုက်တဲ့အခါကျလို့ ရှိယင် ဒီ သုံးချက်နဲ့ တခုမှ ညီမှာ မဟုတ်ဘူး....(မှန်ပါ့)။

ပုဂ္ဂိုလ်အလိုလဲ မဟုတ်ဘူး။ ဒီ ဓမ္မကလေးဟာ....( မှန်ပါ့ ) သတ္တဝါအကြိုက်လဲ .. (မဟုတ်ပါဘုရား) ကိုယ့်အကျင့် စရိုက် ဝါသနာနဲ့ကော ကိုက်ကဲ့လား... (မကိုက်ပါဘုရား) မကိုက်လို့ ရှိယင် ပေါ်လာတဲ့ ဓမ္မကလေး ဘယ့်နှယ်ဆိုမလဲ ... (အနတ္တပါ ဘုရား) အနတ္တလို့ဆိုတော့ ဩော်... တကာတကာမတို့၊ ထိုင်ရင်း ညောင်းလာတော့ စဉ်းစားကြည့်ပါလား။ ထိုင်ရင်းညောင်းလာ တော့ ညောင်းတတ်တဲ့ ဒုက္ခဝေဒနာကလေးဟာ ပုဂ္ဂိုလ်အလို ကော ဟုတ်သေးရဲ့လား .. ( မဟုတ်ပါ )သတ္တဝါအကြိုက်....

(မဟုတ်ပါ)ကိုယ့်အကျင့်စရိုက်နဲ့ကော ကိုက်ကဲ့လား.... (မကိုက်ပါ)မကိုက်တော့ ညောင်းတဲ့ ဝေဒနာကလေး ဘာဆိုကြမယ်.... (အနတ္တပါ)အနတ္တ....။

ထို့အတူ ဝမ်းနည်းလာတယ်... ဟုတ်လား....(မှန်ပါ့) ဝမ်းနည်းလာတယ်တဲ့၊ဝမ်းနည်းတဲ့ ဒေါမနဿဝေဒနာကလေး ပေါ်လာတယ် ဝမ်းထဲမှာ။ ပုဂ္ဂိုလ်အလိုအတိုင်း ပေါ်တာလား.... ( မဟုတ်ပါ ) သတ္တဝါအကြိုက်လား ... (မဟုတ်ပါ) ကိုယ့်အကျင့်စရိုက်အတိုင်း ပေါ်လာတာကော... (မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးတဲ့...၊ အာရုံဒွါရက အာရုံက နှိပ်စက်လိုက်သည်နှင့် တပြိုင်နက်တည်း ပေါ်လာတာ... (မှန်ပါ့)။

အဲဒီ အကြောင်းကြောင်းကြောင့် အင်္ဂါသုံးပါးနဲ့ စိစစ်လိုက်လို့ရှိယင် ပေါ်လာတဲ့ဓမ္မ ဘာခေါ်ကြမယ်....(အနတ္တပါဘုရား)။

အေး... ဒါကြောင့် ဘာပေါ်ပေါ် ဒီသုံးပါးနဲ့ စစ်ဆေးလိုက်လို့ရှိယင် အနတ္တဆိုတာ ဓမ္မက ပြောမယ်....(မှန်ပါ့) ရှင်းပလား....( ရှင်းပါပြီ )အနတ္တဆိုတာ...(ဓမ္မက ပြောပါတယ်ဘုရား )။

ဓမ္မကပြောတယ်ဆိုတော့ ခန္ဓာကိုယ်တကိုယ်လုံးမှာ ဘာတွေဖြစ်သွားသတုံးဆိုတော့မှ ပုဂ္ဂိုလ်လဲမရှိဘူး၊ သတ္တဝါလဲမရှိဘူး၊ ကိုယ့်အကျင့် ကိုယ့်အကြိုက်နဲ့ ကိုက်တာလဲ တခုမှမရှိသောကြောင့် ခန္ဓာကိုယ်တကိုယ်လုံးကို သဗ္ဗေဓမ္မာအနတ္တာလို့ ဒီသွားပေါ်တယ်...(မှန်ပါ့)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

သဗ္ဗေဓမ္မာ....(အနတ္တာပါ) ဟန်ကျကြပလား....(ကျပါပြီ) အင်း....သဗ္ဗေဓမ္မာ အတ္တနာ· ဒီတကိုယ်လုံးစုနေတဲ့ ခန္ဓာငါးပါး

ဟာ မောင်ချစ်စိန် ဘယ်အထဲဝင်သွားသတုံး .... (သဗ္ဗေဓမ္မာ အနတ္တာပါ)အဲဒီထဲသွားဝင်တယ်....(မှန်ပါ့ဘုရား)။

တကိုယ်လုံးမှာ ဖြစ်နေတဲ့ ရုပ်ဘက်ကကြည့်ကြည့်၊ ဝေဒနာဘက်က ကြည့်ကြည့်၊ သညာဘက်က ကြည့်ကြည့်၊ စေတနာဘက်ကကြည့်ကြည့်၊ သင်္ခါရက္ခန္ဓာဘက်က ကြည့်ကြည့်ပေါ့ဗျာ-(မှန်ပါ့)ဝိညာဏက္ခန္ဓာဘက်က ကြည့်ကြည့်၊ ကြည့်ချင်တာကြည့် ခန္ဓာထဲမှာဖြင့် ပုဂ္ဂိုလ်အလိုတခုမှမပါဘူး (မပါပါ)သတ္တဝါ အကြိုက်နဲ့ တခုမှမကိုက်ဘူး၊ ကိုက်သေးရဲ့လား....(မကိုက်ပါ) ကိုယ့်အကျင့်စရိုက်အတိုင်း ပေါ်လာတာကော ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား)။

အဲဒါကြောင့် ဉာဏ်သုံးချက်နဲ့ စစ်ဆေးယင် ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်နဲ့ မကိုက်တာချည့်ဘဲ.... (မှန်ပါ့) မကိုက်တာချည့် ရှိသောကြောင့် ခန္ဓာထဲပေါ်သ၍ ဘာဆိုကြမယ်....(သဗ္ဗေဓမ္မာအနတ္တာပါဘုရား)၊

အဲ .... သဗ္ဗေဓမ္မာ အနတ္တာချည့်ဆိုတော့ မင်းတို့ချင်းချက် ငါမပြောပါဘူးကွာ ခန္ဓာထဲ အလုံးစုံသာယူလိုက်ပါတော့နော်-(မှန်ပါ့ဘုရား)။

သဗ္ဗေ=အလုံးစုံကုန်သော၊ ဓမ္မာ = ရုပ်နာမ်ဓမ္မ ဟူသမျှတို့ သည်၊ အနတ္တာ=ဆိုတော့ ဦးကျော်မောင် ရှေးနေဘို့လိုသေးသလား...(မလိုပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဘယ့်နှယ်ကြောင့် အလုံးစုံကို ဘုရားက အနတ္တလို့ ဟောလိုက်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ခုနင်က သုံးချက်နဲ့

စစ်ဆေးတော့ တခုမှမကိုက်ဘူး.... ( မှန်လှပါ ) ပုဂ္ဂိုလ်အလိုနဲ့ ကော... (မကိုက်ပါ) သတ္တဝါအကြိုက်နဲ့ကော.... ( မကိုက်ပါ ) ကိုယ့်အလိုက် ဘာသာ ဝါသနာစရိုက်နဲ့ကော .... (မကိုက်ပါ ဘုရား)။

မကိုက်တော့ ဒီသုံးချက်နဲ့ စစ်ဆေးလိုက်လို့ ရှိယင်ဖြင့် အားလုံး တကာတကာမတွေ့ သဗ္ဗဓမ္မာ အနတ္တာဆိုတာ ယနေ့ရှင်းသွား ပြီ... (ရှင်းပါပြီဘုရား)။

ရှင်းသွားပြီ၊ အင်မတန် သဘောပါတဲ့ တရား....( မှန်ပါ ) အင်မတန် သဘောပါတယ် ဦးအောင်ဇံဝေ.... (မှန်ပါဘုရား)။

ခင်ဗျားနေမကောင်းတာ ခင်ဗျား ပုဂ္ဂိုလ်အလိုလဲ ဟုတ်ကဲ့ လား... (မဟုတ်ပါ) ခင်ဗျားအကြိုက်ကော....(မဟုတ်ပါဘုရား) ခင်ဗျား အကျင့်စရိုက်နဲ့ကော ကိုက်ကဲ့လား.... ( မကိုက်ပါ ) ဒါဖြင့် ဘာဖြစ်နေတာတုံး....(အနတ္တပါ) အနတ္တကို ဘုရားက ဘယ့်နှယ်ဟောသတုံး.... (သဗ္ဗဓမ္မာ အနတ္တာပါဘုရား)။

အဲဒါ မင်းတို့က ဘာလုပ်နေနေကွာ၊ တကိုယ်လုံးဟာအနတ္တ၊ မင်းတို့အလို မင်းတို့အကြိုက် မင်းတို့စရိုက်နဲ့တော့ ဘယ်ဟာမှ ကိုက်မှာမဟုတ်ဘူး ... (မှန်ပါ) ဆိုပြီးသကာလ ခန္ဓာက ပြော နေတယ်....(မှန်ပါ)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ခန္ဓာကပြောတဲ့အခါကျတော့ ဩော် ဒါက ဆရာဘုန်းကြီး ဟောနေတာ ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်နဲ့ မကိုက်တဲ့ အနတ္တကိုဟောနေတာကိုး ယနေ့တရားမှာ.... (မှန်ပါ) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ကောင်းပြီ...တဲ့၊ တနည်း အနုတ္တကိုဟောလိုက်ဦးမယ်၊ ဒါက အခုပေါ်လာတဲ့ ဓမ္မကလေးကို အင်္ဂါသုံးချက်နဲ့ စစ်ဆေးတယ် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ပေါ်လာတဲ့ ဓမ္မကလေးကိုတခါ တမျိုးအနုတ္တနဲ့ဝေဘန်ပြီးသကာလ ဘုရားဟောလိုက်တယ်....(မှန်ပါ့ဘုရား)။

တမျိုးအနုတ္တနဲ့ ဝေဘန်တော့ကို ဘယ်လိုဝေဘန်ပါလိမ့်မတုံးဆိုတော့ ဝိညာဏ်ကြောင့် ဒုတိယအကွက်မှာ တကာတကာမတွေ့ကြည့်စမ်း ဘာဖြစ်သတုံး... (နာမ်ရုပ်ဖြစ်ပါတယ်ဘုရား)၊

ဒါဖြင့် ဝိညာဏ်ချုပ်ယင် နာမ်ရုပ်ချုပ်ရမယ်.... ( မှန်ပါ့ ) ဝိညာဏ်ဖြစ်ယင်....(နာမ်ရုပ် ဖြစ်ရပါမယ်ဘုရား)။

ဩော်.... ဒါနဲ့ ကြည့်လိုက်ပြန်တော့လဲ အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်....(မှန်ပါ့) အကြောင်းချုပ်လို့....(အကျိုးချုပ်ပါတယ်) ဟောဒီအနုတ္တလဲ တမျိုး....(မှန်ပါ့ဘုရား)။

အကြောင်းဖြစ်သောကြောင့်....( အကျိုးဖြစ်ပါတယ် ) အကြောင်းချုပ်သောကြောင့်....(အကျိုးချုပ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒီအနုတ္တကတော့ဖြင့် အကြောင်းအနုတ္တမို့ အကျိုးအနုတ္တပါလားဆိုတော့ ခုနင်ကဟာနဲ့ တမျိုး....(မှန်ပါ့) အနုတ္တချင်းတော့ အတူတူပါဘဲ....(မှန်ပါ့ဘုရား)။

အနုတ္တချင်းတော့ အတူတူပါဘဲနော်...(မှန်ပါ့) အကြောင်းအနုတ္တမို့ ဘာတုံး....(အကျိုးအနုတ္တဖြစ်ပါတယ်) ဝိညာဏ်ကလဲ မိမိပိုင်ပြင်ထားတာ ဟုတ်ကဲ့လား....( မဟုတ်ပါ ) အဲ ...သူကလဲ အနုတ္တနော်....(မှန်ပါ့ဘုရား)။

သူက ပြုပြင်တဲ့ နာမ်ရုပ်ကကော တကာတကာမတို့အနတ္တဘဲ မကျဘူးလား....(အနတ္တပါ) ဝိညာဏ်ကိုက မိမိသဘောအတိုင်း ပေါ်လာတာမဟုတ်ဘူး.... (မဟုတ်ပါ) တခါ ဝိညာဏ်က ပြု လိုက်တဲ့ နာမ်ရုပ်ကလဲ....တဲ့၊ မိမိတို့နဲ့ ဘာဆိုင်သလဲ.... (မဆိုင်ပါ ဘုရား)။

ဒါဖြင့် ဝိညာဏ်အနတ္တမို့ နာမ်ရုပ်....( အနတ္တပါ ) အေ.... ဝိညာဏ်ကဖြစ်ယင် နာမ်ရုပ်က ဖြစ်လိမ့်မယ်....(မှန်ပါ) ဝိညာဏ် က ချုပ်ယင်....(နာမ်ရုပ်ချုပ်မှာပါဘုရား)။

အဲဒီ အနတ္တက ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တမျိုး ဟောပြန်တယ်... (မှန်ပါ)ဩော်....ဒါက မင်းတို့ကွာတဲ့၊ ခုနင်က သတ္တဝါအလို ပုဂ္ဂိုလ်အကြိုက် အကျင့်စရိုက်နဲ့ မကိုက်တဲ့အနတ္တ က အနတ္တချင်းတော့ အတူတူပါဘဲကွ....တဲ့၊ သို့သော် မင်းတို့ ဉာဏ်ရှင်းသထက် ရှင်းအောင်ဆိုပြီး အကြောင်း အနတ္တမို့ အကျိုးအနတ္တဟော့တဲ့....( မှန်ပါ ) နောက်ဟောတာ.... (မှန်ပါ ဘုရား)။

အယင်ဟာက ပုဂ္ဂိုလ်နဲ့ညှိတယ်၊ အခုဟာတော့ ဓမ္မချင်းညှိ တယ်... (မှန်ပါဘုရား) အနတ္တနှစ်မျိုး ဟောထားတယ်၊ ရှင်းကြ ရဲ့လား (ရှင်းပါပြီဘုရား)။

အယင်တော့ ပုဂ္ဂိုလ်နဲ့နောက်ဟာကဓမ္မနဲ့ညှိတယ်....(မှန်ပါ) ပေါ်ကြရဲ့လား .... ( ပေါ်ပါတယ်ဘုရား )။

အယင်ဟာက ဘာတဲ့တုံး .... ( ပုဂ္ဂိုလ်နဲ့ ညှိပါတယ် ) အဲ ပုဂ္ဂိုလ်နဲ့ ညှိတော့ ကိုက်ကဲ့လား .... ( မကိုက်ပါဘုရား ) အဲဒါကြောင့် အနတ္တ....(မှန်ပါဘုရား)။

နောက်ဟောကမ္မနဲ့ညှိုတာတခုသော အကြောင်း ဓမ္မပေါ်လာယင် တခုသော အကျိုးဓမ္မမပေါ်ဘူးလား....(ပေါ်ပါတယ်)တခုသော အကြောင်းဓမ္မချုပ်သွားတော့ တခုသောအကျိုးဓမ္မကော (ချုပ်သွားပါတယ်ဘုရား)။

သြော်....ဒါကြောင့် အကြောင်းဓမ္မကအနတ္တမို့ အကျိုးဓမ္မလဲ အနတ္တဖြစ်ကြတယ်လို့ဆိုတာ ဝေဘန်ရလိမ့်မယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အကြောင်းဓမ္မက အနတ္တမို့ .... (အကျိုးဓမ္မ အနတ္တဖြစ်ပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် သွားလိုက် ဝေဒနာကို ဆက်ကြပေတော့.... (မှန်ပါ့) ဖဿပစ္စယာဆိုတာ တကာတကာမတွေ ၂ နံပါတ်တွေ့ပါလိမ့်မယ်ဟင်....(တွေ့ပါတယ်) မတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား)။

ဖဿပစ္စယာ .. (ဝေဒနာပေါ်)ဒါဖြင့် ဖဿက.... (အကြောင်းပါဘုရား)ဝေဒနာက... (အကျိုးပါ) မယုံယင်ကြည့် ဖဿပစ္စယာ ဝေဒနာ (မှန်ပါ့)ဖဿကြောင့်... (ဝေဒနာဖြစ်ပါတယ်ဘုရား)။

ဖဿပစ္စယာ=ဖဿသုံးပါးတို့ကြောင့်၊ ဝေဒနာ= ဝေဒနာသုံးပါးတို့သည်၊ ဥပ္ပဇ္ဇန္တိ=ဖြစ်ကုန်၏ဆိုတော့ ဝေဒနာသုံးပါးစလုံးနော်....(မှန်ပါ့) (ဝါ)တနည်း ငါးပါးစလုံး.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဖဿဖြစ်လို့....( ဝေဒနာဖြစ်ပါတယ် )သြော်.... ဖဿဓမ္မကလဲ တကာတကာမတို့ သိတဲ့အတိုင်းတဲ့ ဓမ္မဟာပုဂ္ဂိုလ်အလိုမလိုက်တဲ့ ဓမ္မဘဲနော် (မှန်ပါ့) ဖဿဓမ္မကြောင့် ဝေဒနာဓမ္မဖြစ်တာဘဲ၊ဖဿဓမ္မချုပ်ပြန်တော့လဲ ဝေဒနာဓမ္မချုပ်ပါတယ်။

ဩော် .... ဒါဖြင့် အကြောင်း ဖဿမမှုက အနတ္တဖြစ်လို့ အကျိုးဝေဒနာမမှု အနတ္တဖြစ်တယ် .... (မှန်ပါ) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

အဲဒီတော့ကို ဒီအထဲငါဝင်မရှုပ်တော့ဘူးတဲ့တရားက၊ငါဝင်ရှုပ်သေးလား....(မရှုပ်ပါဘုရား)။

အကြောင်း ဖဿက အနတ္တမို့ အကျိုးဝေဒနာသည် .... (အနတ္တပါဘုရား)ငါဝင်အလှည့်ကို မပါဘူး၊ ပါသေးသလား-- (မပါပါဘုရား)။

ငါဝင်စရာ မပါဘူး ဦးကျော်မောင်တို့.... ဦးစံဖေတို့ .... (မှန်ပါ)ငါဝင်စရာ မပါဘူး မောင်ချစ်စိန်တို့ ငါဝင်စရာ ဘယ့်နှယ်တုံး....(မပါပါဘုရား)။

သူတို့နှစ်ခု ဖဿနဲ့ဝေဒနာသာ ဆက်သွယ်နေတယ်၊ငါကြားထိုးလို့ မရဘူး....( မရပါဘုရား ) ရသေးရဲ့လား....( မရပါဘုရား )။

ဒါဖြင့် ဒီ အနတ္တကတဲ့... ဆဆက္ကသုတ်မှာ ဟောတော်မူတဲ့-ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဖဟာတဲ့ အနတ္တနော်....(မှန်ပါဘုရား)။

အဲဒါ ပဏ္ဏာသမှာ လာတဲ့ အနတ္တတဲ့....၊ခုနင်က လာတာက သံယုတ်မှာလာတဲ့ အနတ္တနော်....(မှန်ပါ)။

ကဲ... ဒါဖြင့် ဖဿတည်းဟူသော အကြောင်းဖြစ်လို့ ရှိယင် ဝေဒနာတည်းဟူသော အကျိုးဟာ မဖြစ်ဘူးလား.... (ဖြစ်မှာပါဘုရား)။

အင်း....ငါ မရှုပ်ကြနဲ့ ဒီကြားထဲမှာ၊ ငါ ရှုပ်လို့ ရသေးရဲ့လား....(မရပါဘုရား) ငါဖြစ်စေချင်လို့ ဖြစ်တာလို့ လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား)။

မလာနိုင်သောကြောင့် သြော်....အကြောင်းက ဖြစ်စေလို့ အကျိုးဖြစ်တာဘဲ....(မှန်ပါ) အကြောင်းချုပ်လို့ .... (အကျိုးချုပ်တာပါဘုရား)။

အကျိုးချုပ်တာဘဲဆိုတော့ အကြောင်း အကျိုးမျှသာ ရှိတယ်၊ အကြောင်းအနတ္တမို့ အကျိုးအနတ္တဆိုတာသာ ရှိတယ်ဆိုတာ ဉာဏ်ကနေ ဝေဘန်လိုက်ပြန်တော့ ဒီထဲမှာ ငါ့ငါ့ဥစ္စာဆိုတဲ့ အတ္တနဲ့ အတ္တနိယပြုတ်သွားတယ်၊ အနတ္တဉာဏ် ပေါက်သွားတယ်...( မှန်ပါ ) မပေါက်ဘူးလား....(ပေါက်ပါတယ်ဘုရား)။

အဲဒီလို တခါ ဉာဏ်နဲ့ ဝေဘန်လိုက်တဲ့ အခါကျတော့ .... တကာတကာမတွေသန္တာန် ယားတဲ့ ဝေဒနာကလေး ပေါ်လာပြန်လဲ အင်းတခုခုနဲ့ ထိလို့ဘဲ....(မှန်ပါ)။

နာတဲ့ ဝေဒနာကလေး ပေါ်လာပြန်လဲ....(တခုခုနဲ့ ထိလို့ပါဘုရား)ဒါဖြင့် ဖဿပစ္စယာ ဝေဒနာပေါ့....(မှန်ပါ)။

ငါ့မှာ ဘာဖြစ်နေပါလိမ့်မလဲလို့ လုပ်မနေပါနဲ့....(မှန်ပါ) ဖဿက ထိတွယ်လိုက်လို့ တခုခုနဲ့ ထိလို့ ဝေဒနာပေါ်လာခြင်း ဖြစ်ပါတယ်....(မှန်ပါ)ငါ ဘာဖြစ်ပါလိမ့်မတုံးလို့ တကာတကာမတွေက ဒီအထဲ ငါဝင် မရှုပ်ပါနဲ့... (မှန်ပါ) ။

ဖဿတခုခု မရှိဘဲနဲ့ ဟုတ်လား....( မှန်ပါ ) ဆူးကလေးနဲ့သော်ငင်း၊ အဝတ်ကြမ်းကလေးနဲ့သော်ငင်း ထိတဲ့ ဖဿကလေး

ပေါ်လို့သာ ဝေဒနာပေါ်တယ်....(မှန်ပါ)နို့မဟုတ်ယင် ပေါ်စရာ မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ဒါဖြင့် ဖဿပစ္စယာ....(ဝေဒနာပါဘုရား) ဖဿနိရောဓာ....(ဝေဒနာနိရောဓောပါဘုရား)၊

ဝေဒနာနိရောဓောဆိုတော့ ဧသြ် .... ဒါဖြင့် ဒီ တကာ တကာမတွေမှာဖြင့်တဲ့ ငါ ဝင်မရှုပ်နိုင်တဲ့ အနတ္တဟောပြန်တာဘဲ (မှန်ပါဘုရား) ဦးကျော်မောင် အဘိုးတန်လိုက်တာ....(တန်ပါတယ်ဘုရား)။

နောက်က တကာတကာမတွေ နားလည်ရဲ့လား....(လည်ပါတယ်ဘုရား)ငါဝင်မရှုပ်နိုင်ဘူး၊ ရှုပ်နိုင်သေးရဲ့လား... (မရှုပ်နိုင်ပါဘုရား)။

ရှုပ်ကို မရှုပ်နိုင်ဘူးတဲ့၊ ကြည့် ပဋိစ္စသမုပ္ပါဒ်ဒုတိယကွက်မှာ.... ဖဿပစ္စယာ....(ဝေဒနာပါဘုရား) ဝေဒနာဆိုတော့ ဖဿကြောင့် ဝေဒနာဖြစ်ပါတယ်လို့ ဘုရားက ဟောတယ်....(မှန်ပါ)။

တခါ ဝေဒနာကလေး ပျောက်သွားတော့ အလိုလို ပျောက်တာလားလို့ မေးတဲ့အခါကျတော့ ဖဿနိရောဓာ ...(ဝေဒနာနိရောဓောပါဘုရား)ဟော....ဖဿချုပ်လို့ ဝေဒနာချုပ်တယ်.... (မှန်ပါ)။

ဒါဖြင့် ဒီအထဲမှာ အကြောင်းဖဿဖြစ်လို့ အကျိုးဝေဒနာဖြစ်တယ်၊ အကြောင်းဖဿချုပ်လို့....(အကျိုးဝေဒနာ ချုပ်ပါတယ်) ဟော....ငါကို ဝင်ခွင့်မရဘူး....(မှန်ပါ) ငါ့ဥစ္စာဆိုတာ ဝေးရော...(မှန်ပါ)ငါ့အတောင် ဝင်ခွင့်မရပါဘူးဆိုတာ ပေါ်လာတယ်....(မှန်ပါ)။

ကဲ....ဒါဖြင့် ဒီ အနတ္တက ပုဂ္ဂိုလ်သတ္တဝါ မတုနိုင်တဲ့ အနတ္တ မောင်ချစ်စိန်ရ....(မှန်ပါ) ပုဂ္ဂိုလ်သတ္တဝါ ဝင်ရှုပ်လို့ ရသေးရဲ့ လား . (မရပါ)ပဋိစ္စသမုပ္ပါဒ်နဲ့ ပြနေတာ....(မှန်ပါ့)သဘောပါ ပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်ကို မလိုက်တဲ့ အနတ္တကတော့ ခန္ဓာကြည့်ပြီးသကာလ ဩော်.... ပုဂ္ဂိုလ်အလိုက် မဟုတ်ပါလား....၊ သတ္တဝါအကြိုက် မဟုတ်ပါ လား....၊ကိုယ့်အကျင့်စရိုက်နဲ့ လျော်တာလဲ မဟုတ်သောကြောင့် ပုဂ္ဂိုလ်နဲ့ နှိုင်းချိန်ပြီး ကိုယ့်အကြိုက်နဲ့ နှိုင်းချိန်ပြီး အနတ္တ .... (မှန်ပါ့) အဲဒီ အနတ္တကာ တမျိုးနော်....(မှန်ပါ့)။

အခုဟောတဲ့ အနတ္တကတော့ မဟုတ်ဘူးတဲ့ ပုဂ္ဂိုလ် သတ္တဝါ ကို ကြားမဝင်နိုင်အောင် ငါကလေးက နည်းနည်း မရှုပ်နိုင် အောင် ကြားမထိုးနိုင်အောင် ဖဿဖြစ်လို့....(ဝေဒနာ ဖြစ်ပါ တယ်) ဖဿချုပ်လို့ .. (ဝေဒနာ ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ပုဂ္ဂိုလ် သတ္တဝါနဲ့ ကြားဝင်စရာ ရှိသေးရဲ့လား.... (မရှိပါ) ဩော် ဓမ္မသဘောအတိုင်း အကြောင်းဓမ္မက ဖြစ်စေ လို့ အကျိုးဓမ္မဖြစ်စေတာဘဲ၊ အကြောင်းဓမ္မချုပ်လို့ အကျိုး ဓမ္မ ချုပ်တာဘဲလို့ ဆိုတော့ ငါ မဝင်နိုင်အောင်လို့ ဟောထား တဲ့ အနတ္တ...( မှန်ပါ့ဘုရား )သဘောကျပလား....( ကျပါပြီ ဘုရား )။

ကဲ... ဒါဖြင့် ဟကာဘကာမတို့ ဒီအနတ္တ သဘောကျလိုက် သဖြင့်တဲ့....ခင်ဗျားတို့မှာ သဿတဒိဋ္ဌိလဲ စင်,ဥစ္ဆေဒဒိဋ္ဌိလဲ စင် တယ်....(မှန်ပါ့)။

ဒီ အနုတ္တ သဘောကျလိုက်တာဘာတဲ့... (သဿတဒိဋ္ဌိလဲ စင်၊ ဥစ္ဆေဒဒိဋ္ဌိလဲ စင်ပါတယ်ဘုရား)။

အံ့မာလေး... အင်မတန် အဘိုးတန်ပါကလား မောင်သစ်.... (မှန်ပါ့)။

သဿတရော... (စင်ပါတယ်ဘုရား) ကြည့်လေ အကြောင်း ဖြစ်တော့ကို အကျိုးဖြစ်တယ်....(မှန်ပါ့)။

အကြောင်းဖဿ ဖြစ်တော့ကို (အကျိုးဝေဒနာဖြစ်ပါတယ်) အကျိုးဝေဒနာဖြစ်တယ် ဆိုသဖြင့် စဉ်းစားကြည့်ပါလား.... တဲ့၊ အကြောင်းဖဿဖြစ်လို့ အကျိုးဝေဒနာ ဖြစ်ပါတယ်ဆိုတော့.... ဩော်....သူတို့ အကြောင်း,အကျိုး ဆက်နေကြတာကိုး....လို့.... သိတယ်....(မှန်ပါ့)။

အကြောင်းဖြစ်ယင် အကျိုး ဖြစ်တာဘဲ ဆိုလို့ရှိယင်ဖြင့်.... အဖြစ်မြင်သဖြင့် ဥစ္ဆေဒစင်သွားပြီ... (မှန်ပါ့)မစင်သေးဘူးလား (စင်ပါတယ်)ဖဿကြောင့် ဝေဒနာဖြစ်တယ်။

ဖဿဖြစ်လို့....(ဝေဒနာဖြစ်ပါတယ်)ဒီကျတော့ အကြောင်း အကျိုး ပြတ်သေးရဲ့လား . (မပြတ်ပါဘုရား) မပြတ်တော့ကို ပြတ်တယ်လို့ ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိ စင်သွားတယ်....(မှန်ပါ့) မစင် သေးဘူးလား....(စင်ပါတယ်ဘုရား)။

တခါ အကြောင်းချုပ်သွားလို့ရှိယင်လဲ မောင်သစ် ဘာတဲ့ (အကျိုးချုပ်သွားပါတယ်ဘုရား)။

အကျိုးချုပ်သွားတယ် ဆိုလို့ရှိယင်လဲ ခိုင်မြဲတဲ့ သဿတ ရှိ သေးရဲ့လား....(မရှိပါဘုရား)။

ငါ့မှာ ခိုင်မြဲတာတွေ ရှိသေးတယ်၊ ဖဿလဲ ခိုင်မြဲတယ်၊ ဝေ

ဒနာလဲ ခိုင်မြဲတယ်လို့ ဒီလို အယူဝါဒဟာ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒါက ဘယ်ဒိဋ္ဌိ စင်သွားသဘုံး....(သဿတဒိဋ္ဌိ စင်ပါတယ်) ဒါဖြင့် အခုနောက်ပြောတဲ့အဓိပ္ပါယ်နဲ့ ခုနင်က စပြီးပြောခဲ့တဲ့ အဓိပ္ပါယ် နှစ်ခုစလုံးကို နားလည်ကြလို့ရှိယင်ဖြင့် သဿတ ဥစ္ဆေဒ စင်သွားပြီ....( မှန်ပါ ) ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

သဿတနဲ့ (ဥစ္ဆေဒစင်သွားပါပြီ)ခိုင်မြဲတယ်ယူတဲ့ သဿတ နဲ့ ပြတ်တောက်တယ်ယူတဲ့ ဥစ္ဆေဒ စင်သွားတော့ကို ဆရာ ဘုန်းကြီးသည် ဒီ အနတ္တဟောလိုက်ဘာ သောတာပတ္တိမဂ်ကို တားတဲ့ ဒိဋ္ဌိနှစ်ခု စင်အောင် ဟောနေတာကိုးလို့ မှတ်လိုက်ပါ-- (မှန်ပါ)ဒီဒိဋ္ဌိနှစ်ခု စင်ယင် သောတာပတ္တိမဂ် ရတာဘဲ....(မှန်လှ ပါဘုရား)။

ဒီ ဒိဋ္ဌိနှစ်ခုစင်ပြီး မြင်နေတဲ့ အနတ္တဖြစ်ယင် သောတာပန် တည်တာဘဲ(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အင်မတန် အဘိုးတန်တဲ့ နေ့, အင်မတန်ကြက်သရေ မင်္ဂလာရှိတဲ့ နေ့, အင်မတန် နက္ခတ်ကောင်း ကြုံတဲ့ နေ့လို့.. ဆုံး ဖြတ်ချက်ချယင် မမှားတဲ့ နေ့ဘဲ....(မှန်ပါဘုရား) "ကာလေန ဓမ္မဿဝန်"ဆိုလဲ ဟုတ်တာဘဲနော်.. (မှန်ပါ)။

"ကာလေန ဓမ္မဿဝန်"ဆိုလဲ ဟုတ်တာဘဲတဲ့....၊ ဒါကြောင့် မင်္ဂလာရှိတဲ့ နေ့ ဆိုလို့ရှိယင် မလွဲတော့ဘူး....(မလွဲပါ) ပေါ် ကြပလား... (ပေါ်ပါပြီဘုရား)။

ကဲ....တကာဘကာမတို့ ဒိဋ္ဌိဘယ်နှစ်မျိုးစင်ပါလိမ့်....(နှစ်မျိုး

စင်ပါတယ်) ဘယ်ဒိဋ္ဌိနဲ့ ဘယ်ဒိဋ္ဌိလဲ....(သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒ ဒိဋ္ဌိပါဘုရား)။

တခေါက် ပြန်ပြောဦးမယ်၊ ဝေဒနာပစ္စယာ တဏှာ.... ဝိပဿနာ မရှုတဲ့ ပုဂ္ဂိုလ်များ မလာပေဘူးလား... (လာပါတယ် ဘုရား ) ဝေဒနာဖြစ်လို့ တဏှာ ဖြစ်တာဘဲ ... ( မှန်လှပါ ဘုရား)။

ဝိပဿနာ မရှုတဲ့ ပုဂ္ဂိုလ်များ ဝေဒနာ ဖြစ်ယင် တဏှာ ဖြစ်မှာဘဲ....(မှန်ပါ)။

အဲဒီတော့ စဉ်းစားကြည့်ပါလား....တဲ့၊ ဝေဒနာက ဖြစ်စေ တဲ့ တဏှာ....(မှန်ပါ) ဝေဒနာချုပ်ယင်....(တဏှာချုပ်ပါတယ် ဘုရား)။

ဒါဖြင့် ဝေဒနာဖြစ်ယင် တဏှာဖြစ်တယ်လို့ သိလိုက်သဖြင့် အကြောင်းနဲ့ အကျိုး ပြတ်သေးရဲ့လား... ( မပြတ်ပါဘုရား ) မပြတ်လို့ရှိယင် ဥစ္ဆေဒစင်သွားပြီ.... (မှန်ပါ)မစင်သေးဘူးလား· (စင်ပါပြီဘုရား)။

မပြတ်တော့ ဘာစင်သွားသတုံး... (ဥစ္ဆေဒ စင်သွားပါတယ် ဘုရား) ဥစ္ဆေဒဒိဋ္ဌိ စင်သွားတယ်နော်... (မှန်ပါဘုရား)။

ကိုင်း .... တခါ သွားလိုက်ပါဦး....၊ ဝေဒနာချုပ်တော့လဲ တဏှာက ချုပ်ရမယ်....( မှန်ပါ )ဝေဒနာနိရောဓာ...(တဏှာ နိရောဓောပါဘုရား)။

တဏှာနိရောဓောဆိုသဖြင့်....တဲ့ ဝေဒနာချုပ်တော့လဲ တဏှာ ချုပ်တာကို တကာ တကာမတွေ့ သိသွားတော့ ခြော်.... အကြောင်းလဲ မခိုင်, အကျိုးလဲ မခိုင်၊ ဟုတ်လား.... (မှန်ပါ ဘုရား)။

မမြဲတဲ့တရားချည့်ဘဲလို့ အနတ္တချည့်ဘဲလို့ သိလိုက်ပြန်သဖြင့်လဲ ခိုင်မြဲတယ်ဆိုတာ ယူထားတဲ့ သဿဒိဋ္ဌိဆိုတာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဒီလို ယူလိုက်တာပေါ့၊ အကြောင်းဖြစ်၍ အကျိုးဖြစ်တာ မြင်ယင် ဉစ္ဆေဒဒိဋ္ဌိ စင်တယ်၊ အကြောင်း ချုပ်ယင် အကျိုးချုပ်တာ မြင်ယင်....(သဿတဒိဋ္ဌိစင်ပါတယ်ဘုရား)။

ဒါကြောင့် ခုနင်က ပြောခဲ့တဲ့....မူလက ပြောခဲ့တဲ့ ပုဂ္ဂိုလ် အလို သတ္တဝါအကြိုက် အကျင့်စရိုက်နဲ့ မကိုက်တဲ့ အနတ္တလဲ ဒီနှစ်ခု စင်စေတာဘဲ....(မှန်ပါ)။

ဒီ အကြောင်း, အကျိုးနဲ့ ဝေဘန်တဲ့ အနတ္တကို နားလည် ပြန်တော့လဲ ဘုန်းကြီးတို့ တကာသကာမတွေ့၌ သဿတ,ဉစ္ဆေဒ စင်တာဘဲ....( မှန်ပါဘုရား ) သဘောပါပလား ..( ပါပါပြီ ဘုရား )။

ဒီ ဒိဋ္ဌိ မစင်ဘဲနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကကော တဲ့.... ဘယ်သူ နိဗ္ဗာန်ရတယ်ဆိုလို့ ဘယ်တော့မှ မယုံနဲ့တဲ့ .... (မှန်ပါ)။

ဒီ ဒိဋ္ဌိနှစ်ခု မစင်ဘဲနဲ့ နိဗ္ဗာန်ရတယ်ဆိုလို့ ရှိယင်ဖြင့် ဘယ်သူ က ပြောပြော မယုံနဲ့တဲ့....၊ မရဘူးကွ....တဲ့....ဆိုတော့ ဒီနေရာ မောင်သစ်တို့က စဉ်းစားကြည့်ပါ၊ ဩော်....ဒါန, သီလတွေနဲ့ တော့ ဝေးပါသေးတယ်ဆိုတာ ပေါ်လာတယ်...( မှန်ပါ ) မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ဒီ ဒိဋ္ဌိမစင်ဘဲနဲ့ မရနိုင်ဘူး....(မှန်ပါ့) ဒီဒိဋ္ဌိကလဲ အာခုပဋိစ္စသမုပ္ပါဒ်ကို နားလည်မှ စင်မှာ....(မှန်ပါ့)နို့ မဟုတ်ယင်.... (မစင်ပါဘုရား)။

မစင်တော့ ဒါနသီလသမားဟာ ဒီပဋိစ္စသမုပ္ပါဒ်ကို သူနားလည်ရဲ့လား....(မလည်ပါ) မလည်တော့ သူနဲ့တော့ ဝေးသောအကြောင်းဖြစ်မှာဘဲ...(မှန်ပါ့) နိဗ္ဗာန်ကို နီးသောအကြောင်းတော့....(မဖြစ်ပါဘုရား)။

မဖြစ်နိုင်ဘူးဆိုတော့ ဘုန်းကြီးတို့က ပြောတာလား- ဓမ္မက ပြောတာလားဆိုတာ ပေါ်ရောပေါ့.... (ဓမ္မက ပြောနေတာပါဘုရား)။

ဓမ္မက ပြောနေတာတဲ့၊ ဘုန်းကြီးတို့က ဟာ ... ဘယ်ဘုန်းကြီးက ပြောနေတယ်လို့ ဒီလိုမယူလိုက်ပါနဲ့....(မှန်ပါ့ဘုရား)။

ဒီ ဒိဋ္ဌိကို ဘုရားက အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောတယ် "သော ဝတ ဘိက္ခဝေ ဘိက္ခု ကဥ္စိ သင်္ခါရံ" ဆိုတော့ ဖဿတို့ ဝေဒနာတို့ကလေ... ( မှန်ပါ့ ) "နိစ္စတော သမနုပဿန္တော အနုလောမိ ကာယ ခန္တိယာ သမ္မန္တာဂတော ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ" အင်္ဂုတ္တိုရ်ပါဠိတော်မှာ ... (မှန်ပါ့ဘုရား)။

ဘိက္ခဝေ=ရဟန်းတို့၊ ဝတ=စင်စစ်၊ ဘိက္ခု= ရဟန်းသည်၊ ကဥ္စိ သင်္ခါရံ =တခုသောဖဿ, တခုသောဝေဒနာကို၊နိစ္စတော= နိစ္စအားဖြင့်၊သမနုပဿန္တော=ရှုသည်ရှိသော်၊ အနုလောမိကာယ ခန္တိယာ = သစ္စာနုလောမိကဉာဏ်နှင့်၊ သမန္နာဂတော = ပြည့်စုံသည်၊ ဘဝိဿတိ=ဖြစ်လိမ့်လတ္တံ့၊ ဣတိ=ဤသို့၊ဧတံဌာနံ ဤအကြောင်းသည်၊ နဝိဇ္ဇတိ=မရှိ....တဲ့။

သစ္စာနုလောမိကဉာဏ်တောင် မရဘူးတဲ့၊ နိဗ္ဗာန်ရမှာဝေး လို့....(မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

နိဗ္ဗာန်ရမှာဝေးလို့တဲ့၊ သဿတ- ဥစ္ဆေဒ တခုခုရှိနေလို့ရှိယင် ဖြင့် ဘယ်နည်းနှင့်မှ နိဗ္ဗာန်မရပါဘူးကွာ၊ ငါတာဝန်ခံပါတယ် တဲ့....(မှန်ပါ့) ဘယ်သူက ကန့်ကွက်တယ်ဆိုတာ ပေါ်ရောပေါ့ (ပေါ်ပါပြီဘုရား)။

ဘယ်သူက နိဗ္ဗာန်ကန့်ကွက်သတုံး .... (သဿတနဲ့ ဥစ္ဆေဒက ကန့်ကွက်ပါတယ်ဘုရား)။

သဿတနဲ့ ဥစ္ဆေဒကသေသေချာချာ ကန့်ကွက်တဲ့ တရား ဆိုတာ သဘောကြီးကြီးနဲ့ မှတ်ပါနော်....(မှန်ပါ့ဘုရား)။

တခုသော သင်္ခါရာတရားကို- တခုသောဖဿကလေးကို တခု သော ဝေဒနာကလေးကို နိစ္စလို့ ထင်နေတယ်ဆိုတော့ သဿတ ဒိဋ္ဌိမနေဘူးလား.... ( မှန်ပါ့ ) အဲဒီလို တခုခုထင်နေလို့ရှိယင် သစ္စာနုလောမိကဉာဏ်တောင် မရနိုင်ဘူးတဲ့ ....(မှန်ပါ့) ပေါ်ပ လား....(ပေါ်ပါပြီဘုရား)။

အဲဒီ့ သစ္စာနုလောမိကဉာဏ်မှ မရတဲ့ဥစ္စာ မရခဲ့သို့ရှိယင် သမ္မတ္တနိယာမဆိုတဲ့ မဂ်ဉာဏ်ကို (ဝါ)မဂ်စိတ်ပေါ်လိမ့်မယ်လို့ ငါဘုရားဘယ်တော့မှ မဟောဘူးတဲ့....(မှန်ပါ့ဘုရား)။

သစ္စာနုလောမိကဉာဏ်မှ မရလို့ရှိယင် မဂ်ဉာဏ်နောက်က ပေါ်လိမ့်မယ်လို့ ငါမဟောဘူးတဲ့၊ ရှင်းပလား .... (ရှင်းပါပြီ ဘုရား)။

သစ္စာနုလောမိကဉာဏ်မှ မရလို့ရှိယင်....( မဂ်ဉာဏ်မရပါ ) မဂ်ဉာဏ်မရနိုင်ဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

တခုသောတရားကို နိစ္စထင်ယင် သစ္စာနုလောမိက ဉာဏ် တောင် မရဘူး....( မှန်ပါ ) သစ္စာနုလောမိကဉာဏ်မှ မရလို့ရှိ ယင် မဂ်ဉာဏ်မရဘူး....(မှန်ပါ) မဂ်ဉာဏ်မှမရဘဲနဲ့ သောတာ ပန်, သကဒါဂါမိ်,အနာဂါမိ်, ရဟန္တာ နိဗ္ဗာန်မျက်မှောက်ပြုလိမ့် လို့ ငါဘယ်တော့မှ မဟောဘူးတဲ့....( မှန်ပါ ) ကမ်းကုန်ပြီ၊ မကုန်ဘူးလား .... ( ကုန်ပါတယ် ) သဘောပါကြလား .... (ပါ-ပါတယ်ဘုရား)။

ဪ....ဒါဖြင့် ဒီနေ့ ဟောတဲ့တရားမှာ နောက်က တကာ တကာမတွေ တော်တော့ကို အရေးကြီးပါလား၊ ဒီနှုတ်ခုခွာဘို့ တော်တော် အရေးကြီးပါလား ဆိုတာ ပေါ်လာဘယ် .... (ပေါ်ပါတယ်ဘုရား)။

သဿတ ဥစ္ဆေဒလွတ်မှတဲ့ကွနော် .... ( မှန်ပါ ) သဿတ ဥစ္ဆေဒမလွတ်လို့ရှိယင်ဖြင့်တဲ့ မောင်သစ်ရေ- အာပေါက်အောင် အားထုတ်ကွ- မရပါဘူး.... (မှန်ပါ) ဟုတ်လား ...၊ ထမင်းရည် ချောင်းစီးလှူပါ၊ မရဘူး-ဟင်....(မရပါဘုရား) အသက်နဲ့လဲပြီး သီလဆောက်တည်ပါ....(မရပါဘုရား)။

တခုသောတရား သဿတ ဥစ္ဆေဒခံနေယင် တခုခုခံနေယင် မရဘူးတဲ့....(မှန်ပါ)သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

ကောင်းပြီ ဒီလိုအင်္ဂုတ္တိုရ်ပါဠိတော်ကြီးများမှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သေ သေ ချာ ချာ ဟောသောကြောင့် ဪ .... ဒီအနတ္တပေါ်၌ နားမလည်လို့ ရှိယင်ဖြင့် သဿတ သော်၎င်း၊ ဥစ္ဆေဒသော်၎င်း ရှိတော့မှာဘဲ ဆိုတာ တကာ တကာမတွေသန္တာန်မှာ ရှိရလိမ့်မယ်၊ ရှိတတ်တယ် .... (မှန်ပါ ဘုရား)။

ရှိခဲ့လို့ရှိယင် ဦးအောင်ဇံဝေက ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(နိဗ္ဗာန်မရပါ) နိဗ္ဗာန်မရနိုင်တော့ဘူး ...(မှန်ပါ့) မရနိုင်တော့ဘူး နောက်က တကာတကာမတွေ....(မရနိုင်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရအောင် တကာတကာမတွေ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို ရောက်စေချင်တဲ့ဆန္ဒ ပြင်းပြပါမှုကား နိဗ္ဗာန်ကိုအသာထားပြီး ဒိဋ္ဌိခွာတာရှေ့ထား ဟောခွာသာလျှင် တရားအဆင်ပြေမတော့မယ်....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

နို့မဟုတ်ယင် တရားအဆင်မပြေဘူး၊ ဖက်ဆူးတရား ဖြစ်နေလိမ့်မယ်၊ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်ဘူး .... (မှန်ပါ့ဘုရား)။

ဒါကြောင့် တရားဆိုတာ နာယင် ကုသိုလ်ရတာချည့်ဆိုတာ ကုသိုလ်တော့ ရတာဘဲတဲ့၊ နိဗ္ဗာန်တော့ ရတဲ့တရား၊ မရတဲ့တရား ရှိသေးတယ်....( မှန်ပါ့ ) ကုသိုလ်ကတော့ ရတာချည့်ဘဲနော်.... (မှန်ပါ့ဘုရား)။

တရားနာယင် ကုသိုလ်ကတော့ ရတာဘဲ၊ နိဗ္ဗာန်တော့ရမယ် မရမယ်ဆိုတာ ဒိဋ္ဌိခွာတဲ့တရားမှ နိဗ္ဗာန်ရမယ်....(မှန်ပါ့)သဘောပါပလား .. (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဦးကျော်မောင်ကြီးကို မှတ်ထားဘာ တရားနာ ကုသိုလ်ရ၊ ကုသိုလ်ရ နိဗ္ဗာန်ရတာပေါ့ကွလို့ ရိုတိဘိနဲ့ ဒီလိုမျိုး သွားမပြောလိုက်ပါနဲ့... (မှန်ပါ့) ဒီလိုသွားပြောတာ ဦးအောင်ဇံဝေ အတော်နာတယ် .. ( နာပါတယ် ) ဟုတ်မှမဟုတ်ဘဲ... (မှန်ပါ့ဘုရား)။

တရားနာတာ ကုသိုလ်ရတာက တမျိုးနော် ... ( မှန်ပါ ) တရားနာယင် ဒိဋ္ဌိကွာတာက.... ( တမျိုးပါ ) အဲ....ဒိဋ္ဌိကွာတဲ့ တရားမှ နိဗ္ဗာန်ရတယ်...( မှန်ပါ ) ဒိဋ္ဌိမကွာတဲ့တရား ကုသိုလ် ရတယ်.. (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ) ဒိဋ္ဌိမကွာတဲ့တရားက (ကုသိုလ်ရပါတယ်ဘုရား)။

မင်းလုပ်- မင်းရမယ်လို့ ဟောတဲ့တရားကို နာလို့ရှိယင် ကုသိုလ်ရတယ်... ( မှန်ပါ ) မင်းလုပ်ပေမဲ့ကွာ- မင်းလဲမရှိဘူး၊ ရမည့်သူလဲ မရှိဘူးကွလို့ အကြောင်း အကျိုးမျှဘဲလို့၊ အကြောင်းဖြစ်လို့ အကျိုးဖြစ်တာဘဲ၊ အကြောင်းချုပ်လို့-အကျိုး ချုပ်တာဘဲလို့ သိပြီး ဆရာသမားနဲ့တွေ့တော့ သြော်... ဒါက အနတ္တဟောတာကိုး၊ သဿတလဲ မရှိအောင်- ဥစ္ဆေဒလဲခွာ အောင် ဒီလိုမှသာလျှင်လဲ ဝိပဿနာဉာဏ်မှာ အနတ္တကိုဉာဏ်ထဲ မှာ ရှင်းပေတော့တယ်တဲ့၊ ဒီတရားမျိုး နာရမှသာလျှင် နိဗ္ဗာန် ရမယ်...(မှန်ပါ) နို့မဟုတ်လို့ရှိယင်....(မရပါဘုရား)။

မရနိုင်ဘူးဆိုတော့ တကာတကာမတွေ ခင်ဗျားတို့က မိန်း မသားတွေနောက်က ဖြစ်ပြီးသကာသ နေတော့ တော်အောင် သာမည ဆရာသမားနဲ့ ကုသိုလ်ရအောင် ဟောတတ်တဲ့ ဆရာ သမားက တမျိုး၊ နိဗ္ဗာန်ရောက်အောင် ဟောတတ်တဲ့ ဆရာ သမားကတမျိုး....(မှန်ပါဘုရား)။

ဒါ ဦးကျော်မောင်တို့က အခုမှကွဲတာဗျ....(မှန်ပါ) နဂိုရ်က ကွဲတာမဟုတ်ဘူး၊ နဂိုရ်ကမကွဲဘူး၊ မင်းလုပ် မင်းရလိမ့်မယ်ဆိုတဲ့ တရားမျိုး ခင်ဗျားတို့ သိပ်သဘောကျတယ် ( မှန်ပါ ) အဲဒါ သဿတပါနေတယ်- မပါဘူးလား... (ပါပါတယ်ဘုရား)။

မင်းလုပ်တော့- သေတော့ မင်းဘဲရမှာဘဲဆိုတာက ဘာတရားတုံး....(သဿတဒိဋ္ဌိပါ)ဒါ နိဗ္ဗာန်မရဘူး၊ သဿတဒိဋ္ဌိပါနေတယ်တဲ့....(မှန်ပါ့ဘုရား)။

မင်းလုပ်ပေမဲ့ကွာ- အနတ္တာဘဲကွ၊ အကြောင်း အကျိုးဘဲ၊ ဟုတ်လား....(မှန်ပါ့) အကြောင်းအားလျော်စွာ အကျိုးကလဲ ဖြစ်မှာဘဲ၊ အကြောင်းချုပ်လဲ အကျိုးချုပ်သွားမှာဘဲကွ၊ မင်းဟာရယ်လို့တော့ ဘာမှမရှိဘူးဆိုတဲ့ စေတနာတွေပါ အနတ္တာ၊ အကျိုးပေးတွေပါ အနတ္တာ၊ ဒါကြောင့်....

ကမ္မဿ ကာရကော နတ္ထိ၊
ဝိပါကဿစ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊
ဧဝေတံ သမ္မဒဿနံ၊

ဒါဟောတယ် ဝိသုဒ္ဓိမဂ်က....(မှန်ပါ့ဘုရား)

ကမ္မဿ=ကုသိုလ်- အကုသိုလ်ကံကို၊ ကာရကော=ပြုတတ်တဲ့ ပုဂ္ဂိုလ်သည်၊ နတ္ထိ=မရှိဘူး...တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

ကုသိုလ် အကုသိုလ်ပြုလုပ်တဲ့ပုဂ္ဂိုလ်.... (မရှိပါ) ရှိမှ-မရှိဘဲ၊ ပုဂ္ဂိုလ်မှမရှိဘဲ....(မှန်ပါ့ဘုရား)။

"ဝိပါကဿစ ဝေဒကော"တဲ့၊ သူကပြုလိုက်တဲ့ အကျိုးကို ခံစားမည့် ပုဂ္ဂိုလ်သတ္တဝါလဲ မရှိဘူးတဲ့....(မှန်ပါ့ဘုရား)။

ဒီလို့ကို ဉာဏ်ထဲမှာ မြင်ပြီး သကာလ နေတဲ့ ပုဂ္ဂိုလ်မှ "သုဒ္ဓဓမ္မာ ပဝတ္တန္တိ"သက်သက် သြော်.... အကြောင်းကြောင့်

အကျိုးဖြစ် တာဘဲရှိတယ်၊ အကြောင်းချုပ်ယင် အကျိုးချုပ် တာဘဲရှိတယ်လို့ သိတယ်— ( မှန်ပါ့ ) "ဝေဝတံ သမ္မဒဿနံ" အဲဒီအမြင်နဲ့ မြင်ပါမှ နိဗ္ဗာန်ရမှာတဲ့.... ( မှန်ပါ့ ) ငါလုပ်လို့ ငါရတယ်ဆိုယင် နိဗ္ဗာန်မရဘူး....(မှန်ပါ့)သဘောပါကြပလား- (ပါ-ပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အခုနောက်ပိုင်းကလေးမှာထိုးထိုး ထွင်းထွင်း ပြောတတ်တဲ့ဆရာ ဝေဘန်ပြီး ပြောတတ်တဲ့ ဆရာ သမားနဲ့ တွေ့လို့ တော်-တော်သေးတယ်... (မှန်ပါ့) နို့ မဟုတ် လို့ရှိယင် နည်းရောင်း မျှားရောင်း တောင်းပြည့်ပြီးရော ကုသိုလ် ဆိုယင် အကောင်းချည့်ဘဲလို့ ဆိုချင်ဆိုကြမယ်.... (မှန်ပါ့) မဆို ဘူးလား....(ဆိုပါတယ်ဘုရား)။

ဆိုခဲ့သည့်ရှိသော် အကောင်းချည့်ဘဲလားဆိုတော့ ကောင်း တော့ကောင်းပါရဲ့၊ သို့သော် နိဗ္ဗာန်ရတဲ့ ကုသိုလ်အကောင်းက တမျိုး၊ နိဗ္ဗာန်မရတဲ့ အကောင်းက တမျိုးရှိသေးတယ်ကွ၊ အ ကောင်းလဲ ဝေဘန်ရလိမ့်ဦးမယ်.... (မှန်ပါ့) မဆိုထိုက်ဘူးလား- (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါတွေကိုကျတော့ တော်တော်နား- တော်တော့အကြံ သမားနဲ့ တော်တော့ဉာဏ်နဲ့ ဒီဥစ္စာနားလည်း မလည်နိုင်ဘူး- (မလည်ပါဘုရား)။

မလည်နိုင်ဘူး မောင်သစ်ရ.... (မှန်ပါ့) ဘာဖြစ်လို့တုံး ဆို တော့ နဂိုရ်ကြိုက်ထားတာက ကုသိုလ်ဆိုယင် နည်းရောင်း-မျှား ရောင်း တောင်းပြည့် ပြီးရောဆိုတာ ကြိုက်ထားတာကိုး .... (မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

ဟ .... ကုသိုလ်ဆိုတာ အကောင်းချည့်ပေါ့ကွ ဆိုတာကလဲ လူတိုင်းပါးစပ်မှာ နှုတ်တက်နေတယ်.... (မှန်ပါ့) မတက်ပေဘူးလား....(တက်ပါတယ်ဘုရား)။

တက်နေတော့ ဘယ်ဟာမဆို နိဗ္ဗာန်ရောက်တယ် ယူထားတယ်....(မှန်ပါ့) ဒိဋ္ဌိတန်းလန်းနဲ့ ကုသိုလ်က နိဗ္ဗာန်မရောက်ဘူး ( မှန်ပါ့ ) ဒိဋ္ဌိပြုတ်တဲ့ကုသိုလ်က နိဗ္ဗာန်ရောက်တယ် ဆိုတော့ကဲ... ဒါဖြင့် ဒီနေ့ပြောလိုက်တော့ တကာတကာမတွေ ရှင်းသွားပါပြီတဲ့၊ ဩော်.... အနတ္တဟာ ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်ကို မလိုက်တဲ့ အနတ္တကတမျိုး၊ ဟုတ်လား .... (မှန်ပါ့) ဓမ္မသဘောအတိုင်း အကြောင်းဖြစ်၍ အကျိုးဖြစ်ပြီး အကြောင်းချုပ်၍ အကျိုးချုပ်တဲ့ဓမ္မတွေ သဘောအတိုင်းဖြစ်နေတဲ့ ပုဂ္ဂိုလ်ကို ဝင်မရှုပ်နိုင်တဲ့ သဘောအနတ္တက တမျိုး.... (မှန်ပါ့)ပေါင်းလိုက်တော့ ဘယ်သူမှ မပိုင်တာချည့်ပါဘဲနော်-(မှန်ပါ့ဘုရား)။

နှစ်ခုစလုံး အဓိပ္ပါယ်မှာ နောက်ဆုံးပိတ်ကျတော့ ထပ်သွားတယ်.... (မှန်ပါ့) ဘယ်လိုထပ်သွားသတုံး ဆိုတော့ ဟိုဓမ္မက အကြောင်းသာ မသိမ်းဆည်းတာ ဩော်...ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်နဲ့ မကိုက်ဘူး၊ ဒါ့ကြောင့် အနတ္တ... (မှန်ပါ့) နောက်ဟောလိုက်တဲ့ အနတ္တက ဓမ္မတခုကကျေးဇူးပြုလိုက်တယ်၊ ကျေးဇူးပြုတဲ့ ဓမ္မကိုက အနတ္တမို့ ကျေးဇူးအပြုခံရတဲ့ ဓမ္မဟာလဲ အနတ္တဘဲ၊ ဓမ္မ-ဓမ္မချင်းအနတ္တ....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဲဒါတွေ သိထားတော့မှတဲ့ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိစင်သွားတဲ့ အဓိပ္ပါယ်ရပါတယ်... (မှန်ပါ့ဘုရား)။

အဲဒီ့ ဒိဋ္ဌိနှစ်ခုစင်တဲ့ အနတ္တဥာဏ်ကိုရှုမှ နိဗ္ဗာန်မြင်လာတယ် (မှန်ပါ့) ဘာ့ကြောင့် မြင်လာသတုံးလို့ မေးတော့ ဒီညတရား နိဂုံးချုပ်တာကို ကြပ်ကြပ်သတိထားမှတ်ပါ... (မှန်ပါ့) နိဗ္ဗာန် ကလဲအနတ္တ၊ ခင်ဗျားတို့ အရှုခံတဲ့ ဓမ္မကလဲအနတ္တ .... (မှန်ပါ့ ဘုရား)။

အနတ္တ ဘယ်နှစ်မျိုးရှိသတုံး....(နှစ်မျိုးပါ) အနတ္တနှစ်မျိုး၊ ခုနင်က နှစ်မျိုးနဲ့ မရောစေနဲ့....(မှန်ပါ့) နိဗ္ဗာန်ကလဲအနတ္တ၊ အရှုခံရတဲ့ တရားကလဲ....(အနတ္တပါဘုရား)။

နိဗ္ဗာန်ကလဲ....(အနတ္တပါ) အရှုခံရတဲ့တရားကလဲ.... (အနတ္တ ပါဘုရား)အနတ္တဘဲဆိုတော့ အရှုခံရတဲ့ အနတ္တကိုမုန်းတယ်-အရှု ခံရတဲ့ အနတ္တကိုသိ....(မှန်ပါ့ဘုရား)။

အရှုခံရတဲ့ အနတ္တကိုသိပြီးတော့ အရှုခံရတဲ့ အနတ္တကိုမုန်း၊ အရှုခံရတဲ့ အနတ္တကြီးကိုမလိုချင်မှ ဟုတ်လား....(မှန်ပါ့)မည်သူ မှ မပြုတဲ့ အနတ္တဆိုတဲ့ နိဗ္ဗာန်ရမယ်၊ နို့မဟုတ်ယင် မရဘူး .... (မှန်ပါ့ဘုရား)။

ဒါ သေသေချာချာ မှတ်စမ်းပါ၊ဒီစကားတလုံးဟာ မလွယ် ဘူး....(မှန်ပါ့) အရှုခံရတဲ့ သင်္ခါရအနတ္တပေါ့ဗျာ၊ သဘောကျ ပလား....( မှန်ပါ့ ) သင်္ခါရအနတ္တဆိုတာ ရုပ်နာမ်အနတ္တ .... (မှန်ပါ့ဘုရား)။

အဲဒီ့ အရှုခံရတဲ့ အနတ္တကိုမြင်၊ ပြီးတော့မှမုန်း၊ ပြီးတော့မှ ဒီအနတ္တကြီးကို မလိုချင်လို့ဆုံးမှဟို .... ဘယ်သူမှ ပြုလုပ်လို့မှ မဖြစ်- ဘယ်သူမှ ကြံစည်လို့မရတဲ့ နိဗ္ဗာန်အနတ္တကို ရမယ်၊ ဒီအနတ္တအဆုံးမှာ ဟိုအနတ္တရှိတယ်....(မှန်ပါ့ဘုရား)။

သင်္ခါရ အနတ္တအဆုံးမှာ အသင်္ခတအနတ္တရှိတယ်၊ သဘော ကျပလား... (ကျပါပြီဘုရား)။

သင်္ခါရအနတ္တအဆုံးမှာ....( အသင်္ခတ အနတ္တရှိပါတယ် ) ဒါဖြင့် ဒါ အနတ္တ-အနတ္တချင်း မတူဘူးပေါ့....(မှန်ပါ့)....ပေါ် ပလား....(ပေါ်ပါပြီဘုရား)။

သင်္ခါရ အနတ္တအဆုံးမှာ.... ( အသင်္ခတ အနတ္တရှိပါတယ် ) အသင်္ခတ အနတ္တရှိတယ်ဆိုတော့ သင်္ခါရအနတ္တမှ မတွေ့သေးတဲ့ ပုဂ္ဂိုလ်ဟာ သင်္ခါရအနတ္တဆုံးအောင် လမ်းလျှောက်နိုင်ပါ့မလား (မလျှောက်နိုင်ပါဘုရား)။

မလျှောက်နိုင်လို့ရှိယင် အသင်္ခတ အနတ္တ ရလိမ့်မယ်လို့ မျှော်လင့်ချက် ထားငြားသော်လဲ ကြာလေဝေးလေ ဖြစ်မှာဘဲ- (မှန်ပါ့) မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ကြာလေ ဝေးလေဖြစ်လိမ့်မယ်ဆိုတာ မောင်သစ် ယုံကြည် ပလား....(ယုံကြည်ပါတယ်ဘုရား)။

ဒါဖြင့် တကယ့် အနတ္တနိဗ္ဗာန် လိုချင်လို့ရှိယင်ဖြင့် သင်္ခါရ အနတ္တကို ဆုံးအောင် လိုက်မှသာလျှင် အသင်္ခတ အ နတ္တကို ရောက်ဖြစ်တော့မယ်- (မှန်ပါ့) သင်္ခါရအနတ္တအဆုံးမှာအသင်္ခတ အနတ္တရှိတယ်၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာတဲ့တုံး .... (သင်္ခါရအနတ္တအဆုံးမှာအသင်္ခတအနတ္တရှိပါ တယ်)ဒါဖြင့် သင်္ခါရ အနတ္တကို မတွေ့တဲ့ပုဂ္ဂိုလ်များ အတွက်မှာ သြော် .... အသင်္ခတ အနတ္တကြီး နီးပေါ့လို့ဆိုတဲ့ စကားဟာ မသုံးထိုက်ဘူး....(မှန်ပါ့) ဦးစံဖေ သုံးနိုင်ပါ့မလား.... (မသုံးနိုင် ပါဘုရား)။

ခင်ဗျားတို့ ဒီစကားတွေက ထူးထူးဆန်းဆန်း ကြားနေရတယ်၊ လွယ်တာမဟုတ်ဘူးဟင်.... ( မှန်ပါ့ဘုရား ) နောက်က တကာ့တကာမတွေ လွယ်တယ်များ ထင်မနေနဲ့ .... (မလွယ်ပါဘုရား)။

သင်္ခါရ အနတ္တကိုမှ မတွေ့တဲ့ပုဂ္ဂိုလ်ဟာ အသင်္ခတ အနတ္တကို မောင်ချစ်စိန် တွေ့ကိုမတွေ့ဘူး....(မတွေ့ပါဘုရား)။

သင်္ခါရအနတ္တကို တွေ့မှသာလျှင် သင်္ခါရ အနတ္တကိုမြင်၊ သင်္ခါရအနတ္တကိုမုန်း၊ သင်္ခါရအနတ္တကို သစ္စာရယ်လို့ သိပြီးဆုံးသွားမှ အသင်္ခတအနတ္တက ပေါ်လာတာ....(မှန်ပါ့ဘုရား)။

ဒါကြောင့် အနတ္တနှစ်မျိုးဟောတယ်.... (မှန်ပါ့) နောက်နှစ်မျိုး....( မှန်ပါ့ ) အယင်ပြောခဲ့တဲ့ ကျင့်နည်းအနတ္တက နှစ်မျိုး၊ မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

အဲဒီတော့ကို မြင်နည်း အနတ္တက နှစ်မျိုး၊ကျင့်နည်းအနတ္တက နှစ်မျိုး... (မှန်ပါ့ဘုရား)။

မြင်နည်းအနတ္တက ပဌမဟောခဲ့တာ နာရီသုံးမတ် ဟောခဲ့တာ....(မှန်ပါ့) မြင်နည်းအနတ္တက နှစ်မျိုးဟုတ်လား... (မှန်ပါ့) ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်နဲ့မကိုက်တဲ့ အနတ္တက တမျိုး-(မှန်ပါ့) အကြောင်းအနတ္တမို့ အကြိုးအနတ္တဖြစ်ရတာက တမျိုး၊အဲဒါက မြင်နည်းအနတ္တ ဟောခဲ့ပါတယ် .... (မှန်ပါ့ဘုရား)။

နောက်နည်းက ကျင့်နည်းအနတ္တက နှစ်မျိုး.... ( မှန်ပါ့ ) ကျင့်နည်း အနတ္တဆိုတာက ပဌမကျင့်လိုက်တယ်၊ ဖြစ်ပျက်စာလေးတွေဟာ အနတ္တ၊ သင်္ခါရကလေးတွေဟာ အနတ္တဘဲ၊

သဗ္ဗေမမှာ အနတ္တဘဲ။ အဲဒီအနတ္တကလေးကို မြင်အောင်ရှု....။ အဲဒီ့အနတ္တကလေးဟာ တကယ့် ရှုစရာ မှန်းစရာ- ငြီးငွေ့စရာ ပါကလားလို့ အဲဒီကျအောင် လုပ်....( မှန်ပါ့ ) နောက်မှ ဒီ အနတ္တဆိုတာ တခြားမဟုတ်ပါလား။ သူ့ဟာသူ ဒုက္ခရောက် တာ ကြည့်နေရတာပါလား ဆိုတာ မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခတွေကော သူတွေ့တာဘဲ။ ဒီ့ပြင် ဘာမှ မတွေ့ပါဘူး။ ပေါ်ပလား... (ပေါ်ပါပြီ)။

အဲဒီ့ အနတ္တတွေ့တွေ့တော့အနတ္တတွေ ဒုက္ခသစ္စာမှန်းသိတော့ ဆုံးသွားတဲ့အခါကျတော့မှ ဩော် .... သင်္ခါရ အနတ္တ အဆုံးမှာ အသင်္ခတ အနတ္တရှိနေပါလားလို့ ဆိုတဲ့ဥစ္စာက ကျင့်စဉ်အနတ္တ.... (မှန်ပါ့) သဘောပါပလား....(ပါ ပါပြီဘုရား)။

ဒါဖြင့် သိဘို အနတ္တက နှစ်မျိုး။ ကျင့်စဉ် အစ,အဆုံးအနတ္တ က နှစ်မျိုး။ ဒီ နှစ်မျိုးကို တကာတကာမတွေ့ ဝေဘန်ပြီး သ ကာလမှ မသိသေးလို့ ရှိယင်ဖြင့်... တဲ့ ဘယ်နည်းနှင့်မှ ဒုက္ခ ခပ် သိမ်း ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်,ကိလေသာသိမ်းတဲ့ နိဗ္ဗာန်ကို, ဒုက္ခဟူ သ၍မှလဲ လွတ်တဲ့ ကျွတ်တဲ့ ဝိမုတ္တဖြစ်တဲ့ နိဗ္ဗာန်ကို ဦးကျော် မောင် ရမယ် မဟုတ်ဘူးဆိုတော့ ခင်ဗျားတို့ အခု ယနေ့နာရတဲ့ တရားသည် မောင်သစ် အလွန်ထူးခြားတယ်....(ထူးခြားပါတယ် ဘုရား) အလွန်ထူးခြားတယ်ဆိုတဲ့ အဓိပ္ပါယ်ရှင်းသွားပြီ.... (ရှင်း သွားပါပြီဘုရား)။

ဒါက ဥာဏ်ကြီးယင် လိုနေတဲ့ဥစ္စာ အများကြီးကျန်ပါသေး လားဆိုတဲ့ဥစ္စာ ပေါ်လာတယ်....(မှန်ပါ့) ကျင့်တော့ ကျင့်တာ

ဘဲတဲ့။ ဆရာသမားက ဖြစ်ပျက်ရှုခိုင်းယင် ဖြစ်ပျက် ရှုလိုက်တာဘဲတဲ့။ ရှုပင်ရှုငြားသော်လဲ ဒို့ ဉာဏ်ထဲမှာ ရှင်းသထက်ရှင်းအောင်လို့ ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်နဲ့ မကိုက်တဲ့ သဘောဆိုတာ ဒါဘဲလို့ ဉာဏ်နဲ့ တခါတည်း ထင်ထင်ရှားရှားဖြစ်အောင် လုပ်လိုက်ဦး.... (မှန်ပါ့) မဟုတ်ဘူးလား.... (မှန်ပါ့ဘုရား)။

ဟာ....သူ့အကြောင်းကိုက ဝေဒနာအကြောင်းကိုက အနတ္တမို့ တဏှာတည်းဟူသော အနတ္တပေါ်လာတယ်ဟေ့.... ဝေဒနာအကြောင်းအနတ္တချုပ်ပြန်တော့လဲ တဏှာအနတ္တ ချုပ်သွားတာဘဲလို့ ဆိုပြန်တော့ တဏှာနောက်ကနေပြီးသကာလ မဂ်ဝင်လိုက်တာဘဲ။ မဟုတ်ဘူးလား....(မှန်ပါ့)။

တဏှာနောက်က ဘယ့်နှယ်တုံး....(မဂ်ဝင်ပါတယ် ဘုရား)။

မဂ်ဝင်လိုက်တဲ့ အခါကျတော့ ဥပါဒါန် ကံ ပြတ်ထွက်သွားတာဘဲ....(မှန်ပါ့) မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ပြတ်သွားခြင်းကြောင့်လဲ အကြောင်း အကျိုးအနတ္တကို သိပြန်ခြင်းကြောင့်လဲ ဩော်....ဒီလိုလဲ့ ရှုနည်း တမျိုးပါလား....(မှန်ပါ့)။

အကြောင်းအနတ္တမို့ အကျိုးအနတ္တဖြစ်ရတယ် ဆိုတဲ့ ရှုနည်းတမျိုးကလဲ မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီကဲ့သို့ ရှုနည်းတွေ လာတော့မှ ကိုင်း .... ဒါဖြင့် ဒီရှုနည်းအတိုင်း ရှုကြဟေ့....ရှုကြ-ရှုကြဆိုတော့ ဒီ အနတ္တကို ယထာဘူတဉာဏ်နဲ့ မြင်ရော....(မှန်ပါ့) ဒီ အနတ္တကို နိဗ္ဗိန္ဒဉာဏ်နဲ့ မုန်းရော....နော်....(မှန်ပါ့ဘုရား) ဒီအနတ္တကို ဒုက္ခသစ္စာလို့ သိပြီးသ

ကာလသွားတော့ အနုတ္တသဘောတွေက ချုပ်သွားတာပေါ့လေ-(မှန်ပါ့ဘုရား)။

ချုပ်သွားတော့ သင်္ခါရအနုတ္တတွေ ချုပ်သွားတယ်၊ ဖြစ်လိုက်ပျက်လိုက်ဆိုတဲ့ သင်္ခါရအနုတ္တတွေ ချုပ်သွားတယ်....( မှန်ပါ့ )။

ဒါဖြင့် ဖြစ်မှု ပျက်မှု ကင်းတဲ့ အနုတ္တဆိုတဲ့ နိဗ္ဗာန်ကြီးဟာ ပေါ်နေတယ်....(မှန်ပါ့)။

ဖြစ်မှု ပျက်မှု ကင်းတဲ့ နိဗ္ဗာန်ဟာ....(ပေါ်နေပါတယ်ဘုရား) အဲဒါ ဘယ်အနုတ္တက ဘယ်အနုတ္တအား ကျေးဇူးပြုလိုက်ပါလိမ့် မတုံးဆိုတော့ သင်္ခါရအနုတ္တက အသင်္ခတ အနုတ္တ ကျေးဇူးပြု လိုက်တယ်....(မှန်ပါ့) ဒါ့ကြောင့် နိဗ္ဗာန်ရောက်တယ်.... (မှန်ပါ့ ဘုရား)။

သင်္ခါရအနုတ္တအဆုံးမှာ အသင်္ခတအနုတ္တရှိတယ်ဆိုတာ ယနေ့ တရားမှာ မှတ်ရမယ်....(မှန်ပါ့) မှတ်လိုက်တဲ့ အခါကျတော့ ဒါ အလုပ်စဉ်နဲ့ တက်သွားယင် ဒီနေရာ မရောက်ပေ ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ကဲ....ရောက်အောင် ကြိုးစားရလိမ့်မယ် ဆုံးဖြတ်ချက်ချ.... (မှန်ပါ့ဘုရား)။

ကဲ... ယနေ့ ဒီတွင် တော်ကြဦးစို့....

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော် မူသော

( တမင်္ဂရပုံ အဓိပ္ပါယ်ရှင်းပြခြင်း )

# နေ့အလုပ်ပေး-တရားတော်

( ၁၇-၉-၆၂ )

ကြိုးစားပြီး တရားမှတ်ကြတဲ့။ ဒီအတိုင်း ရှုကြရလိမ့်မယ်.... လို့ မှတ်ထားရမယ်....(မှန်ပါ)။

ဒီနေ့လယ်ဟောနေတဲ့ တရားက အလုပ်ပေးတဲ့တရားလို့ မှတ်ရမယ်.... (မှန်ပါဘုရား) ဘယ်လိုရှု ဘယ်လိုလုပ်ကြလို့ ဘယ်လိုကိုင်ကြလို့ ဟောတဲ့ တရားလို့ မှတ်ရမယ်.... (မှန်ပါ)။

ရှေးက ဘုရားလက်ထက်တုန်းက ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ ဖွားဘက်တော် မောင်ဆန်ဆိုတာ ကြားဘူးကြလိမ့်မယ်ဟင်... (မှန်ပါ)။

အဲဒီ မောင်ဆန်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်တော့ မြင်တယ်။ ရှုလိုက်ယင် ဖြစ်မှု-ပျက်မှုတွေ မြင်တော့ မြင်

တာဘဲ။ မြင်ပြီးတော့ သူ့စိတ်ထဲမှာ အနိစ္စတွေ၊ ဒုက္ခတွေ၊အနတ္တတွေ ကြည့်တာဘဲ။ ခန္ဓာထဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာရှိတာဘဲ။ အားကိုးစရာတော့ ဘာမှမရှိဘူး။ အကုန် အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ခဲ့လို့ရှိယင် ဘာအားကိုးမတုံးဆိုတဲ့ဉစ္စာ သူ့စိတ်ထဲမှာပြန်ပြန်ပေါ်နေတယ်....(မှန်ပါ့ဘုရား)။

အားလုံး အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်ခဲ့လို့ရှိယင် ခန္ဓာကိုယ်တကိုယ်လုံးထဲမှာ အကုန်အနတ္တတွေ ဖြစ်နေလို့ရှိယင် ဘယ်ဟာမှ ကိုယ့်ဟာမှ မဟုတ်တော့ဘဲဆိုတော့ ဘယ်မှ အားကိုးစရာ မရှိတော့ဘူးတဲ့၊ သူ့စိတ်ထဲ အားကိုးရာပျောက်ပျောက်သွားဘယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ အနိစ္စ,ဒုက္ခအနတ္တ ရှုလိုက်တယ်၊ရှုလိုက်တဲ့အခါကျတော့ မြင်တော့မြင်တယ်၊ ပျောက်ပျောက်သွားတာဘဲ (မှန်ပါ့) ပျောက်သွားလိုက်- ပျောက်သွားလိုက်- ပျောက်သွားလိုက်၊ ရှုလိုက်ယင် ပျောက်သွားတာမြင်တယ်၊ ဒီလိုသာပျောက်သွားလို့ရှိယင်ဖြင့် ဘာအားကိုးရမှာတုံး....တဲ့ ဆိုတော့ ပျောက်သွားတာကိုဘဲ သူ့စိတ်ထဲမှာ ပျောက်သွားတဲ့ အနတ္တကိုဘဲ မကျေနပ်ဘူး....(မှန်ပါ့ဘုရား)။

အားကိုးရာ မရှိတော့ဘူးတဲ့ စိတ်ဝင်လာတယ်ဆိုတော့သူ့မှာ အနိစ္စ, ဒုက္ခ, အနတ္တ မမြင်ဘူးလား- မြင်သလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ... (မြင်ပါတယ်ဘုရား)။

အနိစ္စ,ဒုက္ခ,အနတ္တ မြင်ပါတယ်၊ မြင်ပြီးတော့ သူ့စိတ်ထဲမှာ အလုံးစုံ အနတ္တတွေ ဖြစ်နေလို့ရှိယင် ဘယ်ဟာအားကိုးရမလဲ ဆိုတဲ့ စိတ်ကဝင်လာတယ်....(မှန်ပါ့ဘုရား)။

**ဒါ** အားလုံး တကာတကာမတွေ့ အနိစ္စ,ဒုက္ခ,အနတ္တတွေမြင် လိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ခန္ဓာကိုယ်ထဲမှာ ဘာအားကိုးစရာ ရှိသေးသတုံး၊ဒီလို အားကိုးစရာမရှိလို့ရှိယင် ဘယ်ဖြစ်နိုင်ပါ့မလဲ ဆိုတော့ ဦးကျော်မောင်တို့ သူ့စိတ်ထဲမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရတဲ့အပြင် အားကိုးပျောက်းသွားလို့ခက်တယ်ဆိုတဲ့ အဓိပ္ပါယ် တောင် လာသေးတယ်....(မှန်ပါ့ဘုရား)။

အားကိုးပျောက်သွားလို့ ခက်တယ်ဆိုတဲ့ အဓိပ္ပါယ်တောင် လာသေးတယ်၊ ဒီလိုဆိုယင် ဘယ့်နှယ် အနိစ္စ, ဒုက္ခ, အနတ္တတွေ မြင်တယ်၊ ပျောက်ပျောက်သွားတယ် ဆိုလို့ရှိယင်ဖြင့် ရုပ်နာမ် ပျောက်ပျောက် သွားလို့ရှိယင်ဖြင့် နိဗ္ဗာန်ပေါ်ဘို့ဘဲ....(မှန်ပါ့) သူ့မှာတော့ နိဗ္ဗာန်မပေါ်တဲ့အပြင် ဆုတ်နစ်တဲ့စိတ်၊ အနိစ္စ, ဒုက္ခ,အနတ္တတွေ ကြည့်လိုက် ခန္ဓာကိုယ်ထဲမြင်လိုက်၊ အလုံးစုံ အားကိုးစရာမရှိတဲ့ အဓိပ္ပါယ်ရောက်လာတယ်... (မှန်ပါ့ဘုရား) ။

အားကိုးရာမရှိတဲ့ တရားဘဲ၊ သူ့စိတ်ထဲ အားကိုးရာမရှိတဲ့ တရားဘဲလို့ ပြန်ပြန်ပေါ်နေတဲ့အတွက် နိဗ္ဗာန်ကို မပေါ်လာဘဲ ဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

ဒါ ကြပ်ကြပ်စဉ်းစား နားထောင်ပါ၊ဒီဉစ္စာ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်မှာ သေသေချာချာ ရှင်းပြပြီး ပါဠိတော်ဘဲဆိုတာ မှတ်ရမယ်နော်....(မှန်ပါ့ဘုရား)။

ဒီမှာလဲ တကာတကာမတွေ့ အနိစ္စ,ဒုက္ခ,အနတ္တ ခန္ဓာကိုယ် ထဲမှာ ဖျတ်ခနဲပေါ်လိုက် ပျောက်သွားလိုက်၊ပေါ်လိုက်-ပျောက် သွားလိုက်၊ ပေါ်လိုက်- ပျောက်သွားလိုက် ဆိုလို့ရှိယင် ဘာ အားကိုးရမှာတုံး၊ ဒီဉစ္စာတွေဟာ ကိုယ့်သဘော ကိုယ်ပိုင်တာ

ကိုယ်ခင်တာမှ ဘာမှမရှိဘဲ၊ အားကိုးရာမဲ့ချည့် ဖြစ်ဖြစ်နေယင် စိတ်ထဲမှာ ဖိုကနဲ-ဖိုကနဲ ဖြစ်သွားတယ်....(မှန်ပါ့ဘုရား)။

ဖိုကနဲ-ဖိုကနဲ ဖြစ်သွားတော့ကို အားကိုးရာမရှိတဲ့ အဓိပ္ပါယ် မျိုးရောက်သွားတယ်၊ နိဗ္ဗာန်မပေါ်ဘူး.... (မှန်ပါ့ဘုရား)။

ဘယ်လိုဖြစ်သွားသတုံး... (နိဗ္ဗာန်ပေါ်မလာပါ) အားကိုးရာ မရှိတဲ့ သဘောဖြစ်ပြီး သူ့စိတ်ထဲ ပြယ်ပြယ် သွားတယ်နော်၊ အားကိုးရာမရှိတဲ့ သဘောဖြစ်ပြီး ပြယ်ပြယ်သွားပြီး နိဗ္ဗာန် မပေါ်လာဘူး....(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ သူကအားကိုးရာ မရှိလို့ရှိယင်မဖြစ် ဘူး....(မှန်ပါ့) တခုခုတော့ဖြင့် ရှိမှဘဲ- အားကိုးရာရှိမှဘဲ၊ အခု တော့ အားကိုးရာမရှိတဲ့တရားတွေချည့် ခန္ဓာကိုယ်ထဲမှာဖြစ်နေ တယ်၊ ဒီလိုဆိုယင် ဘာအားကိုးရမလဲလို့ဆိုတဲ့ စိတ်ယှဉ်ယှဉ်ပြီး လာတယ်....(မှန်ပါ့ဘုရား)။

မောင်သစ် ဒီဥစ္စာ သေသေချာချာမှတ်ပါ၊ အနတ္တမြင်ယင် သူ့စိတ်ထဲမှာ အားကိုးရာမဲ့ ဖြစ်ဖြစ်သွားတယ် .... (မှန်လှပါ ဘုရား)။

အနတ္တမြင်ယင်.... ( အားကိုးရာမဲ့ ဖြစ်ဖြစ်သွားပါတယ် ) အနတ္တမြင်လိုက်လို့ရှိယင် ခန္ဓာထဲမှာ ဖျတ်ကနဲ ပျောက်သွား တယ်၊ ရုပ်ကလေးရှုလိုက်လို့ ပျောက်သွားလဲ အနတ္တဘဲ၊ ဝေဒနာ ကလေးရှုလိုက်လို့ ပျောက်သွားလဲ အနတ္တဘဲ၊ စိတ်ကလေးရှု လိုက်လို့ ပျောက်သွားလဲ အနတ္တဘဲ၊ အနတ္တချည့် ဖြစ်နေတော့ အားကိုးရာ တခုမှမရှိပါလားဆိုပြီး သူ့စိတ်ထဲမှာ ဆုတ်နစ်တဲ့ စိတ်ပေါ်ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

နိဗ္ဗာန်မပေါ်တဲ့အပြင် မောင်သစ် ဆုတ်နစ်တဲ့စိတ်က ပေါ်လိုက်သေးတယ် .... (မှန်ပါ့) မောင်သစ် ဒါအရေးကြီးတယ်.... (မှန်ပါ့ဘုရား)။

ဒါနဲ့ သူရှင်ဆန္ဒသည် သာဝတ္ထိပြည်မှာနေတော့ သူ့ရှုလိုက်ယင် ဒီလိုချည့်ဖြစ်နေတော့ ရဟန်းတွေကို သူကသွားပြီး တောင်းပန်တယ်၊ အရှင်ဘုရားတို့.... တပည့်တော်ကို တရားဟောကြပါဦးလို့၊ ဟိုကျောင်းသွားပြီး တရားဟောကြပါဦး၊ တပည့်တော်ဖြင့် ခန္ဓာချုပ်ငြိမ်းရုပ်သိမ်းတဲ့နိဗ္ဗာန် မပေါ်လာဘူး.... (မှန်ပါ့ဘုရား)။

ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့နိဗ္ဗာန်ဖြင့် မပေါ်လာဘူး၊ ဒါနဲ့ ရဟန်းတွေကဟောတဲ့ ပုဂ္ဂိုလ်တွေကလဲ ဘာကာတကာမဟုတ် ညံ့ဖျင်းတဲ့ ပုဂ္ဂိုလ်မပါဘူး....(မှန်ပါ့) ဘုရားပရိနိဗ္ဗာန်စံပြီး ရက်အနည်းငယ်အတွင်းမှာ ရှိပါသေးတယ်... (မှန်ပါ့ဘုရား)။

ဒီတွင် ရဟန်းတွေကတော့ ကွာ... ရုပ်အနိစ္စ, ရုပ်အနတ္တပေါ့ကွ၊ ဝေဒနာအနိစ္စ, ဝေဒနာအနတ္တာပေါ့ကွ၊ သညာအနိစ္စ, သညာအနတ္တပေါ့ကွ၊ ဝိညာဏ်အနိစ္စ, ဝိညာဏ်အနတ္တ၊ တကိုယ်လုံးကွာ "သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေဓမ္မာ အနတ္တာ" ပါတဲ့ ဟောလိုက်တယ် .. (မှန်ပါ့ဘုရား)။

ဟောလိုက်တော့ သူအဟောခိုင်းတဲ့ ပုဂ္ဂိုလ်တွေ ဟောတဲ့တရားဟာ ဦးဟာသန်း အမှန်ချည့်ဘဲနော်... (မှန်ပါ့)မှန်တာဟောကြငြားသော်လဲ သူ့စိတ်ထဲ အို....ဒီအနိစ္စတွေ ဒီအနတ္တတွေဟာ သူမြင်နေတာဘဲ၊ မြင်ပင်မြင်ငြားသော်လဲတဲ့ ခုနင်ကပြောခဲ့တဲ့အတိုင်း ဒီဟာတွေ အကုန်အနတ္တဖြစ်ခဲ့လို့ရှိယင် ဘယ်ဟာအားကိုးရမလဲဆိုတဲ့စိတ်ဟာ သူ့စိတ်ထဲပြန်ပြန်လာတယ်.... (မှန်ပါ့)

တွေးတော့ နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်ဟာတော့ ဒီလိုမဟုတ်ဘူးလို့ သူ့ဟာသူ တွေးမိတယ်....(မှန်ပါ့ဘုရား)။

နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်ကတော့ ခန္ဓာရှိယင် အိုဘေး, နာဘေး တွေ့ရတယ်၊ ခန္ဓာကုန်တာ တွေ့ရတယ်၊ နိဗ္ဗာန်ပေါ်လာတယ်၊ ဒီလိုဘုရားက ဟောထားတယ်။ သူ့မှာဖြင့် ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်မပေါ်လာ။ တဏှာသေတဲ့ နိဗ္ဗာန်လဲ မပေါ်လာသေး။ ဘာ့အားကိုးရမလဲ အကုန် အနတ္တ ဖြစ်ခဲ့လို့ ရှိယင် အားကိုးရာမဲ့ဖြစ်သွားတဲ့အတွက် စိတ်ထဲမှာ ဆုတ်နစ်တဲ့ စိတ်သာ ပေါ်ပေါ်လာတာကို တွေ့ရတယ်။

ဒါ့ကြောင့် ဒီ ကိုယ်တော်တွေ ဟောတဲ့.... " သဗ္ဗေသင်္ခါရာ အနိစ္စ၊ သဗ္ဗေဓမ္မာ အနတ္တ " ဆိုတဲ့ တရားတွေဟာ သူကဖြင့် မြင်ပါတယ်. (မှန်ပါ့) မြင်ပင် မြင်ငြားသော်သဲ နိဗ္ဗာန် မပေါ်လာဘူး... ဆိုတော့ ဒီမှာ အခုတရားနာတဲ့ တကာတကာမတွေက စဉ်းစားရမယ်။ ဘယ်လိုစဉ်းစားရမလဲဆိုတော့ ဩော်.... အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေ မြင်လျက်သားနဲ့ နိဗ္ဗာန် မရဘူး.... (မှန်ပါ့)။

ဒါဖြင့် အရှင်ဆန္နက မောင်သစ် သက်သေခံနေတယ်....(မှန်လှပါဘုရား ) အနိစ္စ ဒုက္ခ အနတ္တတွေ အကုန် မမြင် ဘူးလား.... (မြင်ပါတယ်ဘုရား)။

မြင်လျက်သားနဲ့ သူ့မှာ ဘာ့အားကိုးစရာရှိတော့သတုံးဆိုတဲ့ အခိပ္ပါယ်ပြန်ပြန်လာတယ်.... တဲ့။ နိဗ္ဗာန်တော့ မပေါ်လာဘူး....(မှန်ပါ့)။

ဒါနဲ့ သူ့စိတ်ထဲ ခုနင်က ရဟန်းကြီးတွေကို သူသိပြီးသား၊ သူမှတ်ပြီးသား ဒီ အနိစ္စ ဒုက္ခ အနတ္တတွေ သူမြင်ပြီးသား ရှင်းပြီးသား။ သို့သော် နိဗ္ဗာန်တော့ သူ မပေါ်လာဘူး။ ဒါ့ကြောင့် ဒီ ကိုယ်တော်တွေ ဟောတဲ့တရားနဲ့တော့ သူ လုပ်ပြီးသား တရားနဲ့... သူတို့က နိဗ္ဗာန်ပေါ်လိမ့်မယ်လို့ ဟောတယ်။ သူလုပ်ကြည့်တော့ အနိစ္စ ဒုက္ခ အနတ္တတွေ အမြင်သား။ မြင်ပင် မြင်ငြား သော်လဲ နိဗ္ဗာန်ကမပေါ်လာဘူး။ အဲဒီတော့ ဒီ ကိုယ်တော်တွေ ဟောတဲ့တရားနဲ့တော့ သူ ကျွတ်တမ်းဝင်ဘို့ မလွယ်ဘူး....(မှန်လှ ပါဘုရား)။

ဒီလိုဆိုတော့ နောက်က တကာ တကာမတွေ စဉ်းစားခဏ်း ထုတ်ဘို့ကောင်းတယ်။ အနိစ္စ ဒုက္ခ အနတ္တတွေကို ဖွားဘက်တော် ရှင်ဆန္နဟာ မြင်လျက်သားနဲ့ နိဗ္ဗာန်မရဘူး - ဆိုတော့ နိဗ္ဗာန် တည်းဟူသော အာရုံ သူ့မှာ မပေါ်လာဘူးဆိုတာ သူ့စိတ်ထဲ အားကိုးရာမဲ့ ဖြစ်ပြီး အားကိုးရာ တခုခုကို ရှာနေတယ်-လို့ အဓိပ္ပါယ်မပေါ်လာဘူးလား....(မှန်ပါ့)။

ဒီတော့ အားကိုးရာ ရှာဘယ်ဆိုတော့ တဏှာ ပါနေတယ်.... (မှန်ပါ့) မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

အားကိုးရာရှာတယ်ဆိုတော့ တကာတကာမတွေ တဏှာပါ နေတယ်....(မှန်ပါ)။

အဲဒီ့တဏှာပါနေတော့ကို မောင်ချစ်စိန် နိဗ္ဗာန်ကပေါ်လာ ပါဦးမလား....(မပေါ်လာပါဘုရား)။

အနိစ္စ ဒုက္ခ အနတ္တ မမြင်လို့လား....မြင်လျက်သားနဲ့လား-(မြင်လျက်သားနဲ့ပါဘုရား)။

အဲဒီတော့ ဒီ တကာတကာမတွေ ဒီနေ့စဉ်းစားကြည့်။တကာတကာမတွေ အနိစ္စ ဒုက္ခ အနတ္တ မြင်ငြားသော်လဲ နိဗ္ဗာန်မရတာ ဟောဒီ ရှင်ဆန္ဒဘဲ.. (မှန်ပါ့ဘုရား) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

အနိစ္စတွေ ဒုက္ခတွေ အနတ္တတွေ မြင်လျက်နဲ့ နိဗ္ဗာန်မရတာ ဘယ်သူပါလိမ့်....(ရှင်ဆန္ဒပါဘုရား)။

ရှင်ဆန္ဒ ဘာဖြစ်လို့ မရသတုံးဆိုတော့ အခုကတည်းက သေသေချာချာမှတ်ထား။ ဒါတွေ အကုန် အနတ္တ ဖြစ်ခဲ့လို့ရှိယင် ဘာ့ အားကိုးရမလဲဆိုတဲ့ စိတ်က ဝမ်းထဲ ပေါ်ပေါ်လာတယ်....(မှန်ပါ့)။

အဲဒီတော့ သူ့မှာ အားကိုးရာရှာတဲ့ ပုဂ္ဂိုလ် တဦးတယောက် ဖြစ်နေတော့ ခန္ဓာငါးပါး တပါးပါးအားကိုးချင်တဲ့စိတ်ကရှိနေတော့ နိဗ္ဗာန်ပေါ်နိုင်ပါ့မလား...(မပေါ်နိုင်ပါဘုရား)။

ဒါဖြင့် အနိစ္စ ဒုက္ခ အနတ္တ မမြင်လို့လား။ မြင်လျက်နဲ့ မရတာလား ...(မြင်လျက်နဲ့ မရတာပါဘုရား)။

အဲဒါကြောင့် ဒီတကာတကာမတွေ ယနေ့ လေးလေး စားစားနဲ့ဘဲ ဆရာ-ဘုန်းကြီးက ပြောတယ်။ ဩော်.... အနိစ္စ ဒုက္ခ အနတ္တမြင်ငြားသော်လဲ-နော်....။ မြင်ရုံနဲ့ မရသေးဘူး ဆိုတာ ရှင်ဆန္ဒက သက်သေခံနေတဲ့ အတွက် ဒို့မှာလဲ မြင်ပင် မြင်ငြားသော်လဲ မရတဲ့ နည်းတမျိုးရှိသေးသကိုးဆိုတဲ့ဥစ္စာ ဒီ ဝတ္ထုက သက်သေခံပြီးသကာလနေသဖြင့် လိုသေးတာ တခုခုပါရမယ်....

(မှန်ပါ့) လိုတာ တခုခုရှိရမယ်ဆိုတာ တကာတကာမတွေ မှတ်ထားပါ....(မှန်ပါ့ဘုရား)။

လိုတာ တခုခုရှိတယ်....(မှန်ပါ့) ကြည့်ပါလား....။ သူ့မှာ လိုတာ ဘာလိုနေသတုံး ဆိုတော့ ဒီ ပ ဋိ စ္စ သ မု ပ္ပါ ဒ် ဒေသနာ နားမလည်လို့....(မှန်ပါ့)။

မောင်ချစ်စိန် ဘာ တဲ့ တုံး .... ( ပဋိစ္စသမုပ္ပါဒ် ဒေသနာ နားမလည်ပါဘုရား)။

အဲဒီနားမလည်ဘဲနဲ့ ရှုနေလို့....(မှန်ပါ့) ကဲ.... ဘယ်လောက် အရေးကြီးသတုံး....(ကြီးပါတယ်ဘုရား)။

တကာတကာမတွေ အနိစ္စ ဒုက္ခ အနတ္တ မြင်ပါလျက်သားနဲ့ နိဗ္ဗာန်ကို မပေါ်လာတာဟာ ဘာကြောင့်တုံးလို့ မေးယင် ဘယ့်နှယ်ဖြေမတုံး....(ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ပါဘုရား)။

ဒါဖြင့် သူ့ကို ရှေ့ထားပြီး ကြည့်ရမယ်....(မှန်ပါ့)ပြီးတော့မှ လက္ခဏာရေးသုံးပါး ရှုရမယ်-ဆိုတော့ ဒါ သက်သေခံ လိုလောက်နေတာဘဲ....(မှန်ပါ့)။

အဲဒါကြောင့် အားလုံးတကာတကာမတွေ ဩော်.... ဝိပဿနာ ရှု၊ ရှုရှု-ဆိုရုံနဲ့ နိဗ္ဗာန်မရသေးပါကလား....(မှန်ပါ့) ကိုယ်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်မပါဘဲနဲ့ ရှုတဲ့အတွက် အားကိုးရာပင် မရှိတော့ဘူး-ဆိုတဲ့ ဆုံးဖြတ်ချက် အသစ်သာပေါ်လာပြီး နိဗ္ဗာန်မပေါ်လာဘဲ ဖြစ်တတ်တယ်....(မှန်ပါ့)။

မောင်ချစ်စိန် ဘာတုံး.... ( ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ပါဘုရား ) ဒါဘုန်းကြီးက ပြောတာ မဟုတ်ဘူး။ ဒီ အတိုင်း လာတယ်....(မှန်ပါ့)။

ဒီအတိုင်းလာတယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာကို နားမလည်ဘဲနဲ့ ရောက်လာယင် ဆရာက ဖြစ်စေ၊ ဆရာ·ဘုန်းကြီးက ဖြစ်စေ ရှုကွ... ရှုကွ။ ဒါ ရုပ်နာမ်ဘဲ ရှုစရာရှိတာဘဲ၊ ရုပ်နာမ်ရှုကွလို့ ပြောတဲ့ ကမ္မဋ္ဌာန်းဆရာ။ ကမ္မဋ္ဌာန်းကျောင်းနဲ့ တွေ့လို့ရှိယင်ဖြင့် နိဗ္ဗာန်နဲ့ လွဲပြီ....( မှန်ပါ့ ) မရပေဘူး.... (မှန်ပါ့)။

ဘာဖြစ်လို့တုံးဆိုတော့ ရှုလိုက်တဲ့အခါ အားကိုးစရာတွေက ဘာမှ မရှိဘဲ ဖြစ်သွားတယ်။ ဘယ်ဟာ အားကိုးရမှာဘုံး ဆိုတဲ့ ဆုတ်နစ်တဲ့ စိတ်တွေက ပြန်ပြန်ပေါ်တတ်တယ်....(မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီ)။

ဘယ်ဟာ အားကိုးရမှာတုံးဆိုတဲ့ ဆုတ်နစ်တဲ့ စိတ်တွေ ပြန်ပြန်ပေါ်နေတော့ အားကိုးတဲ့တဏှာက လာပြီးသကာလ နိဗ္ဗာန်ကို ကန့်ကွက်တယ်....(မှန်ပါ့)။

အဲဒီ နိဗ္ဗာန်လာပြီး ကန့်ကွက်တဲ့အတွက် ဆန္ဒမှာ တိုတိုပြောကြပါစို့ဆိုတော့ ဘုရားဖြစ်ပြီးတော့ သုဒ္ဓေါဒန မင်းကြီးက မောင်ဆန် မင်း-ဘုရားသွားပင့်ချေကွာ....ဆိုတော့ သူ မပြန်လာဘဲနဲ့ ရဟန်းပြုတယ်။ အဲဒီ အချိန်ကစပြီးတော့ သူ အနိစ္စ ဒုက္ခ အနတ္တတွေ အားထုတ်တယ်.... (မှန်ပါ့)။

ဘုရားနှင့်တကွ တပည့်သား·သာဝကတွေထံမှာ နေ့စဉ် အားထုတ်တယ်။ မောင်သစ်....ရ,ကို မရဘူး ...(မှန်ပါ့) တိုတိုပြောကြစို့ဆိုတော့ သူ အနှစ် ၄၀-လောက် အားထုတ်တယ်။ မရဘူး.... (မှန်ပါ့)။

မ ရ တာ အခု .... ဒီနေ့ .... အဓိပ္ပါယ် ဆရာ-ဘုန်းကြီး ပြောတော့ တကာတကာမတွေ ရှင်းလောက်ပါပြီ.... (ရှင်းပါပြီ) ဘာနားမလည်လို့လဲ .... ( ပဋိစ္စသမုပ္ပါဒ် နား မ လည် လို့ပါ ဘုရား)။

ဒါ နားမလည်ဘူး၊ နားမလည်ဘူး၊နားမလည်တော့ဘုရားပရိနိဗ္ဗာန်စံသွားပြီး၊အဲဒီအချိန်လဲ သူ မောင်သစ် နိဗ္ဗာန်မရသေးဘူး (မှန်ပါ့) ခက်လိုက်တာ နှစ်ပေါင်း ၄၀-ဘဲ....(မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ယနေ့မပေါ်သေးဘူးလား .... ( ပေါ်ပါပြီ ) သူ့ကို နားမလည်ယင် မရနိုင်ဘူး... (မှန်ပါ့ဘုရား)။

ဒါနဲ့ ဘုရားကလဲ ပရိနိဗ္ဗာန်စံသွားတော့ ဘုရားအမှီပြုနေတဲ့ ပုဂ္ဂိုလ် ဘုရားနဲ့ခွဲပြီး နေရတော့ သူအားကိုးရာမဲ့ ဖြစ်ပြီး သကာလ နိဗ္ဗာန်လဲမမြင်ရသေးဘူး.... (မှန်ပါ့ဘုရား)။

ဒါနဲ့သူ ဟိုကျောင်းသွား- ဒီကျောင်းသွား မောင်သစ်၊ သူ့ ကျောင်း တံခါးပိတ်ပြီးသကာလ ဟိုကျောင်းသွားမေး၊ အရှင်ဘုရားတို့ တပည့်တော်ကို တရားဟောဦးမှဘဲ....(မှန်ပါ့) ဟောကြစမ်းပါတဲ့၊ ဟောတော့ ဟောသားဘဲ အနိစ္စတွေ, ဒုက္ခတွေ အနတ္တတွေ, ဟောကြပါတယ်၊ ခန္ဓာငါးပါးဘဲ ဟောတယ်.... (မှန်ပါ့ဘုရား)။

ဟောပြန်လဲ သူ့စိတ်ထဲက မောင်ချစ်စိန် မကျေနပ်ဘူး.... (မှန်ပါ့) ဒီတရားတွေ သူမြင်ပြီးသားဘဲ....(မှန်ပါ့) အနိစ္စ, ဒုက္ခ အနတ္တတွေ မြင်ပြီးသားဘဲ၊ သို့သော်လဲ နိဗ္ဗာန်မတွေ့ပါဘူး.... (မှန်ပါ့ဘုရား)။

နိဗ္ဗာန်မတွေ့ပါဘူးတဲ့၊ အဲဒီတော့ သူပြောတဲ့ စကားကို မောင်သစ်တို့က ထောက်ကြည့် အနိစ္စ, ဒုက္ခ, အနတ္တကို မမြင်လို့ မရတာမဟုတ်ဘူး၊ မြင်လျက်နဲ့ မရတာ....(မှန်ပါ့ဘုရား)။

ဦးကျော်မောင်ဘာတဲ့တုံး (အနိစ္စ,ဒုက္ခ,အနတ္တမြင်လျက်နဲ့ မရပါဘုရား)မြင်လျက်နဲ့ မရဘူး၊ ဦးဘသန်း ကျေနပ်ပလား .... (ကျေနပ်ပါပြီ) ဘာတဲ့တုံး...(အနိစ္စ, ဒုက္ခ, အနတ္တ မြင်လျက်နဲ့ နိဗ္ဗာန်မရပါဘုရား)။

ဒါဖြင့် မောင်ချစ်စိန် အနိစ္စ,ဒုက္ခ, အနတ္တဆိုတာ မောင်ချစ်စိန် နောက်မှလုပ်ယူ....(မှန်ပါ့) သူ့ကို နားလည်အောင်ရှေ့ပိုင်းက ထားလုပ်....(မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဒေသနာကို....(ရှေ့ပိုင်းက ထားလုပ်ရပါမယ်) ရှေ့ပိုင်းက ထားလုပ်ရမယ်ဆိုတဲ့ဥစ္စာလဲ ရှင်ဆန္ဒဝတ္ထုကိုထောက်သဖြင့် သေချာပြီ၊ ဒို့ဆရာဘုန်းကြီး သင်နေတာ သူ့ကိုရှေ့ထားတယ် ...(မှန်ပါ့) ပြီးတော့မှ အရှုခိုင်းတယ်ဆိုတာလဲ ပေါ်ကြရော့မယ်.... ( ပေါ်ပါတယ် ) ဒါဖြင့် ဒီအတိုင်းသာလုပ်.... (မှန်ပါ့ဘုရား)။

ဘုရားကလဲ သိတယ် ငါပရိနိဗ္ဗာန်စံမှ ငါပရိနိဗ္ဗာန်စံမှသူတရားရှာပြီး ကျကျနနရှုမယ်၊ ဒီအတိုင်းတော့ ရှုနေတာဘဲ၊ရှုနေပေမဲ့ မရနိုင်ဘူး....(မှန်ပါ့ဘုရား)။

သူရှုလိုက်တဲ့အခါ ဘာအားကိုးရမှာတုံး ဒါတွေအကုန်အနတ္တဖြစ်ကုန်ပြီ၊ ဘာအားကိုးရမှာတုံးဆိုတဲ့ စိတ်သာ ပေါ်ပေါ်လာတယ်....(မှန်ပါ့) နိဗ္ဗာန်တော့ မပေါ်လာဘူး .... (မှန်ပါ့) ဘယ်လောက်ခက်တယ်ဆိုတာ သိကြပြီ....(သိပါပြီဘုရား)။

အေး .... ဒါကြောင့် တကာတကာမတွေ ဝိပဿနာကိုရှေ့ ထားမရှုပါနဲ့၊ ပဋိစ္စသမုပ္ပါဒ် နားလည်မှုကို ရှေ့ထားပါဆိုတဲ့ အကြောင်းကို ယနေ့သက်သေခံ လုံလောက်အောင် ပြောလိုက်ရ တယ်... (မှန်ပါ့ဘုရား)။

ဘာရှေ့ထားရမယ်... (ပဋိစ္စသမုပ္ပါဒ် နားလည်မှုကိုရှေ့ထား ရပါမယ်) ဝိပဿနာရှုမှုကို....(နောက်ထားရပါမယ်ဘုရား)။

နောက်ထားရမယ်ဆိုတော့ မောင်သစ် ဒါ အစဉ်လွဲလို့မရတဲ့ အမိပ္ပါယ်ပေါ်နေပြီ .... ( မှန်ပါ ) ဘယ်လိုပေါ်လာသတုံး.... (အစဉ်လွဲလို့မရပါ) ရှေ့နောက်လွဲတာ....(မှန်ပါ့ဘုရား)။

ရှေ့နောက်လွဲတာနဲ့ မရတာ ပေါ်လာတယ်ဆိုတာ မရှင်း ကြသေးဘူးလား....(ရှင်းပါပြီဘုရား)။

ဒါနဲ့ ခုနင်ကလို ဟိုကျောင်းသွားပြီး တရားတောင်းပန်၊ ဒီ ကျောင်းသွားပြီး တရားဟောတော်မူပါ တောင်းပန်တာ၊ ဟိုကိုယ်တော်တွေ ဟောတာ ဦးကျော်မောင် လွဲသလား- မှန်သ လား....(မလွဲပါဘုရား)။

သူလိုနေတာနော်... (မှန်ပါ) တရားကလဲ အနိစ္စ,ဒုက္ခ,အနတ္တ အပြင် ပိုကျင့်စရာရှိသေးရဲ့လား.... (မရှိပါ) ပေါင်းလိုက်တော့ ဖြစ်ပျက်ဆိုတဲ့ဥစ္စာ အနိစ္စ,ဒုက္ခ,အနတ္တကိုပေါင်းချုပ်ပြီးသကာလ ပြောတဲ့စကား....(မှန်ပါ့ဘုရား)။

ဒါနဲ့ သူ့စိတ်ထဲ ဒီကိုယ်တော်ဟောတဲ့ သဘောနဲ့ သူရှုကြည့် တယ်... တဲ့၊ နဂိုရ်ကလဲ ရှုပါတယ် .... ( မှန်ပါ ) နောက်ထပ်လဲ ကိုယ်တော်တွေ သင်နည်း ရှုကြည့်တဲ့ အခါကျတော့ အကုန် အနတ္တတွေဖြစ်သွားတာ မြင်လိုက်သားဘဲ .... ( မှန်ပါ )အကုန်

အနတ္တဆိုယင် ဘာအားကိုးရမလဲဆိုတဲ့ စိတ်က သူ့စိတ်ထဲပြန်ပြန် လာတယ်...(မှန်ပါ့ဘုရား)။

အဲဒီတော့ အနတ္တဉာဏ်ပေါ်လိုက်၊ အားကိုးချင်တဲ့တဏှာက နောက်ကလိုက်လိုက်၊ အားကိုးရာရှာတဲ့ တဏှာက နောက်က လိုက်တယ်....(မှန်ပါ့ဘုရား)။

ဒီလိုဖြစ်နေတော့ ခန္ဓာတို့၏ ချုပ်ငြိမ်းရုပ်သိမ်းတဲ့ နိဗ္ဗာန် မပေါ်လာဘူး....(မှန်ပါ့) သူအားကိုးရာရှာတာကိုး၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ သူ့မှာ ဘာဖြစ်နေသတုံးဆိုတော့မှ လိုရင်း အကျဉ်းချုပ် ပြောကြပါစို့ဆိုယင် အကုန်အနတ္တ ဖြစ်လို့ရှိယင် ဘာမှအားကိုးစရာမရှိဘူး၊ ပြတ်သွားတာဘဲဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိဝင် တယ်....(မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဘာဝင်နေသတုံး (ဥစ္ဆေဒဒိဋ္ဌိ ဝင်နေပါတယ်ဘုရား)ဥစ္ဆေဒ ဒိဋ္ဌိဝင်နေလို့ရှိယင် ဒိဋ္ဌိက မဂ်တားမှာဘဲ... (မှန်ပါ့) မပေါ်လာ သေးဘူးလား....(ပေါ်လာပါပြီဘုရား)။

ဒိဋ္ဌိက ဘာတားသတုံး.... (မဂ်တားပါတယ်) ဒိဋ္ဌိကမဂ်တား တယ်ဆိုသဖြင့် ဒိဋ္ဌိကွာမှုဟာ ပဋိစ္စသမုပ္ပါဒ်နားလည်မှ ဒိဋ္ဌိကွာ တယ်....(မှန်ပါ့ဘုရား)။

ဒိဋ္ဌိကွာပြီး အားထုတ်မှ ဒိဋ္ဌိကိုမြင်တဲ့ ဉာတပရိညာဆိုတဲ့ သိမှုနဲ့ ကွာပြီးအားထုတ်မှ(ဝါ) အနိစ္စ, ဒုက္ခ, အနတ္တ မြင်ပြီး အနိစ္စ,ဒုက္ခ,အနတ္တ ဆုံးသွားပြီးသည့်နောက် ခန္ဓာချုပ်ငြိမ်း ရုပ် သိမ်းတဲ့နိဗ္ဗာန်ကြီး ပေါ်လာတာကို သဘောကျပလား (မှန်ပါ့) နို့မဟုတ်လို့ရှိယင်ဖြင့် သဘောမကျနိုင်ပါဘူးဆိုတာ မောင်သစ် တို့ပေါ်မြဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ ယနေ့ ဘုရားဒေသနာ**တော်**ကို ဘုန်းကြီးက ဟောပြီးသကာလနေတော့ ဩော်-ရှေ့နောက် လွဲလို့ရှိယင်လဲ အချိန်သာကြာ၍ မီးမတောက်ပါလား .... (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ် .... (ရှေ့နောက် လွဲလို့ရှိယင် အချိန်သာကြာ၍ မီးမတောက်ပါဘုရား)။

ရှေ့က ပဋိစ္စသမုပ္ပါဒ်နားလည်မှု၊ နောက်က ဝိပဿနာ **အား**ထုတ်မှု....(မှန်ပါ့)။

ဒီ နှစ်ခုရှိမှသာလျှင် ဖြစ်နိုင်ပါတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ယနေ့ ဒီ ဝတ္ထုက သက်သေခံပြီး ရှင်းသွားတယ်... (မှန်ပါ့) သဘောပေါ်ပါလား....(ပါ-ပါပြီဘုရား)။

ဒါနဲ့ ဆန္ဒဲ ဆက်ကြစို့။ မောင်သစ်တို့ သူ သာဝတ္ထိပြည်မှာ နေပြီး ကိုယ်တော်တွေ တရားဟောပြီး၊ ဟောပေမဲ့လဲ သူ ဒါတွေ မြင်ပြီးသား ဖြစ်ပြီးသား သူက.... (မှန်ပါ့) မြင်တော့ မြင်တာ အမှန်ဘဲ သူက၊ နိဗ္ဗာန်သာ မရတာ... (မှန်ပါ့)။

အဲဒါတွေ ထောက်ကြည့်တော့မှ ဩော်... အနိစ္စ ဒုက္ခ အနတ္တ မြင်ပေမဲ့ တခုသောတရားသိမှုကို လိုနေသေးယင် နိဗ္ဗာန်မရသေးဘူးဆိုတာ လုံလောက်ပြီ .. (မှန်ပါ့) သက်သေခံ မလုံလောက်သေးဘူးလား....(လုံလောက်ပါပြီဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အေး....ဒါကြောင့် မောင်သစ် ဆရာ-သမားဟာ တော်တော်အရေးကြီးပါတယ်....(ကြီးပါတယ်ဘုရား)။

ရှေ့-နောက် အစဉ်တည့်ပေးတတ်တဲ့ဆရာ။ ဘယ်ဟာ အယင်ဟောပြီးမှ ဘယ်ဟာနောက်ဟောမှသာလျှင် ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်

ကျွတ်ရမယ်....(မှန်ပါ့) ဒီ ရှင်ဆန္ဒဟာ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်ဘဲ.... (မှန်ပါ့)။

ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်မှာ နှစ်ပေါင်း ၄၀-တိုင်တိုင် အားထုတ်တာ မောင်ချစ်စိန် မကျွတ်တာ နိဗ္ဗာန်မမြင်တာ ဘာတုံးမေးလို့ ရှိယင် ရှေ့-နောက် လွဲနေလို့....(မှန်ပါ့ဘုရား)။

ဘာ့လွဲနေသလဲ....(ရှေ့-နောက် လွဲနေပါတယ်ဘုရား) ရှေ့-နောက် လွဲနေတယ်လို့ တကာဘကာမတွေက မှတ်ကြပါ။ ပဋိစ္စသမုပ္ပါဒ်သိမှုကို ရှေ့ထားရမယ်....(မှန်ပါ့) ကျင့်မှုကို နောက်ထားရမယ်....(မှန်ပါ့)။

အခုတော့ ကျင့်မှုက ရှေ့ရောက်ပြီးသကာလ သိမှုက ချို့ယွင်းချက် ဖြစ်နေတယ်....(မှန်ပါ့)။

သိမှုက ဘာပါလိမ့်....(ချို့ယွင်းနေပါတယ်ဘုရား)။

သိမှုက ချို့ယွင်းချက် ဖြစ်နေတော့ မောင်သစ် နှစ်ပေါင်း ၄၀-တိုင်တိုင် ခဲလေသမျှ သဲရေကျ ဖြစ်ရှာတယ်... (မှန်ပါ့) မနာဘူးလား....(နာပါတယ်ဘုရား) အင်မတန်နာတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဟာ မောင်ချစ်စိန် သေးသေးသိမ်သိမ်စကားလို့ ဒီဥစ္စာ မှတ်လို့ မရဘူး....(မှန်ပါ့)။

ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း နှစ်ပေါင်း ၄၀-တိုင်တိုင် အားကြိုးမာန်တက် သတိ၊ သမာဓိ၊ ပညာ၊ ဝီရိယတွေနဲ့ ကြိုးစားငြားသော်လဲ ကန့်ကွက်တဲ့ တရားကို ရှင်းမထားမိလို့ ကန့်ကွက်မြဲ ကန့်ကွက်နေတယ်....(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ကို နားမလည်တော့ ဒိဋ္ဌိက ခံနေတယ်....(မှန်ပါ့)။

အကုန် အနတ္တဖြစ်လို့ ရှိယင် ဘာ့ အားကိုးမလဲ။ အားကိုးချင်တဲ့ စိတ်ကလေးက ကန့်ကွက်နေတယ် (မှန်ပါ့)။

အဲ... နှစ်ပေါင်း ၄၀ ကျော်တိုင်တိုင် ဦးဘသန်း အဟောသိကံ ဖြစ်နေတယ်.... (မှန်ပါ့) မနာဘူးလား... ( နာပါတယ်ဘုရား )။

နောက်ဆုံးပိတ်ကျမှ နောက်ဆုံးပိတ် ရှင်အာနန္ဒာက သူ ပဋိစ္စသမုပ္ပါဒ်ပြောပြမယ်၊ ပြောပြပြီးမှ အားထုတ်တော့ သူကျွတ်ပါလိမ့်မယ် .. (မှန်ပါ့) ဒီ ဝတ္ထုဆုံးပါလိမ့်မယ်။ ယနေ့ပြောလို့.... (မှန်ပါ့)။

ကဲ .. မောင်သစ်တို့၊ နောက်က တကာတကာမတို့ ဩော်.... ရှေ့-နောက်လွဲလို့ ရှိယင်လဲ ကိုယ်ကျိုး နည်းပါလားဆိုတာ ပေါ်လာတယ်.. (မှန်ပါ့) မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ရှေ့-နောက်လွဲယင်....(ကိုယ်ကျိုးနည်းပါတယ်ဘုရား)။

ကဲ... ဦးကျော်မောင် တကယ် စစ်လိုက်တော့ ခက်မနေဘူးလား....(ခက်နေပါတယ်ဘုရား)။

ဦးဘသန်း တကယ်စစ်လိုက်တဲ့ အခါကျတော့ ဆရာ သမားကလဲ တယ်လိုပါကလားဆိုတဲ့ အဓိပ္ပါယ်ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

မောင်သစ်တို့ မပေါ်သေးဘူးလား....( ပေါ်ပါပြီ ) ပေါ်သွားပြီ နော် (မှန်ပါ့)။

ဒါနဲ့ သူ သာဝတ္ထိပြည်ကနေပြီး ခုနင်က ကိုယ်တော်တွေ ဟောတာကို အားထုတ်တယ်။ အားထုတ်တော့ အနိစ္စ ဒုက္ခ အနတ္တတွေ မြင်ပါတယ်။ မြင်ပင် မြင်ငြားသော်လဲ နိဗ္ဗာန်မပေါ်လာဘူး။ ဘယ်ဟာ အားကိုးရမလဲဆိုတဲ့စိတ်တောင် နောက်ထပ်ပေါ်ပေါ်နေသေးတယ် နိဗ္ဗာန်မပေါ်လာတဲ့ အပြင်.... (မှန်ပါ့)

ဒီလိုဆိုတော့ အင်မတန် မနစ်နာဘူးလား .... ( နစ်နာပါတယ် ဘုရား)။

နစ်နာတာနဲ့ သူနဲ့ဖွားဘက်တော် ဘယ်မှာရှိသတုံး သွားရှာစမ်းတော့ ကောသမ္ဗီပြည်မှ ရှင်အာနန္ဒာက ရှိတယ်.... (မှန်ပါ့) သူက သာဝတ္ထိပြည်ရောက်နေတယ်....(မှန်ပါ့ဘုရား)။

ဒါနဲ့ ဒီကိုယ်တော်တွေ ဟောတဲ့တရားနဲ့တော့ သူနိဗ္ဗာန်နဲ့ ဝေးပါသေးတယ်... (မှန်ပါ့) ဒီတရား သူအားထုတ်ကြည့်တယ်၊ မြင်သားဘဲ၊ မြင်ပေမဲ့လဲ ဘာအားကိုးရမလဲဆိုတဲ့ စိတ်တောင် နောက်ထပ် ပြန်ပြန်လာသေးတယ်။

စိတ်ပေါ်လိုက်- အနတ္တကလေးပေါ်လိုက်၊အားကိုးရာမရှိဘူးဆိုတဲ့ စိတ်ကပေါ်လိုက်၊ ဒီလိုဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

ဒါနဲ့ ကဲသွားမှဘဲဆိုပြီး ပရိက္ခရာသက်နိုးကလေး ယူပြီး ကျောင်းတံခါးပိတ်ပြီး ကောသမ္ဗီပြည် သူသွားတယ်....(မှန်ပါ့ ဘုရား)။

ရှင်ဆန္န ကောသမ္ဗီပြည် သွားတော့ သွား-သွားခြင်းဘဲ ရှင်အာနန္ဒာနဲ့တွေ့တယ်၊ ၊ရှင်အာနန္ဒာ 'အရှင်ဘုရားနဲ့ တပည့်တော်နဲ့ ဖွားဘက်တော်ချင်းလဲ ဖြစ်တယ်၊နန်းတော်ထဲမှာအတူတူကြီးခဲ့ကြတယ်၊ ကပိလဝတ်ပြည်မှာ....(မှန်ပါ့) အဲဒီတော့တပည့်တော်ကိုတော့ တရားထူး တရားမြတ်ဟောမှတော်မယ်၊ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့နိဗ္ဗာန်၊ တဏှာသိမ်းတဲ့နိဗ္ဗာန်ကို တပည့်တော် ဘယ်ဟာမှန်းလဲမသိဘူး။

တပည့်တော်ဟာ သာဝတ္ထိပြည်မှာ နေပါတယ်။တပည့်တော် ဟောကြပါဦးဆိုပြီး ကျောင်းတိုင်း ရဟန်းတော်တို့ကို အဟော ခိုင်းပါတယ်။ ကိုယ်တော်တွေလဲ ဟောကြတယ်။

ဟောကြတဲ့အတိုင်း အားထုတ်ကြည့်တော့ သူတို့ဟောတာ တပည့်တော်အယင်တုန်းက အမြင်နဲ့ ပြန်ပြီးတော့ အယင်တုန်းကလဲ တပည့်တော် အနိစ္စ,ဒုက္ခ,အနတ္တတွေကို မြင်တာပါဘဲတဲ့၊ ကိုယ်တော်တွေကလဲ ဒါကိုထပ်ဟောတယ်၊ အဲဒီဟောတဲ့အတိုင်း အားထုတ်ကြည့်ပြန်တော့လဲ နိဗ္ဗာန်က မပေါ်လာဘူး .... တဲ့။ မပေါ်လာတဲ့အပြင် အကုန်အနတ္တဖြစ်လို့ ရှိယင် ဘာအားကိုးရမလဲဆိုတဲ့စိတ်က ပြန်ပြန်လာတယ်တဲ့... (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ရှင်အာနန္ဒာဘဲ အားကိုးရာရှိတော့တယ် .... (မှန်ပါ့)သူ့အကုန် ထုတ်ပြောတာဘဲ....(မှန်ပါ့ဘုရား)။

ဒါနဲ့ ရှင်အာနန္ဒာက မောင်သစ် စဉ်းစားကြည့်တယ် .... (မှန်ပါ့)ဘယ့်နှယ်တုံး- အနိစ္စ,ဒုက္ခ,အနတ္တ မြင်လျက်နဲ့ နိဗ္ဗာန်မရဘူးဆိုတဲ့ဥစ္စာ ဒီဆန္ဒဘာများ လိုနေလို့ပါလိမ့် .... (မှန်ပါ့ဘုရား)။

ဟာ... ရှင်အာနန္ဒာက တွေးမိပြီ... (မှန်ပါ့) ရှင်အာနန္ဒာက တွေးမိပြီ၊ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာကို မသိသေးဘူး.... (မှန်ပါ့) ခန္ဓာကိုယ်သာကြည့်ပြီး အနိစ္စ, ဒုက္ခ, အနတ္တတွေသာ အားထုတ်နေတာဘဲ၊ အကြောင်းအကျိုး သိမ်းဆည်းတဲ့သဘောကို နားမှမလည်သေးဘဲ၊ ဒါကြောင့်အကုန် အနတ္တဖြစ်ခဲ့လို့ ရှိယင် ဘာအားကိုးရမလဲဆိုတဲ့ စိတ်သာလာတယ်၊နိဗ္ဗာန်မပေါ်လာတဲ့ဥစ္စာ ပဋိစ္စသမုပ္ပါဒ် မသုံးသပ်ဘဲနဲ့ အရမ်းအားထုတ်နေလို့ ဖြစ်နေတာ....(မှန်ပါ့ဘုရား)။

ရှင်အာနန္ဒာက သူ့ကိုစွဲချက်တင်လိုက်တယ်၊ မလုံလောက်ဘူးလား .. (လုံလောက်ပါတယ်)နှစ်ပေါင်း ၄၀-လောက် မောင်ချစ်စိန် မနာဘူးလား....(နာပါတယ်) နောက်ကတကာတကာမ

တွေ့ မနာဘူးလား .. (နာပါတယ်) ဘာလိုနေတာတုံး....(ပဋိစ္စ သမုပ္ပါဒ်စက်ဝိုင်း ဒေသနာပါဘုရား)။

စက်ဝိုင်းဒေသနာကို သူ့ စိတ်ထဲမရှင်းဘူး .... (မှန်ပါ့ဘုရား) မရှင်းဘူး၊ သိဘို့လဲနှလုံးမသွင်းဘဲနဲ့ အရမ်း ကြိုးစားနေတဲ့ အမိပ္ပါယ် မောင်သစ် မရောက်ဘူးလား .... (ရောက်ပါတယ် ဘုရား)။

ကိုင်းဒါဖြင့် ရှင်အာနန္ဒာက စဉ်းစားလိုက်တယ် သူသည် အနိစ္စ,ဒုက္ခ,အနတ္တတွေကို မြင်တယ်၊ မြင်ပေမဲ့ နိဗ္ဗာန်ကမပေါ် လာ၊ အကုန်အနတ္တဖြစ်လို့ရှိယင် ဘာအားကိုးရမလဲ ဆိုတဲ့ တဏှာကသာလျှင် ပြန်ပြန်လာတယ်....(မှန်ပါ့)ဩော်... ငါသိပြီ ပဋိစ္စသမုပ္ပါဒ် မလေ့လာဘဲနဲ့ အရမ်းအားထုတ်နေလို့ မရတာ- (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာတဲ့တုံး....(ပဋိစ္စသမုပ္ပါဒ်မလေ့လာဘဲနဲ့ အရမ်းအားထုတ် နေလို့ပါဘုရား)။

အရမ်းအားထုတ်နေတယ်....(မှန်ပါ့) အရမ်းဘဲ အနိစ္စ, ဒုက္ခ, အနတ္တအားထုတ်နေဘယ်....(မှန်ပါ့)ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် ကြီးကို လည်လည်ပယ်ပယ် သိပြီးသကာလ အားထုတ်တာ မဟုတ်ဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ်လာတယ်... (မှန်ပါ့ဘုရား)ရှင်းပြီ နော်.... (ရှင်းပါပြီ)။

ကောင်းပြီ....ဒါနဲ့ ရှင်အာနန္ဒာက သူ့စိတ်ထဲမှာ ဩော်.... နိဗ္ဗာန်တော့ လိုချင်တာ အမှန်ဘဲ....(မှန်ပါ့) သူကစဉ်းစားကြည့် တယ်။ ဆန္ဒဟာ နိဗ္ဗာန်လိုချင်တာတော့ အမှန်ဘဲ။

နိဗ္ဗာန်လိုချင်ပြီး မရတာလဲ ငါသိပြီ၊ တွေးမိတဲ့အချိန်မှာ သူ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာကို သဘောမကျလို့ မရတာလဲ

ငါသိပြီ-ဆိုပြီးသကာလ သူ့ကို နည်းနည်း ချော့ဦးမှဘဲ ဆိုပြီး ရှင်အာနန္ဒာက သူ့ကို ချော့တယ်....(မှန်ပါ)။

မင်း မပူနဲ့ဟေ့....။ မင်း နိဗ္ဗာန် ရ,ထိုက်တဲ့ ပုဂ္ဂိုလ်ဘဲ.... (မှန်ပါ) မင်း နိဗ္ဗာန် ရ,ထိုက်တဲ့ ပုဂ္ဂိုလ်ပါကွာ။ မင်း ဘယ်မရဘဲ ရှိမလဲ။ မင်း ရမယ်ကွ... တဲ့....(မှန်ပါ)။

နဂိုရ်က စိတ်က ခဏ်ပျက်ပျက်ဖြစ်နေတဲ့ဥစ္စာ မောင်သစ် .... ပျော်သွားတာပေါ့၊ ရှင်အာနန္ဒာက ပြောလိုက်တော့.... (မှန်ပါ ဘုရား)။

မင်းဒါလောက် နိဗ္ဗာန်လိုချင်နေတဲ့ ပုဂ္ဂိုလ်တဦးတယောက်ဘဲ၊ မင်းရရမှာပေါ့၊ ဘယ်မှာမရဘဲရှိမတုံး — (မှန်ပါဘုရား)။

ချို့ယွင်းချက်ကလဲ သူသိတယ်၊ စိတ်ဆုတ်နစ်မှာစိုးလို့လဲ သူကဝမ်းမြောက်အောင်လို့ လုပ်ပေးလိုက်တယ်.... ( မှန်ပါ )။

နေဦးကွ....တဲ့၊ ငါသတိရတုံး မေ့လိုက်ဦးမယ်၊မေ့နေ့ာက်မယ် (မှန်ပါ) မင်းနဲ့တော်တဲ့တရား ရှာဦးမကွတဲ့ ဆိုတော့ သူ့စိတ်ထဲမှာ အားရှိသွားတာပေါ့၊ ဟိုကာလဲပိဋကတ်သုံးပုံဆောင်ပုဂ္ဂိုလ်ကြီးကိုး... (မှန်ပါဘုရား)။

မင်းနဲ့တော်တဲ့တရား ငါရှာဦးမကွဆိုပြီး ချော့ပြီး လိုတာကို သူ့ဝမ်းထဲကသိနေပြီ....(မှန်ပါဘုရား)။

ဟာ... ဆန္ဒတွေ့ပြီဟေ့... တဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိတုန်းက ကစ္စာနအန္နယ်ကို ဟောတဲ့ သဿတ,ဥစ္ဆေဒခွါတဲ့ တရားရှိတယ်ကွတဲ့၊ အဲဒါမင်းနဲ့ သိပ်တော်တာဘဲတဲ့ .... ( မှန်ပါ ) ပဋိစ္စသမုပ္ပါဒ်ကို သူပြတော့မှာကိုး.... (မှန်ပါဘုရား)။

မနေ့က ပြောခဲ့တယ်မဟုတ်လား၊ ပဋိစ္စသမုပ္ပါဒ် နားလည်တော့ သဿတလဲ စင်ပါတယ်၊ ဥစ္ဆေဒလဲ စင်ပါတယ်လို့ မပြောခဲ့ဘူးလား....(ပြောခဲ့ပါတယ်ဘုရား)။

အဲဒါ မင့်အတွက် တွေ့ပြီကွ၊ ကစ္စာနအန္တယ် ဟောတဲ့တရား သဿတ,ဥစ္ဆေဒ ခွာတဲ့တရား ရှိတယ်ကွ၊ အဲဒါ မင်းနာစမ်းကွ၊ ဘုရားဟောတော်မူတယ်ကွ ဆိုပြီးတော့ ရှင်အာနန္ဒာက ဟောတယ်။

"ဒွယနိဿိတောခေါ ကစ္စာန လောကော
ယေဘုယျေန အတ္ထိတဉ္စ နတ္ထိတဉ္စ"

ဘုရားက ကစ္စာနရဟန်းကို ဟောတယ်၊ သူရအောင်လို့ .... (မှန်ပါ့) လောကကြီး၏ ဖြစ်စဉ်ကို သိလို့ရှိယင် ဥစ္ဆေဒဒိဋ္ဌိမရှိဘူးကွတဲ့၊ပဋိစ္စသမုပ္ပါဒ်ဆိုဘာလောကကြီးကိုးဗျ(မှန်ပါ့ဘုရား)။

လောကကြီး၏ ချုပ်စဉ်ကိုသိလို့ ရှိယင်လဲ....တဲ့၊ သဿတဒိဋ္ဌိ မရှိဘူးကွတဲ့....(မှန်ပါ့ဘုရား)။

လောကကြီး၏ဖြစ်စဉ် သိလို့ရှိယင်... ( ဥစ္ဆေဒဒိဋ္ဌိမရှိပါ ) လောကကြီး၏ ချုပ်စဉ် သိလို့ရှိယင် .... ( သဿတဒိဋ္ဌိ မရှိပါဘုရား )။

အဲဒါ ဘုရားက ကစ္စာနအန္တယ်ဖြစ်တဲ့ ရဟန်းကိုဟောထားတယ်ကွ...တဲ့၊ နောက်ဆုံးပိတ်ကျတော့ "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနာ နိရုဇ္ဈတိ၊ တွောဝတာခေါ ကစ္စာန သမ္မာဒိဋ္ဌိဟောတိ" ဒါဟောတယ်ကွတဲ့....(မှန်ပါ့ဘုရား)။

ဖြစ်တာလဲဒုက္ခ, ပျက်တာလဲ ဒုက္ခ၊ ဒါကိုသိလို့ ရှိယင်ဖြင့် သမ္မာဒိဋ္ဌိဖြစ်ပါတယ်တဲ့....(မှန်ပါ့ဘုရား)၊

ပြီးတော့မှ လောကသမုဒယဆိုတာ ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်းကွ၊ လောကနိရောဓ- လောကကြီး ချုပ်သွားတယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ် ချုပ်ကြောင်းကွဆိုပြီး ဒါကိုကောက်ဟောတယ်... (မှန်ပါ့) ကောက်ဟောပြီးတော့ အားထုတ်ခိုင်းတော့တာဘဲနော်....(မှန်ပါ့ဘုရား)။

ကိုင်း... ဒါသည်ကား တကာတကာမတွေ ရှင်အာနန္ဒာက ပါဠိကို ဒီလိုဟောပြောသော်လဲ ကျုပ်တို့ ခင်ဗျားတို့မှာတော့ဖြင့် ဒါလောက်နဲ့ မရသေးပါဘူး....(မရသေးပါ) ဒါလောက်နဲ့ မရသေးပါဘူး။

အဲဒီတော့ တကာတကာမတွေက ကိုယ့်ပါလာတဲ့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးကို ကြည့်ပါနော်....(မှန်ပါ့)ကြည့်ကြကြည့်ကြ၊ ဒီကပြပေးမယ်။

လောကကြီးဟာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊သိကြပြီနော်....(မှန်ပါ့) သင်္ခါရကြောင့် ဘာဖြစ်သတုံး.... (ဝိညာဏ်ဖြစ်ပါတယ်)သြော်.... ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့်.. (သဠာယတန ဖြစ်ပါတယ်) သဠာယတနကြောင့် .... (ဖဿဖြစ်ပါတယ်) ဖဿကြောင့် (ဝေဒနာဖြစ်ပါတယ်ဘုရား)။

ဝေဒနာဖြစ်တယ်ဆိုတော့ လောကကြီးဟာ ဒီလိုဘဲရှေ့က အကြောင်း· နောက်ကအကျိုး ရှေ့ကအကြောင်း နောက်က အကျိုး....(မှန်ပါ့ဘုရား)။

တကာတကာမတွေ ရှေ့ကဘာတုံး .... ( အကြောင်းပါ ) နောက်က....(အကျိုးပါဘုရား)။

ဤကဲ့သို့ သိသွားတော့ လောကကြီးထဲမှာတဲ့ ရှေ့က အကြောင်းနောက်ကအကျိုးရှေ့ကအကြောင်းနောက်က အကျိုး ချည့်ဘဲဖြစ်နေတော့ ဩော်... လောကကြီးဟာ အစဉ်မပြတ်ပါ လားလို့ဆိုတာ မသိနိုင်ဘူးလား....(သိနိုင်ပါတယ်ဘုရား)။

ရှေ့ကအကြောင်း, နောက်ကအကျိုး၊ ရှေ့ကအကြောင်း, နောက်ကအကျိုးချည့်သွားတော့ ဝိုင်းမသွားဘူးလား .... (ဝိုင်း သွားပါတယ်ဘုရား)။

မောင်ချစ်စိန် ရှေ့ကဘာတုံး .... ( ရှေ့က အကြောင်းပါ ) နောက်က....(အကျိုးပါဘုရား)။

တခါ အဲဒီအကျိုးက အကြောင်းပြန်ဖြစ်ပြန်ရော.. (မှန်ပါ့) သူက ရှေ့ကအကြောင်း ဖြစ်ပြန်ရော - ( မှန်ပါ့ ) နောက်က ဘာဖြစ်မလဲ....(အကျိုးဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် လောကကြီးထဲမှာ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ အကြောင်း အကျိုးသာရှိတယ်.... ( မှန်ပါ့ ) ဒါကလေးမှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

လောကကြီးထဲမှာ....(ပုဂ္ဂိုလ်သတ္တဝါမရှိ၊ အကြောင်းအကျိုး သာရှိပါတယ်) သက္ကာယဒိဋ္ဌိ အပြန်အလှန် ခွါပေးနေတာ ... (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘာခွာပေးလိုက်သတုံး.... ( သက္ကာယဒိဋ္ဌိ ခွာပေးပါတယ် )

သက္ကာယဒိဋ္ဌိ ခွာပေးလိုက်ဘော့ကို ရှေ့က အကြောင်းက ချုပ်သွားပြီးတော့ နောက်ကအကျိုးကပေါ်ပြန်တယ်....(မှန်ပါ့) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ပေါ်သွားတာ ကြည့်လိုက် ပြန်တဲ့ အခါကျလို့ ရှိယင် ဩော်-အကြောင်းချုပ်ပြီးတော့ အကျိုးပေါ်တာဘဲ၊အကြောင်း ချုပ်ပြီး အကျိုးပေါ်တာဘဲဆိုတာ မသေချာဘူးလား ....(သေ ချာပါတယ်ဘုရား)။

ဥပမာမယ် ဖဿချုပ်ပြီး ဝေဒနာပေါ်တာဘဲ၊ဝေဒနာ ချုပ် ပြီးတော့....(တဏှာပေါ်ပါတယ်ဘုရား)။

တဏှာပေါ်တာ သိလိုက်တော့ ခိုင်တာမြဲတာပါသေးလား-(မပါ-ပါ)တခုချုပ်ပြီးမှ တခုဖြစ်လာတာ....(မှန်ပါ)ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာလဲ ဘာတုံး.... (တခုချုပ်ပြီးမှ တခုပေါ်တာပါ ဘုရား)။

တခုချုပ်ပြီးမှ တခုဖြစ်တာဘဲဆိုတာ မပေါ်လာဘူးလား.... (ပေါ်လာပါတယ်) တခုချုပ်ပြီးမှ တခုဖြစ်တာ ပေါ်လာတော့ ဩော်....သဿတ ရှိသေးသလား....(မရှိပါဘုရား)။

ခုနင်က ၁-နံပါတ်ပြလိုက်တာက အကြောင်းနဲ့ အကျိုးရှိ တယ်လို့ သိတာက သက္ကာယဒိဋ္ဌိကွာတာ.... ( မှန်ပါ ) ဒုတိယ ပြလိုက်တာက အကြောင်းချုပ်ပြီးမှ အကျိုးဖြစ်တယ်.... (မှန်ပါ) နောက်တခါ အကျိုးချုပ်ယင် အကျိုးကလေးက ချုပ်သွားပြန် တယ်၊ ချုပ်သွားပြီး နောက်က အကြောင်းဖြစ်ပြီး သကာလ နောက်က အကျိုးတခုမပေါ်လာဘူးလား....(ပေါ်လာပါတယ်) ဖဿချုပ်ပြီးတော့မှ.... (ဝေဒနာပေါ်ပါတယ်) ဝေဒနာချုပ်ပြီး တော့မှ....(တဏှာပေါ်ပါတယ်ဘုရား)။

ဩော်....လောကကြီးထဲမှာလဲ ဒါလောကဘဲ.... ( မှန်ပါ ) ခိုင်တာ မြဲတာ ရှိသေးသလား....(မရှိပါဘုရား)။

မရှိတော့ သဿတဒိဋ္ဌိက စင်သွားပြီ.... ( မှန်ပါ ) မစင်ဘူး လား....(စင်ပါတယ်) ၁-နံပါတ်တုန်းက အကြောင်းနဲ့ အကျိုး လှည့်နေတယ်ဆိုတုန်းက....(သဿတဒိဋ္ဌိ)သက္ကာယဒိဋ္ဌိစင်တယ်.... (မှန်ပါ့ဘုရား)။

နောက်က တကာတကာမတွေ အေးစက်စက် လုပ်မနေနဲ့ တော်တော် အရေးကြီးတယ်....(မှန်ပါ့) အခုပြောတဲ့စကားဟာ အင်မတန်အရေးကြီးတယ်။

၁-နံပါတ်ထဲက ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာမှာ အဝိဇ္ဇာ ကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ အဖြစ်ချည့် ပြတာက ပုဂ္ဂိုလ်သတ္တဝါမပါဘူး ပြတာ.... (မှန်ပါ့) ဘာဒိဋ္ဌိစင် သွားသတုံး....( သဿတဒိဋ္ဌိ စင်သွားပါတယ် ) သက္ကာယဒိဋ္ဌိစင် သွားပါတယ်၊ သက္ကာယဒိဋ္ဌိစင်သွားတယ်....(မှန်ပါ့ဘုရား)။

အင်း....သဿတ စင်အောင်လုပ်ဦးမှ .... ( မှန်ပါ့ )သဿတ စင်အောင်လုပ်ဦးမယ်၊ ဂရုစိုက်ပြီးနားထောင်ပါ၊ သက္ကာယစင် သွားတာတော့ ရှင်းသွားပြီ....(မှန်ပါ့ဘုရား)။

အကြောင်းတွေ အကျိုးတွေလှည့်နေယင် အကြောင်းနဲ့ အကျိုးသာ လှည့်နေတယ်လို့ သိလို့ရှိယင်လဲ စိတ်က ဘယ်လို မှတ်မလဲ... (သက္ကာယဒိဋ္ဌိစင်ပါတယ်ဘုရား)။

နောက်က တကာတကာမတွေ ဘာတုံး.... (သက္ကာယဒိဋ္ဌိစင် ပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိစင်တယ်၊ ဒီထဲ ပုဂ္ဂိုလ် သတ္တဝါပါသေးရဲ့လား- (မပါ-ပါဘုရား)။

အကြောင်းနဲ့ အကျိုးနဲ့, အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး.... ( မှန်ပါ ) ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမရယ်လို့ ဒီထဲမှာ ပါသေးရဲ့လား.... (မပါ-ပါ ဘုရား) လောကကြီးထဲလေ....ဒါလောကဘဲ.... (မှန်ပါ) ရှင်းကြ ပလား....(ရှင်းပါပြီ)။

ဘာ ဒိဋ္ဌိစင်သတုံး....(သက္ကာယဒိဋ္ဌိစင်ပါတယ်ဘုရား)။

ဒီ ဒုတိယအချက် ပြောပါတော့မယ်။ အကြောင်း ချုပ်ပြီးမှ မောင်သစ်ရ အကျိုးဖြစ်ရတာ... (မှန်ပါ) အဲဒီ့အကျိုးက တခါ အကြောင်း သဖွယ်ဖြစ်ပြီး ချုပ်သွားပြီးတော့မှ နောက်တရား မပေါ်ရဘူးလား....( ပေါ်ရပါတယ်ဘုရား )။

ဒါဖြင့် ဖဿ နိရောဓာ = ဖဿချုပ်မှ....(ဝေဒနာဖြစ်ပါတယ် ဘုရား) မဟုတ်ဘူးလား....(မှန်ပါ) ဝေဒနာ ချုပ်သွားတော့မှ.... (တဏှာပေါ်ပါတယ်ဘုရား) တဏှာချုပ်သွားတော့ .. (ဥပါဒါန် ပေါ်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ချုပ်ပြီးမှ ပေါ်တဲ့တရားတွေဘဲ။ အကြောင်း ချုပ်ပြီးမှ အကျိုးပေါ်တဲ့တရားတွေဘဲလို့ကော မသိရဘူးလား- (သိရပါတယ်ဘုရား)။

သိရတော့ ပတ်မိအောင် လှည့်လိုက်တဲ့ အခါကျတော့ မချုပ် တဲ့တရား ပါသေးရဲ့လား....(မပါ-ပါဘုရား)။

အဲဒီတော့ ခိုင်မြဲတဲ့တရား ပဋိစ္စသမုပ္ပါဒ်ဒေသနာထဲ ပါသေး ရဲ့လား....(မပါ-ပါဘုရား) ဒီလို သိသွားပြန်တော့ သဿတစင် သွားတယ်....(မှန်ပါ)။

ဒီလိုသိတော့ ဘာတဲ့....(သဿဘဒိဋ္ဌိစင်ပါတယ် ဘုရား)။

ကဲ... ဥစ္ဆေဒကျန်တာ ပြောဦးမယ် ...နော်....(မှန်ပါ) ခုနင်က ဖဿချုပ်သွားတော့ ဝေဒနာ ပေါ်တယ်....( မှန်ပါ )ဝေဒနာ ချုပ်ပြီးတော့.... (တဏှာပေါ်ပါတယ်ဘုရား)။

ဒြော်....ဒါဖြင့် ချုပ်သာ ချုပ်သွားတယ်၊ ရှေ့ကျေးဇူးပြု လျက်ဘဲလို့ကော မသိဘူးလား ...(သိပါတယ်ဘုရား)ရှေ့တရား က ချုပ်သွားငြားသော်လဲ နောက်တရားကို ပေါ်စေတယ်....(မှန် လှပါဘုရား) ဒီတော့ ရှေ့တရားက နောက်စိတ်တရားကို ပေါ် စေတာသိယင် ဥစ္ဆေဒရှိသေးရဲ့လား....(မရှိပါဘုရား) ပြတ်သွား သေးရဲ့လား....(မပြတ်ပါဘုရား)။

မပြတ်ဘူး။ ချုပ်သွားယင် သူက တရားတခုပေါ်စေလိုက်.... (မှန်ပါ) ချုပ်သွားလိုက်.... (ပေါ်စေလိုက်ပါဘုရား)။

ပေါ်စေလိုက်ဆိုတော့ ချုပ်သာချုပ်သွားတာကိုး ရှေ့တရား တခုကိုပေါ်စေတဲ့သဘောရှိသောကြောင့် ဒြော်....ချုပ်သွားပြီး ပြီးရောလို့ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ ရှိသေးရဲ့လား....(မရှိပါဘုရား) မရှိ ဘူး သဘောကျကြပလား....(ကျပါပြီဘုရား)။

ဒိဋ္ဌိ ဘယ်နှစ်မျိုးစင်သွားပလဲ.... (သုံးမျိုးစင်သွားပါပြီ) သုံး မျိုးစင်သွားတယ်.. တဲ့။ ဒီလိုဆိုတော့ သုံးမျိုး စင်သွားတော့ ဒီဥစ္စာ ရှေးဦးစွာ သိရမှာက အကြောင်းနဲ့ အကျိုး... (မှန်ပါ) တနည်းအားဖြင့်လဲ အကြောင်းချုပ်ပြီး အကျိုးပေါ်တာဘဲ။ ခိုင် တာ-မြဲတာ မရှိဘူးနော်.... (မှန်ပါ)။

ကဲ....ချုပ်သွားတဲ့တရားက ဒါဖြင့် နောက်ထပ် အကျိုး တခု ကို အစားထားခဲ့တယ်ဆိုတဲ့ အဓိပ္ပါယ်ကော မသိဘူးလား.... (သိပါတယ်ဘုရား) ပြတ်သွားတယ်လို့ လောကကြီးမှာ ရှိရဲ့

လား....(မရှိပါဘုရား) မရှိတော့ ဒိဋ္ဌိ သုံးမျိုး ဘယ့်နှယ် နေကြသလဲ....(ဒိဋ္ဌိသုံးမျိုးစင်ပါတယ်ဘုရား)။

အဲဒီ ဒိဋ္ဌိသုံးမျိုးစင်သဖြင့်လဲ ကစ္စာနအနွယ်ဝင်ကို ဒီလိုဟောဟယ်ကွ....ဆိုတော့ ရှင်ဆန္န ဒီမှာ တရားနာရင်း လက်သည်နဲ့တွေ့နေပြီ....(မှန်ပါ့) ဒိဋ္ဌိ ဘယ်နှစ်မျိုးစင်သွားပလဲ....(သုံးမျိုးစင်ပါတယ်ဘုရား)။

သုံးမျိုးစင်ပြီးသကာလ သွားပြီးနေတော့ ဒါဖြင့်ကွာ ... မင်းဒါကို ကောင်းကောင်းသဘောကျပလားလို့ မေးတယ်.... (ကျပါပြီဘုရား) ပဋိစ္စသမုပ္ပါဒ်ကို ထိုးပြတာဘဲ....(မှန်ပါ့)။

သူ ဖြစ်ပုံ မသိဘဲနဲ့ ကဲ....မောင်သစ်တို့ဘဲ စဉ်းစား။ မောင်ချစ်စိန်တို့ စဉ်းစား။ ဒိဋ္ဌိသုံးမျိုးစင်ဘို့ မဝေးဘူးလား.... (ဝေးပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိခံနေယင်လဲ ဒိဋ္ဌိက မဂ်ဉာဏ်, ဖိုလ်ဉာဏ်မတားဘူးလား....(တားပါတယ်ဘုရား)။

ဒီ သုံးမျိုးဟာ တမျိုးမျိုးကို နားမလည်တော့ပါဘူး ဆိုယင်ဘာဖြစ်မယ်ထင်ကြသလဲ.... ( မဂ်ဉာဏ် ဖိုလ်ဉာဏ် တားပါတယ်ဘုရား )။

ဒါဖြင့် အနိစ္စ ဒုက္ခ အနတ္တ မြင်ငြားသော်လဲ ဒီ ပဋိစ္စသမုပ္ပါဒ်သုံးမျိုးကို ဒိဋ္ဌိခွာတဲ့ သုံးမျိုးနားမလည်ခဲ့သော် တားမှာဘဲ....(မှန်ပါ့)။

ဒါဖြင့် အနိစ္စ ဒုက္ခ အနတ္တမြင်မှုနဲ့ မောင်သစ် .... ဒိဋ္ဌိခွာမှု၊ ပဋိစ္စသမုပ္ပါဒ်ထဲမှာ ဒိဋ္ဌိခွာမှုသုံးမျိုးကို သိမှုနဲ့ ဘယ်သူ့ ရှေ့ထားမှ ခရီးပေါက်မယ်ဆိုတာ ဟောပေါ်သွားပြီ.... (ပေါ်ပါပြီဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ဘယ်လို ပေါ်ကြသလဲ.... ( ဒိဋ္ဌိခွာမှုကို ရှေ့ထားရပါမယ်ဘုရား )။

ဒိဋ္ဌိခွာမှုကို ရှေ့ထားတဲ့။ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပျက်ရှုမှုကို နောက်ထားရမယ်....(မှန်ပါ) နော်....(မှန်ပါဘုရား)။

အဲ....နောက်ထားလိုက်တဲ့အခါကျတော့ ဩော်...ဒါ့ကြောင့် ဘုရားက ဒိဋ္ဌိဝိသုဒ္ဓိပြီးတော့မှ ကင်္ခါဝိတရဏဝိသုဒ္ဓိ။ ပြီးတော့မှ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ။ ဝိသုဒ္ဓိကျင့်စဉ်မှာလဲ သူ့ကို အယင်ခွာ၊ ပြီးတော့မှ ဖြစ်ပျက်ရှုဆိုတဲ့ အဓိပ္ပါယ် မပါဘူးလား- (ပါ-ပါတယ်ဘုရား)။

အဲ....ဒီပုဂ္ဂိုလ်ဟာ ဖြစ်ပျက်က ရှေ့ထားပြီး ဒိဋ္ဌိဝိသုဒ္ဓိက မပါဘဲ ဖြစ်နေတယ်....(မှန်ပါ) အစဉ်ဘယ့်နှယ်နေသလဲ.... (ရှေ့နောက် လွဲပါတယ်ဘုရား)။

အစဉ်ရှေ့နောက်လွဲတယ်ဆိုတာ တကာတကာ့မတွေ မှတ်ထားလိုက်စမ်းပါ....(မှန်ပါ)။

ကဲ....ရှေ့နောက်လွဲတာ နှစ်ပေါင်း ၄၀-တိုင်တိုင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရှင်ဆန္ဒ မရဘူး....( မှန်ပါ ) မရဘူးနော်... (မှန်ပါဘုရား)။

အနိစ္စ ဒုက္ခ အနတ္တ မမြင်လို့လား.... မြင်လျက်နဲ့ မရတာလား... (မြင်လျက်နဲ့ မရတာပါဘုရား)။

မြင်လျက်နဲ့ မရတာ တယ်နာတယ်နော် ... (မှန်ပါ) မနာဘူးလား....ဦးဘသန်း.... (နာပါတယ်ဘုရား)။

ကဲ....ဒါနဲ့ ရှင်အာနန္ဒာက ကစ္စာနအနွယ်ကို ဘုရားကဒီလို ဒိဋ္ဌိ သုံးမျိုးခွာလေတော့ ဒိဒိဋ္ဌိခွာသလိုခွာပေးလိုက်တယ်....(မှန်ပါ)။

ခွာပေးပြီး ခဏဘဲ၊ ခဏအားထုတ်တဲ့ အခါကျတော့ ဒိဋ္ဌိက ဥာဏ်ထဲခွာပြီးသားဖြစ်နေတော့ ဖြစ်ပျက်မြင် ဖြစ်ပျက်မှုန်း ဖြစ်ပျက်ဆုံးဆိုပြီးသကာလ လေးခါလောက်ဆုံးတော့ သူရဟန္တာဖြစ်တယ်....(မှန်ပါ့)။

ဒီကျတော့ ဘာ အားကိုးရမလဲဆိုတာ လာသေးရဲ့လား.... (မလာပါဘုရား)။

ကွာ . ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာသာ ရှိတာဘဲကွ၊ အကြောင်းချုပ်ယင် အကျိုးချုပ်တာဘဲကွ၊ အကြောင်းဖြစ်ယင် အကျိုးဖြစ်တာဘဲကွ၊ နောက်လဲ လုပ်လိုက်တဲ့အခါကျတော့ ဩော်....ဒါဖြင့် ဒီဥစ္စာတွေသည်ကားလို့ဆိုလို့ရှိယင် ဒုက္ခချုပ်ငြိမ်းပြီးမှ ချမ်းသာအစစ်ရမှာဘဲလို့ အားကိုးက ပြောင်းသွားတယ်.... (မှန်ပါ့ဘုရား )။

အယင်တော့ ဒီဒုက္ခတွေ တခုခုမရှိလို့ရှိယင် ဘယ်ဟာ အားကိုးရမှာတုံး ဖြစ်နေတယ်.... (မှန်ပါ့)အခုတော့ ထိုဒုက္ခချုပ်ငြိမ်းတာမှ အားကိုးရာ အစစ်ပါလားဆိုတာ ပြောင်းသွားတယ်.... (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အယင်တုန်းကတော့ ဒုက္ခတွေ သူအားကိုးရှိသေးတာကိုးဗျ-(မှန်ပါ)အခုတော့ ဒုက္ခအကုန် ချုပ်ငြိမ်းပြီးသကာလ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကို အားကိုးရမှာပါကလားလို့ ပြောင်းသွားတယ်.... (မှန်ပါ့) မပြောင်းသေးဘူးလား(ပြောင်းသွားပါတယ်ဘုရား)။

ဘာနားလည်လို့ မောင်သစ် ပြောင်းသွားတာတုံး .... (ပဋိစ္စသမုပ္ပါဒ်နားလည်လို့ ပြောင်းသွားတာပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် ကြီးကို နားလည်လို့ ပြောင်းသွားတယ်....(မှန်ပါ) အယင်တုန်းကတော့ ပဋိစ္စသမုပ္ပါဒ်ထဲက တခုခုကို အားကိုးနေတယ်....(မှန်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် တခုခုထဲမှာ သဗ္ဗေသင်္ခါရာ အနိစ္စနဲ့ သဗ္ဗေသင်္ခါရာ ဒုက္ခတွေ မောင်ချစ်စိန်ရ ဘယ်အားကိုးစရာ ပါရမတုံး-(မပါ-ပါ) ပါသေးလား....(မပါ-ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ထဲက အားကိုးယင် ဒုက္ခကွန့်သာ ရှိလိမ့်မယ်....(မှန်ပါ) ဒီ့ပြင်ဘာရှိသေးသတုံး....( မရှိပါ ) ဒုက္ခအားကိုးရာ မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒီလို ရှင်းရှင်းလင်းလင်းကြီး နားမလည်တော့ မောင်သစ်ရေ ရှင်ဆန္ဒမှာ အတော်ရှုပ်သွားတယ်....(မှန်ပါ)ကဲ....အခုတော့ ဖြင့် ဒါနားလည်ပြီး အားကိုးသွားပြီ၊ ရဟန္တာဖြစ်ပြီ .... (မှန်ပါဘုရား)။

ရဟန္တာဖြစ်သွားတော့ ဖြစ်ချင်လို့ဖြစ်ရတာလား- အလုပ်စဉ် မှန်သွားလို့လားလို့ဆိုတဲ့ဥစ္စာ မေးခွန်းထွက်လာတယ်- (မှန်ပါ) ဘယ်လိုဖြေကြမလဲ....(အလုပ်စဉ် မှန်သွားလို့ပါဘုရား)။

ဩော် .... ဒါဖြင့် တကာတကာမတို့ စိတ်ကောင်း ဆန္ဒကောင်းနဲ့ အားထုတ်ငြားသော်လဲ ရှေ့နောက်လွဲနေလို့ရှိယင်လဲ ကိုယ်ကျိုးနည်းတာဘဲ....(မှန်ပါဘုရား)။

ဘယ့်နှယ်ဆိုကြမယ်....(ကိုယ်ကျိုးနည်းပါတယ်)စိတ်ကောင်း ဆန္ဒကောင်းနဲ့ အားထုတ်ငြားသော်လဲ ရှေ့နောက် လွဲနေလို့ ရှိယင် ဘာဖြစ်မလဲ....(ကိုယ်ကျိုးနည်းပါတယ်ဘုရား)။

ဒါဖြင့် ဒီနေ့ ဟောလိုက်တဲ့တရားမှာ တကာတကာမတို့ ဒိဋ္ဌိ သုံးပါးခွာပြီးမှ ဖြစ်ပျက်အလုပ်ကို လုပ်ပါလို့ဆိုတာ တိုက်တွန်း ရမည့်သဘော....(မှန်ပါ့)နော်....(မှန်ပါ့ဘုရား)။

ဒိဋ္ဌိသုံးပါး ခွာပြီးတော့မှ ဝိပဿနာအားထုတ်ကြပါ .... (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒိဋ္ဌိသုံးပါးခွာပြီးမှ.... (ဝိပဿနာ အားထုတ်ရပါမယ်ဘုရား) ဝိပဿနာ အားထုတ်ပါ၊ အချို့နေရာကျတော့ ဒါ စကားစပ်မိ လို့ သွင်းထည့်လိုက်ပါတယ်၊ ဝိစိကိစ္ဆာခွာပြီးမှလဲ တရားအား ထုတ်ပါ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူတို့နှစ်ခုဟာ တော်တော်အရေးကြီးတယ်...(မှန်ပါ့)တချို့ နေရာမှာ ဘာခွာပြီးမှ အားထုတ်ရမတုံး .... (ဝိစိကိစ္ဆာခွာပြီးမှ အားထုတ်ရပါမယ်ဘုရား)။

အဲဒီတော့ သုံးကြပါစို့ .... တဲ့၊ တကာတကာမတို့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဟာ သောတာပတ္တိမဂ်တားတဲ့ တရားနှစ်ခု .... (မှန်ပါ့ ဘုရား)။

သောတာပတ္တိမဂ်ဖြစ်ယင် သူတို့ ပယ်ရတာကိုး.... (မှန်ပါ့) ဒါဖြင့် သောတာမတ္တိမဂ်မရတဲ့ ပုဂ္ဂိုလ် ဒီနှစ်ခုကဝင်တားတာဘဲ (မှန်ပါ့)မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဆိုနိုင်တော့ကို ဘုန်းကြီးတို့ တကာတကာမတွေ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကွာမှုဟာဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် နားလည်မှ သာလျှင် ပဋိစ္စသမုပ္ပါဒ် ဒေသနာအတိုင်း ကြိုးစားမှသာလျှင် ဒိဋ္ဌိဝိစိကိစ္ဆာကွာမယ်....(မှန်ပါ့ဘုရား)။

နို့မဟုတ်ယင် ငါဘယ်ကလာပါလိမ့်မတုံး ဆိုတဲ့ အဝိဇ္ဇာ သခ်ါရကလာတယ်လို့ မသိပြန်လဲအခက်ဘဲ၊ ဟင်....( မှန်ပါ့ )

သိကြား, ဗြဟ္မာ, ဘုရားက ဖန်ဆင်းလို့ လူဖြစ်လာတယ်လို့ ယူလိုက်ပြန်လဲ ဒါ ဝိစိကိစ္ဆာ၊ငါဘယ်ကလာပါလိမ့်မတုံး၊အဝိဇ္ဇာ သင်္ခါရက ဖြစ်လေရော့သလား၊ ဩော် .... ဘုရားတွေကဘဲ ဖန်ဆင်းလေရော့လားဆိုတဲ့ ဒီ- လားမတွေ ခက်နေယင်လဲ ဝိစိကိစ္ဆာခံနေလို့ မဂ်ဉာဏ်မရနိုင်ဘူး....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အားလုံးတကာတကာမတွေ တရားအားထုတ်တဲ့ တကာတကာမတွေမှာဖြင့် ပဋိစ္စသမုပ္ပါဒ်မပါဘဲနဲ့ အရမ်း အားထုတ်ပြီးသကာလ နေကြပါမူကား.... နှစ်ခုစလုံးတားလိမ့်မယ်.... (မှန်ပါ့ဘုရား)။

ဒိဋ္ဌိကလဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို....(တားပါတယ်) ဝိစိကိစ္ဆာကလဲ....(မဂ်ဉာဏ်, ဖိုလ်ဉာဏ် တားပါတယ်) မဂ်ဉာဏ်ဖိုလ်ဉာဏ် တားမယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဩော်....မဂ်ဉာဏ် ဖိုလ်ဉာဏ်တားတဲ့ တရားနှစ်ခုဟာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပါကလား၊ပေါ်ပြီ.... (ပေါ်ပါပြီဘုရား)။

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ဉာဏ်သဲရှင်းမှု လင်းမှုကလဲ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာကသာလျှင် အကူအညီရပါကလား... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒိဋ္ဌိခွာမှုမှာ ဘယ်သူကအကူအညီ ပေးသတုံး .... (ပဋိစ္စသမုပ္ပါဒ်ပါ) ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာတော်နော် .... (မှန်ပါ့ဘုရား)။

ဝိစိကိစ္ဆာကွာမှုလဲ ဘယ်သူက အကူအညီပေးပါလိမ့်မတုံး.... (ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာပါဘုရား)။

ဒါဖြင့် အယင်ရှေ့ထားပြီး လုပ်ရမည့် စက်ဝိုင်းဒေသနာ အလုပ်ဟာ ရှေ့ထားလုပ်ရမည့် အလုပ်ဆိုတာ ဦးကျော်မောင် ပေါ်သွားပြီ....(ပေါ်သွားပါပြီ)မပေါ်သေးဘူးလား.... (ပေါ်သွားပါပြီ)။

မောင်ချစ်စိန် ပေါ်ပြီကွ....(ပေါ်ပါပြီ) နောက်က တကာ တကာမတွေ့ကော သဘောကျပလား .... ( ကျပါပြီ ) အဲဒါကြောင့် ခင်ဗျားတို့ သူ့ကိုနားလည်ပြီးတော့သာ အားမထုတ်ဘဲ နေလို့မရဘူး....(မရပါဘုရား)။

သူ့ကိုလဲ နားလည်ရမယ် ရှေ့ပိုင်းက.... (မှန်ပါ့) သူ့နာခံ လည်ရုံနဲ့ နေပြန်တော့လဲ ဥာတပရိညာဖြစ်ရုံဘဲ၊ တီရဏပရိညာ မဖြစ်ပါဘူး....(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

သူဟာ ဥာတပရိညာနဲ့ သူ့ကိုနားလည်ပြီးမှ တီရဏ ပရိညာနဲ့ အားထုတ်မှသာလျှင် မောင်သစ် နှစ်ခုတွဲမှအောင်ပွဲ ရမယ်... (မှန်ပါ့) နိဗ္ဗာန်တည်းဟူသော ပန်းကို ဆွတ်လှမ်းနိုင်ပါတယ်....( မှန်ပါ့ ) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဒေသနာတော်ကို ခင်ဗျားတို့ကို နေ့တိုင်း ဘုန်းကြီး က လက်ကိုင်ထားပြီးသကာလ ပြောနေတဲ့ အဓိပ္ပါယ်ဟာ နိဗ္ဗာန် သဘော ကျချင်တယ်ဆိုယင် သူ့ကြည့်မှ.... (မှန်ပါ့) မဟုတ်ဘူး လား....(မှန်ပါ့)။

ပုဂ္ဂိုလ်သတ္တဝါ မရှိမှန်းသိချင်တယ်.... (သူ့ကြည့်ပါ) သဿတ ခွာချင်တယ်....( သူ့ကြည့်ပါ ) ဉစ္ဆေဒခွာချင်တယ်....(သူ့ ကြည့်မှပါဘုရား)။

သူ့ကြည့်မှုဘဲ။ ပဋိစ္စသမုပ္ပါဒ်ဖြစ်တာကိုလဲ သိမှသာလျှင် ပြတ်လို့ရှိယင် ဘယ်လိုဖြတ်မှ ပြတ်တယ်ဆိုတာလဲ သူ့ကြည့်မှ ပြတ်တာ မပြတ်တာ ဒီအထဲမှာ....(မှန်ပါ့)။

ဒါဖြင့် သူဟာ ရှေးဦးစွာ အရေးပါ အရာရောက်တဲ့ စက်ဝိုင်း ဒေသနာဘဲဆိုတာ မောင်သစ် ဆိုထိုက်ပြီ... ( ဆိုထိုက်ပါတယ် ဘုရား )။

အဲဒီ့ ရှင်ဆန္ဒမှာ ဒါမပါဘဲ ဖြစ်သွားတာတဲ့...(မှန်ပါ့) ဒါမ ပါတော့ သဿတ ဥစ္ဆေဒ။ သူ့မှာတော့ ဥစ္ဆေဒ ဖြစ်သွားတယ်-(မှန်ပါ့) ဘာ အားကိုးရမတုံးဆိုတော့ အကုန်ပြတ်တဲ့ အဓိပ္ပါယ် ရောက်မသွားဘူးလား... ( ရောက်ပါတယ်ဘုရား ) အဲ....သူ့မှာ တော့ ဥစ္ဆေဒခံတယ်....(မှန်ပါ့) ဒါလဲ ပဋိစ္စသမုပ္ပါဒ် နားမလည် လို့ဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတွေ နေ့တိုင်း အားထုတ်နေကျဖြစ်တဲ့ စာရွက်ထဲကို ခင်ဗျားတို့က ၁၃ ချက်ရှိဘဲ့ စိတ်ကို ဘယ်စိတ်ဟာ အမြဲတမ်းရှုရမှာလဲ။ လေကို ထွက်စေတဲ့စိတ်၊ လေကို ပြန်ရှိုက်တဲ့ စိတ် အဲဒီစိတ်နှစ်ခုကို ဖြစ်ပျက်ရှုရမယ်.... ( မှန်ပါ့ ) အမြဲ တမ်းရှုနေရမယ်....(မှန်ပါ့)။

အဲဒီ ရှုတဲ့အထဲကမှ အပြင်ဒြေ့သည် ဖ-ယောက် တယောက် ယောက် လာလို့ရှိယင် ဟိုဟာနှစ်ခု လွှတ်ပြီး အပြင်ဒြေ့သည်ရှု-(မှန်ပါ့) အပြင်ဒြေ့သည်က မလာပြန်တော့လဲ အိမ်သည် နှစ်ခု ပြန်ဆက်ရှု ...(မှန်ပါ့)။

ဒါ အတွင်းဒြေ့သည်က ကြားပေါက် ပေါ်လာလို့ ရှိယင် တော့ မောင်သစ် ဘာလုပ်မလဲ... (အတွင်းဒြေ့သည်ရှုရပါမယ်) အတွင်းဒြေ့သည်ရှု။

အတွင်းသည့်သည်က မလာပြန်ဘူးဆိုယင်ကော ... (အိမ်သည် နှစ်ခုရှိရပါမယ်ဘုရား)။

ဒါဖြင့် အိမ်သည်ဟာအမြဲထားပြီး အပြင်သည့်သည်နဲ့ အတွင်းသည့်သည်က လာမှလိုက် .. (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

မန္တလေးက တကာတကာမတွေ အရေးတကြီး ပြောနေတဲ့ စကားလို့ မှတ်စမ်းပါ....(မှန်ပါ့)။

အိမ်သည်နှစ်ခုကိုဖြင့် အမြဲလိုက်။ လေထုတ်စေတဲ့ စိတ်ကလေး လဲ ဖြစ်ပြီးပျက်သွားပြီ။ လေသွင်းတဲ့ စိတ်ကလေးလဲ ဖြစ်ပြီးပျက် သွားပြီ။ ဒီကြားထဲကမှ နားထဲက ကြားလာတယ်။ ကြားတဲ့ စိတ်ကလေးလိုက်ရှု။ အင်း... သူလဲ ဖြစ်ပျက်ဘဲ ဆိုပြီးသိလိုက်။ သိ ပြီးသကာလ ဘယ်စိတ်မှ မလာလို့ရှိယင် ခုနင်က ရှုစိတ် ရှုကိုက် စိတ်ကလေးကို ဆိုတဲ့ အိမ်သည်ကို ပြန်ကောက်.... ( မှန်ပါ့ ) မဟုတ်ဘူးလား ...(မှန်ပါ့ဘုရား)။

ဒါကြောင့် စာအုပ်တွေထဲမှာ ပါပါတယ်၊ ပင့်ကူကြီးဆိုတာ လှုပ်ရာလိုက်၊ မလှုပ်ယင် အလယ်ပြန်ထိုင်ဆိုတဲ့ဥစ္စာ ပါပြီ မဟုတ် လား....(မှန်ပါ့)။

လှုပ်ရာကိုတော့... (လိုက်ရပါမယ်ဘုရား) နောက်ကျတော့ကို (အလယ်ပြန်ထိုင်ရပါမယ်ဘုရား)။

အလယ်ပြန်ထိုင်ဆိုတာ ဒီဖြစ်ပျက်နေတဲ့ အလယ်စိတ် နှစ်ခုကို သူ့ဆီ ပြန်ရှု....(မှန်ပါ့) ဘေးကတခါ ကြားစိတ်ကလေးက လှုပ် လာယင် ကြားစိတ်ရှု....(မှန်ပါ့) နံ့စိတ်ကလေးက လှုပ်လာယင်- (နံ့စိတ်ရှု) အဲ....တခုတည်းပေကြည့်လို့တော့ မပြီးဘူး....(မှန်လှ ပါဘုရား)။

ဘာဖြစ်လို့တုံး....ခန္ဓာကိုယ်ထဲ တခုတည်းပေါ်တာမှ မဟုတ်ဘဲ၊ ကျဘန်းပေါ်လာတာ....(မှန်ပါ့)။

ဟာ....အဟုတ်ကိုဘဲ ဘေးကဟာတွေ မဝင်လာပါဘူးဆိုတာ တောင် နှစ်ခုကို ရှုရဦးမယ်....(မှန်ပါ့) ဟုတ်ပလား.... ( မှန်ပါ့ဘုရား )။

အဲဒီတော့ ကောခမ္မော=တခုတည်းရှုပါတဲ့၊ အဲဒီ ပါဠိကလဲ ဘုန်းကြီးတို့ ခင်ဗျားတို့ကို သင်ထားတဲ့ ပါဠိကလဲ စိတ်တခုတည်း ရှုပါတဲ့....(မှန်ပါ့) အပြင်ဩ့သည်ဆိုတာလဲ စိတ်.... ( မှန်ပါ့ ) အတွင်းဩ့သည်ဆိုတာလဲ.... (စိတ်ပါဘဲ) အိမ်သည်ဆိုတာလဲ.... (စိတ်ပါဘဲ) ဒီတော့ ကောခမ္မော=သွားမကျဘူးလား... (ကျပါတယ်ဘုရား) စိတ်တမျိုးတည်းရှု....(မှန်ပါ့)။

စိတ်တမျိုးတည်း ရှုလိုက်တော့ စေတသိက်လဲ ပါသွားတယ်-(မှန်ပါ့) စိတ်ကြောင့်ဖြစ်တဲ့ ချုပ်တွေကော.... (ပါသွားပါတယ် ဘုရား )။ ကဲ....နောက်ဆုံးပိတ်ကျတော့ မောင်သစ်-ခန္ဓာ ငါး ပါးပါတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ တခုသော စိတ် ဖြစ်ပျက်ကို ရှုလို့ရှိယင် ခန္ဓာ ငါးပါး မပါ-မရှိပါဘူး....( မှန်ပါ့ ) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

အဲဒါ ခန္ဓာငါးပါး ပါပါ-ပါပါသွားတော့ အဲဒါဖြစ်ပျက် မြင်အောင် ရှု....(မှန်ပါ့) ၎င်း ဖြစ်ပျက်ကို ကိုယ့်စိတ်ထဲမှာ.... ကိုယ့်အသေတွေဆိုပြီးသကာလ မှန်းအောင်ရှု....(မှန်ပါ့)။

မုန်းအောင် ရှုဆို ကိုယ်က မုန်းချင်လို့မဟုတ်ဘူး။ ဓမ္မသဘောအတိုင်း ကိုယ့်ဉာဏ်က ထက်ပြီးမုန်းတာ...( မှန်ပါ ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒီ မုန်းပြီးသည်၏ အခြားမဲ့မှ ဒါကြီးဟာ ဒုက္ခသစ္စာဘဲ။ ငါတို့ရှုနေတဲ့ဖြစ်ပျက်ကြီးတွေဟာ ဒုက္ခသစ္စာဘဲ။ သုခသစ္စာတခုမှ မပါ-ပါဘူး။ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခမှတပါး ခန္ဓာကိုယ်ထဲဘာမှမရှိပါဘူးဆိုတာကို ဆုံးဖြတ်ချက်ချလို့ရှိယင် ဒုက္ခသစ္စာကို ပိုင်ပိုင်-နိုင်နိုင်သိယင် ဖျတ်ဆို ခ န္ဓာ ပါ ပျောက် သွား တယ်....(မှန်ပါဘုရား)။

ခန္ဓာပျောက်သွားလို့ရှိယင် ဩော်.... ခန္ဓာမရှိပြီးယင် ခန္ဓာမရှာဘဲ ခန္ဓာအဆုံး နိဗ္ဗာန်ဆိုတာ ဒါဘဲ....ဒါဘဲ....ဒါဘဲလို့သာ ဆင်ခြင်နေပါ.... ( မှန်ပါ ) သဘောကျပလား.... (ကျပါပြီဘုရား)။

ခန္ဓာအဆုံးနိဗ္ဗာန်ဆိုတာ....( ဒါပါဘဲ ) ဒါဘဲလို့သာ ဆင်ခြင်နေ၊ ခန္ဓာမရှာနဲ့... (မှန်ပါ)။

ခန္ဓာမရှာဘဲနဲ့ ဆင်ခြင်နေလို့ အကြိမ်များစွာရလို့ ရှိယင် ကိလေသာ ဝေးသွားတာဘဲ....(မှန်ပါ)။

ဒါ....တမဂ်တဖိုလ်ရတယ်ဆိုတဲ့ အဓိပ္ပါယ်ကိုယနေ့ရှင်းပေးပါတယ်(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကဲ.... ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

အဖွဲ့၏ တည်ရာဌာန၊ အမှတ် ၃၃-ဆင်းဒွစ်လမ်း၌
**လက်လီရောင်းချခြင်း၊ ရပ်ဝေးသို့ စာတိုက်မှ တင်ပို့ခြင်း မပြုပါ။**

# ရနိုင်သောဌာနများ

★

ဤအဖွဲ့မှရိုက်နှိပ်ထုတ်ဝေပြီးထုတ်ဝေသတ္တ့ သောစာအုပ်များကို အောက်ဖော်ပြပါ ဌာနများတွင် ရရှိနိုင်ပါသည်။

အဖွဲ့မှ ရပ်ဝေးသို့ တင်ပို့ခြင်းလက်လီရောင်းခြင်းမပြုပါ။

## ရန်ကုန်မြို့

(၁) ပညာအလင်းပြ စာအုပ်တိုက် -၁၃၀-ဗိုလ်ချုပ်လမ်း

(၂) ဗုဒ္ဓမမ္မလောက စာစောင်- ရွှေတိဂုံ ဘုရားလမ်း

(၃) ဦးချစ်ထုံး၊ အမှတ် ၄၃-ဘုန်းကြီးလမ်း

(၄) ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်း ဦး ချစ်တင်ဆိုင် နှင့် အခြား စာအုပ်ဆိုင်များ

(၅) ဟံသာဝတီ စာအုပ်ဆိုင်။ ဗိုလ်အောင်ကျော်လမ်း

## မန္တလေးမြို့နှင့် အခြားမြို့များ

(၆) သစ်ဘရားသားအယ်(လ်)ရုံ ဈေးချိုတော်

(၇) အောင်မြန်မာ စက္ကူဆိုင်-အောက်လှိုင်း ဈေးချို

(၈) ဦးဘထွေး-ဂျစ်ကားတံဆိပ် အထည်တိုက် မုံရွာမြို့

(၉) ဦးဘအုန်း-ဒေါ်ကျင်လှမ်(အုန်းသာရေးသား)သင်္ကြန်စုံလမ်း၊ ပုသိမ်မြို့။

(၁၀) အောင်နိုင် စာပေတိုက်၊ နဝရတ်သိင်္ဂီတိုက် ၁၁၅-အခန်းအမှတ် ဘီစီ-လမ်းမတော် ပြည်မြို့

(၁၁) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း ဟင်္သာတမြို့

(၁၂) ဦး မောင် ရှန်၊ ၁-စကာဝါလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။

(၁၃) ဦးတင်အောင် ဒေါ်ခင်ကြည်၊ဈေးအနီးဆင်ဖြူကျွန်း

သတိပြုရန်။ ။အဖွဲ့တည်ရာဌာန၌ လက်လီရောင်းချခြင်းမပြုပါ

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား၏

# ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်

ပြန့်ပွားရေးအဖွဲ့မှ

ကမကထပြု၍ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။